
www.burmeseclassic.com

# ကလျာ(ဝိဇ္ဇာ/သိပ္ပံ)

## မောင်မောင့်ရင်ထဲအသည်းတစ်ရာ



BURMESE CLASSIC .com

(ဒုတိယအကြိမ်)

www.burmeseclassic.com

Design ; bo bo hroon

www.burmeseclassic.com

# ကလျာ (ဝိဇ္ဇာ–သိပ္ပံ)

## မောင်မောင့်ရင်ထဲ အသည်းတစ်ရာ

ပထမအကြိမ် – ၁၉၇၇ ခု၊ အောက်တိုဘာလ
ယခု ဒုတိယအကြိမ် – ၂၀၀၃ ခု၊ ဂျူလိုင်လ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။**

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက်အမှတ်
၈၃၁ / ၂၀၀၂ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၁၄ / ၂၀၀၃ (၅)
ထုတ်ဝေသူ
ဦးတင့်လွင်
အမှတ် (၆၀၅)၊
သြမ္မာလမ်း
ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ဒုတိယအကြိမ် ၂၀၀၃ ခုနှစ် ဩဂုတ်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


BURMESE CLASSIC .com

## အခန်း[၁]

နေအိုသည် တန့်ကြည့်တောင်စွယ်တွင် ယဲ့ယဲ့လေး မှေးတင်နေပေသည်။

အရှေ့ဘက်ကမ်းတွင် ပြာမှိုင်းစပြုနေပြီဖြစ်သော်လည်း နေလုံးနီရှိရာ အနောက်ဘက် ဝန်းကျင်တွင်မူ ကြက်သွေးရောင်၊ ပုစွန်ဆီရောင်နှင့် ပန်းရောင် အနုအရင့်လေးများဖြင့် အပြာရောင်ကောင်းကင်ပြင် ဆီသို့ ပြေလျော့သွားတော့သည်။

နေဝန်းနီ၏ အောက်ခြေတွင် တန့်ကြည့်တောင်သည် ညိုမောင်းသော အသွင်ကို ဆောင်လျက် သည်းခံခြင်း ကြီးစွာဖြင့် တည်တည်ငြိမ်ငြိမ် လျောင်းစက်နေပေသည်။

တောင်ခြေမြေလွှာ၏ အောက်တွင်မူ မိခင်ဧရာဝတီသည် ငြိမ့်ငြိမ့်လေး စီးဆင်းနေပါ၏။ ဧရာဝတီရေအလျင်သည် မေတ္တာရေယာဉ်ထက်ပင် ငြိမ်းချမ်းချောသည်တည်း။ ဧရာဝတီသည် ယင်း၏ မျှဝေမှုဖြင့် မြန်မာပြည်သားအားလုံးအတွက် ဝပြောသော သီးနှံများကို ပွင့်ဝေစေလေသူ။

တမာမြေ၏ လတ်ဆတ်သော လေက သန့်ရှင်းသင်းပျံ့လှသည်။ နွေကာလမို့ ရေကျနေသော ဧရာဝတီနှင့်ကမ်းခြေ၏ ကြားတွင် သဲသောင်ပြင်က တစ်ပြန့်ကြီး ခင်းနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မန်ကျည်းပင် ပရဂုဏ်၏ ကုန်းမြင့်ဆီမှ သဲသောင်ပြင်မြေမွမွ ရှိရာသို့ ကျွန်မ လျှောသက်ဆင်း၍ နင်းလျှောက်လာမိသည်။ ဝေးဝေး ဆီသို့ မသွားရဲမှု၍ ကမ်းပါးယံယံကို နောက်ခံထား၍ သဲသောင်ပြင် တွင် ရပ်နေမိပါသည်။

တမာမြေ လေညင်းနုက ကျွန်မကိုယ်ပေါ်မှ အဝတ်များနှင့် ဆံနွယ်ခွေများကို တလွင့်လွင့် တိုက်ခတ်နေစေသည်။

"သြော် သိပ်လှတဲ့၊ သိပ်သာယာတဲ့၊ သိပ်လွတ်လပ်တဲ့ ပတ်ဝန်းကျင်လေးပဲကွယ်"

ကျွန်မ ဘေးတွင် လူသားအပါအဝင် သက်ရှိသတ္တဝါများကို ပင် မမြင်မိ။

လေနုအေး၏ လှုပ်ခတ်သံ၊ ခရီးသည် ဧရာဝတီ၏ နှုတ်ဆက်သံ သည်သာ ကျွန်မ၏ နားတွင် တိုးတိုးညင်ညင်လေး ကြားနေရသည်။

"ဒီလောက် လွတ်လပ်တဲ့ နေရာမှာ ရှိနေရတဲ့ ငါ့ဘဝဟာ နှောင်တည်းချုပ်ကိုင်မှုတွေနဲ့ မရုန်းသာ မလွန့်သာ ရှိနေရတဲ့ အဖြစ်မျိုးပါလား"

"အို ကံစီမံသမျှပဲပေါ့၊ ဖေဖေသာ မြန်မြန်နေကောင်းပါစေလို့ မြင်မြင်သမျှ စေတီပုထိုးအပေါင်းမှာ ရှိခိုးခဲ့သောင်းလို့ ဆုတောင်း **ရတော့မှာပဲ**"

ဗုဒ္ဓဘာသာဝင် တစ်ယောက်မို့ ရုန်းမထွက်နိုင်သော အခက်အခဲများကို ကံတရားဖြင့် ချေဖျက်၍ ပြေပျောက်သလို ရှိလာရသည်။ နှောင်တည်းမှုကို မေ့လိုက်ရသည်။ လွတ်လပ်မှု ဝန်းကျင်တွင် စိတ်အစဉ်ကိုပါ လွတ်လပ်ချင်၍...

*လေထဲမှာ လွင့်မျောတဲ့ စိတ္တအလွမ်းရယ်xxx*
*သစ်ရွက်ကြွေလိုပဲxxx ပြေးကစားတယ် အတိတ်က*
*အဖြစ်တွေxxx တရိပ်ရိပ်xxx ပေါ်လာဆဲဝယ်xxx မြင်*
*ပြန်သလိုxxx တစ်ခါတစ်ခါ မပီပြင်မှုန်ဝါးတယ်xxx*
*အချိန်တွေ ကုန်ခဲလို့xxx အသည်းကျွမ်းလုပြီ*
*ကွယ်xxx နွေကန္တာရ ခရီးထဲ နွမ်းလျလှပါတယ်xxx*





*ရင်ခုန်သံကြားမှာ ခေါ်သံလေလားကွယ်xxx နိုးတစ်ဝက်*
*အိပ်မက်ထဲမှာ သံသရာမဆုံးတော့xxxx*
*မေ တစ်ယောက်တည်းxxxx*
*အတွေးကမ္ဘာထဲမှာ တဝဲလည်လည်xxxxx*

❖ ❖ ❖

သီချင်းဆိုရင်း 'မောင့်တစ်ယောက်တည်း' နေရာတွင် 'မေ့တစ်ယောက်တည်း' ဟူ၍ စိတ်ကူးယဉ်စွာ ပြောင်းဆိုပြီးသည့်အခါ တွင် ရုတ်ရုတ်နှင့် **ဆက်မဆိုချင်၍** သီချင်းကိုရပ်ပစ်လိုက်မိသည်။

"ဆက်ဆိုပါဦး၊ **သိပ်နားထောင်လို့**ကောင်းတာပဲ"

"အို"

ကြည်လွင်သော အသံရှင်မှာ **နုပျိုတောင့်တင်းသော** အမျိုးသားငယ် တစ်ယောက်မို့ ကျွန်မ၏ ရုတ်ကြောက်ခြင်းမှာ ဟန်မဆောင်နိုင်လောက်အောင်ပင် မှုပျက်သွားမိသည်။

"ဘာလို့ရပ်လိုက်ရတာလဲ၊ နှမျောစရာဗျာ၊ သိပ်သာယာတဲ့ အသံလေး၊ ဆက်ပြီး ကြားစမ်းပါရစေ"

"အို့ ရှင် နားထောင်ဖို့ ကျွန်မ ဆက်ဆိုပေးရမှာလား"

"ကျွန်တော်လည်း နားထောင်ချင်တယ်၊ ဒီပတ်ဝန်းကျင်နဲ့လည်း လိုက်ဖက်လွန်းလို့ ကျွန်တော် ရီကွက်စ်လုပ်နေတာပါ"

"ကျွန်မက အဆိုတော်လည်း မဟုတ်ဘူး၊ နားဆင်ဖွယ်ရာ တေးသံသာနဲ့ ဖျော်ဖြေနေတာလည်း မဟုတ်ဘူး၊ စိတ်ညစ်ရတဲ့အထဲ ရှင် သွားစမ်းပါ"

"သြော် ညီမက သီရိပစ္စယာ ပရဂုဏ်နဲ့ ပုဂံမြို့ရဲ့ မြေပိုင်ရှင်လား၊ ကျွန်တော့်ကို နှင်ထုတ်တယ်ဆိုတော့..."

"ကျွန်မသာ အနော်ရထာမင်းရဲ့ သမီးဖြစ်ပြီး ပုဂံမြေကြီးကို ပိုင်ဆိုင်ခွင့်ရတဲ့ အချိန်ဆိုရင် **သူတစ်ပါးရဲ့** လွတ်လပ်မှုကိုလာပြီး နှောင့်ယှက်တဲ့ ရှင့်လိုလူကို **ထောင်သွင်းအကျဉ်းချ**ခိုင်းလိုက်မှာပဲ"

www.burmeseclassic.com

"အမိန့်တော်မြွက်က ပြတ်သားလှချည်လားဗျ"

"တော် ရှင်"

ကျွန်မက ဒေါနှင့်မောနှင့် လေကြောရှည်မိသည်ကိုပင် နောင်တရသွားမိ၍ ဘောက်ဆတ် ဘောက်ဆတ်နှင့် ရှေ့မှ လျှောက်သွားမိပါ၏။

အမှတ်မဲ့မို့ သူနှင့် ဝေးရာဘက် ဆက်လျှောက်သွားမိသည်။

အပြန်လမ်း မဟုတ်ပါ၍ ဧရာဝတီရှိရာ သဲသောင်ခြေအတိုင်း လျှောက်နေမိသည်။

"ဘယ်ထိအောင် လျှောက်မှာလဲ"

ဒုက္ခပါပဲ၊ သူ နောက်က လိုက်လာနေပါလား။

"ဘယ်ထိအောင် လျှောက်မှာလဲလို့"

"ရှင် ဘာလို့ လိုက်နှောင့်ယှက်နေတာလဲ"

"ဘယ်အထိ သွားမှာလဲလို့ သိချင်လို့ပါ"

"ဧရာဝတီမြစ်ထဲ ဆင်းသေမလို့ရှင်"

"အား သွပ်...သွပ် မိုက်တယ်နော်"

သူ့လှောင်သရော်သံကြောင့် ကျွန်မက နောက်ဘက်သို့ ပြန်မှည့်ရပ်လိုက်သည်။

သည်တော့လည်း သူ့ပုံစံက ဆရာကြီးရုံးခန်းရောက်ရသည့် အပြစ်ရှိ ကျောင်းသားတစ်ယောက်လို ရို့ရို့ကျိုးကျိုးလေး။ မျက်နှာကမူ အပြုံးကို မလုံမလဲ ဖုံးထားသည်။

"လူချောတစ်ယောက်ပါလား"

ဟူ၍ အသိအမှတ် ပြုရလောက်အောင်ပင် သူ့ပုံစံက ပြေပြစ်သည်။ အရပ်ရှည်သည်။ ကိုယ်ခန္ဓာ တောင့်တင်းသည်။ အသားဖြူ၍ မျက်နှာသွယ်သည်။ မျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းပါးပါး၊ မေးသွယ်သွယ်ပင်။ ရဲရင့်ဖျတ်လတ်သော မျက်ဝန်းအစုံက အရောင်ထွက်မတတ် ရွှန်းလက်နေပေသည်။ နားရွက်အုပ်၍ ကော်လံထောက်လုနီးနေသော သူ့ကေများက လေမှာ လွင့်မျောနေပါ၏။

"ကဲ ဒီမှာ ကိုပဟိုဒင်း..."





"ခင်ဗျား ပေးတဲ့ နာမည်နဲ့ စတီရီယိုသီချင်းဆိုရင် နာမည်ကြီးနိုင်တယ်"

"ရှင်နဲ့ ကျွန်မ စကားတစ်လုံးမှ မပြောကြမှ ဖြစ်မယ်၊ ကျွန်မနောက် လိုက်မနေပါနဲ့၊ ရှင် ပြန်ပါ"

ကျွန်မ အသံက ဒေါသကြောင့် တုန်လာသည်။

"ညီမနောက် မလိုက်ပါဘူး၊ ဒီဘက်နားက လျှောက်မှာပါ"

မျက်နှာသေဟန်မျိုးဖြင့် သောင်ပြင်ကို လက်ညှိုးထိုး၍ ပြောသည်။ သူနှင့် ဆက်၍ စကားပြောမနေချင်တော့။ တစ်မျိုးပြောလျှင် စောဒကတစ်မျိုး တက်လာပေလိမ့်မည်။ ဘယ်ဘက်ကမှ သက်သာလိမ့်မည် မဟုတ်ပါ။ အချိန်လည်း လင့်လေပြီမို့ ကျွန်မ ဘာစကားတစ်လုံးမှ မပြောတော့ပါဘဲနှင့် သူ့ ဘေးမှပင် ပွတ်တိုက်မတတ်ဖြတ်ပြီး စိတ်ရဲရဲ ခြေလှမ်းကျဲကျဲဖြင့် ကျွန်မ တည်းခိုရာ "သီရိပစ္စယာဟိုတယ်" ဆီသို့ ပြန်ခဲ့ပါတော့သည်။

"ဟေး ညီမ၊ နေဦးလေ"

သူ့အသံက နီးကပ်လာသည်။ မိန်းကလေး တစ်ယောက်နောက်ကို မရှက်မကြောက် လိုက်လွန်းသော သူ့ကို မုန်းလာသည်။ သူ့စက်ကွင်း၊ သူ့ဝန်းကျင်မှ အမြန်ဆုံး လွတ်ထွက်လိုပါ၍ ကျွန်မ ပြေးလျှောက်မိသည်။

အန္တရာယ်လိုက်လာသည့်ပမာ အမြန်ရောက်ဖို့သာ ဇောကပ်နေမိသည်။ လက်ရှိပတ်ဝန်းကျင်ကို မဆင်ခြင်မိ။ သဲသောင်ပြင်တွင် နစ်မြုပ်နေသော သစ်ငုတ်တို ဟစ်ခုကို ကျွန်မ ခြေနှင့် တိုက်ခတ်မိပါ၍...

"အား"

ခြေမှ နာကျင်ခြင်းဝေဒနာနှင့်အတူ သဲပြင်တွင် ကျွန်မ ကိုယ်မှာ လဲလိမ့်ကျသွားခဲ့ရပါပြီတည်း။

"အို...အို ဖြစ်မှာ ဖြစ်ရလေဗျာ"

"ထ...ထနိုင်ရဲ့လားဟင်"

သည်တော့လည်း သူ့အမူအရာက ပျာပျာသလဲ ကိုင်ရတော့



www.burmeseclassic.com

www.burmeseclassic.com



မလိုလို၊ ထူရတော့ မလိုလိုနှင့်။

ကျွန်မမှာမူ ရှက်ခြင်း၊ လန့်ခြင်း၊ ဒေါသဖြစ်ခြင်း၊ နာကျင်ခြင်းသဘော ဝေဒနာများ ပေါင်းစုံဖိစီးလာ၍…

"သွားသွား ရှင့်ကြောင့် သိလား"

မျက်ရည်များက လွယ်လိုက်ပါဘိခြင်း။ ကိုယ့်ကိုယ်ကိုပင် ငိုမိမှန်း မသိ။ မရည်ရွယ်ပါဘဲနှင့် မျက်ရည်ပေါက်ကြီးများက လိမ့်ကျလာတော့သည်။

"ဟာဗျာ ဒုက္ခပါပဲ၊ ဟုတ်တယ်၊ ကျွန်တော့်ကြောင့်… ကျွန်တော့်ကြောင့်"

သူက ကျွန်မဘေးမှာ ဒူးထောက်၍ ထိုင်ချလိုက်ပြီး သူ့အပြစ်ကို နောင်တကြီးစွာ ဝန်ခံနေသည်။ ကျွန်မက သူ့ကို မကြည့်တော့။ ကိုယ်ပေါ်မှ သဲမှုန်စများကို ခါချပြီး ထလိုက်ရသည်။

"အာ"

ခြေမျက်စိနေရာက ပူခနဲနေအောင် နာကျင်လွန်းပါ၍ ဒူးပေါ်လက်ထောက်ပြီး ကိုယ်ကို ကိုင်းညွတ်ကာ နားနေမိစဉ်…

"ကျွန်တော်…ကျွန်တော် တွဲရမလား"

ကျွန်မ စကားဖြင့် ပြန်ကြားမနေတော့ ခေါင်းခါ၍ ပြလိုက်ရသည်။ အားခဲ၍ မနည်းကြိုးစားပြီး သူ့ကို ကျောခိုင်းကာ ကျွန်မအခန်းရှိရာသို့ လှမ်းလာခဲ့ရပါတော့သည်။

❖ ❖ ❖





## အခန်း[၂]

"ဖေဖေ"

"ဖေဖေ နေကောင်းရဲ့လား"

"အင်း မ…မကောင်းပါဘူး"

"ခက်တာပဲ၊ ဖေဖေ နေကောင်းမှသာ သမီးနဲ့ ဖေဖေနဲ့ ဘွားဘွားဆီ သွားပြီး စီစဉ်ထားကြတာတွေ ဆောင်ရွက်လို့ရမှာပါ ဖေဖေ၊ ဒီကိစ္စတွေ သူတို့သိလို့ မဖြစ်ဘူးဆို"

နောက်ဆုံး စကားလုံးဖြစ်သော သူတို့သိလို့မဖြစ်ဘူးဆိုသည့်နေရာတွင် အသံကိုနှိမ့်၍ ဘေးဘီသို့ မလုံမလဲဖြင့် ကျွန်မ ဝေ့ကြည့်ရင်း ပြောလိုက်မိခြင်း ဖြစ်ပါ၏။

"ဖေဖေမှ မလျှောက်နိုင်သေးဘဲ"

"လမ်းမလျှောက်နိုင်လည်း ကားနဲ့သွားလို့ရရဲ့သားနဲ့ ဖေဖေရယ်၊ သမီး စိတ်ဆင်းရဲလှပြီ"

"ဖေဖေလည်း စိတ်ညစ်တာပါပဲ"

"ဖေဖေကို အခု တစ်မျိုး ဖြစ်နေပါတယ်"

"ဖေဖေ့ ဝေဒနာကို ပူရမှန်းမသိတဲ့ သမီး၊ သွား"

ဖေဖေ့ဝေါက်မေမ်းမှုသည် ထရိုက်သည်ထက်ပင် ကျွန်မရင်ထဲ နာကျင်ပါသေးသည်။ ဖေဖေသည် ယခင်က သည်လို ဒေါသမကြီး။ သာဝစဉ် ညင်သာ သိမ်မွေ့သူပါ။

www.burmeseclassic.com



"ကားမှောက်တဲ့ ဒဏ်ကြောင့် အာရုံကြောလည်း နည်းနည်း ထိခိုက်သွားတယ်၊ ဒါကြောင့် အရာရာ စိတ်မရှည်ဘဲဖြစ်နေတာပါ၊ သူ့ကို အနားယူပါစေ"

ဆရာဝန်၏ ပြောစကားကို တစ်ဆင့် ကြားရသော ကျွန်မမှာ ဖေဖေ့ကို ဘာမှ မဆွေးနွေး မတိုင်ပင်ဘဲ သူတို့အလိုအတိုင်း လိုက်၍ နေခဲ့ရာမှာ ယနေ့ သူ အလစ်တွင် ဖေဖေ့ကို ကျွန်မ စကား စလိုက်မိခြင်း ဖြစ်ပါသည်။

ကားမှောက်သည့်ဒဏ်ကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်မသွား သော်လည်း မျက်ခုံးနှင့် နှုတ်ခမ်းကွဲရာများကို ပြန် ချုပ်ထားရ၍ ဖေဖေ့မျက်နှာမှာ အမာရွတ်များနှင့် အနည်းငယ် ရွဲ့နေသည်။ မျက်ခုံး ဒဏ်ရာကို နေကာမျက်မှန်နက်ကြီးနှင့် ကာကွယ်ထားနိုင်သော်လည်း ဖေဖေ့ နှုတ်ခမ်း ထူအမ်းအမ်းကြီးကမူ သည်အတိုင်း အရုပ်ဆိုးနေ ရှာသည်။

"ပျိုး"

သည်အသံကြောင့် တုန့်ခနဲ ဖြစ်သွားရသည်။ "ဒေါ်မာလာ တင်"၏ အသံပါပင်။ အခန်းတွင်းမှထွက်လျက် အပြင်ဘက် လသာ ဆောင်ရှိ ကျွန်မဘေးမှ ကြိမ်ကုလားထိုင်တွင် ဝင်ထိုင်ပြီးသည်နှင့်...

"အန်တီတို့အားလုံး ကိုကို့ရဲ့ ကျန်းမာရေးကို စောင့်ကြည့်နေ ရတဲ့ အချိန်ပါ ဆိုတာ ပျိုး နားလည်မှာပေါ့"

ဒေါ်မာလာတင်၏ အသံတွင် မာန်ဝင့်နေသည်မို့ ကျွန်မမှာ ဖေဖေ့ကို အားကိုးတကြီး ကြည့်လိုက်မိပါသည်။ ဖေဖေကမူ ကျွန်မ ကို မကြည့်ပါ။ အပြင်ဘက်သို့ မျက်နှာမူထားတော့သည်။

ဖနီးနှင့် သမီး၏ ကြားတွင် ဝင်ရောက် ဖြေရှင်းပေးလိုစိတ်၊ သမီးဘက်မှ ကာကွယ်ပေးလိုသည့်စိတ်များ ဖေဖေ့တွင် မရှိတော့လေ သလား။ သုံးယောက်လုံး ငြိမ်သွားကြသည်။

ကျွန်မ ဖယ်ပေးရပါမည်။

ကျွန်မနှင့် ဖေဖေ့ကြားသို့ ဤအမျိုးသမီး ဝင်လာချိန်မှစ၍ ကျွန်မ ဖယ်ပေးခဲ့ရပါသည်။ ယခု သူရောက်လာပြီဖြစ်၍ ကျွန်မ





ထွက်ခွာသွားရပါမည်။

ဖေဖေနှင့် ဒေါ်မာလာတင်တို့က တစ်ခန်း၊ ကျွန်မနှင့် အဖေတူ အမေကွဲ ညီမလေး မျိုးမမက တစ်ခန်း ယူထားကြပါ၏။

"သီရိပစ္စယာ"သည် အဆောင်ပေါင်း ကိုးခုကို သီးသန့်စီခွဲ၍ ခပ်ကျဲကျဲလေး ဆောက်ထားပါ၏။ တစ်ဆောင်တွင် လေးခန်းရှိ၍ တစ်ခန်းတွင် နှစ်ယောက်သာ တည်းခိုနိုင်ပါသည်။

ဖေဖေနှင့် ကျွန်မ၏ မိထွေး ဒေါ်မာလာတင်တို့က အရှေ့ ဘက် မျက်နှာစာအဆောင်ကိုယူ၍ ပုဂံမြေ၏ ဝှာဘုရားများ၊ စေတီ ပုထိုးများဘက်သို့ မျက်နှာမူသည်။

ကျွန်မနှင့် ညီမလေးမျိုးကို ဧရာဝတီမြစ် မျက်နှာစာဘက်ရှိ အခန်းကိုပေးထားသဖြင့် ရွှင်းက ပို၍လှပါ၏။

ညီမလေးမျိုးမှာ အိပ်ရုံသာ ကျွန်မအခန်းသို့ ရောက်လာတတ် ပါ၍ တစ်နေ့တာပတ်လုံး ကျွန်မမှာ တစ်ယောက်တည်း။

အခန်းတွင်း၌ အေးချမ်းသည်၊ စည်းစိမ်ရှိသည် မှန်သော်လည်း နှောင်ဖွဲ့သလို ဖြစ်နေပါ၍ ကျွန်မ မနေချင်။ လက်ရှိ မိမိဘဝက လည်း လှောင်ချိုင့်စံ အလှမွေးငှက်လေးပမာ ဖြစ်နေရပါ၍ နှောင်ဖွဲ့မှု ကို ကျွန်မ မခံယူလို။

"ညစာစားဖို့လည်း အချိန်ဝေးသေးတယ်၊ အခန်းထဲ အောင်း အောင်းနေရမယ့် အစား မိခင်ဧရာဝတီရဲ့ မေတ္တာရေစီးနေပုံကို ထိုင် ကြည့်နေရတာက ကြည်နူးစရာ ကောင်းလှပါတယ်လေ"

ယင်းအတွေးများဖြင့် ကျွန်မသည် အဆောင်များကြားမှ ခုတ် လမ်းလေးများကို ကျော်ဖြတ်ပြီး ရောင်စုံပန်းများ ပွင့်ဖူး နေရာသို့ လျှောက်လာခဲ့မိသည်။

စိန်ပန်းနီနီများက ယှက်ဖြာခက်ဝေ၍ ပင်လုံးပြန့်အောင် ရဲရဲ နီနေပေသည်။

ချယ်ရီ၏ ဖွားဖက်တော် ပန်းနုရောင် အနုအရင့် ပန်းသွယ် တန်းများ၊ ပွင့်တူရွက်တူ ရောင်စုံများက သီရိပစ္စယာကို ဆေးရောင်စုံ ချယ်ပေးနေသည်သို့ပါ။



www.burmeseclassic.com

www.burmeseclassic.com

"ပန်းချီဆွဲနေတာပါလား"

ပန်းအလှများကို ငေးကြည့်ရင်း လျှောက်လာခဲ့သော ကျွန်မမှာ ပန်းချီဆရာတစ်ယောက်၏ အနားသို့ ရောက်ကာမှ အမှတ်ထားမိတော့သည်။

ပန်းရောင်စုံများ၏ နောက်တွင် သီရိပစ္စယာ၏ ညှော်ကြိုခန်းမ၊ ထမင်းစားခန်း၊ ဘားခန်းများဆီမှ စုလစ်မွန်းချွန်သော ဘုံအဆင့်ဆင့် အမြင့်မြင့်တို့ကို မျက်စိဖြင့်မြင်ရသည့်အတိုင်း သူ၏ ကန်ဘတ်စ်ပြားပေါ်တွင် ပီပြင်စပြုနေပါသော်လည်း အရောင်မစုံသေး၊ အချောမကိုင်ရသေး။

ပန်းချီအနုပညာနှင့် တေးဂီတ၊ စာပေများကို ဝါသနာပါလွန်းသော ကျွန်မမှာ ပန်းချီဆရာ၏ လက်ရာကို နောက်နားဆီမှ ကြာမြင့်စွာ ခိုးကြည့်နေမိသည်။

ဂျင်းန်ဘောင်းဘီ၊ ဂျာကင် ခပ်ဟောင်းဟောင်းနှင့် ဦးထုပ်ဆောင်းထားသော ပန်းချီဆရာ၏ ပုံသဏ္ဌာန်ကို ဘေးတိုက်အနေအထားနှင့် ကျွန်မ မြင်ရသည်။

ပထမဆုံး ပေါ်လွင်သည်က သူ့နှာတံ၊ ပိပြားသော နှုတ်ခမ်း၊ တုပ်ခိုင်သောမေးရိုးရှိပြီး မုတ်ဆိတ်ကျင်စွယ်များက ကစဉ့်ကလျား ရှည်ထွက်နေသည်။ နေကာမျက်မှန်ကို သူ တပ်ထားပါ၏။

ကျွန်မ သူ့နောက်နားတွင် ရှိနေသည်ကို သူ မသိ၍လား၊ သိလျက်နှင့် အရေးမစိုက်လား မသိ၊ လှည့်မကြည့်။

ကမ်းခြေဘက်သို့ ကျွန်မ ဆက်လျှောက်လာမိသည်။ သောင်ပြင်ပေါ်ဖြင့် မဆင်းတော့ပါ။ အုတ်လှေကားဆင့်ပေါ်တွင် ထိုင်ရန် ဖုန်များ ယပ်ခါနေခိုက်...

"ဘာအခြေအနေထူးသေးလဲ ပျိုး"

"ဟင်"

ဤ တမာမြေတွင် ကျွန်မ၏ အမည်ကို သိသူမရှိနိုင်။

အံ့သြစွာဖြင့် ကျွန်မ လှည့်ကြည့်မိသည်။ ကင်မရာကို ရင်ဘတ်ပေါ်မှာ လွယ်လျက် နေကာမျက်မှန်နှင့် လူတစ်ယောက်။ သူက





ကျွန်မနှင့် ခပ်လှမ်းလှမ်းသို့ တိုးသွားပြီးမှ ကင်မရာကို ဖွင့်၍ ခေါင်းငုံ့ပြီး ရိုက်ကွင်းကို ချိန်ယူနေရာမှ...

"ပျိုး ကိုယ့်ကိုတောင် မသိတော့ဘူးလား"

"အို ကိုဟန်ထွန်းမြင့်"

"ဟုတ်တယ် ပျိုး၊ ပျိုးကို စိတ်မချလို့ ကိုယ် လိုက်လာတာ၊ ဒီမှာ ပျိုး"

"ဟုတ်ကဲ့"

"အသာနေ၊ ပျိုးနဲ့ကိုယ်နဲ့ မသိသလို နေ၊ ကြားလား ပျိုး"

"အင်းအင်း"

"ကိုယ် ပျိုးနဲ့ မနီးမဝေးမှာ အမြဲရှိနေတယ်"

"အမယ်လေး အားရှိလိုက်တာ ကိုဟန်ထွန်းမြင့်ရယ်၊ ပျိုးလေ အမြဲပဲ စိတ်အားငယ်နေမိတာပါ"

"မငယ်နဲ့၊ ကိုယ် ရှိတယ်၊ ကိုယ် ရောက်လာပြီပဲ၊ ဦးလေး နေကောင်းလား၊ ကိစ္စတွေရော"

"ဖေဖေ နေမကောင်းပါဘူး၊ ဘာပြောလို့မှလည်း မရဘူး"

"အားမငယ်ပါနဲ့၊ ပြန်ကောင်းလာမှာပါ၊ ဒါနဲ့ ခေါ်မာလာတင်ရဲ့ လှုပ်ရှားမှုကရော"

"မငြိမ်ဘူး၊ သူ နေ့တိုင်း အပြင်ထွက်နေတယ်"

"ကောင်းပြီ၊ ကိုယ် မျက်ခြေမပြတ် လိုက်ကြည့်ပါ့မယ်၊ ကိုယ် သွားမယ် ပျိုး၊ ကိုယ်တို့ မသိသလို နေကြဖို့ အရေးကြီးတယ် နော်"

"ပျိုး နားလည်ပါတယ်"

ကိုဟန်ထွန်းမြင့်က ထွက်ခွာကာနီး နောက်ခိုင်း အနေအထားနှင့်...

"ဒီမှာ ဟိုနားက ပန်းချီဆွဲနေတဲ့လူကို ပျိုး သွားပြီး မိတ်ဆက်ပါ၊ သူ ဘာလဲ ဆိုတာ ကိုယ် သိချင်တယ်၊ ဒါပဲ၊ ကိုယ် သွားမယ်"

"အင်းအင်း"

ကိုဟန်ထွန်းမြင့်နှင့် ဆုံလိုက်ရသဖြင့် အားတက်သွားမိသည်

www.burmeseclassic.com

www.burmeseclassic.com



မှန်သော်လည်း ရင်၌မူ ကြောက်မက်ဖွယ်ရာ တစ်ခုခုနှင့် ဆုံလိုက်သလို လှိုက်ခုန်နေမိပါ၏။

သိရိဝစ္စယာ၏ကျက်သရေနှင့် ရောဝတီ၏အလှကိုပင် မခံစားနိုင်တော့ပါ။

ကိုဟန်ထွန်းမြင့် ရောက်ရှိလာခြင်းအတွက် အတိတ်မှ ရှုပ်ထွေးမှုများသည် ကျွန်မကို ရစ်ပတ်ဖွဲ့နှောင်လာပြန်ပါတော့သည်။

အတိတ်၏ ရှုပ်ထွေးမှုပြဿနာများသည် အတွေးအာရုံတွင်းဝယ် ရှင်းလင်းစွာ ထင်ဟပ်လာပြန်ပါချေပြီ။

❖ ❖ ❖

"သမီး ပျိုး၊ ဒါ ဟန်ထွန်းမြင့်၊ ဘဘရဲ့ အားထားရဆုံး လူငယ်ပဲ၊ သူဟာ အရာရာကို ဖြစ်မြောက်ပြီးပြေအောင် ဆောင်ရွက်နိုင်တဲ့ သူငယ်၊ သမီးကို စောင့်ရှောက်ပေးဖို့ ဘဘ သူ့ကို ပြောပြီးပြီ၊ မာလာတင့်တို့ဟာ လိုက်မမီနိုင်လောက်အောင် ရှုပ်ထွေးစွာ လှုပ်ရှားနေကြတယ်၊ သမီး အတွက် အန္တရာယ်ဟာ လက်တစ်ကမ်းစာမှာ ရှိနေနိုင်တယ်၊ ဘဘ စိတ်မချဘူး၊ ဟန်ထွန်းမြင့်ကို ဘာပဲဖြစ်ဖြစ် အကူအညီတောင်းနိုင်ပါတယ်"

မေမေ၏ အစ်ကိုကြီး ဘဘဦးမျိုးဇင်၏ အမှာစကားများကို ကြားယောင်လာမိ၏။

ဤပုဂံမြို့သို့တိုင်အောင် ကိုဟန်ထွန်းမြင့် လိုက်လာသည့်အတွက် ဘဘကို ကျေးဇူးတင်မိသော စိတ်၊ အားကိုးရှိနေပြီဖြစ်၍ အားတက်လာမိသော စိတ်များ ကျွန်မရင်၌ ပေါက်ဖွားဖြစ်ထွန်းလာမိပါ၏။

ကိုဟန်ထွန်းမြင့်သည် ကျွန်မ၏ လူ၊ ကျွန်မဘက်က ရှိနေမည့်သူ ဟူ၍ သူတို့၊ ဒေါ်လာမာတင်တို့ မသိဖြစ်အောင် ကျွန်မ ဟန်ဆောင်ကာနေရပါမည်။

ကိုဟန်ထွန်းမြင့်နှင့် ဒေါ်မာလာဘင်တို့ အဖွဲ့ ကြုံဖူးဆုံဖူးကြသည် မဟုတ်ပါချေ။

ကိုဟန်ထွန်းမြင့် ထွက်သွားပြီးသည့်နောက်တွင် အိန္ဒြေမပျက် ဆက်ရှိနေရာတွင် ခေတ္တမျှ ဆက်လက်ထိုင်နေပြီးမှ...





"ဟိုမှာ ပန်းချီဆွဲနေတဲ့လူဆီ သွားမိတ်ဆက်ဦးမှာပဲ၊ အကြောင်းရှိလို့သာ ကိုဟန်ထွန်းမြင့်က ဆက်သွယ်စေချင်တာပဲဖြစ်ရမယ်"

ကျွန်မ လှေကားခုံမှ ထပြီး ဖြည်းညင်းသော ခြေလှမ်းများဖြင့် ဟိုသစ်ပင်လေးကိုင်၊ သည်သစ်ရွက်လေးတို့ဖြင့် ပန်းချီဆရာနားသို့ ချဉ်းကပ်လာမိသည်။

မယောင်မလည်ဖြင့် သူ့နားသို့ ကျွန်မ ရောက်ရှိနေမှန်း သူသိသော်လည်း ကျွန်မကို လှည့်စောင်း၍မျှ သူမကြည့်။

သူ့အနုပညာတွင် ရှာန်ဝင်နေ၍လေလား။

"အဟမ်း"

ချောင်းမဆိုးချင်သော်လည်း အာရှင်းချင်၍ စတင်"ဟမ်း"ပြီးမှ ကျွန်မက...

"ပျိုး ပန်းချီပညာကို ဝါသနာပါလွန်းလို့ပါ၊ ရှင် ဆွဲတာကို ကြည့်ပါရစေနော်"

"နာမည်က ပျိုးတဲ့လား"

"ဟုတ်ကဲ့ရှင့်"

"ကျုပ်ဆီ ခွင့်မတောင်းခင်ကတည်းက ခင်ဗျား ကြည့်နေပြီပဲ"

"ရှင်"

သူက ကျွန်မကို တစ်ချက်မှ လှည့်မကြည့်ပါ။ ဆေးခွက်တွင်းမှ မိုးပြာရောင် ဆီဆေးကို တို့ယူလိုက်ပြီး ကောင်းကင်ပြင် တိမ်သားနေရာတွင် အလှဆင် ရေးသွင်းခြင်း မပျက်ပါဘဲ ကျွန်မကို ပြောလိုက်သည်။

အံ့ဩသော "ရှင်"တစ်လုံး၏ နောက်တွင် ကျွန်မထံမှ ဘာစကားသံမျှ ထွက်မလာလေမှ သူက...

"ပန်းချီကို ဘယ်လိုပုံစံနဲ့ ဝါသနာပါတာလဲ"

"ရှင်"

"ကျုပ် မေးတာ နားမလည်ဘူးလား"

"ရှင် ဟင့်အင်း"

"ဘယ်လိုပုံစံနဲ့ ဝါသနာပါသလဲဆိုတဲ့ မေးခွန်းရဲ့ အဓိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com



က သူများ ဆွဲထားတာကို ခံစားချင်တဲ့စိတ်နဲ့၊ မြတ်မြတ်နိုးနိုးနဲ့ အလှ ကြည့်ချင်တဲ့ ဝါသနာလား၊ ဒါမှမဟုတ် ခင်ဗျား ကိုယ်တိုင် ပန်းချီပညာကို ဝါသနာပါပြီး လိုက်စားနေတာလား"

"ဪ ပန်းချီဆွဲတတ်လား မဆွဲတတ်ဘူးလား၊ ဒီလို မေးလိုက်လည်း ပြီးတာပဲရှင်၊ ရှင့်မေးခွန်းက လှည့်လိုက်တာ"

"ခင်ဗျား မြန်မာစကားမှ ကောင်းကောင်း မတတ်သေးဘဲ"

ခက်တဲ့လူပါလား။ ကိုဟန်ထွန်းမြင့်က မိတ်ဆက်ပါဆို၍သာ ငြိမ်နေရသည်။ လက်ဟန်ခြေဟန်၊ နှုတ်ခမ်းတလန် ပန်းတလန်နှင့် ရန်တွေ့၍ ပြန်ဖို့သာ ကောင်းပါပြီ။

"မြန်မာစစ်စစ်ပါ၊ မြန်မာစကား တတ်ပါတယ်၊ မဟာပညာရှိတွေရဲ့ အမေးအဖြေကိုသာ သရုပ်မခွဲတတ်တာမျိုး ဖြစ်မှာပါ၊ ဒါနဲ့ နေပါဦး၊ အောက်ဒိုးရှုခင်း ဆွဲတဲ့နေရာမှာ ရှင်က နေကာမျက်မှန်ကြီးတပ်ထားတော့ မြင်ရတဲ့ရှုခင်းမှာ အလင်းအမှောင်မှန်ပါ့မလား"

"ဟုတ်ပြီ၊ ခင်ဗျားမှာ ပန်းချီအခြေခံရှိပြီ၊ အလင်းအမှောင်ရဲ့ သဘောတရားဟာ ပန်းချီပညာရဲ့ အသက်ပါပဲ၊ ကျုပ် မျက်မှန်က နေညကြည့်လို့ရတဲ့ မှိန်မှိန်လေးပါ၊ ကျုပ်က မျက်စိမွဲတယ်၊ သိပ်စူးတဲ့အလင်းရောင်ကို ကြည့်မရလို့ တမင် တပ်ထားတာပါ၊ ဒါပေမယ့် ကျုပ်ရဲ့ ကျက်သရေရှင် သီရိပစ္စယာဆိုတဲ့ ပန်းချီကားမှာတော့ အမှားအယွင်း မပါစေရပါဘူး၊ အလင်းအမှောင် မှန်စေရပါမယ်"

"ပျိုးကို ခုလို စိတ်ရှည်ရှည်နဲ့ ဖြေကြားတဲ့အတွက် ကျေးဇူးတင်လှပါတယ်၊ ဒါနဲ့ ဆရာက ပုဂံမြို့က ပန်းချီဆရာလားဟင်"

"ရှင်က" အစား "ဆရာက"ဟူ၍ ကျွန်မ လေသံကို ပြောင်းလိုက်ရသည်။ သူနှင့် ကာရှည်လေးမြင့်စွာ ဆက်သွယ်ရမည် မဟုတ်ပါလား။ သူ့ထံမှ သတင်းစကားများကို ကိုဟန်ထွန်းမြင့် ကြားချင်နေပေလိမ့်မည်သာ။

"ကျုပ် မန္တလေးကပါ၊ ဒီဏာမှာ ပန်းချီ လာဆွဲတာ၊ ပြီးတော့ မြန်မာ့ယဉ်ကျေးမှုရဲ့ ရှေးဦး မီးရှူးတန်ဆောင်ဖြစ်တဲ့ ယဉ်ကျေးမှု အမွေအနှစ်တို့ စုစည်းရာ ပုဂံမြေကိုလည်း လာပြီး လေ့လာတာပါ"





"မြန်မာ့ယဉ်ကျေးမှုရဲ့ ရှေးဦးမီး ရှူးတန်ဆောင် ပုဂံမြေ၊ ဟုတ်လိုက်လေ"

သူ့စကားကို ကျွန်မ နှစ်ခြိုက်လိုက်ပါဘိ။

မြန်မာသက္ကရာဇ် ၄၀၆ ခု၏ သည်မှာဘက် အနော်ရထာမင်း လက်ထက်မှ ပုဂံပျက်သည့် သက္ကရာဇ် ၇၀၀ ကျော်အထိ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ အနုပညာရှင်တို့ အထွတ်အထိပ်သော အောင်မြင်မှုများ ပေါက်ပွားရာ၊ စည်ပင်ရာ၊ ဖွံ့ဖြိုးရာ၊ တိုးတက်ပြောင်းလဲရာ ပုဂံမြေပါ။

"ပျိုးလည်း တစ်ယောက်တည်းမို့ ပျင်းလွန်းလို့ လာပြီး မိတ်ဖွဲ့တာကို ခွင့်လွှတ်ပါနော်"

"တစ်ယောက်တည်း ဟုတ်လား၊ တစ်ယောက်တည်း ဘာလာလုပ်နေတာလဲ"

"ပျိုး ဘာမှ မလုပ်ပါဘူး၊ ပြစရာလုပ်ငန်းလည်း မရှိပါဘူး၊ မိဘများက သီရိပစ္စယာမှာ လာအနားယူကြလို့ ပျိုးလည်း ပါလာရတာပါပဲ"

"လာ အနားယူကြတယ် ဟုတ်လား"

"ဟုတ်ကဲ့၊ ဆိုပါတော့"

"ခင်ဗျားတို့ ကြည့်ရတာ အနားယူရလောက်အောင် ပင်ပင်ပန်းပန်း အလုပ်လုပ်ကြမယ့် လူတွေ ဟုတ်ပုံမရပါဘူး၊ လာပြီး ဇိမ်ခံတာလို့သာ တည့်တည့်ပြောလိုက်ရောပေါ့ဗျာ"

သူက စုတ်တံကို သင်နာခွက်တွင်း ထိုးစိုက်ပြီးမှ ကျွန်မနှင့် မျက်နှာချင်းဆိုင်၍ စကားပြောသည်။ သူ နေကာမျက်မှန် ချွတ်လိုက်သည်။ ဦးထုပ်ကို ဖယ်လိုက်သည်။

သူသည် များစွာ နုပျိုသော၊ ထွားကျိုင်းသန်မာသော၊ အသားညို၍ တည်ကြည်သော အသွင်လက္ခဏာများ ရှိလေသူပါတည်း။ သူ ပြုံးသော်လည်း တည်နေသော မျက်နှာထားကပင် ကျက်သရေများကို ဆောင်ကျဉ်းထားသည်သို့ ငြိမ်သက် နက်ရှိုင်းနေပါ၏။

သူ့စကားကို ရန်တွေ့တုန့်ပြန်ရန် သင့်သော်လည်း ကျွန်မမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါသတရားများ ဖြစ်ထွန်းမလာမိပါ။

"မဟုတ်ပါဘူး ဆရာ၊ ပျိုးတို့ ဓိမ်လာပြီးခံကြတာ လုံးဝ မဟုတ်ပါဘူး၊ ပျိုးရဲ့ ဖေဖေဟာ မကြာခင်ကပဲ ကျောက်ပန်းတောင်းနဲ့ မိတ္ထီလာကြားမှာ ကားမှောက်ပါတယ်၊ အဲဒီအရှိန်ကြောင့် အာရုံကြော ချို့တဲ့သွားတာနဲ့ အနားယူပါဆိုပြီး ဆရာဝန်က ညွှန်လို့ ပျိုးတို့ ရောက်လာကြရတာပါ၊ အားလုံး ရင်မငြိမ်းစွာနဲ့ ရောက်လာကြရတာပါရှင်"

"ခင်ဗျားအဖေက ဘာလုပ်လဲ"

"စိန်ရွှေရတနာ ရောင်းဝယ်ပါတယ်"

"ခင်ဗျားကရော"

"ပျိုး အောင်ပြီးပါပြီဆရာ"

"ပျိုးအောင်ရင် စပါးနှံ အထွက်တိုးမှာပေါ့ ဟုတ်လား"

"ဟင် ဆရာကလည်း၊ ဟုတ်ပါရဲ့ ပျိုး နာမည်ကလည်း စိတ်ညစ်စရာ"

"အလကား ကျီစယ်တာပါ၊ သိပ်ပြီး ရှင်သန်တဲ့၊ မင်္ဂလာရှိတဲ့ နာမည်ပါပဲဗျာ၊ ဆိုပါဦး ဘာအောင်ပြီးတာလဲ"

ကျွန်မမှာ သူ့စကားကြောင့် မျက်နှာရှုံ့၍ မျက်ခုံးတွန့်သွားမိသည်။ ပြီးတော့မှ သူ့ထံမှ ကြည်သာရွှင်ပျသော အပြုံးကို မြင်ရပါ၏။ တည်ငြိမ်နေသည့် သူ့မျက်နှာကြောင့် ရင့်ကျက်နေသော်လည်း ပြုံးလိုက်သည့်အခါတွင်မူ လူငယ်တစ်ယောက်၏ နုပျိုသစ်လွင်ခြင်းများဖြင့် ပြည့်စုံပါ၏။

"ဘွဲ့ရပြီးတာကို ပြောတာပါ"

"ဘာ ဘာသာ အဓိကလဲ"

"ဟာစ်စတြီမေဂျာနဲ့ပါ"

"ဟာ အတော်ပဲဗျာ၊ ပုဂံရာဇဝင်မှာ သမိုင်းအထောက်အထားလိုကွက်လေးတွေ ကျွန်တော် တွေ့ထားတယ်၊ ပျိုးနဲ့ ဆွေးနွေးပြီး ဖြည့်ဆည်းကြရအောင်လား၊ ပျိုးက ခွင့်ပြုမယ်ဆိုရင်ပေါ့"

"ရပါတယ် ဆရာရယ်၊ ပျိုးကိုယ်တိုင်က ဆရာ့ကို စပြီး





မိတ်ဆက်သူမို့ အထင်မှားသေးဘူးဆိုရင်ဖြင့် ဆွေးနွေးဖို့အသင့်ပါလို့ ပျိုး ဆိုပါရစေ"

"ပျိုးကို ကျွန်တော် လေးစားပါတယ်"

"ကျုပ်"မှ "ကျွန်တော်"အသွင်ပြောင်းလာရုံမက ဦးညွှတ်မတတ် လေးစားနိမ့်ချစွာ သူ ဆိုလာသည်။

"ပျိုးကလည်း ဆရာ့ပညာကြောင့် ဆရာ့ကို အထင်ကြီးပြီးသားပါ၊ ဒါနဲ့ ဆရာကရော ကျောင်းတက်တုန်းပဲလား၊ စပ်စုတယ် မထင်ရင် ဆရာ့ရဲ့ ကိုယ်ရေးရာဇဝင် သိပါရစေလားရှင်"

ကိုဟန်ထွန်းမြင့် အမှာရှိ၍သာ ကျွန်မ စကားလမ်းခင်းနေရသည်။ ကျွန်မတစ်သက်တွင် အမျိုးသားတစ်ယောက်၏ အကြောင်းကို ယခုလိုရင်ဆိုင်၍ တစ်ခါမျှ မစပ်စုဖူးခဲ့သူပါ။

"ကျွန်တော်က မန်းမြေက အညတရ ပန်းချီဆရာပါ"

"မယုံပါဘူး ဆရာရယ်၊ သီရိပစ္စယာရဲ့ တစ်နေ့တာ လူတစ်ယောက်စရိတ်က တစ်ရာကျော်လောက်ရှိတာ၊ ဆရာ ရက်ရှည်ကြီး လာတည်းပြီး ပန်းချီဆွဲနေတယ်ဆိုတာ ဝမ်းစာအတွက် မဖြစ်နိုင်ပါဘူး၊ ဝါသနာအတွက်သာ ဖြစ်မှာပါ၊ ဒီဝါသနာကို ဖြည့်ဆည်းနိုင်မယ့် နောက်ခံအင်အားလည်း ရှိလို့သာ နေမှာပေါ့"

"ဟဲဟဲ၊ ပျိုးက ကျွန်တော့်ကို အထင်ကြီးနေပြီ"

"အထင်ကြီးပြီး ဆရာ့ကို ချဉ်းကပ်နေတာတော့ မဟုတ်ရပါဘူးရှင်ရယ်"

"ကျွန်တော် လူကဲခတ်တဲ့ပညာ တတ်ပါတယ် ပျိုး၊ ဒါနဲ့ ဟိုမှာ ကျွန်တော်တို့ကို လှမ်းကြည့်နေတဲ့ အမျိုးသမီးကို ပျိုး သိသလား"

သူက အိန္ဒြေမပျက် အသာလေး မျက်လုံးဝင့်၍ပြသော်လည်း ကျွန်မက ဖျပ်ခနဲ လှည့်ကြည့်လိုက်မိလျက်သား ဖြစ်သွားရပါသည်။

"ဒေါ်မာလာတင်"

ကျွန်မ နေသော အခန်း၏ အပြင်ဘက်စွန်းမှ ကျွန်မတို့ကို အသေအချာစိုက်ကြည့်နေရာမှ ကျွန်မနှင့် အကြည့်ချင်းဆုံသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com

သူ ပြန်လှည့်သွားတော့သည်။

နေရာချင်းက လှမ်းပါသည်။ မြင်သာသော်လည်း စကားသံများကို ကြားသာမည် မဟုတ်ပါ။

"အဲဒါ ပျိုးရဲ့ မိထွေးပါ"

"ဟင် ပျိုးမှာ အမေ မရှိဘူးလား"

"မရှိပါဘူး ဆရာ၊ ပျိုး သိပ်ပြီးချစ်ရတဲ့ ဖေဖေကလည်း အခုရောဂါဖိစီးနေလို့ ပျိုးကို သူ သိပ်ပြီးဂရုမစိုက်နိုင်တော့ပါဘူး"

"အို ဒါဖြင့် အခု လာတာ သုံးယောက်တည်းလား"

"ဖေဖေနဲ့ ဒေါ်မာလာတင်တို့ နှစ်ပါးစုံမွေး ညီမလေး မျိုးမမဆိုတာလည်း ပါပါတယ်၊ သူနဲ့ ပျိုးနဲ့က တစ်ခန်းတည်းနေကြတယ် ဆိုပေမယ့် သူက အိပ်ချိန်ပဲ ရောက်လာတတ်ပါတယ်၊ တခြားအချိန်တွေမှာ သူတို့မိသားစုသုံးဦးသာ နေတတ်ကြလို့ ပျိုးမှာ အချိန်ပြည့် တစ်ယောက်တည်းပါ"

"တကယ်လို့ ပျိုး စာဖတ်ဝါသနာပါတယ်ဆိုရင်တော့ ကျွန်တော့်ဆီမှာ စာအုပ်တွေ အစုံပါပါတယ်၊ ဆွဲပြီးသား ပန်းချီကားတွေလည်း ရှိပါတယ်၊ ကျွန်တော့်အခန်းကို ပျိုးလာလည်ဖို့ ဖိတ်ခေါ်ပါတယ်၊ ပျိုးနဲ့ စားလွယ်ခုတ်အဆောင် ဖ၀၂ မှာပါ၊ သြော် အခန်းကို ဆိုပေမယ့် အခန်းထဲကို မဟုတ်ပါဘူးနော်၊ အခန်းပြင် ဥပစာ လေသာဆောင်နေရာလေးမှာ စကားပြောကြရအောင်ပါလို့"

သူ့ဖိတ်ခေါ်မှုကို ကျွန်မ လက်ခံပါသည်။ ကိုဟန်ထွန်းမြင့်သည်လည်း ဤပန်းချီဆရာနှင့် ကျွ ်မနှင့် ဆက်သွယ်ကူးလှယ်မှုကို လိုလားပါလိမ့်မည်။ အထီးကျန် လှောင်ချိုင့်စံဘဝမျိုးတွင် ဝါသနာတူအဖော်ကောင်းတစ်ဦးနှင့် ဆွေးနွေးခွင့်၊ အမြင်ချင်းဖလှယ်ခွင့် ရနေသည်ကပင် ကျွန်မအတွက် ထူးကဲသော အခွင့်အရေးတစ်ရပ်ပါ။

သို့ပါသော်လည်း...

"ဖေဖေတို့က ကြိုက်ပါ့မလား မသိဘူး ဆရာ၊ ကျွန်မ'အခန်းလာပါ့လား၊ ဒါမှမဟုတ်လို့ ခုလို အပြင်မှာ ဆုံကြရင်တော့ ဖေဖေ ကျေနပ်တန်ကောင်းပါရဲ့"





အဖြေက သည်မျှသာ ဖြစ်ရသည်။ မိန်းကလေးအိန္ဒြေကို ငဲ့လျက် တစ်ကွက် ချန်ရသည်ချည်း မဟုတ်ပါ။ အမှန်ပင် သူတို့ကြိုက်ပါ့မလားဟူ၍ ပူပန်စိတ်ကလည်း ဖြစ်ပေါ်နေမိသည်။

စောစောကပင် ဒေါ်မာလာတင် လှမ်း၍ မြင်သွားလေပြီ။

ပြဿနာများ တက်လေဦးမည်လား။

ယင်းသို့သော ပူပန်စိတ်များ ဝင်လာမိသည်နှင့်...

"ပျိုး ပြန်တော့မယ်နော် ဆရာ"

"ကောင်းပြီ ပျိုး၊ အခွင့်သင့်ရင် ဆုံကြသေးတာပေါ့"

"ဟုတ်ကဲ့ပါရှင်"

ပန်းချီဆရာထံမှ အပြန်လမ်းတွင်မှ တွေးတောဆင်ခြင်သင့်သော အကြောင်းအရာများကို ကျွန်မ သတိရမိလာသည်။

ကိုဟန်ထွန်းမြင့် ပန်းချီဆရာနားသို့ ချဉ်းကပ်ခိုင်းသည်က သူ့အကြောင်းကို သိဖို့ စုံစမ်းဖို့ပါ။

ယခု ကျွန်မ ပြောခဲ့ရသည်က ကျွန်မအကြောင်း၊ သူသည် မန္တလေးမှ ပန်းချီဝါသနာရှင်တစ်ယောက် ဟူသော စာတန်း တစ်ကြောင်းစာ အကြောင်းအရာလေးမှလွဲ၍ ကျွန်မ ဘာမှ မသိခဲ့ရ။

"သြော် သူ့နာမည်ကိုတောင် မမေးမိနိုင်ခဲ့တဲ့အဖြစ်ပါလား"

"ဒီပန်းချီဆရာဟာ ငါ့ရဲ့ စိတ်ကို လွှမ်းမိုးနိုင်မယ့် အင်အားရှင်များလားကွယ်"

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း[၃]

"ညီမလေး အိပ်ချင်လို့ ပြန်လာတာလား"

နေ့လယ်ဘက်တွင် ကျွန်မအခန်းသို့ လာလေ့မရှိသော ညီမလေး မျိုးမမ ရောက်လာသည့်အတွက် ကျွန်မက လှမ်း၍ မေးလိုက်ရသည်။

"မဟုတ်ဘူး၊ မေမေက ဟိုဘက်ခန်း သွားနေချည်ဆိုလို့"

"ဘာဖြစ်လို့ပါလိမ့်"

"ဦးသော်က ရောက်လာလို့"

"ဦးသော်က ဆိုတာ ဘယ်သူလဲ"

"ဦးဦး ရှိတုန်းက အလုပ်တူတူလုပ်ကြတဲ့ လူကြီးလေ၊ အိမ်မှာတောင် တစ်ခါ ထမင်းဖိတ်ကျွေးဖူးသေးတာရော"

"သြော် သိပြီ၊ မိတ္ထီလာက ကားပိုင်ရှင်ဆိုတဲ့ ဘော့စ်ကြီး မဟုတ်လား၊ သူ့ကို ဖေဖေက သိပ်မကြည်ဘူး၊ သူ့နောက်ပိုင်းမှာ ဥပဒေနဲ့ မကင်းတဲ့ စီးပွားရေး ရှိလိမ့်မယ်လို့ ဦးဦးကို ဖေဖေက သတိပေးနေတာ မမပျိုး ကြားခဲ့ရဖူးတယ်"

"ဟုတ်တယ်၊ အခု သူ ဘာလာလုပ်လဲ မသိဘူး၊ ဦးသော်က ရောက်လာတဲ့အတွက် ဖေဖေရော၊ မေမေရော မျက်နှာတွေ ပျက်နေကြတယ်၊ မျိုးမျိုးကိုလည်း နင့်မမပျိုးဆီ သွားနေတဲ့၊ သူတို့ ဘာတွေ လုပ်မှာလဲ၊ ဘာတွေ ပြောကြမှာလဲ မသိဘူး"





ညီမလေးမျိုးက ညည်းညည်းညူညူလေးပြောလိုက်ရင်း မျက်နှာလေး ရှုံ့ခါ စဉ်းစားနေပါ၏။

သူသည် ကျွန်မကို ထာဝရ အပြစ်မြင်လေ့ရှိသူ ဒေါ်မာလာတင်၏ သမီးရင်းပါတကားဟူသော အသိကို ကျွန်မ ပယ်ဖျက်ထားရပါသည်။ ဖေဖေ၏ သွေးစစ်၊ ဖေဖေ၏ သမီးကလေးမို့ ကျွန်မမှာ တစ်အူတုံဆင်း ညီအစ်မ အရင်း တစ်ယောက်လို သဘောထားပါသည်။

ညီမလေးမျိုး၏ အပေါ်တွင် အပြစ်မမြင်ရက်သော ချစ်ခြင်းမျိုးဖြင့် ကျွန်မ ချစ်မိသည် အမှန်ပါ။ တစ်ခါတစ်ရံ သူ့မိခင် သွေးခွဲ၍ သွေးကွဲစကား၊ အပြစ်တင်စကားများ ပြောကြားလာဖူးသော်လည်း ကျွန်မ ထာဝရ ခွင့်လွှတ်ခဲ့ပါသည်။

မျိုးသည် အသက်ကြီးလာလေ ကျွန်မကို ခင်တွယ်ရကောင်းမှန်း ပိုသိလာလေ ဖြစ်ပါ၏။ သူ့မိခင်ရှေ့တွင် ကျွန်မကို အရောဝင်ခြင်း မရှိလှသော်လည်း သူ့မိခင်ကွယ်ရာတွင်မူ ကျွန်မကို ဖက်လှဲတကင်းနှင့် ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် နေရှာပါသည်။

မျိုးမမသည် ဆယ်တန်းဖြေထားဆဲ၊ ဆယ့်ခြောက်နှစ်ကျော်ရွယ်၊ နုနယ်ပျိုမျစ်၊ ချစ်ဖွယ်ကောင်းလှသူလေးမို့ ကျွန်မညီမလေးကို ကျွန်မ နှစ်နှစ်ကာကာ ချစ်လျက်ပါ။

ညီမလေးမျိုး၏ ဆံယဉ်နွယ်များကို ကျောလယ်သို့ ကျွန်မက ပို့ချပေးပြီး သူ့မျက်နှာလေးကို ငေးကြည့်နေမိဆဲ...

"မမပျိုး"

"ဟင် ညီမလေး"

"ဖေဖေတို့ ဒီမှာ ဘာလာလုပ်နေကြတာလဲဟင်"

"သြော် မျိုးရယ်၊ ဖေဖေ ကားမှောက်လို့ မသေကောင်း မပျောက်ကောင်း မဟုတ်လား၊ အဲဒီအတွက် အနားယူဖို့ ထွက်လာကြတာလေ၊ ညီမလေး သိရဲ့သားနဲ့"

"ဟင် အနားယူတယ်သာ ဆိုတာ အလုပ်ကို ရှုပ်နေတာပဲ မမပျိုးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘာတွေ လုပ်နေလို့လဲ၊ ဖေဖေက ဘာတွေ လုပ်နေလို့လဲ ညီမရဲ့"

သမီးချင်းတူသော်ငြားလည်း အနီးကပ်ခွင့် မရသော ကျွန်မ ညီမလေး မျိုး၏ စကားကြောင့် သိချင်ဇောကြီးစွာဖြင့် မေးလိုက်မိသည်။

"စာရင်းတွက်ကြ၊ မေမေနဲ့ တိုင်ပင်ကြပြီးတော့လေ သားရေအိတ်ကြီးကိုလည်း ဓားတွေနဲ့ခွဲပြီး ကြည့်လိုက်ကြ၊ ရှာလိုက်ကြတာ ပွနေတာပဲ၊ နမြောစရာကြီး"

"ဟင်"

"ဦးဦးက လူရုပ်မဟုတ်လား၊ အဲဒီဦးသော်က ရောက်လာတာလည်း ဦးဦးနဲ့မရှင်းခဲ့တဲ့ကိစ္စအတွက် ဖေဖေတို့နဲ့ လာရှင်းတာလား မသိဘူး၊ အဲဒီလူကြီးက မာရေကျောရေနဲ့ မျက်နှာက တင်းတင်းကြီး၊ ဖေဖေက သနားပါတယ်၊ သိပ်ကို မျက်နှာပျက်နေတာပဲ"

ကိုယ့်ဖေဖေတွင် အခက်အခဲနှင့် ရင်ဆိုင်နေရပြီဟူသော အသိကြောင့် ကူညီဖြေရှင်းပေးချင်လှသော်လည်း...

"အင်းလေ၊ ဖေဖေတို့ကိစ္စကို မမပျိုးတို့မှ နားမလည်ဘဲ၊ ညီမလေး ဦးဦး ရှိတုန်းကလည်း အင်မတန်မှ ရှုပ်ထွေးခဲ့တာ၊ ပြဿနာပေါင်းစုံ ဖြစ်လာတတ်တာ မမပျိုးတို့ အမြင်ပဲ၊ အဖေဟာ ဦးဦးရဲ့ ကိစ္စအဝဝကို အမြဲတမ်း ရှေ့က ရပ်ပေးခဲ့ရတယ်၊ အခု သူ သေဆုံးသွားပြီးတဲ့နောက်ပိုင်းထိအောင် ဖေဖေက လိုက်ပြီး ဖြေရှင်းလို့ မပြီးဆုံးနိုင်သေးဘူး ထင်ပါရဲ့ကွယ်"

ကျွန်မ၏ နက်နဲသော အတွေးနောက်သို့ မမီနိုင်ရှာသော ညီမလေးမျိုးမှာ မျက်လုံးအဝိုင်းသားနှင့်သာ ကျွန်မကို ငေးကြည့်နေရှာပါ၏။

"ဦးသော်က,က ဒီ သိရိပစ္စယာမှာ တည်းဖို့ ရောက်လာတာလား မျိုး"

"မဟုတ်ဘူး ထင်တယ်၊ ဘာပစ္စည်းမှ မပါဘူး၊ သူ ကျောက်ပန်းတောင်းကို ကိစ္စတစ်ခုနဲ့ လာတာ၊ ကျောက်ပန်းတောင်းကို ပြန်





အိပ်မယ်လို့လည်း ပြောတယ်"

"အင်းပေါ့၊ သူက ကားပိုင်ရှိတာပဲ၊ ပုဂံနဲ့ ကျောက်ပန်းတောင်းက ၃၄ မိုင်ပဲဝေးတာ၊ ပြန်သွားလည်း ခဏလေးပေါ့"

"သူ ခဏ လာတာတောင် ဖေဖေက ဒီလောက် မျက်နှာပျက်နေတယ်၊ အကြာကြီး နေရင်တော့ အခက်ပဲ၊ အင်း ဘာတွေမှန်းလည်း မသိပါဘူး၊ မျိုးတော့ နေရတာတောင် နည်းနည်းပျင်းလာပြီ၊ ဘာ စာအုပ်လည်း မမပျိုး"

မျိုးက ဆိုဖာကုရှင် မွေ့ရာပေါ်သို့ ပစ်လှဲလိုက်သည်။ ခုတင်ဘေးရှိ စာအုပ်စင်လေးပေါ်မှ စာတစ်အုပ်ကိုယူပြီး ဝမ်းလျားမှောက်လျက် ကြည့်နေပါ၏။

"ဟင် ရာဇဝင်စာအုပ်ကြီး မဖတ်ချင်ပါဘူး၊ အမယ်၊ မင်းထိုက် (ခေတ္တ–သိရိပစ္စယာ) ဆိုပါလား၊ ဒါ ဘယ်သူ့စာအုပ်လဲ မမပျိုး"

ရင်ခုန်စရာမေးခွန်းမဟုတ်ပါဘဲနှင့် ကျွန်မ မျိုး၏ စကားကြောင့် ရင်သိမ့်ခါသွားမိသည်။

"မင်းထိုက်ဆိုတာ ဘယ်သူလဲလို့"

"ဩော် ဟိုဘက်အဆောင်မှာ ရောက်နေတဲ့ မမပျိုးတို့ ဟစ်စတြီက ဆရာရဲ့ စာအုပ်ပါ"

ပါးစပ်ထဲတွေ့ရာ လျှောက်ပြောလိုက်ရပါပြီ။ တော်ပါသေးသည်။ အခန်းဆက် မေးခွန်းများ မျိုး မမေးလာတော့။ ဆရာဆိုသော အသံနှင့် သမိုင်းဆိုသော အကြောင်းရာကြောင့် သိပ္ပံမလေး မျိုး ငြီးငွေ့သွားပြီ ထင်ပါသည်။

"မျိုး"

"ဟင်"

"ထန်းသီး စားမလား"

"မကြိုက်ပါဘူး"

"ဩော် မမပျိုး လုပ်ထားတာ စားကြည့်စမ်း"

အစားကိုလည်း စားစေချင်၊ စကားကိုလည်း ရပ်စေချင်၍ ရေခဲသေတ္တာတွင်းမှ ဖန်အုပ်ကလေးကို ထုတ်လိုက်ရသည်။ ညောင်ဦး



www.burmeseclassic.com

www.burmeseclassic.com



*မှ ဝယ်လာသော ထန်းသီး နှံ့ အမြှာချွတ်ပြီးသားလေးများကို အမေး* ပါ စင်အောင် နွှာ၊ ရေဆေးပြီး ထန်းသီးဆံပေါ်က သကြားလေးဖြူး၊ ထန်းသီးဆံတင်၊ နောက် သကြားဖြူး၊ ထန်းသီးတစ်ထပ် သကြား တစ်ထပ် နှပ်၍ ရေခဲသေတ္တာတွင်း၌ ထည့်ထားလိုက်သည်။ သကြား ပျော်၍ ထန်းသီးဆံအတွင်း စိမ့်ဝင်သွားပြီး အေးမြသော ထန်းသီးဆံ ချိုချိုလေးကို စားရသည်မှာ…

"ဟာ တယ်ကောင်းပါလား၊ ဘယ်အရသာနဲ့မှ မလဲနိုင်အောင် ကောင်းတယ်နော် မမပျိုး၊ အကုန်လုံး ဖျောလိုက်ရမလား"

"စား ညီမလေး၊ စား၊ အကုန်လုံး စားလိုက်"

ကလေးငယ်လေးတစ်ယောက်လို ခွက်ကပ်ပါ မော့သောက်နေ ရှာပါ၏။

"ကိုမင်းထိုက်"၏ စာအုပ်ကို မျိုးရှေ့မှ ပြန်ယူ၍ စာအုပ်စင် ပေါ်သို့ ပြန်တင်လိုက်ရပါ၏။

မနေ့ညနေကပင် သူ ကျွန်မထံ ရောက်လာပြီး ဖြစ်ပါ၏။ သူ့အမည်က ကိုမင်းထိုက်။ စွယ်စုံဗဟုသုတကြွယ်ဝသူ၊ သိရိပစ္စယာ ရောက်၊ မန္တလေးမြို့မှ ပန်းချီဝါသနာရှင်။

သူရောက်လာခြင်း၊ သူနှင့် စကားပြောနေရခြင်းများအတွက် ကျွန်မ မပျင်းရိမိ။ လိုလားနှစ်ခြိုက်စွာဖြင့် လက်ခံ စကားပြောနေ မိပါသည်။ ကျွန်မ မမေးဖြစ်ခဲ့သော အကြောင်းအရာများစွာကိုလည်း သူက ပြောပြရှာပါ၏။

"မမပျိုး၊ ဒီခွက် သွားဆေးလိုက်ရမလား"

"တော်စမ်းပါ၊ မဆေးချင်လို့မေးနေတာ မဟုတ်လား၊ ထားခဲ့"

"ဟဲဟဲ"

မျိုးက ဘာမှ မလုပ်ချင်၊ မလုပ်တတ်။ လုပ်လိုက်လျှင်လည်း အချိုးက မကျ။ ပန်းကန်တစ်ချပ် ဆေးလျှင် လုံချည်တစ်ထည်လုံး ရွှဲတတ်သည်။ အိမ်ထောင်မှုကို နိုင်နင်းပြီးသား ကျွန်မက ညီမလေး ကို ဘာမှ မလုပ်စေပါ။ ကျွန်မသာ အစစ အရာရာ လိုက်လုပ်ပေး နေလေ မျိုး ဘာမှမတတ်လေ ဖြစ်နေပါလေပြီ။





"မမပျိုး"

"ဟေ"

"ဟို အဘိုးကြီးနဲ့ ဘာတွေ ပြောနေကြတာလဲလို့ သွားပြီး ချောင်းနားထောင်ရမလား"

"မျိုး သိမှာစိုးလို့ တမင် ဒီဘက် နှင်ထားတာ၊ ဘယ်လိုလုပ် ပြီး သွားလို့ရမလဲ"

မျိုးက ခဏ ငြိမ်သွားသည်။

ပြီးမှ အကြံရသလို ပြေးထပြီး လိုက်ကာကို ဆွဲဖွင့်သည်။ မှန်တံခါးရှည်ကြီးကို အောက်ခြေတစ်တောင်မျှလောက် ဟ,ဖွင့်လိုက် သည်။ ခေါင်းထွက်ပြူ၍ နားစွင့်ပြီး မျိုး ငြိမ်နေသည်။ ပြီးမှ သူခိုး ဟန်ဖြင့် ခြေဖော့ နင်း၍ ကျွန်မထံ ပြန်လျှောက်လာပြီး လေသံ တိုးနှင့်…

"ဟိုဘက်ခန်းကလည်း အဲယားကွန်ဒီးရှင်းပိတ်ပြီး တံခါးဟ ထားတယ်၊ သွားသွား မမပျိုး၊ သွား နားထောင်ချေ၊ သဲ့သဲ့ကြားရ တယ်"

မျိုး တွန်းလွှတ်၍ ကျွန်မ ပြတင်းနားကပ်လာရပါ၏။ ခေါင်း ထွက်ပြူ၍ နားထောင်မိသည်။

စကားသံများ ကြားနေရသော်လည်း စကားလုံးမကွဲ။ မနည်း စိုက်၍ နားထောင်မိလေမှ အသံလှိုင်းတုန်နေသော ဒေါ်မာလာတင်၏ စကားများကို ကျွန်မ စတင်၍ ကြားရပါပြီ။

"ဒါတော့ ဦးသော်က,က မာလာတို့ကို အကျပ်ကိုင်တာပဲ"

"ကျုပ် ဘယ်လောက်နှစ်နာခဲ့ရတယ်ဆိုတာ ဒေါ်မာလာတင် ခင်ဗျား သိပါတယ်၊ ဒီတုန်းက ခင်ဗျားလည်း ပါလာတာပဲ"

"ဒါပေမယ့်၊ ကိုစိုးနီက သေပြီပဲရှင့်၊ ကျွန်မတို့လည်း ရှာတာ အန့်ပါပဲ၊ သူ့အလောင်းကိုတူးပြီး မေးကြည့်ရတော့မလို ဖြစ်နေပြီ"

"မလိုပါဘူးဗျာ၊ ကိုစိုးနီ သိရင် ခင်ဗျားသိပါတယ်"

အားလုံး ငြိမ်သွားကြပြန်သည်။ သူတစ်ပါးစကားကို ချောင်း မြောင်း နားထောင်ခြင်းမှာ မကောင်းသောအလုပ်ဟု ကျွန်မ သိ



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပါသည်။

ယခုကိစ္စက သူတစ်ပါးကိစ္စ မဟုတ်၊ ကိုယ့်ဖခင်၏ အကျဉ်းအကျပ်မို့ သိအပ်သော အကြောင်းအရာဟု ကျွန်မ ထင်မြင်မိပါ၍ နေရာတွင်သာ ဆက်လက်ရပ်လျက် နားစွင့်နေမိပါ၏။

"ဒီကိစ္စထဲမှာ ဘာမှ မပါရှာ၊ မသိရှာတဲ့ ဦးစိုးဖြူကို ကျွန်တော် အားလည်းနာပါရဲ့ဗျာ၊ ဒီတစ်ခါ အပြတ်မရှင်းရင် မဖြစ်တော့ဘူး"

"ဦးသော်ကရယ်၊ အပြတ်ရှင်းမယ်ဆိုရအောင် ရှင် နစ်နာတဲ့အတွက် ရဲကိုတိုင်ရဲသလား၊ ပြောပါဦး၊ အမှောင်ထဲကလူချင်းပါရှင်၊ သိပ်ပြီး အသံကောင်း မဟုတ်ပါနဲ့"

"ဟာ ရဲ ဘာလို့ တိုင်ရမှာလဲ၊ ဒီပြဿနာ ပေါ်သွားရင် ခင်ဗျား ထောင်ကျလှ ဆယ်နှစ်ပေါ့ ဒေါ်မာလာတင်၊ အုတ်တံတိုင်းထဲမှာ ခင်ဗျား သွားစံမြန်းနေလို့ ကျုပ်က ဘာဖြစ်လာမလဲ၊ ဘာမှ မဖြစ်လာဘူး၊ ဟင်း သော်ကတို့က ကိစ္စတစ်ခုကို အလကား သဲထဲရေသွန် ဖြစ်ရမယ့်အလုပ်မျိုး ဘယ်တော့မှမလုပ်ဘူး မှတ်ပါ"

"တိုးတိုးပြောပါရှင့်"

"ကောင်းပြီ၊ ကျုပ် တန်ရာတန်ဖိုး ပြန်ရရင်ရ၊ ဒါမှမဟုတ် ဒီတန်ဖိုးနဲ့ အညီ ခင်ဗျားပြန်ခံရ၊ ဒါမှ ကျုပ် ကျေနပ်မယ်၊ ဒီနယ်မှာ သော်က အားလုံးဖန်တီးနိုင်တယ် ဒေါ်မာလာ၊ ကျုပ်သွားမယ်"

"အို နေ...နေပါဦးဗျာ"

ဖေဖေ၏ အသံပါပင်။ ပါးရွဲ့နေ၍ အသံကလည်း မပီပြင်မကြည်လင်။ ညင်သာ တိုးတိတ်သဖြင့် ကျွန်မ စကားလုံးမကွဲတော့ချေ သော်လည်း...

ဖေဖေသည် မိတ္တီလာမှ ဦးသော်ကဆိုသူကို ခြေသလုံးဖက်မတတ်တောင်းပန်စကားဆိုနေပေပြီဟု ကျွန်မ အသေအချာ မှန်းဆနိုင်ပါပြီ။

"ဩော် ဖေဖေရယ်၊ ဘယ်လို ပြဿနာတွေများ ရှိကြလို့လဲ သမီး သိချင်လိုက်တာရှင်"

❖ ❖ ❖





## အခန်း[၄]

*"ရင်ခုန်သံကြားမှာxxx ခေါ်သံလေလားကွယ်xxx*
*နှီးတစ်ဝက်xxxအိပ်မက်ထဲမှာ သံသရာမဆုံးတော့xxx*
*မောင်တစ်ယောက်တည်း အတွေးကမ္ဘာမှာxxx တဝဲဝဲ*
*လည်လည်xxxx"*

သီရိပစ္စယာ၏ ညနေ့ကြိုခန်းမတွင် ဖြစ်ပါ၏။ ညစာ စားသုံးရန် အချိန်အနည်းငယ်မျှ စောင့်နေရခိုက် တိုးညင်းညင်သာသော သီချင်းသံကြောင့် မျိုးက...

"အမယ်လေး စိုင်းဖိနပ်ဆိုင် ရောက်နေတာကိုး"

စိုင်းထီးဆိုင်၏ "စိတ္တဇအလွမ်း"တေးကို သီဆိုနေသူအား မျိုးက လှမ်း၍ ရိလိုက်သည်။ အသံရှင်က မဖြုံပါ။ ဆက်လက်၍ တေးညည်းနေဆဲ။

ကျွန်မက အားနာစွာဖြင့် မျိုး၏ပေါင်ကို ပုတ်လိုက်ပြီး သူ့ကိုကြည့်၍ ခေါင်းခါပြလိုက်ရသည်။

"ဒီလို မပြောနဲ့လေ"

ဆိုသည့် သဘောပါ။ ပြီးမှ အသံရှင်ကို ကျွန်မ အားနာစွာဖြင့် ကြည့်လိုက်မိပါသည်။

ကျွန်မ နှစ်သက်သော စိုင်းထီးဆိုင်၏ အေးနွဲ့သောတေးကို သီဆိုနေသူမို့လည်း အမှတ်ထား၍ ကြည့်လိုက်မိလေ၏...



www.burmeseclassic.com

www.burmeseclassic.com



"ဪ ဟိုလူပဲ"

တစ်နေ့က သောင်ပြင်တွင် ကျွန်မနောက်သို့ လိုက်ခဲ့သည့်သူ။

"ငါ ဆိုခဲ့တဲ့ သီချင်းမို့ သူတမင်ဆိုနေတာ ထင်ပါရဲ့"

သူနှင့် မျက်နှာချင်းဆိုင်မိမည်စိုး၍ ကျွန်မ မကြည့်တော့။

ဤခန်းမပေါ်မှ ပုဂံခေတ်ယွန်းပန်းချီကား ခံ့ခံ့ညားညားကြီးများကို ကြည့်နေမိသည်။

နှောင်းလူတို့ မသိမိသည့် ပုဂံခေတ်၏ သရုပ်ကို ဤ ပန်းချီကားများက ပြောပြနေပါသည်။

ဘုန်းတန်ခိုးကြီးရှိမက ဉာဏ်ပညာအမြော်အမြင်ကြီးမားသော ပုဂံခေတ် မင်းများ၏ ယဉ်ကျေးမှု ကူးစက်ပုံ၊ အနုပညာဖြင့် ဖြန့်ဝေပုံများမှာ စနစ်ကျလှသည်။

နှောင်းလူတို့သည် အာနန္ဒာလို၊ သဗ္ဗညုလို၊ အံ့မခန်း စေတီပုထိုးများကိုလည်းကောင်း၊ ကျောက်ဆစ်ရုပ်များ၊ ကျောက်ရုပ်တုများ၊ ပန်းဆယ်မျိုးဝင် လက်ရာများ၊ နံရံဆေးရေးပန်းချီများ၊ အုတ်ခွက်ဘုရားများ၊ ကြေးသွန်း ရုပ်ပုံများစွာမှ တစ်ဆင့်...

ပုဂံမြို့၏ လှုပ်ရှားပုံများ၊ ပုဂံသားတို့၏ တက်ကြွပုံများကို ရုပ်လုံးပေါ် မြင်သာနိုင်ခဲ့သည်။

ဤသည်တို့ကို ပြန်လည်ဆန်းသစ်စေခဲ့သော ပုဂံမြို့ ယွန်းထည်အတတ်ပညာ ကျောင်းအုပ်ကြီးဟောင်းနှင့် တပည့်များ၏ လက်ရာများကို ဤခန်းမတွင် တွေ့မြင်နိုင်ပါသည်။

ထိုနည်းအတူပင် စားသောက်ခန်း ခန်းမဆောင်ကြီးတွင် အင်းဝခေတ်ကို ပြန်ပြောပြသော ခန်းလုံးပြည့် ယွန်းပန်းချီကားကြီးများ၊ ဘားခန်းမတွင် "ရတနာပုံခေတ်"ကို မျက်ဝါးထင်ထင် မြင်ရသည့် အသွင် ရေးသားချယ်လှယ်ထားသော လက်ရာများကို ကျွန်မတို့ မြန်မာအမျိုးသားများသာမက ကမ္ဘာလှည့်ခရီးသည်များပင် အံ့မခန်း ငေးမောကြည့်ရှုရမည် ဖြစ်၍ ဂုဏ်ယူစရာပါ။

သီရိပစ္စယာ၏ ကျက်သရေ ဖြိုးဝေမှုကြောင့်လည်း မြန်မာ့အနုပညာစစ်ကို မော်ကြွားနိုင်စရာပါပေ။ ဘားခန်းမှ ရတနာပုံခေတ်





အမျိုးသမီးများ၏ မာယာလေးဆယ်ပုံကို ပြက္ခဒိန်မှာ မြင်ရဖူးသည်။

ကျွန်မမှာ နံရံမှ ပန်းချီများကို ငေးကြည့်နေမိစဉ် ကျွန်မတို့နှင့် ခင်မင်သော သီရိပစ္စယာ၏ လက်ထောက်မန်နေဂျာ ဦးတင်အောင်က...

"ဟော ပျိုးတို့ညီအစ်မ စောင့်နေရတာ အားနာစရာ၊ ညစာတော့ အဆင်သင့် ဖြစ်နေပါပြီ"

သီရိပစ္စယာ တာဝန်ရှိသူတိုင်း၏ မျက်နှာတွင် အပြုံးကို မြင်ရသည်။

"ကိစ္စမရှိပါဘူး၊ ပျိုးတို့မေမေလည်း မလာသေးလို့ပါ"

ဖော်ရွေ သဘောကောင်းသော ဦးတင်အောင်ကို ကျွန်မက တုန့်ပြန်နေခိုက် စောစောက အမျိုးသား ကျွန်မတို့နား ရောက်လာသည်။

"ဪ ပျိုးတို့နဲ့ မိတ်ဆက်ပေးရဦးမယ်"

သူ့လက်မောင်းကိုဆွဲ၍ ပွဲထုတ်လာသော ဦးတင်အောင်ကို မကျေနပ်မိသော်လည်း ဦးတင်အောင်၏ ဖော်ရွေလွန်းသောအပြုံးက ကျွန်မ၏မကျေနပ်မှုကို ချေဖျက်စေနိုင်ခဲ့ပါသည်။

"ဒါ ကျွန်တော့် သူငယ်ချင်း ရာဇသူတဲ့၊ သူက အင်ဂျင်နီယာပဲ၊ ပုဂံဘုရား ပြိုပျက်မှုကို ပြုပြင်ဖို့ တာဝန်နဲ့ ရောက်နေရတဲ့ အင်ဂျင်နီယာပါ၊ သူ့ တာဝန်ပြီးလို့ အားလပ်ချိန် ရတိုင်း ကျွန်တော့်ကို အမြဲလာညှဉ်းနေတဲ့လူ"

"ဪ ဟုတ်ကဲ့ပါ ဦးတင်အောင်"

"တွေ့ရတာ ဝမ်းသာပါတယ်ရှင်" ဟု ကျွန်မ မပြောနိုင်ပါ။ သူ့ကို တွေ့ရခြင်းအတွက် ကျွန်မမှ ဝမ်းမသာဘဲ။

"အဲဒါကတော့ ပျိုးပပ၊ အငယ်လေးက မျိုးမမ၊ ကိုယ်က ပျိုးတို့ဘဘ ဦးမျိုးခင်ရဲ့ တပည့်မို့ ဟိုတုန်းကတည်းက သိကြတယ်၊ ပုဂံမြေမှာ ရန်ကုန်သူရန်ကုန်သားတွေ ဆုံကြတုန်း ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင် နေကြရအောင်ပါနော်"

ကျွန်မက အားနာစွာဖြင့် ဦးတင်အောင်ကိုသာကြည့်ပြီး ခေါင်းညိတ်ပြမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မကြည့်သော်လည်း သူ့အသံကိုမူ ကြားလာရပါ၏။

"ပျို့ပပတဲ့လား၊ တွေ့ရတာ ဝမ်းသာလိုက်တာဗျာ"

သူ့အသံက လှိုက်လှိုက်လှဲလှဲ ရှိသည်။ ရွှန်းလက်နေသော သူ့အပြုံးကိုလည်း လျှပ်တစ်ပြက်အတွင်း ကျွန်မ ကြည့်လိုက်မိပါသည်။

သူ့ကို ကလေကချေတစ်ယောက်ဟု ထင်မှတ်မိခဲ့ရာမှ ပုဂံဘုရားများ ပြန်လည်ပြုပြင်ရာတွင် တာဝန်ကျနေသော အင်ဂျင်နီယာ တစ်ယောက်ပါဟု သိလာရသဖြင့်...

အထင်သေးမှုများအစား လေးစားစိတ်များပင် ဝင်ချင်လာမိသလိုလို။

"ကျွန်တော်ကတော့ တာဝန်ပြီးတာနဲ့ ကိုတင်အောင်ကြီးဆီ လာလာ နှောင့်ယှက်နေရတယ်၊ ပျို့ပပတို့ ခေတ္တရောက်လာတုန်း ရင်းနှီးခွင့်လေးများ ရခဲ့ရင်တော့ ကျွန်တော့်အတွက် ဝမ်းအသာရဆုံးအချိန် ဖြစ်မှာပါဗျာ၊ ဒီပုဂံမြေမှာ ကျွန်တော်တစ်ယောက်တည်းမို့ ကြာတော့လည်း ငြီးငွေ့လာမိပြီ"

"ပျို့သာ ကိုရာဇသူလို နေခွင့်ရရင် သိပ်ဝမ်းသာမိမှာပါ"

"ပုဂံကို ချစ်တယ်လား"

"ရှေးအမွေအနှစ် မြန်မာ့အနုပညာ လက်ရာစစ်တွေကို ပျို့အားပါးတရ လေ့လာချင်မိပါတယ်၊ အဲဒီအတွက် အချိန်အများကြီး လိုပါလိမ့်မယ်"

"မှန်တာ ဝန်ခံရရင်တော့ သမိုင်းဆိုတာကို ကျွန်တော် စိတ်မဝင်စားဆုံးပဲ"

"လူတစ်ယောက် ဖြစ်လာရင် လူတွေ ဖြတ်သန်းလာခဲ့ရာ သမိုင်းကြောင်းနဲ့ ယဉ်ကျေးမှုတွေ စီးမျောရာ လမ်းစကို သိသင့်ပါတယ် ကိုရာဇသူ"

သမိုင်းဆိုသည်ကို ထိပါးလာ၍ ကိုယ်သင်ယူခဲ့သော အဓိကဘာသာကို လေးစားစိတ်နှင့် ကျွန်မ ချေပမိသည်။

"တခြား မကြည့်နဲ့၊ ရှင့်နာမည်ကိုပဲ ကြည့်လေ"

"ဗျာ ကျွန်တော့်နာမည် ရာဇသူ"





သူက ယောင်ယမ်း၍ ရောပြောသည်။

"ဟုတ်တယ်၊ သက္ကရာဇ် ၅၂၆ ခုမှာ နန်းတက်တဲ့ နရပတိစည်သူမင်းနဲ့ ဦးဆောက်ပန်းလို့ သမုတ်ခံရတဲ့ မိဖုရားငယ်က ဖွားမြင်တဲ့ သားရဲ့နာမည်ဟာ ရာဇသူတဲ့"

"ဟာဗျာ"

"ရှင့်နာမည် ဝင့်ကြွားနေတာ ခုမှ ဆန်းသစ်တာမဟုတ်ပါဘူး၊ သမိုင်းစာမျက်နှာမှာ မှတ်တမ်းတင်ပြီးသား အမည်ပါ ကိုရာဇသူ"

"ရာဇဝင်ကို ကြေညက်လှချည်လား ပျို့ရယ်၊ ရာဇသူဆိုတဲ့ နာမည်ကို ရှင်ဘုရင့်နာမည်လိုလိုမို့ ကျွန်တော် အမှန်ပဲ ဂုဏ်ယူဝံ့ကြွားခဲ့မိတယ်၊ ခေတ်ဆန်တယ်လို့လည်း ထင်မိပါတယ်၊ ပုဂံခေတ် မင်းတစ်ပါးရဲ့ သား နာမည် ဖြစ်ခဲ့နေမှန်းတော့ အခု ပျို့ ပြောမှပဲ သိရပါတယ်၊ ပျို့ကို ကျေးဇူးတင်လှပါတယ်"

"ကဲ ဖိုးရာဇ၊ ရှင်ဘုရင့်သား လူဝင်စား ပြန်ဖြစ်တယ်လို့ ခင်းကိုယ်မင်း သဘောထားပြီး နေလိုက်ပေါ့ကွာ၊ ဒါပေမယ့် စိတ်ကူးယဉ်ပြီး မိဖုရားတွေ အများကြီးလည်း ကောက်မနေနဲ့ဦး၊ မကျွေးနိုင်လို့ ဝိုင်းအထုခံနေရပါဦးမယ်"

"သမိုင်းကို မလေးစားမိတဲ့အထဲမှာ ရှင်ဘုရင်တွေ မိဖုရားအများကြီးထားတာလည်း ပါတယ်၊ ကျွန်တော် မကြိုက်ဘူး၊ ယောကျ်ားဆိုတာ ရင်ထဲမှာ အသည်းတစ်ရာ မရှိအပ်ဘူးဗျ"

"မောင့်ရင်ထဲ အသည်းတစ်ရာ မရှိပါဘူး"လို့ ကိုရာဇသူသည် ဦးတင်အောင်မှတစ်ဆင့် ကြေညာနေလေပြီ။

"ကဲ ပျို့တို့ ထမင်းသွားစားလိုက်ဦးမယ်နော်"

ကျွန်မ အတွေးဆုံးသည်နှင့် နှုတ်ဆက်စကားဆို၍ သူတို့နားမှ ထလာခဲ့ကြသည်။

သိရိပစ္စယာ၏ ဒင်နာက မခမ်းနားလှသော်လည်း စားချင့်စဖွယ် ဖြစ်အောင် ဖန်တီးထားကြရှာပါသည်။ ကြက်၊ ဝက်နှင့် အမဲကို ဟင်းလဲနှင့် သုံးနေရသည်ဟု သိရပါ၏။ တစ်ခါတစ်ရံ နိုင်ငံခြားသားများ အတွက် အထူးအစီအစဉ်ဖြင့် ပုစွန်၊ ငါးများကို စီမံ ဖန်တီးပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com

သည်ဟု ဆိုပါသည်။

စားဖိုမှူးမှအစ စေတနာထား၍ ထမင်းစားခန်းမှ ဧည့်ဝတ်ပြုသူများ အားလုံး ချိုပြုံးယဉ်ကျေးသော အမူအရာ ရှိခြင်းကြောင့်လည်း သီရိပဗ္ဗယာ၏ အလုပ်ကျက်သရေကို ပိုမို၍ ဖြိုးဝေစေပါ၏။

"မမပျိုး၊ ခုန အင်ဂျင်နီယာကြီးက မမပျိုးကိုပဲ ကြည့်နေတာပဲ"

"ဟင်၊ ငြိမ်ငြိမ် စားစမ်း မျိုး"

မိထွေးတော် ဒေါ်မာလာတင်၏ ရှေ့တွင်မို့ မျိုးကို ပေါင်းချင်း ထိခတ်တွန်းတိုက်၍ ဟန့်တားလိုက်ရပါ၏။ ကျွန်မတို့ ထမင်းစားတိုင်း ဤသုံးယောက်သာ။ ဖေဖေမှာ လမ်း ကောင်းစွာ မလျှောက်နိုင်၍ ထမင်းစားခန်းမသို့ မလာရောက်နိုင်ပါ။ အခန်းသို့တိုင် နံနက်၊ နေ့လယ်ခင်းနှင့် ညနေစာများကို ပို့ဆပ်ဖ်များက ပို့ပေးရလေ့ရှိပါ၏။

"ကဲ သမီးတို့ ညီအစ်မ အေးအေးစားကြ၊ မေမေ သွားနှင့်မယ်၊ ကိုကို့ကို ထမင်းသွားကျွေးလိုက်ဦးမယ်"

ဒေါ်မာလာတင် ထသွားမှပင် ရင်ထဲ၌ ပေါ့သွားသလို ရှိရပါ၏။

"အင်ဂျင်နီယာကြီးက မမပျိုးကိုပဲ ကြည့်နေတာပဲ"ဟူသော မျိုး၏ စကားကို ကျေနပ်နှစ်သိမ့်ခြင်း မဖြစ်မိသော်လည်း ဘယ်နေရာမှ ကြည့်နေပါလိမ့် ဟူသော နှိုးဆော်စိတ်ကလေးများကြောင့် အခန်းပတ်လည်သို့ မျက်လုံးဝင့်၍ ကြည့်မိသည်။

ရွှေဝါရောင် ပန်းချီကားကြီးအောက်မှ ပြုံးပြုံးကြီး ကြည့်နေသော ကိုရာဇသူ။

ကျွန်မက ပြန်ပြုံးရ ကောင်းနိုး၊ 'မျက်နှာလွှဲရ ကောင်းနိုးဖြင့် ရတတ်ရက် မဆုံးဖြတ်နိုင်မီမှာပင် သူက အရင် အကြည့်လွှဲပေးသည်။ သူ့မျက်နှာမှ အပြုံးစများကမူ မပျယ်လွင့်သေး။ သူလည်း ညနေစာ သုံးဆောင်နေဆဲပါပင်။

"မမပျိုး အပြင်မှာ ဓာတ်ပုံဆရာ တွေ့ခဲ့တယ်၊ ရိုက်ရအောင်၊ မြန်မြန်စား"

"မှောင်တော့မယ် မျိုးရဲ့"

"အလင်းရောင် နည်းနည်းနဲ့လည်း ရိုက်လို့ရပါတယ်၊ သွားမေး





ကြည့်တာပေါ့၊ ရ,မရ ဆိုတာ"

မျိုး လောဆော်၍ ခက်ရင်းနှင့် ဇွန်း၊ ဓားများကို စနစ်ကျစွာ ချထားပြီးမှ ထမင်းစားခန်းတွင်းမှ ထွက်ခဲ့ရပါ၏။

မျိုး ရည်ညွှန်းထားသော ဓာတ်ပုံဆရာမှာ ကိုဟန်ထွန်းမြင့်။

"မျိုး နေခဲ့ဦး၊ မမပျိုး အရင် သွားမေးကြည့်ဦးမယ်နော်၊ ခဏ စောင့်နေ"

မျိုးကို ထားရစ်ခဲ့ပြီး သီရိပဗ္ဗယာရှေ့မှ ပွင့်တူရွက်တူပင်လုလုလေး ဘေးရှိ ကိုဟန်ထွန်းမြင့်ဆီသို့ ကျွန်မ အမြန် လျှောက်လာရသည်။

"အကြောင်းထူးလား ပျိုး"

သူက ဘေးဘီ တစ်ချက်ဝေ့ကြည့်ပြီးမှ မေးသည်။

"ဓာတ်ပုံရိုက်လို့ ရဦးမလား"

"မကောင်းတော့ဘူး၊ အလင်း သိပ်မှိန်သွားပြီ ပျိုး၊ ဓာတ်ပုံရိုက်ချင်လို့လား"

"မဟုတ်ပါဘူး၊ မျိုးက ရိုက်ချင်တယ်ဆိုလို့ သူ့ တမင်ထားခဲ့ပြီး လာမေးတာ၊ အကြောင်းထူးတယ်"

"ဘာများလဲ ပျိုး"

"ဦးသော်ကဆိုတဲ့ မိတ္ထီလာက အဝေးပြေးကားပိုင်ရှင် ရောက်လာတယ်၊ ဖေဖေက တောင်းပန်တယ်၊ ဒေါ်မာလာတင်နဲ့ ချဲကြတယ်၊ သူတို့ချင်း လျှို့ဝှက်ပြဿနာ တစ်ခုတော့ ရှိနေကြပြီ"

"ဦးသော်က,က ဦးစိုးနီနဲ့ ပတ်သက်ခဲ့တဲ့သူပဲ"

"ဟုတ်တယ်၊ ဦးဦးရဲ့ ကိစ္စတွေ ဖေဖေတို့ပေါ် ပုံကျလာတာ ဆင်ပါရဲ့"

"ဘာတွေပြောလဲ ပျိုး"

"ဒီမှာ ပြောလို့ မဖြစ်ဘူး ကိုဟန်ထွန်းမြင့်၊ ဟိုမှာ မျိုး ကြည့်နေတယ်"

"ဒါဖြင့် နက်ဖြန် ဓာတ်ပုံရိုက်မယ်ဆိုပြီး ထွက်လာပါလား"

"ဟုတ်ကဲ့ ကောင်းတယ်၊ မနက် ကိုးနာရီလောက် ဘရိတ်ဖတ်စ်



www.burmeseclassic.com

www.burmeseclassic.com

စားပြီးရင် သောင်ပြင်ကစောင့်"

ကိုဟန်ထွန်းမြင့်နှင့် ချိန်းဆိုပြီး ခပ်တည်တည်ပင် မျိုးရှိရာ ပြန်လာခဲ့ရသည်။

"ဘယ့်နှယ်တဲ့လဲ မမျိုး"

မျိုးက မျှော်လင့်ခြင်းကြီးစွာဖြင့် မေးရာသည်။

"နက်ဖြန်မနက် ကိုးနာရီမှာ ချိန်းခဲ့တယ်"

❖ ❖ ❖

## အခန်း[၅]

ကိုမင်းထိုက် ရောက်ရှိလာခြင်းကို စိတ်၌ အနှောင့်အယှက် မဖြစ်မိပါ။

မြန်မာ့သမိုင်းအထောက်အထားများနှင့် ရာဇဝင်၊ မူရင်းကမ္ဘာ အမြင်ပါရှိသော ပန်းချီကားများအကြောင်း၊ ဂီတ၏ ဆင်းသက်လာရာ လမ်းကြောင်းနှင့် သင်္ကေတများ စသော အကြောင်းခြင်းရာတို့ကို ဝေဝေဆာဆာဖြင့် တစ်ဖက်လူ စိတ်ပါဝင်စားအောင် ပြောကြားတတ် လေသော ကိုမင်းထိုက်။

"မျိုးတို့ ညီအစ်မ ညနေစာ စားသုံးပြီးကြပြီလား"

သည်သို့သော ပဋိသန္ဓာရ စကားများဖြင့် ယဉ်ကျေးစွာ အစ ချီသည်။ တွေ့စက ပုံက ခပ်ရင့်ရင့်၊ သည်သို့ ယဉ်ကျေးသော





အပြုအမူများ ရှိသူ ဖြစ်ပေလိမ့်မည်ဟု မတွေးအပ်သောသူ။

"မျိုး မာမီဆီ သွားလိုက်ဦးမယ်"

"ဟဲ့၊ နေဦးလေ"

ကိုမင်းထိုက် ရောက်လာသည်နှင့် သွားရန်ဟန်ပြင်နေသော မျိုးကို ကျွန်မက တားမြစ်ရသည်။

"ဟင် ပြောကြဦးမယ်၊ ရာဇဝင်တွေ၊ နိပါတ်တော်တွေ၊ မဟာ ဂီတတွေ၊ မျိုး ပျင်းတယ်"

မျိုးက တား၍ မရတော့။ ဖိနပ်ကလေး စီးတဲ့ပြီး ပြေးဆင်း သွားတော့သည်။

"ကျွန်တော် ပြောချင်တဲ့၊ ပျိုး နားထောင်ချင်ပါတယ် ဆိုတဲ့ အကြောင်းအရာတွေကို မျိုးတို့လို အရွယ်လေးတွေ မကြိုက်တတ်ကြ ဘူး၊ သူ လွတ်လပ်ပါစေလား ပျိုး"

ကိုမင်းထိုက် အနေဖြင့် မျိုး ထွက်ခွာသွားသည်ကို နှစ်ခြိုက်နေ သလားပင်။

ကျွန်မကမူ ‌ေ-င်ရီဖျိုးဖျ အချိန်တွင် လေသာဆောင် မျက်နှာစာ ညှော့ခန်း၌ အမျိုးသားတစ်ယောက်နှင့် အတူထိုင်၍ စကားပြောနေ ရသည့်အဖြစ်ကို မလုံမလဲနှင့် မရှုံ့မရဲရှိသည်။

"ဒီ ပုဂံမြို့ရဲ့ အမည်ပေါင်း ဆယ့်ငါးမည်ထဲက အလှဆုံး နာမည်လေးကို ရွေးပြီး မှည့်ထားတတ်တယ်နော်၊ သီရိပစ္စယာဟာ အမှတ်-၇ အမည်ပဲ၊ နောက်ဆုံးအမှတ်-၁၅ က ပုဂံ"

ကျွန်မ၏ စိတ်လှုပ်ရှားမှုကို ဖုံးကွယ်စိမ့်သောငှာ ပညာပေး စကားများ စတင် ပြောကြားတော့သည်။ ကိုမင်းထိုက်ကပင်...

"ပျိုးလည်း သိမှာပေါ့၊ ပုဂံမင်းဆက် ၅၅ ဆက် ရှိတဲ့အနက် ခုနစ်ဆက်မြောက် သက္ကရာဇ် ၂၉၃ ခုမှာ နန်းတက်တဲ့ သေလည်ကြောင် မင်းလက်ထက်မှာ လောကနန္ဒာအရပ်မှာ သီရိပစ္စယာဆိုတဲ့အမည်နဲ့ မြို့သစ် တည်ခဲ့တယ် ဆိုတာလေ"

"ဟုတ်ကဲ့ သိပါတယ်၊ ပုဂံဆိုတာကိုတော့ ၅၂ ဆက်မြောက် နရသီဟပတေ့မင်း လက်ထက်ကျမှ တွင်၏လို့ ဦးကုလားရာဇဝင်မှာ


www.burmeseclassic.com

www.burmeseclassic.com



တွေ့ရပါတယ်"

ရာဇဝင်ကြောင့်နှင့် အစချီနေကြ၍ စကားဝိုင်းက လေးနေသည်။

ကျွန်မကိုယ်တိုင်ပင် ရာဇဝင် အဓိကဖြင့် ဘွဲ့ရခဲ့သော်လည်း၊ သမိုင်းအကြောင်းကို စိတ်ဝင်စားခဲ့သော်လည်း ယခုအချိန်၌ ပြန်၍ နှူးမနေချင်။ မနေ့က ဦးသော်က ရောက်လာသည့်အကြောင်းအရာနှင့် ပတ်သက်ပြီး ကျွန်မ၏စိတ်တွင် လေးလံ မှိုင်းဝေနေမိဆဲ ရှိပါသေးသည်။

"အခုပဲဖြစ်ဖြစ်၊ နောင်တစ်ချိန်ကျရင်ဖြစ်ဖြစ်၊ ကျွန်တော်တောင် ပျိုးဆီက တစ်ခု တောင်းခံရဦးမယ်"

"ရှင်၊ ဘာများပါလိမ့်"

"ပျိုးကို ပုံတူဆွဲချင်လို့ပါ၊ ခွင့်ပြုပါလို့"

"ပျိုးရော ကိုမင်းထိုက်ပါ ဧည့်သည်တွေပဲရှင်၊ မကြာခင် ခွဲခွာသွားကြရမယ့် လူတွေပါ၊ မိုဒယ်လ်ထားဆွဲတယ်ဆိုတာ အချိန် အကြာကြီး ပေးရတယ်ဆို"

"အဲဒါကြောင့် အခုဖြစ်ဖြစ်၊ နောင်တစ်ချိန်ကျရင်ဖြစ်ဖြစ်လို့ ကြိုတင်ပြီး ပြောထားရတာပေါ့"

"ထပ်ပြီး ဆုံဖို့ဆိုတာကလည်း လွယ်မယ် မထင်ပါဘူးလေ၊ ဒါကြောင့် ခုတည်းက ကတိပေးမထားပါရစေနဲ့ဦး"

"ဟုတ်ပါပြီ၊ ပျိုးအနေနဲ့ ကျွန်တော့်ရဲ့ တောင်းခံမှုကို သိပ်ပြီး အလေးအနက် မထားပါနဲ့လေ၊ ဒါနဲ့ ပျိုးတို့ ဘယ်တော့လောက် ပြန်ကြမလဲ"

"မသိသေးပါဘူး"

"ပြီးရင် ခရီးဆက်ကြဦးမှာလား၊ ရန်ကုန်ပဲ တိုက်ရိုက်ပြန်ကြမှာ လား၊ သြော် ဒီလိုပါ၊ ပုဂံကနေ မန္တလေး ဘက် ဆက်မယ်ဆိုရင် ကျွန်တော် ဖိတ်ကြားချင်လို့ပါ"

"ဒီလောက်နဲ့ပဲ ကျေးဇူးတင်လှပါပြီ ကိုမင်းထိုက်၊ ပျိုးရဲ့မိတ်ဆွေ အိမ်မှာ သူတို့ လိုက်တည်းခိုကြမှာ မဟုတ်ပါဘူး၊ ပျိုးသာပဲ သူတို့ ခေါ်ရာနောက် လိုက်ရမှာပါ"

"သူတို့ဆိုတာက"





"ဖေဖေတို့ပါ"

"ဟင် ပျိုး ပြောပုံက မိသားစုပေါ်မှာ စိမ်းများနေသလားလို့"

"ဟုတ်ပါတယ် ကိုမင်းထိုက်၊ မိသားစုဝိုင်းမှာ ပျိုးဟာ ဘေးကို ရောက်နေရသူပါ"

"ပျိုးက သမီးအရင်း မဟုတ်လို့လားဗျာ"

"ဖေဖေ့ရဲ့ သမီးအရင်း ဟုတ်ပါတယ်"

"သြော် ဟုတ်ပြီ၊ ပျိုး ပြောဖူးသားပဲ၊ ဒေါ်မာလာတင်က မိထွေးပေါ့နော်"

"ကိုမင်းထိုက်က ဒေါ်မာလာတင်ရဲ့ နာမည်ကိုတောင် သိနေပါလား"

"သြော် ဟို...အဟဲ... ဘာရယ် မဟုတ်ပါဘူးဗျာ၊ ပျိုးကို ခင်နေမိတော့ ပျိုးရဲ့ မိသားစုဝိုင်းကိုပါ သိရအောင် မေးကြည့်ထားမိလို့ပါ"

ကိုမင်းထိုက်က မလုံမလဲပြုံးရင်း ဖြေသည်။

"အင်း ပျိုးအနေနဲ့ကတော့ မိထွေးသြဇာထက်နေတဲ့ အိမ်ထောင်စု တစ်ခုမှာ အဖေပါ သမီးမို့ ထားရာနေ စေရာသွားပေါ့လေ၊ အခုလည်း ဘယ်အချိန် ထပြန်ကြမယ်ဆိုတာ မသိရပါဘူး၊ ဒီလာတုန်းကလည်း ဖြုန်းစားကြီး"

"စပ်စုတယ် မထင်ရင် မေးချင်တယ် ပျိုး"

"ဘာမေးချင်တာလဲ"

"သြော် ပျိုးတို့ မိသားစုအကြောင်းထဲက အကြောင်းပါ"

"ရှင်"

"ပျိုးမှာ တစ်ခုခု အခက်အခဲ ရှိနေသလိုပဲ၊ ကျွန်တော် ဘာတတ်နိုင်တာရှိရင် ကူညီပါရစေလို့ ရင်ထဲက စေတနာနဲ့ ပြောပါရစေလား ပျိုးရယ်"

မိသားစုဝိုင်းတွင်းသို့ ဝင်ခွင့်မရခဲ့သော ကျွန်မမှာ ထားရလို အားငယ်စိတ် လွှမ်းမိုးခြင်း ခံနေရသူပါ။

ယခုတလောတွင် ပို၍ ဆိုးသည်။ ဖေဖေ မကျန်းမာ၍ မိခင်



www.burmeseclassic.com

www.burmeseclassic.com



နေရာရော၊ ဖခင်နေရာကပါ နေပေးရှာသော ဖေဖေနှင့်ပင် ခွေးခွေးနွေးနွေး စကားပြောခွင့် မရတော့။ ဖေဖေ ကိုယ်တိုင်က ကျန်းမာရေးဖိစီးသည်က တစ်ကြောင်း၊ ဦးဦး ဦးစိုးနီ၏ အရှုပ်အထွေးများဖေဖေ့ထံသို့ ဦးတည် ရစ်ပတ်လာနေသည်က တစ်ကြောင်းမို့ ဖေဖေစိတ်အညစ်ကြီးညစ်နေကြောင်း ကျွန်မ သိပါသည်။ ယခု ရောက်ရှိလာခြင်းသည်ပင် ပန်းလျှိုးနေသော သဘောမျိုး သက်ရောက်ကောင်းသက်ရောက်ပါလိမ့်မည်။

ယခုကဲ့သို့ ကျွန်မ၏ အကျပ်အတည်း အချိန်အတွင်း၌ ကူညီပေးမ,ပါမည်ဟု ပြောကြားလေသူ ကိုမင်းထိုက်ကို ကျွန်မ ကျေးဇူးတင်၍ မဆုံးမိ။

"ကိုမင်းထိုက် ပျိုးအတွက် စေတနာ ထားတယ်ဆိုလို့ ပျိုးကျေးဇူးတင်ပါတယ်၊ ပျိုးအနေနဲ့လည်း အခုအချိန်မှာ အနည်းဆုံးစကားပြောဖော်လေး ဖြစ်ဖြစ် ရနေသင့်တဲ့ အထီးကျန် အချိန်မျိုးပါ၊ ဒီထက်တစ်ဆင့်တက်ပြီး ပျိုးရဲ့ ကိစ္စတွေ၊ ပြဿနာတွေကိုပါ ကူညီပေးမယ်ဆိုတဲ့ မိတ်ဆွေတစ်ယောက် ရလာတဲ့ အတွက်တော့ အတိုင်းထက်အလွန် ဝမ်းသာ အားတက်မိတာ အမှန်ပါပဲ၊ ကိုမင်းထိုက်၊ ဒါပေမယ့်…"

"ကျွန်တော့် ဆန္ဒကတော့ အားတက်မိတာ အမှန်ပါပဲ ဆိုတဲ့နေရာမှာပဲ ရပ်စေချင်တယ်၊ ဘာများ ဆက်ဦးမှာလဲ ပျိုး"

"ဆက်ရဦးမယ် ကိုမင်းထိုက်၊ ပျိုးဟာ လူကြောက်တယ်လို့ခေါ်ရမလားပဲ၊ အေးအေးလေး နေတတ်တယ်၊ ဒါပေမယ့် ပြတ်ပြတ်သားသားမှ ကြိုက်တယ်၊ ဒါကြောင့် ပြောပါရစေ၊ ကိုမင်းထိုက်ရဲ့စေတနာမှာ ဘာမျှော်လင့်ချက်မှ မပါဘူးဆိုရင်တော့ ပျိုး ကိုမင်းထိုက်ရဲ့ စေတနာကို ခံယူပါရစေရှင်"

ကိုမင်းထိုက် ငြိမ်သွားသည်။ တွေဝေ ငေးငိုင်သော မျက်ဝန်းများဖြင့် ကျွန်မကို ငြိမ်ကြည့်နေပါ၏။

ကျွန်မ၏ အပြောကို မနှစ်မြို့က်လျှင်လည်း ရှိပါစေရေတော့။ ကြိုတင်၍ဖြင့် ဘောင်လေးစည်းလေး တားထားရပါဦးမည်။





ကျွန်မ ကိုမင်းထိုက်ကို ခင်မင်မိပါသည်။ ကိုဟန်ထွန်းမြင့်၏စေခိုင်းချက်ကြောင့် အလုပ်သဘော ဝင်၍ ရောနှောနေခြင်း မဟုတ်ပါ။ သူ၏ အနုပညာစွမ်းရည်၊ သူ၏ ဗဟုသုတကြွယ်ဝမှုနှင့် ခင်မင်နှစ်လိုဖွယ်ရာ စကားများဖြင့် တစ်ဖက်သား၏ အလိုက်ကို သိနိုင်စွမ်းသောသူမို့ကျွန်မမှာ သူ့ကို မိတ်ဆွေစစ်တစ်ယောက်လို ခင်မင်ရင်းနှီးချင်သည့်စိတ်ဆန္ဒ ရှိမိသည်။

သည့်ထက်ပို၍ ကျွန်မထံမှ ဘာမျှမမျှော်လင့်စေချင်ပါ။ ကျွန်မတို့၏ ခင်မင်မှုကို သန့်စင်စွာဖြင့်ပင် ခိုင်မြဲစေချင်လှပါသည်။

သူ့ဘက်ကလည်း သည်သို့ပင် သဘောထားမိပါရဲ့လား မသိ။ ကျွန်မ၏ တောင်းဆိုချက်ကြောင့် သူ မျက်နှာပျက်သွားသည်ကဖြင့်အမှန်ပါပင်။ သူ၏ ခင်မင်မှုနှင့် အကျင့်သိက္ခာများကို ကျွန်မ၏စကားက ထိပါးသွားလေသလား မသိ။ မတတ်နိုင်။

"ပျိုး"

"ဟုတ်ကဲ့"

"ကျွန်တော့်ရဲ့ ခင်မင်မှုကို ပျိုး ဖြစ်စေချင်သလို ပုံစံမျိုးနဲ့ဖြစ်ရပါစေမယ်လို့ ကျွန်တော် ကတိပေးပါတယ် ပျိုး"

"ဝမ်းသာပါတယ် ကိုမင်းထိုက်၊ ကျေးဇူးတင်ပါတယ်ရှင်၊ ကိုမင်းထိုက်ကို ရင်းနှီးခင်မင်လိုစိတ် ပျိုးမှာ ရှိပါတယ်လို့လည်း ဝန်ခံပါရစေ"

"ကျွန်တော် ဝမ်းသာပါတယ် ပျိုး၊ ဒီနေ့ကစပြီး ပျိုးနဲ့ကျွန်တော့်ကြားမှာ သံသယစိတ်တွေ မထားကြတော့ဘဲ ပွင့်ပွင့်လင်းလင်း ဆက်ဆံကြပါစို့နော်၊ ကျွန်တော်ဘက်မှာ ဘာမှ ကွယ်ဝှက်ခြင်းမရှိသလို ပျိုးဘက်ကလည်း ချန်လှပ်ထားတာမျိုး မရှိဘဲ ကျွန်တော့်ကို ပြောကြားပြီး အကူအညီတောင်းပါလို့ ကျွန်တော် ပြောပါရစေ"

ထိုညက မျိုးကလည်း တော်တော်နှင့် ပြန်မလာ၊ မျိုးလာမှသူပြန်ပါရစေ၊ ပျိုးတစ်ယောက်တည်း ဖြစ်နေပါမည်ဆိုသော အကြောင်းပြချက်ဖြင့် အပြင်ဧည့်ခန်း၏ မီးရောင်အောက်တွင် ကျွန်မနှင့် ကိုမင်းထိုက်တို့ ကြာမြင့်စွာ စကားထိုင်၍ ပြောနေမိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဪ ပျို ကို ပြရဦးမယ်၊ ဟောဒါ ကျွန်တော့် အမျိုးသမီး ဖြစ်မယ့် အမျိုးသမီးပဲ ဆိုပါတော့၊ အမေတို့က သဘောတူတယ်၊ ပညာရေးတက္ကသိုလ် ကျောင်းဆင်းပြီး မန္တလေး အထက–၁၁ မှာ ဆရာမ လုပ်နေပါတယ်၊ ယဉ်မြမေတဲ့၊ ကျွန်တော်နဲ့သူက ရည်းစား တော့ မဟုတ်ဘူး၊ ဒါပေမယ့် လက်ထပ်ပြီးရင်လည်း မေတ္တာတုံ့လှယ်မှု ရှိသွားကြမှာ ထင်ပါရဲ့"

ပါးနပ်လိုက်သည့် ကိုမင်းထိုက်။

ကျွန်မတို့ အမျိုးသမီးပိုင်းတွင် မကြာခဏ ကြုံရသော ပြဿနာ တစ်ရပ် ရှိပါသည်။ ကိုယ့်ဘက်က ရောင်းရင်းစိတ်ဖြင့် ခင်မင်စွာ ဆက်ဆံမိသည်နှင့် တစ်လှမ်းတိုး၍ တစ်ဆင့်တက်တတ်ကြသည်။

သည်သို့ မဖြစ်စေလိုပါ၍ ကြိုတင် စည်းတားထားမိသည့် သဘောကို သူ နားလည်သည်။ သူ့တွင် တစ်နေ့သ၌ လက်ထပ်ရန် ရည်ရွယ်ပြီးသား အမျိုးသမီးတစ်ဦး ရှိနေပါကြောင်း သက်သေပြသည်။ ဘွဲ့ဝတ်စုံနှင့် ချစ်စဖွယ် အမျိုးသမီး၏ပုံကို ပြ၍ သက်သေထူသည်။

ယင်းအချက်ဖြင့်ပင် ကျွန်မမှာ ကိုမင်းထိုက်ကို စိတ်ချစွာ ခင်မင်မိပါပြီ။

"ကဲ ကျွန်တော့် အကြောင်းကတော့ ပြောပြီးပြီ၊ ကျွန်တော် လျှောက်ခဲ့တဲ့လမ်းမှာ အကွေ့အဝိုက် မများခဲ့တော့ ပြောရတာ လွယ် လွယ်နဲ့ ပြီးပါတယ် ပျို၊ ကျွန်တော်ဟာ ဘယ်သူ့သား၊ ဘယ်အရပ် မှာနေတယ်၊ မန္တလေး ဝိဇ္ဇာ–သိပ္ပံ တက္ကသိုလ်က ဘွဲ့ရပြီးခဲ့ပြီးသူ၊ အချိန်အားရနေခိုက် ပုဂံမှာ လေ့လာရင်း ပန်းချီဆွဲနေပါတယ် ဆို တာတွေဟာ ကျွန်တော့်ဘဝ ဇာတ်ကြောင်း အပြည့်အစုံပါပဲ ပျို"

"ကိုမင်းထိုက်တို့က ချမ်းသာတဲ့ မျိုးရိုးက ဆင်းသက်လာတော့ ဘာမှကို မပူပင် မကြောင့်ကြဘဲ တောင့်တတိုင်း ပြည့်နေတဲ့ဘဝမို့ အားကျစရာပါလားရှင်၊ ပျိုးတို့မှာတော့"

"ပျိုးတို့မှာတော့ ဘာဖြစ်သလဲ၊ ဆက်ပါဦး ပျိုးရယ်"

"ပျိုးတို့မှာတော့..."

❖ ❖ ❖





## အခန်း[၆]

"ငါ့မြေးရဲ့အဖေဘက်က မျိုးရိုးမကောင်းဘူး၊ ငါ့မြေးရဲ့ ဦးလေး ကို အမြဲ သတိထားနေနော်၊ ကြားလား မျိုး"

"ဖေဖေကတော့ ကောင်းပါတယ် ဘွားဘွားရယ်"

"အင်း သူတစ်ယောက် ကောင်းလို့သာ ဘွားဘွားတို့ကလည်း ကြည့်မနေဘဲ လိုအပ်သမျှ ကူညီနေတာပေါ့ကွယ်"

ကျွန်မ မိခင် ဒေါ်နုအေးမှာ အဘွား၏ တစ်ဦးတည်းသော သမီး။ အဘွားက မိတ္ထီလာမြို့ရှိ နာမည်ကြီးသူဌေးများစာရင်းဝင်။ ဝမ်းတွင်းမြို့၌ ရက်ကန်းစင် များစွာ ပိုင်ဆိုင်ခဲ့သူ ဒေါ်နန်းအိမ်။

ကျွန်မ ဖေဖေဘက်မှ မျိုးရိုးက နိမ့်ကျသည်။ ချမ်းသာသူမရှိ။ အမြင့်ဆုံး ဌာနခွဲစာရေး အဆင့်လောက် ရှိသည်။ သည်အထဲ ဆိုး သွမ်းသူ၊ အကျင့်စာရိတ္တ ယိုယွင်းသူများလည်း ပါသေးသည်။ ဦးဦး ဦးစိုးနီဆိုလျှင် ထောင် နှစ်ခေါက် ပြန်။

တစ်မျိုးလုံးတွင် ဖေဖေ တစ်ယောက်သာ စံထားရလောက်အောင် ရိုးသားသူ၊ ကျိုးနွံသူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ အလုပ်ကြိုးစားသူ အဖြစ် စံချိန်တင်ခြင်း ခံခဲ့ရသည်။

ပထမ ဘွားဘွားတို့ဘက်မှ ဖေဖေနှင့် လုံးဝ သဘောတူ။ ခွန့်ပစ်ထားရာမှ ဖေဖေ၏ ရိုးသားမှု၊ ကြိုးစားမှု၊ သဘောဖြူစင်မှု များကြောင့် ဘွားဘွား ဒေါ်နန်းအိမ်က စီးပွားရေးကို တည်ထောင်ပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်ဟု ကျွန်မ ပြန်သိရပါသည်။

ကံနည်းလိုက်သည့် ကျွန်မ မေမေက အစောကြီး ခွဲခွာသွားခဲ့သည်။ ကျွန်မ ငါးနှစ်သမီးလောက်ကတည်းက။

နောက် သုံးနှစ်အကြာ ဖေဖေ နောက်အိမ်ထောင်ပြုသော်လည်း ဘွားဘွားတို့နှင့် အဆက်အသွယ်မပြတ်ခဲ့။ ကျောင်းပိတ်လေတိုင်း ကျွန်မ မိတ္ထီလာသို့ လာရောက် နေထိုင်တတ်သည်။ ဖေဖေက စိတ်မချတတ်။

ယခု ဖေဖေတို့ ကားမှောက်ခြင်းအရေးအခင်းလေး မဖြစ်မီမှာပင် ကျွန်မ မိတ္ထီလာသို့ တစ်ခေါက်ရောက်လာရာမှ ဘွားဘွားနှင့် စကားလက်ဆုံကျနေခြင်း ဖြစ်ပါ၏။ ဘွားဘွား၏စကားနောက်တွင် ကျွန်မက မတုန့်ပြန်ပါဘဲနှင့် တွေတွေလေး ငေး၍တွေးနေဆဲ။

"ငါ့မြေးကို ဘွားဘွား ပြောစရာရှိလို့၊ ဒီနှစ် ဆက်ဆက်လာဖြစ်အောင်လာပါလို့ လူကြုံနဲ့ မှာရတာ"

"သမီးကလည်း လာမလို့ပါပဲ ဘွားဘွားရဲ့၊ ဒီနောက်ဆုံးနှစ်စာမေးပွဲပြီးပြီ၊ ဘွားဘွားဆီမှာ အကြာကြီး နေလို့ရပါပြီ"

"အမယ်လေး သမီး ဖေဖေက သမီးကို ငုံထားမတတ် ချစ်တာ၊ ဘွားဘွားဆီမှာ အကြာကြီး မထားပါဘူးလေ"

မှန်ပါသည်။ ဖေဖေ နောက်အိမ်ထောင်ပြုသည့်တိုင် ကျွန်မကို ချစ်မြတ်နိုးဆဲပါ။ ကျွန်မကို အကြာကြီး မခွဲနိုင်။ ဘွားဘွားတို့ထံမှ အမြန်ပြန်လာပါရန် သွားခါနီးတိုင်း ကျွန်မကို တတွတ်တွတ် မှာတတ်သော ဖေဖေပါ။

"ဘွားဘွားက သမီးကို ပြောစရာရှိတယ် ဟုတ်လား၊ ဘာများလဲ ဘွားဘွားရဲ့"

"သမီး ကျောင်းဆက်တက်ဦးမှာလား"

"တက်လို့မရဘူး ဘွားဘွားရဲ့၊ ကွာလီဖိုင်း မဖြစ်...အဲ မဟာဝိဇ္ဇာ တက်ဖို့ အဆင့်မမီဘူး၊ ပြီးပြီ၊ ကျောင်းထွက်ရပြီ၊ အလုပ်ရှာဖို့ပဲ ရှိတယ်"

"အလုပ် လုပ်မနေပါနဲ့၊ မိန်းကလေးပဲ"





"ဟာ ဘွားဘွားကလည်း အလကား မနေချင်ပါဘူး"

"အလကား မနေရပါဘူး၊ အိမ်ထောင်ထိန်းသိမ်းပေါ့"

"ဟင်"

"ဟုတ်တယ်၊ သမီးကို ဘွားဘွား ယောက်ျားပေးစားချင်တယ်၊ မန္တလေးက သူဌေးသားတစ်ယောက်နဲ့၊ ဘွဲ့ကလည်း ရပြီးသား၊ မျိုးရိုးလည်း ကောင်းတယ်၊ ဦးရိုးမောင်ရဲ့ သားမို့ အကျင့်စာရိတ္တကလည်း စိတ်ချရပြီးသား"

"ဟာ ဒုက္ခပါပဲ ဘွားဘွားကလည်း၊ သမီး ယောက်ျား မယူချင်သေးပါဘူး"

ကျွန်မက ရယ်ရယ်မောမောဖြင့် ပေါ့ပေါ့တန်တန် ပြောသော်လည်း ဘွားဘွားက လိုက်၍ မပြုံး၊ တည်ငြိမ်သော မျက်နှာထားဖြင့်ပင် စကားဆက်သည်။

"ဒီမှာ ငါ့မြေး၊ သမီး မနုအေးသာရှိရင် ဒီလို အသက်နှစ်ဆယ်ကျော်အရွယ်လေးကို ဘွားဘွား ယောက်ျား မပေးစားပါဘူး၊ အခုတော့ ပညာလည်း စုံနေပြီ၊ နေရတာက မိထွေးနဲ့၊ ပြီးတော့ အရေးကြီးတဲ့ အချက်တစ်ခု ရှိသေးတယ်"

"ဘာများလဲ ဘွားဘွားရဲ့"

"သမီး အဘိုး ရှိကတည်းက အဘွားတို့ လင်မယား တပင်တပန်း ရှာဖွေစုဆောင်းလာခဲ့တဲ့ ပစ္စည်းတွေဟာ တစ်နေ့ကျရင် ငါ့သားလေးနဲ့ ငါ့သမီးလေး စံစားပါစေဆိုတဲ့ မိဘတို့ရဲ့ ကြီးမားသော စေတနာနဲ့ ရှာဖွေလာခဲ့ကြတာ ငါ့မြေး သိတဲ့ မြင်တဲ့အတိုင်း ဘွားဘွားတို့မှာ ဥစ္စာပစ္စည်း စုဆောင်းမိခဲ့ကြပြီ"

ဘွားဘွားရော ဘိုးဘိုးပါ မိတ္ထီလာမြို့အပိုင် ဝမ်းတွင်းမြို့ဇာတိဖြစ်ကြသည်။ ဘွားဘွား ငယ်စဉ်က ရက်ကန်းရက်သည့် အလုပ်သမလေး ဖြစ်သည်။ ဘိုးဘိုးနှင့် အိမ်ထောင်ကျပြီးမှ စီးပွား အသင့်အတင့် ရှိသော၊ အကြံအဖန်ကောင်းသော ဘိုးဘိုး၏ လုပ်အားဖြင့် ရက်ကန်းစင်များ တည်ထောင်ရာမှ တစ်စစ ကြီးပွားလာခဲ့ခြင်း ဖြစ်ကြောင်း ကျွန်မ ကြားသိပြီးပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

မေမေ ဒေါ်နုအေးတွင် အစ်ကိုရင် တစ်ယောက် ရှိသည်။ ဘဘ ဦးမျိုးခင်၊ ငယ်နာမည် ဘွားဘွားတို့ အခေါ် မောင်ထွန်းသည် ဌာနတစ်ခုမှ လက်ထောက်ညွှန်ကြားရေးမှူး ဖြစ်ပြီး ဇနီးရှိသော်လည်း သားသမီး မထွန်းကားရှာ။

ဘွားဘွားတို့တွင် အတွင်းအပြင် ပစ္စည်း ဆယ်သိန်းထက်မနည်း ချမ်းသာသည်ဟု ဘဘ ဦးမျိုးခင် ပြောဖူးသည်။ ယင်းပစ္စည်းခန်းကို ရည်ညွှန်း၍ ဘွားဘွား စကားပြောနေခြင်း ဖြစ်ပါ၏။

"သွားလေသူ ငါ့မြေးများ အဘိုး ကိုရင်မှန်အတွက်လည်း ဘွားဘွား ကျောင်းဆောက်၊ ရဟန်းခံကအစ လှူဒါန်းပြီးပြီ၊ ဘွားဘွားလည်း အသက်ကြီးပြီ၊ ဒီတော့ ရှိတဲ့ ပစ္စည်းလေးထဲက ဘွားဘွားရဲ့ နာစရိတ်၊ သေစရိတ်လေး ထားပြီးရင် ငါ့မြေးနဲ့ ငါ့သားကြီးကို ခွဲပေးဖို့ ဘွားဘွား ရည်ရွယ်ပြီးပါပြီ"

"အမွေလိုချင်လို့ ဘွားဘွားဆီ လာတာ မဟုတ်ပါဘူးနော်"

"ငါ့မြေးများလို လုချင်ပချင်တဲ့အရွယ်၊ စီးပွားရေးနယ် မဝင်နိုင်သေးတဲ့ အရွယ်မှာ ဒီလိုပဲ ပစ္စည်းဥစ္စာကို တပ်မက်ရကောင်းမှန်း မသိသေးဘူး၊ ဒါပေမယ့် အိမ်ထောင်ထူထောင်ပြီးတဲ့အခါကျတော့ စီးပွားရေးလမ်းကြောင်းကောင်းဖို့ အလိုအပ်ဆုံးဆိုတာ ငါ့မြေး သိလာလိမ့်မယ်"

"ဟာ ဘွားဘွားက သမီးကို စေတနာရှိတာဆိုရင် သမီးကိုပဲ ပေးပေါ့လို့၊ ဘယ့်နဲ့ ယောကျ်ားယူမှ ပေးရမှာလဲ"

"ဩော် ငါ့မြေး မသိသေးဘူး၊ ဘာမှ နားမလည်သေးပါလားကွယ်၊ အခုနေ ငါ့မြေးကို ဘွားဘွား အမွေခွဲပေးလိုက်ရင် မာလာတင် စံစားဖို့ ဖြစ်သွားမှာပေါ့၊ မထိန်းသိမ်းတတ်သေးတော့ မောင်စိုးဖြူကပဲ ထိန်းထားရမယ်၊ ဒါဆိုရင် မာလာတင်လက်ထဲ ရောက်ဖို့ တစ်ဝက် မသေချာဘူးလား"

"ဟုတ်ပေသားပဲ"

ဟု ယခုမှ ကျွန်မ တွေးမိလာသည်။

"ဒါကြောင့် ငါ့မြေးမှာ အိုးနဲ့အိမ်နဲ့၊ လင်နဲ့သားနဲ့ ဖြစ်လာမှ





ငါ့မြေးအတွက် သီးသန့်ပေးချင်တာကတစ်ကြောင်း၊ ငါ့မြေးအနေနဲ့ အိမ်ထောင်ပြုသင့်တဲ့ အခြေအနေလည်း ရောက်နေပြီ၊ အမိမဲ့သမီးလေးမို့ ဘွားဘွားမှာ ဝတ္တရားလည်း ရှိတယ်ကွယ်၊ ဘွားဘွား သဘောတူတဲ့လူနဲ့ ကြည်ဖြူနိုင်အောင် ငါ့မြေး ကြိုးစားစမ်းပါ၊ ဘွားဘွားကို အကြောင်းပြန် အဖြေပေးပါ"

ဘွားဘွားက သူ့သတို့သားနှင့်လည်း ဆုံပေးပါမည်၊ သမီးကိုယ်တိုင် ကြည့်ရှုဝေဖန်ပါဟူသော အခွင့်အရေးလေးများနှင့်အတူ ကျွန်မကို အစစ နားချခဲ့သော အဘွားထံမှ အပြန်တွင်...

ဖေဖေ ကားမှောက်ရခြင်းသတင်းကို ကြားသိခဲ့ရခြင်းပါ။

ဘွားဘွားနှင့် ဘာမှ မပြတ်သားခဲ့ကြသေး။ ဘွားဘွား လိုချင်သည့် အဖြေကို စဉ်းစားရန်ပင် အချိန်မရ။ ဖြုန်းစားကြီး ခရီးထွက်လာပြီး ဤ သိရိပစ္စယာသို့ ရောက်လာခဲ့ကြခြင်း ဖြစ်ပါ၏။

ဘဝအစပိုင်းမှ ကျွန်မ၏ အကြောင်းက ရိုးရိုးစင်းစင်းဖြင့် ရှည်ဝေးခြင်း မရှိလှသော်လည်း ကျွန်မဖေဖေ၏ အကြောင်းအရာ၊ ကျွန်မဦးဦး၏ ရာဇဝင်ကမူ ရှည်လျားလှပါ၏။

တစ်ညဦးပိုင်းတွင် ကျွန်မတို့နေထိုင်ရာ ရန်ကုန်မြို့ ပြည်လမ်း ၇ မိုင်ခွဲ၏ လမ်းသွယ်တွင်းရှိ ခြံတံခါးကို ဦးဦး လာခေါက်သည်။

"ဦးဦး ဖေဖေရေ၊ မိုးတွေကလည်း ရွာလို့"

"ခက်တာပဲ ဒီကောင် လာရင် ဒုက္ခတစ်ခုခုတော့ လက်ဆောင်ပါလာစမြဲပဲ"

"အို ကိုကိုကလည်း သူ ဘာပဲဖြစ်လာဖြစ်လာ လက်ခံရမှာပေါ့၊ ညီအစ်ကိုအရင်းအချာပဲဟာ၊ ပျိုး သွားဖွင့်ပေးလိုက်ကွယ်"

မိုးလေထဲတွင် ထီးတစ်ချောင်းကိုကိုင်ပြီး ကျွန်မ အိမ်အပြင်သို့ ထွက်ရသည်။ ဦးဦးကို ကြိုဆိုရန် ခြံတံခါး ဖွင့်လိုက်ရပါ၏။

ဦးဦး ဦးစိုးနီမှာ စစ်သားများခြုံသော မိုးကာအကျႌပွပွကြီးကို ခြုံထားသော်လည်း အဆောင်းမပါ။ တစ်ကိုယ်လုံး နစ်ရွှဲနေသည်။

ဦးဦးက တံခါးဖွင့်ပြီးသည်နှင့် ပွင့်သွားသော လမ်းအတိုင်း လျှောက်ဘဲ ကျွန်မနှင့် မျက်နှာချင်းအပ်မတတ် ပူးကပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဘက်သို့ တစ်ချက် လှစ်ခနဲကြည့်လိုက်ပြီးမှ…

“တူမကြီး၊ အဲဒီအထုပ်ကို ဖွက်ယူခဲ့၊ သူတို့ မသိစေနဲ့၊ အရေးကြီးတယ်၊ သိပ်အရေးကြီးတယ်”

သူ့မိုးကာအင်္ကျီအတွင်းမှ လက်တစ်ဖက်ထွက်လာပြီး လေးလံသော်လည်း ကျစ်လျစ်သေးငယ်သော အထုပ်တစ်ထုပ်ကို ကျွန်မလက်တွင်းသို့ ထည့်ပြီး အိန္ဒြေမပျက် ခပ်တည်တည်ပင် အိမ်တွင်းသို့ တည့်မတ်စွာ လျှောက်သွားတော့သည်။

အမှောင်းယွန်းစ ကာလများတွင် လျှပ်ရောင်တစ်ချက် ဝင်းလက်သွားပြီး မိုးထစ်ချုန်းသံကို ကြားလိုက်ရသည်။ ကျွန်မ ရင်တွင်းသို့တိုင် လာရောက်မြည်ဟီးသည်ဟု ထင်မိလောက်အောင် ဦးဦး၏ လျှို့ဝှက်မှုအတွက် ကျွန်မ ကြောက်ရွံ့မိပါဘိခြင်း။

တော်ပါသေးသည်။ ကျွန်မ၏ ကိုယ်ပေါ်တွင် နိုင်လွန် ဆွယ်တာ အနက် အဟောင်းလေးတစ်ထည် ထပ်ဝတ်ထားမိသည်။ အိမ်ဘက်သို့ ကျောခိုင်းပြီး ခြံဝင်းတံခါးကို ပိတ်လိုက်ရသည်။

ထီးကိုပါ နောက်ဘက်သို့ လျှောစောင်း ကွယ်ထားပြီးမှ လေးသော အထုပ်လေးကို ချိုင်းကြားတွင်ညှပ်၍ ဆွယ်တာနှင့်ပြန်ဖုံးပြီး အိမ်ဘက်သို့ ပြန်လျှောက်လာရပါ၏။

“ရှေ့ အဝတ်တွေလဲ၊ မောင်စိုးနီများ မြင်လိုက်ရရင် အမြဲ အမောတကောပဲ၊ သမီးလေး သွားစမ်း၊ ခင်အေးကို ကော်ဖီပူပူလေး တစ်ခွက် ဖျော်ခိုင်း”

ဒေါ်မာလာတင် ရှုန်းရှုန်းဝေနေပေသည်။ ကျွန်မတို့ သားအဖ ဘက်က ဆွေမျိုးများလာတိုင်း သူ ယခုလို နှုတ်ချိုတတ်သည်ချည်း။ အထူးသဖြင့် ဦးဦးလာလျှင် ပိုမို၍ ဂရုစိုက်ဟန်ပြုပါ၏။ ဦးဦးနှင့် ဖေဖေက အမွှာညီအစ်ကိုပါ။ ဖေဖေ ဦးစိုးဖြူထက် နာရီပိုင်းမျှသာ ငယ်ရွယ်သော ဦးဦးကို မောင်စိုးနီ မောင်စိုးနီနှင့် တစ်နီးတည်း ခေါ် နေသော်လည်း အမှန်က ဒေါ်မာလာတင်ထက် ဦးဦးက ကြီးပေသည်။

ဖေဖေ ဦးစိုးဖြူနှင့် ဦးဦး ဦးစိုးနီတို့မှာ အမွှာညီအစ်ကို ဆိုသော်လည်း ရုပ်ချင်းက ကွဲကွဲပြားပြား ရှိလှသည်။ လူတိုင်းရှေ့ ရပါ၏၊ အမွှာညီအစ်ကိုပင် မထင်ရ။ လူတိုင်းက ဦးဦးကို အသက်သုံးလေးနှစ်မျှကြီးသော အစ်ကိုဟု ထင်ကြသည်။ အမွှာပါဟု ပြောမှ သိရသည်။ အကြောင်းက…





ဦးဦးတွင် အိမ်ထောင် အတည်တကျ မရှိ။ ကုန်သွယ်ရေးတွင် အမှုထမ်းစဉ်က ပုဒ်မ ၆(၁)ဖြင့် ထောင်ကျဖူးသည်။ ထောင်မှလွတ်ပြီး အတော်ကြာ ပျောက်သွားသေးသည်။ မော်လမြိုင်ဘက်တွင် အဖမ်းခံရသဖြင့် ဖေဖေ လိုက်သွားရဖူးသေးသည်။ အာမခံဖြင့် ထုတ်ခဲ့ရသည်။ ခံဝန်ချုပ်ဖြင့် နေနေရသည်ဟု ကျွန်မ သိရသော်လည်း မည်သည့်အမှုမျိုးဖြင့် အဆွဲခံရသည်ဟု ဖေဖေက မပြောပါ။

ဦးဦး၏ ဘဝသည် အတည်တကျမရှိ၍ အနေအစားမမှန်၍လား မသိ။ ဦးဦး၏ အသားအရေများက မွဲခြောက်နေသည်။ ဆံပင်က ထက်ဝက်မျှ ဖြူသည်။ ပိန်လှီသည်။ မျက်နှာနှင့် အရုပ်အမောင်းက ဖေဖေနှင့် တူညီသော်လည်း ဘဝ၏ ဒဏ်ချက်များကြောင့် ဦးဦးက ပိုမို၍ ရင့်ရော်နေလေသည်။

ဖေဖေက အသားဖြူဖြူ၊ ကိုယ်လုံးပြည့်ပြည့်၊ တည်ကြည်သော မျက်နှာထားနှင့် ဆံပင်များ ဖြူခြင်း မရှိသည့်ပြင် ကိုင်းနက်မျက်မှန် တပ်၍ လမ်းထွက်တိုင်း တိုက်ပုံဝတ်လေ့ရှိသဖြင့် ဖေဖေ့ရုပ်သွင်က တည်ကြည်ခံ့ညားနေပါ၏။ အမှတ်မဲ့ဆိုလျှင် အမွှာမွေး မပြောနှင့် ညီအစ်ကိုပါဆိုလျှင်ပင် မယုံချင်စရာ။

“မင်း ဘာဖြစ်လာပြန်ပြီလဲ စိုးနီ”

“ဒီတစ်ခါ ဘာမှ မဖြစ်ပါဘူး၊ ပဲခူးကနေ လာတာ၊ ကျောက်ဒန်းတောင်းဘက် သွားမလို့၊ မီးရထားလက်မှတ် မရသေးလို့ ဒီမှာ တစ်ရက် နှစ်ရက် နေရုံလေးပါ”

“အေး အဲဒီဘက် သွားရင်တော့ သွားပေါ့ကွာ၊ မိတ္ထီလာအိမ် တော့ သွားပြီး မပတ်သက်ပါနဲ့”

“ဘာလဲ၊ မင်းယောက္ခမ ဒေါ်နန်းအိမ်ဆီကို ပြောတာလား”

“ဟုတ်တယ်”

“ဟဲ မသွားပါဘူး၊ တူမကြီး ပျိုးမျက်နှာ ရှိပါလား ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com

တံခါး တောင် ဖွင့်မပေးတဲ့အိမ်၊ ငါက ဘာလို့ သွားရမှာလဲ"

ဦးဦးက ဆေးဖေ့ကို မင်းနဲ့ ငါနဲ့ ပြောသော်လည်း ဖေဖေ့ကိုမူ ရှိုင်းပျှော ဆက်ဆံလေ့မရှိ။ ဖေဖေ ပြောသည့်အတိုင်း လုပ်ပါမည့် အကြောင်း အမြဲပြန်ကြားတတ်သော်လည်း နောက်ကွယ်တွင်မူ သူ လုပ်ချင်ရာ လုပ်သည့်လူ။

"အခု လာတာ မင်းမှာ တကယ်ပဲ ဘာကိစ္စမှ မရှိဘူးလား ခိုးနဲ့"

"ဒုက္ခပါပဲကွာ၊ မမာလာရေ၊ ကြည့်လုပ်စမ်းပါဦး၊ ကျွန်တော် တကယ် ရိုးရိုးသားသား လာတည်းခိုတာပါ"

"ဟုတ်သားပဲ ကိုကိုရယ်၊ ကိုကိုကလည်း လာတဲ့လူ မနေ တတ်အောင်၊ အရင်းအချာတွေပဲကွယ်၊ ဘာပဲဖြစ်ဖြစ် လက်ခံရမှာ ပေါ့၊ ကဲ မောင်စိုးနီ ကော်ဖီသောက်၊ ထမင်းမစားရသေးဘူး မဟုတ် လား၊ သွားပြီး စီစဉ်လိုက်ဦးမယ်နော်"

ဒေါ်မာလာတင် နောက်ဖေးဝင်သွားသည်။ ညှော်ခန်းတွင် ဖေဖေ တို့ ညီအစ်ကိုချင်း ဘာပြောသံမှ မကြားတော့။ ကျွန်မမှာ ချိုင်းကြား မှ အထုပ်ကို မထုတ်ဝံ့သေး။ ဘာမှန်းမသိ၍ ကိုယ်ထဲတွင်လည်း အကြာကြီး မထားရဲ။ ပေါက်ကွဲတတ်သည့်အရာဆိုလျှင်လည်း အခက်။

ယောင်ရမ်းပြီး ရေစိုထီးကြီး ကျွန်မ၏ အခန်းတွင်းသို့ ယူလာ မိ၍ ရေချိုးခန်းတွင်းသို့ ပြေး၍ ထားရသေးသည်။ အောက်ထပ်တွင် ကျွန်မ၏ အခန်း ရှိသည်။ အခန်းတံခါးကို ပိတ်လိုက်ပြီးမှ အသာလေး အထုပ်ကိုထုတ်ယူ၍ စာကြည့်စားပွဲပေါ်တွင် ချလိုက်ရသည်။

အမြင့် ငါးလက်မ၊ အလျား သုံးလက်မခန့်ရှိ စက္ကူညိုနှင့် အသေအချာ ထုပ်ပိုးထားသည်။ အပေါ်မှ ပလတ်စတစ် အိတ်စွပ်ပြီး ထိပ်ကို မီးနှင့် ပြန်ကပ်ထားသည်။ ကျွန်မ ကြည့်ရန် မလွယ်တော့။

အထုပ်ကို ကျွန်မ ချိန်ဆ ကြည့်သည်။ လေးဆယ်သားခန့် လောက် လေးပါမည်။

"အောက်နည်းနည်းကြီးတယ်၊ အပေါ်ပိုင်းက သေးသေးလေး၊ ဦးခေါင်းပုံသဏ္ဌာန်လေး၊ ကေန္တ ရုပ်တုတစ်ခုခုများလား၊ ပေါက်ကွဲမယ့်





ဒုံ တော့ ဟုတ်ပုံမရပါဘူး၊ ဦးဦးက ဘယ်လောက်ပဲဆိုးဆိုး ငါ့ကို ချစ်ရှာပါတယ်၊ ဒါအန္တရာယ် ဖြစ်စေမယ့် အရာတော့ မဟုတ်နိုင်ဘူး၊ ဒါပေမယ့်..."

"ဒီပစ္စည်းကို ခုလို တိတ်တခိုး ထားခိုင်းတာထောက်ရင် မသမာတဲ့ နည်းနဲ့ ဦးဦးရလာတာတော့ အမှန်ပဲ၊ ဖေဖေ့ကို ပြောပြရ ကောင်းမလား၊ ဦးဦးက မပြောဖို့ မှာထားတယ်၊ ခက်တာပဲ"

တစ်ယောက်တည်း တွေးရင်း ညည်းတွားရင်းဖြင့် ထိုညက ကျွန်မ အိပ်ရာဝင်ရတော့သည်။ အိမ်ရှေ့တွင် ဖေဖေ့အသံကို သိပ် မကြားရ။ ဦးဦးနှင့် ဒေါ်မာလာတင်တို့သည်သာ စကားကောင်းနေ ကြသည်။

"မနက်ကျမှပဲ ဦးဦးကို တိုးကိုးတိတ်တိတ် မေးကြည့်ဦးမယ်၊ အဲဒါ ဘာလဲလို့ ပြီးမှကြည့်ပြီး ဖေဖေ့ကို ဖွင့်ပြောသင့်ရင်လည်း ပြောရတော့မှာပဲလေ"

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၅)

နောက်တစ်နေ့နံနက်တွင် ဦးဦးကို ကျွန်မ မတွေ့ရတော့။ သူ ပြန်သွားပြီဟုသာ သိရပါ၏။

ဦးဦးတစ်ယောက် မျက်လှည့်ပြသလို ရောက်လာတတ်သည်မှာ မဆန်းတော့။ သူ ဒီလိုမကြာခဏ ရောက်လာ၍ ယခုလို ပျောက်သွားတတ်သည်မှာလည်း အကြိမ်ပေါင်း များစွာ။

"ဦးဦး ထားရစ်ခဲ့တဲ့ အထုပ် အကြောင်းတော့ ဖေဖေ့ကို မပြောမှ ကောင်းမယ်ထင်တယ်"

ကျွန်မမှာ ဦးဦး ပြန်သွားပြီဆိုသည်နှင့် အထုပ်ကို အပေါ်ဆင့်မှ အောက်ဆင့်ပြောင်း၊ အောက်ဆင့်မှ အံဝှက်တွင်းထည့်၊ အံဝှက်တွင်းမှ စာအုပ်ပုံကြားထိုးနှင့် အမျိုးမျိုး အလှုပ်ရှုပ်ရင်းက တွေးနေမိခြင်း ဖြစ်ပါ၏။

"တူမကြီး အဲဒီအထုပ်ကို ဝှက်ယူခဲ့၊ သူတို့ မသိစေနဲ့၊ အရေးကြီးတယ်၊ သိပ်အရေးကြီးတယ်"

ဦးဦး၏ အားကိုးတကြီးဖြင့် အရေးကြီးသော စကားများကို ကြားယောင်လာမိသော်လည်း ကျွန်မ ဖေဖေ့ကို ပြောမှဖြစ်ပါမည်။ ဖေဖေသည်သာ ပြဿနာအရပ်ရပ်ကို တွေးခေါ်မြော်မြင်နိုင်ပါလိမ့်မည်။ ကျွန်မအနေနှင့် လူကောင်းတစ်ယောက် မဟုတ်သော ဦးဦးဘက်မှ ရှိမနေသင့်ပါဟု တွေးမိရင်း ဖေဖေ အလုပ်က ပြန်လာလျှင် ပြော လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်မိဆဲ...



တယ်လီဖုန်း လာသည်။

"ဟုတ်ကဲ့ ဦးစိုးဖြူအိမ်ကပါရှင်"

"ပျိုးလား"

"ရှင် ဟုတ်ပါတယ်၊ ဘယ်သူလဲ"

"ရှူး တိုးတိုးပြော၊ အိမ်မှာ ဘယ်သူရှိသလဲ၊ ဦးဦးပါ"

"ဟင် ဦးဦး"

ဖေဖေနှင့် ဒေါ်မာလာတင် မရှိမှန်းသိလျက်နှင့် မလုံမလဲ ဘေးသို့ လှည့်ကြည့်မိသေးသည်။ ညီမလေးမျိုးကတော့ ကျူရှင် သွားရန် ပြင်ဆင်နေချိန်ပါ။

"ပျိုး အိမ်မှာ သူတို့ ရှိကြလား"

"မရှိဘူး"

"အေး ဒီမှာ ဦးဦးပြောတာ အသေအချာ နားထောင်နော်၊ သိပ်အရေးကြီးတယ်၊ ဟိုမစ္စည်းကို ဦးဦး လာယူလို့ မဖြစ်သေးဘူး၊ အလုံခြုံဆုံး နေရာမှာ သိမ်းထား"

"ဟာ ဦးဦးဟာ ဘာမှန်းလဲ မသိဘူး၊ ပျိုး ကြောက်တယ်၊ ဖေဖေ့ကိုတောင် ပြောတော့မလို့"

"အမယ်လေး မလုပ်လိုက်ပါနဲ့ တူမကြီးရယ်"

"ဒါဖြင့် အမြန် ပြန်ယူပါ ဦးဦးရာ"

"ယူပါ့မယ်၊ ဦးဦးကို ကူညီပါ၊ ဘာအန္တရာယ်မှ မရှိစေရပါဘူး၊ အဖိုးတန် ပစ္စည်းလေး တစ်ခုပါ၊ တူမကြီး တစ်ယောက်သာ ဦးဦးမှာ ဆွေမျိုးရင်းအဖြစ်နဲ့ အားကိုးစရာ ရှိတယ်၊ ပျိုး ဖေဖေက ဦးဦးဆို ဘာမှ အယုံအကြည် မရှိဘူး၊ ဒီမှာ တူမကြီး ဦးဦးကို သနားသဖြင့် ကူညီပါကွာနော်"

"ဒုက္ခပါပဲ ဦးဦးကလည်း"

"ဘယ်သူမှ မပြောပါနဲ့၊ လုံခြုံတဲ့နေရာမှာ သိမ်းထားပါနော်၊ ဘယ်သူ့မှ မပြောနဲ့နော်၊ ဦးဦး စိတ်ချပါရစေ၊ ဒါပဲ၊ ဒါပဲ ပျိုး"

တယ်လီဖုန်း ချသွားသည့်တိုင် ကျွန်မမှာ ရစီဗာကို ကိုင်၍ ငိုင်နေမိဆဲ။

www.burmeseclassic.com

"အေးလေ ဘာပဲဖြစ်ဖြစ် သူ ပြောတဲ့အတိုင်း သိမ်းထားပေးလိုက်ပါ့မယ်၊ ပြဿနာပေါ်လာတော့လည်း ဦးဦးဟာပါလို့ ပြောလိုက်ရုံပဲပေါ့၊ ဦးဦးကတော့ ငါ့ကို ဒုက္ခပေးမှာ မဟုတ်ပါဘူး"

နေ့လယ်ခင်း ဖြစ်ပါလျက်နှင့် အခန်းတံခါးကို ပိတ်ပြီး ဤပစ္စည်းကို သိမ်းဆည်းရန် နေရာရှာရသည်။ တော်တော်နှင့် အကြံမရ၊ အတော်လေးကြာမှ ဆံပင်တုများ၊ ဆံထုံးတုများ ထည့်သည့်ဘူးကို သတိရသည်။ ဦးဦး၏ ပစ္စည်းထုပ်ကို အောက်ဆုံးမှာထည့်၊ ဆံထုံးတုနှစ်ခုနှင့်ဖုံး၍ သေတ္တာပြန်ပိတ်ကာ ဗီရိုအထက်ထပ် နောက်ဆုံးနေရာတွင် ကွယ်ကာ၍ ထားလိုက်ပါ၏။

ဤသို့ဖြင့် ဦးဦး ဦးစိုးနီ၏ ပစ္စည်းများကလျာ တစ်ခန်းရပ်ခဲ့သော်လည်း ဦးဦးဇာတ်လမ်းက အခန်းဆက်များ ရှိလာသည်။

တစ်နေ့တွင်...

"ပျိုးကို အန်တီ ပြောရဦးမယ်၊ ကိုကို မရှိတုန်း"

မိထွေးတော်က အခန်းတွင်းသို့တိုင် ရောက်လာ၍ ကျွန်မနှင့် နှစ်ကိုယ်ကြား စကားဆို၍ ကျွန်မမှာ အံ့သြခြင်းကြီးစွာဖြင့် ဒေါ်မာလာတင်ကို ကြည့်နေမိပါသည်။ ဖေဖေနှင့် သူ အိမ်ထောင်ကျပြီးမှ ယခုတိုင် ကျွန်မကို တစ်ခါမှ သည်သို့ မပြောလာဖူး။

"ဟုတ်ကဲ့၊ အန်တီမာလာ ပြောပါ"

ကျွန်မ သူ့ကို မေမေဟု ခေါ်၍ မရ၊ ဖေဖေက သင်သော်လည်း မေမေ့နေရာ၌ အစားမထိုးပါရစေနှင့်ဟု ကျွန်မ ငို၍ တောင်းပန်ဖူးသည်။ ကျွန်မကိုလည်း နောက်ထပ် ဘာမှ မပြောတော့ပါ။

"ဒီလိုကွယ့်၊ ပျိုးတို့ဦးလေး မောင်စိုးနီကိစ္စပဲ"

"ရှင်"

ဦးစိုးနီနှင့် ပတ်သက်သည်ဆို၍ ကျွန်မ၏ လက်တွင် အထုပ်အထည်နှင့် ရှိနေသော လျှို့ဝှက်ပစ္စည်းကို သတိရမိ၍ ကျွန်မ ရင်ထိတ်ဖြာသွားမိရပါပြီ။

"ကိုကိုက သိတဲ့အတိုင်း သိပ်ရိုးတယ်၊ ဒီနေ့ စရိတ်ကြီးနဲ့ ရိုးရိုးနေလို့ ထမင်းတောင် အလျဉ်မီအောင် မနည်းစားရမှာ၊ အန်





တီတို့ အိမ်စရိတ်ကလည်း ပျိုး သိတဲ့အတိုင်းပဲ၊ ဒီတော့ ဒါတွေ ကာမိအောင် အန်တီက တစ်ဖက်တစ်လမ်းကနေ စီးပွားရှာချင်တယ်၊ ကိုကိုက မကြိုက်ဘူး၊ ဒီတော့ ပျိုးတို့ဦးလေး မောင်စိုးနီနဲ့ အလုပ်တစ်ခု လုပ်ကြမလို့၊ ကိုကိုတော့ မသိဘူး"

"ဩော် ဟုတ်ကဲ့"

ဖေဖေ မသိဘူး ဆိုသည့်အချက်ကို ကျွန်မ ကြိုက်နှစ်သက်ခြင်း မရှိလှသော်လည်း မိထွေးမို့ ပြန်မပြောဝံ့၍ ငြိမ်နားထောင်နေရပါ၏။

"အဲဒါ ငွေ လိုတယ်ကွယ်၊ အန်တီမာလာရဲ့ ပစ္စည်းတွေကို ခဏပေါင်တာပဲ၊ အဲဒါ လိုတဲ့ငွေကို မပေးဘူး၊ ရွှေချိန်က နည်းနေသတဲ့၊ စိန်နားကပ်နဲ့ လက်စွပ်ကလည်း ပေါင်တော့ ဈေးသိပ်မပေးချင်ကြဘူး"

"ဘယ်လောက် လိုတာလဲဟင်"

"သုံးသောင်း"

"ဟင် ငွေ သုံးသောင်းတောင် ဦးဦးကို ပေးရမှာ"

"ဟုတ်တယ်"

"ကြည့်လည်းလုပ်ပါဦး အန်တီရယ်၊ ဦးဦးက သိပ်ဆိုးတာ အန်တီလည်းအသိ၊ တော်ကြာတစ်ခုခု ဖြစ်သွားရင် ပျိုးတို့သားအဖပါ မကောင်း ဖြစ်နေပါဦးမယ်"

"အို ဘာမှ မဆိုင်ပါဘူး ပျိုး၊ တကယ်လို့ ဆုံးရှုံးသွားရင်တောင် ပျိုးတို့အပြစ် မဟုတ်ပါဘူး၊ အန်တီထိုက်နဲ့ အန်တီကံပါ"

"ဟုတ်ကဲ့၊ အခု ပျိုးက ဘာလုပ်ပေးရမှာလဲရှင်"

"ပျိုး မဝတ်တဲ့ လက်ဝတ်လက်စားတွေ ခဏ ငှားပါလို့၊ ငွေတစ်သောင်းစာလောက် လိုနေတယ်၊ အန်တီပစ္စည်းတွေကို နှစ်သောင်းပဲ ပေးလို့ပါ"

"ရှင်"

ကျွန်မတွင် လက်ဝတ်လက်စား များစွာရှိပါသည်၊ မေမေပိုင်ပစ္စည်းများ ဖြစ်ပါ၏။ မေမေ့လက်ထက်က ဘွားဘွား ပေးသည်များက



www.burmeseclassic.com

www.burmeseclassic.com

ရွှေများသည်။ စိန်တစ်ဆင်စာ မေမေ့ဘာသာ လုပ်ထားခဲ့ခြင်း ဖြစ်ပါ၏။ ကျွန်မ လက်ထက်တွင် ရွှေအတုံးလိုက် အခဲလိုက်ကြီးများ မဝတ်ချင်။ စိန်လက်စွပ်နှင့် နားကပ်မှလွဲ၍ အခြား လက်ကောက်၊ ကြယ်သီး၊ ကြိုး စသည့် စိန်ထည်ပစ္စည်းများက နှနေရာတိုင်း ဝတ်၍ ရသည် မဟုတ်။ သည့်အတွက် ဖေဖေ့ သဘောတူညီချက်ဖြင့် နီလာနှင့် ပုလဲတစ်ဆင်စာစီ ကျွန်မ ပြုလုပ်ထားပါသည်။ မေမေ၏ လက်ဝတ်လက်စားများကို မိထွေး မပြောနှင့် ဖေဖေပင် မထိပါဟူ၍ ကျွန်မကို အပိုင်ပေးထားပြီး ဖြစ်ပါသည်။ ယခု ဒေါ်မာလာတင်၏ လက်သို့ အပ်နှံရမည်ဆိုသည့် အဖြစ်ကြောင့် ကျွန်မ ထိတ်ပျာစွာ လှုပ်ရှားသွားရပါပြီ။

"ဒီလိုပါ ပျိုး၊ အန်တီ့ လက်ကို ပစ္စလက်ခတ် အပ်လိုက်ရမှာမျိုး မဟုတ်ပါဘူး၊ ပြီးတော့လည်း ပြောင်းလဲနိုင်တဲ့ စိန်ထည်ကိုလည်း မယူပါဘူး၊ ရွှေတစ်ဆယ်သားလောက်သာ ခဏ ငှားတာပါ"

"ဖေဖေများ ဆူမလားလို့ပါ"

နှစ် "ကိုကို မသိစေရပါဘူး ဆိုမှ ပျိုးရယ်၊ ခက်လိုက်တာ၊ သူသိလို့ကို မဖြစ်ဘူး၊ အလုပ်လုပ်ကြမှာက အန်တီမာလာနဲ့ မောင်စိုးနီ"

"ဟင်း"

ငြင်းပြန်လည်း အခက်၊ ပေးပြန်လည်း မလွယ်လို့ ကျွန်မ သက်ပြင်းချရပါပြီ။ ဤအကျဉ်းအကျပ်အတွင်းမှ ရုန်းထွက်ရန် နည်းလမ်းကို ကြံဆ၍ မရ။ ဒေါ်မာလာတင်ကိုလည်း မလွန်ဆန်ရဲ၊ ပေးလည်း မပေးချင်၊ ခက်နေပါပြီ။

"ဒီမှာ ပျိုး၊ အန်တီ ပြောတာကို သေသေချာချာ နားထောင်ပါဦး၊ စဉ်းစားပြီးမှ အကြောင်းပြန်ချင်လည်း ပြန်ပေါ့"

ဒေါ်မာလာတင်၏ မျက်နှာက စောစောကလို မချိုတော့။ ကျွန်မ၏ ရင်တွင်းစိတ်များကို သူ အကဲခတ်မိပြီးသည်နှင့် သူ စိတ်ကြည်တော့ဟန်မတူ။ သူ့စကားများကို ကျွန်မ ဆက်လက် ကြားနာရပါ၏။

"အန်တီကို ရွှေတစ်ဆယ်သားနဲ့ ညီမျှတဲ့ ပစ္စည်း ခဏငှားပါ၊





ပြီးတော့ ပျိုးပါ လိုက်ခဲ့ပါ၊ ရွှေဘုံသာလမ်းက ဦးသောင်းရွှေဆီမှာ သွားပေါင်မယ်၊ အန်တီမလိုက်နိုင်တောင် ပျိုးကိုယ်တိုင် သွားရွေးရင်လည်း ဖြစ်ပါတယ် ဆိုတာ သက်သေပြတာပါ၊ ပျိုးရဲ့ ရွှေကို သိသန့်ထားပါမယ်"

ဦးသောင်းရွှေဆိုသည်မှာ ဖေဖေနှင့် ရင်းနှီးသော မိတ်ဆွေဖြစ်ပါ၏။ ဖေဖေနှင့် ပတ်သက်ပြီးမှ ဒေါ်မာလာတင်က သိရခြင်းဖြစ်ပေသည်။ ဦးသောင်းရွှေထံမှာဆိုလျှင် စိတ်ချရပါပြီ။ အကယ်၍ ဒေါ်မာလာတင် ရွေးမပေးနိုင်စေကာမူ ငွေတစ်သောင်း အဆုံးခံပြီး ကျွန်မတို့ ပြန်ရွေးလျှင် မေမေ၏ လက်ထက်ပွား ပစ္စည်းလေးများ မဆုံးရှုံးနိုင်။

"ပြီးတော့ အဲဒီငွေကိုလည်း ပျိုးရဲ့ရှေ့မှာတင် မောင်စိုးနီလက်ထဲကို အပ်လိုက်မှာပါ၊ ကိုကို မရှိတဲ့အချိန် ဒီအိမ်မှာ ချိန်းလိုက်မယ်၊ ဒါဆိုရင် ပျိုးတို့ဦးလေးနဲ့ အလုပ်လုပ်မယ့် အကြောင်း ခိုင်လုံပါပြီနော်"

"အန်တီမာလာကိုတော့ ပျိုး ယုံကြည်ပါတယ်၊ ဒါပေမယ့် ဦးဦးကိုတော့ မယုံဘူး၊ ပျိုးတို့အပေါ်မှာ သူ ကောက်ကျစ်စိတ်မရှိပေမယ့် သူ့အလုပ်အကိုင်နဲ့ သူ့အသိုင်းအဝိုင်းက ခပ်ရှုပ်ရှုပ်ရယ်"

"ဒါတွေကို အန်တီမာလာ ကြိုတွက်ပြီးပါပြီ ပျိုး"

"ဒါဖြင့်ရင်လည်း လုပ်ပါလေ"

"ကျေးဇူးတင်လိုက်တာ ပျိုးရယ်၊ ဒါဖြင့် နေ့လယ်ကျတော့ ရွှေဘုံသာလမ်းကို သွားကြရအောင်နော်၊ ပျိုး ပစ္စည်းယူပြီး အန်တီမာလာနဲ့ လိုက်ခဲ့ပါ၊ ကိုကိုတော့ လုံးဝ မသိစေနဲ့နော် ပျိုး"

ဒေါ်မာလာတင်က ရွှင်မြူးစွာဖြင့် ကျွန်မ၏ အခန်းတွင်းမှ ထွက်သွားတော့သည်။ ကျွန်မအနေနှင့် ခက်လှပါသည်။ မပေးချင်သော ကျွန်မ၏ ဆန္ဒအတိုင်း ငြင်းလိုက်ပါလျှင် ဒေါ်မာလာတင် အငြိုးကြီး ငြိုးပေရော့မည်။ ကျွန်မကိုလည်း သူ တစ်ခါမျှ လာ၍ မပတ်သက်ဖူးပါ။ ဒေါ်မာလာတင်သည် လောဘရမ္မက် ကြီးလွန်းသော မိန်းမအမျိုးအစားဖြစ်သော်လည်း ဖေဖေ ပိုင်းခြားထားသော စည်းဘောင်



www.burmeseclassic.com

www.burmeseclassic.com



မှ ကျွန်မရော ဒေါ်မာလာတင်ပါ မကျော်လွန်ကြဘဲ သူ့စည်းကိုယ့်ကမ်းနှင့် နေကြပါ၍ ကျွန်မတို့ချင်း ပြဿနာ ဖြစ်ခဲ့လှပါသည်။ မရှိသလောက်ပါပင်။

ယခုမှစတင်၍ ပတ်သက်လျှင်ပတ်သက်ချင်း ကျွန်မက ခါချ၍မဖြစ်နိုင်။ ဒေါ်မာလာတင်ထံမှ မေတ္တာများ ဆက်လက်ရယူနိုင်ခြင်းအလို့ငှာ ငွေတစ်သောင်း ပေး၍ ဝယ်ယူရပါသည်ဟုသာ ကျွန်မသဘောထားရပါတော့သည်။

သူ့စကားအတိုင်း ကျွန်မ ရွှေဘုံသာလမ်း ဦးသောင်းရွှေထံသို့လိုက်ခဲ့ရပါသည်။ ကျွန်မပစ္စည်းကို သီးသန့်ပင် အပေါင်ထား၍ ငွေတစ်သောင်းယူသည်။ တစ်ရာလျှင် နှစ်ကျပ်ခွဲတိုးဖြင့် လစဉ် အတိုးပေးရမည်ဟု ဆိုပါသည်။ ငွေရင်းများစွာ မြှုပ်နှံထားနိုင်သူများ ကြီးပွား တတ်ပါလား ဟူ၍ ကျွန်မ တွေးမိပါပြီ။

"ကိုကိုတော့ မသိစေနဲ့နော် ဦးသောင်းရွှေ၊ မာလာတို့ မကြာခင် ပြန်ရွေးကြမှာပါ၊ ကဲ သမီး ပျိုး၊ ပြန်ကြစို့"

နှုတ်ဆက်ပြီး လှေကားမှ ဆင်းခါနီးတွင် ဦးသောင်းရွှေက ကျွန်မလက် ဆွဲလိုက်ပြီး လေသံတိုးဖြင့် မေးသည်။

"မာလာနဲ့ ပေါင်းပြီး ဘာတွေ လုပ်နေတာလဲ ပျိုး"

"မသိပါဘူး ဦးလေးရယ်၊ သူ ခေါ်လာလို့ပါ"

"အေး၊ စိုးနီနဲ့ သိပ်တွဲနေတယ်၊ သတိထား၊ ကိုစိုးဖြူကို ဦးလေး တစ်နေ့ လာပြောဦးမယ်"

"အင်းအင်း ပြောပါ၊ ဦးလေး ပြောပေးရင် ပိုကောင်းပါတယ်၊ ပျိုး သွားတော့မယ်နော် ဦးလေး"

ဒေါ်မာလာတင်က မကြားသာသော်လည်း ရိပ်မိဟန်တူသည်။ ကျွန်မကို သူ ဘာမှ မမေး။

"ကဲ ပျိုးရေ၊ တော်ကြာ မောင်စိုးနီ ဖုန်းဆက်လိမ့်မယ်၊ အဆင်သင့် ရှိနေပြီ၊ လာယူတော့လို့ ပျိုး ကိုယ်တိုင်ပဲ ပြောလိုက်ပါကွယ်"

ဒေါ်မာလာတင်က ကျွန်မကို သက်သေထူသည်။ ပေးပြီးမှဖြင့် မထူးတော့ပါပြီ။ သူတို့၏ အရှုပ်အထွေးအတွင်းသို့ ကျွန်မ ဝင်၍မပါ





လိုတော့ပါ။ ရှိပါစေတော့၊ ပေးပြီးနေမှပဲ။

"ကလင်...ကလင်"

ထိုနေ့ ညနေပိုင်းတွင် ဖုန်းမြည်လာသည်။

"ဟော ပျိုး လာပြီ၊ ဒါ သူနဲ့ ချိန်းထားတဲ့အချိန်ပဲ၊ ကိုင်လိုက် ကိုင်လိုက်"

"နေပါစေတော့ အန်တီရယ်၊ အန်တီနဲ့ ဦးဦးရဲ့ အလုပ်ကိစ္စထဲမှာ ပျိုး ဝင်မပါ,ပါရစေနဲ့တော့"

"အို မဟုတ်ပါဘူး၊ ကိုင်လိုက်စမ်းပါ"

ဖုန်းမြည်သံက ဆက်ခါဆက်ခါ လာနေသည်။ ဒေါ်မာလာတင်က ခါးခါးသီးသီး ငြင်းနေ၍ ကျွန်မ မနေသာတော့၊ ဖုန်းကို ကိုင်လိုက်ရတော့သည်။

"ဟုတ်ကဲ့ အမိန့်ရှိပါရှင်"

"သမီးကြီးလား"

"ရှင် ဖေဖေ"

ကျွန်မ၏ ဖုန်းထူးသံကြောင့် ဒေါ်မာလာတင် မျက်လုံးအပြူးသားနှင့် ကျွန်မကို လှမ်းကြည့်နေသည်။

"အိမ်ကို စိုးနီ လာသေးလား"

"မလာဘူး ဖေဖေ"

"အိမ်မှာ ဘာအကြောင်းထူးသေးလဲ သမီး"

"ရှင် ဘာ...ဘာမှ မထူးပါဘူး ဖေဖေ"

"မာလာရော"

"ရှိပါတယ် ဖေဖေ"

"အေး ဒါဖြင့် ပြီးရော"

"ဖေဖေ ဘာဖြစ်လို့လဲဟင်"

ဒေါ်မာလာတင်က မေးငေါ့ပြသည်။ ဘာလဲဆိုသည့် အဓိပ္ပာယ်။ ကျွန်မက လက်ကာပြရင်း ဖေဖေ၏ စကားသံကို နားယူရသည်။

"ဖေဖေ လာမှပဲ ပြောတော့မယ်၊ ဖေဖေ့မှာလည်း အလုပ်တွေ သိပ်များနေတယ် သမီး"



www.burmeseclassic.com

www.burmeseclassic.com


"သမီး သိချင်လိုက်တာ ဖေဖေရယ်၊ ဘာများ ဖြစ်လို့လဲလို့"

"ခင်ဗျား သမီးနဲ့ ဇနီးကို အလစ်မပေးပါနဲ့၊ တစ်ခုခု လုပ်တော့မယ်ဆိုပြီး ဖုန်းလာလို့ ဖေဖေ စိတ်ထင့်သွားတာ၊ အလကား နောက်တာ ဖြစ်ပါလိမ့်မယ်၊ ကဲကဲ ဒါပဲ သမီး၊ ဖေဖေ အလုပ် သိပ်များနေတယ်"

ဖုန်းချလိုက်ပြီးသည်နှင့်...

"ဘာလဲဟင် ပျိုး၊ ဘာတဲ့လဲ"

ကျွန်မ ဖေဖေ ပြောသည့်အတိုင်း ပြန်ပြောလိုက်ရပါ၏။

"အေးနော် သတင်းကလည်း မြန်လိုက်တာ..."

ကျွန်မကိုယ်တိုင်လည်း ဒေါ်မာလာတင်လိုပင် တွေးမိပါသည်။ ကျွန်မ ဒေါ်မာလာတင်နှင့် ပူးပေါင်းဆောင်ရွက်သည်ကို မနှစ်မြို့က်သော ဦးသောင်းရွှေ၏ လက်ချက်ဖြစ်ဖို့ ကိုးဆယ်ရာနှုန်းလောက် သေချာပါမည်။

သို့မဟုတ် ဦးဦး၏ ပါတနာတစ်ယောက်ယောက်၊ သို့မဟုတ် ကျွန်မတို့၏ ကိုယ်ကျိုးလိုလားသူတစ်ယောက်ယောက်က ဖေဖေ့ထံ ဖုန်းဆက်ခြင်း ဖြစ်ပါမည်။

ထိုနေ့ တစ်ညနေလုံး ဦးဦး၏ ဖုန်းကို မျှော်သော်လည်း မခေါ်တော့ပါချေ။

ည ခုနစ်နာရီခန့်တွင် ဒေါ်မာလာတင်မှာ ဖေဖေ့ကို ခွင့်ပန်လျက် သူကိုယ်တိုင် ကျွန်မတို့၏ အိုပယ်လ်ကား မောင်းထွက်သွားတော့သည်။ ဖေဖေ့ကို အကြောင်းပြသည်က စမ်းချောင်းမှ သူ့ညီမ နေမကောင်းပါဟု။

ဒေါ်မာလာတင်နှင့် အတူ ငွေသုံးသောင်း ပါရှိသွားမည်မှာ သေချာသည်။ သူ ဦးတည်မည့် ခရီးကလည်း ဦးဦး ဦးစိုးနီထံသို့သာ။

❖ ❖ ❖





## အခန်း[၈]

ဒေါ်မာလာတင် ငိုနေသည်။

ထိုပြီပြီးသော အသိဖြင့် ဒေါ်မာလာတင်နှင့် ရင်မဆိုင်မိအောင် ကျွန်မ ရှောင်နေရသည်။ ကျွန်မနှင့်ဆုံလျှင် သူ ကုန်ပြီဆိုသည့် သတင်းစကားများဖြင့် ကျွန်မကို သေဖော်ညှိပေဦးမည်။ သူတို့၏ ဇာတ်ရှုပ်တွင်းသို့ ကျွန်မကို သိမ်းသွင်းမခံနိုင်ပါ။

ဘွားဘွားထံမှ ငွေတစ်သောင်းတောင်း၍ ပစ္စည်းများ ပြန်ရွေးယူမည်ဟူ၍ ဆုံးဖြတ်ပြီး ကျွန်မ အေးအေးသာ နေလိုက်မိပါ၏။

တစ်နေ့ နေ့လယ်ပိုင်းတွင် ဖုန်းမြည်လာသည်။ အိမ်တွင် ဖေဖေ ရှိနေပါသည်။ ကောင်းစွာ နေမကောင်း၊ ခေါင်းကိုက်၍ ဆေးသောက် ခွေးဆုတ်ရန် အလုပ်မှ ပြန်လာနေခိုက် ဖြစ်သည်။ ဖေဖေ ရှိနေ၍ ဖုန်းမြည်သံကြားသော်လည်း ကျွန်မ မကိုင်ပါ။

"သမီးကြီး ဖုန်း"

လှေကားထိပ်မှ ဖေဖေ၏ အော်ပြောသံကြောင့် အိမ်ရှေ့ဘက်သို့ ကျွန်မ ပြေးထွက်ရသည်။ ကျွန်မတို့ အိမ်တွင် တယ်လီဖုန်း နှစ်လုံး ရှိပါ၏။ အပေါ်နှင့်အောက် ကြိုက်ရာနေရာမှ စကားပြောနိုင်ရပါ၏။

"ဟုတ်ကဲ့ အမိန့်ရှိပါရှင်၊ ပျိုးပါ"



www.burmeseclassic.com

www.burmeseclassic.com


"အင်အင်း ခဏ ကိုင်ထားပါ၊ ဒီမှာ တစ်ယောက် စကား ပြော ချင်လို့"

"ရှင်"

ကျွန်မ အံ့သြနေစဉ်၊ တစ်ဖက်မှ အသံက ဆက်ထွက်လာသည်။

"ပျို့ ဦးဦးပါ"

"ဟင် ဦးဦး"

"အေး ဒီမှာ ငြိမ်ငြိမ်နေ၊ ဟိုဘက်က ဘာစကားမှ ပြန်မပြော နဲ့ဦး၊ ဦးဦးပြောတာကိုသာ နားထောင်ပါ"

"ဟုတ်...ဟုတ်ကဲ့"

"ဦးဦး အပ်ထားတဲ့ပစ္စည်း အခုပဲပြန်လိုချင်တယ်"

"ဦးဦး လာယူ"

"ရှူး၊ ခုန ကိုင်တာ အစ်ကိုစိုးဖြူ ဟုတ်လား၊ မမာလာကို ဆံပင်ပြင်ဆိုင်ထဲဝင်သွားတာတွေ့လို့ မရှိကြဘူး မှတ်ပြီး ပြောတာ၊ ဒါတောင် တခြားတစ်ယောက် ခေါ်ခိုင်းရတယ်၊ အသံမှတ်မိမှာစိုးလို့၊ ဒီမှာ ပျို့၊ အခု သူ ဘယ်မှာလဲ"

ဖေဖေ့ကိုပင် ရည်ညွှန်းမှန်းသိ၍...

"အပေါ်ထပ်မှာ"

"အေး ဒီမှာ အိမ်ကို ဦးဦးလာလို့ မဖြစ်သေးဘူး၊ ဒီတော့ ဦးဦးရဲ့ ဆော်ဒါတစ်ယောက်ကို လွှတ်လိုက်မယ်၊ ပျို့ လျှို့ဝှက်ပေး လိုက်ပါ၊ ခြံထိပ်ကပဲ သူစောင့်နေပါလိမ့်မယ်"

"ဟုတ်...ဟုတ်ကဲ့ ဦးဦး"

ကျွန်မကလည်း ဦးဦးနှင့် ပတ်သက်ထားသည့် ကိစ္စပြတ်လျှင် ပြီးရော သဘောနှင့် အလွယ်တကူပင် လိုက်လျော၍ ပြောမိသည်။

"ဒီမှာ တူမကြီး၊ လူတစ်ယောက် ခြံရှေ့ကို အခု ဆယ်မိနစ် အတွင်းမှာ ရောက်လာလိမ့်မယ်၊ တူမကြီးကိုယ်တိုင် ဘာကိစ္စလဲလို့ ထွက်မေးပါ၊ ဒီနားမှာ ဦးကျော်စိမ်းဆိုတာ ရှိပါသလား၊ သိပါ သလားလို့ သူက မေးလိမ့်မယ်၊ အဲဒီအခါမှာ တူမကြီးရဲ့ပစ္စည်းကို စိတ်ချစွာ ပေးလိုက်ပေတော့ ဟုတ်လား၊ ဒါပဲ ဖုန်းချလိုက်တော့"



"ဒီနားမှာ ဦးကျော်စိမ်းဆိုတာ ရှိပါသလား၊ သိပါသလား"

ဦးဦး၏ စကားဝှက်ကို ကျွန်မ စိတ်မှ ရွတ်ဆိုကြည့်မိသည်။

ကျွန်မ အခန်းတွင်းသို့ ပြန်ဝင်ပြေးရသည်။ ဆံပင်တုဘူးကို ထုတ်ယူ ပြီးမှ သတိရ၍ ပြေးပြီး တံခါး ပိတ်ရပါ၏။

ကျွန်မအတွက် မဟာစွန့်စားခန်းပါ။ ဘာမှန်း မသိပါဘဲနှင့် ရင်ထဲ၌ တုန်ဟီးနေမိသည်။ ယင်းပစ္စည်းကို သယ်ပိုးလာစဉ်ကလို ခွယ်တာအနက်ကို ထပ်ဝတ်ပြီး ဂျိုင်းကြားတွင်းသို့ ဦးဦး၏ အထုပ်ကို ညှပ်လိုက်ရသည်။ ကိုယ်ကိုယ်တိုင် တစ်ဦးဦးထံမှ ခိုးယူထားသည့် ပစ္စည်းတစ်ခုလို ကျွန်မစိတ်မှာ ထိတ်လိုက်ပါဘိခြင်း။

"ဟော ခြံရှေ့မှာ လူတစ်ယောက်"

ကျွန်မ အခန်းမှ ခြံတံခါးကို လှမ်းမြင်နေရသည်။ ခြံကား ဝါးပင်များအကွယ်၌ ဂျစ်ကားစိမ်းတစ်စီး ရပ်ထားကြောင်း ခေါင်း မိုး တစ်ဝက်ကို မြင်ရသည်။ ခြံဝတွင်မူ မျက်မှန်နက်နှင့် လူ တစ် ယောက်။

"အမယ်လေး တော်ပြီ တစ်ခါပဲ၊ နောက်များ ဦးဦး ဘာခိုင်းခိုင်း လုပ်မပေးတော့ဘူး၊ ကြောက်လိုက်တာ၊ လာတဲ့လူက လူဆိုးကြီးများ လား မသိဘူး"

ယင်းအတွေးများနှင့်အတူ တုန်ယင်သော လက်များဖြင့် ကျွန်မ အခန်းတံခါးကို ဖွင့်လိုက်သည်နှင့် အခန်းရှေ့မှာ...

"ဖေဖေ"

"သမီး ဘယ်လဲ"

ဖေဖေ့ကို မြင်လိုက်ရခြင်းသည် ဘီလူးသရဲ တစ်ယောက်ကို မြင်တွေ့လိုက်ရသလောက် ကျွန်မ ကြောက်ရွံ့မိပါပြီ။

"ဖေဖေ မေးနေတယ်လေ၊ သမီး ဘယ်လဲလို့"

"ဟို...ဟို...ဟို ခြံရှေ့မှာ ဧည့်သည်"

ကျွန်မက လက်ညှိုး ညွှန်ပြရင်း ထစ်ငေါ့စွာ ဖြေမိသည်။

ဖေဖေက ကိုယ်ကို နောက်သို့ယိုင်လိုက်ပြီး ခြံဝကို မျှော် ကြည့်ရင်းက...

www.burmeseclassic.com

"အေ ခဏ လာစမ်း"

"အိမ်စေမိန်းကလေးကို လှမ်းခေါ်ပြီး အနီးရောက်သည်နှင့်...

"ခြံရှေ့မှာ လူတစ်ယောက်၊ ငါ့ကို တွေ့ချင်တယ် ဆိုရင် ဘယ်သူလဲလို့ မေးပြီး ပြန်လာခဲ့၊ ဖွင့်မပေးနဲ့၊ ကြားလား"

"ဟုတ်ကဲ့ပါ ဦးလေး"

"အေး တခြား တစ်ယောက်ယောက်ရဲ့ နာမည်ကို မေးရင်တော့ မသိဘူးလို့ အပြတ်ပြောပြီး အမြန်ပြန်ဝင်လာခဲ့၊ မှတ်မိတယ်နော်၊ ကဲ သွားတော့"

မခင်အေး ပြေးသွားသည်။ ခဏလေးသာ ရပ်ပြီး ပြန်ဝင်ပြေးလာပါ၏။

"ဦးကျောက်စိမ်းကို သိလားတဲ့၊ မသိဘူးလို့ ပြောတော့ နေပါဦး၊ နေပါဦးနဲ့၊ ပြန်တော့လို့ ပြောလိုက်ရတယ်၊ ကြည့်၊ မသွားသေးဘူး"

ထိုသူက မကျေနပ်ဟန်ဖြင့် ခြံရှေ့တွင် ယောင်ပေပေ လုပ်နေသည်။ ဖေဖေက ခင်အေးကို မီးဖိုခန်းသို့ ဝင်ခိုင်းလိုက်ပြီး ကျွန်မကို အကွယ်မှာ နေစေပြီး တိုက်ရှေ့မှ ထွက်ရပ်ကြည့်သည်။

ခဏကြာမှ ကားမောင်း၍ ထွက်သွားသံကို ကြားရပါ၏။ ဖေဖေက ပြန်ဝင်လာပြီး ကျွန်မကို ဧည့်ခန်းတွင် ထိုင်စေသည်။

"သမီး ကိုယ်ထဲမှာ ဘာပစ္စည်း ရှိသလဲ၊ ဖေဖေ့ကို ပြစမ်း သမီး"

ဖေဖေ့အသံက ညင်သာသော်လည်း ကျွန်မအတွက် မိုးထစ်ချုန်းသံတမျှ ပြင်းထန်လှပါ၏။

"သမီး...သမီး ဘာ...ဘာမှ မသိရပါဘူး ဖေဖေရယ်"

"ဖေဖေ ခိုင်းတာ လုပ်စမ်း ပျို့"

ဖေဖေ့အသံက နည်းနည်းဆန်လာသည်။ ကျွန်မ ကြောက်ရွံ့လှပါပြီမို့ ဝှက်ထားသော အထုပ်ကို စွယ်တာအင်္ကျီကြားမှ ထုတ်၍ ဖေဖေလက်သို့ ပေးလိုက်ရသည်။ ဖေဖေက အထုပ်ကို လှည့်ပတ်ကြည့်သည်။ ချိန်ဆကြည့်သည်။ ပြီးမှ...





"ဒါ ဘာလဲ သမီး""

သမီး သမီး ဘာမှ မသိရပါဘူး ဖေဖေရယ်၊ ဦးဦးက သိမ်းထားခိုင်းလို့ပါ"

"ဒီကောင်ဟာ အမြဲတမ်း ပြဿနာတွေနဲ့ ရစ်ပတ်လုံးထွေးနေတယ် ဆိုတာ သမီးလည်း သိရဲ့သားနဲ့၊ ဘာလို့ သွားပြီး ပတ်သက်ရတာလဲ၊ ပြီးတော့ ဖေဖေ့ကို ဘာလို့ ပြန်မပြောဘဲ နေရတာလဲ"

"ဦးဦးက အတင်းသိမ်းထားခိုင်းတယ်၊ ပြီးတော့ ဖေဖေ့ကိုလည်း လုံးဝ မပြောရဘူးလို့ ပိတ်ပင်ထားလို့ပါ ဖေဖေ၊ သမီး ဦးဦးကို မလွန်ဆန်ရဲလို့ ခုလို ဖြစ်သွားရတာပါ"

"အင်း ထူးပါတယ်ဆိုပြီး အပေါ်က ဖုန်းကို နားထောင်မိလို့သာ သိရတာ၊ ဖေဖေ ဒီအလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး၊ သမီးတို့ကို လွတ်လပ်ခွင့် ပေးထားတာပါ၊ ဒါပေမယ့် မာလာလည်း ခုတလော မှုပျက်နေတယ်၊ သမီးရော၊ မာလာပါ စိုးနိုးနဲ့ ဆက်သွယ်နေကြတာ ဖေဖေ ရိပ်မိတယ်၊ ကဲ ငါ့သမီးဟာ ဘယ်တော့မှ မလိမ်ညာတတ်ဘူး၊ ဖေဖေ့ကို အမှန်အတိုင်း ပြောပြစမ်းပါ သမီး"

"ဒီလိုပါ ဖေဖေ"

မိုးသဲသဲ တစ်ညဦးက ဦးဦး ရောက်လာခြင်း အကြောင်း၊ ကျွန်မ သိမ်းဆည်းရသည့် အထုပ်အကြောင်း၊ ရွှေဘုံသာလမ်းမှ ဦးသောင်းရွှေထံသို့ သွားကြသည့်အကြောင်းပါ အလုံးစုံ ကျွန်မ ရင်ဖွင့်ပြမိပါတော့သည်။

"ငွေသုံးသောင်း ဆုံးသွားတဲ့ အကြောင်းတော့ ရုတ်တရက်ကြီး အန်တီမာလာ့ကို မပြောလိုက်ပါနဲ့လား ဖေဖေရယ်၊ သမီးဆီက ပေါက်ကြားသွားတယ်ဆိုရင်"

"ဖေဖေ သိပ်နားလည်တာပေါ့ သမီးရယ်၊ အမှားနည်းအောင် မနည်းနေကြရတဲ့ မိထွေးနဲ့ သမီးရဲ့ကြားမှာ ဒီပြဿနာကြီးဝင်သွားရင် တစ်သက်လုံး မုန်းလို့ဆုံးကြတော့မှာ မဟုတ်ဘူး၊ ဒီကိစ္စကို ဖေဖေ မသိသလိုပဲ နေလိုက်ပါဦးမယ်၊ ကိုသောင်းရွှေဆီက ပစ္စည်းတွေလည်း ပြန်ရွေးပြီး ဖေဖေပဲ သိမ်းထားလိုက်မယ်၊ ကော့ယ်လို့



www.burmeseclassic.com

www.burmeseclassic.com

ပေါ်သွားရင်လည်း ကိုသောင်းရွှေ အကြောင်းကြားလို့သာ ရွေးရတာလို့ပဲ ပြောလိုက်မယ်၊ ကဲ ဒီပြဿနာ ထားလိုက်တော့၊ နောက်မှပဲ ဖေဖေ အေးအေးဆေးဆေး ဖြေရှင်းယူမယ်၊ မာလာ သိပ်မိုက်တယ်၊ သူ့မတ်ကိုများ အဟုတ်ကြီးထင်ပြီး ယုံတာ အံ့ပါရဲ့ကွာ"

"ဦးဦး စကားပြော သိပ်ကောင်းတော့ အန်တီမာလာလည်း ကျသွားတယ် ထင်ပါရဲ့ ဖေဖေရယ်၊ တကယ် မကောင်းတာက ကိုယ့်ဦးလေးပါ၊ အန်တီမာလာကိုတောင် သနားဖို့ ကောင်းနေပါသေးတယ် ဖေဖေရယ်"

"အင်း ငါ့သမီးရဲ့ စိတ်ဓာတ်ပြည့်ဝမှုကို ဖေဖေ ချီးကျူးပါတယ် သမီး၊ ကဲ ဒီအထုပ်ကိစ္စကို ပြောကြရအောင်၊ အဲဒါ ဘာပစ္စည်းလို့ သမီးကို စိုးနီ ပြောသလဲ"

"ဘာဆို ဘာမှကို မပြောဘူး ဖေဖေ၊ အဲဒါ သိမ်းထား၊ လုံလုံခြုံခြုံ သိမ်းထား၊ ဘယ်သူမှ မသိပါစေနဲ့လို့ပဲ ပြောပါတယ်"

ဖေဖေက အထုပ်ကို ချိန်ဆပြီး ကိုင်ထားရင်း စဉ်းစားနေသည်။ ခဏအကြာတွင် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီးဟန်ဖြင့်...

"ကဲ သမီး၊ ကိုယ့်လက်ထဲမှာ ရှိနေတဲ့ပစ္စည်းဟာ ဘယ်လောက် အန္တရာယ်ကြီးသလဲဆိုတာ သိထားသင့်တယ်၊ ဒီအထုပ်ကို ဖေဖေ ကိုယ်တိုင် ဖွင့်ကြည့်မယ်"

"အို မလုပ်ပါနဲ့ ဖေဖေရယ်၊ သမီး သစ္စာမရှိရာ ကျသွားမှာပေါ့၊ သူ့အထုပ် သူပြန်တောင်းနေပြီပဲ၊ ပေးလိုက်ရင် သမီးတို့ တာဝန်ပြီးပြီပဲ"

"မဟုတ်သေးဘူး သမီး၊ စိုးနီဟာ ဖေဖေ့ရဲ့ ညီအရင်း၊ သူ မဟုတ်တာတွေ လုပ်နေရင် အခက်ပဲ၊ ကြိုတင်ဟန့်တားဖို့ ဖေဖေ့မှာ တာဝန်ရှိတယ်"

"သမီးကိုမေးရင် သမီး ဦးဦးကို ဘယ်လိုပြောရမလဲ"

"ကိစ္စမရှိဘူး၊ ဖေဖေ တယ်လီဖုန်းနားထောင်လို့ သိတာ ဆိုပြီး ဖေဖေနဲ့ပဲ ရှင်းလိုက်မယ်၊ ဒီကြောင့် ဖေဖေ့ကို ကြောက်ပါတယ် သမီး ဘာမှ မပူနဲ့"





"ဖေဖေ"

"ဟင်"

"ကြည့်လည်းလုပ်ပါ ဖေဖေရယ်၊ ဗုံးတွေဘာတွေဆိုရင် ပေါက်ကွဲသွားရင် ဒုက္ခ"

"ဗုံးတော့ မဟုတ်ဘူး ထင်ပါတယ်၊ တရားမဝင်၊ ဥပဒေက ခွင့်မပြုတဲ့ ပစ္စည်းတစ်ခုပဲ ဖြစ်ရမယ်၊ ဘိန်းဖြူထုပ်လား မသိဘူး"

"ဘိန်းဖြူ ဟုတ်တယ်၊ ဒါ ဈေးကွက်သိပ်ကောင်းနေတယ်၊ ဒါပဲဖြစ်မယ်ထင်တယ်၊ ခုနေ သတင်းရလို့ သမီးတို့ဆီ လာရှာရင်တော့ ဒုက္ခပါပဲ ဖေဖေရယ်၊ ခုန ပြန်ပေးလိုက်ရင်ပြီးရော၊ သမီးဖြင့် ကျောထဲက စိမ့်လာပြီ၊ မိလိုက်ရင် မလွယ်ဘူး"

"မတတ်နိုင်ဘူး သမီး၊ ဖွင့်ကြည့်မယ်၊ ဘိန်းဖြူဆိုရင်လည်း တယ်လီဖုန်း ဆက်ပြီး အပ်လိုက်မယ်၊ ရဲဆိုတာ အမှန်တရား ဆောင်ရွက်သူတွေဘက်က အမြဲရပ်တည်တဲ့ အဖွဲ့အစည်းပါ"

ဖေဖေက ရဲကို အားကိုးစကားဆိုပြီး ပလတ်စတစ်အိတ်ကို ဖွင့်ချလိုက်သည်။

ဖေဖေကိုယ်တိုင် ဂရုတစိုက် ဖြေထုတ်နေပါ၏။ ကျွန်မမှာလည်း ချက်တောင်ပင်မခတ်မိအောင် ဖေဖေ့လက်တွင်းမှ လှုပ်ရှားနေသော အထုပ်ကိုသာ ငေးစိုက်ကြည့်နေမိသည်။

တစ်ရစ်ပြီးတစ်ရစ်၊ တစ်လွှာပြီးတစ်လွှာ ခွာပြီးသည့် အခါ ထွက်လာသည့်ပစ္စည်းက...

"ဟင် ဘုရားလေးတစ်ဆူ"

"အင်း ဘိန်းဖြူလားဟဲ့၊ ဗုံးလားဟဲ့နဲ့ တို့သားအဖ လန့်နေလိုက်တာ၊ ဘုရားတစ်ဆူပဲ၊ ဟားဟားဟား တော်တော်နောက်တဲ့ကောင်၊ စိုးနီ စိုးနီ၊ လုပ်လိုက်ရင် သည်းထိတ်ရင်ဖိုစရာချည်းပဲ"

ဖေဖေရော ကျွန်မပါ ရင်ပေါ့စွာဖြင့် ရယ်မောမိကြပါသည်။

ဖေဖေက ငါးလက်မမျှ မြင့်သော တင်ပလ္လင်ခွေကိုယ်တော် အစိမ်းရောင်ခပ်မွဲမွဲလေးကို အထက်အောက် သေသေချာချာ ကြည့်ရှုစစ်ဆေးပြီးသည့်အခါ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ရှေ့ဘုရားပဲ သမီး၊ ပုဂံခေတ်လက်ရာ ဖြစ်ဖို့များတယ်၊ ရှေးဟောင်းဘုရားပုထိုးရုပ်ပွားတော်တွေ ခိုးကြထုတ်ကြ လုပ်နေကြတယ် မဟုတ်လား၊ ဒါ ဒီကောင် ကိုယ်တိုင် တိုထားတာလား၊ အချောင်ရလို့ ဝယ်ထားပြီး မှောင်ခိုထုတ်မလို့လား၊ တစ်ခုခုပဲ"

"အင်းလေ ဦးဦးက ပေါက်ပေါက်ရာရာ သိပ်လုပ်တာ၊ သမီးတော့ ငရဲကြီးတော့မှာပဲ၊ ဒီအထုပ်ကို ဟိုကြား ထိုး၊ ဒီကြား ထိုးထားနဲ့"

"အခု ဘယ်ကထုတ်လာတာလဲ"

"ဆံပင်တုဘူးထဲမှာ"

"တော်သေးတာပေါ့၊ ကိုယ်မှမသိဘဲ ရပါတယ်၊ ငရဲမကြီးပါဘူး၊ အင်းလေ၊ ဒီဘုရား ရောင်းစားလို့ ဘယ်လောက်ရမှာလဲ၊ ရလှမှလေးငါးရာပေါ့ သမီးရယ်၊ ငါ့သမီးကြီးမှာ လန့်လိုက်ဖျပ်လိုက်ရတာ"

"ဖေဖေ့ကို ကြောက်လို့ပါ၊ ပြန်သိမ်းလိုက်ရမလား ဖေဖေ"

"အေးအေး၊ တော်တော်ကြာ မာလာတို့ ပြန်လာလို့ မြင်ရင်မကောင်းဘူး၊ သမီးပဲ စောစောက သိမ်းတဲ့နေရာမှာ ပြန်သိမ်းထားလိုက်ပေါ့၊ သမီး ဦးဦးနဲ့တော့ လုံးဝ မဆက်သွယ်နဲ့တော့၊ ဖေဖေပဲ ကြည့်ရှင်းလိုက်မယ်၊ ဟုတ်လား"

ကွက်တိပါပဲ။ ကျွန်မတို့ သိမ်းဆည်းအပြီးတွင် ဒေါ်မာလာတင်နှင့် ညီမလေး မျိုးတို့ ပြန်လည်ရောက်ရှိလာကြသည်။

မျိုးမှာ ဟောင်ကောင်သူတို့၏ သရီးစတက်ပ် ပုံစံ ဆံပင်အဆင့်ဆင့်လေးများ ဖြတ်တောက်ပြင်ဆင် ပုံသွင်းလာသည်။ ဒေါ်မာလာတင်လည်း ဆံပင်ရှေ့ပိုင်းပုံသွင်း၍ ဆံထုံးမြင့်မြင့်ကြီးတစ်ခု ထုံးဖွဲ့လာခဲ့သည်။ အနည်းဆုံး သုံးဆယ်တန်ပါပင်။

လှပစွာ ပြင်ဆင်ထားသော်လည်း သူ့ရင်တွင်း စိတ်မကြည်လင်ကြောင်း အတွင်းသိ ကျွန်မက ပို၍ သိနိုင်ပါ၏။

ကျွန်မမှာမူ ဖေဖေ့ကိုလည်း အလုံးစုံပြောပြခွင့် ရရှိသွားပြီး၍ ရင်၌ များစွာ ပေါ့ပါးသွားမိပါတော့သည်။

ဦးဦး၏ ဘုရားရုပ်တုကိုမူ အသေအချာပြန်ထုပ်ပြီး သိမ်းဆည်း





ထားလိုက်ရပါပြီ။

ဤကိစ္စကို ဖေဖေကိုယ်တိုင် ရှင်းပေလိမ့်မည်ဟု ရင်၌ ပေါ့ပါးခဲ့မိသော်လည်း နောက်ပိုင်းတွင် ဤပြဿနာမှအစပြု၍ ရှုပ်ထွေးလာဦးလိမ့်ဦးမည်ဟု ကျွန်မ မတွေးသိနိုင်ခဲ့ပါချေတကား။

❖ ❖ ❖

## အခန်း[၉]

ယခုရက်ပိုင်းအတွင်း ဒေါ်မာလာတင်ကို ပြန်လည်၍ ရှင်ပျစွာမြင်ရသည်။ ဖေဖေ လစ်သည်နှင့် ဖုန်းဆက်၍ လမ်းထွက်တတ်သည်။ တစ်နေ့တွင် ကျွန်မ၏ အခန်းသို့ ဝင်ကြွားသော မျက်နှာထားနှင့် ဒေါ်မာလာတင် တစ်ယောက် ပြုံးပြုံးကြီး ရောက်လာသည်။

"ရော့၊ ပျိုးရဲ့ ရွှေတွေ၊ လက်ကောက်၊ ဆွဲကြိုးနဲ့ ရွှေခဲလေးတစ်ခဲ ကြည့်လိုက်ဦး၊ စေ့တယ်နော်"

"ရှင် ဟုတ်ကဲ့ပါ အန်တီမာလာ၊ ဘယ့်နဲ့ ပြေလည်တယ် ဟင်"

"အင်း ဆိုပါတော့၊ မောင်စိုးနီက အကြံအဖန် မဆိုးဘူး၊ တော်တယ်၊ ကိုကို မသိခင် ပစ္စည်းတွေပြန်ရွေးထားနိုင်လို့"

ကျွန်မကြောင့် ဖေဖေ သိရှိပြီးသား ဖြစ်နေသည်မို့ ဒေါ်မာလာတင်ကို ကျွန်မမှာ မျက်နှာပူမိသလိုလိုပါ။ သူ သိမထား၍သာ တော်



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"ဘာလုပ်ငန်း လုပ်ကြတာလဲ"ဟူ၍ မေးချင်လှသော်လည်း မိထွေးမို့ မဆွေးနွေးရဲ၊ သူ ပြောသမျှသာ ငြိမ်၍ နားထောင်နေရပါ၏။

"ပျို့တို့ဦးလေးက ကိုကိုတို့လို ရိုးရိုးကြီး မဟုတ်ဘူး၊ အကြံ တော့ အကြံကြီးထဲကပဲ၊ တစ်ချီတစ်မောင်း အလုပ်ဖြစ်လိုက်ရင်တော့ တစ်ခါတည်း သူဌေးဖြစ်ပြီ"

ဒေါ်မာလာတင်က မျှော်လင့်ချက်ကြီးစွာဖြင့် အားပါးတရ ပြော လိုက်သည်။ ဖေဖေ၏ စိန်ရွှေ ရောင်းဝယ်ရေးလုပ်ငန်းကိုလည်း သူ အားရဟန်မတူ။ ဥပဒေနှင့် မလွတ်ကင်းသော ကုန်ပစ္စည်း၊ အကုသိုလ် နှင့် မကင်းသော လုပ်ငန်းများကို ဘယ်သောအခါမှ မလုပ်ကိုင်လို ခြင်းသည် ဖေဖေ၏ ခိုင်မာသော သစ္စာတရားများသာ။

"မသမာနည်းနဲ့ ငွေအများကြီးရတာဟာ ရင်ပူစရာ ကောင်း သလောက် ရိုးရိုးသားသား ရှာဖွေလို့ရတဲ့ ငွေ နည်းနည်းလေးဟာ သိပ်ပြီး ရင်အေးရတယ်၊ မာလာ့တို့၊ သမီးတို့ လောဘမကြီးကြနဲ့ ကွယ်၊ လောကမှာ အေးငြိမ်းချမ်းသာစွာ နေရဖို့ကိုပဲ ဖန်တီးအပ်တယ်"

ဖေဖေ၏ နိယာမ သစ္စာတရားကို ဒေါ်မာလာတင် မခံယူလို

ဖေဖေနှင့် စိတ်ချင်းမညီ၊ အတွေးအခေါ်ချင်းမတူ။ ငွေသည်သာ လူတစ်ယောက်၏ စိတ်ချမ်းသာမှု၊ ကိုယ်ချမ်းသာမှုကို ပေးစွမ်းနိုင်ေ သည်၊ ငွေနှင့်ဖန်တီးလျှင် လောကကြီး၌ အားလုံး ပြီးပြည့်စုံပါသည် ဒေါ်မာလာတင်က ခံယူထားသည့်သူ။

"ဒီမှာ ပျို့အတွက် အလတ်စတစ်စ ငါးတောင့်ထွာ ဝယ်လာ တယ်၊ ဝမ်းဆက်စား၊ ရွှေဝါရောင်ကို ကျေးဇူးဆပ်တာ"

ကျွန်မဖေဖေနှင့် ဒေါ်မာလာတင်တို့၏ မတူညီသော ခံယူချက် များအကြောင်း စဉ်းစားနေမိစဉ် ဒေါ်မာလာတင်က ရယ်ရယ်မော ပြောပြီး ကျွန်မလက်သို့ အထုပ်တစ်ထုပ် အပ်သည်။

"ဟာ ရပါတယ်၊ ပျို့ မယူပါဘူး၊ ညီမလေးသာ ပေးလိုက် အန်တီတို့၊ ဦးဦးတို့ အလုပ် ဖြစ်တယ်ဆိုရင် ပျို့ ဝမ်းသာလှပါပြီရှင်"

"မိမျိုးဖို့လည်း ဝယ်ပြီးပါပြီ၊ ဆင်တူပဲ၊ ယူပါ ပျို့"





ကျွန်မ မငြင်းတော့ပါ။

"အန်တီနဲ့ မောင်စိုးနီနဲ့ အလုပ်လုပ်ကြတာ ကိုကို သိမှာ သိပ် စိုးရိမ်တာပဲ၊ ပြဿနာပေါ်လာရင်လည်း ပျို့က ဖုံးဖိပေးပါနော်"

"ဟုတ်ကဲ့ပါ အန်တီမာလာ၊ ဘာပဲဖြစ်ဖြစ် သူစိမ်းနဲ့ အလုပ် လုပ်တာနဲ့စာရင် သူ့ညီနဲ့ အလုပ်လုပ်တာမို့ ဖေဖေက သိသွားရင်တောင် ခွင့်လွှတ်မှာပါ"

"အမယ်လေး မထင်နဲ့၊ ကိုကိုက မောင်စိုးနီကိုဆိုရင် နည်း နည်းလေးမှ အထင်ကြီးတာ မဟုတ်ဘူး"

ကျွန်မ ဘာမှ မပြောတော့ပါ။ ဒေါ်မာလာတင် ပြန်ထွက်သွား သည့်တိုင် ကျွန်မ ငေးငိုင်နေမိဆဲပါ။

သည့်နောက်ပိုင်းရက်များတွင်...

ကျွန်မ၏ နောက်ဆုံးနှစ်စာမေးပွဲလည်း နီးကပ်နေပြီမို့ ကျွန်မ ၏ ခေါင်းထဲတွင်...

၁၇၅၂ ခုနှစ်မှ ၁၈၈၅ ခုနှစ်အတွင်း ရှင်သန်ခဲ့သော ကုန်းဘောင် ခေတ်ဦး ခေတ်နှောင်းပိုင်းမှ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ အခွန် စနစ်များ၊ လူတန်းစားခွဲခြားမှုများမှအစ အလောင်းဘုရား၏ တတိယ မြန်မာနိုင်ငံတော်အကြောင်းများမှသည် ၁၈၈၅ ခုနှစ် သီပေါမင်း၏ နောက်ဆုံးနေ့များအကြောင်းကိုလည်းကောင်း၊

၁၉၁၇-၁၈ ခုနှစ်များဆီမှ ရုရှားပြည်၏ ဘော်ရှီဗစ် ခေါင်း ဆောင်များ လှုပ်ရှားမှုသမိုင်း၊ လီနင်၏ စွမ်းဆောင်မှုများ၊ တပ်နီတော်၏ ဆောင်ရွက်ချက်များ စသည်ကိုလည်းကောင်း၊

ဂျပန်ပြည်၏ ဖက်ဆစ်ဝါဒကို သဘောတရားရေးဆိုင်ရာဖြင့် ဝါဒချပေးခဲ့သူ ကီးတာအစ်ကီး(Kita Ikki)နှင့် ဂွန်ဒိုးဆေးကျို(Gondo Sei Kyo)တို့ အကြောင်းများမှ အစ်ကီးပြုစုသည့် စာပေကို ဖက်ဆစ်ဝါဒ ပြန့်ပွားလာပုံအကြောင်းအရာများနှင့် တခြားသော သမိုင်းဆိုင်ရာ အထောက်အထား များစွာကိုလည်းကောင်း၊

ရေးဖြေ နှုတ်ဖြေများအတွက် ကျွန်မ လေ့လာ ကျက်မှတ်နေရ သည်နှင့် လှုပ်ရှားမှု အပိုင်းများ ရပ်တန့်နေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ စာမေးပွဲစတင်ဖြေဆိုသည့် ဒုတိယနေ့တွင်မှ ဦးဦး တစ်ယောက် ပြန်၍ပေါ်လာခဲ့သည်။

ကျွန်မနှင့်သော်လည်းကောင်း၊ ဒေါ်မာလာတင်နှင့်သော်လည်း ကောင်း ဘာမှ ပြဿနာ မရှိခဲ့သလိုပင် သူ့ အမူအရာက အေးအေး လူလူ။

ဒေါ်မာလာတင်ကိုယ်တိုင် ဦးဦးကို ထမင်းခူး၍ ကျွေးပါ၏။ ထမင်းစားပြီးလေမှ အိမ်ရှေ့ပေါ်တီကိုအောက်တွင်ရပ်နေသော ကျွန်မ ထံ ဦးဦး ရောက်လာပြီး...

"ဒီမှာ ဦးဦးပစ္စည်းလေးကို ဟိုနေ့က မပေးဖြစ်လိုက်တာ ခပ် ကောင်းကောင်း၊ ဒီကောင်တွေနဲ့ဆိုရင် ဈေးနည်းနည်းလေးနဲ့ ထုတ် ဖြစ်ကြမှာ"

"ဦးဦး ဆူရင်လည်း ခံရတော့မှာပဲ"

အပြစ်ရှိသူ ကျွန်မမှာ ကြောက်ရွံ့ခြင်း ကြီးစွာဖြင့် ဦးဦးကို ကြည့်ပြီး မျက်နှာငယ်လေးနှင့် တောင်းပန်ရသည်။

"ဟင် ဘာ...ဘာဖြစ်လဲ၊ ဘယ်သူ လာယူသွားလဲ"

ဦးဦး၏ အမူအရာက ချက်ချင်း ပြောင်းလဲသွားသည်။ သူ၏ ဘုရားရုပ်တုတော် ပျောက်ဆုံးသွားပြီလားဟူ၍ ကြီးမားသော စိုးရိမ် ခြင်းဖြင့် အိန္ဒြေမဆည်နိုင်လောက်အောင် ဖြစ်သွားသည်။

"ဘယ်သူမှ မယူဘူး ငါ့ဆီမှာ"

နောက်ဘက်ဆီမှ ဖေဖေ ဦးစိုးဖြူ၏ အသံကြောင့် ဦးဦး မျက်နှာသိပ်ပျက်သွားသော်လည်း ကျွန်မကမူ ပျော်ပါ၏။ အခက်အခဲ အကျပ်အတည်းအတွင်းမှ ကျွန်မကို ဖေဖေက လာရောက် နှုတ်ယူ ပေးခြင်းကြောင့် ဖြစ်ပါ၏။

ဦးဦးက ငြိမ်နေသည်။ ဖေဖေ ဘာပြောလာမလဲ ဟူ၍သာ သူ စောင့်ဆိုင်းနေပါ၏။

"မင်း တူမက ငါ့ မပြောပါဘူး၊ မင်း ဖုန်းဆက်တဲ့နေ့က မသက်သာလို့ တမင် နားထောင်ပြီး သမီးကို မပေးခိုင်းတာ"

"ခဏ [illegible]ထားတာပဲ"





"အေး ဟုတ်တယ်၊ မင်းပစ္စည်းကို တို့လည်း ယူမထားပါဘူး၊ ငါ ပြောချင်တာက သမီးကို မင်း လာပြီး မပတ်သက်ပါနဲ့၊ မင်းတို့ အသိုင်းအဝိုင်း အရှုပ်အထွေးတွေထဲမှာ ငါ့ သမီးကို မပါခိုင်းပါနဲ့ စိုးနို"

"မပါစေရပါဘူး၊ အခု အပ်ထားတဲ့ ပစ္စည်းကလည်း..."

"ငါ သိပြီးပါပြီ၊ ငါ့သမီး လက်ထဲက ပစ္စည်းဟာ ဘာလဲ၊ ဘယ်လောက် အန္တရာယ်ကြီးသလဲဆိုတာ သိရအောင် ငါ မင်းအထုပ် ကို ဖောက်ကြည့်ပြီးပြီ"

"ဘာတွေ့လဲ"

ဦးဦးက ခပ်ထွေထွေလေး ပြုံးလိုက်ပြီး မေးသည်။

"ဘုရားတစ်ဆူ တွေ့တယ်"

"အင်းပေါ့၊ ဘုရား ယူထားရတာ ကုသိုလ်ဆိုတာတောင် ရ သေးတာပဲ၊ ဘယ်က အန္တရာယ်ရှိရမှာလဲ"

"အေး၊ ဘုရားကို ဘုရားလို ကြည်ညို လေးစားရင်တော့ ကုသိုလ်ရမှာပေါ့၊ ဘုရားကိုမသမာနည်းနဲ့ သိမ်းဆည်းထားတာမျိုး ဆိုရင်တော့..."

"နေပါဦး၊ အဲဒီဘုရားက အခု ဘယ်မှာလဲ"

"ငါ့ဆီမှာ ငါ သိမ်းထားတယ်"

"ဒါဖြင့် ပြီးရောပေါ့လေ၊ ရှေ့လဆန်းလောက်မှ ငါ ပြန်ယူမယ်၊ ခုတော့ ပူဇော်စရာ အိမ် မရှိသေးဘူး၊ မင်းပဲ ရှိခိုးထားနှင့်ဦးပေါ့၊ ဟုတ်လား စိုးဖြူ"

ဖေဖေက ဘာမှမပြောဘဲ အိမ်ထဲသို့ ပြန်ဝင်သွားတော့သည်။ ကျွန်မလည်း ဦးဦးနှင့် မနေခဲ့ရဲ၊ အိမ်ထဲသို့ ဝင်လာခဲ့ရပါ၏။

ဦးဦးရှိရာဆီသို့ ဒေါ်မာလာတင်တစ်ယောက် မယောင်မလည် နှင့် ထွက်သွားပါ၏။ စီးပွားရေးစကားများ၊ စောစောက ပြဿနာ များကို ပြောဆိုနေကြပေလိမ့်မည်ဟု ကျွန်မ တွေးဆမိပါသတည်း။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း[၁၀]

စာမေးပွဲ ဖြေအပြီးတွင် နှစ်စဉ်သွားနေကျ မိတ္ထီလာမှ ဘွားဘွားထံ ကျွန်မ သွားခါနီးတွင် ကျွန်မ၏ ဘကြီးဖြစ်သူ မေမေ၏ အစ်ကိုအရင်း ဘဘဦးမျိုးဇင်ထံသို့ သွားကန်တော့ရပါ၏။ ဘွားဘွားထံသို့ ပေးပို့မည့် ပစ္စည်းများကို ယူဆောင်ပြီး ပြန်ခါနီးသည့်အခါ...

"မောင်စိုးဖြူကတော့ နာမည်နဲ့လိုက်အောင် ဖြူစင် သဘောပြည့်မှာပါပဲ၊ ဒါပေမယ့် ဘဘကတော့ မာလာတင်ကိုရော၊ မောင်စိုးနီကိုရော တယ်ပြီး မသက်ာချင်ဘူး၊ သူတို့နှစ်ယောက်နဲ့ မော်လမြိုင်က ကောင်တစ်ကောင်နဲ့ ပူးပေါင်းသွားလာနေကြတာ မကြာခဏတွေ့ရတယ်၊ အဲဒီကောင်က ဒုစရိုက်နဲ့ အသက်မွေးနေတဲ့သူ၊ အေးလေ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က သတိဝီရိယနဲ့ ကြည့်နေ့ပေါ့"

"သမီးကို စိတ်ချပါ ဘဘ"

"ဘဘရဲ့ တပည့်တစ်ယောက်ကိုလည်း အပ်ထားမယ်၊ သူက အရာရာနဲ့ စပ်တယ်၊ စိတ်လည်းချရတယ်၊ 'ဟန်ထွန်းမြင့်'တဲ့၊ တော်ရုံတန်ရုံ ကိစ္စလေးတွေ အကူအညီ လိုရင်လည်း သူ့ကို ခိုင်းလို့ရနိုင်တယ်၊ နေဦး၊ သမီးနဲ့ ဆုံဖို့ တယ်လီဖုန်းနဲ့ လှမ်းခေါ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ ဘဘ"

သည်သို့ဖြင့် ကိုဟန်ထွန်းမြင့်ဆိုသော သူကို ကျွန်မ စတင်





ဆုံစည်းရပြီးသည့်နောက်တွင် မိတ္ထီလာသို့ ကျွန်မ ရောက်လာခဲ့ရတော့သည်။

ယခုအခေါက်တွင် ဘွားဘွား၏ နားချခြင်းကို ခံခဲ့ရခြင်း ဖြစ်ပါ၏။

လူကြီးများ၏ ရှေ့ရေးတွေးခေါ်မှုနှင့် လူငယ်တို့၏ အနာဂတ်မျှော်လင့်ချက်များက ကွာဟမှုရှိနေကြောင်း ကျွန်မ သုံးသပ်မိပါသည်။

ဘွားဘွား၏ အပြောက ကျွန်မ၏ ကောင်းစားရေး၊ စိတ်ချမ်းသာရေး အတွက် မန္တလေးမှ သူဌေးသားတစ်ယောက်နှင့် လက်ဆက်စေလိုသည်။

ကျွန်မကမူ မေတ္တာ ပေးကမ်းခြင်း၊ ရယူခြင်း ဟူသော တူညီမျှဝေခြင်းများနှင့် အရင်းတည်ထားမှ အိမ်ထောင်ရေးအုတ်မြစ် တည်တံ့လိမ့်မည် ထင်မိသည်။ မေတ္တာ မပါသော အိမ်ထောင်မှု တည်တံ့ခိုင်ကျည်ခြင်း မရှိနိုင်ဟူသော ခံယူချက်များဖြင့် အဘွား၏ စကားကို ကျွန်မ အရေးယူခြင်း မရှိသလို နေလိုက်မိသည်။ အဘွားကမူ အချိန်ပြည့် ကျွန်မကို နားချလျက်ပါ။ မန္တလေးမှ သူဌေးသား ဆိုသူကို ခေါ်ယူမှာကြား၍ ကျွန်မနှင့် တွေ့ဆုံပေးရန် စီစဉ်နေခိုက်...

"ဖေဖေ ခရီးထွက်စရာရှိ၍ သမီး အမြန်ပြန်လာပါ"

ဟူသော စာတစ်စောင်ကို အဝေးပြေးမော်တော်ယာဉ်မှတစ်ဆင့် ကျွန်မ၏ လက်သို့ ရောက်ရှိလာခဲ့တော့သည်။

"ယနေ့ အရေးကြီး၍ သံကြိုးရိုက်ပြီး အကြောင်းကြားလိုက်ရသည်"

ဟု ဆိုလျှင် ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် အကြောင်း ပြန်လည် ပြောပြသော ဒဏ္ဍာရီစကားမျိုး ဖြစ်ပါမည်။

မနှစ်က ကျွန်မကိုယ်တိုင် မိတ္ထီလာမှ အိမ်သို့ ဘယ်နေ့ဘယ်ရက် ပြန်ရောက်မည့်အကြောင်း ရိုက်လိုက်သည့် ကြေးနန်းစာမှာ ကျွန်မ အိမ်ရောက်ပြီး ဆယ်ရက်တိတိ ကြာလေမှ ညကြီးမင်းကြီး အရှေးတကြီး လာနှိုးသည်။ ည၉သန်းခေါင်ကျော် ရောက်လာသည့် ကြေးနန်းစာမို့ တစ်အိမ်လုံး အလန့်တကြား ထကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

ရရှိသည့် ကြေးနန်းစာက လွှန်ခဲ့သည့် ဆယ်ရက်က ကျွန်မ ရိုက်လိုက်သည့် သံကြိုး။

"အမယ်လေး ပေးမယ့်ပေးတော့လည်း ညကြီးမင်းကြီး၊ အခုမှ အရေးကြီးနေလိုက်ကြတာ၊ ရက်စွဲလေးများ သက်ဆိုင်ရာတို့က ဖတ်ကြည့်ကြပါဦး"

ဟု ကျွန်မ ကြေးနန်းဌာနကို မကြေမချမ်း ဟစ်အော်ပြောမိသည်။

ဖေဖေက ယနေ့ခေတ်နှင့်အညီ လိုက်မီစွာဖြင့် အဝေးပြေးကားနှင့် စာပေး၍ ကျွန်မထံ အချိန်မီ ရောက်ရှိလာခြင်း ဖြစ်ပါ၏။

"ပြန်ပို့နေကျ သမီးဦးကြီးပဲ လိုက်ပို့ပေးလိမ့်မယ်၊ မောင်စိုးဖြူ ခရီးထွက်ပြီးလို့ ပြန်လာရင် ဘွားဘွားဆီ ပြန်လာနေဦးနော်၊ ငါ့မြေးကောင်းကိစ္စ ပြီးပြီပဲ"

"ကောင်းပါပြီ ဘွားဘွား၊ သမီး တစ်ခေါက် ပြန်လာခဲ့ပါဦးမယ်"

ဘွားဘွားကို ကတိပေးခဲ့သော်လည်း ယခုအချိန်ထိ ဘွားဘွားထံသို့ ကျွန်မ ပြန်လည်၍ မရောက်ရှိနိုင်သေးပါချေ။

မိတ္ထီလာမှအပြန် အိမ်သို့အရောက်တွင်...

"ဟာ တယ်ထူးဆန်းနေပါလား၊ ဖေဖေ ဒေါ်မာလာတင်တို့နဲ့အတူ ဦးဦးပါ ခရီးထွက်ကြမယ် ဆိုပါလား၊ သိပ် ဆန်းတာပဲ၊ ဘယ်လို ဘယ်လို တွဲမိသွားကြတယ် မသိဘူး"

"အင်းလေ၊ မျိုး စာမေးပွဲဖြေခါနီးမှ သွားကြမယ်တဲ့၊ ဖြို့နေတာယ်၊ ဘာတွေမှန်းလည်း မသိဘူး"

"နေပါဦး၊ ဖေဖေက ဦးဦး ဆိုရင် ဘယ်တော့မှ ကြည်တာမဟုတ်ဘူး၊ မမပျိုး မရှိတုန်း ဘာတွေဖြစ်ကုန်ကြတာလဲ"

"မသိဘူး၊ မျိုး အနားလာတာတောင် မကြိုက်ဘူး၊ ရှုပ်ယှက်ကို ခတ်နေကြတာပဲ၊ သွားကြလာကြ၊ ဖုန်းဆက်ကြနဲ့၊ အလာအများဆုံးကတော့ ဦးသော်ကဆိုတဲ့ လူကြီးပဲ၊ ဘာတွေ ပြောကြတယ်မသိဘူး ညဉ့်နက်မှ ဦးသော်က ပြန်တာ သုံးရက်ဆက်တိုက်ပဲ"

"အဲဒီ ဦးသော်ကနဲ့ အတူ သွားကြမှာတဲ့လား"





"မသိဘူး၊ အိမ်က ကားယူသွားမယ်၊ ဖေဖေတို့ ညီအစ်ကိုနဲ့ မေမေနဲ့ စီးကြမှာတဲ့၊ ဦးဦးက သိပ်အပြောကောင်းတယ် မဟုတ်လား၊ သူ ဘာတွေ ပြောတယ် မသိဘူး၊ ဖေဖေရော မေမေရော တစ်ခါတည်း ကျသွားတာပဲ"

မျိုးမမက သိပ်ကျေနပ်ပုံမရ။

"သမီး ပျိုးကို ဖေဖေ မှာစရာတွေ ရှိတယ်"

သွားခါနီးညက ဖေဖေကိုယ်တိုင် ကျွန်မအခန်းသို့ ရောက်လာသည်။

"ဖေဖေ အလုပ်ကိစ္စ တစ်ခုနဲ့ သူတို့နဲ့ လိုက်သွားဦးမယ်၊ ဖေဖေကတော့ အတိုင်ပင်ခံ၊ အဖော်အဖြစ်နဲ့ လိုက်ရမှာပါ၊ စိုးနီနဲ့ မာလာကတော့ သူတို့ အလုပ်တစ်ခု လုပ်ကြလိမ့်မယ်"

"ဖေဖေပါ ပါသလားဟင်၊ ဘာအလုပ် လုပ်မှာလဲ"

"ဖေဖေက ငွေစိုက်ထုတ်ပေးတယ်၊ သူတို့ လုပ်ကြမှာပါ၊ ဒီမှာ သမီး၊ အိမ်ကို လာစောင့်ရှောက်မယ့် မာလာရဲ့ အစ်မကြီးနဲ့ သမီး ဘည့်အောင်နေနော်"

"သမီးအတွက် အားလုံး စိတ်ချပါ ဖေဖေ၊ ညီမလေးကိုလည်း သမီး အထူး ဂရုစိုက်ပါ့မယ်"

"အေး၊ ဖေဖေလည်း အကြာဆုံး တစ်ပတ်ပါပဲ၊ ဖေဖေ ပြန်လာရင် ဒေါ်နန်းအိမ်ဆီ သွားကြမယ်၊ သမီးရဲ့ ဘွားဘွား အမွေတွေ သမီးကို ရစေချင်တယ်၊ အဲဒီကိစ္စကို ဖေဖေ ပြန်လာတာနဲ့ လုပ်ကြမယ်၊ အချိန်ရရင် ဖေဖေ မိတ္ထီလာဝင်ခဲ့ပြီး သမီး အဘွားနဲ့ ဆွေးနွေးပါဦးမယ်၊ ဖေဖေ ပြန်လာပြီးရင် သမီးနဲ့ ဖေဖေနဲ့ မိတ္ထီလာကို သွားကြမယ်"

ကျွန်မ အိမ်ထောင်ပြုရမည့် အကြောင်းပါ ပါလာ၍ ကျွန်းမ ခေါင်းငုံ့နေလိုက်ရသည်။

"ဩော် သမီး၊ စိုးနီရဲ့ ဘုရားတော့ သမီးဆီမှာ သိမ်းထားလိုက်နော်"

"ဟုတ်ကဲ့ပါ ဖေဖေ"

"အေး သူကတော့ သူပူဇော်မယ့်ဘုရားဟာ သိပ်ပြီး တန်ဖိုးရှိ



www.burmeseclassic.com

www.burmeseclassic.com

ဆိုပဲ၊ ဖေဖေ့ဆီမှာ ရှိတယ်လို့ပဲ ပြောထားလိုက်တယ်"

"ဟုတ်ကဲ့ သမီး သိမ်းထားပါ့မယ် ဖေဖေ"

"အေးအေး ဒါပဲ သမီး၊ လိမ်လိမ်မာမာနဲ့ သတိဝီရိယရှိပါစေ၊ မနက်အစောကြီး ဖေဖေတို့ ထွက်ကြမယ်"

❖ ❖ ❖

ဖေဖေတို့ မိတ္ထီလာဘက်သို့ သွားပြီးနောက် ငါးရက်မြောက်သော နေ့တွင် ကျွန်မတို့ထံသို့ သတင်းဆိုးတစ်ခု ရောက်ရှိလာပါတော့သည်။

မိတ္ထီလာမှ ကျောက်ပန်းတောင်းသို့ အသွားခရီး လမ်းတွင် ဖေဖေတို့၏ ကားမှောက်သည်။

ဦးစိုးနီ ပွဲချင်းပြီး သေဆုံး၍ ဦးစိုးဖြူမှာ ဒဏ်ရာ ပြင်းထန်စွာ ရရှိသည်။ ဒေါ်မာလာတင်ကမူ အတွင်းလူနာဖြစ်လောက်အောင်ပင် ဒဏ်ရာမရ၍ ခင်ပွန်းသည်ကို ပြုစုနေသည်။

"ပျိုး လိုက်လိုက လိုက်လာပါ"

ဟူသော သတင်းစကားကြောင့် ဘဘ ဦးမျိုးဇင်ထံ ခွင့်ပန်ပြီး ပျိုးတစ်ယောက် ကျောက်ပန်းတောင်းဆေးရုံသို့ရောက်ခဲ့ရပါပြီ။

ထိုနေ့က ဦးဦး၏ ရုပ်အလောင်းကို သဂြိုဟ်မည့်နေ့ပါ။

ဒေါ်မာလာတင်က ဆီးငိုသည်။ အိပ်ရာထက်မှ ဖေဖေကမူ ရွဲ့စောင်းပြီးသား နှုတ်ခမ်းများ ပိုမိုရွဲ့သွားအောင် ကျွန်မကို နှုတ်ဆက်သည်။

"သမီ ပျိုး၊ ဘာလို့ လိုက်လာလဲ"

ဖေဖေ၏ အသံက အက်အက်ကွဲကွဲကြီးပါ။ တစ်ကိုယ်လုံး ပတ်တီးများက နေရာအနှံ့။ ဖေဖေက အားယူ၍ အနည်းဆုံး စကားလုံးများဖြင့် ကျွန်မကို...

"သမီး ဦးဦးကို လှလှပပ သဂြိုဟ်လိုက်ကြပါ"

ဖေဖေ၏ မျက်ဝန်း၌ မျက်ရည်များ သီဝဲလာသည်။ အသုဘ ချခါနီး အချိန်တွင်လည်း ဒေါ်မာလာတင်မှာ လိုသည်ထက်ပို၍





ငိုရှာသည်။ လူးလိမ့်မတတ်ပါပင်။

အင်း အပြင်အမြင်မှာတော့ ဒေါ်မာလာတင်တစ်ယောက် မတ်ဖြစ်သူအတွက် အဖြစ်သဲလွန်းသည်ဟု ဆိုချင်စရာပါ။ မတ်တစ်ယောက်အတွက် မရီးတစ်ယောက်၏ မျက်ရည်က အကျူများလွန်းသည်ဟု ထင်မြင် အပြစ်တင်ဖွယ်ရှိသော်လည်း...

"ဦးဦးနဲ့ ဒေါ်မာလာတင်တို့ နှစ်ယောက်တည်း ကြိတ်ပြီး ဘာတွေ ကြံထားကြတယ် မသိဘူး၊ ငွေတွေ ဘယ်လောက် ရင်းထားကြသလဲ ဆိုတာ မခန့်မှန်းနိုင်ဘူး၊ ခုလို ဦးဦး ရုတ်တရက် သေဆုံးသွားတော့ သူ့ခမျာ မရှုနိုင်မကယ်နိုင် ကျန်ရစ်ရှာမှာပဲ"

ဒေါ်မာလာတင်၏ဘက်မှ စာစာနာနာ တွေးရင်း ဦးဦးအတွက် ကျွန်မ မျက်ရည်ကျရပါသည်။

အသုဘကိစ္စ၊ ဆေးဝါးကုသခြင်းကိစ္စများ ပြီးဆုံးသည့်အခါ ကျွန်မတို့ ရန်ကုန်သို့ ပြန်ခဲ့ကြပါသည်။ ဖေဖေ၏ အိုပါယ်လ်ကားကိုမူ ဆွဲ၍ ယူရပါမည်။ ကျွန်မတို့ တခြားကားငှား၍ ရန်ကုန်သို့ အမြန်ပြန်ခဲ့ကြပါသည်။

ရန်ကုန်ရောက်ပြီး နောက်တွင် ဒေါ်မာလာတင်၏ မိတ်ဆွေ ဆရာဝန်ကို အိမ်ပင့်၍ ပြသည်။

ဦးစိုးဖြူ၏ အာရုံကြောများထိခိုက်သွားသည်။ အနားယူ အပမ်းဖြေပါဟူသော အကြံပေးချက်ဖြင့်၊ မျိုးလည်း စာမေးပွဲဖြေပြီး၍ ကျွန်မတို့ မိသားစုလေးဦး...

ပုဂံမြို့၏ အလှကျက်သရေတို့ စုဝေးရာ သီရိပစ္စယာဟိုတယ်သို့ ရောက်ရှိလာခဲ့ကြခြင်း ဖြစ်ပါ၏။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ သီရိပစ္စယာ၏ မိတ်ဆွေသစ် ကိုမင်းထိုက်ကို ကျွန်မ၏ လာရာလမ်းခရီးအကြောင်း အသေးစိတ် ပြောပြမိပါသော်လည်း...

ကျွန်မ၏ထံတွင် ဦးဦး အပ်နှံခဲ့ဖူးသော ဆင်းတုတော်တစ်ဆူ၏ အကြောင်းကိုဖြင့် ထည့်သွင်း ပြောကြားမိခြင်း မရှိခဲ့ပါ။ ကျွန်မ လက်ဝယ်ရှိနေသည့် အကြောင်းကိုလည်း မည်သူမှ မသိစေချင်ပါ။ ဖေဖေကလည်း မပြောရန် မှာထားသဖြင့် ထိန်ချန် လျှို့ဝှက်ထားနေမိဆဲပါတည်း။

❖ ❖ ❖





## အခန်း[၁၁]

"ပျိုးရဲ့အကြောင်းက ဇာတ်အိုင်ကြီးပါနော်၊ စိတ်ဝင်စားစရာလည်း မကောင်းဘူး၊ ကိုမင်းထိုက်တော့ နားထောင်ရတာ ပျင်းသွားပြီလားပဲ"

"ဟာ မပျင်းပါဘူး ပျိုးရယ်၊ ကျွန်တော် ထင်တယ်လေ၊ ပျိုးရဲ့ ဇာတ်လမ်းဟာ အခြေခံပဲ၊ ဇာတ်ပျိုးရုံပဲ၊ နောက်ထပ် ဆက်လာစရာတွေ အများကြီး ရှိနိုင်သေးတယ်လို့ ကျွန်တော် ထင်မိတယ်"

"ပျိုးကတော့ ဖေဖေ မြန်မြန် နေကောင်းစေချင်တာပါပဲ"

"ဒါနဲ့ ပျိုးတို့ ဖေဖေ ကားမှောက်တုန်းက ကားထဲမှာ ဘယ်သူတွေ ပါသေးလဲ"

"ဖေဖေတို့ သုံးယောက်အပြင် ဦးသော်ကရဲ့ တပည့် တစ်ယောက်လည်း ပါသေးတယ်တဲ့"

"အဲဒီ လူရော"

"မသိဘူး၊ ရှိမှာပေါ့၊ သူက အပြင်လူနာအဖြစ် ဆေးထည့်ရုံလို့ ပြောပါတယ်"

"ပျိုး ဦးဦးရဲ့ အလောင်းကို ပျိုး တွေ့လိုက်ရသေးလား"

"တွေ့ရပါတယ်၊ အသုဘ ချမယ့်နေ့ ပျိုး ရောက်ပါတယ်၊ ရုပ်နာစိမ်းညှော်သည်ပေမယ့် အားလုံး ဝိုင်းကူညီကြပါတယ်၊ ဘာဖြစ်လို့လဲဟင် ကိုမင်းထိုက်"



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းထိုက် နက်နဲသောအတွေးမျက်နှာကို မီးရောင်အောက်တွင် ကျွန်မ မြင်ရပါ၍ အံ့ဩသလို မေးမိသည်။

"ဪ ကျွန်တော်က စုံထောက်ဆန်ဆန် တွေးနေမိလို့ပါ။ ပျိုးတို့ ဦးဦးဟာ သိပ်ပြီး လည်ပတ်ရှုပ်ထွေးတယ် မဟုတ်လား၊ သူ သေပြီဆိုပြီး တခြား တစ်ယောက်ရဲ့ အလောင်းကို သက်သေထူပြီး သူက ဘဝပျောက်လိုက်မယ့်အဖြစ်မျိုးများ လုပ်ပြီး တခြား ထွက်သွားမလားလို့ တွေးမိလို့ပါ"

"ဟာ ဒါတော့ ကိုမင်းထိုက် အတွေးလွန်တာပါ၊ ဦးဦးဟာ ကိုယ်ရောင်မဖျောက်သေးပါဘူး၊ သူ့မှာ သိပ်အရေးကြီးတဲ့ ပြဿနာတွေ ရှိနေသေးတယ်၊ ပြီးတော့လည်း သင်္ဂြိုဟ်ခါနီး ဦးဦးရဲ့အလောင်းကို ပျိုးကိုယ်တိုင် ကြည့်ခဲ့ရတာပါ၊ ဦးဦးမှ ဦးဦးအစစ်ပါ၊ ဖေဖေနဲ့က အမြွှာညီအစ်ကိုဆိုပေမယ့် ရုပ်ချင်းက ခွဲခြားလို့ရပါတယ်၊ ဖေဖေက ဆံပင်မဖြူဘဲ မျက်မှန်အထူကြီး တပ်ရတယ်"

"အဟဲ၊ ကျွန်တော် အတွေးလွန်သွားတာပါ၊ ပျိုးကိုယ်တိုင် ပျိုးရဲ့ ဦးဦးအလောင်းကို မြင်လိုက်ရတယ်ဆိုရင် ပြီးတာပါပဲ"

"ဟုတ်ပါတယ်၊ ဦးဦးရဲ့ တစ်ယောက်တည်းသော အရင်းနှီးဆုံး ဆွေမျိုးဟာ ဖေဖေကလွဲရင် ပျိုးပါ၊ ဦးဦးဟာ ဘယ်လိုပဲ ဆိုးတယ်ဆိုပေမယ့် ပျိုးကိုတော့ သူ ချစ်ရှာပါတယ်၊ အင်း သူ့ဘဝ တစ်ခုတော့ ပြီးပြတ်သွားပြီပေါ့လေ"

"ပြီးပြတ်ရင်တော့ ကောင်းပါရဲ့၊ ပျိုးတို့ဆီပါ ဆက်ပြီး သူ့ ပြဿနာတွေ လိုက်လာမှာ ကျွန်တော် စိုးရိမ်မိတယ်"

"မတတ်နိုင်ဘူး၊ ကိုမင်းထိုက်ရယ်၊ ပျိုးလည်း စိတ်ညစ်လာပြီ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော် ကူညီပါရစေ"

"ကျေးဇူးတင်ပါတယ် ကိုမင်းထိုက်၊ ဒါပေမယ့် ဦးဦး ရှုပ်ထွေးခဲ့တဲ့ ပြဿနာ မြားဦးဟာ လာခြင်းလာရင် ပျိုးဆီ လာမှာ မဟုတ်ပါဘူး၊ ဖေဖေတို့ဆီပဲ သွားမှာပါ"

"အင်းလေ၊ ဖြစ်လာတော့မှ ကြည့်ရှင်းကြတာပေါ့၊ ကျွန်တော်ကတော့ ပျိုးကို ကူညီချင်နေတဲ့သူပါလို့သာ ပျိုး သတိမှတ်ထားပါ





ဒါနဲ့ ကျိန်စာဆိုတာကို ပျိုး အယုံအကြည်ရှိလား"

"ကျိန်စာ..."

"ဟုတ်တယ်၊ ဒီနှစ်ဆယ်ရာစု နောက်ပိုင်း နှစ်တွေမှာတော့ ကျိန်စာတို့၊ မှော်အထာတို့၊ ပြုစားခြင်းတို့ ဆိုတာတွေကို လူတွေက သိပ်မယုံကြတော့ဘူး၊ ဒါပေမယ့် ရှိခဲ့တယ်၊ တစ်ချိန်က ကျိန်ခဲ့တဲ့ ကျိန်စာတွေဟာ ထိုက်ထိုက်တန်တန်ထိခိုက်တာ တွေ့ဖူးတယ်၊ ဗဟုသုတ အဖြစ် ပျိုးကို ပြောပြရဦးမယ်"

ကိုမင်းထိုက်၏ ဆန်းသစ်သော စကားရပ်ကြောင့် ကျွန်မ စိတ်ဝင်စားစွာ နားထောင်နေမိသည်။

"ပုဂံခေတ်တုန်းက မင်းမှအစပြုပြီး လုပ်သားပြည်သူအားလုံး လယ်လုပ်သား၊ ယာခုတ်သမားပါမကျန် ဘုရားတည်ကြတယ် ပျိုးရဲ့၊ အဲဒီလိုတည်ပြီးရင် ကိုယ်တည်တဲ့ ဘုရားကို ဖျက်ဆီးခိုးယူသူများ မရှိရလေအောင် ရက်စက်တဲ့ကျိန်စာတွေ တိုက်ခဲ့ကြတယ်"

ကိုမင်းထိုက်၏စကားကြောင့် ပုဂံခေတ်က လက်ရာဟု ယူဆရသော ဦးဦး၏ မြစိမ်းရောင် ဆင်းတုတော်တစ်ဆူ ကျွန်မလက်ဝယ် ကျန်ရစ်နေကြောင်း ချက်ချင်းလိုပင် ကျွန်မ သတိရလာမိသည်။

"သက္ကရာဇ် ၅၅၉ ခုနှစ်မှာ နန်းတက်တဲ့ ဇေယျာသိင်္ခ နန်းတောင်းများမင်း လက်ထက်မှာ ဂူဘုရား စေတီတော် ကျောင်းများနဲ့ ဆင်းတုတော်များကို ပူဇော်လှူဒါန်းပြီး 'စောမင်းလတ်'က ကျိန်စာ ဆိုခဲ့တယ် ပျိုး"

"ဘယ်လို ဆိုခဲ့သလဲရှင်"

"ဤ ငါလှူသော အလှူကို လုယက်ဖျက်ဆီးသောသူကား ဤလှူလက်ထက်လည်း အပြစ်ရှစ်ပါး ရောက်စေသတည်း၊ ခန္ဓာပျက်၍ သေခဲ့သော်လည်း သဉ္ဇိုင်ငရဲ၊ ကာလသုတ်ငရဲ၊ တာပနငရဲ၊ မဟာတာပနငရဲ၊ သင်္ဃာတငရဲ၊ ယောယုဝငရဲ၊ မဟာယောယုဝငရဲ၊ အဝီစိငရဲ ဤကဲ့သို့ ငရဲတို့၌ ဒေဝဒတ်ခံ၏။

ဒေဝဒတ်ခံထက် အဆအရာ အဆအထောင် အဆအသောင်း အဆအသိန်း တပြောင်းပြန်ပြန် ခံစေသတည်းတဲ့ ပျိုးရေ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေ' ကျိန်စာကြီးက ကြောက်စရာကောင်းလိုက်တာ"

ကျွန်မ လက်ဝယ်ရှိနေသော ဆင်းတုတော်မှာ ပုဂံခေတ်ရဲ့ ကျိန်စာရှင် အမျိုးသမီးကြီး စောမင်းလတ် လှူခဲ့သော ဆင်းတုတော်များ ဖြစ်နေမှဖြင့်၊ ဘုရား...ဘုရား ဒုက္ခပါပဲ။

"သက္ကရာဇ် ၄၉၆ ခုနှစ်လောက်မှာ အထောလတ် ရေးထိုးခဲ့တဲ့ ကျိန်စာကတော့...

ဤ ငါ့ဘုရားကျွန်၊ နွား၊ လယ်၊ ဥယျာဉ်၊ ကန်၊ ငါ့ကျောင်း၊ ငါ့ဘုရား မသိဘဲ စေရစ် ဖျက်ရစ်သော သားမြေးတို့ကား စားသော ထမင်း၊ ဟင်း၊ သောက်သောရေ၊ နေသောအိမ် အဆိပ်ဖြစ်စေတဲ့"

"ဟင် ဒုက္ခပါပဲ၊ ကြောက်စရာကြီး၊ ဒါကြောင့် ဘယ်သူမှ မဖျက်ဆီးဝံ့လို့ ပုဂံ ဘုရားတွေ ခုလောက် ကြာရှည် ခံနေတာလားပဲနော်"

"ပုဂံခေတ်ကပုဂံသားတွေသာ ကြောက်မှာပါ ပျိုးရယ်၊ နှောင်းလူတွေကတော့ အယုံအကြည် နည်းကုန်ပြီလေ၊ အဲ ပြောလက်စနဲ့ 'အစောကြွမ်း'ဆိုသူ ရေးထိုးခဲ့တဲ့ ကျိန်စာကို ဆက်ပြောပါရစေ၊ သူ့အလှူဒါနကို ဖျက်ဆီးသူတွေအတွက်...

ဤ အတို့စကြာဝဠာ စသော စကြဝဠာတသောင်းသောတွင် အရင်သူကား မဖြစ်ရစေသတည်း။

ထို စကြဝဠာဌာနတစ်ပါးသောတွင်လည်း သူကောင်း မဖြစ်မူ၍ ခွေး၊ ဝက်၊ တိရစ္ဆာန် အဖြစ်နှင်နှင် ဖြစ်စေသတည်း။

ထိုမြို့နောက်မှ ဖြစ်လတ်အံ့သော ဘုရားတို့ ချွတ်မူလည်း မကျွတ်စေသတည်းတဲ့"

"အဲဒါတွေက သူတို့ရေးထိုးထားတဲ့ ကျောက်စာတွေက ကောက်နုတ်ချက်တွေပဲ၊ ပျိုး စိတ်ဝင်စားရဲ့လားတော့ မသိဘူး၊ ကျွန်တော်ကတော့ မမှုကထိက တစ်ယောက်လို လျှောက်ရွတ်ပြနေမိပြီ"

"ပျိုးက သမိုင်းလိုက်စားသူမို့လား မသိဘူး၊ စိတ်ဝင်စားပါတယ်၊ အပြင်လူတွေအနေနဲ့ စိတ်မဝင်စားသည့်တိုင် ပုဂံသူပုဂံသားတွေ ဒီလို ဒီလို ကျိန်ဆိုခဲ့ပါလားဆိုတာ ဗဟုသုတအဖြစ် ကြားဖူးသင့်ပါတယ်နော်"





"ဒါဆို ကျွန်တော် ပြောရကျိုးနပ်ပါပြီ၊ ရာဇကုမာရဲ့ ကျောက်စာကိုတော့ ပျိုး သိမှာပေါ့"

"သိပါတယ် ကိုမင်းထိုက်၊ မပြန်ခင်တောင် အဲဒီကျောက်စာတိုင်ကို သွားကြည့်ဦးမလို့၊ ငလျင်ဒဏ် ခံရပေမယ့် ရာဇကုမာရဲ့ မြင်းကပါအရပ်က မြစေတီဘုရားကတော့ ပြင်လို့ပြီးသွားပြီလို့ ပြောပါတယ်"

"ဟုတ်တယ်၊ ပျက်သွားတဲ့ မနုဟာဘုရားရယ်၊ မြစေတီဘုရားရယ် သွားဖူးရင်း ဗီးကွက်စိန်ကိုပါ သွားကြည့်ကြရအောင် ပျိုး သွားဖြစ်ရင် ကျွန်တော်လည်း လိုက်ခဲ့ပါရစေ"

"ကြိုရင်လည်း ဆုံပြီး သွားကြတာပေါ့လေ၊ အဲဒီရာဇကုမာရဲ့ သက္ကရာဇ် ၄၄၆ ခုနှစ်က သူ့ဖခင် ကျန်စစ်သားမင်းကြီး ကျန်းမာဖို့အတွက် ရွှေသားဆင်းတုလှူဒါန်းပြီး ရေးထိုးခဲ့တဲ့ ကျောက်စာဟာလည်း ကျိန်စာတစ်မျိုးအဖြစ် သတ်မှတ်ရင် ရမလားပဲနော်"

"ဘာကြောင့်လဲ ပျိုး"

*"ကျွန်ုပ် တည်ထားကိုးကွယ်ခဲ့သော စေတီတော်မြတ်ကို ဖျက်ဆီးသော သူတို့သည် အရိမေတ္တေယျမှလွဲပြီး မဖူးတွေ့ရပါစေသား။*

*ကုသိုလ် ပါဝင် ပြုပြင်သော သူတို့သည် ငါနှင့် ထပ်တူထင်မျှ ရ၍ အရိမေတ္တေယျဘုရားအား လက်ဦးစွာ ဖူးရပါစေသား...*

လို့ ဆိုခဲ့တယ်၊ အထောလတ်တို့၊ အစောကြွမ်းတို့ ကျိန်စာလို မရက်စက်ပေမယ့် ကျိန်စာတစ်မျိုးပါပဲ၊ ဒီမင်းသားလေးက ဖခင်ပေါ်မှာလည်း ကြီးမားတဲ့ မေတ္တာရှိလေတော့ စိတ်နှလုံး ကောင်းတယ် ထင်ပါရဲ့၊ ဒီပြင် ကျောက်စာတွေလို ကျိန်စာချည်း မဟုတ်ဘဲ သူ့ဘုရားကို ပြုပြင်မွမ်းမံသူတွေ အတွက် သူနဲ့ ထပ်တူ ကုသိုလ်ရပါစေသားလို့ ရေးထိုးထားတာ အတော့်ကို ချစ်စရာ ကောင်းတယ်နော် ကိုမင်းထိုက်"

"ဒါဆိုရင် ရာဇကုမာရမင်းသားနဲ့ အတူတူ ကုသိုလ်ထပ်တူရ



www.burmeseclassic.com

www.burmeseclassic.com



မယ့် သူကတော့ ကိုရာဇသူပဲ”

“ကိုရာဇသူကိုလည်း သိတယ်လား”

“ကြားဖူးတာပါ၊ ပုဂံဘုရားတွေ လာပြင်တဲ့ အင်ဂျင်နီယာ ဆို တော့ အရိုမေတ္တယျ မြတ်စွာဘုရားကို လက်ဦးစွာ ဖူးတွေ့ရမယ့်သူ ဖြစ်မှာပေါ့”

ကိုမင်းထိုက်က ရယ်ရွှင်၍ ပြောသော်လည်း ကျွန်မ မရယ်မော နိုင်ပါချေ။ ပုဂံခေတ် ကျိန်စာများ အကြောင်းကိုလည်း တွေးမိရင်း ကျွန်မ လက်ဝယ်တွင် ရှိနေသော ဆင်းတုတော် ကိစ္စကို ဖေဖေနှင့် တိုင်ပင်ပြီး ဤပုဂံမြို့မှာ လှူခဲ့တော့မည်ဟူ၍ ကျွန်မ သန္နိဋ္ဌာန်ချလိုက် မိပါတော့သည်။

ထိုညက ကိုမင်းထိုက် ပြန်သွားသည့်တိုင် ကျွန်မ၏ စိတ်ဝယ် ကိုမင်းထိုက်နှင့် ပတ်သက်သော အကြောင်းအရာများကို တွေးနေမိဆဲ ပါတကား။

❖ ❖ ❖





## အခန်း[၁၂]

ဓာတ်ပုံဆရာကိုဟန်ထွန်းမြင့်၏ ရိုက်ချက်များက တစ်ကွက်ပြီး တစ်ကွက်။

မျိုး၏အလှည့်အပြီး သူ့အကျီလုံချည် တစ်မျိုး သွား၍ လဲ လှယ်နေခိုက် ကိုဟန်ထွန်းမြင့်က…

“ဘယ်နဲ့ မျိုး၊ ဟိုပန်းချီဆရာက အချိန်ပြည့် မျိုးနား ကပ်နေ ပါလား၊ သူ့နာမည် ဘယ်သူတဲ့လဲ၊ သူ့အလုပ်က ဘာလဲ၊ သူ့ဆီက ဘာတွေ သိရသလဲ ပြောပါဦး”

“သူ့နာမည် ကိုမင်းထိုက်၊ မန္တလေးက ဝါသနာအရ ပန်းချီ ဆွဲဖို့ ပုဂံမြို့ကို ရောက်လာတဲ့ ဘွဲ့ရပြီးသား သူဌေးသား၊ မျိုး ဒါ လောက်ပဲ သိပါတယ်၊ သူကတော့ အတော်ပဲ သိမြင်နှံ့စပ်သူ တစ် ယောက်ပါ”

ကိုရာဇသူသည် အင်ဂျင်နီယာတစ်ယောက်ပါ ဆိုသည်ကအစ ပုဂံခေတ်အတွင်းက ကျိန်စာရေးထိုးခဲ့သည့် ခုနှစ်သက္ကရာဇ်များကိုပါ သိသော ကိုမင်းထိုက်။

“သူ မနေ့ နေ့လယ်ပိုင်းက ကိုယ့်ကို လာမိတ်ဖွဲ့တယ်၊ သူ ဟာ မန္တလေးမြို့က အထည်စက်နဲ့ တောင်မြို့မှာ ရက်ကန်းစင်တွေ ထောင်ထားတဲ့ သူဌေးဦးရိုးမောင်ရဲ့သား ဖြစ်ပါတယ်၊ မိတ္ထီလာမြို့ မှာ နေကြတဲ့ ဝမ်းတွင်းမြို့ ဓာတီသူ ဒေါ်နန်းအိမ်ဟာ သူ့မိဘများရဲ့



www.burmeseclassic.com

www.burmeseclassic.com



အရင်းနှီး ဆုံး၊ အခင်မင်ဆုံး မိတ်ဆွေပါတဲ့၊ အဲဒါ ဒေါ်နန်းအိမ်ဆိုတာ"

"အဲ...အဲဒါ ပျိုးရဲ့ အဘွားပေါ့"

"ဒါဖြင့် ပျိုးနဲ့ ကိုယ်နဲ့ ဆက်သွယ်တယ်ဆိုတာများ သူ သိနေပြီလားပဲ၊ တမင် ဒီနာမည်ကို ထည့်ပြောတာများလားပဲ၊ ပျိုး ကိုရော ဘာပြောလဲ"

"ဟင့်အင်း၊ ဘာမှ မပြောဘူး၊ ပျိုး သူ့ဆီက သိရတာ စော စောက ပြောတဲ့ အကြောင်းပါပဲ"

"ဟော ဟိုမှာ ဒေါ်မာလာတင်နဲ့ ပျိုးဖေဖေ လာနေကြပြီ ကိုယ် ညောင်ဦးမြို့က ဦးဖုးညိုရဲ့ တည်းခိုရိပ်သာမှာ အမြဲလို ရှိ တယ်၊ ဒီကိုလည်း လာခဲ့မယ်၊ သွားတော့၊ ဩော် မင်းထိုက်ကို သတိ ထားနော် ပျိုး"

ကိုဟန်ထွန်းမြင့်က ကင်မရာကို လွယ်လျက် တစ်ဖက်သို့ မသိ သလို လှည့်ကြည့်နေတော့သည်။

"မန္တလေးမြို့က သူဌေး ဦးရိုးမောင်ရဲ့ သား"

"ဒါဖြင့် ကိုမင်းထိုက်ဆိုတဲ့လူဟာ ငါ့အတွက် အဘွား ဒေါ် နန်းအိမ် ရွေးချယ်ထားတဲ့ လူများလားကွယ်၊ တိုက်ဆိုင်လိုက်တာ"

"ကိုမင်းထိုက် ဆိုတာ ဘယ်လို လူပါလိမ့်နော်"

ယင်းအတွေးများနှင့်အတူ လမ်းလျှောက်လာကြသော ဖေဖေ နှင့် ဒေါ်မာလာတင်တို့ထံသို့ ကျွန်မ မျက်နှာချင်းဆိုင် လျှောက်သွား ရသည်။ ဖေဖေ့ကို ကူတွဲရပါ၏။

"ဘယ်သူလဲ"

ကိုဟန်ထွန်းမြင့်ကို တုတ်ကြီးနှင့်ညွှန်ပြီး မေးသည်။ ဖေဖေ စကားပြောလေတိုင်း ကျွန်မ စိတ်မကောင်းပါ။ ပါးစပ်ကြီး ရွဲ့ပြီး အသံက လုံး၍ ထွက်လာသည်။

"သမီးနဲ့ မျိုးနဲ့ ဓာတ်ပုံရိုက်နေကြတဲ့ ဓာတ်ပုံဆရာပါ"

"မရိုက်နဲ့တော့"

"ဟုတ်ကဲ့ပါ ဖေဖေ"

"အိန္ဒြေရရ ငြိမ်ငြိမ်နေကြစမ်းပါ၊ အန္တရာယ်က ရှိနေတယ်"





သမီး ကြီး ပျိုး ဖေဖေပြောတာ နားလည်လား"

"ဟုတ်ကဲ့ပါ ဖေဖေ၊ သမီး နားလည်ပါတယ်"

ဖေဖေက မပီသသော စကားလုံးများကို အားယူ၍ ပြော ရရှာသည်။ ဖေဖေ၏ အဖြစ်ကိုမြင်လေတိုင်း ကျွန်မမှာ ရင်နာမဆုံး နိုင်။ ရုပ်ပျက်ဆင်းပျက် မဟုတ်သည့်တိုင် ကိုယ်အင်္ဂါ ချို့ယွင်းနေ သော ဒုက္ခိတကြီးတစ်ဦးလို ဖြစ်နေရသည်မှာ ဒေါ်မာလာတင်၏ လောဘဇောကြောင့်သာပါ။ သွားလေသူ ဦးဦးကိုဖြင့် အပြစ်မတင် လိုတော့ပါ။ သေဆုံးနှင့်ပြီးသူပေါ်တွင် ခွင့်လွှတ်ရပါတော့မည်။

ကျွန်မနှင့် ဒေါ်မာလာတင်တို့၏အလယ်တွင် ဖေဖေက မနည်း အားခဲ၍ လျှောက်နေရရှာသည်။ ဖေဖေသည် ကားမှောက်သည့် ဒဏ်ကြောင့် ဆေးရုံတက်ရပြီး ကတည်းက ကျန်းမာရေး များစွာ ချို့တဲ့ ပိန်လှီသွားရှာ၏။

"မာလာ၊ သမီး မျိုး ဟို ဓာတ်ပုံဆရာဆီ သွားနေပြီ၊ သွား ခေါ်ခဲ့"

မျိုးမျိုးကား အဝတ်အစားလဲပြီး သဲသောင်ပြင်၏ အပေါ်ဆင့် ကမ်းပါးယံမှ ကျွန်မတို့ကို မမြင်ဘဲ ကိုဟန်ထွန်းမြင့်ဆီသို့ လျှောက် သွားနေသည်။ ဒေါ်မာလာတင်က ဖေဖေ့ကို ကျွန်မနှင့် နှစ်ယောက် တည်း မထားခဲ့လိုသော်လည်း မနေသာ၍ ထွက်သွားရသည်။

"မာလာက ဖေဖေတို့ အကြောင်းတွေ သမီးကို ပြောပြမှာ စိုးရိမ်နေတယ် သမီး"

"ဖေဖေရယ် ဖေဖေတို့ ဘာတွေ ဖြစ်နေကြတာလဲဟင်"

"မမေးနဲ့ သမီး၊ ဟိုကောင် ဒုက္ခပေးခဲ့တာတွေပေါ့၊ ဖေဖေလည်း ယုံမိတာ မှားတယ်၊ မာလာကိုလည်း ဖေဖေ စိတ်နဲ့မတွေ့ပါဘူး၊ ဒါပေမယ့် သမီးရယ်၊ ဟော ပြန်လာနေပြီ၊ ဒီမှာ သမီး"

"ဖေဖေ"

အချိန်နှောင်းသွားခဲ့ပါပြီ။ ဒေါ်မာလာတင် အနားသို့ ပြန်ရောက် လာချေပြီ။ ဤအမျိုးသမီး ဘာဖြစ်နေမှန်းမသိ၊ ကျွန်မနှင့် ဖေဖေကို အနီးစပ်မခံ၊ ဖေဖေနှင့် ကျွန်မ တစ်ခုခု ပြောကြဆိုကြမည်ကို အလွန်

www.burmeseclassic.com



စိုးရိမ်နေပုံရသည်။

ဖေဖေကရှေ့ဆက် မသွားတော့။ နောက်ကြောင်းပြန်လှည့်ပြီး တည်းခိုဆောင်သို့ ပြန်သည်။ ဖေဖေကလည်း မနှင်၊ ဒေါ်မာလာတင်ကလည်း မပြောသာ၍ ကျွန်မ ဖေဖေ့ အနားမှ ကပ်၍ လိုက်ခဲ့မိသည်။

မျိုးကမူ သူ အပြည့် ပြင်ဆင်ပြီးမှ ဓာတ်ပုံမရိုက်ရဟု ဆို၍ မျက်နှာစု၍ ခြေဆောင့်ပြီး ရှေ့က သွားနှင့်တော့သည်။

"ဖေဖေတို့ ဟိုဘက်ခန်းမှာ ဧည့်သည်တွေ ရောက်နေပြီနော်"

လူသစ် ဧည့်သည်များဆီသို့ ဒေါ်မာလာတင်က စိုးရိမ်တကြီး လှမ်းကြည့်သည်။ လူရိပ်များ၊ လှမ်းထားသည့် အဝတ်များကိုသာ မြင်ရသည်။ ဘယ်သူဘယ်ဝါဟူ၍ သဲကွဲပီပြင်စွာ မမြင်ရ။

"မာလာ ကိုယ့်ရှူဆေးဘူး ခေါင်းအုံးအောက်မှာ ရှိတယ်၊ တွေ့အောင် ရှာပေးစမ်းပါ၊ ခေါင်းမူးလို့"

ဒေါ်မာလာတင်နှင့် ကျွန်မကို ခွဲထုတ်မှန်းသိသော်လည်း ငြင်း၍ မရသဖြင့် ဒေါ်မာလာတင် ဝင်သွားသည်နှင့်...

"သမီး ဖေဖေ့ကို ဘာပြောချင်လဲ၊ မြန်မြန်ပြော"

"ဟိုဘုရား သမီးလက်ထဲမှာ မထားရဲဘူး၊ ကြောက်တယ်"

"ဘယ်ဘုရားလဲ"

"ဦးဦးအပ်ခဲ့တဲ့ ဘုရားလေ"

"ဟင် အဲဒါ ပျိုးဆီမှာ..."

"ဩော် ဖေဖေကလည်း"

"အေး ဟုတ်သားပဲ၊ အဲဒီကိစ္စ မေ့နေလိုက်တာ"

"အဲဒါ ဘယ်လို လုပ်ရမလဲ"

ဒေါ်မာလာတင် ပြန်ထွက်လာသည်။ ရှူဆေးဘူး ခေါင်းအုံးအောက်မှာ မရှိကြောင်း မျက်စောင်းထိုး၍ ပြောပါ၏။ ဖေဖေ လက်ဆွဲသေတ္တာမှာ ရှာခိုင်း၍ သူ ပြန်ဝင်သွားပြန်သည်။

"သိမ်းထားဦး ဖေဖေ ပြောမယ်"

"ဟာ မထားချင်တော့ဘူး၊ ဘုရားတစ်ဆူဆူမှာ လှူလိုက်ရအောင်





ပါ ဖေဖေ"

"အင်း ဒါလည်း ကောင်းသားပဲ၊ လောလောဆယ်တော့ ဘာမှ မလုပ်ပါနဲ့ဦး၊ အဲဒါကို ဒီလိုပဲ ခဏ သိမ်းထားလိုက်ပါဦး၊ ကဲ၊ သမီး သွားတော့၊ သွားတော့၊ ဩော်၊ ဘုရားကို သိမ်းထားလိုက်ဦးနော်"

"ဘွားဘွားဆီ သွားဖို့ကိစ္စရော ဖေဖေ"

"ဒီရက်ပိုင်းအတွင်း ဖေဖေ့ပြဿနာတွေ ရှင်းသွားမှာပါ၊ ကဲ သွားပါတော့ဆို"

ဖေဖေသည် ပြောပုံဆိုပုံကအစ အရင်နှင့်မတူ တစ်စုံတစ်ခုကို အမြဲကြောက်ရွံ့နေဟန်ဖြစ်၍ အကြည့်များက မတည်ငြိမ်။ စကားပြောလျှင်လည်း စကားလုံးက မပီရသည့် အထဲ ဒေါသံ နှောချင်သည်။

ဒေါ်မာလာတင် မထွက်လာမီ အပြင်ဆောင်မှတစ်ဆင့် ပြေးဆင်းပြီး ကျွန်မ အခန်းရှိရာသို့ ပြန်လာခဲ့ရသည်။

"ဟယ် ဘယ်လိုဖြစ်နေတာလဲ မျိုး"

အိုင်းလိုင်နာနှင့် မျက်ရည်များ ရော၍ မည်းမည်းအကြောင်းကြီးနှစ်သွယ် မျိုး၏ ပါးပြင်အစုံဝယ် စီးဆင်းနေပါ၏။

"ဓာတ်ပုံမရိုက်ရလို့လားဟင် မျိုး"

"ဟုတ်တယ်၊ သိပ် ချုပ်ချယ်တာပဲ၊ မျိုး တစ်ခုခု လုပ်ရမှ ကျေနပ်မယ်"

"ဟဲ့ ဘာလုပ်ရမှာလဲ ညီမရယ်"

"လျှောက်လည်မယ်"

"အို"

"မမပျိုး လိုက်မပို့ရင် မျိုး တစ်ယောက်တည်း လျှောက်သွားမယ်၊ ဒါပဲ"

"ခက်လိုက်တာမျိုးရယ်၊ ဒါဖြင့် သွားပြော၊ သူတို့က သွားဆိုရင် မမပျိုး လိုက်ပို့မယ်၊ ဘယ်သွားမှာလဲ"

"ဘယ်ဖြစ်ဖြစ် သွားမှာပဲ"

"ဒီနားမှာ ဘုရားတွေက လွဲလို့ ဘယ်သွားစရာရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညောင်ဦး သွားမယ်၊ ညောင်ဦးမြို့ထဲမှာ လျှောက်လည်မယ်"

"ခက်ပါလားကွယ်၊ ကဲ ညီမလေး ငိုတော့ မနေနဲ့၊ မမပျိုး လိုက်ပို့မယ်၊ မျိုး မေမေကိုသာ သွားမေး၊ သူကသွားဆိုရင် ညောင်ဦး မကလို့ စမ္ဗန္နဂိုပဲ ပို့ရပို့ရ မမပျိုး လိုက်ပါ့မယ်၊ မငိုပါနဲ့၊ ကဲ သွား ပြော"

မျိုးက ပထမ အိပ်ရာမှ မထသေး။ နောက်မှ အကြံရသလို ရုတ်တရက် ထပြီး သူ့မျက်နှာကို ပြန်လည်ပြင်ဆင်သည်။ ချက်ချင်း လိုပင် [illegible]ခန်းသို့ ပြေးသွားပါ၏။ ခွင့်ပြုမည်မထင်သော်လည်း ကျွန်မ၏ [illegible]နေသောအဝတ်များကို မလဲလှယ်သေးပါ။ ခါတ်ပုံ ရိုက်ရန် ခြယ်သထားသော ဆံလိပ်ဆံခွေလေးများနှင့် မိတ်ကပ်ပါးပါး လေးများမှာ ပုံစံမပျက် သည်အတိုင်း လှပနေဆဲပါ။

"လာ မမပျိုး၊ ထီးတစ်ချောင်းနဲ့ ဆလင်းဘက် တစ်လုံးစီဆို တော်ပြီ၊ လာ မြန်မြန်သွားကြမယ်"

"ဟဲ့ ဘာပြောလို့လဲ၊ မညာနဲ့နော်၊ လွှတ်လို့လား မျိုးရဲ့"

"သွားတဲ့ ညည်းအဖေ မသိစေနဲ့တဲ့၊ နေ့လယ်မှ ပြန်လာတဲ့၊ ကဲ လာစမ်းပါ၊ ဖေဖေ မမြင်အောင် ဒီဘက်က လှည့်ထွက်မယ်"

မျိုးက လက်ဆွဲခေါ်ထုတ်သဖြင့် အဟုတ်မှတ်ထင်ပြီး ကျွန်မ လိုက်ခဲ့ရသည်။ အခန်းသော့ပိတ်၊ အိတ်တွင်းထည့်ပြီး ဖေဖေတို့အခန်း ရှိရာ၏ တခြားဘက်မှ လှည့်၍ ထွက်ခဲ့ကြပါပြီ။

"မြင်းလှည်းလည်း မတွေ့၊ ဒီအတိုင်း လျှောက်သွားကြမလား"

"သြော် နေစမ်းပါဦး၊ ညောင်ဦးထိ ဘယ်လိုလုပ် လျှောက် မလဲ၊ ခဏကြည့်ပါဦး"

မျိုးက စိတ်မရှည်သလို[illegible] နောက်ကြောင်း မလုံသလိုလိုနှင့် ဂဏှာမငြိမ် ဖြစ်နေသည်။

ကျွန်မမှာလည်း ဖေဖေ ဆူလေမလားဟူ၍ ကြောက်ရွံ့သည် က လွဲပြီး သီရိပစ္စယာပရဝုဏ်၏ အပြင်ဘက်ကို ရောက်လာရသည် ကိုပင် လွတ်လပ်ခြင်းအရသာ ရှိနေမိသလိုလိုပါ။

"ဟောဟော မြင်းလှည်းတစ်စီး လာနေပြီ မမပျိုးရေ"





"လူတွေနဲ့"

"အိုး တားမယ်၊ နေရာမရှိဘူး ဆိုရင် မြင်းပေါ်က ခွစီးပြီး လိုက်မယ်"

မျိုး၏ ခိုးခိုးခိတ်ခိတ် အပြောလေးနှင့် အမူအရာလေးကြောင့် ကျွန်မ ချစ်မြတ်နိုးစွာ ကြည့်၍ ရယ်မောမိပါသည်။ သီရိပစ္စယာ၏ ဆိုင်းဘုတ်တိုင်လေးထိပ်မှ ထွက်၍ မြင်းလှည်းကို ကျွန်မ လက် တားမိသည်။

ဟန်ကျလိုက်လေ၊ သီရိပစ္စယာသို့ ပြားငါးဆယ်ပေး၍ ဝင်ကြည့် ကြမည့် ခရီးသည်များ အားလုံး ဆင်းကုန်ကြသည်။

"ကျွန်မတို့ ညောင်ဦး သွားချင်လို့"

"ရွှေစည်းခုံလား၊ လာလာ တက်"

ကျွန်မတို့ ညီအစ်မ ဝမ်းသာအားရစွာဖြင့် မြင်းလှည်းပေါ် တက်အပြီးတွင် ...

"ဆရာက သီရိပစ္စယာမှာ မဆင်းဘူးလား"

"ကျွန်တော်လည်း ရွှေစည်းခုံ"

သည်အသံကြောင့် လက်ကျန်ခရီးသည်ကို ကျွန်မ မော့ကြည့် မိသည်။

"ကိုရာဇသူ"

သူက ပြုံး၍ ခေါင်းညိတ်ပြသည်။ ကဲလိုက်သည့် မျိုး။ မြင်း လှည်း ဆရာကြီးနှင့် ဘေးချင်းယှဉ်၍ သွားထိုင်သည်။ ခြေထောက် ရှုံ့ချလျက်၊ မျက်နှာရှေ့မူလျက်၊ သူ့ တမင်များ နောက်လေရော သလား။ နောက်ဘက်တွင် အနီးကပ်ဆုံး မျက်နှာချင်း ယှဉ်ထိုင်ရ သူက ကျွန်မနှင့် ကိုရာဇသူ။

"ပျိုးတို့နဲ့ မမျှော်လင့်ဘဲ ကြုံရတာကို ကျွန်တော် အံ့သြဝမ်းသာ နေမိပါတယ်၊ ကျွန်တော်လည်း တာဝန်ပြီးလို့ ပျင်းတာနဲ့ လျှောက် လည်မလားလို့၊ ဒါနဲ့ ပျိုးတို့ ဘယ်သွားကြမှာလဲဟင်"

"ညောင်ဦးကို ခဏ သွားကြမလို့ပါ"

"ဟိုမှာ အသိအိမ် ရှိတယ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မရှိပါဘူး"

"ဒါဖြင့်"

"ကိစ္စနည်းနည်း ရှိလို့ ဆိုပါတော့"

"ဩော် ဩော် ဘုရားဖူးရင်းဆိုရင်တော့ ကျွန်တော်က ထီးကိုင် ဖိနပ်ကိုင် အဖြစ်နဲ့ ဖြစ်ဖြစ်၊ ဘုရားသမိုင်း စာဟောဆရာ အနေနဲ့ပဲ ဖြစ်ဖြစ် လိုက်မလားလို့ပါ၊ အဟဲ..."

"ကိုရာဇသူကလည်း"

သူ ရယ်မော၍ ကျွန်မလည်း ပြုံးလိုက်ရပါသည်။

ရှမ်းမြေ၏ တမာလမ်းတွင် မြင်းလှည်းသည် လိမ့်လူးနေပါ၏။ ဒယိမ်းထိုး လှုပ်ခါနေသော အဖြစ်ကြောင့် ကိုရာဇသူနှင့် နီးကပ်စွာ ထိုင်နေရသော ကျွန်မမှာ ရှက်လှပါသည်။

"လေက သိပ်သန့်တော့ မြေသင်းနံ့လေးနဲ့ တမာပွင့်လေးတွေ ဆီက မွှေးမြတဲ့ အနံ့လေးတွေ ရတယ်နော် ပျိုး၊ ဒါဟာ အညာမြေမှာသာ ရနိုင်တဲ့ အညာလေနဲ့ အညာနေသူတွေအတွက် အဖိုးတန်ဆုံး သဘာဝ ရတနာပါပဲ ပျိုး"

"ဟုတ်ကဲ့၊ ရန်ကုန်က လောင်စာငွေ့တွေကြောင့် လေထု ညစ်ညမ်းမှုဟာ တကယ် တွေးရင် တကယ် ကြောက်စရာကြီးပါ။ အခုလို အောက်စီဂျင်ပြည့်ဝတဲ့ လေသန့်သန့်မျိုး ရှုခွင့်ရပါမှ ကျန်းမာ စွာနဲ့ အသက်ရှည်ခွင့်ရနိုင်မယ်ဆိုတာ အားလုံး သိကြစေချင်တယ်"

"ဘယ်နဲ့ လုပ်မလဲ ပျိုး၊ လေထုညစ်ညမ်းတာ တစ်ခုတည်း ကို ကြောက်ပြီး ရန်ကုန်ကနေ ပြောင်းပြေးမယ့် အိမ်ထောင်စုမျိုး လာမယ့် အနှစ်နှစ်ဆယ်အတွင်းမှာ မရှိနိုင်သေးဘူးလို့ ကျွန်တော် ထင် မိတယ်"

"ဟုတ်နိုင်ပါတယ် ကိုရာဇသူ၊ အသက်မရှည်ကာမှ နေရော့ လက်ရှိ စားဝတ်နေရေး၊ စီးပွားရေး ရှာဖွေပြေလည်တဲ့ နေရာမှာသာ နေကြမှာကိုး"

ကျွန်မက အလိုက်အထိုက် ပြန်ပြောပြီးသည့်နောက်တွင်မှ သူ ပြောလာသော စကားများကိုသာ အသိအမှတ်ပြုသည့်အနေနှင့် အင်း





အဲ၊ ဩော်၊ ဟုတ်ကဲ့၊ ဟုတ်လား စသည်များ လိုက်ရပါ၏။

ကျွန်မတို့၏ မြင်းလှည်းသည် သရဖာတံခါးကို ဖြတ်ကျော်ခဲ့ ကြပါပြီ။ လွန်ခဲ့သည့် နှစ်ပေါင်းတစ်ထောင်ကျော် ပုဂံမြို့ကို တည် လေသူ ပျဉ်ပြားမင်း လက်ထက်မှ တည်ဆောက်ထားခဲ့သော တံခါးမ ကြီးနှင့် အုတ်မြို့ရိုး အပိုင်းအစများမှာ ယနေ့ထက်တိုင် ကြံ့ခိုင်နေ သေးသည်မှာ အံ့မခန်းဖွယ် ရှိလှပါချေသည်။

"ဒီဂျစ်ကားက တစ်ချိန်လုံး နောက်က လိုက်နေတယ်"

ကိုရာဇသူက မလှမ်းမကမ်းမှ လိုက်လာသော ဂျစ်ကားအစိမ်း ကို မျက်ခြေမပြတ် ကြည့်ရင်း ပြောလိုက်လေမှ ကျွန်မ သတိထားမိ တော့သည်။

ပြောစရာပါပင်၊ မြင်းလှည်းရှေ့က ကျော်မတက်ပါဘဲနှင့် ရှေ့ ရှုံလေး မောင်းနေသည်မှာ သတိပြုဖွယ် ဖြစ်လာသည်။

ကျွန်မနှင့် ကိုရာဇသူတို့ စကားမပြောဖြစ်၊ မဆွေးနွေးဖြစ်ကြ တော့ပါဘဲနှင့် မျက်ဝန်း နှစ်စုံလုံး ဂျစ်ကားဆီသို့သာ အာရုံစိုက်နေ မိသည်။

ဂျစ်ကားပေါ်တွင် လူသုံးယောက်ပါသည်။ အားလုံး ဂျာကင်နှင့်၊ ဘောင်းဘီနှင့်၊ နေကာမျက်မှန်နှင့် ရုပ်ရှင်ရိုက်ကွင်းမှ ပြန်လာသော လူကြမ်းမင်းသားများဖြင့် မဟုတ်တန်ရာ။

သရဖာတံခါးမှ ထွက်ပြီး လမ်းကျယ်ဘက် ရောက်သွားလေမှ ဟွန်းကို ပြင်းပြင်းတီး၍ ကျွန်မတို့၏ မြင်းလှည်းအားမှ ကျော်ပြီး ကျော်တက်သွားတော့သည်။ အနီးကပ်ဆုံး နေရာသို့ ရောက်လာချိန် တွင် ကျွန်မရော ကိုရာဇသူပါ အလန့်တကြား သူတို့ကို ကြည့်နေမိ သော်လည်း သူတို့ကဖြင့် မသိသလို ကျွန်မတို့ဘက်သို့ တစ်ချက်မှ လှည့်မကြည့်။ စီးကရက် ကိုယ်စီခဲလျက် ဖြတ်တက်သွားကြလေပြီ။

"စောစောက လမ်းကျဉ်းလို့ နောက်က မောင်းလိုက်နေရတာ များလား၊ တို့နဲ့ မဆိုင်ဘူး ထင်ပါရဲ့"

ကိုယ့်စိတ်ကို ကိုယ် ဖြေသိမ့်သော်လည်း ဘဝင်မကျသလို ရှိ နေမိဆဲပါ။



www.burmeseclassic.com

www.burmeseclassic.com



မျိုး၏ အမေးများ၊ ကိုရာဇသူ၏ အပြောများကို ကျွန်မ လိုက်လျော၍သာ ပြောနေရပါ၏။ စိတ်ထဲတွင်မူ ထွက်လာခဲ့မိသည်ကို ဖေဖေ မသိဆို၍ လာမိသည်မှာ မှားများ မှားနေလေပြီလားဟူ၍ နောင်တရချင်လာမိသည်။

"ထိပ်မှာပဲ ရပ်ပါ အဘ၊ ရော့"

ကိုရာဇသူ ရပ်ခိုင်းမှ ရွှေစည်းခုံ မုခ်ဝသို့ ရောက်နေကြောင်း သတိထားမိသည်။ မြင်းလှည်းခ ကျသင့်ငွေကို ကျွန်မ ထုတ်ပေးသော်လည်း မရ။ ကိုရာဇသူက ပေးနှင့်ပြီးလေပြီ။ မျိုးက ကျွန်မ လက်ကိုဆိတ်ပြီး၊ မျက်စိမှိတ်ပြသည်။ အသာနေ၊ ထိပါစေ ဆိုသည့် သဘော။

ယွန်းပစ္စည်းဆိုင်များ၊ ပုန်းရည်ကြီး၊ ဓိးယို၊ ပုတီးနားဋ္ဌောင်းစသော ဆိုင်တန်းများကို ဖြတ်ကျော်ပြီး စောင်းတန်းအတိုင်း လာ၍ ရွှေစည်းခုံ စေတီတော် ရင်ပြင်သို့ ရောက်ခဲ့ရပါ၏။ ဘုရားသမိုင်းကြောင်းနှင့် အုံဖွယ်ကိုးပါး ကျန်စစ်သား၏ စွမ်းရည် စသည်တို့ကို နှုတ်တိုက် လိုက်ရွတ်ပြ၍ ပိုက်ဆံတောင်းလေ့ရှိသော ကလေးများကို ကိုရာဇသူက နှင်လွှတ်နေရသည်။

"တလောက ဟံသာဝတီ သတင်းစာ ဆောင်းပါးရှင် တစ်ယောက် ထောက်ပြတဲ့ကိစ္စကို မျိုး သတိရမိတယ်၊ လျှင်ဒဏ်ကြောင့် ပျက်စီးသွားတဲ့ ရွှေစည်းခုံရဲ့ ကြာမောက်ကြာလန် အပိုင်းကို ပြုပြင်ရာမှာ ရှေးမူလက်ရာထက် တစ်ဖက်ငါးလက်မစီ ကြီးနေလို့ ပြန်ပြင်နေရတယ် ဆို၊ ဒီတိုင်းဆို ထီးတော်ကို တော်တော်နဲ့ မတင်နိုင်သေးဘူးနော်"

"ကျွန်တော်တို့ ဗိသုကာ အတတ်ပညာရှင်တွေရော၊ ပန်းရံလုပ်သား အစ လုပ်သားတွေအားလုံး ကြိုးကြိုးစားစား ဆောင်ရွက်နေကြဆဲပါ၊ သိပ် တိကျတဲ့ ရှေးမူ မပျက်အောင် ပြုပြင်ဖို့ဆိုတာ တည်ဆောက်ခြင်းထက် ခက်ခဲတဲ့ ကိစ္စပါ ဆိုတာ မျိုးတို့ သဘောပေါက်ပါ"

"ဟုတ်ကဲ့၊ ဒါပေမယ့် ပြုပြင်နေတာ သိပ်ကြာနေသလိုပဲနော်"





"ရှေးပဒေသရာဇ်ခေတ်ကလို မင်းအာဏာ တစ်မိနစ်တည်းမှ မဟုတ်တော့ဘဲ မျိုးရယ်၊ သက်ဆိုင်ရာတွေနဲ့ ညှိနှိုင်း တိုင်ပင်ရတဲ့ အပိုင်း၊ ဂေါပကအဖွဲ့က အစ အားလုံးရဲ့ အဆိုပြုချက်ကို အလေးအနက်ထားပြီး လုပ်ဆောင်ကြရတဲ့ အချိန်အခါဆိုတော့ ကြာပေမယ့် ကောင်းမွန် တိကျမှာပါ"

မြန်မာနိုင်ငံ၏ ပထမဆုံးသော ဘုန်းသမ္ဘာ လျှမ်းလျှမ်းတောက်ခဲ့သည့် အနော်ရထာမင်း၏ ကောင်းမှုတော်အဖြစ် ဤရွှေစည်းခုံစေတီတော်ကြီးကို စတင်တည်ခဲ့ပါ၏။ သီဟိုဠ်မှရရှိသော စွယ်တော်ပွားတစ်ဆူနှင့် သရေခေတ္တရာကို သိမ်းပိုက်စဉ်က ဒွတ္တပေါင်မင်းကြီး၏ စေတီအပျက်မှ ရယူခဲ့သော မြတ်စွာဘုရား၏ နဖူးသင်းကျစ်တော်နှင့် မြဆင်းတုတို့ကို အဓိက ဌာပနာ၍ ခမ်းနားကြီးကျယ်စွာ တည်ထားကိုးကွယ်မည် မှန်သော်လည်း ဘုရားမပြီးမီ နတ်ရွာစံ၍ သားတော် ကျန်စစ်သားမင်းက ဆက်လက်တည်၍ ၁က္ကရာဇ် ၄၅၂ ခု၊ ကဆုန်လပြည့်နေ့တွင်မှ ပြီးစီးအောင်မြင် ထီးတော်တင်နိုင်ခဲ့သည့် အကြောင်းများကို ရာဇဝင်မကြေညက်သူ ညီမလေးမျိုးအား ကျွန်မက ရှင်းပြရပါ၏။

"ဟာ ဒါဆိုရင် နှစ်ပေါင်း ၈၈၇ နှစ် ကြာပြီပေါ့၊ ဟုတ်ရဲ့လားဟင်၊ မမပျိုး၊ အခု မြန်မာနှစ်နဲ့ တွက်လို့ရရဲ့လား၊ ရှေးရှင်ဘုရင်တွေက သက္ကရာဇ်ဖြိုပစ်ကြသေးတယ်ဆို"

"အနော်ရထာရဲ့ ဒီဘက်နှစ်မှာ သက္ကရာဇ် မဖြိုတော့ပါဘူးမျိုး၊ သရေခေတ္တရာပြည်မှာ သုမုန္ဒရီမင်းဟာ ဘုရားပရိနိဗ္ဗာန်ပြုတဲ့ သာသနာနှစ် ၁ ကနေ စပြီး ရေတွက်လာတဲ့ သက္ကရာဇ် ၆၂၄ ခုကို ဖြိုတယ်၊ ၂ အကြွင်းထားပြီး ၃ ခုကနေ စပြီး မှတ်သားလာခဲ့တယ်။ အဲဒီကနေ သက္ကရာဇ် ၅၆၂ ရောက်တော့ ပုဂံပြည်ရဲ့ ၂၁ ဆက်မြောက် ပွါး စောရဟန်းသဂ်ရာဇာမင်း လက်ထက်မှာ တစ်ခါ ဖြိုပြန်ရော၊ ၅၆၀ ကို ဖြိုပြီး ၂ အကြွင်းထားပြီး ၃ ကနေ စရေတွက်ခဲ့တာ အခုဆိုရင် မြန်မာသက္ကရာဇ် ၁၂၂၉ ခု ရောက်လာပြီ"

"ဒါဆို မင်းနှစ်ပါး နှစ်ခါဖြိုတာ ၆၂၂ ခုရယ်၊ ၅၆၀ ရယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ၁၁၈၂ ခုပေါ့"

"သိပ်ဟုတ်တာပေါ့ ဖျိုး၊ တကယ်လို့ မြန်မာစာပေနဲ့ သာသနာတော်ကို စိတ်ဝင်စားပြီး သာသနာသက္ကရာဇ်ကို သိချင်ခဲ့ရင် လက်ရှိမြန်မာသက္ကရာဇ်နဲ့ အဲဒီ ၁၁၈၂ ခုကို ပေါင်းလိုက်ရင် သာသနာနှစ်ကို ရပါတယ်"

"ဒါဖြင့် သာသနာနှစ်ဆိုတာ အခု ၂၅၂၁ ခုပေါ့"

"ဟုတ်တယ် ညီမလေး၊ ခရစ်နှစ်ကို သိချင်ရင်တော့ မမတို့မြန်မာသက္ကရာဇ်နဲ့ ခရစ်နှစ်တို့ရဲ့ ခြားနားခြင်းဟာ ၆၃၈ ခု ဖြစ်တယ်လို့ ပုံသေမှတ်သားထားရင် ရပါတယ်"

"ဟုတ်ပြီ၊ ၁၃၃၉ နဲ့ ၆၃၈ ပေါင်းရင် ၁၉၇၇ ခု"

"ကဲ ဖျိုးတို့ သက္ကရာဇ်အကြောင်းတွေ လျှောက်ပြောနေတာနဲ့ ကိုရာဇသူ ခေါင်းရှုပ်ရော့မယ်"

"မဟုတ်ပါဘူး ဖျိုး၊ ရာဇဝင်ကြေညက်တဲ့ ဖျိုးရဲ့စကားတွေ ကြားရတာ ဗိသုကာ ကျွန်တော့်အတွက် တကယ်ပဲ ဗဟုသုတ ရပါတယ်၊ ဒီပုဂံခေတ် ကျောက်စာတွေမှာ သာသနာသက္ကရာဇ်နဲ့ ကောဇာသက္ကရာဇ်တွေ တိကျစွာ ရေးထိုးထားတာကို တွေ့ရပါတယ်၊ နောင်းလူတွေလေ့လာဖို့ သိပ်အဆင်ပြေတာပဲပေါ့"

"ဟုတ်ကဲ့ ကိုရာဇသူ"

"မှန်တာ ပြောရရင် ဗုဒ္ဓဘာသာ တစ်ယောက်လို့ မှတ်ပုံတင်မှာ ကမ္ပည်းတင်ထားပေမယ့် သာသနာသက္ကရာဇ် ဘယ်လောက် ဖြစ်နေမှန်းလည်း မသိပါဘူး၊ မြန်မာနှစ်တော့ သိတယ်၊ အဲဒီ မြန်မာနှစ်ထဲကို မင်းနှစ်ပါး ဖြိုခဲ့တဲ့ ၁၁၈၂ ထပ်ပေါင်းရင် သာသနာနှစ်ရတယ် ဆိုတဲ့ ဗဟုသုတလေးကို ကျွန်တော် လေးလေးစားစား မှတ်ထားပါမယ် ဖျိုး"

"ကဲ ဖျိုးတို့ ဘုရားဝတ်ပြုကြရအောင်"

ပြည့်ဖြိုးခိုင်မှာ ကြည်ညိုစရာ ကောင်းလှပါသော ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ကြည်ညိုစွာဖြင့် ကျွန်မ ကန်တော့မိပါသည်။ ကျွန်မနားမှ ဖျိုးနှင့် ကိုရာဇသူတို့ ထသွားပြီးသည့်တိုင် ကျွန်မမှာ





ဝါးပါးသီလဆုံးအောင် ယူ၍ ဆုများစွာကို ပန်ခြွေပြီးမှ ဝတ်ချသည်။

စိတ်မပျံ့လွင့်ပါရန် မျက်စိစုံမှိတ်၍ ရှိခိုးဝတ်ချပြီးမှ မျက်စိကို ပြန်ဖွင့်မိသည်။

"ဟင် စာတစ်စောင်ပါလား"

လက်ကိုင်ပဝါလေးပေါ်တွင် စာရွက်ဖြူနှင့် စာတစ်စောင်။

စာရွက်ခေါက်လေးကို ကောက်ကိုင်ပြီး ဘေးပတ်လည်သို့ လှည့်ကြည့်မိသည်။ မည်သူမျှ မရှိ။ ဖျိုးနှင့် ကိုရာဇသူတို့က ဖအေထက်သားတစ်လကြီးသည် ဟူသော နတ်ရုပ်ကြီးများရှိရာ တန်ဆောင်းတွင်း၌ ရှိနေကြသည်။ ကျွန်မကို သူတို့ ကြည့်မနေကြပါ။ ကျွန်မက ဘာမှန်းမသိသော စာရွက်ခေါက်လေးကို ကိုင်နေရာမှပင် ဖြန့်ဖတ်ကြည့်မိသည်။

*ဦးစိုးဖြူရဲ့ပြဿနာတွေ ပြေလည်ရအောင် ကျွန်တော်တို့နဲ့ ဆွေးနွေးပါ။*

*အနောက်ဘက်က စောင်းတန်းကို တစ်ယောက်တည်း လာပါ။*

စာဖတ်ပြီးသည်နှင့် ကျွန်မမှာ ချာချာလည်အောင် ဘေးဘီသို့ ကြည့်မိသည်။ ထိတ်ထိတ်ပျာပျာနှင့်ပါ။

"ဒီမှာကလေး၊ ဒီနားကို ဘယ်သူ လာသလဲ၊ ဒီစာ ဘယ်သူ ချသွားတာလဲ၊ မြင်လိုက်လားဟင်၊ သိရင် မုန့်ဖိုးပေးမယ်"

ဆယ်နှစ် ဆယ့်တစ်နှစ်ခန့်ရှိယ် ယောက်ျားလေးနှစ်ဦး ကျွန်မနားတွင် မယောင်မလည် ရှိနေသည်ကို ကျွန်မ မေးလိုက်မိသည်။

"ကျွန်တော့်ကို ပေးခိုင်းတာ၊ ဟိုမှာ စောင့်နေတယ်"

ကလေးက အနောက်ဘက်သို့ ညွှန်ပြရင်း ပြောသည်။

အင်္ကျီတေသပိတ်ကြီးဘေးတွင် ဘောင်းဘီဖြူ၊ အင်္ကျီနက်၊ နေကာမျက်မှန်နှင့် ကင်မရာ၏ ကြိုးစကို ပခုံးပေါ်တွင် ချိတ်တွယ်လျက် စီးကရက် သောက်နေသည့် လူတစ်ယောက်။

သူက ခေါင်းညိတ်ပြပြီး တစ်ဖက်သို့ ဆက်ထွက်သွားတော့သည်။ သူ့ပုံစံက နောက်မှ လိုက်ခဲ့လိမ့်မည်ဟူ၍ စိတ်ချသော အမူ



www.burmeseclassic.com

www.burmeseclassic.com



အရာနှင့်။

“ခက်တာပဲ၊ ငါ ဘာလုပ်ရမလဲ၊ ကိုရာဇသူကို သွားပြောရကောင်းမလား၊ ဒီတိုင်း ပြန်သွားရမလား”

“မဟုတ်သေးဘူး၊ ဖေဖေ့အတွက် ဖေဖေ ခက်ခဲနေတယ်ဆိုတဲ့ ပြဿနာတွေ ပြေလည်ရအောင်တဲ့”

“ဟုတ်တယ်၊ ဖေဖေ့မှာ တကယ်ပဲ အခက်အခဲနဲ့ ရင်ဆိုင်နေရတယ်၊ ဘာတွေလဲလို့ သိချင်တယ်၊ ပြေလည်စေချင်တယ်၊ ဘာပဲ ဖြစ်ဖြစ် ငါ သွားတွေ့မယ်”

နံနက်ခင်းမို့ လူသူပြတ်လပ်ခြင်းလည်း မရှိပါ၍ ကျွန်မ သွားတွေ့ဖို့ မကြောက်ရွံ့ပါ။ မျိုးတို့ မမြင်ခင် ဤနေရာမှ အမြန်ဆုံးထ၍ စာပေးသူ၏ နောက်မှ လိုက်ခဲ့ရပါတော့သည်။

သူက မသိမသာ လှည့်ကြည့်သည်။ ကျွန်မ လိုက်လာမှန်း သိတော့ သူက သွက်လက်စွာ လျှောက်၍ စောင်းတန်းမုခ်တစ်ခုရှေ့တွင် ရပ်လိုက်သည်။ ကျွန်မ သူ့ကို မီလာပါပြီ။ သူက စောင်းတန်းတွင်း ဝင်သွား၍ ကျွန်မက...

“ဒီမှာပဲ ပြောကြရအောင်လား”

“ရပါတယ် လူရှင်းသားပဲ”

ဘုရားဖူးများ လာလေ့မရှိသော မုခ်ဦးထိပ်၏ နံရံအကွယ်တွင် ရပ်၍ သူက ဘေးဘီသို့ မျှော်ကြည့်ရင်း ပြောသည်။

ကျွန်မ ကိုယ်တိုင်လည်း မျိုးတို့ လိုက်လာမည်စိုး၍ သူနှင့် မျက်နှာချင်းဆိုင်မှ အကွယ် တစ်ခုတွင် ဝင်ရပ်လိုက်ရပါ၏။

“ကျွန်တော်တို့ဟာ ဦးစိုးနီရဲ့ ပါတနာတွေပါ”

“ဖေဖေနဲ့ သက်ဆိုင်တဲ့ကိစ္စကိုပဲ ကျွန်မ သိချင်တယ်”

“ခင်ဗျား သိလား မသိလားတော့ မသိဘူး၊ ကျွန်တော်တို့ဟာ ဦးစိုးနီကို ငွေတွေ ပေးထားပါတယ်”

“အို ကျွန်မ ဘယ်သိမလဲ”

“ဖြစ်နိုင်ပါတယ်၊ ငွေ သုံးသိန်း ပေးထားပါတယ်”

“သုံးသိန်း”





“ဟုတ်ပါတယ် လုပ်ငန်းက ကြီးကျယ်တော့ ငွေကလည်း များရတယ်”

“ကျွန်မ ဘာမှ မသိပါဘူး”

“မသိရသေးရင် မသိချင်နဲ့လေ”

“သိပြီးရင် ဘယ်သိချင်ပါ့မလဲရှင်”

“ထားပါတော့၊ ဆွေးနွေးရမယ့် အဓိကကိုပဲ ပြောကြစို့”

“ပြောပါ”

“အဲဒီ ငွေသုံးသိန်းနဲ့အတူ ဦးစိုးနီတို့ ကားမှောက်ကြတယ်၊ သူ သေတယ်၊ သူ့အစ်ကိုနဲ့မရီး ကျန်ခဲ့တယ်၊ ကားကပျက်ပေမယ့် မီးလောင်သွားတာမျိုး မဟုတ်ဘူး၊ ငွေပါ မဆုံးရှုံးနိုင်ဘူး”

“ရှင် ဘာပြောချင်တာလဲ”

“ဒေါ်မာလာတင်တို့ ဇနီးမောင်နှံ ဒီ ငွေကို အပျောက်ရိုက်ကြပြီး...”

“ကျွန်မ အဖေဟာ ဒီလိုသစ္စာမဲ့တဲ့အလုပ်မျိုး ဘယ်တော့မှ မလုပ်ဘူး၊ ရှင်တို့ ဒေါ်မာလာတင်နဲ့သာ ရှင်းကြပါ”

“ရှင်းလို့ မရလို့ပေါ့၊ အင်မတန်မှ လုံခြုံတဲ့ သီရိပစ္စယာမှာ လာတည်းနေလို့ပေါ့၊ ကဲ ဒီတော့ လိုရင်းပြောမယ်”

“ကောင်းတယ်၊ မြန်မြန်ပြောပါ”

“ကျွန်တော်တို့ အဖွဲ့ပိုင် ငွေရဲ့ တစ်ဝက်ကို ပြန်ပေးပါလို့ ပြောပေးပါ”

“တစ်သိန်းခွဲလား”

“ဟုတ်တယ်”

“ပြောကြည့်မယ်လေ၊ ဖေဖေက သူနဲ့ မဆိုင်ပါဘူးဆိုခဲ့ရင်တော့ ရှင်တို့ ဒေါ်မာလာတင်နဲ့သာ ဆက်ပြီး ရှင်းကြပါရှင်၊ ကျွန်မ အဖေကို ဒုက္ခမပေးကြပါနဲ့”

“ကျွန်တော်တို့ကလည်း ဒုက္ခမပေးချင်ပါဘူး၊ တစ်ဝက်ရရင် ကျေနပ်ပါပြီ၊ ဒါပေမယ့် ခုနစ်ရက်အတွင်းနော်”

“ဘယ်သူက ပြောခိုင်းတယ် ပြောရမှာလဲ၊ ရှင် ဘယ်သူလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က လက်အောက်ငယ်သားပဲ၊ ကျွန်တော့် နာမည် ပြောစရာ မလိုပါဘူး၊ ကျွန်တော့်ဆရာကြီးကို ဦးစိုးဖြူလည်း သိပါတယ်"

"ဦးသော်က ဆိုတာလား"

"ဘယ်က ဦးသော်ကလဲ၊ သြော် မိတ္ထီလာက ကားပိုင်ရှင်လား"

"မပြောတတ်ဘူး၊ ကြားဖူးတာပဲ"

"ဟို ပြဿနာက တစ်ဆိုင်း ဖြစ်ပါလိမ့်မယ်၊ ကျွန်တော်တို့နဲ့ မဆိုင်ပါဘူး"

"ဒါဖြင့် ကျွန်မက ဘယ်လို ပြောရမှာလဲ"

"ဆရာဂဠုန်လို့သာ ပြောပါ၊ သူတို့ သိပါတယ်"

"ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ကျွန်မအဖေကို ဒုက္ခမပေးကြပါနဲ့၊ ဦးဦး ရှုပ်ခဲ့တဲ့ ပြဿနာဖြစ်မှာပါ၊ သူက သေပြီပဲ"

"ကဲပါလေ ခင်ဗျား ပြောကြည့်ပါ၊ နက်ဖြန်ကစပြီး ဒီနေရာမှာ ကျွန်တော်တို့အဖွဲ့က တစ်ယောက်ယောက် အမြဲ စောင့်နေမယ်၊ ခင်ဗျား ကိုယ်တိုင် လာပြီး ပြန်ကြားပါ၊ ခုနစ်ရက် ပြည့်သွားရင်တော့ ကျွန်တော်တို့ရဲ့ သည်းခံခြင်းအပိုင်း ကုန်ဆုံးပြီလို့ သတ်မှတ်ပါ၊ ဒါပါပဲ၊ ကျေးဇူးတင်ပါတယ်"

စကားဆုံးသည်နှင့် လျင်မြန်ခြင်း အဟုန်ဖြင့် သူ ကျွန်မနားမှ ထွက်သွားတော့သည်။ ခဏလေးအတွင်းမှာပင် စေတီ၏ ရင်ပြင်ကို ပတ်ကွေ့ပြီး သူ ကျွန်မ၏ မျက်စိအောက်မှ ပျောက်ကွယ်သွားတော့သည်။

ကျွန်မသည် ရင်ပြင်ပေါ်ဝယ် ကျောက်ရုပ်တုတစ်ခုလို ရပ်၍ ကျန်နေရစ်သည်။

"တစ်သိန်းခွဲ... တစ်သိန်းခွဲ ပေးနိုင်မှ အကျဉ်းအကျပ်ထဲက ဖေဖေ လွတ်မယ်ဆိုပါလား"

"၇ ရက် ပြည့်ရင် ဘာဖြစ်မလဲ၊ ၇ ရက်ကျော်ရင် ဖေဖေ့ပေါ်မှာ ဘယ်လို အန္တရာယ်မျိုး၊ ကျရောက်မှာလဲကွယ်"

"ဟောဒီမှာ တွေ့ပြီ"





"ဟာ ရှာလိုက်ရတာ၊ မျိုးက ဒီရောက်နေတာကိုး"

မျိုးနှင့် ကိုရာဇသူတို့၏ အသံများ။

"မမမျိုး ဒီမှာ လာပုန်းနေတာလား"

"မဟုတ်ပါဘူး၊ မျိုးတို့ကို မတွေ့လို့"

"ဘုရား အကြာကြီး ရှိခိုးနေတာကိုး၊ မျိုးတို့က စောင့်နေရတာ ပျင်းတာပေါ့၊ ဆာလှပြီ မမမျိုးရဲ့"

"ကျွန်တော် မနက်စာ ကျွေးပါရစေနော်၊ ခွင့်ပြုပါ မျိုး"

"မဖြစ်သေးဘူး ကိုရာဇသူ၊ မျိုးတို့ ထွက်လာတာ ဖေဖေ မသိဘူး၊ ပြန်ကြမှ ဖြစ်မယ်"

"ဟာ မပြန်ဘူး၊ ဗိုက်ဆာတယ်၊ တစ်ခုခု စားပြီးမှ ပြန်မယ်"

"သဘောပဲ မျိုး"

စိတ်မရှည်နိုင်သလို ပြောပြီး ကျွန်မ ရှေ့က ထွက်လာမိသည်။ သူတို့နှစ်ယောက်လည်း ကျွန်မဘေးမှ လိုက်ပါလာကြပါ၏။

လူရှင်းသော လက်ဖက်ရည်ဆိုင်တွင်းသို့ ကျွန်မတို့ ဝင်ခဲ့ကြသည်။ စိတ်လှုပ်ရှားနေသော ကျွန်မမှာ ကြံရည်တစ်ခွက်ကိုသာ မှာသောက်မိသည်။ ကိုရာဇသူသည် ကျွန်မကို ထူးထူးခြားခြား အာရုံစိုက်၍ ကြည့်နေကြောင်း သိသော်လည်း ကျွန်မ ဘာကိုမှ ဂရုမပြုအား၊ လက်ရှိ အခြေအနေကြောင့် ရင်ထဲမှာ တင်းကျပ်နေမိသည်။

"ဟာ ချောစုဝင်းတို့ပါလား၊ ကြည့်စမ်း"

မျိုးက လက်ဖက်ရည်ကိုပင် ကုန်အောင် မသောက်၊ ဆိုင်နှင့် လမ်းမကမ်းတွင် ရပ်ထားသော ရန်ကုန်နံပါတ်နှင့် ကားပေါ်မှ ဆင်းလာသော သူ့သူငယ်ချင်း ချောစုဝင်းထံ ပြေးသွားသည်။ ဘာတွေ ပြောကြသည် မသိ၊ ကျွန်မကို လက်ပြပြီး ဘုရားဘက်သို့ ပြေးထွက်သွားကြပြန်သည်။

"ခက်တာပဲ မျိုးကလည်း ပြန်ဖို့ကောင်းလှပြီ"

"နေပါဦးလား ဖျိုးရယ်၊ တစ်ခါတလေ ထွက်လာတာပဲ"

"စိတ်ညစ်ပါတယ်၊ မျိုးဟာ တကယ့်ကို ဘာမှ မသိသေးဘူး"

"မျိုးကတော့ သိလွန်းအားကြီး၊ ထိန်းသိမ်းရအားကြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းလှပါတယ်ဗျာ၊ ဒီမှာ ပျိုး"

"ဟုတ်ကဲ့"

"ပျိုး မျက်နှာ သိသိသာသာ ညိုးနေပါတယ်၊ ပျိုးမှာ အာအခက်အခဲများ ရှိနေလဲ"

"မရှိပါဘူး ကိုရာဇသူ"

"မဟုတ်သေးပါဘူး၊ ကျွန်တော် ကူညီပါရစေလားဗျာ"

ကျွန်မ၏ အမူအရာ သိသိသာသာ ပျက်နေကြောင်းကို ကိုရာဇသူ ပြောမှပင် ကျွန်မ သတိထားမိတော့သည်။ မဖြစ်ပါချေ။ သူ သိသင့်သော ကိစ္စမဟုတ်ပါ၍...

"ကျွန်မတို့ ဖေဖေ မသိဘဲ ထွက်လာကြတာပါ၊ ပျိုးရဲ့ မေမေရော သိရဲ့လား မသိပါဘူး၊ ပျိုး လှည့်ပြီး ခေါ်ထုတ်လာသလားပဲ၊ ဘာပဲဖြစ်ဖြစ်လေ သူ့အမေနဲ့ သူ့သမီးက ပြီးကြမှာ၊ ပျိုး နှုတ်ခမ်းရှု ပြလိုက်ရင် အားလုံး ကြည်ဖြူပြီးသား ဖြစ်သွားမှာပါ၊ အပြစ်ကျခြင်း ကျရင် ပျိုးဆီသာ ပုံကျလာမှာပါ၊ ပျိုးက အကြီးမို့ ပျိုးပဲ ခေါ်ထုတ်လာသလို ဖြစ်ပြီး အပြစ်တွေ ပျိုးဆီ ပုံရောက်လာမှာ ကြောက်နေလို့ပါ"

"ပျိုးရဲ့ဘဝကို ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော် စိတ်မကောင်းပါဘူး၊ ပျိုး မိထွေးနဲ့နေရတဲ့အထဲ ဖခင်ကလည်း မကျန်းမာ"

"ကုသိုလ်ပေါ့လေ"

"ဒီမှာ ပျိုး၊ အချိန်အခါနဲ့ အခွင့်အရေးဆိုတာ နောက်တစ်ကြိမ် ပြန်ရဖို့ မလွယ်လှပါဘူး၊ အပြစ်တင်လိုရင်လည်း တင်ပါ၊ ကျွန်တော် ပြောချင်တာတော့ ပြောပါရစေ"

စိတ်ညစ်ရသည့် အထဲ ကိုရာဇသူ အစချီလာသည့် စကားကြောင့် ကျွန်မ ပို၍ စိတ်ညစ်ရပြန်သည်။

"ကျွန်တော် ပျိုးရဲ့အဖြစ်ကို သနားမိတယ်၊ အဲဒီက အခြေခံပြီး သိပ်ချစ်နေမိပါတယ်၊ ကျွန်တော် ပျိုးကို လက်ထပ်ယူပါရစေလို့ တစ်ခါတည်း ခွင့်ပန်လိုက်ပါရစေတော့ ပျိုးရယ်"

"အမယ်လေးနော်" လို့သာ ထ,အော်လိုက်ချင်ပါပြီ။ စိတ်လှုပ်ရှားနေသည့်အထဲ ရည်းစားစကားသံက ဝင်လာပြန်သေးသည်။

"ကျွန်တော့်ကို တစ်ခုခု ပြန်ကြားပါဦး ပျိုး"

"အဖြေပေးဖို့လား"

"မလိုလားအပ်တဲ့ အဖြေမျိုးတော့ မကြားပါရစေနဲ့"

"ဩော် ကိုရာဇသူရယ်၊ လက်ဖက်ရည်ဆိုင်မှာ တစ်ထိုင်တည်း အဖြေပေးရမယ်ဆိုတဲ့ အဖြစ်ဟာ ကျွန်မရဲ့ အသည်းနှလုံးနဲ့ သိက္ခာကို စော်ကားရာ ကျလှပါတယ်ရှင်"

ကျွန်မက နေရာမှ ရုတ်တရက် ထပြီး ဆိုင်ပြင်သို့ ထွက်လာသည်။ ပျိုးကို ပြန်ခေါ်၍ သီရိပစ္စယာသို့ အမြန်ပြန်ရန် ဖြစ်ပါ၏။

"ပျိုး"

"ပျိုး"

ကျွန်မနောက်မှ ထပ်ဆင့်ခေါ်ဝေါ်ရင်း ကိုရာဇသူ လိုက်လာသည်။ ပျိုးကိုမမြင်သေး၍ ရွှေစည်းခုံစောင်းတန်းတွင် ကျွန်မ လျှောက်နေမိဆဲ။

"ပျိုးရယ်၊ ကျွန်တော့်ရဲ့ ဆန္ဒစောမှုအတွက် ပျိုးကို အနူးအညွတ်တောင်းပန်ပါရစေဗျာ"

ကျွန်မ ဘာမှမဖြေ။ ဆက်လျှောက်နေမိဆဲ...

"ပျိုး သိပ်စိတ်ဆိုးသွားလားဟင်"

"စိတ် မဆိုးပါဘူး ကိုရာဇသူ၊ ပျိုးကို နှိမ့်ချတဲ့ အမြင်မျိုး မြင်ရင် ကျေနပ်ပါပြီ"

"မမြင်ရက်ပါဘူး ပျိုးရယ်၊ မျှော်လင့်ချက်ကြီးလွန်းလို့ စကားများ လောသွားမိတာပါ၊ ခွင့်လွှတ်လိုက်ပါလား ပျိုးနော်"

"ရပါတယ်၊ ကျွန်မ အားလုံးကို ခွင့်လွှတ်နိုင်ပါတယ်၊ ကျွန်မနဲ့ ကိုရာဇသူဟာ လမ်းကြုံလို့ ဆုံကြရတာမျိုးပါ၊ ကျွန်မ ပြန်သွားရင် ကိုရာဇသူလည်း ပျိုးဆိုတဲ့ မိန်းကလေးတစ်ယောက်ကို မကြာခင်မှာပဲ မေ့ပျောက်သွားမှာပါ၊ ဒီစကားတွေ ရပ်ကြပါစို့လားရှင်"

"လူကို အထင်သေးချင်သေးပါ ပျိုး၊ ကျွန်တော့် ရင်ထဲက မေတ္တာတရားကိုတော့ မနှိမ့်ချပါနဲ့၊ အထင်မသေးပါနဲ့ဗျာ"







www.burmeseclassic.com

www.burmeseclassic.com



ကိုရာဇသူ၏ လိုက်လှဲသော စကားသံနောက်တွင် သူလည်း ဘာမှမပြော၊ ကျွန်မလည်း ဘာမှ မပြောတော့ပါဘဲနှင့် ဆက်လျှောက်လာမိသည်။

ရှေ့ ယွန်းထည်ဆိုင်မှာ မျိုး။

မျိုးကို လက်တွဲခေါ်ထုတ်ပြီး ခပ်သုတ်သုတ် ထွက်လာရသည့် ညီမလေးမျိုးကို ကျွန်မ စိတ်မရှည်နိုင်တော့။ ရှေ့တွင် ရင်ဆိုင်ရမည့် ပြဿနာအရှုပ်အထွေးကြီးက ကျွန်မ၏ ရင်ထဲတွင် လိမ်ယှက်ရှုပ်ထွေးနေသည်။

ကိုရာဇသူက မြင်းလှည်းငှားပေးပါ၏။ ကျွန်မ မြင်းလှည်းပေါ်တက်ခါနီးတွင် ကိုရာဇသူက ကျွန်မအနီး၌ ကပ်ရပ်၍...

"ကျွန်တော် အဖော်အနေနဲ့ ပြန်လိုက်ပေးရမလား၊ ဒါမှမဟုတ် နေခဲ့ရမလား၊ ပျိုး ဆန္ဒအတိုင်းပါ"

"ကျေးဇူးပြုပြီး ပျိုးတို့ချည်း ပြန်ပါရစေ"

"ကောင်းပါပြီ ပျိုးရယ်၊ နောက်ဆုံးနှုတ်ဆက်ခြင်းမျိုး မဖြစ်ပါစေနဲ့လို့တော့ ကျွန်တော် ဆုတောင်းနေမိဦးမှာပါပဲ"

မြင်းလှည်းခေါ်ရာနောက်သို့ ကျွန်မ ယိမ်းယိုင်၍ ပါသွားခဲ့သည်။ နောက်ဘက်တွင် ကိုရာဇသူက ရပ်လျက် မျှော်ငေးလျက် ဝေး၍ ဝေး၍ ကျန်ရစ်သော သူ့အသွင်သဏ္ဌာန်သည် ကရုဏာသက်ဖွယ်များ ဖြစ်နေလေသလား။

ကျွန်မကို မျှော်ကြည့်နေဆဲ သူ့ကိုကျွန်မလည်း ပြန်ကြည့်နေမိဆဲပါ။

ဝေဒနာ မပီသေးသော ခံစားမှုလေးများကမူ နှလုံးသားအပေါ်ယံလွှာကို ရုပ်တိုက်ထိခတ်သွားကြောင်း သိမှတ်မိသော်လည်း

ကျွန်မ၏ ရင်ထဲတွင် ဖေဖေနှင့် ပတ်သက်သော ပြဿနာများက ပိုမိုပေါ်လွင်လျက် ခက်ခဲရှုပ်ထွေးခြင်းက လွှမ်းမိုး၍ သွားချေသည်တကား။

❖ ❖ ❖





## အခန်း[၁၃]

ကျွန်မ တစ်သက်တွင် ဖေဖေ သည်မျှ ဒေါသကြီးပုံမျိုးကို မမြင်ဖူးသေးပါ။

ဒေါ်မာလာတင်သာ မဆွဲလျှင် ကျွန်မတို့ညီအစ်မကို သတ်များပစ်လေမည်လား မသိ။ ဟိုတယ်ပိုင် ပစ္စည်းများ မကွဲမရှစေရန် ဒေါ်မာလာတင်က အတတ်နိုင်ဆုံး ထိန်းသည်။ ကျွန်မတို့ ညီအစ်မမှာ ဧည့်ခန်းပွဲရှေ့ ရေခဲသေတ္တာဘေးတွင် ငြိမ်ပုနေကြရပါ၏။

"ဘယ်သူက ခေါ်သလဲ၊ ဘယ်သူနဲ့ သွားတွေ့ကြတာလဲ"

ဖေဖေ့၏ အသံ မဟုတ်တော့။ ဒေါသလွှမ်း၍ ရမ်းချင်တိုင်း ရမ်းနေလေပြီ။

"ပြောကြစမ်း"

သည်တော့ မျိုး အာမသွက်နိုင်တော့။ သူ ငိုသည်။ ဖေဖေကလည်း အဖြေသိချင်လှပြီမို့...

"ဘယ်သူမှ မပါပါဘူး၊ သွားလည်ကြတာပါ ဖေဖေ"

"ငါ့ကို ဘာလို့ မပြောတာလဲ"

"မျိုးက အန်တီကို..."

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ မမပျိုးရော၊ သမီးရော သွားလည်ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မာလာတင် ခွင့်ပြုသည်ဆိုသည်မှာ မျိုး လိမ်ညာခြင်းသာ ဖြစ်ကြောင်း ယခုမှ ကျွန်မ သိရပါပြီ။ ညီမလေး မျိုး၏ အလိုကို လိုက်မိသော ဤခရီးတိုလေးသည် အန္တရာယ်တံခါးဝကို ဖွင့်လှစ်မိသည်နှင့် တူနေကြောင်း ယခုမှ ကျွန်မ နောင်တရမိပါပြီ။

အကယ်၍ ကျွန်မတို့သာ ဖေဖေတို့ ထိန်းချုပ်ထားသလို ဤအခန်းတွင်း၌ နေကြမည်ဆိုပါလျှင် ဂျူန်အဖွဲ့မှ ဆိုသောသူနှင့်လည်း ဆက်သွယ်မိစရာ အကြောင်း မရှိပါချေ။

ကိုရာဇသူ၏ လွယ်ကူလှသော မေတ္တာတောင်းခံ စကားများကိုလည်း ကြားနာရစရာ အကြောင်းမရှိပါပေ။

ဖခင်ကြီး၏ ဒေါသတရားနှင့် လှုပ်ရှားမှုများကို မြင်ရသည့်အခါ ရင်မှာ ကြောက်ရွံ့စိတ်များဖြင့် နောင်တ တရားများလည်း ရရှိမိပါပြီ။ ဖခင်က ရိုက်မောင်းပုတ်မောင်းနှင့် ဒေါသ အမျက်ထွက်နေသည်မှန်သော်လည်း ကျွန်မစိတ်ဝယ် ဖခင်ပေါ်တွင် အပြစ်မတင်ရက်နိုင်ပါ။ ကျွန်မ၏ ပြစ်မှုနှင့် ကျွန်မမို့ ရှိပါစေတော့ဟူ၍ စိတ်ဖြေနိုင်သော်လည်း...

ဒေါ်မာလာတင်၏ အကြည့်ဒဏ်ကိုဖြင့် ကျွန်မ မခံချင်ပါ။ သူ့သမီးလေးအား ကျွန်မ ဦးဆောင် လှည့်ဖျား၍ ခေါ်ယူသွားသည့် အပြစ်မျိုး ရှိနေသူဟူ၍ ဖွဲချက်တင်သော မျက်လုံးများနှင့် ကျွန်မကို ကြည့်နေသော ဒေါ်မာလာတင်။

"သွား ပြန်တော့"

ကျွန်မ ထွက်လာသော်လည်း ဒေါ်မာလာတင်က မျိုးလက်ကို ဆွဲထားလိုက်ပါသည်။ ကျွန်မမှာ ကျလာသော မျက်ရည်များကို သုတ်သိမ်းပြီးမှ ဖေဖေ၏ အခန်းပြင်သို့ ထွက်ခဲ့ရသည်။

"သမီးလက်ထဲမှာ ရှိနေတဲ့ စာရယ်၊ ဂျူန်အဖွဲ့သား တယောက်နဲ့ တွေ့ဆုံခဲ့ရပုံတွေကို သမီး ဖေဖေ့ကို ဘယ်လို ပြောရမလဲ ဖေဖေရယ်"

ရင်မှာ ဆို့နင့်ကျင်ခဲစွာဖြင့် ကျွန်မ၏ အခန်းရှိရာသို့ ပြန်လာခဲ့ရပါပြီ။





"အို ကိုမင်းထိုက်"

လေသာဆောင်ရှေ့ မျက်နှာစာခန်းတွင် ကြိမ်ကုလားထိုင်ဖြင့် ထိုင်၍စောင့်နေသူ ကိုမင်းထိုက်ကို အနီးကပ်လေမှ မြင်ရပါ၍ လန့်ထိတ်အံ့သြစွာဖြင့် ကျွန်မ ရွတ်ဆိုမိပါသည်။

"မျိုးတို့ ဖေဖေ့ အခန်းဆီက လှုပ်လှုပ်ရှားရှား ဆူဆူညံညံ အသံတွေ ကြားရလို့ ကျွန်တော်တောင် ပြေးလာဦးမလို့၊ နောက်မှ သူများ မိသားစု ကိစ္စပါလားလို့ ကိုယ့်စိတ်ကို ကိုယ် ဖြေသိမ့်ပြီး ဒီဘက်ကပဲ လာစောင့်နေမိတယ်၊ မျိုး ဘာတွေများ စိတ်ညစ်လာလဲဗျာ"

ကျွန်မ ကိုမင်းထိုက်ကို အားကိုး ယုံကြည်စွာဖြင့် မော့ကြည့်လိုက်မိသည်။

"မျိုး ငိုထားတယ် ထင်တယ်၊ ဘာတွေများ အခက်အခဲ ရှိနေသလဲ မျိုးရယ်၊ ကျွန်တော် ကူညီပါရစေလားဗျာ၊ ကျွန်တော့်ကို ခိုင်းစမ်းပါ၊ မျိုးအတွက် ဆောင်ရွက်ပေးစမ်းပါရစေ"

ကျွန်မ၏ လက်ရှိပြဿနာကို ကိုမင်းထိုက်အား ပြောကြားထိုက်သလား၊ မပြောကြားထိုက်လေသလား ကျွန်မ မဝေခွဲတတ်နိုင်ပါ။ ငါ ကိုမင်းထိုက်နှင့် ယခုလို ဆုံတွေ့နေခြင်းကိုလည်း ဖေဖေ ကြိုက်နှစ်သက်လိမ့်မည် မထင်။

ဦးဦးရှုပ်ထွေးခဲ့သော ပြဿနာ၏ ဂယက်များစွာသည် ဖေဖေထံသို့ လာရောက်ရိုက်ခတ်နေပေသည်။ ရိုးသားသော ဖေဖေ့အခန်းနှင့် အကွက်လည်အောင် မဖြေရှင်းတတ်နိုင်သည့်အထဲ ရောဂါပါ ရနေ၍ လုံခြုံရာမှာ လာရောက် ပုန်းအောင်းနေခြင်း ဖြစ်ပါ၏။

သည်အထဲ ကျွန်မတို့ညီအစ်မ၏ ကံမှုကြောင့် ဂျူန်အဖွဲ့၏ စာကို ရရှိခဲ့လေပြီ။ သူတို့အဖြေကိုစောင့်မျှော်ရန် တစ်ဆင့် လမ်းရှင်သွားခဲ့ပါချေပြီ။

"မျိုး"

"ဩော် ကိုမင်းထိုက်"

အနားမှသူကိုပင် မေ့လျော့စွာ စဉ်းစားနေမိသော ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



သူ အသံပြုလေမှ သတိရသည်။

"ကျွန်တော် ပြန်မယ်လေ၊ ဒီဘက်ထောင့်အခန်းကို ကျွန်တော် ပြောင်းလာပြီ၊ ပျိုး အခန်းကနေ လှမ်းမြင်နေရပါတယ်၊ ပျိုးမှာ ဘာကိစ္စပဲရှိရှိ၊ ကျွန်တော့်ကို လှမ်းသာခေါ်လိုက်ပါနော်"

"ကျေးဇူးတင်ပါတယ် ကိုမင်းထိုက်ရယ်"

"ပျိုးကို မြင်ရတာ ကျွန်တော် စိတ်မကောင်းဘူး၊ ကျွန်တော် အကူအညီပေးနိုင်ခွင့် ရပါစေလို့ပဲ ကျွန်တော် ဆုတောင်းပြီး ပြန်ပါဦးမယ် ပျိုးမှာ အနှောင့်အယှက် ဖြစ်နေမှာစိုးလို့ပါ၊ ကျွန်တော် ပြန်မယ်နော် ပျိုး"

"ကောင်းပါပြီ ကိုမင်းထိုက်ရယ်၊ ကျေးဇူးတင်လှပါတယ်လို့သာ ထပ်ဆင့် ပြောပါရစေ"

"မပြောပါနဲ့ ပျိုး၊ ပျိုးကို ထိုက်ထိုက်တန်တန် ကူညီခွင့်ရပြီးခဲ့ရင်တော့ ပျိုးရဲ့စကားကို ကျွန်တော် ကြည်နူးစွာ ခံယူမှာပါ၊ ခုတော့ ကျွန်တော် လက်မခံပါရစေနဲ့ဗျာ"

ကိုမင်းထိုက်က သူ့စကားဆုံးသည်နှင့် သွက်လက်စွာ ထွက်သွားတော့သည်။

ကျွန်မမှာ မတ်တပ်ရပ်လျက်ကပင် ကိုမင်းထိုက် နောက်ကျောပြင်ကို အဓိပ္ပာယ်မဲ့စွာ ငေးကြည့်ရင်း ကျန်ရစ်မိပါသည်။ မျိုးလည်း ပြန်မလာ၍ ကျွန်မ အခန်းတွင်းသို့ ဝင်ခဲ့ရပါသည်။

ဒေါ်မာလာတင်နှင့် မျိုးတို့သည် ကျွန်မအပေါ်တွင် အပြစ် ပုံချပြီး ဖေဖေ၏ ဒေါ်သတရားများကို သူတို့ထံမှ လွှဲဖယ်၍ ကျွန်မဘက်သို့ ကျရောက်စေမည်မှာ ယုံမှားစရာမရှိပါ။

ရှိပါစေတော့။ မိဘ၏ ဒေါသ ဆိုသည်မှာလည်း အစိုင်အခဲကြီးမားသော အရာမျိုး မဟုတ်ပါချေ။ အပြစ်ရှိသမို့ ဖေဖေ ရိုက်လျှင်ပင် ခံထိုက်ပါသည်။

ခက်သည်က ကျွန်မလက်ထဲမှ စာ။ ယင်း စာပြဿနာကို ဖေဖေနှင့်အပြေအလည်ဆွေးနွေးမှ ပြီးပြတ်ပါမည်။ ဦးဦး၏ ပြဿနာမီးစများလည်း လက်ရှိနေရာမှ ငြိမ်းသတ်၍ ပြီးပြတ်စေလိုလှပါပြီ





ကျွန်မလက်တွင် စာတစ်စောင်နှင့် ဘုရားတစ်ဆူ ရှိနေခြင်းကို မြင်းမိုရ်တောင်ကြီး ရွက်ထားရသည်သို့ပင် လေးလံလှသည်ဟု ကျွန်မ ယူဆမိပါသည်။

"ဆရာဝန်က ပြောသတဲ့၊ ဖေဖေ့ကိုခေါင်းနောက်စရာ၊ စိတ်ရှုပ်စရာတွေ မတွေးခိုင်းတော့ဘဲ အနားယူပါစေ ဆိုတော့ ဒီငွေတစ်သိန်းခွဲပြဿနာ သိသွားရင် စိတ်များ သိပ်ထိခိုက်သွားလေမလား"

"မပြောဘဲ ထားရင်လည်း ၇ ရက် အတွင်း မပြန်ကြားနိုင်ခဲ့ရင် သူတို့ ဂဠုန် ဆိုသူတို့က ဘာများ လုပ်ကြမလဲ၊ ခက်ပါဘိကွယ်"

"ငါ တစ်ယောက်တည်း မစဉ်းစားတတ်တော့ဘူး၊ ဉာဏ်မမီတော့ဘူး၊ ငါ့မှာ ယုံကြည်စိတ်ချရတဲ့ အဖော်ကောင်း တစ်ယောက်တော့ ရှိသင့်ပြီ၊ တိုင်ပင်ဆွေးနွေးပြီး အကြံဉာဏ်ပေးနိုင်တဲ့ မိတ်ဆွေတစ်ယောက်တော့ လိုအပ်နေပါပြီ"

"ဒါဆိုရင် ကိုဟန်ထွန်းမြင့်ကို ပြောရ ကောင်းမလား"

"ကိုမင်းထိုက်ကိုပဲ အားကိုးထိုက်လေသလားကွယ်"

"ကိုရာဇသူကိုတော့ ပြောလို့ မဖြစ်ဘူး၊ သူ့ကို မနီးစပ်စေချင်သေးပါဘူး"

ကျွန်မမှာ ခုတင်ပေါ်သို့ ကန့်လန့်ဖြတ်လှဲချရင်းက အားငယ်မှုထိတ်စွာဖြင့် အမျိုးမျိုး တွေးနေမိပါတော့သည်။

❖ ❖ ❖

"ဓာတ်ပုံတွေ ရပြီခင်ဗျ"

ကိုဟန်ထွန်းမြင့်၏ အသံကို ကြားရသည်။ ညီမလေး မျိုးရှိနေသည်အထင်ဖြင့် သူ အပြင်မှ အော်လိုက်ခြင်း ဖြစ်ပါ၏။ တစ်ယောက်တည်း ရှိသော ကျွန်မက အခန်းပြင်ဝရံတာသို့ ထွက်လာရသည်။ သူက ကျွန်မ တစ်ယောက်တည်း ရှိနေကြောင်း သိသွားလေမှ အပေါ်ထပ်သို့ တက်လာ၍ ဓာတ်ပုံများကို လှမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က ညောင်ဦး သွားတာလား၊ ဘာထူးခြားသေးလဲ"

"ဟင်"

"ကျွန်မမှာ ကိုဟန်ထွန်းမြင့်ကို ဖွင့်၍ မပြောရဲ။ ဘဘဦးမျိုးဇင် ထည့်လိုက်သောသူဖြစ်သော်လည်း ကိုဟန်ထွန်းမြင့်ကို ယင်းပြဿနာ တင်ပြခြင်းဖြင့် နောက်ထပ် ပြဿနာများ ထပ်၍ တက်လာမည်ကို စိုးရွံ့မိလှပါသည်။

"ဟိုလူလည်း လိုက်သွားတယ်"

"ဘယ်သူလဲ"

"ကိုမင်းထိုက်ဆိုတဲ့ ပန်းချီဆရာ"

" ဟုတ်လား"

ကျွန်မ အံ့သြစွာဖြင့် ကိုမင်းထိုက်၏ အခန်းရှိရာသို့ လှမ်း၍ ကြည့်လိုက်မိပါသည်။ သူ့ကို အပြင်မှာ မမြင်ရ။

"ကဲ ပျိုး ဓာတ်ပုံတွေကြည့်ပြီးရင် ပိုက်ဆံထုတ်ပေး၊ သဘာဝ ကျအောင်လုပ်"

ကျွန်မက သူ သတိပေးလေမှ အခန်းတွင်းပြေး၍ ကျွန်မ၏ သားရေအိတ်လေး ယူထွက်လာရသည်။ တစ်ရာတန် တစ်ရွက်သာ လှမ်းပေးမိသည်။ ဓာတ်ပုံက ၆ ပုံ။

"ကဲ၊ ပျိုးမှာ ဘာကိစ္စရှိလဲ၊ ဘာကူညီရမလဲ"

"ကိုမင်းထိုက်က ပျိုးတို့နောက်ကို ဘာလို့ လိုက်လာရတာလဲ လို့ ပျိုး သိချင်လိုက်တာ၊ သူဟာ ပျိုးကို အန္တရာယ်ပေးလိမ့်မယ်လို့ တော့ မထင်မိဘူး"

"ဟုတ်ပါလိမ့်မယ်၊ ပျိုးကို စိတ်မချလို့ လိုက်တာမျိုး ပိုပြီး ဖြစ်နိုင်ပါတယ်၊ သူဟာ သူဌေးသားတစ်ယောက်တော့ ဖြစ်လိမ့်မယ် ထင်တယ်၊ ငွေ တကယ် သုံးတယ်"

"ဒီမှာ ကိုဟန်ထွန်းမြင့်ရယ်၊ ကျေးဇူးပြုပြီး ကိုမင်းထိုက်ဟာ ဘယ်လိုလူမျိုးလဲဆိုတာ ပိုပြီး တိကျအောင် စုံစမ်းပေးစမ်းပါ၊ ပျိုး သူ့ကို ပိုပြီး နားလည်ချင်တယ်"

"ကောင်းပြီ၊ နောက် ဘာလိုသေးလဲ"





"လောလောဆယ် ဒါပဲ သိချင်တယ်၊ ပျိုးတို့မှာ အရေးတော့ ကြုံလာပြီ"

"အင်းအင်း၊ စိတ်ချ၊ ကျွန်တော် သွားမယ်၊ ဒီနားမှာပဲ ရှိနေ မယ်"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

ကိုဟန်ထွန်းမြင့် ဆင်းသွားချိန်တွင် ကိုမင်းထိုက်မှာ သူ့အခန်း ရှေ့ ဝရံတာမှာ မျက်နှာသုတ်ပဝါပြာပြာကြီးကို ခါးပေါ်တွင် ရစ် ပတ်လျက် အပြင်ထွက်လာသည်။ သူ ရေချိုးအပြီးတွင် ကိုဟန်ထွန်းမြင့် ကို လှမ်း အကဲခတ်နေဟန် တူပါ၏။ ကျွန်မက ဓာတ်ပုံများကို သူ မြင်သာအောင် ထုတ်၍ ကြည့်နေရပါ၏။ ကိုဟန်ထွန်းမြင့်သည်လည်း ကင်မရာကို လွယ်ထား၍ ဓာတ်ပုံဆရာဖြစ်ကြောင်း သူ နားလည်တန် ကောင်းပါသည်။

ဓာတ်ပုံလေးများ ထားရန် အတွင်းခန်းသို့ ဝင်လာခဲ့မိပါသည်။ ဓာတ်ပုံပညာသား မပါလှသော်လည်း ပုံများက မဆိုးပါ။

မျိုး၏ ပုံများလည်း ချစ်စရာကောင်းပါ၏။

ကျွန်မက ခုတင်ခေါင်းရင်းဘက် စာအုပ်စင်ကြားတွင် ထားမိ လေမှ စာအုပ်များနှင့် ကွယ်ကာ၍ ထုပ်ပိုးလျက် ရှိသေးသော ဆင်း တုတော်။

ယင်းပြဿနာကို စိတ်က တွေးလိုက်မိသည်နှင့် ရင်မှာ ထင့် လျက်လေးလျက် ဖြစ်သွားမိသည်ချည်းပါ။

ပုဂံခေတ် ကျိန်စာ ဆိုသည်များကို ယုံကြည် သက်ဝင်ခြင်း မရှိသည် ထား၊ ဘုရားတစ်ဆူ မပူဇော်ပါဘဲနှင့် လက်ထဲ ရောက်နေ သည့် အဖြစ်ကိုက ရင်လေးဖွယ်ပါ။

"ဒီဘုရားဟာ ဦးဦး ငါ့ကို အပ်သွားတဲ့ဘုရား၊ ဦးဦးလည်း သေပြီ၊ ငါ တစ်ယောက်ယောက်ကို ပေးလိုက်ရင် ဖြစ်ပါပြီလေ၊ ငါ့ လက်ထဲမှာ အကြာကြီး မထားချင်တော့ဘူး"

ယင်းအတွေးများဖြင့် အခန်းတံခါးဘက်ကို တစ်ချက် လှည့် ကြည့်လိုက်ပြီး ဘုရားဆင်းတုတော်ကိုမယူမိ ထိုင်လျက်ကပင် လက်အုပ်



www.burmeseclassic.com

www.burmeseclassic.com



ချီ၍ ကန်တော့ပြီး၍မှ ဘုရားကိုယ်တော်ပေါ်မှ စက္ကူပတ်များကို ခွာသည်။

ပုဂံခေတ် မဟုတ်သည့်တိုင် ရှေးဘုရားတစ်ဆူဖြစ်ကြောင်းဖြင့် သေချာပါသည်။ ကျွန်မက မျက်နှာသုတ်ပဝါဖြင့် ပွတ်ခါ၍ ကြည့်မိသည်။ ယခင် အိမ်မှာ ဖေဖေနှင့် ကြည့်ကြစဉ်က ဒေါ်မာလာတင် ပြန်လာခါနီး၍ သေချာစွာ မကြည့်ခဲ့ရ။

"နဖူးသင်းကျစ်တော်မှာ စိန်အစစ်တွေ စီခြယ်ထားပါလား"

ကျွန်မ အံ့သြစွာဖြင့် ကြည့်ရင်း ရှိသေမြတ်နိုးစွာ သုတ်ခါမိသည်။

"ကိုယ်တော်ကလည်း ကြည်လဲ့ စိမ်းမြတဲ့အ ရောင်ပဲ၊ မြသားကို ဘုရားထုထားတာလား၊ ကျောက်စိမ်းကို ထုထားတာလား၊ တစ်ခုခုပဲ၊ ဒါဆိုရင် ဒီဘုရားဟာ သိပ်တန်ဖိုးကြီးမြင့်မှာပဲ"

ကျွန်မ ရင်၌ ပိုမိုလှုပ်ရှားလာမိသည်။

"ဦးဦးဟာ ကြည်ညိုမြတ်နိုးပြီး ပူဇော်ဖို့မဟုတ်ဘဲ တစ်ခုခု အမြတ်ထုတ်ဖို့ ဒီဘုရားကို သိမ်းထားတာကြောင့် ခုလို အသေဆိုးနဲ့ သေသွားရတာများလား"

ကျွန်မ ကြက်သီးမွေးညင်းများပင် ထလာမိသည်။

"ယုတ်မာသော စိတ်ထားမရှိဘဲ ရိုသားစွာ သိမ်းထားမိခြင်းကို ခွင့်လွှတ်တော်မူပါဘုရား"

ကျွန်မ ကြမ်းပြင်တွင် ထိုင်၍ ဦးညွတ်ကန်တော့မိပါသည်။

"မဖြစ်ဘူး၊ ငါ သိမ်းမထားရဲတော့ဘူး၊ ဖေဖေက အရေးကြီးတာတွေ အကုန်ယူခဲ့ဆိုလို့ ယူလာခဲ့မိတာ၊ ခုလည်း သိမ်းထားခိုင်းပြန်ပြီ၊ မဖြစ်တော့ဘူး၊ ဒီပုဂံမြေမှာပဲ တစ်နေရာရာမှာ ထားရစ်ခဲ့တော့မယ်"

ယင်းအတွေးများဖြင့် ကျွန်မ အပြင်သို့ ထွက်လာခဲ့မိသည်။ ကိုမင်းထိုက်၏ အခန်းကို လှမ်းကြည့်သော်လည်း သူ့ကို မမြင်ရပါ။ သူ့အခန်းဆီသို့ သွားသင့် မသွားသင့် ချင့်ချိန်နေဆဲမှာပင် ကိုမင်းထိုက်က အပြင်ထွက်လာသည်။ ဘောင်းဘီနှင့် အလတ်စတစ်စပို့ရှပ်





နှင့်။

ကျွန်မ အခန်းမှ ဆင်း၍ သူမြင်သာသည့် အုတ်လမ်းလေးပေါ် ဘွင် ရပ်နေမိပါသည်။ ဒီဘက်ထွက်လျှင်လည်း ဒေါ်မာလာတင်တို့ မြင်လျှင် အခက်။

သူက ပြုံး၍ နှုတ်ဆက်သည်။ ကျွန်မ မသိမသာလေး လက်ယပ် ခေါ်မိ၏။ သူကလည်း အပါးပါပင်။ ဖေဖေတို့ အခန်းဘက်သို့ တစ်ချက် လှမ်းကြည့်ပြီးမှ သွက်လက်စွာ ရောက်လာသည်။

"ဘယ်သွားမလို့လဲ ကိုမင်းထိုက်"

"ညောင်ဦး ခဏသွားမလို့"

"အချိန်နည်းနည်းလောက်များ ရရင် ပျိုး ပြောချင်စရာလေး ရှိလို့"

"အများကြီး ရပါတယ် ပျိုးရယ်"

သူက ကျွန်မ စကားကြောင့် ဝမ်းသာသွားဟန် ရှိပါသည်။ ကျွန်မထက်ကို စောလျင်စွာ ဥပစာ အခန်းဆီသို့ သူ ပြေးတက်သွားသည်။

ကိုမင်းထိုက်သည် ကျွန်မအတွက် သွက်လက်စွာဖြင့် ထာဝရ ကူညီနိုင်စွမ်းရှိမည့်သူဟူ၍ ကျွန်မစိတ်တွင် အလိုလိုနေရင်း ယုံကြည်နေမိပါသည်။

"ဘာများလဲ ပျိုးရယ်၊ မနေ့ညနေကလည်း ပျိုးကို အပြင်မှာ တစ်ခါမှ မမြင်ရဘူး"

"ဟုတ်တယ် ပျိုးလည်း စိတ်ညစ်တာနဲ့ အပြင်တောင် မထွက်တော့ဘူး"

"ဘယ်လိုပြဿနာတွေကများ ပျိုးကို စိတ်ညစ်အောင် ဖန်တီးနေကြလို့လဲဟင်"

"ပျိုးနဲ့ တိုက်ရိုက်တော့ ပတ်သက်တာ မဟုတ်ပါဘူး၊ သေဆုံးသွားတဲ့ ပျိုး ဦးလေးရဲ့ အရှုပ်အထွေးတွေဟာ အပြစ်မဲ့တဲ့ ပျိုးရဲ့ ဖေဖေဆီကို လာပြီး ရစ်ပတ်နေတဲ့ ပြဿနာတွေပါ ကိုမင်းထိုက်ရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာတွေများလဲ ပျို့"

"ဒါတွေ အသာထားပါဦး၊ ပျို့ အခု ပြောချင်တဲ့ ပြဿနာက တခြားပါ"

"ပြောပါ ပျို့"

"ဒီပုဂံမှာ ပြတိုက်တွေ ဘာတွေ ရှိမှာပေါ့နော်"

"ရှိပါတယ် ပျို့"

"ဂေါပကအဖွဲ့တွေလည်း ရှိမှာပဲ ထင်ပါရဲ့"

"ရှိတာပေါ့ ပျို့ရဲ့၊ ရှေးဟောင်းပစ္စည်းတွေထိန်းသိမ်းဖို့ တကယ့် လူကြီးလူကောင်းတွေနဲ့ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့တွေပါ စုစည်းထားတဲ့ အဖွဲ့ ရှိပါတယ်၊ ဘာဖြစ်လို့လဲ ပျို့"

"အဲဒီလို ဌာနမျိုးပဲဖြစ်ဖြစ်၊ ပြတိုက်မှာဖြစ်ဖြစ်၊ ဘုန်းကြီးကျောင်းကို ဖြစ်ဖြစ် ပျို့ လှူချင်တာတစ်ခု ရှိနေပါတယ် ကိုမင်းထိုက်"

"ဘာများလဲ ပျို့ရဲ့"

"ဘုရားတစ်ဆူပါ"

"ဘုရား ဟုတ်လား"

"ဟုတ်ပါတယ် ကိုမင်းထိုက်၊ ရှေးဟောင်း မြဘုရားပဲ ထင်ပါရဲ့၊ နဖူးသင်းကျစ်တော်မှာလည်း စိန်တွေ စီထားတဲ့ အဖိုးတန် ဘုရားမို့"

"ဟင် ပျို့ ဘယ်က ရသလဲ"

"သေဆုံးသွားတဲ့ ပျို့ရဲ့ဦးဦး ဦးစိုးနီ အပ်ခဲ့တဲ့ ဘုရားပါ"

"ဟင်"

"အဲဒါကို ပျို့လက်မှာ မထားချင်တော့ဘူး၊ စိတ်ချရတဲ့ နေရာမျိုးမှာ ပူဇော်ဖို့ ပျို့ အပ်လှူချင်ပါတယ်"

"ဘုရားက ပျို့လက်ထဲမှာလား"

ကိုမင်းထိုက်၏ မေးခွန်းများက သာမန်ဖြစ်သော်လည်း သူ့ အမူအရာများက လှုပ်ရှားလှသည်။ မိန်းမသားတစ်ယောက်၏ လက်ထဲတွင် အဖိုးတန် ဘုရားတစ်ဆူရှိနေသည် ဆိုခြင်းအတွက် သူ အလွန် အမင်း အံ့သြနေသည်များလား။





"ပျို့ လက်ထဲမှာ အခု အဲဒီဘုရား ရှိနေပါတယ်"

"ကျွန်တော် ကြည့်ပါရစေလား"

"ဖေဖေက ပျို့ကို သိမ်းထားခိုင်းတယ်၊ ကိုမင်းထိုက်ကို ထုတ်ပြတာတွေ့ရင် ဆူလိမ့်မယ်"

"ဒါဖြင့် ကျွန်တော့်ကို လုံလုံခြုံခြုံ ထုပ်ပေးလိုက်လေ"

"နေဦးလေ၊ ဘယ်နေရာ ဘယ်ဌာနမှာ အပ်ရမယ် ဆိုတာ အခုရင် မစုံစမ်းတော့ဘူးလား"

"ဟာ ဟုတ်ပါရဲ့၊ အတော်ပဲ၊ ကျွန်တော်လည်း ညောင်ဦး သွားမလို့၊ မေးခဲ့မယ်လေ၊ ဒီနေ့ လက်ခံမယ် ဆိုလည်း ကျွန်တော် ပြန်လာယူမယ်၊ ပျို့ပါ လိုက်အပ်မလား"

"မလိုပါဘူး ကိုမင်းထိုက်ရယ်၊ အထွတ်အမြတ် ဘုရား တစ်ဆူဟာ ရောက်သင့်ရောက်ထိုက်တဲ့နေရာကို ပူဇော်ခံဖို့ ရောက်သွားတယ် ဆိုရင် ပျို့ ကျေနပ်ပါပြီ၊ ပျို့ကို အဲဒါလေးတစ်ခုတော့ ကူညီပေးပါ"

ကျွန်မ စကားပြောပြီးသည့်တိုင် ကိုမင်းထိုက်မှာ ကျွန်မကို ကြာမြင့်စွာ ငေးကြည့်နေရှာပါ၏။ ပြီးမှ...

"ရပါတယ် ပျို့၊ ဖြစ်ပါတယ်၊ ကျွန်တော် ခုပဲ သွားရင်းနဲ့ စုံစမ်းခဲ့ပါမယ်"

"ကျေးဇူးပါ ကိုမင်းထိုက်"

"ကျွန်တော် ကူညီချင်ပါတယ်ဆိုတာ အခုမှ အလုပ်ရတာပါလေ၊ ဩော် ပျို့ပဲ အဲဒီဘုရားကို လုံလုံခြုံခြုံထုပ်ပြီး သေသေချာချာ သိမ်းထားပါနော်"

"ကောင်းပါပြီ ကိုမင်းထိုက်"

ကျွန်မ စတင်၍စကားပြောလေသည်မှ ကိုမင်းထိုက်၏ မျက်နှာ သွင်ပြင်သည် အလွန်အရေးကြီးသော အမှုကိစ္စတစ်ခုကို ကြားနာနေရသည့်သို့ပင် ရှိနေပါ၏။ အံ့သြမှုမှလွဲ၍ အပြုံးကိုပင်မမြင်ရ။ နောက်ဆုံးသော သူ ပြုံးနိုင်သည်။

ကိုမင်းထိုက်သည် ကျွန်မကို အမှန်တကယ် ကူညီနိုင်မည့်



www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေကောင်းတစ်ယောက်ပါပဲဟူသော ကျွန်မ၏ ခံယူချက်နှင့်အညီ ကိုမင်းထိုက်သည် ကျွန်မကို စွမ်းစွမ်းတမံ ကူညီမည့်သူပါပေ။

"ဒီဘုရားကိစ္စပြီးမှ ဖေဖေ့ကို ဂျွန်အဖွဲ့ဆိုသူတွေရဲ့ အန္တရာယ်က လွတ်ကင်းဖို့ ကိုမင်းထိုက်နဲ့ တိုင်ပင်ရတော့မှာပဲလေ"

❖ ❖ ❖

## အခန်း[၁၄]

**ပျိုး**

*ဒီနေ့လယ် ၁ နာရီမှာ သိရိပစ္စယာ အဝင်ဝထိပ်ကို ယူလာခဲ့ပါ။*

*လှူဖို့ကိစ္စအားလုံး စီစဉ်ပြီးပါပြီ။*

*ဆက်ဆက် လာခဲ့ပါ။*

*ကျွန်တော် ထိပ်က စောင့်နေမယ်။*

***ကိုမင်းထိုက်***

အလုပ်သမားလေး တစ်ယောက်ကို စာပေးခိုင်းခဲ့သည်။ သူ မရှိ။

ဘာပဲဖြစ်ဖြစ် ဘုရားကို လှူသင့်လှူထိုက်သည့် နေရာသို့ လှူလိုက်ရလျှင် ပြီးပါပြီ။ ကျွန်မ စိတ်ပေါ့ပါးပြီး ကိုမင်းထိုက်၏ ထိုက်တန်သော ကူညီမှုကို ကျွန်မ ကျေးဇူးတင်၍ မဆုံးမိပါ။





အချိန်က ယခုမှ ၉ နာရီ။

ဘုရားကိစ္စ ကျွန်မရင်မှာ ပေါ့ပါးသွားသော်လည်း ဂျွန်အဖွဲ့ကမ်းလှမ်းချက်ကိစ္စက ကျွန်မ ရင်မှာ တင်းကျပ်နေဆဲပါ။ ဖေဖေ့ကို အသိပေးမှ ဖြစ်တော့မည်။

ကိုမင်းထိုက်၏ စာကို သိမ်းခဲ့ပြီး ကျွန်မ ဖေဖေ၏ အခန်းရှိရာသို့ ထွက်လာခဲ့မိသည်။ ညီမလေး ပျိုးသည်သာ အပြင်ဝရန်တာမှာ စာဖတ်နေသည်။ ဖေဖေနှင့် ဒေါ်မာလာတင်ကို မမြင်ရ။ အခန်းထဲတွင် ရှိနေပေလိမ့်မည်။

ကိုယ့်အဖေကို ကိုယ် မခေါ်ရဲမပြောရဲသည့် ဘဝ။ မိထွေး၏ မျက်နှာကြည့်သာပါမှ ဖေဖေ့ကို စကားပြောရသည့်ဘဝမို့ အားငယ်စွာဖြင့် ကျွန်မ ဧရာဝတီမြစ်ဘက်သို့ ထွက်ခဲ့သည်။

"ပျိုး၊ နောက်ကို လှည့်မကြည့်နဲ့"

"ဟင်"

"ကျွန်တော့်စကားကိုပဲ နားထောင်၊ လှည့်မကြည့်နဲ့"

"ဟုတ်ကဲ့...ဟုတ်ကဲ့၊ ပြောပါ ကိုဟန်ထွန်းမြင့်"

"ဟို လှေကားနားမှာ လူနှစ်ယောက် ပျိုးတို့ အခန်းတွေဆီကို မကြာခဏ မှန်ဘီလူးနဲ့ ကြည့်နေတယ် သိလား"

"ပျိုး ကြည့်ဦးမယ်"

ကျွန်မနှင့် ကိုဟန်ထွန်းမြင့်က စိန်ပန်းပင်ကြီးကို ကျောပေး၍ နှစ်ယောက်စလုံး နောက်ခိုင်း အနေအထားနှင့် ကျွန်မက မူမပျက် ဆက်လက်၍ ဖြည်းဖြည်းချင်း လျှောက်မိသည်။

ကိုဟန်ထွန်းမြင့် ပြောသည့် လူနှစ်ယောက်ကို ကြည့်လိုက်မိသည်နှင့် သူတို့က လှေကားထစ်များပေါ်တွင် ထိုင်နေရာမှ မထီလေးစားဟန်မျိုးဖြင့် ထ၍ ကျွန်မနှင့် ဆန့်ကျင်ဘက်နေရာသို့ နှစ်ယောက်သား လျှောက်သွားကြသည်။

ပုဆိုးဝတ်လူကို မသိမမြင်ဖူးသော်လည်း ဘောင်းဘီနှင့် ... ဘင်နှင့်၊ နေကာမျက်မှန်နှင့် လူကိုဖြင့် ကျွန်မ သိပါသည်။ သူ့ကို ...ခြင်လိုက်ရခြင်းအားဖြင့် ကျွန်မ ရင်၌ ကြီးစွာသော လှုပ်ရှားခြင်း


www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပါပြီ။

"သူ ငါ့ကို ရွှေစည်းခုံမှာ ခေါ်တွေ့တဲ့ ဂဠုန်အဖွဲ့ကဆိုတဲ့လူ"

ယင်းအသိကြောင့် ဖေဖေ၏အခန်းသို့ အလန့်တကြား ကျွန်မ လှမ်း၍ ကြည့်လိုက်မိပါသည်။ ဖေဖေ့နားသို့ အန္တရာယ် နီးကပ်လာပြီ ဆိုသော အသိကြောင့် ဖခင်ကြီး အတွက် ကြီးစွာသော ပူပန်သောက ဖြစ်ရပါပြီ။

"သိတယ်၊ သိတယ်၊ အဲဒါ ပျိုးတို့ကို ဒုက္ခပေးမယ့် ဂဠုန်အဖွဲ့က လူတွေ"

"ပျိုး အဲဒီကောင်တွေနဲ့ ဆုံပြီးပြီလား"

"ဆုံဖူးတယ်၊ ပျိုးကို ခြိမ်းခြောက်တယ်၊ ဖေဖေ့ဆီက ငွေတောင်းခိုင်းတယ်"

"ဘယ်လို"

"ဟို ဦးဦးရဲ့ ပြဿနာတွေပေါ့၊ ဖေဖေ့ပေါ် ပုံချပြီး ဒုက္ခပေးကြမယ့်လူတွေ၊ ပျိုး ကြောက်တယ် ကိုဟန်ထွန်းမြင့်"

"မကြောက်နဲ့ ပျိုး၊ နေဦး၊ ဒါဖြင့် အဲဒီလူတွေနောက် ကျွန်တော် လိုက်ကြည့်ဦးမယ်၊ ပျိုး အခန်းမှာပဲ တံခါးပိတ်ပြီးနေ"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

ကိုဟန်ထွန်းမြင့်က သီရိပစ္စယာ၏ ခန်းမရှိရာ အဝင်ဝဘက်သို့ ထွက်သွားပြီးသည်နှင့် ကျွန်မဖေဖေ၏ အခန်းသို့ တန်း၍ ပြေးဝင်လာမိသည်။

အခန်းပြင် ဥပစာတွင် ကျွန်မ ထိုင်ပြီး ခဏ ကြာသည်နှင့် အခန်းတွင်းမှ စာတစ်အုပ်နှင့် ဒေါ်မာလာတင် ထွက်လာသည်။ ကြိမ်ကုလားထိုင်တွင် စာဖတ်ရန် ဟန်ပြင်သည်နှင့်...

"ဖေဖေ အိပ်နေလား အန်တီမာလာ"

"စာဖတ်နေတယ်"

"ဖေဖေနဲ့ ခဏ သွားစကားပြောချင်လို့"

"ဘာကိစ္စလဲ"

သြော် ဖခင်နှင့်သမီးရင်းကြားတွင် သူစိမ်းဝင်လာပြီမို့ အခွင့်





မရှိ မဝင်ရ ဆိုသည့် သဘောပါလား။

"ဖေဖေ ခိုင်းထားတဲ့ကိစ္စပါ"

"ကိုကိုက ဘာခိုင်းထားလို့လဲ"

"ကျေးဇူးပြုပြီး ဖေဖေနဲ့ ပျိုး တွေ့ပါရစေ၊ ပြီးတော့မှ ဖေဖေ့ကို အန်တီမာလာ ပြန်မေးကြည့်ပါ"

"ကောင်းပြီလေ၊ တစ်ခုတော့ ရှိတယ် ပျိုး"

"ပြောပါရှင် ပြောပါ"

"ကိုကို စိတ်ညစ်ရမယ့် စကားမျိုးတော့ မပြောဖြစ်အောင် ရှောင်ပါ"

"စိတ်ချပါ၊ ပျိုးအဖေကို ပျိုးက စိတ်မချမ်းသာမယ့်စကားမျိုး မပြောပါဘူး၊ မချွဲပါဘူး၊ နားပူနားဆာ မလုပ်ပါဘူး၊ ရှင် ချစ်တာထက် ပိုချစ်ပါတယ်၊ ဖေဖေ့ ဘဝကို နှစ်မပစ်ပါဘူး"

ဟူသော စကားများကို ကျွန်မ၏ ရင်ထဲ၌သာ ပြောကြားရပါသည်။ ရှုံးနိမ့်ပြီးသူ ကျွန်မက နာခံပါကြောင်း တစ်ချက်သာ ခေါင်းညိတ်ပြပြီး ဖေဖေ့ အခန်းတွင်းသို့ ဝင်ခဲ့ရပါသည်။

အခန်းထဲတွင် ဖေဖေက စာတစ်အုပ် ဖတ်နေသည်။ ကျွန်မလာမှ စာအုပ်ကိုချလိုက်ပြီး အိပ်ရာမှ ထထိုင်ကာ မျက်မှန် ကောက်တပ်ပြီး ကျွန်မနားသို့ လျှောက်လာသည်။

"ဘာကိစ္စလဲ သမီး"

ဖေဖေနှင့် ကျွန်မ၏ ကြားတွင် ဒေါ်မာလာတင် မည်သော သမုဒ္ဒရာကြီး ခြားနေ၍ ကိစ္စရှိမှဆုံကြရသည့်အဖြစ်မို့ ကျွန်မ ဖေဖေ့ကို ကြေကွဲစွာ ကြည့်လိုက်မိပါသည်။

"ဖေဖေ့ကို ပြောစရာ ရှိလို့ပါ"

"အေး၊ ပြောပြော"

ဖေဖေကိုယ်တိုင်က သားအဖနှစ်ယောက်တည်း တိုင်ပင် နှီးနှောနေသည့် အဖြစ်မျိုးကို ဒေါ်မလာတင် မကြိုက်မှာ စိုးပုံရသည်။ ကိစ္စအမြန် ပြီးပြတ်စေလိုဟန် ရှိနေသည်။

"ပြောဆိုလည်း ပြောပါမယ် ဖေဖေရယ်၊ ဂဠုန်အဖွဲ့ဆိုတာကို

www.burmeseclassic.com

ဖေဖေ သိသလာ"

"ဟင်...ဘာ...ဘာ"

"ဂျွန်အဖွဲ့တဲ့"

"သမီးနဲ့ ဘယ်လို ဆက်သွယ်မိကြလဲ၊ ဘာတဲ့လဲ"

ကျွန်မ ပြောမည့်အကြောင်း ခေါင်းစဉ်ကို ကြားလိုက်သည်နှင့် ဖေဖေ လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့သည်။ သိချင်ဇော ကြီးမားခြင်း မေးလှာပါ၍ ကျွန်မက...

အစမှ အဆုံးတိုင် ပြောပြမိသည်။ ရွှေစည်းခုံမှာ ဆုံခဲ့ရသော သူ၏ ပုံသဏ္ဌာန်ပါ ပြောပြပြီး သူ တောင်းသည့် ငွေတစ်သိန်းခွဲ အကြောင်းနှင့် အသေးစိတ် ဆွေးနွေးခဲ့ရပုံများကို ပြန်လည် တင်ပြ အပြီးတွင်...

"အဲဒီလူ စောစောကလည်း ဟောဟိုက တံတားလေးနားမှာ ထောင်မလည် ရှိနေတာ သမီး မြင်ရတယ်၊ သူ့လက်မှာ မှန်ဘီလူးနဲ့၊ ဖေဖေ့ အခန်းကို မကြာခဏ ကြည့်နေတယ်"

"ဟိုက် ဒုက္ခပဲ...ဒုက္ခပဲ၊ သူတို့သိသွားရင်တော့ ခက်ပြီ၊ ခက်ကြပြီ"

"ဖေဖေ"

ဖေဖေ ကြောက်ရွံ့လှုပ်ရှားပုံမှာ သနားစရာ ကောင်းလောက်အောင်ဝင် တုန်ယင် လှိုက်မောနေရှာပါ၏။

"ဖေဖေရယ်၊ သမီး...သမီး အပြစ်များလား၊ ဒုက္ခပါပဲ"

"ဒါကြောင့် အပြင်မထွက်ပါနဲ့လို့ မှာတာပေါ့"

"ဖေဖေ့မှာ ဘယ်လို ဒုက္ခတွေများ ရှိနေလဲ၊ သမီး သိခွင့်ရှိရင် သိပါရစေလား ဖေဖေရယ်"

"ဟိုကောင်ပေါ့၊ စိုးနီ ဂြိုဟ်မွေသွားခဲ့တာပေါ့"

"ဒါဆို သူက သေပြီပဲ၊ ဖေဖေက တရားတဲ့ဘက်က အမှန်အတိုင်း ရဲကိုဖြစ်ဖြစ် ဖွင့်ပြောပြီး အကူအညီတောင်းရင် မကောင်းဘူးလား ဖေဖေ"

ဖေဖေက ခေါင်းရမ်းသည်။





"ဖေဖေ ကိုယ်တိုင် မာလာတင့်စကားကို ယုံပြီး သူတို့ပြဿနာထဲမှာ ပါခဲ့မိတယ် သမီး၊ ဖေဖေ မရှင်းတတ်တော့ဘူး၊ ဥပဒေအတွင်းက ရှင်းရင် ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်ဖြစ်ပြီ"

"ဖေဖေရယ်"

"ဖေဖေ့မှာ ရဲတိုင်ရင် ထောင်ထဲဝင်ရမယ်၊ သူတို့ ဂျွန် ဆိုတာတွေနဲ့ တွေ့ရင်လည်း အန္တရာယ်က မသေးဘူး"

"ဒုက္ခပါပဲ ဖေဖေရယ်၊ သမီး ဘာလုပ်ပေးရမလဲ"

ဖေဖေက ခေါင်းရမ်းပြန်သည်။

"လောလောဆယ်တော့ သူတို့နဲ့ဝေးရာကိုပဲ ပြေးနေဦးမှ သမီး၊ အင်း မိန်းမဖျက် ပြည်ပျက်ဆိုတာ ဒါပေါ့၊ ဖေဖေ မာလာနဲ့ တိုင်ပင်လိုက်ဦးမယ်၊ ကဲ သမီး သွားတော့"

ဖေဖေ့ကို သနားရခြင်း၊ အန္တရာယ်ကို ကြောက်ရွံ့ခြင်းဟူသော ဝေဒနာစိတ် များစွာကို သယ်ပိုးပြီး ကျွန်မ ဖေဖေ့ အခန်းမှ ပြန်ခဲ့ရပါပြီ။

ကိုယ် မဖြေရှင်းနိုင်၊ မဖြေရှင်းတတ်သော ပြဿနာကြီးနှင့် အန္တရာယ်ကြီးကို ဘယ်လိုမှ မကြံတတ်မစည်တတ်ပါ၍ ကျွန်မမှာ တိုမင်းထိုက်၏ အခန်းရှာရာသို့သာ အားကိုးတကြီး လှမ်းကြည့်နေမိသည်။

သူ မရှိ။

ခဏ အကြာတွင် မျိုး ရောက်လာသည်။

"မမပျိုး ပစ္စည်းတွေ သိမ်းတဲ့၊ ဒီနေ့ပဲ ခရီးဆက်ထွက်တော့မယ်တဲ့"

❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com


## အခန်း[၁၅]

"အချိန်မှ မီပါဦးမလား"

ဒေါ်မာလာတင် ကား သွားစီစဉ်နေပြီဟု ဆိုသည်။

"အဲဒါ ဘာထုပ်လဲ မမပျိုး"

"သြော်၊ ဟို...ဟိုဟာ၊ ဖေဖေ အပ်ထားတဲ့ပစ္စည်း"

ဘုရားဆင်းတုတော်ထုပ်ကို ကျွန်မ တကိုင်ကိုင် ဖြစ်နေ၍ မျိုးက မေးလာသည်။ မတော် သူ ဖွင့်ကြည့်လျှင် အခက်။

"အင်း အခု ဆယ့်နှစ်နာရီခွဲ၊ ဒီဘုရားကို ကိုမင်းထိုက်ရဲ့ လက်ထဲ အပ်ပြီးမှ ဒီက ထွက်ဖြစ်ပါစေ"

ပစ္စည်းများ သိမ်းပြီးသော်လည်း ကျွန်မမှာ ထိုင်ရတော့မလိုလို၊ ထရတော့မလိုလိုနှင့် ဘာလုပ်ရမှန်းမသိ၊ စိတ်မှာ လှုပ်ရှားပါဘိ။

"မျိုး ညီမလေး၊ မမတို့ ဘယ်ကို သွားကြရမှာတဲ့လဲ ညီမလေး၊ သိလားဟင်"

"သူတို့ စဉ်းစားကြတာတော့ အမျိုးမျိုးပဲ၊ ဒါပေမယ့် အခု လောလောဆယ်တော့ မိတ္ထီလာအိမ်ကိုပဲ သွားဖြစ်ကြလိမ့်မယ် ထင်တယ်"

"မိတ္ထီလာအိမ် ဟုတ်လား"

"ဟုတ်တယ်၊ မမပျိုးရဲ့ အဘွားအိမ်ကိုပဲ ဖြစ်မှာပေါ့၊ မိတ္ထီလာ သွားမယ် ဆိုရင်တော့..."



ကျွန်မ ပျော်သွားမိပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်မကို ချစ်လှစွာသော အဘွား၏ အရိပ်အာဝါသတွင် ခိုလှုံခွင့်ရခဲ့လျှင် ကျွန်မ၏ ကိုယ်ခန္ဓာ လုံခြုံမှုရှိသည် သာမက စိတ်ဓာတ်ပါ အေးငြိမ်းမှု ရနိုင်လိမ့်မည်။

"တစ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်ပဲ လိုတော့တယ်၊ ကိုမင်းထိုက်နဲ့ ချိန်းထားတဲ့နေရာကို ငါ သွားပြီး ဘုရား သွားပေးမှပဲ၊ သြော် အဘွားအိမ်လိပ်စာလေးလည်း ရေးသွားပေးမယ်၊ သူ ငါ့ကို ဆက်သွယ်နိုင်အောင်လို့၊ ကိုမင်းထိုက်ဟာ အဘွားပြောတဲ့ သတို့သားလောင်းများ ဖြစ်နေမလားပဲ"

"ဘာပဲဖြစ်ဖြစ် ခုချိန်မှာတော့ ငါဟာ ကိုမင်းထိုက်ကို ရိုးသားစိတ်နဲ့ တကယ်ပဲ ချစ်ခင် အားကိုးနေမိပါတယ်"

ကျွန်မ၏ ရင်တွင်းအတွေးများ အဆုံးတွင် နာရီကို ကြည့်၊ ဘုရားကို ပင့်ပြီး...

"ညီမလေး၊ မမပျိုး ခန်းမဆောင်ဘက် ခဏ သွားလိုက်ဦးမယ်၊ ပစ္စည်းတွေ ကြည့်ထားဦးနော်"

"မကြာနဲ့နော် မမပျိုး၊ ကားက လာတော့မှာတဲ့"

"ခဏလေးပါ ညီမလေး"

"မျိုး သိပါတယ်၊ မမပျိုး ဘယ်သွားမလဲဆိုတာ"

"ဟင် ဘာ...ဘာသိတာလဲ"

"ကိုရာဇသူကို သွားနှုတ်ဆက်မလို့ မဟုတ်လား"

"အင်း တော်ပါသေးရဲ့"

ဟု၍ ရင်ဘတ်ကို နှိပ်ပြီး စိတ်လန့်ကို ဖြေဖျောက်မိရပါသည်။ ကျွန်မ ဖြစ်နေရသည်က လျှို့ဝှက်ခြင်း၊ မျိုး ထင်နေသည်က ကိုရာဇသူ ခင်းကျင်းလာသော မေတ္တာလမ်းသို့ နင်းလျှောက်ခြင်း။

"ခဏလေးနော်၊ ဖေဖေ မေးရင် ရှိတယ်လို့သာ ပြောထားပါ"

ကျွန်မက သူ့အထင်နှင့် ရောလိုက်သည်။ ဘုရားဆင်းတုတော်ကို ပိုက်လျက် ခပ်သွက်သွက် လျှောက်လာဆဲ...

"ပျိုး"


www.burmeseclassic.com

www.burmeseclassic.com

သစ်ပင်ကွယ်မှ ဘွားခနဲထွက်လာကာ ခေါ်၍ ကျွန်မ မေ့မြော မတတ် လန့်သွားမိပါသည်။

"ဟင် ကိုဟန်ထွန်းမြင့်"

"ဟုတ်တယ်၊ ပျိုးကို ပြောစရာ ရှိတယ်၊ အရေးကြီးတယ်"

"ပျိုးလည်း အရေးကြီးနေတယ်၊ အဝင်မှခ်ဦးကို အခု အမြန် သွားစရာ ကိစ္စ ရှိတယ်၊ ဒီမှာ ပြီးရင် ပျိုးတို့လေ ခရီးဆက်ကြတော့ မလို့"

"ဟင် ဘယ်ကိုလဲ"

"မိတ္တီလာလို့ ထင်တာပဲ၊ အတိအကျ မဟုတ်ဘူး"

"အခု ဘာလုပ်မလို့လဲ"

"ခဏလေးပါ၊ ချိန်းထားလို့"

"ဘယ်သူနဲ့လဲ၊ ကိုမင်းထိုက်နဲ့လား၊ ဟုတ်လား ပျိုး"

"ဟုတ်တယ်၊ ပျိုးမှာ အချိန်မရှိဘူး၊ သွားမယ်နော်"

"နေဦး ပျိုး"

ခြေလှမ်းနေသော ကျွန်မကို သူက စကားနှင့် တားရုံမဟုတ် ကျွန်မ၏ လက်မောင်းကိုပါ လှမ်းဆွဲပြီး…

"မသွားနဲ့ပျိုး၊ အဲဒီ ကိုမင်းထိုက် ဆိုတဲ့ လူဟာ မနက်က တွေ့ရတဲ့ ဂျူန်အဖွဲ့ကဆိုတဲ့ ကောင်တွေနဲ့ တစ်ဖွဲ့တည်းသားတွေ"

"အမယ်လေး"

"ဒီနေ့ သူတို့ ခြေရှုပ်နေကြတယ်၊ ခုနလေးတင် ဂျစ်ကား စိမ်းနဲ့ ဟိုကောင်နှစ်ယောက်က ကိုမင်းထိုက်ကို လာခေါ်သွားကြတာ ကျွန်တော် မြင်လိုက်တယ်"

"မြတ်စွာဘုရား"

"သူဟာ ပျိုးကို အယုံသွင်းပူးပေါင်းပြီး သူတို့အဖွဲ့ ခိုင်းစေ ချက်အတိုင်း ဆောင်ရွက်မှာပဲ၊ ပျိုးတို့ကို အန္တရာယ် ပေးမှာပဲ ဒီတော့ စီစဉ်ထားတဲ့အတိုင်းသာ ဒီနယ်မြေက အမြန်ဆုံး ထွက်သွား ကြတော့"

"ဒုက္ခပါပဲရှင်"





"ပျိုး သိပ်လန့်နေပြီ၊ ဟော ဦးစိုးဖြူ ထွက်လာပြီ၊ ပျိုး သွား တော့ ပျိုး ပြန်တော့"

ကိုဟန်ထွန်းမြင့်က ကျွန်မနားမှ လျင်မြန်စွာ ထွက်ခွာသွားပြီး သည့်တိုင် ကျွန်မမှာ ဆင်းတုတော်ကို ရင်ဝယ်ပိုက်လျက် တောင့် တောင့်ကြီး ရပ်နေမိပါသည်။

"ကို…မင်း…ထိုက်"

ယုံကြည်အားကိုးလိုက်ရသည့် ဖြစ်ခြင်း၊ မထင်ပါ၊ နည်းနည်း လေးမှ မထင်မိပါ။

အန္တရာယ်အသွယ်သွယ်မှ ကယ်တင်ရှင်ကြီးအဖြစ်နှင့် သူ့ကို လုံးလုံးလျားလျား အာ ကိုးထားမိသည်။ ကျွန်မကို ထိုက်ထိုက်တန် တန် ကူညီမည့် သူ၊ ကျွန်မ၏ အခက်အခဲများကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးမည့် သူ ဟူ၍ စိတ်ချလက်ချ ယုံကြည်ထားမိလေ သော ကိုမင်းထိုက်။

"အကြံပက်စက် လုပ်ရပ်ပါပေ့ရှင်"

ကျွန်မမှာ အခန်းရှိရာသို့ အမြန်ပြေးလာရသည်။ ဖေဖေက ကျွန်မကိုလှမ်းမြင်နေသော်လည်း ဘာမှ မပြော၊ သူကိုယ်တိုင်လည်း စိတ်ဇောကြီးစွာဖြင့် ကားကို မျှော်နေဟန် ရှိပေသည်။

"ဘယ့်နှယ့် ကိုရာဇသူကြီးနဲ့ မမပျိုး တွေ့ခဲ့လား"

"မတွေ့ပါဘူး မျိုး၊ မမပျိုး ဒီနေရာက အမြန်ဆုံး သွားချင် လှပါပြီ၊ ကားက ဘယ်အချိန်မှ…"

"ဟော မေမေ လာပြီ"

ကျွန်မစိတ်ထဲတွင် ဒေါ်မာလာတင် ရေးကြီးသုတ်ပျာ လျှောက် လာသည်ကို မေခလာနတ်သမီး ကြွလာသည်ဟု မြင်နေမိပါသည်။ ကျွန်မအဖြစ်က သင်္ဘောပျက်သော ဇနက အဖြစ်ထက် ပိုမိုဆိုးရွား သိမ့်မည်ထင်သည်။

"မောင်လေးတို့က ဒါယွေ ယူ၊ ဟောဒါ ထမ်း၊ သမီးတို့ ကိုယ် နိုင်သလောက် ဝိုင်း သယ်စမ်း၊ မြန်မြန်လုပ်၊ လာ ကိုကို၊ အလာ့ကို တွဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မာလာတင်က အကွက်စေ့စေ့ စီစဉ်သည်။ သီရိပစ္စယာ၏ အလုပ်သမားအလေးများက သယ်ပိုး၊ ကျွန်မတို့ ညီအစ်မကပါ ဝိုင်းသယ်နှင့် ခဏ အတွင်း၌ပင် ခန်းမဆီသို့ ရောက်ခဲ့ကြပါ၏။

ကျသင့်ငွေများရှင်း၊ အခန်းသော့အပ်ပြီး ပစ္စည်းများကို အသင့်ရှိနေသော ကားပေါ်သို့ တင်နေဆဲ…

"ဘာ ပျိုးတော့ ပြန်တော့မယ်လား"

"ဪ ကိုရာဇသူ"

"ပြန်မယ်ဆိုတာ အခုမှပဲ သိခွင့်ရတာတော့ ရက်စက်လွန်းရာ ကျပါတယ် ပျိုး"

"ပျိုးတို့လည်း ရုတ်တရက် အစီအစဉ်နဲ့ ပြန်ကြရတာပါ"

"ဘာပဲ ဖြစ်ဖြစ်ပေါ့ ပျိုးရယ်၊ ကိုယ့်ကို သိပ်ပြီး မျှော်လင့်ခြင်း ကြီးနေတဲ့ လူသား တစ်ယောက်ကို ဥပေက္ခာပြုလွန်းရာ ကျပါတယ်ဗျာ"

"ဪ ကိုရာဇသူရယ်"

ထိုခါ အကွယ်တွင် ပြောနေကြ၍ ဖေဖေတို့ မမြင်၍ တော်ပါသေးသည်။ အရေးထဲ ကိုရာဇသူ၏ စကားများကြောင့် ကျွန်မ စိတ်ညစ်ရပါဘိခြင်း။

"တွေ့ရတဲ့အချိန်က တိုလွန်းပေမယ့် ကျွန်တော့်မေတ္တာ ပမာဏ ဘာ သေးငယ်ပါဘူးဆိုတာ ပျိုးကို ပြခွင့်မရလိုက်တာ ကျွန်တော် ဝမ်းနည်းမိတယ် ပျိုး"

"ပျိုးကို ခွင့်လွှတ်ပါ၊ ပျိုး သွားပါရစေတော့"

"ရန်ကုန်ကို ပြန်ရမှာလားဟင်"

"ဟုတ်…ဟုတ်ကဲ့"

"ဘာပဲဖြစ်ဖြစ် ပျိုးကို ထပ်ပြီး ဆုံခွင့်ရအောင် ကျွန်တော် ကြိုးစားအားထုတ်မှာပဲ ပျိုး၊ ပျိုး ပြန်မချစ်ရင်နေပါ၊ ပျိုးကို ကျွန်တော် ဘယ်လောက်ထိ မြင့်မြင့်မားမား ချစ်နေမိတယ် ဆိုတာကို ပြခွင့်ရရင် ကျွန်တော် တင်းတိမ်ရောင့်ရဲပါပြီ ပျိုးရယ်၊ ကဲကဲ ပျိုး သွားပါတော့ဗျာ"





"ရေစက်မကုန်ရင် ကြုံကြဦးမှာပေါ့ရှင်"

ယင်းစကားစုလေး ပြောပြီးသည်နှင့် ကျွန်မ ကားပေါ်သို့ ပြေးတက်မိပါသည်။

နောက်ခန်းက နေရာယူရပါ၏။

ပစ္စည်းများနှင့် ကျွန်မတို့ မိသားစုလေးဦးမှာ ဒေါ်မာလာတင် ငှားလာသည့် ဂျစ်ကားတစ်စီးနှင့် အပြည့်ပါပင်။

အချိန်က ၁ နာရီ ၁၀ မိနစ်။

ကားထွက်ပါပြီ။

လှပ ချစ်စရာကောင်းလှသော သီရိပစ္စယာကိုပင် မနှုတ်ဆက်နိုင်အား။ သီရိပစ္စယာ၏ ဂုဏ်သရေကိုပင် မကြည်နူး၊ မဦးညွှတ်နိုင်အားပါဘဲနှင့် လမ်းထိပ်ဆီသို့ ကျွန်မ စိတ်စောနေမိပါသည်။

တွေ့ပါပြီ ကိုမင်းထိုက်။

မတ်တပ်ရပ်လျက် သူက ကျွန်မ လာရာလမ်းကို လှမ်းမျှော်ဆောင့်ကြိုနေဆဲပါ။

"ကဲ ကားဆရာရေ၊ ခပ်မြန်မြန်လေးသာ မောင်းထွက်ပေးပါရှင်"

ကျွန်မ မနေနိုင်တော့၊ ဝင်ပြောမိရသည်။ ကျွန်မတို့ ပြန်ကြလေပြီဟူ၍ ကိုမင်းထိုက် မသိစေချင်၊ မမြင်စေချင်ပါ။ ခြေတစ်လှမ်းစာ နောက်ချန်၍ သူ ကျန်ရစ်ခဲ့စေချင်ပါပြီ။

သို့သော် ကျွန်မ ဖြစ်စေချင်သလို ဖြစ်မလာပါပေ။ ကား၏ ရှေ့ခန်းတွင် ထိုင်လျက် ထွက်လာသော ကျွန်မ၏ ဖေဖေကို ကိုမင်းထိုက် သေသေချာချာကြီး မြင်တွေ့သွားပါပြီ။

သူက အလန့်တကြား ကြည့်ပြီး ကားနောက်ခန်းသို့ လျင်လျင်မြန်မြန်ကြီး လှည့်ကြည့်လိုက်ပါပြီ။ သူ့ကို ကြည့်နေသော ကျွန်မနှင့် ကြည့်ချင်း ဆုံတွေ့ပြီးသည်နှင့် ကားက သူ့ကို ဖြတ်ကျော်၍ သွားပါပြီ။

လူတစ်ယောက်၏ မျက်နှာ သည်မျှ ပြောင်းလဲသွားသည်ကို ကျွန်မ မမြင်ဖူးပါ။ မယုံနိုင်ခြင်း၊ အံ့သြခြင်းများနှင့်အတူ သူ တစ်ယောက် ကျန်ခဲ့ပြီဆိုသည့် နောင်တစိတ်တို့ ရောပြွမ်း ဖြစ်ထွန်းသွား

www.burmeseclassic.com



သော ကိုမင် ထိုက်၏ မျက်နှာ။

"နေရစ်တော့ ကိုမင်းထိုက်ရေ"

ကျွန်မ စိတ်မှ နာကျည်းစွာဖြင့် သူ့ကို နှုတ်ဆက်လိုက်မိပါသည်။

မိန်းမသားတို့တွင် ယုံလွယ်သော စိတ်များ ရှိကြောင်း ကြား သိခဲ့ရာမှ ယခု ကျွန်မ ကိုယ်တွေ့၊ ကျွန်မကိုယ်တိုင် ကြုံရပါပြီ။ ယုံကြည်စိတ်နှင့် ကျွန်မတို့ အကြောင်းကို ဖွင့်ဟ၍များပင် ပြောကြား မိခဲ့လေပြီ။

ကိုမင်းထိုက်နှင့် သူ၏ ဂဠုန်အဖွဲ့သားများသည် ကျွန်မနှင့်တကွ ကျွန်မ၏ မိသားစု ပျောက်ဆုံးသွားခြင်းကို "သွားပါစေတော့" ဟူ၍ သဘောကောင်း မနောကောင်းဖြင့် လက်ပိုက်၍ ကြည့်နေကြမည် မထင်။

တစ်နေ့နေ့ တစ်ချိန်ချိန်တွင် တစ်နည်းနည်းဖြင့် ကျွန်မတို့ ရှိရာသို့ ဤအန္တရာယ်မီးစသည် လာရောက် ရှို့ညှိပေလိမ့်ဦးမည်။ ကျွန်မတို့ မိသားစုသည်သာ ပူပြင်းစွာ မလောင်မြိုက်ရပါစေနှင့် ဟု ၍ ပိုက်ထားမိသော ဆင်းတုတော် မြတ်ဘုရားကို တိုင်ကြား လျှောက် ထားမိပါပြီတည်း။

❖ ❖ ❖





## အခန်း[၁၆]

ကားမောင်းသည့်နှုန်းက ကြောက်စရာကောင်းလောက်အောင် မြန်ဆန်နေပါ၏။ ကားပေါ်တွင် ဘယ်သူကမှ စကားမပြောဖြစ်ကြ၊ အားလုံး ငြိမ်နေသည်။

ဖေဖေနှင့် ဒေါ်မာလာတင်တို့က စိတ်ဇောကြီးနေပုံ ရသည်။ ကျွန်မတို့ ညီအစ်မလို ငြိမ်ငြိမ်လေး ထိုင်မနေနိုင်။ နောက်ကို ကြည့် လိုက်၊ ရှေ့ကို ကြည့်လိုက်၊ ကားဆရာကို ကြည့်လိုက်နှင့် ဂနာမငြိမ်ကြ။

ဂျစ်ကားနောက်ကာတွင် ဖောက်ထားသော လေးထောင့်အပေါက် များကြားမှ မြင်နေရသည်။

ဂျစ်ကား တစ်စီး လိုက်လာနေသည်။

ကျွန်မ သိမှတ်မိသလို နောက်လှည့်ပြန်ကြည့်နေသော ဒေါ် မာလာတင်လည်း မြင်သွားပြီ။ ဖေဖေ့ကို တံတောင်နှင့် တွက်လျက် နောက်ဘက်သို့ လက်မနှင့် ညွှန်ပြသည်။

အကြောလိုက်နေသော ဖေဖေက ကိုယ်ကိုပါ တစ်ပတ်လှည့်ပြီး နောက်မှလိုက်လာသော ကားကို သေသေချာချာ ကြည့်သည်။

ထန်းတောများ၏ အလယ်တွင် ကားနှစ်စီး ပြေးလွှားနေခြင်း ဖြစ်သည်။ ကား လည်ပတ်နေသော စက်သံထက်ပင် ကျွန်မ၏ နှင့် ခုန်သံက ပို၍ မြန်မည် ထင်မိသည်။

"ဂဠုန်အဖွဲ့တွေလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းထိုက်လား၊ လိုက်လာကြပြီ"

ယင်းအသိဖြင့် ကြောက်စိတ်ကြောင့် တစ်ကိုယ်လုံး ပူနွေးလာသည်။ သွေး လည်ပတ်နှုန်းက မြန်လာသည်။

အတိုင်းအတာ မသိရသော အန္တရာယ်မို့ ပိုမို၍ ကြောက်လန့်နေမိသလားပါ။ ဖေဖေတို့ပင် ကျွန်မလောက် မလှုပ်ရှား။ ဆင်း၍များပင် ပြေးလိုက်ချင်ပါရဲ့။

နောက်ကား မီလာပြီ။ ဂျစ်ကားစိမ်းပါပင်။

"ဟော ကျော်တက်ဖို့ အချက်ပေးနေပြီ"

ကျွန်မနှုတ်က အလန့်တကြား ပြောမိလျက်သား ဖြစ်သွားရသည်။

ထန်းတောများက မိုက်နေသည်။ ထန်းလျက်နှင့် အရက်ချက်သည့် ထန်းလက်တဲလေးများကိုပင် မတွေ့ရ။ ထန်းသီးချိုင်သည့်သူမရှိ။ မြူအိုးချသည့်သူပင် မမြင်ရ။ ထန်းတက်သမားနှင့် နွားကျောင်းသားတို့ပင် ရှင်းလင်းနေသည့် အချိန်။

"တီ...တီ...တီ"

ဂျစ်ကားကလည်း အရေးကြီးနေဟန် လမ်းတောင်းသည်။

ဖေဖေက ကားဆရာကို လက်ကလေးကာ၍ စလိုးပြသည်။ ဖြည်းဖြည်းမောင်းရန် ကား သင်္ကေတနှင့် ပြပါ၏။ ဖေဖေက သူ့လက်ကိုင်တုတ်ကို လွှတ်ပြီး သတိအနေအထားနှင့် ထိုင်သည်။ ကားဆရာက အရှိန်လျှော့ပြီး ဘေးသို့ မောင်းချပေးသည်။

နောက်ကား ကျော်တက်သွားပါပြီ။

အားလုံး ကားတစ်စင်းလုံး အမျိုးသမီးများချည်း။

ကျွန်မတို့ကားကို အားလုံး လည်ပြန် ကြည့်ကြသွားကြသော်လည်း...

သွားပါပြီ၊ ဘာဒုက္ခမှ မပေးပါဘဲနှင့် ကျော်တက်သွားပါပြီ။

ဒေါ်မာလာတင်က မျက်စိစုံမှိတ်၍ ခေါင်းမော့ပြီး အသက်တို့တစ်ဝကြီး ရှူထုတ်လိုက်သည်။ ရင်ပေါ့သွားသည့် သဘော။

ကျွန်မကလည်း ကိုယ့်ရင် ကိုယ်ဖိကာ သက်ပြင်းချရသည်။





ဖေဖေကလည်း သက်တောင့်သက်သာ ပြန်ထိုင်လိုက်ရှာသည်။

ဘာမှ မသိသည့် မျိုး...။

"ညီမလေးမျိုးပဲ ကောင်းတယ်၊ ဘာမှမသိတော့ ဘာမှ မပူရဘူးပေါ့"

ငြိမ်းအေးနေသော ညီမလေး၏ မျက်နှာကို ကြည့်ပြီး ကျွန်မ ချမ်းမြေ့စွာ တွေးလိုက်မိပါသည်။

"ကျောက်ပန်းတောင်းမှာ ဆင်းကြဦးမလား"

ကားဆရာက မေးသည်။

"မဆင်းဘူး...မဆင်းဘူး၊ ဖြစ်နိုင်ရင် တစ်ခါမှမရပ်ဘဲ မိတ္ထီလာကို တိုက်ရိုက် မောင်းပေးပါရှင်"

"အခု လာခဲ့တာ အပြင် ကျောက်ပန်းတောင်းကနေ မိတ္ထီလာအရောက် ၆၈ မိုင် မောင်းရဦးမယ်၊ အားလုံးပေါင်း မိုင် တစ်ရာကျော်ပဲ"

"ကျွန်မတို့ အရေးကြီးလွန်းလို့ပါ၊ ဟိုမှာ လူနာတစ်ယောက် အသက်မီအောင် သွားရမှာပါလို့ ပြောပြီး ငှားခဲ့တာပါရှင်"

ကျောက်ပန်းတောင်းမြို့ထဲသို့ ဝင်ခဲ့ပါပြီ။ ကားကို အရှိန်လျှော့သော်လည်း နှုန်းက မနှေးလှပါ။

"ရေရာ သေချာအောင် နေကြာစိုက်ပါ"

ဆိုသော စိုက်ပျိုးရေးဌာန၏ နှိုးဆော် စာတန်းကြီးများသည် ဤ ကျောက်ပန်းတောင်း တစ်နယ်လုံးတွင် အမှတ်ထင်ထင် မြင်ရသည်။

ပုဂံသို့ လာစဉ်က ကျောက်ပန်းတောင်းဈေးသို့ ဝင်ခဲ့ရဖူးသည်။ နာမည်ကျော် ကျောက်ပန်းတောင်းထန်းလျက်နှင့် အိမ်တွင် မွေးထားသော ငှက်ကလေးများ ကျွေးရန် 'လူးဆန်'တစ်တင်း ဆင်း၍ ဝယ်ခဲ့သေးသည်။

ယခု ဤလူးဆန်လည်း ဘယ်နေမှန်း မသိတော့။ ငှက် ချစ်သော ဒေါ်မာလာတင်ကို ဖေဖေက အပြစ်တင်သံ ကြားရသည်။

ကြုံခဲ့ဖူးသော ကိစ္စလေးများကို လျင်လျင်မြန်မြန် တွေးတော



www.burmeseclassic.com

www.burmeseclassic.com


ရင်းက ကျောက်ပန်းတောင်းမြို့ကို လွန်လာခဲ့သည်။ ချောက်မြို့ လမ်းခွဲမှ ဖဲကြည်၍ မိတ္ထီလာဘက်သို့ ခရီးဆက်ရန် ဦးတည်ခဲ့ကြပါပြီ။

"ဟိုက် ရှေ့မှာ..."

ဒေါ်မာလာတင်က အလန့်တကြား အော်လိုက်သည်။

"ခင်ဗျားတို့ ရိုးရိုးသားသားတွေမှ ဟုတ်ရဲ့လား၊ ကျွန်တော့်ကားပါ အမှုပတ်နေဦးမယ်ဗျာ၊ ဟိုရှေ့မှာ ရဲတွေ"

"ရဲတွေ ကားကို ရပ်ခိုင်းနေပြီ"

ဒေါ်မာလာတင်က ဖေဖေ့လက်မောင်းကို အားကိုးတကြီးဖြင့် လှမ်းဖက်လိုက်သည်။ ဖေဖေ ကိုယ်တိုင် မလှုပ်သာ မလွန့်သာဖြင့် ချောင်ပိတ်မိနေသည့် အခြေအနေမျိုးလို၊ ဖေဖေ သိပ် လှုပ်ရှားသွားသည်။

"ဘယ့်နှယ့် လုပ်ကြမလဲ"

ဟူသော မေးခွန်းများ ကိုယ်စီဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြသည်။

ကားဆရာက ကြောက်လန့်တကြားဖြင့် ကားကို ရဲများရှေ့ တည့်တည့် ထိုးရပ်လိုက်သည်။ ငွေပိုရ၍ အငှားလိုက်ခဲ့မိတာ မှားပြီ ဟူသော နောင်တမျက်နှာနှင့် ကျွန်မတို့ မိသားစုကို စိတ်ပျက် လက်ပျက် ကြည့်ရင်း သူ အရင် ဆင်းပေးသည်။

"ကျေးဇူးပြုပြီး ခဏ ဆင်းကြပါခင်ဗျာ၊ သတင်းရလို့ ရှာပါရစေ"

ရဲအရာရှိက ယဉ်ကျေးစွာ ပြောကြားသည်။

ဒေါ်မာလာတင်၏ မျက်နှာတွင် သွေးမရှိတော့။ နှုတ်ခမ်းများလည်း ဖြူဖျော့နေလေပြီ။ ဖေဖေ၏ ရင်တွင်း စိတ် သိပ်လှုပ်ရှားနေသော်လည်း အံ့ဩလောက်အောင် တည်ငြိမ်နေသည်။ ဖေဖေ၏ အမူအရာ၊ ဖေဖေ၏ မျက်နှာများသည် အရင်နှင့်မတူ၊ ထူးခြား ပြောင်းလဲနေလေပြီ။

"ပစ္စည်းတွေ ရှာကြည့်ပါမယ်၊ ဦးတို့လည်း ကြည့်နေပါ"

"ရပါတယ်ဗျာ၊ ရှာပါ ရှာပါ"



ဖေဖေက ဘာမှ မဖြစ်သလို ပြောသည်။ ဒေါ်မာလာတင်၏ မျက်နှာပြင်တွင် ချွေးများ ပြန်နေလေပြီ။

မျိုးက ဘာမှကို မသိရှာ၊ ကြောက်လန့်စရာပါလား ဟူ၍ပင် သူ သိပုံ မရ။ ရှာဖွေချိန် မကြာသေးမီမှာပင် ရဲသား တစ်ယောက်က...

"ဟာ ဒီမှာ မြဆင်းတု တွေ့ပြီဆရာ"

ရဲသားတစ်ယောက်၏ ဝမ်းသာအားရဟန်နှင့် ပြောသည့်အသံကို ကြားရသည်။

"အို ငါ...ငါ ယူလာခဲ့ရတဲ့ ဘုရား"

"အဲဒါ ဦး ပစ္စည်းလား ခင်ဗျာ"

ကျွန်မ အတွေးမဆုံးမီ ရဲအရာရှိက စက္ကူထုပ်ဖြေ၍ ဘုရားကို ပြပြီး ဖေဖေ့ကို မေးလိုက်သည်။ ဖေဖေက လွယ်ကူစွာပင် ခေါင်းခါ၍...

"မဟုတ်ပါဘူး၊ ဒါ ကျွန်တော့်ပစ္စည်း မဟုတ်ပါဘူး"

"ဒါဖြင့် ဘာကြောင့် ဦးတို့နဲ့ အတူ ပါလာရသလဲ"

"ကျွန်မတို့ ယူလာတာလည်း မဟုတ်ဘူး၊ ကျွန်မတို့ ပစ္စည်းလည်း မဟုတ်ဘူး"

ဒေါ်မာလာတင်က ငြင်းသည်။

"ဒါဖြင့် ဒါ မင်း ပစ္စည်းလား"

ရဲအရာရှိက ကားဆရာကို မေးလိုက်သည်။

"ဟင့်အင်း ဟင့်အင်း၊ ကျွန်တော့်ဟာ မဟုတ်ဘူး၊ ကျွန်တော် လုံးဝ မဆိုင်ဘူး၊ ကျွန်တော်က ကားငှားလို့ လိုက်လာတာ"

"ဒါဖြင့် ဒါ ဘယ်သူ ယူလာတာလဲ"

"အဲဒီအမျိုးသမီး တစ်ချိန်လုံး ပိုက်လာတာပဲ"

ကားဆရာက ကျွန်မကို လက်ညှိုးညွှန်ပြ၍ စွပ်စွဲသည်။

"ဟုတ်တယ် သူ ယူလာတာ"

ဒေါ်မာလာတင်က မိထွေး ပီသစွာဖြင့် ကျွန်မကို တိတိကျကျ စွပ်စွဲလိုက်ပါ၏။ ကိစ္စမရှိပါ။ ဖေဖေ ရှိပါသည်။ ဖေဖေသည် ကျွန်မ


www.burmeseclassic.com

www.burmeseclassic.com



ဘက်က ထိုက်ထိုက်တန်တန် ကာကွယ်ပေးတန်ကောင်းပါသည်။

"ဒါဟာ တောင်တွင်းကြီးမြို့ ဦးသုမန ဆရာတော် ကျောင်းတိုက်ကို ဓားပြတိုက်စဉ်က ယူသွားခဲ့တဲ့ ရှေးဟောင်းဘုရားပဲ၊ ဓားပြလက်ကို ပါသွားသမျှ ပစ္စည်းထဲမှာ ဒီမြဘုရားဟာ အဖိုးအတန်ဆုံးလည်း ဖြစ်၊ တူးဖော်ရရှိတဲ့ မြန်မာ့ရှေးဟောင်း အမွေအနှစ်လည်း ဖြစ်တဲ့အပြင် အထွတ်အမြတ်ဆုံး မြတ်စွာဘုရားရဲ့ ဗုဒ္ဓ ရုပ်ပွားတော်မို့ ကျွန်တော်တို့ ဒီကိစ္စကို အပူတပြင်း လိုက်လံ စုံစမ်းနေကြတာပါ"

လောက၏ ဥပဒေ အဟန့်အတားကို အသာ ထားပါဦး။ ဘုန်းတော်ကြီးပိုင် သာသနာ့အမွေ ပစ္စည်း၊ ဘုန်းတော်အနန္တ ကြီးမြတ်လှပါသော ကျေးဇူးတော်ရှင် မြတ်စွာဘုရား၏ ရုပ်ပွားတော်သည် ဓားပြတိုက်ယူသွားသည့် ခိုးရာပါ တိုက်ရာပါ ပစ္စည်းဆိုပါလား။

ယခု ဤဘုရားသည် ကျွန်မလက်ဝယ် ရှိနေပြီ။ ကျရောက်လာမည့် သံသရာအပြစ်ကြီးကို ကျွန်မ ကြောက်ရွံ့လှပါဘိ။

"ကဲ ပစ္စည်းကတော့ လက်ပူးလက်ကျပ် မိနေပြီ၊ ရဲဌာနသာ လိုက်ခဲ့ကြပါ၊ ဟိုကျမှ အမှုဖွင့် ရှင်းလင်းရအောင်ပါ"

ကျွန်မတို့ လေးယောက်က ရဲ လဲ(န်)ရိုဗာ ကားနှင့် လိုက်ရသည်။

ပစ္စည်းများနှင့် ဂျစ်ကားထဲတွင် ရဲသားနှစ်ယောက် လိုက်ပါ၏။ ကျောက်ပန်းတောင်း ရဲဌာနသို့ ကျွန်မတို့ကို ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ပါပြီ။

ဒေါ်မာလာတင်က ကျွန်မနှင့် ဖေဖေ့ကို လုံး၀ ကျေနပ်ပုံမရ။ မျက်စောင်းခဲ၍ချည်း ကြည့်နေသည်။ သူ မျှော်မှန်းထားသည့် ခရီးကြန့်ကြာနေရုံမက သူတို့ မရင်ဆိုင်ရဲသော ရဲဌာနတွင် ရောက်နေရသည့် အဖြစ်ကို သူ နည်းနည်းလေးမှ လိုလားဟန် မရှိ။

အခွင့်အရေး ရသလောက် ဖေဖေ့နား သူ ကပ်၍ တီးတိုးပြောသည်။ ဖေဖေနှင့် နှစ်ကိုယ်ကြား ဘာများ ပြောကြသည် မသိ။ ရဲစခန်း အရောက်တွင်...





"ကဲ ဒီပစ္စည်းဟာ ခင်ဗျား ပစ္စည်းပဲနော်၊ မှတ်ပုံတင်ပြပါ၊ နာမည် ပြောပါ"

"ပျိုးပပပါရှင်"

"ဒီပစ္စည်းဟာ မပျိုးပပပိုင် ပစ္စည်းလား"

"မ...မဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သူ့ ပစ္စည်းလဲ၊ မပျိုးပပ လက်ထဲ ဘာကြောင့် ရောက်နေပါသလဲ"

ကျွန်မ ဘာဖြေရမှန်း မသိတော့။ ဖေဖေ့ကိုသာ အားကိုးတကြီး ကြည့်လိုက်မိပါသည်။

ဖေဖေက မျက်နှာ မကောင်းသော်လည်း ဘာမှ ဝင်မပြော။ ဖြေရှင်းပေးချင်ဟန် မတူ။

"ကျွန်မ...ကျွန်မ ဦးလေး အပ်ထားခဲ့တဲ့ ပစ္စည်းပါရှင်"

"အဲဒီ ဦးလေးကရော"

"သမီးရဲ့ ဦးလေးဆိုတာ ကျွန်တော့်ညီပါ၊ စိုးနီပါ၊ မကြာခင်က ဒီ မိတ္ထီလာ–ကျောက်ပန်းတောင်း လမ်းမှာ ကားမှောက်လို့"

"သြော် ဟုတ်ပြီ၊ ကြားလိုက်မိတယ်၊ အားလုံးနဲ့အတူ ကျွန်တော်တို့ပါ စိတ်ဝင်စားတဲ့ သတင်းပါ"

ဒေါ်မာလာတင်နှင့် ဖေဖေတို့ အကြည့်ချင်း ဆုံကြသည်။

"စိတ်တော့ မရှိနဲ့ပေါ့ဗျာ၊ ဦးစိုးဖြူရဲ့ညီ ဦးစိုးနီဟာ ကျွန်တော်တို့ အလိုရှိနေတဲ့ တရားခံတစ်ဦးလည်း ဖြစ်ပါတယ်၊ သူနဲ့ ဆက်သွယ်ခဲ့တဲ့ လူတွေ၊ ဂိုဏ်းဂဏတွေကိုလည်း ကျွန်တော်တို့ မျက်ခြေပြတ် မခံပါဘူး"

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်ကလည်း ညီအရင်းဆိုတော့ သူ့ခေါ်ရာ လိုက်လာခဲ့မိတယ်၊ အခုလို ဒုက္ခိတ ဖြစ်နေတာသာ ကြည့်ပါတော့"

"ကဲ ဟုတ်ပါပြီ၊ ဒါဖြင့် အခု ကိစ္စက ပုဒ်မ ၄၂၂ အရ ကျွန်တော်တို့ ဘယ်သူ့ကို အရေးယူရမလဲခင်ဗျ၊ ပစ္စည်းကတော့ လက်ပူးလက်ကျပ် မိနေပြီ၊ တိုက်ရာပါပစ္စည်း လက်ခံထားမှုပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေက ကျွန်မကို လှမ်းကြည့်လိုက်သည်။ ဒေါ်မာလာတင်က ဖေဖေ့ပေါင်ကို တို့ကုတ်သည်။ အသာနေ၊ သူ့အပြစ် သူခံပါစေ ဆိုသည့် သဘော။ ဖေဖေ ဘာပြောရမှန်း မသိ။ ဖေဖေ့တွင် မထွေးနိုင် မအန်နိုင် ဖြစ်နေပါလိမ့်မည်။

အမှန်က ဖေဖေနှင့် မဆိုင်ပါ။ ဖေဖေ မသိရှာပါ။ ဦးဦးနှင့် ကျွန်မ နှစ်ယောက် သဘောတူ သိမ်းယူထားသော ပစ္စည်းသာ ဖြစ်ပါချေ၏။

"ဩော် ငါ့အဖေဟာ ဝေဒနာသည်၊ သူနဲ့လည်း မဆိုင်တဲ့ သူလည်း မသိတဲ့ ကိစ္စ တစ်ခုကို ဖေဖေ့ပေါ် ပုံမချရက်တော့ပါဘူးလေ၊ ငါ့ထိုက်နဲ့ ငါ့ကံ ရှိပါစေတော့"

"တာဝန်ရှိသူက ကျွန်မပါရှင်၊ ဒီကိစ္စကို ဖေဖေဟာ တကယ်ဘာမှ မသိရှာပါဘူး၊ ကျွန်မလည်း ဦးဦး အပ်ထားလို့သာ ယူထားရတာပါ၊ မရိုးသားတဲ့ စိတ်နဲ့ မဟုတ်ရပါဘူး"

"ဒါပေမယ့် ပစ္စည်းက ခိုင်လုံနေပြီ ဆိုတော့ ကျွန်တော်တို့ အမှုဖွင့်ရပါလိမ့်မယ်၊ ဝမ်းနည်းပါတယ်ခင်ဗျာ၊ မပျိုးပပကို စစ်ဆေးဖို့ ကျွန်တော်တို့ ခေါ်ထားရပါလိမ့်မယ်"

"ရှင်"

ကျွန်မကို ဖမ်းဆီးတော့မည် ဟူသော အသိကြောင့် ရင်၌ ပေါက်ကွဲမတတ် ကြောက်ရွံ့လိုက်ပါဘိခြင်း။

"ဟို အာ…အာမခံ မရနိုင်ပါဘူးလားရှင်"

ဒေါ်မာလာတင်က ဝင်မေးသည်။

"ဟုတ်ကဲ့၊ လူမှုရေးအရ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် အခုလောလောဆယ်တော့ မဖြစ်သေးဘူး၊ ဒီကျောက်ပန်းတောင်းမြို့ပေါ်မှာ အသိ ဘယ်သူ ရှိလဲ"

ဖေဖေတို့ ဘာမှ မဖြေကြ။ တစ်ယောက်နှင့် တစ်ယောက် ကြည့်နေကြသည်။ ဒေါ်မာလာတင်က ဖေဖေ့နား တိုးကပ်၍ တီးတိုး ပြောကြားနေပါ၏။ ဘာများ တိုင်ပင်နေကြပါလိမ့်။

"ဒါဖြင့် ကျွန်မတို့ အာမခံဖို့ သွားရှာဦးမယ်၊ မိသားစုချင်း





အာမခံလို့ မရတာ"

ဒေါ်မာလာတင်က အစအဆုံး စီစဉ်သည်။ ကျွန်မကို ထားခဲ့ပြီး သူတို့ ကိုယ်လွတ်ရုန်းသွားရန် သူ ကြံစည်ပြီး ဖြစ်နေလိမ့်မည်။

"ဦးစိုးဖြူတို့ ဘယ်ကိုသွားကြမယ်၊ ဘယ်မှာ ရှိနေမယ် ဆိုတာကိုတော့ ပြောသွားဖို့ လိုပါလိမ့်မယ်"

"မိတ္ထီလာမြို့ ဆိုင်းတန်းရပ်က ဒေါ်နန်းအိမ်ဟာ ကျွန်တော့်ယောက္ခမပါ၊ အဲဒီကို ကျွန်တော်တို့ သွားကြမှာပါခင်ဗျ"

"ကောင်းပြီလေ၊ အခုလောလောဆယ်တော့ မပျိုးပပအတွက် စီစဉ်ကြပါဦး၊ ဟုတ်လား"

"ကောင်းပါပြီ၊ သမီးကို ကျွန်တော်တို့ ပြန်ရောက်မလာမချင်း စောင့်ရှောက်ထားဖို့"

"ဟာ ဒါတော့ စိတ်ချပါ"

"ဖေဖေ"

ဖေဖေတို့ သွားရန် ဟန်ပြင်လေမှ ကျွန်မ ဝမ်းနည်းခြင်းကြီးစွာဖြင့် ခေါ်လိုက်မိပါသည်။

"ဖေဖေ ပြန်လာခေါ်မယ် သမီး၊ အားမငယ်နဲ့နော်"

ဖေဖေက ကျွန်မကို နှုတ်ဆက်စကား ဆိုသည်။

"မမပျိုးကို မထားခဲ့ပါနဲ့ ဖေဖေ၊ မမပျိုးကို မထားခဲ့ပါနဲ့၊ တူတူ ပြန်ရအောင်ပါ"

ချစ်စရာ ညီမလေးမျိုးက ကျွန်မလက်ကို ဖက်တွယ်၍ ငိုရင်း ပြောရှာပါသည်။ ကျွန်မပါ ရော၍ ငိုမိပါပြီ။ အားငယ်ကြောက်ရွံ့စွာဖြင့် ငိုမိရပါပြီ။ ရှက်ကြောက်ခြင်း ကြီးစွာဖြင့် သည်းသည်းထန်ထန် ငိုမိသော်လည်း…

ဒေါ်မာလာတင်က မျိုး လက်ကို ဆွဲ၍ ကျွန်မနှင့် ခွဲထုတ်ခေါ်ဆောင်သွားလေတော့သည်။

ဖေဖေပင်လျှင် ကျွန်မကို မကြည့်တော့။ ရှေ့ဆုံးမှ ဆင်း၍ သွားလေပြီ။

"ကမ္ဘာမီးလောင် သားကောင်ချနင်း"ဆိုသည်မှာ ဒါပဲ ထင်ပါရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟူသော အတွေးများ မဆုံးမီ ဖေဖေတို့၏ ဂျစ်ကားသည် ရဲဌာနတွင်းမှ လျှင်မြန်စွာ ထွက်ခွာသွားခဲ့ပါပြီ။

နုနယ်သော ဘွဲ့ရပြီစ အပျိုရွယ်လေးတစ်ယောက်အနေနှင့် ရဲဌာနတွင် ခိုးရာပါပစ္စည်းလက်ခံမှုဖြင့် ဖမ်းဆီး ချုပ်နှောင်ခြင်း ခံနေရသည့် အဖြစ်နှင့်...

ဖခင်ရင်းစစ်စစ်က မိထွေး၏ သွေးထိုးမှုကြောင့် ရဲဌာနတွင် ထားရစ်ခဲ့ရက်သည့် အဖြစ်များကြောင့်...

ကျွန်မမှာ ရှက်ကြောက်ကြီးစွာဖြင့် မျက်နှာကို လက်ဝါးပြင် ပေါ်သို့ မှောက်ချ၍ ရင်ပွင့်ကွဲမတတ် လှိုက်လှဲစွာဖြင့် ရှိုက်ကာရှိုက် ကာ ငိုရပါပြီတည်း။

❖ ❖ ❖





## အခန်း[၁၇]

"ကျွန်တော်ဟာ မန္တလေးက စက်သူဌေး ဦးရိုးမောင်ရဲ့သားပါ၊ ကျွန်တော်ပိုင် အဆောက်အဦ ၃၆ လမ်းနဲ့ ဈေးချိုထဲမှာ ရှိပါတယ်၊ ဒီမှာ ကျွန်တော့်မှတ်ပုံတင်၊ ဒီမိန်းကလေးဟာ ကျွန်တော့်မိတ်ဆွေပါ၊ သူ့ကို ကျွန်တော် အာမခံပြီး ခေါ်သွားပါရစေ"

"ရှင် ကိုမင်းထိုက်"

သူ လိုက်လာခြင်းအတွက် ကျွန်မ အားတက်မိသည့်ပြင် သူ့ဆက်ချက်ဖြင့် ကျွန်မ သည်ဘဝ ရောက်ရသည်မှာ ယုံမှားစရာ မရှိပေပါ။

"ဟုတ်ပါတယ် ပျို၊ ကျွန်တော်လည်း ကြားကြားချင်း လိုက်လာတာပါ၊ ကျောက်ပန်းတောင်းကနေ ပုဂံကို ပြန်လာတဲ့ ဆောက်လုပ်ရေးက ကားတစ်စီးက သီရိပစ္စယာကို ဝင်သတင်းပေးလို့ ချက်ချင်း ပြေးလာခဲ့တာပါ"

"သြော် ကိုမင်းထိုက်ရယ်"

"ဦးစိုးဖြူတို့ကတော့ ဘယ်လောက်များ အရေးကြီးနေသလဲ မသိဘူး၊ မိတ္ထီလာကို တိုက်ရိုက် ဆက်သွားတယ်တဲ့ဗျာ"

"သြော် သြော်"

မိထွေး၏ စကား၊ မိထွေး၏ အကြံအတိုင်း လိုက်၍ သမီးပျိုလေးကို ပစ်ထားရစ်ခဲ့သော ဖခင်ပါတကား။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပျို၊ ပျို့ကို ကျွန်တော် အာမခံ ခေါ်သွားပါ့မယ်၊ ပျို
သွားချင်တဲ့ နေရာ အရောက် ကျွန်တော် ပို့ပေးပါ့မယ်"

"ဒီမှာ ကိုမင်းထိုက်"

"ပျို"

"ပျိုး ဒီနေရာကို ဘာကြောင့်၊ ဘယ်သူ့ကြောင့် ရောက်နေ
ရသလဲ ဆိုတာ လယ်ပြင်မှာ ဆင်သွားနေတာထက် ထင်ရှားဦးမှာ
ပါရှင်"

"ပျိုး ဘာကို ဆိုလိုတာလဲဟင်"

"သူများ ဒုက္ခပေးတာကိုသာ ပျိုး ခံယူချင် ခံယူရပါစေ၊ ပျိုး
ကတော့ ဘယ်သူ့ကိုမှ ဒုက္ခ မပေးချင်ပါဘူး ကိုမင်းထိုက်၊ ရှင်
ပြန်ပါ"

"ဟာ ပျိုး ကျွန်တော့်ကို အထင်လွဲနေပြီ"

"ဒီကိစ္စက ကျွန်မနဲ့ရှင်နဲ့ နှစ်ယောက်တည်း သိကြတဲ့ ကိစ္စ
ကိုမင်းထိုက်"

"ဒါပေမယ့် ပျိုးကို ဒုက္ခပေးတာ ကျွန်တော် မဟုတ်ဘူး ပျိုး"

"ရှင် ဘယ်သူလဲ၊ ရှင် ဘာလဲ ဆိုတာ ကျွန်မ သိပါပြီ ကို
မင်းထိုက်ရဲ့"

"ဟာ ပျိုး မှားနေပြီ"

"မမှားဘူး ရှင်ပြန်ပါ"

"ပျိုးနဲ့ ပတ်သက်ပြီး ကျွန်တော် ဘာအမှားကိုမှ မကျူးလွန်
ပါလားဗျာ"

"ကိုမင်းထိုက်ရယ်၊ ရှင် ပြန်စမ်းပါ"

"မပြန်နိုင်ဘူး ပျိုး၊ ပျိုး ဒုက္ခရောက်နေတာကို ကျွန်တော် မကြည့်
ရက်နိုင်ဘူး"

"အိုး ကျွန်မကလည်း ရှင့်နောက် မလိုက်ရဲသေးထဲကပဲ
တပ်ဖွဲ့ဌာနထက် လုံခြုံတဲ့နေရာ ဘယ်မှာ ရှိပါ့မလဲရှင်၊ ရှင် သေအောင်
ခေါ်နေလည်း ကျွန်မ မလိုက်ဘူး၊ ရှင့်ကို မယုံဘူး၊ ရှင်ဟာ လူ
လူညာ၊ သွားသွား၊ ရှင် ထွက်သွားပါ"





ကျွန်မ ငိုရင်း အော်ပြောမိသည်။ ကိုမင်းထိုက်ကိုလည်း နာ
ကျည်း ရွံမုန်းစွာဖြင့် ကျွန်မ ကျောခိုင်းလိုက်မိပါသည်။

သူနှင့် ကျွန်မ ချိန်းသည်က နေ့လယ် ၁ နာရီ၊ ကျွန်မတို့
ထွက်လာခဲ့ကြသည်က ၁ နာရီ ၁၀ မိနစ်။ ကျွန်မနှင့်အတူ ဤ
မြဆင်းတုတော် ပါသွားသည်ဆိုသည်ကို သိသူက တစ်ယောက်တည်း၊
ကိုမင်းထိုက်။

သတင်းအရ ရှာဖွေရခြင်းပါ ဆိုနေမှ သည်သတင်း လာရာဌာန
သည် ကိုမင်းထိုက်ထံမှလွဲ၍ ဘယ်နေရာများ ဖြစ်နိုင်ပါဦးမည်နည်း။

သူ ပြန်သွားလေပြီ။

ရဲဌာနမှ ကျွေးသော ညနေစာကို ကျွန်မ စားဖို့ဝေး၍ ကြည့်
ပင် မကြည့်နိုင်ပါ။

ရင်၌ လိုက်လှဲဆိုးရွားသော ရက်ကြောက်ထိတ်လန့်ခြင်း ဝေဒနာ
က အမြင့်မားဆုံးသို့ တိုင်နေခဲ့ပါပြီ။

မကြာမီ မှောင်တော့မည်။

ရဲဌာနအတွင်း အချုပ်တရားခံ ဘဝဖြင့် တစ်ညတာလုံး နေရ
မည့် အဖြစ်က ကျွန်မ၏ ဘဝကို ခြောက်လှန့်လွန်းလှပါပြီ။ ရဲ
အရာရှိက ပြေပြေလည်လည် ဆက်ဆံအားပေးသော်လည်း အမျိုးသမီး
အဖော် မရှိ။ ကျွန်မအတွက် လာရောက်ကယ်ယူသည့် ကိုမင်းထိုက်နှင့်
လိုက်သွားလျှင်လည်း ဆီပူအိုးမှ မီးပုံထဲခုန်ချသည့် ငါး၏ ဥပမာမျိုး
ဆက် ဆိုးမည့် အဖြစ်။

"ဟိုမှာ ငိုနေတယ်၊ ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူးဗျာ၊
တာဝန်ရားအရမို့သာ"

ရဲစခန်းမှူး၏အသံကြောင့် ကျွန်မ နောက်သို့ လှည့်ကြည့်မိ
သည်။ သည်တစ်ခါဖြင့် ကျွန်မ တကယ် အားတက်ရပါပြီ။ သူသည်
အလုပ်အကိုင်နှင့်၊ ဂုဏ်ဒြပ်နှင့်၊ သူ့ကို သိရှိခင်မင်သော သူများနှင့်
အတည်တကျ ရှိသောသူ။

"ကိုရာဇသူ"

"ပျိုးရယ်၊ ဘယ်လိုများ ဖြစ်တာလဲဗျာ၊ ကျွန်တော် ကြားကြား



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ချင်း လိုက်လာခဲ့တာ”

ကိုရာဇသူသည် ကျွန်မကို ကြေကွဲစွာ ကြည့်ရင်း လှိုက်လှဲသော စေတနာ စကားများဖြင့် ကျွန်မကို နှုတ်ခွန်းခြွေသည်။

“မငိုပါနဲ့ ပျိုး၊ ဘာမှ အားမငယ်နဲ့နော်၊ ဒီစခန်းမှူး ဦးမြင့်သိန်းက ကျွန်တော့် မိတ်ဆွေပါ”

“ပျိုး…ပျိုး ဘာလုပ်ရမလဲ ကိုရာဇသူရယ်၊ ပျိုး ကြောက်တယ်ရှင်…”

ကိုရာဇသူကို အားကိုးတကြီးဖြင့် ငိုယို တိုင်တန်းသလို ပြောမိသည်။

ရေနစ်နေသော ကျွန်မအတွက် ကိုရာဇသူသည် နွယ်မြက်တစ်ပင် ဖြစ်လျှင်ပင် တော်ပါပြီ။

ကိုရာဇသူက ကျွန်မ ပခုံးပေါ် လက်တင်၍ အပြုံအမူဖြင့် နှစ်သိမ့်သည်။ ရဲစခန်းမှူး ဦးမြင့်သိန်းကို မေးမြန်းသည်။

“ဘွဲ့ရပြီး အမျိုးသမီးလေး၊ ပြီးတော့ မိတ္ထီလာကသူဌေး ဒေါ်နန်းအိမ်ရဲ့ မြေးပဲ၊ ကျွန်တော်တို့ သူ ရိုးရိုးသားသား မှားတယ်ဆိုတာကို လက်ခံယုံကြည်ပါတယ်၊ ဒါပေမယ့် တာဝန်အရ ထားရတာပါ”

“အေးဗျာ၊ သူ့အဖေကလည်း ထွက်သွားရက်တယ်”

“မိထွေးက ကပ်ပြောနေတော့လည်း ဟိုဘက် ပါသွားတာ ကျွန်တော်တို့ ယောကျ်ားတွေရဲ့ ထုံးစံပေါ့ဗျာ၊ ဒီတော့ ဒီလိုလုပ်ပါ ဖိုးရာဇ”

BURMESE CLASSIC .com

“ဟုတ်ကဲ့”

“ကျောက်ပန်းတောင်းမှာလည်း မောင်ရင် နေဖူးသားပဲ၊ အမျိုးသမီး အသိအိမ် တစ်အိမ်မှာ ဒီည သိပ်လိုက်ပါ၊ နက်ဖြန်မှ ကြည့်စီစဉ်ပေါ့၊ ဒီည ဒီမှာ ထားရရင် ကျွန်တော်တို့လည်း တာဝန်ကြီးတယ်၊ သူ့အမှုကလည်း အာမခံပေးလို့ရတဲ့ အမှုမျိုးပါ၊ ကဲ ဖိုးရာဇ အာမခံနဲ့ ခေါ်သွားပေတော့”

“ပျိုး သဘော ဘယ်လိုလဲဟင်၊ ကျွန်တော့်ကို ယုံရဲရဲ့လား ဘယ်လို ကူညီစေချင်လသဲ၊ ပျိုး သဘောပြောပါ”





“ပျိုး အဘွားရဲ့အိမ်ကို ပို့ပေးပါ”

ကြင်နာထောက်ထားသော မေးခွန်းများကြောင့် ကျွန်မက ငိုရင်းက ကျွန်မ ဆန္ဒကို တင်ပြမိပါသည်။

“ပျိုး အဘွားအိမ်က မိတ္ထီလာမှာနော်”

ကိုရာဇသူက စကားပြောပြီး သူ့နာရီကို ကြည့်လိုက်သည်။

အချိန်ကို ခန့်မှန်း ချင့်တွက်နေပုံ ရပါ၏။ ကျွန်မ ဆန္ဒအတိုင်း ဖြစ်မြောက်အောင် သူ လုပ်ပေးချင်ပုံရပါသော်လည်း ဦးမြင့်သိန်းက…

“အခုပဲ ငါးနာရီ ကျော်နေပြီ၊ သွားလို့ ဘယ် မီတော့မလဲ ဖိုးရာဇ”

“ဟုတ်တယ် ပျိုး၊ အချိန် သိပ်နှောင်းသွားပြီ၊ ဒီတစ်ည နားပြီး မနက်အစောကြီး ကျွန်တော် ပို့ပေးပါ့မယ်နော်၊ ဦးစိုးဖြူတို့လည်း မိတ္ထီလာမှာ ရှိနေကြဦးမှာပါ၊ ပျိုး အတွက် စီစဉ် စောင့်ကြိုနေကြမှာပါ”

ကိုရာဇသူ စကားအဆုံးတွင် ကျွန်မ ခေါင်းရမ်းပြမိသည်။

“ပျိုး မပါဘဲ အဘွားရဲ့ အိမ်ကို ဖေဖေတို့ ဘယ်နည်းနဲ့မှ မသွားရဲကြပါဘူး ကိုရာဇသူ”

စခန်းမှူး ဦးမြင့်သိန်းက မျက်မှောင်ကြုတ်၍ ကြည့်သော်လည်း ကျွန်မကို ဘာမှ မေးခွန်းထုတ်မလာပါ။

ကျွန်မ၏ အဘွားဒေါ်နန်းအိမ်သည် ဒေါ်မာလာတင်ကို ကြည့်၍ ခရုပ ဆိုကာ ရန်ကုန်ရှိ ကျွန်မတို့၏ အိမ်သို့ ဘယ်သောအခါမှ မလာပါ။ ကျွန်မတို့ကသာ အဘွား ရန်ကုန်လာလျှင် သွားတွေ့ရသည်။ ယခု ကျွန်မ မျက်နှာမပါဘဲနှင့် ဒေါ်မာလာတင်တို့ အဘွားအိမ်သို့ ဘယ်နည်းနှင့်မျှ သွားရဲကြမည် မဟုတ်ကြောင်း ကျွန်မ ကောင်းစွာ သိရှိပါသည်။

“ဒါဖြင့် ဖေဖေတို့ ဘယ်သွားကြမလဲ”

“ဂျွန်အဖွဲ့သားများနဲ့ ဝေးရာကိုလား”

“ရင့်ဆိုင် ဖြေရှင်းကြမှာလား”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မတွေးတတ်။ ဉာဏ်မမီ။ ကျွန်မကို ဥပေက္ခာပြုလျက် ထားရစ်ခဲ့ရက်ကြသော်လည်း ကျွန်မကမူ ဖေဖေ့အတွက် ပူပန်သောက စိတ်များ ဖြစ်ထွန်းနေမိဆဲပါ။

"ကဲ ပျို၊ တာဝန်ရှိတဲ့ကိစ္စတွေကို ကျွန်တော် ဆောင်ရွက်လို့ ပြီးပါပြီ၊ ကျွန်တော်တို့ သွားကြရအောင်လား ပျို"

ကိုရာဇသူ၏ နောက်သို့ ယုံကြည် အားကိုးခြင်းများနှင့်အတူ ကျွန်မ လိုက်ခဲ့ရပါပြီ။

တာဝန်မှူး ဦးမြင့်သိန်းကိုလည်း ကျေးဇူးတင်ပါကြောင်း ပြေလည်စွာ နှုတ်ဆက်ရပါ၏။ ကျွန်မနှင့် ဦးမြင့်သိန်းတို့ ရုံးတော်တွင် ပြန်လည်၍ ဆုံစည်းကြရဦးမည်သာ။

"ပျိုရယ်၊ သိပ်စိတ်ပင်ပန်းသွားသလားကွယ်"

"မပြောပါနဲ့တော့၊ ရှက်လိုက် ကြောက်လိုက်ရတာ သေမတတ် ပါပဲ"

"ကျွန်တော် တကယ် စိတ်မကောင်းပါဘူးဗျာ"

"ကိုရာဇသူ"

"ဟင်"

"ပျိုကို မစက်ဆုပ်မိဘူးလားရှင်၊ ပျိုဟာ ရာဇဝတ်..."

"အို အားမငယ်စမ်းပါနဲ့ ပျိုရယ်၊ အခု ပြဿနာမှာ ပျိုဟာ ဘာမှ မသိဘဲ အသားလွတ် ခံလိုက်ရတယ်ဆိုတာ ကျွန်တော်တင် မဟုတ်ဘူး၊ ရဲဌာနက တာဝန်ရှိပုဂ္ဂိုလ်တွေပါ သိကြပါတယ် ပျို၊ ဒါကြောင့် ပျိုရဲ့ကိစ္စကို အကျယ်မချဲ့ဘဲ ကျွန်တော့်ရဲ့ အာမခံချက်ကို အလွယ်တကူ လိုက်လျောလိုက်တာပေါ့"

"အကျယ်မချဲ့ဘူး ဆိုတာက"

"ဪ ဒီလို အမှုကြီးမျိုး မိရင် သတင်းထောက်ခေါ်၊ ပစ္စည်းနဲ့ အတူ ဓာတ်ပုံရိုက်ယူပြီး သတင်းစာထဲထည့်..."

"အမယ်လေး၊ အဲဒီလိုသာဖြစ်ရရင် ပျိုလေ ရှက်တာနဲ့ သတ်ပြီး သေပစ်မိမှာပဲ"

"ဟာ ပျို မငိုနဲ့လေ၊ ဖြစ်မှမဖြစ်တော့တာ၊ သဘောကို ပြော





ပြတာပေါ့၊ ရဲဆိုတာ လူတွေရဲ့ လူမှုရေးရှုထောင့်ကိုလည်း ကြည့်တဲ့ အကြောင်း တင်ပြတာပါ ပျိုရဲ့၊ တိတ်နော်၊ ကျွန်တော် စိတ်မကောင်း လိုက်တာဗျာ"

ကိုရာဇသူက ကားမောင်းခြင်းကို ရပ်တန့်၍ ကျွန်မ ဘက်သို့ တည့်တည့် လှည့်ပြီး နှစ်သိမ့်စကား များစွာကို ပြောကြားရှာပါသည်။

ယခုအချိန်တွင် ကယ်တင်ရှင် ကိုရာဇသူ၏ နှစ်သိမ့် အားပေးမှုသည် ကျွန်မအတွက် အသာယာဆုံး တေးသံ၊ အနူးညံ့ဆုံး ဂီတသံစဉ်ပါတည်း။

"ပျို ဘာမှ မပြောတတ်တော့ပါဘူး၊ ကိုရာဇသူ သင့်တော်မယ့် နေရာကိုသာ ခေါ်သွားပါတော့"

သူ့အသိ သုံးလေးအိမ်၏ အမည်များ၊ အလုပ်အကိုင်များ ရွတ်ဆိုပြသည်။

ကျွန်မ ဘယ်လိုအိမ်မျိုးကို လိုက်လိုပါသလဲ ဟူသော သူ့အမေးကြောင့် ကျွန်မ သူ့ကိုသာ ယုံကြည်စွာဖြင့် လွှဲအပ်ပုံချလိုက်သည်။

ကျွန်မကို ဗိုလ်ချုပ်လမ်းပေါ်ရှိ ပွဲရုံထောင်ထားသော နှစ်ထပ်တိုက်ကြီးဆီသို့ ကိုရာဇသူက ခေါ်သွားသည်။

"ရန်ကုန်က ကျွန်တော့်ညီမပဲ၊ ပုဂံ ဘုရားလာဖူးပြီး မိတ္ထီလာ သွားမလို့၊ အချိန် နှောင်းသွားတာနဲ့ ဦးလေးတို့ဆီမှာ တစ်ည လာ အိပ်တာပါ"

သဘာကောင်း၊ မနော့ကောင်း၊ အညာသူအညာသားတို့သည် ရန်ကုန်သူ ရန်ကုန်သားများလို ညဉ့်သည်ကို မညည်းညူတတ်ကြ။ ညဉ့်လာလျှင် ပျော်ရွှင်ကြည်နူး၍ အထူး စေတနာ ထားတတ်ကြောင်း ကျွန်မ ကိုယ်တွေ့ ကြုံရပါပြီ။

တစ်အိမ်လုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ စားစရာများလည်း ဆင့်ကာဆင့်ကာ ဘစ်မျိုးပြီးတစ်မျိုး ရောက်လာခဲ့ပါပြီ။

"အစ်ကို့ ညီမက မင်းသမီးလေးကျနေတာပဲနော်၊ နုနုလှလှလေး၊ ချစ်ချစ်စရာကောင်းတာပဲ"

www.burmeseclassic.com



"အစ်ကိုနဲ့ ဘယ်သူ ပိုချောလဲဟင် မိငယ်"

"အစ်ကိုကလည်း ချောတာပဲ၊ မမပျိုးကိုတော့ မမီပါဘူး"

သူတို့ ရယ်မောကြသည်။

ပွဲကတော်ကြီး၏ သမီး အငယ်ဆုံးလေး မိငယ်က ကျွန်မအနား မှ မခွာတော့။ လူကြီးသူကြီးလည်းရှိ၊ အပျိုအရွယ်နှင့် မိန်းကလေး ငယ်များလည်း ရှိသော အိမ်သို့ ရွေးချယ် ခေါ်လာတတ်သော ကို ရာဇသူကို ကျွန်မ ကျေးဇူးတင် မဆုံးမိတော့ပါ။

အမျိုးသမီးကြီးငယ်များနှင့်လည်း ကိုရာဇသူက ရွှန်းရွှန်းဝေ အောင် စကားပြောတတ်လေသူပါတကား။

ထိုညဦးက အိမ်ရှင်သည် ကျွန်မတို့ကိုကြည့်ပြီး...

"ပွဲရုံ မလုပ်ခင် ပြန်မယ်ဆိုတော့ အစောကြီးပဲ၊ မနက်စာ စား ပြီးမှ ဆရာတို့မောင်နှမ ပြန်ကြပါတော်"

အမျိုးသမီးကြီး၏စကားကို ကျွန်မ နားမလည်မှန်းသိ၍ ပွဲရုံ လုပ်သည် ဆိုသည်မှာ ပွဲရုံဖွင့်သည်ဟူသော အဓိပ္ပာယ်ကို ရှင်းပြပါ၏။ ကျွန်မက မနေလို။

ကိုရာဇသူကလည်း ကျွန်မ အလိုလိုက်၍ ငြင်းပေးပါ၏။ နက်ဖြန်မနက် ကျွန်မကို မိတ္ထီလာသို့ အရောက်ပို့ရန်အတွက် ကား ကိစ္စ၊ အလုပ်ကိစ္စများကို စီစဉ်ရန် ဆောက်လုပ်ရေးအရာရှိရုံးသို့ သူ ထွက်သွားပါသေးသည်။

ကျွန်မသည် ကြီးလေးသော ပြစ်မှုကြီးမှ အာမခံ ရလာသော အမျိုးသမီးတစ်ယောက် ဖြစ်ကြောင်း အိမ်ရှင်များက လုံးဝ မသိ၍ မရိပ်မိကြပေ။

အင်ဂျင်နီယာ၏ နှမ၊ ရန်ကုန်မှ ဘွဲ့ရပြီးသော အမျိုးသမီးချော တစ်ယောက်အဖြစ်နှင့် သူတို့ လေးလေးစားစား ဆက်ဆံနေကြသည် ကို ကျွန်မစိတ်က မရွံ့မရဲ မလုံမလဲနှင့်ပါ။

❖ ❖ ❖





BURMESE CLASSIC .com

## အခန်း[၁၈]

"ပျိုး ဆာနေပြီလား၊ ရှေ့ရွာမှာ တစ်ခုခု စားပါဦးလားဟင်"

"ဟင် တော်ပြီ၊ ပျိုး မဆာပါဘူး ကိုရာဇသူ"

"မနေ့ညနေစာလည်း မစားဘူး၊ ဒီမနက်စာလည်း နည်းနည်း လေး စားတယ်"

"ရပါတယ်၊ စားချင်စိတ် မရှိဘူး၊ ရောက်ချင်စိတ်ပဲ စောနေမိ ပါတယ်"

"ဒါနဲ့ ပျိုးဖေဖေတို့တော့ မိတ္ထီလာကပဲ စောင့်နေမယ် ထင် ပါရဲ့နော်၊ ဒေါ်နန်းအိမ်ဆီ မသွားရဲလည်း တခြား တစ်နေရာရာက ပျိုး အလာကို စောင့်နေကြမှာပါ"

"အဲဒီလို ဖြစ်ပါစေလို့ပဲ ပျိုး ဆုတောင်းပါတယ်"

"အေးဗျာ၊ မိထွေးက ဘာပဲပြောပြော သမီးကိုတော့ ဦးစိုးဖြူ ထား ရက်ဖို့ မကောင်းပါဘူး"

"ကုသိုလ်ပေါ့ ကိုရာဇသူရယ်၊ ပျိုးတို့ သားအဖဟာ သိပ်ချစ် ကြတဲ့ သားအဖပါ၊ ဖေဖေ့မှာ အရေးကြီးတဲ့ကိစ္စ ရှိလွန်းလို့သာ သွား မှာပါ"

"ဟုတ်ပါရဲ့၊ ပျိုးတို့ သီရိပစ္စယာက ထွက်တာ မြန်လိုက်တာ၊ အားလုံးက အံ့သြနေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ မျိုးကတော့ ပျိုးကိုယ်နဲ့ ဖေဖေတို့ စိတ်ပါလေ၊ သူတို့ သွားမယ်ဆိုတော့လည်း ထလိုက်ခဲ့ရတာပေါ့"

"ဟုတ်ပါရဲ့၊ ပျိုးတို့ မိသားစု နေပုံက တစ်မျိုးပဲနော်"

"အင်း မသိချင်ပါနဲ့တော့ ကိုရာဇသူရယ်"

"မသိချင်ပါဘူး ပျိုး၊ ကျွန်တော် မစပ်စုတတ်ပါဘူး၊ ကျွန်တော် သိချင်တာကတော့ ပျိုးအကြောင်းက လွဲပြီး တခြား ဘာမှ မရှိပါဘူး"

"ပျိုး အကြောင်း"

"ဟုတ်တယ်၊ ကျွန်တော် ပျိုးကို နားလည်ချင်တယ်"

"ဘာကိုများလဲရှင်"

သူက အဖြေမပေးသေး။ ကျွန်မကိုသာ ငေးကြည့်နေသည်။ ကျွန်မတို့မှာ ကိုရာဇသူတို့ ဌာနမှ ကားနှင့် တစ်ဝန်တစ်ခုပြပြီး လာနေကြခြင်း ဖြစ်ပါ၏။ ကားပေါ်တွင် ဒရိုင်ဘာ တစ်ယောက် အပါအဝင် သုံးယောက်တည်းသာပါ။

သူ့ထံမှ စကားပြန်မရပါ၍ မျက်နှာချင်းဆိုင်မှ သူ့ကို မကြည့်တော့ပါဘဲနှင့် မြင့်မြင့်မားမား ထန်းပင်ကြီးများကိုသာ ငေးမောကြည့်လာမိသည်။

ဝန်ကြီး ပဒေသရာဇာ၏ ထန်းလုပ်သား သရုပ်ဖော်ကဗျာများကို သောကများကြားမှ သတိရလာမိသည်။

အညာနေ အညာမြေသားတို့၏ ဘိုးစဉ် ဘောင်ဆက်မှသည် သား မြေး မြစ်များသို့တိုင် ဤထန်းတောကြီးများက လုပ်ကျွေးခြင်း အမှုကို ပြုခဲ့ကြလေသည်။

ထန်းနို့မှ ထန်းရည်နှင့် ထန်းလျက်၊ ထန်းသီးမှ ထန်းသီးဆံနှင့် ထန်းသီးမုန့်၊ အကိုင်းအခက်များကို အမိုးအကာအထိ ထန်းတစ်ပင်လုံး အသုံးချ၍ ရပေသည်။

မျက်စိတစ်ဆုံး ရှုမြင်နေရသော ထန်းပင်များသည် အညာ အညာသားများ၏ ဝမ်းစာ၊ အိမ်ရာ၊ မှီခိုအားထားရာ ပဒေသာပင်များ ဖြစ်ချေတော့သည်။





"ပျိုး"

"ရှင်"

"ကျွန်တော် နားလည်ချင်တယ် ဆိုတာက ပျိုးရဲ့ ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်ကို မဟုတ်ပါဘူး ပျိုး"

သူ ဘာဆက်ပြောလာလေမလဲ ဟူ၍သာ ကျွန်မတော့ မျှော်လင့်နေမိသည်။

ကျွန်မကတော့ ဘာမှ မတုန့်ပြန်မိပါ။

"ပျိုးရဲ့ နှလုံးသားသမိုင်းကြောင်းလေးကိုသာ သိချင်တာပါ"

"ရှင်"

"ဒီလိုပါ ပျိုး၊ ကျွန်တော် ကယ်တင် ကူညီလာချိန်မှာ ဒီစကားမျိုး မပြောသင့်ဘူးဆိုတာ ကျွန်တော် နားလည်မိပါတယ်၊ ဒါပေမယ့် ပျိုးနဲ့ နောက်တစ်ကြိမ် ထပ်ဆုံဖို့ဆိုတာ ခဲယဉ်းလွန်းပါလိမ့်မယ်၊ ဒါကြောင့်ပါ၊ ကျွန်တော့်ကို အခွင့်အရေးယူသူလို့ မထင်ရင်ဖြင့် သိခွင့်ပေးပါလား ပျိုးရယ်"

"ဘာကိုလဲ ကိုရာဇသူ ပြောတာ ပျိုး နားမလည်ဘူး"

"နှလုံးသားသမိုင်းကြောင်း ဆိုတာ ပျိုး မသိဘူး"

သူက အံ့သြသလို မျက်လုံးပြူးကြည့်ရင်း ပြုံး၍ မေးလာသည်။

"ဟင့်အင်း၊ ဘာလဲ"

"ပျိုးရဲ့ နှလုံးသား သမိုင်းမှာ မှတ်တမ်းတင်ရမယ့် မေတ္တာဇာတ်လမ်းတွေ ဘယ်နှပုဒ် ရှိခဲ့ဖူးပြီလဲ၊ လက်ရှိမှာရော"

"အို"

"ဒါမှ မဟုတ်ရင်လည်း မှတ်တမ်းမဖွင့်ရသေးတဲ့ စာမျက်နှာအသစ်ပဲလား ဆိုတာတွေ ကျွန်တော် သိခွင့်ရလိုပါတယ် ပျိုး"

ကျွန်မတွင် ရည်းစား ဘယ်နှယောက် ရှိခဲ့ဖူးလဲ၊ သို့မဟုတ်ပါရင်လည်း မရှိခဲ့ဖူးသူလား ဟူသော မေးခွန်းနှစ်ခုကို တင်စားထုတ်လွှန်းသူ။

"ပျိုး စိတ်ညစ်နေပါတယ် ကိုရာဇသူ"

"ကျွန်တော် နားလည်ပါတယ် ပျိုး၊ ဒါပေမယ့် ခုန ပြောသလို



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ပျို့ကတော့ ပျိုးကိုယ်နဲ့ ဖေဖေတို့ စိတ်ပါလေ သူတို့ သွားမယ်ဆိုတော့လည်း ထလိုက်ခဲ့ရတာပေါ့"

"ဟုတ်ပါရဲ့၊ ပျိုးတို့ မိသားစု နေပုံက တစ်မျိုးပဲနော်"

"အင်း မသိချင်ပါနဲ့တော့ ကိုရာဇသူရယ်"

"မသိချင်ပါဘူး ပျိုး၊ ကျွန်တော် မစပ်စုတတ်ပါဘူး၊ ကျွန်တော် သိချင်တာကတော့ ပျိုးအကြောင်းက လွဲပြီး တခြား ဘာမှ မရှိ ပါဘူး"

"ပျိုး အကြောင်း"

"ဟုတ်တယ်၊ ကျွန်တော် ပျိုးကို နားလည်ချင်တယ်"

"ဘာကိုများလဲရှင်"

သူက အဖြေမပေးသေး။ ကျွန်မကိုသာ ငေးကြည့်နေသည်။ ကျွန်မတို့မှာ ကိုရာဇသူတို့ ဌာနမှ ကားနှင့် တစ်ဝန်တစ်ခုပြပြီး လာ နေကြခြင်း ဖြစ်ပါ၏။ ကားပေါ်တွင် ဒရိုင်ဘာ တစ်ယောက် အပ အဝင် သုံးယောက်တည်းသာပါ။

သူ့ထံမှ စကားပြန်မရပါ၍ မျက်နှာချင်းဆိုင်မှ သူ့ကို မကြည့် တော့ပါဘဲနှင့် မြင့်မြင့်မားမား ထန်းပင်ကြီးများကိုသာ ငေးမောကြည့် လာမိသည်။

ဝန်ကြီး ပဒေသရာဇာ၏ ထန်းလုပ်သား သရုပ်ဖော်ကဗျာများကို သောကများကြားမှ သတိရလာမိသည်။

အညာနေ အညာမြေသားတို့၏ ဘိုးစဉ် ဘောင်ဆက်မှသည် သား မြေး မြစ်များသို့တိုင် ဤထန်းတောကြီးများက လုပ်ကျွေးခြင်း အမှုကို ပြုခဲ့ကြလေသည်။

ထန်းနို့မှ ထန်းရည်နှင့် ထန်းလျက်၊ ထန်းသီးမှ ထန်းသီးဆံနှင့် ထန်းသီးမုန့်၊ အကိုင်းအခက်များကို အမိုးအကာအထိ ထန်းတစ်ပင် လုံး အသုံးချ၍ ရပေသည်။

မျက်စိတစ်ဆုံး ရှုမြင်နေရသော ထန်းပင်များသည် အညာ အညာသားများ၏ ဝမ်းစာ၊ အိမ်ရာ၊ မှီခိုအားထားရာ ပဒေသာပင်များ ဖြစ်ချေတော့သည်။





"ပျိုး"

"ရှင်"

"ကျွန်တော် နားလည်ချင်တယ် ဆိုတာက ပျိုးရဲ့ ကိုယ်ရေး ရာဇဝင် အကျဉ်းချုပ်ကို မဟုတ်ပါဘူး ပျိုး"

သူ ဘာဆက်ပြောလာလေမလဲ ဟူ၍သာ ကျွန်မတော့ မျှော် လင့်နေမိသည်။

ကျွန်မကတော့ ဘာမှ မတုန့်ပြန်မိပါ။

"ပျိုးရဲ့ နှလုံးသားသမိုင်းကြောင်းလေးကိုသာ သိချင်တာပါ"

"ရှင်"

"ဒီလိုပါ ပျိုး၊ ကျွန်တော် ကယ်တင် ကူညီလာချိန်မှာ ဒီ စကားမျိုး မပြောသင့်ဘူးဆိုတာ ကျွန်တော် နားလည်မိပါတယ်၊ ဒါ ပေမယ့် ပျိုးနဲ့ နောက်တစ်ကြိမ် ထပ်ဆုံဖို့ဆိုတာ ခဲယဉ်းလွန်းပါလိမ့် မယ်၊ ဒါကြောင့်ပါ၊ ကျွန်တော့်ကို အခွင့်အရေးယူသူလို့ မထင်ရင်ဖြင့် သိခွင့်ပေးပါလား ပျိုးရယ်"

"ဘာကိုလဲ ကိုရာဇသူ ပြောတာ ပျိုး နားမလည်ဘူး"

"နှလုံးသားသမိုင်းကြောင်း ဆိုတာ ပျိုး မသိဘူး"

သူက အံ့သြသလို မျက်လုံးပြူးကြည့်ရင်း ပြုံး၍ မေးလာသည်။

"ဟင့်အင်း၊ ဘာလဲ"

"ပျိုးရဲ့ နှလုံးသား သမိုင်းမှာ မှတ်တမ်းတင်ရမယ့် မေတ္တာ ခြတ်လမ်းတွေ ဘယ်နှပုဒ် ရှိခဲ့ဖူးပြီလဲ၊ လက်ရှိမှာရော"

"အို"

"ဒါမှ မဟုတ်ရင်လည်း မှတ်တမ်းမဖွင့်ရသေးတဲ့ စာမျက်နှာ အသစ်ပဲလား ဆိုတာတွေ ကျွန်တော် သိခွင့်ရလိုပါကယ် ပျိုး"

ကျွန်မတွင် ရည်းစား ဘယ်နှယောက် ရှိခဲ့ဖူးလဲ၊ သို့မဟုတ် ပါရင်လည်း မရှိခဲ့ဖူးသူလား ဟူသော မေးခွန်းနှစ်ခုကို တင်စား ထတ်လွန်းသူ။

"ပျိုး စိတ်ညစ်နေပါတယ် ကိုရာဇသူ"

"ကျွန်တော် နားလည်ပါတယ် ပျိုး၊ ဒါပေမယ့် ခုန ပြောသလို



www.burmeseclassic.com

www.burmeseclassic.com

“အေး ဒါပေမယ့် အခုကိစ္စမှာတော့ တရားကလွန်လွန်းနေပြီ။ ဘွားဘွား သူ့ကို သိပ်စိတ်ဆိုးတယ် မောင်ရာဇသူလို လူကောင်းသူကောင်း၊ ဂုဏ်သရေရှိ လူငယ်လေးမျိုးနဲ့ မတွေ့ရင် မခက်ပါလား။ မောင်ရာဇသူရဲ့ ကျေးဇူး ကြီးမားလှပါပေ့ကွယ်”

အဘွားက အရမ်းပစ်ချီးကျူးနေသဖြင့် ကိုရာဇသူက မနေရတတ်တော့။ ရှက်ပြုံးလေး ပြုံးနေပေသည်။

ထိုနေ့က ကိုရာဇသူ၏ အသိအိမ်သို့ ဘွားဘွားက သွားခွင့်မပြုတော့။ ဘွားဘွား၏ တိုက်မှာပင် ကျွေးမွေးပြုစုသည်။ လိုလေသေးမရှိ ဂရုစိုက်နေသဖြင့် ဘယ်မှ မသွားချင်သော ကိုရာဇသူမှာ ဘွားဘွား၏ အိမ်တွင်ပင် တစ်ညတာ သောင်တင်နေခဲ့ရပါပြီ။

နောက်တစ်နေ့ နံနက်ဦးတွင် ...

“ကိုစိုးဖြူနဲ့ မမာလာတင်တို့ မိတ္ထီလာကို ဖြတ်ပြီး သာစည်ကို ဆင်းသွားကြတယ်၊ နောက် တောင်ကြီးဘက်ကို တက်သွားကြတယ်တဲ့”

ဘွားဘွား၏ အလုပ်သမားတစ်ဦးက သာစည်မှ ပြန်လာရင်း သတင်းပို့သွားခြင်း ဖြစ်ပါ၏။

“သူတို့နှစ်ယောက်နောက်ကိုတော့ ရာဇဝတ်ဘား ပြေးလိုက်နေပြီထင်တယ် သမီး၊ ဘယ်တော့ မကောင်းသတင်း ကြားရမလဲပဲ”

ကျွန်မ သက်ပြင်းချမိပါသည်။

ချစ်လှစွာသော ဖေဖေ့ကို ရာဇဝတ်သား အဖြစ်နှင့် ကျွန်မ မမြင်ရက်နိုင်။ ဤပြဿနာများထဲမှ ဖေဖေ ရှင်း၍ ထွက်လာနိုင်ပါစေဟု၍သာ စိတ်တွင်းမှ ကြိတ်၍ ဆုတောင်းရပါပြီ။

“ကိုရာဇသူ ဘယ်သွားမလို့လဲ”

ရေချိုးပြီး အဝတ်သစ်နှင့် မြင်ရပါ၍ ကျွန်မက မေးမိသည်။

“သြော် အိမ်ရှင်ကများ ဟိုနားဒီနား လိုက်ပို့မလားလို့”

“ဘယ်သွားချင်လို့လဲ”

“မိတ္ထီလာ ကန်တော်ကြီးကို ဖားကောက်မလို့တော့ မဟုတ်ဘူး၊ လမ်းလျှောက်ချင်လို့”





“ပျိုးလည်း ဧည့်သည်ပါပဲ၊ ပြီးတော့ သူလည်း ရောက်ဖူးသားနဲ့”

ကျွန်မက ပြုံးလျက် မျက်လုံးဝင့်၍ ပြောမိသည်။

“သွားရအောင်ပါ ပျိုးရယ်”

“ဘွားဘွားကို ပြောကြည့်ပါ့မယ်”

“ပြောမနေပါနဲ့လား ပျိုး၊ အဘွားကြီး ဘုရားခန်းထဲမှာ ဆွမ်းတော်တင်နေတယ်၊ တစ်ခါ ဘုရားရှိခိုးရင် အကြာကြီးတဲ့၊ ကျွန်တော် မေးထားပြီးပြီ၊ လာပါ၊ ခဏလေး သွားကြရအောင်ပါနော်”

ကျွန်မ မငြင်းချင်တော့ပါ။ အဘွား ထွက်မလာမီ နာရီဝက်လောက် အတွင်း ကိုရာဇသူ၏ ဆန္ဒကို လိုက်လျော၍လည်း ဖြစ်နိုင်ပါသည်။ အဝတ် အမြန်ပြေးလဲပြီး အိမ်မှ အဘွား၏ တူမများကို နှုတ်ဆက်ပြီး ကိုရာဇသူနှင့် ယှဉ်တွဲ၍ ထွက်လာခဲ့ရပါသည်။

မိတ္ထီလာကန်တော်ကြီးသည် ကျက်သရေအပေါင်း စုဝေး ဝင့်ထယ်ရာ မြန်မာပြည်၏ အကြီးဆုံး ကန်ကြီးတစ်ကန် ဖြစ်ပါ၏။ ကားလမ်းကို ဤကန်တော်ကြီးပေါ်မှ ဖြတ်လျက် ဖောက်လုပ်ထားရသည်။

မြင်းလှည်း၊ ကားနှင့် လူသွားလမ်းအဖြစ် ဝင့်ထယ်စွာ ဖောက်လုပ်ထားသော ကွန်ကရစ် တံတားဖြူကြီးပေါ်မှ ကျွန်မတို့နှစ်ယောက် ဖြတ်လျှောက်လာခဲ့ကြသည်။ မိတ္ထီလာ တစ်မြို့လုံးသို့ ရေပေးသည့် စက်ရုံ ထားရာ ဌာနကို ဖြတ်ပြီး ကန်တော်စောင့် နတ်ကွန်းအနီးတွင် ကိုရာဇသူက ရပ်လိုက်သည်။ မျက်စိတစ်ဆုံး မြင်နေရသော ကျွေ့ပတ်စီးဝိုက်နေသည့် ကန်တော်ကြီး၏ အလှကျက်သရေများကို ငေးမောနေမိပါသည်။

ပုပ္ပားတောင်ခြေ၏ အရှေ့ဘက်မှ စတင် စီးဆင်းလာသော မုန့်တိုင်ချောင်းသည် ဤမိတ္ထီလာကန်၏ အဓိက ရေဝင်ချောင်း ဖြစ်ပေသည်။

မုန့်တိုင်ချောင်း၏ ရေဆင်းဧရိယာမှာ ၉၀ စတုရန်းမိုင် ဖြစ်ပေသည်။

www.burmeseclassic.com

ဤ မိတ္ထီလာကန်တော်ကြီးကို မှီ၍ ကန်ရေသောက်လယ်မြေ ဧကပေါင်း ၂၄၃၆၄ ကျော် ရှိပေသည်။ ယင်းသည်မှ စပါး၊ မိုးကြို ချည်မျှင်ရှည်ဝါ၊ နှမ်းနှင့် ခရမ်းချဉ်ပင် စသည်များကို ကျယ်ပြန့်ဝပြော စွာ စိုက်ပျိုးနိုင်ခဲ့ကြပါ၏။

မိတ္ထီလာမြို့ပေါ်ရှိ အိမ်ထောင်စုပေါင်း ၄၄၅၀၀ မှ ဦးရေ နှစ်သိန်းနှစ်သောင်းငါးထောင်ကျော်တို့မှာ ဤကန်ကြီးဖြင့် အသက် ဆက်နေရပေသည်။

သောက်သုံးမှုကို အလုံအလောက်ပေးသော ကျေးဇူးရှင် ကန် တော်ကြီး မတိမ်ကောစေရန် ယခုအခါတွင် ဆည်မြောင်းဌာနမှ တောင် ကန်နှင့် မြောက်ကန် ဆက်သွယ်ထားသော ရေဝင်မြောင်းကို သောင်တူး စက်ဖြင့် နုန်းများကိုဆည်ဖို့ ပြုပြင်နေကြောင်း သိရပါ၏။

ဤကန်ကြီးဆီသို့ စီးဝင်လာသော ရေများမှ နုန်းဝင်မှု သက် သာပါစေရန် မိတ္ထီလာကန်၏ အထက်တွင် မုန်တိုင်ဆည်ကြီးကို တည်ဆောက်ပေးခဲ့ခြင်းအားဖြင့် နုန်းဝင်မှု ထက်ဝက်မျှ သက်သာလာ ကြောင်းကိုလည်း-သိရပါ၏။

ယင်း မုန်တိုင်ဆည်ကြီး တည်ဆောက်ရာတွင် သိန်းပေါင်း ၉၀ ကျော် အကုန်ကျ ခံခဲ့ရကြောင်းလည်း မှတ်သားဖူးပါသည်။

ကျွန်မမှာ မိတ္ထီလာကန်တော်ကြီး၏ လက်ရှိပြုပြင်မှုနှင့် အသုံး ဝင်ပုံများကို သုံးသပ် တွေးတောရင်း ရှုကြည့် မဝ,နိုင်အောင် ရှိနေ ရပါပြီ။

လတ်ဆတ်သော လေ၏ ထိတွေ့နှိုးဆွမှုကြောင့် သစ်ပင်လေး များ ယိုင်ညွှတ်သွားပုံ၊ လှိုင်းကြက်ခွပ်လေးများ လူးလွန့် ပြေးလာနေမှု များကို ကြည့်နေရချိန်၌ ကျွန်မ၏ ရင်မှ သောကအပေါင်းတို့ကိုပင် တဒင်္ဂ မေ့ပျောက်၍ သွားမိသည်။

"သိပ်သာယာတယ်နော် ပျိုး"

"ဟုတ်တယ်၊ မိတ္ထီလာ ရောက်တိုင်း ကန်တော်ကြီးကို အမြဲ လမ်းလျှောက်တယ်၊ ကြည့်လို့ ဝ,တယ်ကို မရှိပါဘူး"

"သဘာဝရဲ့ အလှတရားကို ခံစားရတာထက် ပျိုးရဲ့အလှကို





ကြည့်နေရတာက ရင်ထဲမှာ ပိုပြီး ကြည်နူးရပါတယ်ဗျာ"

မြင်စက ချဉ်မိသည်။ ဆုံစဉ်က မကြည်ချင်။ ကိုရာဇသူ့အပေါ် တွင် ခင်မင် နှစ်ခြိုက်ခြင်း မရှိခဲ့၍ သူ့ကို ထာဝစဉ် ဖဲကြဉ် ရှောင် သွေခဲ့ရာမှ...

ယခုအခါတွင် ကိုရာဇသူ၏ စေတနာမှန်ကို မြင်ခဲ့ရလေပြီ။ ကိုရာဇသူ၏ ရင်ထဲ၌ ကြည်ဖြူလတ်ဆတ်၍ ချစ်တတ်သော အသည်း လေး တစ်မွှာ ရှိနေပါကြောင်းလည်း ကျွန်မ အသိအမှတ် ပြုမိပါပြီ။

"ကျွန်တော် မပြန်ခင် ကျွန်တော့်ရင်ထဲကို ပြတ်သားမှုတစ်ခုခု ထည့်ပေးလိုက်ပါလား ပျိုးရယ်"

"ရှင်"

"မျှော်လင့်ခြင်း သံသယ စိတ်ဝေဒနာကိုသာ သယ်ဆောင်ပြီး မပြန်လိုပါဘူး ပျိုး"

"ဩော် ကိုရာဇသူရယ်၊ ပျိုးအနေနဲ့လည်း..."

"ဆက်ပါလေ၊ ကျွန်တော် ကြားချင်လှပါပြီဗျာ"

"ပျိုး အနေနဲ့လည်း၊ ပျိုးကိုယ်တိုင်လည်း ပြတ်သားချင်လှပါသေး တယ်၊ ဒါပေမယ့် ပျိုးရဲ့ အသည်းနှလုံးဟာ မှုန်ဝေနေပါသေးတယ်၊ ဖေဖေတို့ရဲ့ အရှုပ်အထွေးတွေ၊ ဘွားဘွားစီစဉ်ပေးမယ်ဆိုတဲ့ အိမ်ထောင် ရေး ပြဿနာဂယက်တွေဟာ ပျိုးရဲ့ နှလုံးသားကို ရိုက်ခတ်နေဆဲမို့ ဝေသီလို့ နေပါတယ် ကိုရာဇသူ၊ အဲဒါတွေ ရှင်းလင်း ကျော်လွန်သွားပြီး ခဲ့ရင်တော့ ပျိုးရဲ့ နှလုံးသားဟာ မေတ္တာတွေနဲ့ စိုရွှန်း ကြည်လင်လာတန် ကောင်း ပါရဲ့ရှင်"

"အဲဒီ မေတ္တာ ပြည့်နေမယ့် အသည်း နှလုံးသားဟာလည်း ကျွန်တော့်အတွက်ပဲ ဖြစ်လာမှာပါလို့ ကျွန်တော် မျှော်လင့်နေချင် ပါတယ် ပျိုးရယ်"

"ပျိုးမှာလည်း ကြီးမားတဲ့ မျှော်လင့်ချက် တစ်ခု ရှိပါတယ်၊ ပျိုး တစ်သက်မှာ တစ်ခုတည်းသော ဆန္ဒအဖြစ်နဲ့ မျှော်လင့်ထား တာမျိုးပါ"

"ဘာများလဲ ပျိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ပျိုးကိုချစ်မယ့် အသည်းနှလုံးဟာ အသစ်ဖြစ်စေချင်တယ်၊ ပြီးတော့ တစ်ခုတည်း ရှိစေချင်တယ်၊ အသည်းတစ်လွှာနဲ့သာ သစ္စာထားစေချင်တာပျိုးပါ၊ တစ်ယောက်တွေ့ရင် အသည်းအသစ်နဲ့ ချစ်တတ်တဲ့ လူမျိုးကို ပျိုး သိပ်မုန်းတယ်"

"သြော် ပျိုးရယ်"

"ပျိုး ဆုတောင်းထားတယ် ကိုရာဇသူ၊ ရင်ထဲမှာ အသည်းတစ်ရာ ရှိတတ်တဲ့ လူမျိုးနဲ့ ပျိုး မဆုံပါရ မကြုံပါရစေနဲ့လို့"

"ပျိုးပေါ်မှာ သစ္စာအရှိဆုံးယောကျ်ားဟာ ကျွန်တော်သာ ဖြစ်နိုင်အောင် ကြိုးစားပါ့မယ် ပျိုး၊ ပြီးတော့..."

ကိုရာဇသူက စကားကို ခဏ နားဖြတ်လိုက်ပြီးမှ...

"ကျွန်တော့် ရင်ထဲမှာ အသည်းတစ်ရာ မရှိစေရပါဘူး၊ စိတ်ချပါ၊ မောင်မောင့်ရင်ထဲ အသည်းတစ်ရာ မရှိစေရပါဘူးဗျာ၊ ပျိုးသာ မောင်မောင့်ရဲ့ပျိုး ဖြစ်လာနိုင်ပါစေတော့လို့"

မိတ္ထီလာကန်တော်ပေါ်မှ လေညင်းနုသည် ချစ်သူလောင်း နှစ်ဦး၏ အသည်းရင်ပြင်ဆီသို့ ညင်သာစွာ တိုးခတ်သွားသည်။

ထိုနေ့က ပျိုးနှင့် မောင်မောင်တို့၏ ရင်တွင်းမှ ဖူးပွင့်လာသော မေတ္တာပန်းဦးလေးများသည် ကန်ရေပြင်၌ လွင့်မျောကြွေသီ၍ ပေါင်းဆုံ ကျန်ရစ်ခဲ့ကြောင်းကို သူတို့နှစ်ဦးပင် အမှတ်မထားမိပါချေတကား။

❖ ❖ ❖





## အခန်း[၁၉]

"ပျိုး၊ အမေနန်းက အောက် ခဏဆင်းခဲ့ပါ၊ ဧည့်သည်နဲ့ လာတွေ့ပါတဲ့"

ဘွားဘွားဒေါ်နန်းအိမ်၏ တူမ ဝမ်းကွဲ၊ ဤအိမ်တွင် မီးဖိုရင်းအိမ်မှုကိစ္စကို တာဝန်ယူနေရသည့် ဒေါ်အေးပုံက ကျွန်မကို လာခေါ်သည်။ သူကပင်...

"ခေါင်းလေးဘာလေး ဖြီးပါဦး၊ လှလှပပ သပ်သပ်ရပ်ရပ်လေး ဝတ်စားလိုက်ပါဦး တူမကြီးရဲ့"

"ဘယ်က ဧည့်သည်လဲ ဒေါ်အေးပုံ"

"ဘယ်သူ ရှိရဦးမှာလဲ၊ အမေနန်း ချိန်းထားတဲ့ ဧည့်သည်ပဲပေါ့၊ မန္တလေးက သူဌေး ဦးရိုးမောင်ရဲ့ သား"

"အို ပျိုး မတွေ့ချင်ဘူး"

ကိုမင်းထိုက်။

ပျိုးကို ခင်သလိုလိုနဲ့ ပျိုးရဲ့ အတွင်းရေးများကို နှိုက်ထုတ်ပြီး ပျိုးကို ဒုက္ခတွေ ပင်လယ်ဝေစေခဲ့သူ။

ကျွန်မ၏ ခါးခါးသီးသီး ငြင်းပယ်မှုကြောင့် ဒေါ်အေးပုံ ထွက်သွားသည်။ အပေါ်ထပ်ရှိ ကျွန်မ အတွက် အခန်းတွင် ကျွန်မမှာ ခြင်လှုပ်ရှားမှုကြောင့် ဂဏှာမငြိမ် ရှိနေဆဲမှာပင်...

"သမီး ပျိုး"



www.burmeseclassic.com

www.burmeseclassic.com



အဘွား၏ ညင်သာသော အသံကို ကြားရသည်။ အဘွားသည် ကျွန်မကို သမီးဟူ၍လည်း သူ့သမီးကိုယ်စား ခေါ်သည်။

“ငါ့မြေး”ဟူ၍လည်း အနှစ်မေတ္တာကို ဖော်ကျူး ခေါ်ဝေါ်တတ်ပါ၏။

“မောင်မင်းထိုက်နဲ့ သမီးနဲ့က သီရိပစ္စယာမှာ ဆုံလာကြပြီပဲ ကိုး၊ သူ သမီးကို သိပ်တွေ့ချင်နေပုံ ရတယ်ကွယ်”

“သမီး တောင်းပန်ပါတယ် ဘွားဘွားရယ်၊ ဒီလူဟာ သမီးကို ဒုက္ခပေးခဲ့တဲ့ လူပါ၊ သမီး အသက်အရွယ်၊ ဂုဏ်ဒြပ်နဲ့ မလိုက်အောင် အချုပ်နှောင် ဖမ်းဆီးခံရအောင် သူ ဖန်တီးလိုက်တာပါ၊ သူဟာ သမီးအတွက် ဒုက္ခကိုသယ်ပိုးလာမယ့် သူပါ၊ မတွေ့ချင်ဘူး ဘွားဘွား သမီး သူနဲ့ မတွေ့ပါရစေနဲ့”

“မဟုတ်သေးဘူး သမီး”

“ဟုတ်ပါတယ် ဘွားဘွား၊ သိပ်ဟုတ်ပါတယ်၊ သူဟာ လူရှ လူပွေတွေနဲ့ ပေါင်းပြီး ဂိုဏ်းဂဏတစ်ခုရဲ့ လှုပ်ရှားမှုမှာ ပါဝင်နေ တဲ့ အမှောင်ထဲက လူပါ၊ အယောင်ဆောင်နေတာပါ”

“ဒီကောင်က လည်ဝယ်နဲ့စပ်တာတော့ အမှန်ပါပဲ ဒါပေမယ့် ဒီလောက်ထိအောင်တော့...”

“ဩော် ဟုတ်ကို ဟုတ်ပါတယ် ဘွားဘွား”

“ဒါပေမယ့် ဒီလိုရှိတယ် သမီး၊ သူ့မှာ ခိုင်လုံတဲ့ အကြောင်း တစ်ခုနဲ့ ဒီကို ရောက်လာတာတော့အမှန်ပဲ၊ ဒီအိမ်ပေါ်မှာ သူ ဘာမှ မလှုပ်ရှားရဲပါဘူး၊ အဘွားပိုင်နက်မှာပါ၊ ဘာပဲဖြစ်ဖြစ် သူ ဘာပြောမှာ လဲ ဆိုတာကို သမီး သိထိုက်တယ်လို့ အဘွား ယူဆတယ်၊ မောင် စိုးဖြူ ကိစ္စကလည်း ရှိသေးတယ် မဟုတ်လား၊ ပြီးတော့ အဘွား ခေါ်ပေးမယ်လို့လည်း မောင်မင်းထိုက်ကို အဘွား တာဝန်ယူခဲ့ပြီ သမီး ဘာမှ မဖြစ်စေရဘူး၊ ခဏ ဆင်းတွေ့လိုက်ပါ သမီး၊ အဘွား စကားကို နားထောင်ပါ ပျိုး”

မလွန်ဆန်ရဲပါ။ အဘွား၏စကားကို မနာယူပဲ မနေချင်သည် မို့သာ ရင်နာဒေါသစိတ်များနှင့် ကိုမင်းထိုက်ရှိရာသို့ ဆင်း၍ လာ





ရပါပြီ။

လှေကားမှ ဆင်းလာသော ကျွန်မကို သူ ထိုင်ရာမှ ထ၍ ကြိုဆိုသည်။

ကျွန်မမှာ ကိုမင်းထိုက်အတွက် အမုန်းများစွာကို သယ်ဆောင်ရင်း လှေကားထက်မှ ဆင်းသက်လာခဲ့ရပါသည်။

“ကျွန်တော် လေးစားမြတ်နိုးရတဲ့ မိန်းကလေးတစ်ဦးဆီက အမုန်းတရားတွေ ရရှိလာဖို့ ဖန်တီးလာတဲ့ အခြေအနေကို ကျွန်တော် မကျေနပ်ဆုံးပါပဲ ပျိုးရယ်”

“စကားတတ်တိုင်း ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောမနေစမ်းပါနဲ့ ကိုမင်းထိုက်၊ ရှင် ကျွန်မကို ဘာပြောချင်လဲ”

“ပြောချင်တာတွေကတော့ အများကြီးပါပဲ ပျိုး”

“ဘွားဘွားကို မလွန်ဆန်ရဲလို့ ကျွန်မ ဆင်းတွေ့တာပါ၊ ပြောချင်တဲ့စကားကို မြန်မြန်ပဲပြောပါ၊ တိုတိုနဲ့ လိုရင်းပေါ့ရှင်”

“ပျိုး”

“ပြောပါ”

“ကျွန်တော့်အပေါ်မှာ အထင်လွဲနေတာတွေကို ပြေလည်အောင် ဖြေရှင်းပြီးမှ အဓိက အကြောင်းအရာကို ဆက်ပြောပါရစေ”

“ပြောချင်တဲ့ နေရာကသာ ပြော”

“ပျိုးရယ် ကျွန်တော် တကယ် စိတ်မကောင်းပါဘူးဗျာ”

“ဒီမှာ ကိုမင်းထိုက်၊ ကျွန်မဟာ မိန်းမသားပေမယ့် သူများကို ဒုက္ခပေးချင်တဲ့ စိတ်ယုတ်မာမျိုး မရှိပါဘူး၊ ကျွန်မသာ ကိုမင်းထိုက်လို တိုင်တတ်တောတတ်ရင် ကိုမင်းထိုက်ဟာ ဂျူန်အဖွဲ့ဆိုတဲ့ ဒုစရိုက်အဖွဲ့ဝင် သို့မဟုတ် ဆက်သွယ်သူ အဖြစ်နဲ့ အချုပ်ခန်းမှာ အိပ်နေရပါပြီ”

“ဟာ ပျိုး”

“သူများကို ဒုက္ခမပေးတတ်တဲ့ ကျွန်မကတော့ သူများ ဒုက္ခပေးတာကိုပဲ ခံယူပြီး အဖမ်းခံခဲ့ရပြီးပါပြီ”

“ပျိုး အဖမ်းခံရတာဟာ ကျွန်တော့်ကြောင့်ပါလို့ ထင်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပျိုးရင်ထဲက သံသယစိတ်တွေကို ချေဖျက်ဖို့ ကျွန်တော် ဘာကိုပဲ လုပ်ဆောင်ရ လုပ်ဆောင်ရ၊ စွန့်စားရဲပါတယ် ပျိုး၊ ပျိုး ပြောတဲ့ ဂဠုန်အဖွဲ့ဆိုတာ ဘာလဲ၊ အခုမှ ကျွန်တော် ကြားဖူးပါတယ်"

"နောက်တစ်ဆင့်ထပ်ပြီး မလှိမ့်ချင်စမ်းပါနဲ့လား ကိုမင်းထိုက်၊ ဂျစ်ကားစိမ်းနဲ့ ရှင့်ကို လာခေါ်သွားတဲ့ လူတွေဟာ..."

"ဟာ ဟုတ်ပြီ၊ ကျွန်တော့်မှာ ပျောက်နေတဲ့ကွင်းစကို ခုမှပဲ ရှာလို့ရပါပြီ ပျိုး၊ အဖြစ်က ဒီလိုပါ"

ကိုမင်းထိုက်က ကျကျနန ရှင်းလင်းရန် ဟန်ပြင်လိုက်ပြီးမှ...

"ကျွန်တော်ဟာ အပေါင်းအသင်း စုံတယ်၊ အသိုင်းအဝိုင်း စုံတယ်၊ ပညာရပ်တော်တော်များများကို စိတ်ပါဝင်စားတတ်တဲ့ ဥာဉ် ရှိပါတယ်၊ သီလွယ်တတ်လွယ်တယ်၊ ပန်းချီ၊ ဂီတ၊ ပန်းရံက အစ ကားမောင်း၊ မြင်းစီးပါ မကျန် တတ်ကျွမ်းတယ်၊ ဒါပေမယ့် တစ်ခု တည်းကို အာရုံစူးစိုက်ပြီး ကျွမ်းကျင်အောင် ကြိုးစားစိတ် မရှိလို့ ဘယ် ဘက်ကမှ မထူးချွန်ခဲ့ပါဘူး ပျိုး"

"အင်း"

"အဲဒီလို ပညာရပ်ပေါင်းစုံ အသိုင်းအဝိုင်းစုံထဲမှာ ကျင်လည်နေ ရာက ကျော်ဇင်ဦးတို့နဲ့ ရင်းနှီးကျွမ်းဝင်ခဲ့ရတာပါ"

"ကျော်ဇင်ဦး ဆိုတာက"

"ပျိုးက ဂဠုန်အဖွဲ့သားရယ်လို့ စွပ်စွဲခဲ့တဲ့ ဂျစ်ကားစိမ်းနဲ့ နေ ကာ မျက်မှန် မချွတ်တဲ့လူ"

"သြော်"

"အဲဒါ ကျွန်တော့် အပေါင်းအသင်း တစ်ယောက်ပါ၊ သူဟာ လည်း ကျွန်တော့်သာသာပဲ၊ တစ်ခါတလေ အချဉ်ဖောက်တယ်၊ ဒါ ပေမယ့် ဂဠုန်အဖွဲ့လို့ သညာပြုရလောက်အောင် ဂိုဏ်းဂဏ ဖွဲ့စည်း ရဲမယ့် လူမျိုး မဟုတ်ပါဘူး၊ ကျော်ဇင်ဦးဟာ လူကြီးလူကောင်း သား သမီး တစ်ယောက်ပါ"

"လူကြီးလူကောင်း သားသမီးတွေ မိုက်တော့ ပိုပြီး ကြောက် စရာ ကောင်းသေးတယ်"





"ပျိုးရယ်၊ ကျွန်တော့်မှာ ပြောစရာ ကိစ္စတွေ အများကြီးနဲ့ ရောက်လာတာပါ၊ သည်းခံပြီး ကျွန်တော် ရှင်းပြတာလေးကို နားထောင် ပါဦး"

"ဟုတ်ပြီ၊ ကျွန်မ ငြိမ်ပြီး နားထောင်မှ ပိုပြီး ခရီးတွင်မယ် ဆိုတာ- သဘောပေါက်ပြီ၊ ကျွန်မကို အချိန်တိုတိုပဲ ဒုက္ခပေးပါ"

"ပျိုး ပြောချင်တာသာ ပြောပါတော့၊ ဒီလိုပါ၊ အဲဒီ ကျော် ဇင်ဦးဟာ ပျိုးရဲ့ ဦးဦး ဦးစိုးနိုနဲ့ မှောင်ခိုလုပ်ငန်းတစ်ခု လုပ်ဖို့ ငွေ စိုက်တယ်၊ ဒါပေမယ့် မအောင်မြင်ခင်မှာပဲ ဦးစိုးနို သေဆုံးသွားခဲ့တယ်၊ ဒါပေမယ့် အဲဒီလုပ်ငန်းလုပ်ဖို့ သွားလာရင်း ကားမှောက်တော့ သူ့ အစ်ကိုအရင်း ဦးစိုးဖြူက အတူရှိနေတယ် မဟုတ်လား၊ သေသူ နောက် လိုက်ဖို့ လမ်းပျောက်တော့ ကျန်ရစ်သူ၊ တာဝန်ရှိသူလို့ ထင် ရတဲ့ နောက်ကို သဲကြီးမဲကြီး လိုက်ကြတာ ဖြစ်မှာပါ၊ ဦးစိုးဖြူက လည်း မကျန်းမာတော့ သီရိပစ္စယာမှာ လာခိုလှုံသလို ဖြစ်နေတယ်၊ ဒါပေမယ့် သူတို့ ခြေရာခံမိသွားကြတယ်၊ တွေ့ဖို့ ကြိုးစားနေဆဲ ပျိုးနဲ့ ရွှေစည်းခုံမှာ ဆုံကြတယ်လေ၊ အဲဒီအတွက်ပဲ ပျိုးတို့ ထွက် ပြေးလာကြရင်း အခုလို ပြဿနာတွေ ဖြစ်လာတာ မဟုတ်လား"

"မေးမနေပါနဲ့၊ ပြောမှာသာ ပြောပါ"

"ပျိုးလက်ထဲမှာ ဦးစိုးနိုအပ်ခဲ့တဲ့ ဘုရားတစ်ဆူရှိနေကြောင်း ကြားသိရတော့ ကျွန်တော် သိပ်အံ့သြသွားမိပါတယ်၊ အဲဒီဘုရားဟာ ရှေးဟောင်း အဖိုးတန် ဘုရားတစ်ဆူ ဖြစ်ကြောင်းနဲ့ ခိုးရာပါပစ္စည်း ဖြစ်ကြောင်း ကျော်ဇင်ဦးက တစ်ဆင့် ကျွန်တော် ကြားထားပြီးပါပြီ၊ အဲဒီဘုရားကို ဓားပြတွေဆီက ဦးစိုးနိုက အချောင်ရလို့ ဝယ်ထား လိုက်ကြောင်းလည်း ကျွန်တော် သိထားခဲ့ဖူးပါတယ်"

"အင်းအင်း"

"ဒါပေမယ့် အဲဒီဘုရားကိစ္စ ကျော်ဇင်ဦး ခုချိန်ထိ လုံးလုံး မသိပါဘူး ပျိုး ယုံပါ၊ ကျွန်တော် ညောင်ဦးက ရှေးဟောင်းပစ္စည်း ထိန်းသိမ်းရေး ကော်မတီဝင် တစ်ဦးကို သွား ဆွေးနွေးပြီး အဲဒီ ဘုရားကို အပ်လှူဖို့ သဘောတူပြီး ပြန်လာပြီးမှ ပျိုးတို့ထွက်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



ကို မြင်လိုက်ရတော့ မယုံနိုင်လောက်အောင် အံ့သြခဲ့ရတာပါ"

"ဒါဖြင့် ကျွန်မကို သတင်းပေးတာ ကျွန်မတို့ကို ကျော်ဖြတ်တက်သွားတဲ့ ကားစိမ်းနဲ့ ကျော်ဇင်ဦးဆိုတဲ့ အုပ်စုက မဟုတ်လား"

"မဟုတ်ဘူး ပျိုး၊ မဟုတ်ဘူး၊ ကျော်ဇင်ဦး ကိုယ်တိုင်ပဲ ကျွန်တော်နဲ့ အတူ အံ့သြ ကျွန်ရစ်ခဲ့ရတာပါ"

"ဟင် ဒါဖြင့်"

"ဟောဒီ မိတ္ထီလာက ဦးသော်ကရဲ့ လက်ချက်ပါ"

"အို"

"ဟုတ်ပါတယ်၊ သူကလည်း သူ့အကြောင်းနဲ့ သူ ဦးစိုးနီ အပေါ်မှာ မကျေနပ်နေတဲ့ လူပဲ၊ ပျိုးကိုလည်း အားနာတယ်၊ ပျိုး ဦးလေး သူ့ဆီက လိမ်ယူသွားတာတွေက မနည်းဘူး၊ ဒီတော့ သူ့ လူတွေကို ပျိုးတို့ မိသားစုရဲ့ လှုပ်ရှားမှုကို ကြည့်ဖို့ လွှတ်ထားမှာပေါ့"

"ဟင်း"

"အဲဒီမှာ ပျိုးတို့ သီရိပစ္စယာက ထွက်သွားတယ် ဆိုတာနဲ့ ကားနဲ့ အပြေးလိုက်ပြီး နီးရာ ရဲဌာနကို ဝင်ပြီး သတင်းပေးခဲ့တာပါ၊ ခဏ ဖမ်းထားရင် ခရီးဖင့်အောင်ပေါ့၊ ဒါပေမယ့် ကံဆိုးချင်တော့..."

"ပျိုးရဲ့လက်ထဲမှာ ဘုရားရုပ်ပွားတော်ကို လက်ဆုပ်လက်ကိုင် မိရော ဆိုပါတော့၊ အဲဒါပဲ မဟုတ်ဟား ကိုမင်းထိုက်"

"ဟုတ်ပါတယ်၊ ဒီအကြောင်းနဲ့ ပတ်သက်လို့ကတော့ ဒီလောက်ပါပဲ၊ ဒါပေမယ့် ဒီဘုရားကို ရိုးရိုးသားသား ပြန်အပ်ဖို့ ရည်ရွယ်ရင်း ရှိပြီးသားပါ ဆိုတာကိုတော့ ကျွန်တော်က ကျောက်ပန်းတောင်း ရဲ စခန်းမှာ သက်သေထူခဲ့ပါတယ်၊ အဲ၊ ညောင်ဦးက ပုဂ္ဂိုလ်ကိုပါ သက်သေအဖြစ် ခိုင်လုံအောင်ပြခဲ့ပြီးပါပြီ၊ ဒီအမှုမှာ ပျိုးဟာ တရားခံ မဖြစ်ရစေတော့ပါဘူး"

"ဒီတိုင်းမှန်ရင်တော့ ကျေးဇူးတင်ပါသတဲ့ ကိုမင်းထိုက်၊ ဒီမှာ ကျွန်မကလည်း ကိုမင်းထိုက်ကို တစ်ခု ပြောလိုက်ပါရစေဦး လားရှင်"





"ဘာများပါလိမ့်ဗျာ"

"ရှင်ဟာ မန္တလေးက သူဌေးဦးရိုးမောင်ရဲ့သား၊ အဘွား နှစ်ခြိုက်နေတဲ့ လူပေါ့နော်၊ အဘွား ကြိုက်နှစ်သက်ပေမယ့် ကျွန်မက မနှစ်ခြိုက်လို့ ပြန်လိုက်ပါဦးရှင်လို့ပဲ နောက်ဆုံးအနေနဲ့ ကျွန်မ ပြောခဲ့ပါရစေတော့ ကိုမင်းထိုက်"

"ထ မသွားလိုက်ပါနဲ့ဦး ပျိုး၊ ကျွန်တော်က မန္တလေးက ဦးရိုးမောင်ရဲ့ သားပါ၊ အဘွားဒေါ်နန်းအိမ်တို့နဲ့ သိပ်ရင်းနှီးပါတယ်၊ ပျိုးတို့ အဘွားရဲ့ မြေးမှန်းလည်း မသိရရိုး အမှန်ပါ၊ ဒါပေမယ့် ပျိုး လွဲနေပါပြီ"

"ဘာကိုလဲ"

"ပျိုးနဲ့ စေ့စပ်ဖို့ကမ်းလှမ်းထားတာ ကျွန်တော်နဲ့ မဟုတ်ရပါဘူး ပျိုး၊ ကျွန်တော့်အစ်ကို ဆရာကိုဝင်းထိုက်နဲ့ပါ"

"ရှင်"

"သူဌေးသားမှန်ပေမယ့် အလုပ်အကိုင် မရေရာတဲ့ ကျွန်တော့် ဝမ်းမျိုးက ပျိုးလို အထက်တန်းက မိန်းကလေးတစ်ယောက်ကို မော့ကြည့် တော်နီးနေရုံက လွဲလို့..."

ကိုမင်းထိုက် စကားဆက်မပြောတော့ပါဘဲနှင့် ပြတင်းပေါက် ထက် ထွက်သွားပြီး ကျွန်မကို ကျောပေး၍ ရပ်နေပါသည်။

မမျှော်လင့်သော စကားမို့ ကြားရသော ကျွန်မမှာ အံ့သြ၍ နိုင်မိပါ။ နာမည်ပင် မကြားဖူးသော သူတစ်ယောက်နှင့် လက် ရမည် ဆိုသည်ကိုဖြင့် ကျွန်မ ဘယ် ဘဝမှ မရောက်ချင်နေပါစေ၊ င့်တယ်ချင်လည်း ရှိပါစေ၊ ကျွန်မ လက်မခံနိုင်ပါ။

မမြင်ဖူးသူနှင့် ကြည်ဖြူရသည့် အဖြစ်မှာ ဆယ့်ရှစ်ရာစုနှစ် ဆီက လူမှုရေး ချုပ်ကိုင်ခြင်း၊ အသည်းနှလုံး ရောင်းစားခြင်း စ်နှင့် ရှေးဟောင်းပုံပြင် တစ်ခုလို ဒီနေ့ခေတ် ကျွန်မတို့ ခံယူလို သည်။

အဘွားဆီ မရောက်မီ ပျက်ပြားသွားလျှင်လည်း ပြီးပြေနိုင်ပါပြီ သော အတွေးအခေါ်များဖြင့် ကျွန်မက...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုမင်းထိုက်ရယ်၊ ရှင့်အစ်ကို ဆရာကိုဝင်းထိုက် ...တာကို ပြောလိုက်ပါရှင်၊ ကိုယ့်ချစ်သူကို အသည်းနှလုံးနဲ့ ရွေးယူပါ... ပိုင်ရှင်ရှိပြီးသား ကျွန်မရဲ့ နှလုံးသားကို စောင့်စားနေရင်တော့ ... သွားမယ့် အချိန်တွေကို နှမြောစရာကြီးပါလို့"

"ပိုင်ရှင်ရှိပြီးသား ကျွန်မရဲ့နှလုံးသား ဟုတ်လား ပျိုး"

"ဟုတ်ပါတယ်ရှင်"

"ဒါဖြင့် ပျိုးရဲ့ချစ်သူဟာ ကိုရာဇသူများလားဗျာ"

"သိပ်ဟုတ်တာပေါ့ရှင်"

"ဩော် ပျိုးရယ်"

ကိုမင်းထိုက်က ဆွေးဆွေးနင့်နင့် ပြောရင်း ကြေကွဲဟန်ဖြ... ကျွန်မကို စိုက်ကြည့်နေသည်။ သူ့ကိုသော်လည်းကောင်း၊ သူမှ တ... ဆင့် သူ့အစ်ကိုကိုသော်လည်းကောင်း၊ သူ့အစ်ကိုမှတစ်ဆင့် သူ့မိဘ... အဘွား ဒေါ်နန်းအိမ်ဆီသို့ ရောက်ရှိလာမည့် စကားများကို ပြောကြ... လိုက်ရ၍ ကျွန်မ ရင်ပေါ့ပါးသွားသလိုပါပင်။

"ပျိုးနဲ့ ကိုရာဇသူက သီရိပစ္စယာရောက်မှ သိကြတာပေါ့... ဆုံးဖြတ်တဲ့အချိန်က သိပ်မတိုလွန်းဘူးလား ပျိုးရယ်"

"အချိန်နဲ့ အချစ်ကို စကေးကိုက်အောင် လိုက် တိုင်းနေ... မလိုဘူး ထင်ပါတယ် ကိုမင်းထိုက်၊ ကျွန်မအပေါ်မှာ စာနာထော... ထားမှု၊ မေတ္တာတရား မြင့်မားမှုတွေကိုပဲ ကျွန်မ တွက်ချင့်ပါတ... အချိန်ကို လက်ချိုး ရေတွက်နေဖို့ မလိုပါဘူး"

"နှလုံးသား အသစ် ပိုင်ရှင်တွေတိုင်း ဆုံးဖြတ်ခွင့်ရှိတဲ့ နှ... သား ပြဿနာကို ကျွန်တော် မငြင်းဆန်၊ မဆွေးနွေးလိုပါဘူး ပျိုး... ပျိုး ဆန္ဒအတိုင်း၊ ပျိုးသဘောအတိုင်း ဆုံးဖြတ်ဖို့ဟာ ပျိုးရဲ့ ... ပေး အခွင့်အရေးပါ၊ ဒါပေမယ့်..."

ကိုမင်းထိုက်က စကားကိုရပ်နားလိုက်ပြီးမှ အကြည့်ကို ကျွ... ထံမှ လွှဲယူပြီး မတ်တပ်အနေအထားနှင့်ပင် တခြားဘက်သို့ ... စိုက် ကြည့်ရင်းက...

"ကိုရာဇသူဟာ မိန်းကလေးလှလှလေးတွေကို မြင်လေတိုင်း ချစ်တတ်တဲ့ အသည်းတွေ သူ့ရင်ထဲမှာ တစ်ရာလောက် ရှိနေတာကို ပျိုး ဘယ်တော့မှ မမြင်တွေ့ရပါစေနဲ့လို့ ကျွန်တော် ဆုတောင်းပေးခဲ့ပါရဲ့ဗျာ"





"အို ရှင်...ရှင်ဟာ..."

"ပြီးတော့ အမိက အကြောင်း ပြောခဲ့ပါရစေ၊ ဦးစိုးဖြူနဲ့ ဒေါ်မာလာတင်တို့ကို မကွေး ရဲစခန်းမှာ ဖမ်းမိထားနေပါပြီ၊ အဲဒါ ပျိုး လိုအပ်မယ်ဆိုရင် ဘာပဲဖြစ်ဖြစ် ကျွန်တော် လုပ်ပေးပါရစေ၊ ပျိုး မလိုအပ်ဘူး ဆိုရင်လည်း ကျွန်တော် ပျိုးနဲ့ ဝေးကွာတဲ့ နေရာကို သွားပါ့မယ် ပျိုး၊ ကျွန်တော် ပြန်ပါဦးမယ် ခင်ဗျ"

"ဩော် ကိုမင်းထိုက်ရယ်၊ ရှင်ဟာ ဘယ်လိုလူစားမျိုးလဲရှင်"

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း[၂၀]

"မောင်မောင်ရယ် ရင်ထဲမှာ အသည်းအသစ်လဲပြီး ချစ်တာမျိုး လားကွယ်"

"ပျိုးရယ်၊ နိမ့်ကျတဲ့မေတ္တာမျိုးမှာသာ သံသယစကားတွေဆိုရိုး ရှိကြတာပါ၊ တကယ် မေတ္တာမြင့်မားလာလေလေ သစ္စာတရားဟာ ထုထည်ကြီးမာလာလေပါ၊ အဲဒီအစိုင်အခဲတွေနားမှာ သံသယဆိုတဲ့ ယုံကြည်မှု ကင်းမဲ့တဲ့ မြူမှုန်မြူငွေ့တွေဟာ လျှောကျပျောက်ဆုံးသွား ရမှာပါ အချစ်ရယ်၊ မောင်မောင် မကြားပါရစေနဲ့"

"ပျိုးကလည်း မပြောချင်ပါဘူး မောင်မောင်ရေ၊ ပျိုးရဲ့မေတ္တာ ဦးကို ထိုက်သိုက်တန်တန် ပန်ဆင်စေချင်တဲ့ ချစ်အတ္တစွဲလေး ရင် ထဲမှာ ရှိနေပါတယ် ဆိုတာ မောင်မောင် နားလည်ပါကွယ်"

"ပျိုး မောင်မောင့်ချစ်ရယ်"

မိတ္ထီလာမှ မကွေးမြို့သို့ မောင်းလာသည့် ကိုရာဇသူ၏ ကား ပေါ်တွင် ကြင်နာစကားနှင့် မေတ္တာတရား၏ ငြိကာကို ဖွင့်လှစ် ဖော်ကျူးလာခဲ့ကြခြင်း ဖြစ်ပါ၏။

ဖေဖေတို့၏ သတင်းကို ကိုမင်းထိုက်ထံမှ ကြားသိရလျှင် ကြားသိရချင်း ပထမ ဘွားဘွား၊ ဒုတိယ ကိုရာဇသူတို့ကို အငိုများဖြင့် တိုင်ကြားရင်း လိုက်ပို့ရန် ပူဆာခဲ့မိသည်။

ကိုရာဇသူက ကားစီစဉ်ပေးသည်။ ဘွားဘွားကမူ သူ့အိမ်မှ ဒေါ်အေးပုံကို သူ့ကိုယ်စား ကျွန်မအတွက် စောင့်ရှောက်ရန် ထည့် ပေးလိုက်ပါ၏။





ဒေါ်အေးပုံက မူးတတ်သည် ဆို၍ အီးတူး သောင်ဖင်ကား၏ ရှေ့ခန်းမှာ ဒရိုင်ဘာ၏ ဘေးတွင် ထိုင်စီးသည်။ နောက်ခန်းတွင် ကျွန်မနှင့် ကိုရာဇသူ သို့မဟုတ် ကျွန်မ၏ ချစ်ရလွန်းပါသော အချစ်ဦး မောင်မောင်။

"မောင်မောင်"

"ဟင်"

"မောင်မောင့်လို အရာရှိတစ်ယောက်ကို ရာဇဝတ်မှု ကျူးလွန် နေတဲ့ ဖေဖေတို့ရှိရာကို ခေါ်သွားရမှာ ပျိုး စိတ်မကောင်းပါဘူးကွယ်၊ မောင်မောင်မှာတော့ အပြစ် မရှိနိုင်ပါဘူးနော်"

"မဆိုင်တာ ပျိုးရယ်၊ မောင်မောင်က ကိုယ့်ချစ်သူကို ကူညီ တာပဲ၊ ဘာပဲဖြစ်ဖြစ် ပျိုးရဲ့သောကဟာ မောင်မောင့်သောကပဲပေါ့၊ ဘာအမှုနဲ့ ဘယ်လို ထိန်းသိမ်းထားတာတဲ့လဲဟင်၊ ကိုမင်းထိုက် ဘာပြောလဲ"

"ဘာတွေမှန်းလည်း မသိပါဘူးကွယ်၊ ပျိုး စိတ်ညစ်တယ်၊ ရှက်လည်း ရှက်မိပါရဲ့၊ ဒါပေမယ့် ကိုယ့်အဖေကိုတော့ သနားလှ ပါတယ်"

"ဟုတ်တယ်၊ အန်ကယ်လ်က ခပ်အေးအေးရယ်မို့၊ ဒေါ်မာလာ တင် ချယ်လှယ်နေတာ ထင်ပါတယ်"

"ဟုတ်ပါတယ် မောင်မောင်ရယ်၊ ဦးဦးရဲ့ လုပ်ငန်းတွေထဲမှာ ဖေဖေ ပါဝင်ပြီးမှ တစ်မျိုးကို ဖြစ်နေပါတယ်၊ ပျိုး သိပ်စိတ်ဆင်းရဲ ပါတယ် မောင်မောင်ရယ်"

"မောင်မောင် ပျိုးနားမှာ ရှိနေပြီပဲကွယ်"

ကိုရာဇသူက မျက်နှာချင်းဆိုင် ထိုင်နေရာမှ ကျွန်မဘက် ခုံ တန်းလျားသို့ ကူးပြောင်းထိုင်၍ ကျွန်မ၏ လက်ကို ဆုပ်ကိုင် ပွတ် သပ်ရင်း အားပေးရှာ၏။

ကျွန်မအတွက် ခရီးဖော်အဖြစ် မောင်မောင် လိုက်ပါခြင်းသည် အကြီးမားဆုံး အင်အားကို ရယူပိုင်ဆိုင်လာနိုင်သည်သို့ပင် ကျွန်မ အားရှိလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေတို့သည် မည်သည့်ပြစ်မှုမျိုးဖြင့် ဥပဒေ၏ ရင်ခွင်တွင်းသို့ ရောက်ရှိသွားကြလေသည်မသိ၊ ဦးဦး၏ အရှုပ်တော်ပုံပါ ဆိုစေကာမူ အလိုတူအလိုပါ အဖြစ်နှင့် ဖေဖေ့ပေါ် အပြစ်ရရုံလောက်ဆိုလျှင် တော်ပါသေးသည်။ ဒုစရိုက်လုပ်ငန်းကြီး၏ ဦးစီးဦးဆောင် အဖြစ်နှင့် ဖေဖေ့ကို ရှေ့တန်းတင်၍ စီရင်မှုဖြင့်...

"ပျိုး ဘာတွေ တွေးနေတာလဲ၊ မျက်နှာလေးကို ညှိုးလို့"

"ဪ ဖေဖေတို့အကြောင်းပေါ့"

"ဒီအချိန်မှာ ဒါတွေ ဖယ်ထားလိုက်စမ်းပါ ပျိုးရယ်"

"အို မောင်မောင်ကလည်း၊ ဒီကိစ္စ သွားတာ ဘယ်မေ့လို့ ဖြစ်ပါ့မလဲလို့"

"မောင်တော့ ပျိုးနဲ့ သွားရတာ ပျော်နေတာပဲ"

"ကြည့် သူ့အဖေမှ မဟုတ်ဘဲ ရက်စက်နိုင်တာပေါ့"

"ဒီလို မဟုတ်ပါဘူး ပျိုးရယ်၊ အိမ်က အဘိုးကြီးကိစ္စဆို သူ့ဟာသူ ရှင်းတာပဲ"

"မောင်မောင်က သားလေးတစ်ယောက်တည်း ဖြစ်ပြီး မိဘကို သိပ်စိမ်းတာပဲ"

"အသာနေ လူကြီးတွေပြဿနာ လူကြီးတွေ ရှင်းလိမ့်မယ်၊ မောင်မောင်တို့ ရှင်းရမယ့်ပြဿနာက ချစ်ဇာတ်လမ်းလေး မရှုပ်ထွေးအောင်..."

"မောင်မောင်ရယ်၊ ပြဿနာရှင်းရမယ့် အချစ်မျိုး၊ ရှုပ်ထွေးလာမယ့် ဇာတ်လမ်းမျိုးတွေများ မောင်မောင် ဖန်တီးဦးမှာလားကွယ်"

"ဒဿနိကဗေဒ ဆရာမကြီးရယ်၊ ဘာပဲဖြစ်ဖြစ် သိပ်ပြီး နက်နက်နဲနဲကြီး မတွေးစမ်းပါနဲ့"

"မောင်မောင်ဟာလေ သိပ်ပြီး ပေါ့ပေါ့တန်တန် နိုင်တာပဲ"

"အမယ်လေး မျက်စောင်းကြီးများ ထိုးလို့၊ ဒီဘက် တိုးနေမှ မတော် မှန်သွားရင်"

"ကြည့်"

"အဟဲ...အဟဲ၊ ကျီစယ်တာပါဗျာ၊ အရာတိုင်းကို သိပ်ပြီး





အလေးအနက် ထားနေတော့ အချစ် ရင်ပန်းမှာ စိုးလို့ပါ"

"ပျိုးဘဝမှာ ဒီထက် အလေးအနက် ထားစရာကောင်းတဲ့ကိစ္စ ရှိပါဦးတော့မလား မောင်မောင်ရယ်"

"ဟုတ်ပါတယ်၊ ပျိုး ရင်ပန်းတော့ မျက်နှာလေး နွမ်းနေတာကို မောင်မောင် မကြည့်ရက်လို့ပါ"

ကိုယ့်ရင်မှ အပူမီးပွင့်လေးများသည် ချစ်သူ၏ နှလုံးအိမ်ဆီသို့ ကူးစက် မပြန့်လွင့်စေချင်သော ချစ်စေတနာများကြောင့် ကျွန်မ၏ ဝရိဒေဝ ဇာတ်လမ်းကို တစ်ခန်း တစ်ကဏ္ဍ ရပ်နားထားလိုက်ပါတော့သည်။

အပြောရပ်သော်လည်း စိတ်အတွေးများက ရပ်၍ မရ။ မေ့ထား၍ မဖြစ်နိုင်။ ရင်ဆိုင်ရမည့် ရှေ့ခရီးအတွက် ရင်မှာ ဆို့နင့် တင်းပြည့်နေမိသည်။

ဘာအမှုမျိုးတွေများ ဖေဖေ့ပေါ် စုပြုံကျရောက်နေပြီလဲ မသိ၊ အမှု၏ အသွားအလာ အလေးအပင်ကို မမှန်းဆတတ်သော်လည်း ဦးဦး၏ ပြဿနာများအားလုံးသာ ဖေဖေ့ပေါ်သို့ ပုံကျမည်ဆိုပါလျှင် ဖေဖေ မလွယ်ကြောင်း ကျွန်မ သိနိုင်ပါပြီ။

သည်အသက်အရွယ် ရောက်လာကာမှ ထောင်ကျရမည့် အဖြစ်မျိုးကို ကျွန်မ မတွေးရဲ။ တစ်သက်လုံး ဖြောင့်ဖြောင့် မှန်မှန်ဖြင့် သမ္မာအာဇီဝ အသက်မွေးမှုဖြင့်သာ ရှာကျွေးလာခဲ့သော ချစ်ဖေဖေ ချမ်းသာရာရပါစေ၊ အကျပ်အတည်း အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ပါစေ ဟူ၍ ဆုတောင်းရပါသော်လည်း အားမရှိလှပါ။

"အခုကို အချုပ်ထဲရောက်နေပြီ၊ ဖေဖေ့အဖြစ်က လွယ်ပါ့မလား၊ ရှင်းလို့ရပါ့မလား ဖေဖေရယ်"

"အင်း မောင်မောင့် ဖေဖေဟာ ထိပ်တန်း ဥပဒေ ဝန်ထမ်းကြီး တစ်ဦး ဖြစ်ခဲ့ဖူးသူ၊ ငါ့လို ရာဇဝတ်မှု မကင်းတဲ့သူရဲ့ သမီးကို သဘောမှ တူနိုင်ပါ့မလား၊ ငါ မောင်မောင့်ကို ချစ်တုန့်ပြန်မိတာ သိပ်များ စောလွန်းနေပြီလားကွယ်"

"အို မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး၊ မောင်မောင်က ငါ့ကို သိပ်


www.burmeseclassic.com

www.burmeseclassic.com

ချစ်တာပါ၊ ဒီပြဿနာတွေ အားလုံးကို ကျော်လွှားပေးသွားမှာပါနော်"

အရှုးတွေးလေးများကြောင့် မောင်မောင့်ကို ရှက်စနိုးဖြင့် နိုး ကြည့်မိပါသေးသည်။

အနောက်တိုင်းသားတစ်ယောက်လို ချောပုံများဖြင့် ဆံပင်ရှည် ရှည်၊ ဖလဲ ဘောင်းဘီပွ၊ ဆာဖာရီကုတ်နှင့် မောင်မောင်၏ ယနေ့ ခေတ်မီ ပုံစံချောကို ကျွန်မ ကြည့်၍ မဝ,နိုင်သော်လည်း ရှေ့ခန်းမှ ဒေါ်အေးပုံက ကြည့်၍ရဟန် မတူ။

နေရာပြောင်းထိုင်သော မောင်မောင့်ကိုလည်း သူ မကြည့်။ နောက်ခန်းဘက်ဆီသို့ မှန်ပေါက်မှ မကြာခဏ လှည့်လှည့် ကြည့် တတ်သည်။ မောင်မောင်နှင့် ကျွန်မက ပြုံးကြ၊ မျက်စိမှိတ်ကြ၊ လက် ကာကြနှင့် သူ့ကို ရယ်ပွဲဖွဲ့သည့်အခါလည်း ရှိသည်။

"ဒီအဘွားကြီး တို့အဖြစ်ကိုသိပြီ၊ မိတ္ထီလာရောက်ရင် အဘွား ကို ပြန်တိုင်မှာ သေချာတယ်"

ဟူသော စိုးရိမ်စိတ်လေးများ ဖြစ်ထွန်းသည့် အခါလည်း ရှိ သည်။ အပြောင်းအလဲမြန်လိုက်သည့်စိတ်၊ ခဏအတွင်းမှာပင်...

"သိလည်းသိပါစေ၊ ငါ့မှာ ရည်းစားရှိတယ် ဆိုမှ ဘွားဘွား ကြိုက်လှတဲ့ သူဌေးသား ကိုဝင်းထိုက်နဲ့ အစီအစဉ်ပျက်မှာ"

"အို အရေးထဲ ဒါတွေ အသာထားစမ်းပါ၊ ဖေဖေ့ပြဿနာဖြင့် ဘယ်လို ရင်ဆိုင်ရမယ်မှန်း မသိ"

ဝင်လာသော စိတ်ကူးများ၊ တွန်းထုတ်မိသော အတွေးများတို့ သည် ကားနှင့်အတူ ပြောင်းဆန် လိမ့်လူးနေတော့သည်။

ဘေးပတ်ဝန်းကျင်သို့လည်း သတိမမူအား၊ ခါတိုင်း ခရီးသွား ဖြစ်လျှင် ရှုခင်းပြောင်းလဲလာပုံများ၊ အောက်အကြေ၊ မြေလတ်နှင့် အညာမြေတို့၏ သဘာဝပေါက်ပင်များနှင့် စိုက်ခင်း ပြောင်းလဲမှုလေး များကိုလည်းကောင်း ကျွန်မ သတိထားကြည့်မိတတ်သည်။ ထန်းတော ညိုကြီးများကို မြင်လျှင် လွမ်းချင်သလိုလို၊ ဝမ်းသာလိုလိုနှင့် စိတ် တယိမ်းယိမ်း ပြောင်းမိတတ်သည်။ ပတ်ဝန်းကျင် ဆန်းသစ်သလို ခံစားမှုပါ ဆန်းသစ်တတ်သော ကျွန်မမှာ ယခုအခါတွင် ဘေးကိုပင်





ကြည့်လျက်နှင့် မမြင်သည့်အခါ များစွာနှင့် ကားခေါ်ရာသို့ လိုက်ပါ ခဲ့မိသည်။

ခါတိုင်း ပင်းချောင်း တံတားသစ်ကြီးမြင်လျှင် ဟစ်ကြွေးချင် လောက်အောင် ဝင့်ကြွားလိုစိတ် ပေါ်မိသည်။ ဤမြေလတ်ဒေသတွင် အခက်ခဲဆုံး လမ်းပန်းဆက်သွယ်မှုပြဿနာကို ဤတံတားကြီးပေါ် မှ မော်မော်ကြွားကြွား ဖြတ်သန်းခွင့် ရရှိသဖြင့် တံတား တည်ဆောက် ပေးမှု အတွက် အဖက်ဖက်မှ ပါဝင်ခဲ့ကြသူအပေါင်းကို ကျေးဇူးတင် မဆုံးမိပါ။

"ယင်းချောင်း"၊ "ပင်းချောင်း"၊ "ဒေါင်းသေချောင်း"တို့မှာ သဲချောင်းကြီးများဖြစ်၍ မိုးတွင်းအခါ တောင်ကျရေဆင်းလာပြီ ဆို လျှင် ကားတွေ အိပ်စောင့်ပေတော့ပင်။ ရေကျ၍ ကားဖြတ်ပြန်လျှင် လည်း နွံနစ်သော ဒုက္ခကို ကားတိုင်းလောက်နီးနီး ခံစားကြရဖူး သည်။ သဲနွံနစ်ပြီဆိုလျှင် မလွယ်လိုက်သည့်အဖြစ်၊ ကျွန်မ ကိုယ် တိုင် ကြုံရဖူးသည်။

ယင်းသို့သော ဒုက္ခပေါင်းစုံမှ ကယ်တင်ဆယ်ယူပေးရှာသည့် တံတားဖြူဖြူကြီးကို မြင်ရလေတိုင်း ကျွန်မမှာ ဝမ်းသာ ဂုဏ်ယူ၍ မဆုံးမိ။ တံတားထိပ်တွင် တခမ်းတနား တည်ဆောက်ထားပါသော သခင်ဖိုးလှကြီးနှင့် ဆရာစံတို့၏ ရုပ်တုကြီးများကလည်း သူ့ကျွန်မခံ လိုသည့် ခေါင်းဆောင်ကြီးများ ပီသစွာ ခန့်ညား ထည်ဝါလှပါဘိ။

ဤသို့ ကြည်နူးစရာအတိနှင့် ကျက်သရေဆောင် ပင်းချောင်း တံတားကြီးကို ၄-၅-၁၉၇၃ နေ့က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ကြ သည်။ ယင်းသည်များလောက်ကိုသာ သိမှတ်နိုင်မိသည်။ ယခင်ဆို တံတားကြေး ငွေကောက်ခဲနေခိုက် အပြေးအလွှား ကားပေါ်မှ ဆင်း သည့် အပြုအမူမျိုး မလုပ်နိုင်။ ငြိမ်ငြိမ်ငိုင်ငိုင်ဖြင့်ပင် ချစ်သူကို မှီနွဲ့ အားထားရင်း ရင်တွင်း ပရိဒေဝဖြင့် အညာမြေမှသည် မြေလတ်ဆီသို့ ကျွန်မ ဖြတ်သန်းလာခဲ့ရချေပါပြီ။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း[၂၁]

"ဟော ကိုဟန်ထွန်းမြင့်"

"သတိမှရသေးရဲ့လား ပျိုးရယ်"

"ဟုတ်ပါရဲ့"

ဟုတ်ပါရဲ့၊ ကျွန်မ သူ့ကို မေ့လို့ပင်နေမိသည်။ မကွေးမြို့တွင် သူ့ကို ပြန်လည်၍ တွေ့ဆုံရလိမ့်မည်ဟုလည်း မမျှော်လင့်ခဲ့မိ။ တွေ့ရန်လည်း အကြောင်းမရှိ။ ပုဂံမှ သူပြန်သွားလေပြီလား၊ ရှိနေသေးလား ဟူ၍ပင် ကျွန်မ သတိမရနိုင်အားခဲ့ပါ။

"ပျိုးအကြောင်းကို ကျွန်တော် ကြားရချိန်မှာ ပျိုးကို ကိုရာဇာသူ ခေါ်သွားနှင့်ပြီ၊ မိတ္ထီလာက အဘွားဒေါ်နန်းအိမ်ဆီ ပို့ပေးလိုက်ပြီ ဆိုတာနဲ့ ကျွန်တော်လည်း စိတ်အေးသွားပြီး ပျိုးနောက် မလိုက်တော့တာပါ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ကိုဟန်ထွန်းမြင့်၊ တကယ်ပါပဲ၊ ဒါဖြင့် အခုရောက်လာတာ..."

"ပျိုးတို့ကိစ္စပေါ့၊ တပ်ကက်က ဒီမကွေးတိုင်းအတွင်းမှာပဲ ရှိတယ်၊ မိတ္ထီလာဘက် မရောက်ဘူး၊ ဒါကြောင့် ဒေါ်မာလာတင်တို့ လှုပ်ရှားနေမယ့် နေရာကို ကျွန်တော် လိုက်လာခဲ့တာပါ"

"ဖေဖေနဲ့ တွေ့ပြီးပြီလား၊ ဖေဖေ နေကောင်းရဲ့လားရှင်၊ ပျိုး ဖေဖေနဲ့ တွေ့ခွင့်ရချင်လှပါပြီ"





"မြင်ရုံတော့ မြင်လိုက်ရတယ်၊ ကျန်းကျန်းမာမာပါပဲ၊ ပျိုး စိတ်မပူပါနဲ့၊ ဘဘဦးမျိုးဇင်နဲ့တောင် ဖုန်း ပြောပြီးပါပြီ၊ သူ့ယောက်ဖကို အားပေးလိုက်ပါတဲ့၊ သူ တကယ် မလုပ်ဘဲ သူ့ညီ ဓာတ်ရှုပ်ထဲ ဝင်ပါနေရတာမျိုး ဆိုရင် ပျိုးဘဘက ကယ်နုတ်ပေးမှာပါတဲ့"

"ဟုတ်တယ်နော်၊ ဘဘက မျိုးတို့သားအဖရဲ့ အဖြစ်ကို ဒီအတိုင်း ကြည့်နေရက်မှာ မဟုတ်ပါဘူး၊ ဖေဖေ လူရိုးလူကောင်း တစ်ယောက် ဖြစ်တယ် ဆိုတာ ဘဘ သိပြီးသားပါ၊ တရားဥပဒေ အတွင်းက လုပ်ပိုင်ခွင့်အာဏာတွေနဲ့ ပျိုးတို့ရဲ့ အခက်အခဲကို ဘဘက ဖြေရှင်းပေးမှာပေါ့နော်"

ဤမကွေးမြို့တွင် ကိုဟန်ထွန်းမြင့်ကို ပြန်တွေ့ရခြင်းအတွက် အားတက်ရုံမက ဘဘကိုယ်တိုင် ဖုန်းဆက် အားပေးသည်ဆို၍ ကျွန်မ အားရှိပါဘိ။ ရဲတပ်ဖွဲ့မှ အရာရှိတစ်ဦး အနေဖြင့် တရားသော ဘက်မှ ပြတ်သားစွာလိုက်ပေးရန် နှောင့်နှေးစရာ အကြောင်း မရှိနိုင်ပေ။

ကျွန်မ လာရောက် တည်းခိုနေရသည်က မကွေးကောလိပ်ကျောင်းဝင်း အတွင်းမှ မောင်မောင့် အသိ သင်္ချာဌာနမှ ဆရာမကြီးလေးသူ 'ဒေါ်ပြည့်စုံအေး'၏ အိမ်လေးတွင် ဖြစ်ပါ၏။ ကိုဟန်ထွန်းမြင့်က ယနေ့ မနက်စောစောတွင် ကျွန်မထံသို့ လာရောက်တွေ့ဆုံခြင်း ဖြစ်ပါ၏။

"ပျိုး စိတ်မပူပါနဲ့၊ မနေ့က ပျိုးတို့ ရောက်တာ နောက်ကျတော့ တရားခံတွေကို သက်ဆိုင်ရာက ဘယ်ထုတ်ပြခွင့်ရှိပါ့မလဲ၊ ဒီနေ့တော့ ရမန်ယူစရာလည်း ရှိတယ်ထင်တယ်၊ ရုံးချိန်ကျရင် ပျိုး တွေ့ရမှာပါ။

ပျိုးရဲ့ဘဘကလည်း လိုအပ်တာကို ကူညီပေးမှာပါ၊ လောလောဆယ် ပျိုးကို ကူညီဖို့ ကျွန်တော်လည်း အနားမှာ ရှိနေပြီပဲ"

ကိုဟန်ထွန်းမြင့်သည် ဘဘ၏တပည့်ရင်း ဖြစ်ပါ၏။ ကျွန်မနောက်သို့ တကောက်ကောက်လိုက်၍ စောင့်ရှောက်ရခြင်းမှာလည်း ဘဘ၏ အစီအမံဖြင့် ဖြစ်ပါ၏။ သို့သော်လည်း တာဝန်[illegible]ရှား



www.burmeseclassic.com

www.burmeseclassic.com



အရ မဟုတ်ပါ။ ကိုဟန်ထွန်းမြင့်သည် ရဲတပ်ဖွဲ့မှ လခစားနေသော ဝန်ထမ်းလည်း မဟုတ်ပါပေ။

တစ်ချိန်က တာဝန်ယူခဲ့ဖူးသော်လည်း ယခု အလုပ်ခွင်ပြင်ပမှ ရှိနေသူပါ။ မောင်နှမသားချင်း မိတ်ဆွေချင်း အနေမျိုးဖြင့် စောင့်ရှောက်ရန် ရောက်နေခြင်းသာပါ။

"ဒါနဲ့ ကိုရာဇသူရော ပျိုး"

"မောင်ရာဇသူက ခြေမှာ ဗွေဆယ်လုံးလောက်ပါတယ်၊ ဘယ်တော့မှ အငြိမ်မနေတတ်ဘူး၊ ဘယ် ထွက်သွားပြန်ပြီလဲ မသိပါဘူး၊ ကဲ ကော်ဖီသောက်ကြပါဦး၊ အပျိုကြီးတစ်ယောက်တည်း ခဏ လာနေရတဲ့ အိမ်ဆိုတော့ ဘာမှလည်း ဖွယ်ဖွယ်ရာရာ မရှိပါဘူး"

အိမ်ရှင် ဒေါ်ပြည့်စုံအေးက မောင်မောင့်အကြောင်း ဝင်ပြောရင်း ဖော်ရွေစွာ ညှော့ဝတ်ပြုရှာပါ၏။ ကျွန်မက မောင်မောင့်ဘက်မှ...

"သူ စားစရာတစ်ခုခု သွားဝယ်ဦးမယ် ပြောပါတယ် မမအေး"

ဒေါ်ပြည့်စုံအေးကို ကူလုပ်ပေးရန် ကျွန်မ၏ ဒေါ်အေးပုံကပါ အိမ်ထဲသို့ လိုက်ဝင်သွားပါတော့သည်။

"ဖေဖေတို့ကို ဘယ်မှာ ဘယ်လိုမိကြတာလဲရှင်၊ ပျိုး ကြားရတာတော့ မျိုးမျိုးကို ရန်ကုန်ပို့ပြီး ဖေဖေတို့က တောင်ကြီးတက်ကြမလို့ ဆိုလားပဲ"

"ဒီလိုပဲပေါ့ ပျိုး၊ ကွေ့ကွေ့ကောက်ကောက် သွားကြမယ့်သူဟာ သူတို့သွားမယ့် လမ်းအတိုင်း ဖြောင့်ဖြောင့်တန်းတန်း ဘယ်ပြောခဲ့ကြပါ့မလဲ"

"နေပါဦး ကိုဟန်ထွန်းမြင့်ရယ်၊ ဖေဖေဟာ ဒေါ်မာလာတင်ဆွဲဆောင် စီစဉ်သမျှ လိုက်လုပ်နေရတယ်ဆိုတာ ပျိုး မယုံချင်တော့ဘူး၊ ဖေဖေ့မှာ ဒီလောက် အဆင်ခြင်ဉာဏ် မနည်းပါဘူး ကိုဟန်ထွန်းမြင့်ရဲ့"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် သူပါ အလိုတူအလိုပါလုပ်မိခဲ့တဲ့ ကိစ္စ၊ ဒီအထဲ ဦးစိုးနီက သေဆုံးသွားတယ်၊ ပြီးတော့ ဦးစိုးဖြူကိုယ်တိုင်လည်း မကျန်းမာတော့ မထူးဘူးဆိုပြီး ဆက်လုပ်နေ





တာပဲ ဖြစ်မှာပါ"

"ဖေဖေတို့ ဘာတွေ လုပ်နေကြတာလဲရှင်"

"မှောင်ခိုလုပ်ငန်းပါပဲ၊ အတိအကျမသိရသေးပေမယ့် သူတို့တွေ ခကြီးကြီး ကြံနေကြတာပါ၊ ကျွန်တော် သိသင့်သလောက်တော့ သိထားပြီးပါပြီ"

"သူတို့တွေ ဆိုတာက"

"မိတ္ထီလာက ဦးသော်ကရယ်၊ ပျိုး နောက်ကို ဂျွန်အဖွဲ့က ချပြီး လိုက်နေတဲ့ မန္တလေးက သူဌေးဦးဘုန်းရောင်ရယ်၊ ရန်ကုန်က ဘုရတ်သူဌေး ဦးကျင်စိန်တို့ရယ် ပေါင်းပြီး ဒီအထက်နယ်တစ်ဝိုက်က မြန်မာ့အနုပညာ အမွေအနှစ်တွေ၊ ကျောက်သံပတ္တမြားတွေ၊ ဆင်းတုတော်တွေ၊ ရှေးလက်ရာ ပန်းချီကား၊ ရှေးရွှေဒင်္ဂါးပြား၊ ငွေစစ် ပစ္စည်းတွေပါ စုဆောင်းပြီး ရန်ကုန် ဆင်းကြမယ်၊ အသင့်ရှိနေတဲ့ စက်လှေနဲ့ တခြားနိုင်ငံဘက်ကို တရားမဝင်နည်းနဲ့ ထွက်ပြီး ရောင်းကြမယ့် အစီအစဉ်ပါပဲ"

"အို"

"အဲဒီ လူတွေကို တွေ့ဆုံဖြစ်အောင်၊ ဆက်သွယ်ဖြစ်အောင်၊ လုပ်ငန်းဖြစ်မြောက်အောင် လုပ်ဆောင်ပေးသူကတော့ ဦးစိုးနီပဲ၊ သူက စကားပြောကောင်းတယ်၊ လူရည်လည်တယ်၊ သူနဲ့တွေ့ရင် ကျွန်ကြရော၊ အဲဒီအထဲမှာ ဒေါ်မာလာတင်လည်း ပါတယ်"

"သူ ပါလို့ ခုလို ဖေဖေပါ ကန့်လန့်ပါနေရတာပေါ့"

"ဦးစိုးနီနဲ့ ဒေါ်မာလာတင်တို့ချင်းကလည်း သိပ်ရင်းရင်းနှီးနှီး နေခဲ့ကြတယ်၊ သူတို့ မရိုးနဲ့ မတ်ချည်းပဲဆိုရင် သိပ်မယုံကြည်ကြတော့ ဦးစိုးဖြူပါ ဆွဲထည့်ကြတာပါ၊ ဦးစိုးနီဟာ စိန်ရွှေရတနာ ဆိုင်ပိုင်ရှင်၊ ရိုးသားတည်ကြည်တဲ့သူ ဆိုတဲ့ ဂုဏ်ပုဒ်ကို ရယူနိုင်အောင် ဦးစိုးဖြူကို ဆွဲဆောင်ကြတာပါ၊ ဦးစိုးဖြူ အရှိန်အဝါကြောင့် ဦးသော်ကတို့၊ ဦးဘုန်းရောင်တို့ကလည်း ယုံကြည်ပြီး စုပေါင်းကြံစည်ကြတာ ဆိုပါတော့"

"မတတ်နိုင်ဘူး ကိုဟန်ထွန်းမြင့်ရယ်၊ ဖေဖေ့ပေါ်မှာ တာဝန်



www.burmeseclassic.com

www.burmeseclassic.com

ရှိတယ် ဆိုရင်လည်း ရှိသမျှ ချရောင်းပြီး ဆပ်လိုက်ရုံပါပဲ၊ အရေးကြီးတာက ဖေဖေ ဒီအမှုကလွတ်ဖို့ပါ၊ ဖေဖေနဲ့လည်း တွေ့ချင်လှပါပြီ"

"တွေ့ရခါနီးပါပြီ၊ ကိုရာဇသူပြန်လာပြီးရင် သွားကြတာပေါ့၊ ကျွန်တော်လည်း လိုက်ခဲ့ပါ့မယ်"

"ဟုတ်ကဲ့ လိုက်ခဲ့ပါနော်၊ ဟော ပြောရင်းဆိုရင်း သူတောင် ပြန်လာပြီ"

စက်ဘီးတစ်စီး၊ နံပြားတစ်ထပ်ကြီးနှင့် မောင်မောင် ပြန်ရောက်လာချိန်တွင် ကျွန်မတို့ ကော်ဖီသောက်ပြီးကြပါပြီ။

ကိုဟန်ထွန်းမြင့်နှင့် မောင်မောင်မှာ သီရိပစ္စယာတွင် ကြုံဖူးကြသော်လည်း မသိ၍ မခင်မင်ကြ၊ ကျွန်မ မိတ်ဆက်ပေးမှ ရင်းနှီးသွားကြသည်။

ကျွန်မမှာ ဖေဖေနှင့် တွေ့ရန်သာ စိတ်ဇောထက်သန်နေမိသည်။ တခြားသော စကားများကို စိတ်မဝင်စားမိလှသော်လည်း မောင်မောင်မှာထားသည် ဆိုသော ကား မလာမချင်း စောင့်နေရပါဦးမည်။

ကျွန်မ၏ မောင်မောင်သည် ထာဝရ သန့်ရှင်းနေတတ်ရုံမက အဝတ်အစား ဝတ်လျှင်လည်း ပျံ့နေအောင် မိအောင် ဝတ်တတ်သူပါ။ ယနေ့ဖြင့် ရဲအချုပ်ဌာန သွားရမည်ဆို၍ သူ ဘဲလ်တွေ ဖလဲတွေနှင့် မဟုတ်တော့။ တိုက်ပုံအင်္ကျီနှင့် ရခိုင်လုံချည်နှင့်။

ကျွန်မ မျှော်လင့်စောင့်စားနေခဲ့သည့် ကားမှာ ကျွန်မ စိတ်မောလောက်အောင် အမျှော်ကြီးမျှော်ပြီးမှ ဆိုက်ရောက်လာပါတော့သည်။

ဒေါ်ပြည့်စုံအေးမှလွဲ၍ ကျွန်မနှင့် မောင်မောင်၊ ကိုဟန်ထွန်းမြင့်၊ ဒေါ်အေးပုံတို့ပါ အားလုံး ဖေဖေတို့ ချုပ်ထားရာ ရဲဌာနသို့ ရောက်ရှိလာခဲ့ကြပါပြီ။

"ခဏစောင့်ပါ၊ သွားခေါ်ခိုင်းထားပါတယ်၊ ဒေါ်မာလာတင်ကို ခေါ်လာဖို့ အမျိုးသမီးရဲ မရောက်သေးလို့နဲ့ တူတယ်"

တာဝန်မှူးက ကျွန်မတို့ အစုကို အရေးတယူ စကားပြောပါသည်။ တရားခံ၏ သမီး ဆိုသော်လည်း မျက်နှာ မငယ်ပါလား၊ လူကောင်းကို လူကောင်းလို ဆက်ဆံကြပါလား ဟူသော အသိက





ကျွန်မ၏ သိမ်ငယ်နေသော စိတ်ကို ရှင်သန် ဝင့်မော်လာနိုင်စေပါသည်။ သို့ပါသော်လည်း...

"ဖေဖေရယ်"

ဟူ၍ ရင်တွင်းမှာ နာကျင်လှိုက်လှဲစွာခေါ်ဝေါ်မိသည်။ ဖေဖေ့ကို ဤသို့သော ဘဝမျိုးထဲတွင် မြင်ရလိမ့်မည်ဟု ကျွန်မ ဘယ်သော အခါကမှ မထင်မြင်ခဲ့မိပါ။ ဖေဖေ့အတွက် ရှက်ခြင်း၊ ကြောက်ခြင်း၊ သနားကြင်နာခြင်း၊ ယူကြုံးမရခြင်း စသော ခံစားမှုပေါင်းစုံဖြင့် ရင်ထိတ်ထိတ်ခုန်စွာ စောင့်စားနေမိဆဲ။

"ဟော ခေါ်လာပြီ ပျိုး"

မောင်မောင်က ကျွန်မလက်ကို ဆွဲပြီး နှစ်သိမ့်အားပေးရင်း သတင်းပေးလာသည်။

အတွင်းခန်းဆီမှ ကျွန်မ ရှိရာသို့ တရွေ့ရွေ့ လှမ်းလာသော ဖေဖေ၏ ပုံသဏ္ဌာန်ကို သံတိုင်ကြားမှ ဝိုးတဝါး မြင်လိုက်ရသည်။

ဖေဖေ နီးလာပြီ။

ကျွန်မ မျက်စိများ ဝိုးတဝါးဖြစ်လာလေသလားဟူ၍ မျက်ဝန်းမှ မျက်ရည်စများကို ပွတ်သပ်ဖယ်ရှား၍ ကျွန်မ အသေအချာ ကြည့်မိသည်။

ပိန်လှီသော ကိုယ်ခန္ဓာ၊ ထူထဲသော ကိုင်းနက်မျက်မှန် မပါ၊ ဆံပင်များက အနက်တစ်ဝက် အဖြူတစ်ဝက်။

"ကဲ ဦးစိုးဖြူ၊ သမီး ပျိုးပပနဲ့ ခဏ စကားပြောနိုင်ပါတယ်"

တာဝန်မှူး၏ စကားအဆုံးတွင် ကျွန်မ ခုန်ထလိုက်မိသည်။ ကျွန်မ၏ နှလုံးသားသည်လည်း ပွင့်ကွဲကျမတတ် လှုပ်ရှား ရုန်းကန်နေပါပြီ။

"မဟုတ်ဘူး မဟုတ်ဘူး၊ ဒါ ပျိုး ဖေဖေ မဟုတ်ဘူး"

"ဗျာ"

"ဟင်"

ကျွန်မ၏ ဆောက်တည်ရာမရလောက်အောင် လှုပ်ရှားသွားသော အပြုအမူများကြောင့် အားလုံး တအံ့တသြနှင့် လှုပ်ရှားဖို့ မေ့လျော့သွား



www.burmeseclassic.com

www.burmeseclassic.com

ကြသည်။

အားလုံးထဲတွင် တစ်ယောက်တည်းသာ လှုပ်ရှားနေသော ကျွန်မကိုသာ ဝိုင်းကြည့်နေကြပါပြီ။

ကျွန်မမှာ မောင်မောင့်လက်ကို ရုန်းထွက်ပြီး သံတိုင်ကို ပြေးကိုင်၍ မျက်နှာပါအပ်ကာ...

"ဒါ...ဒါ...ဦးဦး ကျွန်မ ဦးဦး ဦးစိုးနီ"

"ဟဲ့ သမီး"

ဦးဦးက လက်ကာရင် ထိန်းမရသော မျက်နှာထားဖြင့် သူဘာလုပ်ရမှန်း မသိဟန် ရှိနေသည်။

"ဦးဦးဟာ ဦးဦးပါ၊ မညာပါနဲ့၊ ဒါ...ဒါဖြင့် ဖေဖေရော၊ ပျိုးဖေဖေက ဘယ်မှာလဲရှင်"

ကျွန်မမှာ သံတိုင်ကို မျက်နှာပွတ်ငိုရင်းက အော်၍မေးမိသည်။

"ဟင် သမီးပျိုး၊ ဘာတွေ ပြောနေတာလဲကွယ်၊ ကိုယ့်အဖေ စိတ်ဆင်းရဲနေရတဲ့ အထဲ"

စိတ်ခတ်ရော ရုပ်ပါ ကျုံဆင်းနေသော ဒေါ်မာလာတင်က တစ်ဖက်ဆီမှ ဖရိုဖရဲနှင့် ဝင်ပြီး ဟာထေးသည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒါ ပျိုး ဖေဖေ မဟုတ်ဘူး"

"ဩော် ပြေးရင်းလွှားရင်း မျက်မှန်ကျကွဲသွားလို့ ပျိုး တစ်မျိုးထင်နေတာပါကွယ်"

"မဟုတ်ပါဘူး ဒေါ်မာလာတင်ရယ်၊ မဟုတ်ပါဘူး၊ သူတို့ညာနေကြတာ၊ အဲဒါ ကျွန်မဖေဖေ ဦးစိုးဖြူ လုံးဝ မဟုတ်ပါဘူးရှင်၊ သေပြီဆိုတဲ့ ကျွန်မဦးလေး ဦးစိုးနီပါ၊ အသေအချာ စစ်ဆေးကြပါ၊ သူတို့ ကျွန်မ ဖေဖေကို ဒုက္ခပေးနေကြတာပါ"

"ပျိုး ပျိုး သတိထားလေ"

ကျွန်မမှာ အထိန်းအကွပ်မဲ့စွာ အော်၍ ငို၍ ပြော၍ လက်ညှိုးညွှန်ပြီး စွပ်စွဲနေသည့် အဖြစ်ကို မောင်မောင်က ဖေးဖေးမမ လာ၍ ထိန်းသိမ်းပါသည်။ ဒေါ်အေးပုံကလည်း သံတိုင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း အော်နေမိသည့် ကျွန်မကို သံတိုင်မကိုင်ဖြစ်အောင် ကျွန်မ





လက်များကို ဆွဲဖြန့်နေပါ၏။

"ပျိုး သေချာသလား"

ကိုဟန်ထွန်းမြင့် ကျွန်မနားသို့ ထလာပြီး ဦးဦးကို ကြည့်ရင်း တည်ငြိမ်စွာ မေးလာသည်။

"သေချာတယ် ကိုဟန်ထွန်းမြင့်၊ သိပ်သေချာတယ်၊ ဒါ ပျိုးဖေဖေ လုံးဝ မဟုတ်ဘူး၊ ပျိုး ဖေဖေက ဆံပင် တစ်ချောင်းမှကို မဖြူသေးဘူး၊ သူ ဦးစိုးနီအစစ်ပါ ကိုဟန်ထွန်းမြင့်ရယ်"

တာဝန်မှူးပါ မနေသာ၊ ရှုပ်ကုန်ပြီမို့ ကျွန်မတို့နားသို့ ထလာပြီး ကျွန်မကို မေးမြန်းသည်။

"ဒါဖြင့် သီရိပစ္စယာမှာ တည်းခိုကြစဉ်ကရော သံသယဝင်စရာ တွေ့ခဲ့သေးလား၊ ဆိုလိုတာက ဒါ ငါ့အဖေမှ ဟုတ်ရဲ့လားလို့ မပျိုးပပ အတွေးပေါက်ခဲ့ဖူးပါသလား"

"ဟင့်အင်း၊ မှိုတုန်းကတော့ဖေဖေပါပဲရှင်၊ ကျွန်မကို ကျောက်ပန်းတောင်း ရဲစခန်းမှာ ထားပစ်ခဲ့တဲ့အထိ ကျွန်မရဲ့ ဖေဖေပါ"

"သေချာတယ်နော်"

"သေ...သေချာပါတယ်ရှင်၊ ဦးဦးရုပ်နဲ့ ဖေဖေ့ရုပ်က တခြားစီပါ၊ ယှဉ်ကြည့်လေ ကွဲလေပါပဲ၊ ဒါကို ဒေါ်မာလာတင်လည်း သိမှာပါ"

"ဒါဖြင့် အခု ဦးစိုးဖြူက ဘယ်မှာလဲ"

တာဝန်မှူးသည်ပင် သူ့ရင်တွင်းမှ သူဆောင်ရွက်ရမည့် ဝတ္တရားမေးခွန်းကို အမှတ်မထင် ထုတ်ပြောနေမိရှာသည်။

"ဟုတ်ကဲ့ ကျွန်မ...ကျွန်မ အဖေအစစ်ကို ရှာပေးကြပါရှင်၊ ဖေဖေ...ဖေဖေ ဘယ်ရောက်နေပြီလဲ"

အားလုံး ငြိမ်နေကြသည်။ ဒေါ်မာလာတင်နှင့် ဦးဦးတို့က ဘာမှ ဝင်မပြော၊ ခေါင်းငုံ့နေကြဆဲ။ တာဝန်မှူးက ချင့်ချိန် စဉ်းစားဟန်ဖြင့်...

"ကျောက်ပန်းတောင်းဆေးရုံမှာ ကားမှောက်ပြီး တစ်ယောက်ဆုံးတာတော့ အသေအချာပဲ၊ အဲဒါဖြင့် သေသွားသူဟာ ဦးစိုးဖြူများ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေမလား”

“အမယ်လေး၊ မဟုတ်ဘူး၊ မဟုတ်ပါရစေနဲ့ရှင်၊ ပျိုး အဖေ မသေပါဘူး၊ ကားမှောက်ပြီး အတူနေခဲ့ကြပါသေးတယ်၊ သေတာက ဦးဦးပါ”

“ဒီဟာလည်း မပျိုးရဲ့ ဦးဦးဆို”

“အို ဘာတွေလဲ၊ ဘာတွေလဲရှင်၊ ဘာပဲဖြစ်ဖြစ် ပျိုး ဖေဖေကိုပဲ ခေါ်ပေးကြပါ၊ ရှာပေးကြပါ”

ကျွန်မမှာ မောင်မောင်နှင့် ဒေါ်အေးပုံတို့ တွဲထားသည့်အလယ်တွင် ဒုက္ခသည်မလေး တစ်ယောက်လို အော်ငို တောင်းခံနေမိသည်။

“သမီး...သမီး”

ဦးဦးထံမှ ညင်သာတိုးတိတ်သော အသံ ထွက်လာသည်။

“အလကား သူများတွေကို ဒုက္ခရောက်အောင်၊ ဦးနှောက်ခြောက်အောင် ဘာလို့ လုပ်ချင်ရတာလဲ သမီးရယ်၊ ဖေဖေ့ကို စိတ်ထပ်ပြီး ဆင်းရဲအောင် မလုပ်ချင်ပါနဲ့လား သမီးလေး၊ ဒီမှာခင်ဗျာ”

ဦးဦးက သံတိုင်များကြားမှ လက်ကမ်းလျက် ကျွန်မကို နှစ်သိမ့် စကားဆိုပြီး တစ်ဆက်တည်းပင် တာဝန်မှူး ရဲအရာရှိဘက်သို့ လှည့်၍...

“ကျွန်တော့်သမီးဟာ ကျွန်တော့်ကို ဒီလို အဖြစ်မျိုးနဲ့မမြင်ရဲဘူး၊ မမြင်ချင်ဘူး၊ ဒါကြောင့် သူ့ရဲ့ အတွင်းမသိစိတ်က သူ့အဖေ မဟုတ်ဘူး၊ သူ့ဦးလေးပါလို့ အတင်းငြင်းဆန်နေတာကို သူ လိုက်ပြောတာပါခင်ဗျာ၊ ကျွန်တော့် သမီးလေးဟာ သိပ်ငယ်ပါသေးတယ်၊ စိတ်ဒုက္ခအတွေ့အကြုံကိုလည်း တစ်ခါမှ မခံစားဖူးတော့ သူ ဆောက်တည်ရာမရ ဖြစ်နေတာပါ၊ ကျေးဇူးပြုပြီး သူ့ကို ပြန်ခေါ်သွားပေးကြပါ ခင်ဗျာ”

ဦးဦး ဦးစိုးနီက ပျော့ပျောင်း ပြေပြစ်စွာ ပြောဆိုသည်ကို အားလုံး နားယောင်သွားကြလေပြီလား မသိ။ ကျွန်မကို ဖေးမကြသည်၊ နှစ်သိမ့်ကြသည်၊ ဆွဲခေါ်ကြသည်။

“အို နေစမ်းပါဦး မောင်မောင်ရယ်၊ ပျိုး မရူးပါဘူး၊ တစ်သက်





လုံး အတူနေလာတဲ့ ကိုယ့်အဖေ ကိုယ် မသိဘဲ နေပါ့မလား၊ သူ မဟုတ်ဘူး၊ အဲဒါ ဦးဦးမှ ဦးဦး ဦးစိုးနီ အစစ်”

“ဒါနဲ့ သီရိပစ္စယာမှာတုန်းက ပျိုးဖေဖေ အစစ်ဆို၊ ဒါဆိုရင်တော့ ဒါပဲ ဖြစ်မှာပေါ့၊ ကျောက်ပန်းတောင်းမှာ တစ်ယောက် ဆုံးသွားတာက သေချာနေပြီပဲကွယ်”

မောင်မောင့်စကားအဆုံးတွင် ကိုဟန်ထွန်းမြင့် ကြားဝင်လာသည်။

ဦးဦးနှင့် ဒေါ်မာလာတင်တို့ကို အသေအချာ လေ့လာရှုကြည့် အကဲခတ်သည်။

“ပျိုးပြောတာဖြစ်နိုင်ပါတယ်၊ ကျွန်တော် ဦးစိုးဖြူကို ကောင်းကောင်း သိမြင်ဖူးပါတယ်၊ သူ ပြောသလိုပဲ ဟိုက ဆံပင်မဖြူဘူး၊ မျက်မှန်ထူထူ တပ်တယ်”

“ဒါပေမယ့် သီရိပစ္စယာမှာတုန်းက ဦးစိုးဖြူကိုယ်တိုင်ပဲဆို”

“အဲဒါလောက်တော့ ဟန်ဆောင်ရင် ဖြစ်နိုင်တာမျိုးပါ၊ ပြီးတော့ ပျိုးနဲ့လည်း နီးနီးကပ်ကပ် နေခွင့်မှ မပေးဘဲ၊ သူ့ကို အဲ့ထားပါတော့ အခု ဦးစိုးနီပဲ ဆိုပါတော့ ဖြူနေတဲ့ဆံပင်ကို အနက်ဆိုးထားမယ်၊ ဦးစိုးဖြူဟန်နဲ့ နောက်လှန် ဖြီးမယ်၊ မျက်မှန်တပ်ထားမယ် ဆိုရင် အမြွှာညီအစ်ကို ဆိုတော့ မသိသာနိုင်ဘူး၊ အနီးကပ်နေထိုင်ခွင့် မရတာလည်း ပါတာပေါ့လေ”

တစ်ချိန်သောအခါ ဖေဖေ့အခန်းတွင်းသို့ ဂဠုန်အဖွဲ့၏ စာအတွက် ဆွေးနွေးရန် ကျွန်မ ဝင်သွားစဉ် မျက်မှန်မဲ့ စာဖတ်နေသည်ကို ကျွန်မ သတိရလာမိသည်။ ကျွန်မကို မြင်ကာမှ စာအုပ်ချပြီး မျက်မှန် ကောက်တပ်ခဲ့သည်။ ဖေဖေသည် မျက်မှန်လွတ်နှင့် စာဖတ်၍ မရ။

သည်လောက် ကြီးမားသော လိမ်လည် လွှဲပြောင်းမှုကြီးမျိုး ဖြစ်နိုင်မည်လည်း မထင်ခဲ့၍ ကိုယ့်အဖေပင် မှတ်ထင်ခဲ့မိသည်။

“ဟုတ်တယ် ကိုဟန်ထွန်းမြင့် ပြောသလို အစကတည်းက ဒို့အဖေဆိုပြီး ဟန်ဆောင်ခဲ့တာ ဖြစ်နိုင်တယ်”



www.burmeseclassic.com

www.burmeseclassic.com

ယင်အတွေး ဝင်လာသည်နှင့် ကျွန်မ ၏ရင်၌ မီးစွယ်တစ်ခု ဟုန်းဟုန်းတောက်လာသည်။

"ဒါ...ဒါဖြင့် ကျောက်ပန်းတောင်းဆေးရုံမှာ သေသွားတယ် ဆိုတာ ဖေဖေများလားရှင်"

"ဒီလူဟာ ဦးစိုးနီပါလို့ သေချာခဲ့ရင်တော့ ဆုံးသွားသူဟာ ဦးစိုးဖြူ ဖြစ်ဖို့..."

"အမယ်လေး..."

ရဲအရာရှိစကားကို ဆုံးအောင် မကြားနာနိုင်တော့ပါ။

သေချာသော အသိကြောင့် သတိလက်လွတ်ခြင်း မရှိပါသော်လည်း ကျွန်မမှာ ရပ်တည်နိုင်စွမ်း မရှိတော့ပါ။ ညွတ်ခွေ ပြိုလဲကျခဲ့ပါပြီတည်း။

"ပျိုး...ပျိုး...အို...ပျိုးရယ်"

ချစ်လှစွာသော မောင်မောင်၏ အားပေး ကူညီမှုများသည် ကျွန်မအတွက် ထိရောက်ခြင်း မရှိပါနိုင်။

ရင်မှ ပရိဒေဝများကို မောင်မောင့်မေတ္တာရေစင်ဖြင့် ဖြန်းပက်၍လည်း မီးစွယ် မကျိုးနိုင်ပါချေတကား။

❖ ❖ ❖





## အခန်း[၂၂]

"ကျွန်တော် တကယ် စိတ်မကောင်းပါဘူး ပျိုးရယ်၊ ကျွန်တော်ဟာ အဘွားဒေါ်နန်းအိမ်ရဲ့စေခိုင်းချက်နဲ့ ရောက်လာတဲ့သူမို့ တရားဝင် ကူညီပါရစေ"

"ဘာများ လုပ်ပေးလို့ရတော့မှာလဲ ကိုမင်းထိုက်ရယ်"

ကျွန်မ စကားအတိုင်းပင် ကျွန်မ၏ အဖြစ်ကလည်း လမ်းဆုံးနေပြီမို့ ကိုမင်းထိုက်ပင်လျှင် ဘာစကားမှ ဆက်၍ မပြောကြားနိုင်တော့ပါ။

ကိုမင်းထိုက်၏ မျက်မှောက်တွင် ကျွန်မမှာ လှိုက်လှဲစွာဖြင့် ငိုကြွေးနေမိပါသည်။

ကျွန်မ၏ ရှေ့ခရီးတွင် ချောက်ကမ်းပါးကြီးများ၊ သမုဒ္ဒရာကြီးများ ခြားနေသည်သို့ပါပင်။ ဘယ်သွား၍ ဘာဆက်လုပ်ရမှန်း မသိ၊ လမ်းပျောက်ရုံမဟုတ်၊ လှမ်းလျှောက်စရာပင် ရှာမရလောက်အောင် ကျွန်မရှေ့မှာ ဗလာကွက်လပ် ဖြစ်၍ နေပါပြီ။

"ဦးစိုးဖြူရဲ့ အဖြစ်ကို ကျွန်တော်တို့လည်း တအံ့တဩ ဖြစ်နေကြရင်း စိတ်မကောင်းလို့ မဆုံးနိုင်တော့ပါဘူး ခင်ဗျာ"

"ဩော် ပျိုးရဲ့ ဖေဖေဟာ သေတာတောင်မှ ဘဝပျောက်ရတဲ့အဖြစ်နဲ့ သူများ ရပ်ရွာမှာ ဖြစ်သလို သင်္ဂြိုဟ်လိုက်ရတဲ့ အတွက် ပျိုး ရင်ထဲမှာ သိပ်ပြီး မချိတင်ကဲ ဖြစ်ရတာပါပဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရင်၌ လှိုက်တက်လာသည်။ မျက်ရည်များက အန်ကျ ခဲ့ရပါပြီ။

"အေးဗျာ၊ အဲဒီအချိန်တုန်းက ပျိုးရဲ့ ဖေဖေမှန်း ပျိုး မရိပ်မိ လိုက်ဘူးလား၊ နည်းနည်းလေးမှ သံသယ မဝင်မိဘူးလားဟင်"

"ပြောရရင်တော့ အားလုံး ပျိုး အပြစ်ချည်းပါပဲရှင်၊ ပျိုး အသုံးမကျလို့၊ နုံလို့ အ,လို့၊ အခုလို သူတို့ လုပ်ချင်တိုင်း လုပ် ချင်တိုင်း ဖြစ်နေကြတာပါ"

"ဒီလောက် အားငယ်တွေးတွေ မတွေးပါနဲ့လား ပျိုး၊ ဒေါ်မာ လာတင်နဲ့ ဦးစိုးနီဟာ သိပ်ပြီး လျှင်ကြ လည်ကြတယ်၊ အချိတ်အဆက် တွေကလည်း မိနေတော့ ပျိုးမပြောနဲ့ သူတို့ကို စောင့်ကြည့်နေတဲ့ ကျွန်တော်တောင် ဦးစိုးဖြူနေရာကို အစားဝင်နေတဲ့ ဦးစိုးနီပါရယ် လို့ လုံးဝ သံသယ မဖြစ်မိခဲ့ပါဘူး"

"ကိုမင်းထိုက်ကလည်း သူတို့ကို စောင့်ကြည့်နေတယ်"

မျက်ရည်များကြားက ကိုမင်းထိုက်ကို ဝင့်ကြည့်ရင်း ကျွန်မ အံ့သြစွာ မေးမိသည်။

"ဒါက ကျွန်တော့်အကြောင်းနဲ့ကျွန်တော်ပါ၊ သူတို့ကို စောင့် ကြည့်ပြီး သူတို့ရဲ့ သတင်းကို တစ်နေရာဆီ ပို့ပေးရမယ့် တာဝန်နဲ့ ကျွန်တော် ရောက်လာတာပါ၊ ဒါတွေ နောက်ပိုင်း ကျွန်တော် သီး ခြား ပြောပြပါ့မယ်၊ ဒါနဲ့ ဦးစိုးနီနဲ့ ဒေါ်မာလာတင်တို့ဟာ မရိုးနဲ့ မတ် ဆိုပေမယ့်..."

"ဟုတ်တယ်၊ သူတို့ချင်း ပွင့်လင်း ရင်းနှီးနေကြလို့သာ ပျိုး ဖေဖေ့ကိုယ်စား ပျိုး ဦးဦးက ဝင်နေရာယူလို့ရမှာပေါ့လေ၊ ပြောရတာ ပျိုး ရှက်လည်း ရှက်မိပါရဲ့ရှင်"

ကိုယ့်ဦးလေးနှင့် မိထွေး ဖြစ်သူတို့၏ ဖောက်ပြန်ရေး ဇာတ်လမ်း ကြောင့် ရှက်လည်း ရှက်မိပါသည်။ ဖေဖေ့အတွက် နာကျည်းစိတ် ဖြင့် မုန်းတီးရွံရှာစိတ်လည်း သူတို့နှစ်ဦးပေါ် ကျရောက်မိပါသည်။

ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရသော အဖြစ် ဖြစ်သော်လည်း ကျွန်မ ကိုယ်တိုင်ပင် မယုံနိုင်။ ကိုယ့်ဖခင်၏ ရုပ်ကလာပ်ကို မျက်ဝါးထင်ထင်





မြင်လိုက်ရပါလျက်နှင့် ကိုယ့်ဖခင်မှန်း မသိလိုက်ရသည့်အဖြစ်။

"ဒီလို ဖြစ်ပါလိမ့်မယ် ပျိုး"

ကိုမင်းထိုက်က ယင်းသို့ နိဒါန်းချီ၍ သူ့အတွေးအခေါ်ကို ပြောပြသည်။

"ပျိုးကို ပျိုးဖေဖေအဖြစ်နဲ့ ဦးစိုးနီက ဆီးကြိုတယ်၊ ဦးစိုးဖြူရဲ့ အလောင်းကိုလည်း ခဏသာ ပြပါလိမ့်မယ်၊ ပျိုး အနေနဲ့ကလည်း ဦးလေးဆိုတော့ ကိုယ့်ဖခင်လောက်တော့ ပူပန်စိတ်မရှိဘဲ အလောင်း ကို ကြည့်တယ် ဆိုရုံလောက်သာ ကြည့်မိပါလိမ့်မယ်"

"ဟုတ်ပါတယ် ကိုမင်းထိုက်၊ ဒီလို ဖြစ်လိမ့်မယ် လို့လည်း လုံးဝ မထင်မှတ်မိဘူးပေါ့၊ ပြီးတော့ ဖေဖေ့ရဲ့ ရုပ်ကလာပ်က ဆံပင် ဆွဲသာ မီးကျွမ်းထားသလို နီကြောင်နေတယ်၊ ပျိုး အနေနဲ့လည်း ဒီလောက် ကြီးကျယ်တဲ့ လဲလှယ်မှုကြီး ဖြစ်လိမ့်မယ် မထင်တော့ ကိုမင်းထိုက် ပြောသလိုပါပဲ ခဏသာ အလောင်းကို ကြည့်ခဲ့မိတယ် လေ၊ ပြီးတော့..."

"မငိုနဲ့ ပျိုးရယ်"

"ဖေဖေပါရယ်လို့ ဟန်ဆောင်ထားတဲ့ ဦးဦးနဲ့လည်း ပျိုးကို ဒီးကပ်ကပ် နေခွင့်မပေးကြဘူးလေ၊ အကြောလိုက်နေဟန်နဲ့ လေသံပါ ပြောင်းထားတော့ ပျိုးလည်း မထင်ရဲခဲ့ဘူး"

"ဟုတ်ပါလိမ့်မယ်၊ ဦးစိုးနီဟာ သူ့အစ်ကို ဦးစိုးဖြူရဲ့ ဆံပင် ပုံ၊ နေထိုင်ပုံကို အတုယူပြီး ဦးစိုးဖြူရဲ့ အဝတ်တွေဝတ်၊ ဒီဂရီ ပါတဲ့ မျက်မှန်ထူကို တပ်၊ ဆံပင်ကို အနက်ဆိုးလိုက်တော့ ဘာမှ ကွဲပြားတော့ဘူးပေါ့ ပျိုးရယ်"

"ဟုတ်တယ်၊ အခုလို အချုပ်သားဘဝနဲ့ ဆိုတော့ ဖြူနေတဲ့ ဆံပင်ကိုလည်း အနက်ဆိုးခွင့် မရတော့ဘူးပေါ့၊ မျက်မှန်လည်း ကျ လေတော့ သမီးရင်း ပျိုးအနေနဲ့ မြင်မြင်ချင်း သိသွားနိုင်တာပါ"

ကိုမင်းထိုက်သည် ကျွန်မတို့ မိသားစု၏ ရန်သူတစ်ယောက် ၍ သိရှိပစ္စယာတွင် သိမှတ်ခဲ့ရပြီးဖြစ်သော်လည်း သူသည် အဘွား နှန်းအိမ်၏ ယုံကြည်စိတ်ချရသူ ဖြစ်နေရုံမက ကျွန်မအတွက်ပါ

www.burmeseclassic.com

ကူညီဖေးမ,ပေးလေမည့် သူဟူ၍ သတ်မှတ်ရပါ၍ ကျွန်မ သူ့ကို ပြေလည်စွာ ဆက်ဆံမိပါသည်။

ယခုအချိန်တွင် မိတ်ဆွေအနေမျိုးနှင့်ဖြစ်ဖြစ် စေတနာရေစင် တစ်စက်သည် ကျွန်မအတွက် အဖိုးအနဂ္ဃ ထိုက်တန်စရာပါ။

"ဒါနဲ့ ပျိုး"

"ဟုတ်ကဲ့ ကိုမင်းထိုက်"

"ရှေ့မှာ ပျိုး ဘာလုပ်မယ် စိတ်ကူးထားလဲ"

"ဘာကိုလဲ"

"ဦးစိုးနီတို့က ဖြောင့်ချက်ပေးတော့မယ် ဆိုပဲ၊ အဲဒါ ပျိုး တရားလိုအနေနဲ့ တိုင်ချက်ဖွင့်ပြီး သူတို့နဲ့ ရင်ဆိုင်မလား၊ ပြီးရင် ပျိုး ရန်ကုန်ကို ပြန်မှာလား၊ မိတ္ထီလာကို ပြန်မှာလားဟင်"

"ရှင်"

"ပျိုး ဘာတွေ လုပ်မယ် စိတ်ကူးထားလဲ"

"ပျိုး မသိဘူး၊ ပျိုး မသိဘူး၊ ဟူး... ပျိုး ဘာလုပ်ရမလဲ"

ကျွန်မမှာ ခေါင်းကို ခါရမ်းရင်း မျက်စိ စုံမှိတ်ထားမိသည်။

မျက်ဝန်း ပိတ်ထားသော်လည်း မျက်ရည်များက တား၍ မရ သည် မဟုတ်၊ အဆက်မပြတ် ကြွေကျ လွင့်စဉ်နေဆဲတွင်...

"ဟင် ပျိုး...ပျိုး ဘာတွေ ဖြစ်နေတာလဲ"

မောင်မောင့်အသံပါပင်။

"ကျွန်တော့်ပျိုးဆီကို ခင်ဗျား ဘာပြဿနာတွေ သယ်လာပြန် ပြီလဲ ကိုမင်းထိုက်"

"မဟုတ်ဘူး မောင်မောင်၊ မဟုတ်ဘူး"

"ပျိုးရဲ့ ပြဿနာအရပ်ရပ်ကို ရှေ့က ရပ်မယ့် မောင်မောင် တစ်ယောက်လုံး ရှိနေပြီပဲ ပျိုး၊ ဘေးလူတွေဆီက သနားခံနေစရာ မလိုတော့ပါဘူး"

"မဟုတ်သေးပါဘူး ကိုရာဇသူခင်ဗျာ၊ ကျွန်တော့်ကို ဒေါ်နန်း အိမ်က လွှတ်လိုက်လို့"

"ဟုတ်ပါတယ်၊ ပျိုးကိုလည်း ဒေါ်နန်းအိမ်ကိုယ်တိုင်ပဲ ရှေ့





တော့်ကို ယုံယုံကြည်ကြည် အပ်ထည့်လိုက်တာပါ"

"မောင်မောင်"

"ပျိုး ဝင်မပြောနဲ့၊ အဲဒီတော့ ကိုမင်းထိုက် အနေနဲ့ ပျိုးနဲ့ ပတ်သက်ပြီး ဘာ တာဝန်မှ ဝင်ယူစရာ မလိုပါဘူး"

"ကောင်းပါပြီ ကိုရာဇသူ၊ ကျွန်တော် ပြန်ရုံပါပဲ"

"ဒါ အကောင်းဆုံးပါပဲ"

"ဩော် ဒုက္ခပါပဲ မောင်မောင်"

"ကျွန်တော် ပြန်ပါဦးမယ် ပျိုး၊ ဒီလိုပေါ့ဗျာ၊ ကိစ္စမရှိပါဘူး"

ကိုမင်းထိုက် ထွက်သွားသည်နှင့် မောင်မောင်က...

"ပုံကိုက ကြောတောတောနဲ့"

"ကိုမင်းထိုက်က ပျိုးအတွက် ရောက်လာရှာတာပါ မောင်မောင် ရယ်၊ သူနဲ့ ဘာမှတောင် ပြေပြေလည်လည် မပြောရသေးပါဘူး"

"ဒီမှာ ပျိုး၊ ပျိုးအတွက် ဆိုရင် မောင်မောင်ကလွဲလို့ ဘယ် သူမှ မဖြစ်စေရဘူး"

ကိုယ့်ဖခင်အတွက်၊ ကိုယ့်ရှေ့ရေးအတွက် ဘယ်လို ဖြေရှင်းရ မည်မှန်း မသိတတ်နိုင်ရသည့်အထဲ ဤအမျိုးသားနှစ်ယောက် မပြေ သည်ကြ၍ စိတ်ညစ်ရသည့် ဒုက္ခက အပို ဖိစီးလာသေးသည်။

"သိရိပစ္စယာမှာတည်းက ဒီလူ ပျိုးနားမှာပဲ ပတ်နေတာ မောင် မောင် သိပြီးသားပါ"

အရေးထဲ မေတ္တာသံသယနယ်မြေ ပိုင်းဝေလိုသည့် စကားများ ကို မောင်မောင် ပြောကြားနေပါ၍ ကျွန်မ မကြားလိုတော့ပါ။ ရှေ့ ဘန်းတင်ရမည့် ပြဿနာသည် အလိုလို နောက်သို့ ရောက်သွားရ သည့် အဖြစ်ကြောင့် မောင်မောင့် နားမှ ကျွန်မ ထလာခဲ့မိသည်။ ဆရာမဒေါ်ပြည့်စုံအေး၏ နောက်ဖေးချောင် လုပ်ငန်းတွင်းသို့ ဝင်ခဲ့ ပါပြီတည်း။

"ပျိုးရဲ့မိတ္ထေး ဒေါ်မာလာတင်က ပျိုးကို တွေ့ချင်တယ်ဆိုတဲ့ ကိစ္စကို ဘယ်လို အကြောင်းပြန်လိုက်လဲ ပျိုး"

"အဲဒါ ပျိုးလည်း မဆုံးဖြတ်ရသေးပါဘူး၊ ပျိုး ဘာလုပ်သင့်



www.burmeseclassic.com

www.burmeseclassic.com


ပါသလဲ မမပြည့်စုံအေးရယ်၊ အကြံဉာဏ်လေးများ ပေးပါဦး၊ ပျိုး လည်း ခေါင်းပူနေလို့ ဘာကိုမှ မစဉ်းစားတတ်တော့ဘူး"

"မမ အကြံပေးရမယ် ဆိုရင်တော့ ပျိုးနဲ့ ဒေါ်မာလာတင်နဲ့ တွေ့သင့်တယ်လို့ ထင်ပါတယ်၊ သူ့ရင်ထဲမှာ ပျိုးကို ဘာတွေ ပွင့်အံ့စရာများ ရှိနေလဲ မသိတာ"

"ဟုတ်တယ်နော်၊ သူ ပျိုးကို ဘာပြောချင်လဲ မသိဘူး ပြီးတော့ ညီမလေး မျိုးမျိုးကိုလည်း ပျိုးကပဲ စောင့်ရှောက်ရမှာ ဘာပဲဖြစ်ဖြစ် ဒေါ်မာလာတင်ဟာ သူ့သမီးလေးကိုတော့ သိပ်ချစ်ရှာပါတယ်၊ ဟုတ်ပါတယ်လေ၊ ပျိုး သူနဲ့ သွားတွေ့မှကို ဖြစ်မှာပါ၊ အဘွား မိတ္ထီလာကို ပြန်လာခဲ့ဖို့ မှာနေပြီ"

ဒေါ်မာလာတင်ကို သွားတွေ့ဖို့ ကိစ္စအတွက် မောင်မောင့်ကိုပင် လိုက်ပို့ခိုင်းရပါဦးမည်။

❖ ❖ ❖



## အခန်း[၂၃]

မကြည့်မြင်ရဲလောက်အောင်ပင် မုန်းတီးနေမိသော အမျိုးသမီး တစ်ယောက် ဖြစ်နေသော်လည်း ကိုယ့်ရှေ့တွင် ရင်ပွင့်ကွဲ မတတ် လှိုက်လှိုက်လှဲလှဲ ငိုနေသည်ကို မြင်ရသည့်အခါ ကြင်နာခြင်း၊ စာနာ ခြင်း စသော ကရုဏာတရားများ ရင်၌ ဖြစ်တည်လာမိပြန်သည်။

"အန်တီမာလာ ယုတ်မာခဲ့တာ မုန်းပေမယ့် ပျိုး ထင်နေသလို ပျိုးဖေဖေကို သတ်ပစ်ခဲ့ကြတာတော့မဟုတ်ရပါဘူး ပျိုးရယ်၊ ကိုကို့ ကို အန်တီမာလာ ဒီလောက် မရက်စက်ရပါဘူး၊ ဖြစ်ရတာက မတော် ဘာဆပါ၊ တကယ့်ကို မတော်တဆပါ"

ကျွန်မ ဘာမှ မပြောမိ၊ သံတိုင်နောက်ကွယ်မှ ဒေါ်မာလာတင် ကိုသာ ငေးကြောင်၍ ကြည့်နေမိသည်။

"ကားမှောက်ပြီးပြီးချင်း ကိုကို ဆုံးတာပါ ပျိုးရယ်၊ ကိုကို့ရဲ့ ဆံပင်တွေဟာ ကားမီးတောက် ဟပ်လို့ပဲလား မသိဘူး၊ နီကြောင် မွဲခြောက်သွားတော့တယ်၊ အဲဒါကို ကြည့်ပြီး ကိုနီ...အဲ... ပျိုးရဲ့ ဦးဦးက အကြံရသွားတာပါ"

"အန်တီမာလာလည်း သဘောတူခဲ့တယ် မဟုတ်လားရှင်"

ဒေါ်မာလာတင်က မငြင်းပါ။ ခေါင်းငုံ့၍သာ နာခံနေသည်။

"ဖေဖေ သေရတာဟာ မတော်တဆပဲထားပါ၊ သူ့ကံအကြောင်း တရားကြောင့်ပါလို့ တဖြည်းဖြည်းချင်း ဖြေယူရင်ရနိုင်ပေမယ့် လူ တစ်ယောက်ရဲ့ နောက်ဆုံးခရီးမှာ ကိုယ့်အမည်နဲ့ ကိုယ် မသေရတဲ့ အဖြစ်ကတော့ ယူကြုံးမရစရာ ကောင်းလွန်းလှပါတယ်ရှင်၊ ပျိုးရင် ထဲမှာ အစိုင်အခဲကြီး ဖြစ်နေတာ အဲဒီအချက်ပါ"


www.burmeseclassic.com

www.burmeseclassic.com

ကျွန်မလည်း ဆိုနိုင်စွာဖြင့် ဒေါ်မာလာတင်နှင့် ရော၍ ငိုမိသည်။ ကျွန်မနှင့် သူ နောက်ထပ် တွေ့ဆုံဖြစ်ရန် မလွယ်ကူမှန်း ဒေါ်မာလာတင် သိလေသလားပင်။

ပြောစရာ စကားများကို ဆက်တိုက် ပြောချနေပါ၏။

"အန်တီမာလာ အမှန်ကို ဝန်ခံပါ့မယ် ပျိုးရယ်၊ ကိုကို့ပေါ်မှာ ပြစ်မှားဖောက်ပြန်နေမိတဲ့ အန်တီမာလာဟာ သူ့ရဲ့ ကိုနီရဲ့ ဦးဆောင်စည်းရုံးမှုနောက်ကို အလွယ်တကူ ပါသွားမိခဲ့ပါတယ်၊ သူကြိုက်သလို သာ စီစဉ်ပါတော့ ဆိုပြီး အားလုံး ပုံလွှဲ အပ်လိုက်မိတယ်"

ဖေဖေက သူ့အပေါ်တွင် ကြင်နာမြတ်နိုးပါလျက်နှင့် မတ်ဖြစ်သူနှင့် ဖောက်ပြန်ရဲသည့် ဒေါ်မာလာတင်၏ နောက်ဆုံးနေ့များက ပူပြင်းလောင်မြိုက်သော မျက်ရည်များကြားမှာပါတကား ဟူ၍ ကျွန်မ တွေးလာမိသည်။

"အဲဒီအချိန်တုန်းက ကားပေါ်မှာ အန်တီမာလာတို့ သုံးယောက်အပြင် 'မောင်လူဝင်း'ဆိုတဲ့ ကိုနီရဲ့ တပည့်တစ်ယောက်လည်း ပါသေးတယ် ပျိုး"

"အခု အဲဒီ မောင်လူဝင်း ဆိုတာရော"

"သူ့ကို ပစ္စည်းတွေနဲ့ မော်လမြိုင်ဘက်ကို လွှတ်ထားတယ်၊ စက်လှေအသင့်ပြင်ပြီးရင် သူ လာခေါ်ဖို့ပဲ၊ ကိုနီရဲ့ ယုံကြည်စိတ်ချရဆုံး လူယုံ တစ်ဦး ဖြစ်ပေမယ့် သူဟာ ဒီနေ့ထိ အန်တီမာလာတို့ဆီကို တစ်ခေါက် ပြန်မလာတော့ဘူး၊ ကိုနီ ခိုင်းထားတဲ့ ကိစ္စတွေကိုလည်း ဘာသတင်းမှ မပို့တော့ဘူး"

"ဟင်"

"အစတုန်းကတော့ ခြေရာဖျောက်ပြီး တစ်ခါတည်း လစ်ကြဖို့ပါပဲ၊ ဒါပေမယ့် အန်တီမာလာက သမီးလေး သံယောဇဉ် ရှိသေးတယ် မဟုတ်လား၊ ပျိုးကို ထားခဲ့ဖို့ အခက်၊ ခေါ်သွားဖို့အခက်နဲ့ ဝေခွဲမရအောင် ဖြစ်နေရတဲ့အချိန်မှာ သူကလည်း ကားမှောက်တဲ့ ဒဏ်ကြောင့် ခြေထောက် တကယ်နာနေတယ်၊ မောင်လူဝင်း ရှိတဲ့ ဆီကို ချက်ချင်း မလိုက်နိုင်သေးဘူး"





ပျိုးအတွက် ပူပန်မည့် မိခင် ရှိသော်လည်း ကျွန်မအတွက်မှာ ပူပန်စိုးရိမ်မည့် မိဘ မရှိတော့ပါလား ဟူသော အသိစိတ်ဖြင့် လှိုက်လှဲစွာ ဝမ်းနည်းလာမိသည်။

"ပြီးတော့ ဒီဘက်တစ်ဝိုက်မှာ ရှေးဟောင်းပစ္စည်းတွေ ရစရာကိစ္စကလည်း ရှိနေသေးတယ်၊ မပြီးပြတ်သေးတဲ့ ပြဿနာလေးတွေလည်း ရှင်းစရာရှိတယ်ဆိုပြီး သူ့သဘောနဲ့ပဲ သီရိပစ္စယာကို ရောက်လာကြရာက ပြဿနာတွေ တစ်ဆင့်ပြီးတစ်ဆင့် တက်ခဲ့ကြတော့တာပါပဲ ပျိုးရယ်"

"ဦးသော်က ဆိုတဲ့ မိတ္တီလာက အဘိုးကြီးနဲ့ကရော"

"ရှယ်ယာပါပဲ၊ သူတို့ပါ သဘောတူ ပါဝင်ခဲ့ကြတာပါ"

"နေပါဦး၊ ပျိုးက တစ်ဆင့်ရတဲ့ စာထဲက ဂဠုန်အဖွဲ့ ဆိုသူတွေကရော"

"အမှန်တော့ အဖွဲ့အစည်းတွေရယ်လို့ ကြီးကြီးကျယ်ကျယ် မရှိပါဘူး၊ စာပေးရင်ဖြစ်စေ၊ တစ်ခုခု မှာရင်ဖြစ်စေ ဂဠုန်ရုပ် အမှတ်အသားနဲ့ လုပ်ကြဖို့ တိုင်ပင်ဖူးတာနဲ့ ဂဠုန်အဖွဲ့ဆိုပြီး ကိုနီ သိအောင် သူတို့တွေက အကြောင်းကြားတာပါ၊ အဲဒီအဖွဲ့ဟာ မန္တလေးက မျက်နှာဖုံး သူဌေးတွေ မှောင်ခို လုပ်နေကြတာပဲ"

"သြော် ခက်ပါလား၊ ချမ်းသာတဲ့လူတွေက ပိုပြီး လောဘကြီးတတ်ကြတယ်နော်"

"ဦးစိုးနိုက ကြံရည်ဖန်ရည် ရှိတယ်၊ မှောင်ခိုလမ်းကို သူက ဖောက်ထွင်း သွားလာတတ်တယ်၊ ပိတ်နေတဲ့ လမ်းကို ပွင့်အောင် သူက လုပ်တတ်သူပါ"

"ဒါပေမယ့် သူ့မှာ အရှိန်အဝါ မရှိဘူး၊ ကိုကို့ကို ရှေ့တန်းတင်ဖို့ သူက အန်တီမာလာကို သညာပေးတာပါ၊ ကိုကိုကလည်း သူ့ညီကို လုံးဝ အယုံအကြည် မရှိတာ ပျိုး အသိပါနော်၊ ဒါပေမယ့် အန်တီမာလာက ကိုကို ယုံကြည်လာအောင် ပြောဆို အယုံသွင်းခဲ့လို့ အခုလို မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြရတာပါပဲ ပျိုးရယ်"

"အင်းပေါ့လေ၊ ဖေဖေ့ရဲ့ ဒဏ်တွေတော့ ခံကြရဦးမှာပေါ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ဖခင်အတွက် နာကျည်းစိတ်ဖြင့် နိမ့်နေသူကိုနှိမ့်ချသော စကားမျိုး တမင် ပြောပစ်လိုက်မိသည်။

"အန်တီတို့ဟာ တခြား ပါတနာပေါ်ကို လိမ်လည်မယ်ဆိုတဲ့ စိတ်နဲ့ ကြံရွယ်ရုံရှိသေးတယ်၊ အန်တီမာလာတို့ပေါ်ကို တစ်ပတ်ရိုက် တစ်ကွက်ကျော် လုပ်သွားတဲ့ လူက ရှိနေပြီ"

"ကိုလှဝင်း ဆိုတဲ့ လူလား"

"ဟုတ်တယ်၊ သူ့ဆီကပစ္စည်းတွေ ပြန်ရရင်တော့ သက်ဆိုင်ရာ လူတွေကို လျော်လိုက်တော့မယ်"

"မလွယ်ပါဘူး ပြန်ရဖို့ဆိုတာ၊ အန်တီမာလာတို့ ပြဿနာကြောင့် နောက်လူတွေ တသီကြီး စစ်ဆေးဖို့ အသင့်ရှိနေဦးတော့မှာပဲ"

"ဒါပေါ့လေ၊ မကောင်းတာ လုပ်သူ မှန်သမျှ စားရလည်း ခဏပဲ၊ ကြီးပွားလည်း မမြဲဘူးဆိုတဲ့ သဘောတရားကို အန်တီမာလာ နားလည်ပါပြီလို့ ခုနေ ပြောလို့ဘယ်သူကမှ သနားကြမှာ မဟုတ်တော့ပါဘူး၊ ဒီမှာ ပျိုး"

"ဟုတ်ကဲ့ အန်တီမာလာ"

"မျိုးမျိုးနဲ့အတူ အန်တီမာလာရဲ့ ညီမ မိသားစု ရှိနေပါတယ်၊ သမီးလေးမျိုးကို စောင့်ရှောက်ပေးပါလို့ မှာလိုက်လို့ပါ၊ မကြာခင်မှာပဲ အန်တီမာလာရဲ့ မိခင်ဟာလည်း မော်လမြိုင်က ရောက်လာတော့မှာပါတဲ့၊ သူ့မြေးကို စောင့်ရှောက်ဖို့ပါ၊ ဒီတော့ အန်တီမာလာ ပြောချင်တာက..."

"ဟုတ်ကဲ့ ပြောပါ"

"ကိုကိုပိုင် အတွင်းပစ္စည်းတွေတော့ မရှိတော့ဘူး ဆိုပါတော့ကွယ်၊ ဒီမသမာလုပ်ငန်းထဲမှာ ပါသွားကုန်ပြီ၊ ၇ မိုင်က တိုက် တစ်လုံးပဲ ကျန်ရစ်တယ်၊ အဲဒီမှာပဲ ပျိုးလည်း ဆက်နေပါ၊ ညီမလေး မျိုးကိုလည်း စောင့်ရှောက်ပေးပါလို့ အန်တီမာလာ မှာချင်တာနဲ့ ပျိုးကို တွေ့ခွင့်တောင်းယူရတာပါပဲ ပျိုး"

"ညီမလေး အတွက်တော့ စိတ်ချပါ အန်တီမာလာ၊ ပျိုး အတတ်နိုင်ဆုံး စောင့်ကြည့်ပေးပါ့မယ်၊ အဲဒီအိမ်မှာ နေဖို့ မနေဖို့





ဆိုတာတော့ ပျိုး စဉ်းစားပြီးမှ ဆုံးဖြတ်ပါရစေ"

"ပျိုး သဘောပါပဲကွယ်၊ ဒါနဲ့ ပျိုး နက်ဖြန် မိတ္ထီလာ ပြန်တော့မယ်နော်၊ အန်တီမာလာတို့ အမှုလည်း ရန်ကုန် လွှဲပေးလိမ့်မယ် ထင်တယ်၊ ဒါနဲ့ ပျိုးရဲ့ ဦးဦးကိုရော ပျိုး တွေ့သွားဦးမလားဟင်"

"မလိုတော့ပါဘူး ထင်တယ်၊ အန်တီမာလာ ကိစ္စပြီးရင် ပျိုး ပြန်ပါရစေတော့"

"ကောင်းပါပြီ ပျိုး၊ ကောင်းပါပြီ"

ကျွန်မတို့မိသားစု အဖြစ်ဆန်းကြောင့် မကွေးတစ်တိုင်းလုံးပင် တစ်ဆင့်စကား တစ်ဆင့်နား ကြားကြလေပြီလား မသိပါ။ ကျွန်မသွားလေရာ၌ မျက်လုံးပေါင်း များစွာက လိုက်လံ ဝိုင်းအုံ၍ ကြည့်ရှုတတ်ကြပါသည်။

စိတ်ဆင်းရဲရသည့်အထဲ ပေါ်ထင်မှုကြောင့် အများတကာ၏ စိတ်ဝင်စားမှု လွန်ကဲခြင်းဒဏ်က ပြဿနာတစ်ရပ်ပါလားဟု၍ တွေးရင်း ကျွန်မ ခေါင်းငုံ့လျက် ထွက်လာခဲ့ရပါသည်။

သက်ဆိုင်ရာ ဌာနများ အနေနှင့်လည်း ကျွန်မကို ငဲ့ကွက် ကြင်နာသောအားဖြင့် သီးခြားအစီအစဉ်များ ဆောင်ရွက်ပေးမှုကြောင့် ကျွန်မနှင့် ဒေါ်မာလာတင်တို့ တွေ့ဆုံခွင့်ရခြင်း ဖြစ်ပါသည်။

"ဘယ့်နှယ် ပျိုးကလည်း၊ ငိုလို့ပါလား၊ ဒီအမျိုးသမီးကို မုန်းတယ်ဆို"

မောင်မောင်က အပြင်မှ ဆီးကြိုနှစ်သိမ့်ရင်း မေးရှာသည်။

"ဩော် ဖေဖေ့ အကြောင်းတွေ ပြောမိကြတော့လည်း ပျိုး ထိန်းနိုင်ဘူး မောင်မောင်ရယ်"

"ပြီးတာတွေ မေ့နိုင်အောင် ကြိုးစားပါလား ပျိုးရယ်၊ ပျိုးကို မျက်ရည်တွေနဲ့မြင်ရရင် မောင်မောင် ရင်နာတယ်ကွယ်"

အပြုံးကို မဖန်တီးနိုင်သော်လည်း မျက်ရည်စများကို သုတ်သိမ်းခဲ့ရပါသည်။

"အိမ်ပြန်ရင် ပျိုး ပို စိတ်ညစ်နေမလားပဲ"

"ရပါတယ် မောင်မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မကွေးမြို့ကို ကြိုတုန်း မြသလွန်ဘုရားဘက် ခဏ လျှောက်ကြရအောင်လားနော် ပျိုး"

ကျွန်မ မငြင်းပယ်မိပါ။ မကွေးမြို့စွန်က မြသလွန်ဘုရားကို ဖူးချင်မိ၍ မောင်မောင်နှင့်အတူ ချစ်ဆုလည်း ယူရန် ရောက်လာခဲ့ပါပြီ။

မင်းဘူးမြို့၏ စက္ကူတဲဘုရားနှင့် မကွေးမြို့၏ မြသလွန်ဘုရားနှစ်ဆူကြားတွင် ဧရာဝတီမြစ်ရေသည် ပိုင်းခြားထားရာက ဦးခိုက်ဖူးမြော်ရင်း အကြေဘက်ဆီသို့ ဆက်၍ စီးဆင်းသွားတော့သည်။

မြသလွန်စေတီတော်သည် ဧရာဝတီ၏ အထက် ကုန်းမြင့်နဂုတ္တမ တောင်ကုန်းထက်တွင် ဘုရားရှင်ကိုယ်တော် စံမြန်းရာ မြသလွန်ကို ဥပမာ တည်ထားသော ဘုရား ဖြစ်ပေသည်။ ဤမြသလွန်တော်ကို ပထမဆုံး ရရှိသော ဘောသောနှင့် ဘောကြော ဘီလူးညီနောင်တို့၏ အမည်များသည်လည်း ဤစေတီတော်နှင့်အတူ နာမည်ကျော်ကြားလှပါ၏။

"ဘုရားပေါ်က မြင်ရတဲ့ ရှုခင်းဟာ တကယ် သာယာတယ်နော် ပျိုး"

ဧရာဝတီကို အပေါ်စီးမှ လှလှပပ မြင်ရသည်။ ဧရာဝတီနှင့် ပွတ်တိုက်မှုခံရသော ကမ်းခြေ အကွေ့အဝိုက်များ၊ လှေ၊ သမ္ဗာန်လေးများသည် သစ်ဖောင်များ၊ ဖေါင်များ၊ ဒိုက်သရေများ၊ အမှိုက်များများ အားလုံးသည် ဧရာဝတီ၏ အဆင်တန်ဆာများအဖြစ်နှင့် အနေရာတိုင်း တင့်တယ်နေသည်။ ရှုချင့်စဖွယ် ဖြစ်နေပါပေသည်။

"ပျိုးစိတ်ထဲမှာ ကြည်နူးမလာမိဘူးလား အချစ်ရယ်"

ချစ်သူ၏ မျက်နှာလေးများ ပြုံးရွှင်လာစေလိုသည့် ဆန္ဒဖြင့် မောင်မောင်က အနီးကပ် မေးခွန်းလေးများကို ထုတ်လွှင့်နေရှာသည်။

"ပျိုးတစ်ယောက်တည်းသာ ဆိုရင်တော့ အခုလို သာယာတဲ့ ရာသီမှာ ဒီနေရာလေးကို ရောက်လာလည်း ရင်ထဲက အပူ ပျောက်မှာ မဟုတ်ပါဘူးလေ၊ ငိုမိမှာပါပဲ၊ ခုတော့..."

"ခုတော့ ဘာဖြစ်လဲဟင် အချစ်"





"သြော် ရင်ထဲက အပူမငြိမ်းပေမယ့် မောင်မောင်က ပျိုးအနားမှာ ရှိနေလေတော့ အားငယ်စိတ်ဆိုတာတွေ လွင့်ပြေးသွားရပြီပေါ့၊ ပျိုးရဲ့ ရှေ့ကရော၊ နောက်ကရော ရပ်ပေးနေရှာတဲ့ မောင်မောင့်ကို ပျိုး တကယ်ပဲ အားကိုးမိပါတယ်၊ အားလည်း ရှိမိပါတယ် မောင်မောင်"

"ပျိုး အားရှိတယ်ဆိုလို့ မောင်မောင်က အားတွေ ထုတ်ပြချင်လာပြီ၊ သြော် ပျိုး"

"ဟင်"

"ပျိုးကို အားပေးနိုင်လောက်တဲ့သတ္တိ မောင်မောင့်မှာ တကယ်ရှိတယ် သိလား"

"ရှိလို့ နေမှာပေါ့၊ ပျိုး အားကိုးပါတယ် ဆိုမှ"

"ဒါဆို ဟုတ်ပြီ"

"ဘာ ဟုတ်တာလဲ"

"မောင်မောင်ဟာ ဘောကြော ဝင်စားတယ် ထင်တယ်"

"အို"

"တကယ် ဘီလူးစိတ် ဝင်လာပြီနော်၊ ပျိုးကို မ,ချီပြေးပြီး ဟိုး ချောက်ကမ်းပါးအောက်မှာ ကိုက်စားချင်စိတ်တွေ ပေါ်လာပြီ ဟင်းဟင်း..."

"မောင်မောင်နော်"

သူနဲ့အတူ ရော၍ပင် ရယ်မောမိပါပြီ။

"ကဲ လာပါ ဘုရားရှိခိုးရအောင်"

"နေပါဦး၊ ကြည့်လို့ မဝ,သေးဘူး"

"ဟုတ်တယ်နော်၊ ရှုခင်းက သိပ်လှတာပဲ၊ သိပ်သာယာတာပဲ"

"ရှုခင်းကို မောင်မောင် ကြည့်တာမှ မဟုတ်ဘဲ"

"အို"

"မောင်မောင် ကြည့်မဝတာက ပျိုးကို"

"သိပ်ဆိုးတဲ့ မောင်မောင်၊ လာပါ၊ ဘုရားရှိခိုးပြီး ပြန်ကြပါစို့ရဲ့ကွယ်"

ကျွန်မက ရောက်ခဲ့လှသော မြသလွန်စေတီတော်မြတ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ဦးခိုက် ကြည်ညိုရင်း ကြာမြင့်စွာ ရှိခိုးနေမိသည်။ မောင်မောင်နှင့် ဖြောင့်ဖြူးစွာ ပေါင်းရပါစေကြောင်းလည်း ဆုတောင်းမိသည်။ ဖေဖေ့ အတွက်လည်း အမျှအတမ်း ပေးဝေမိပါ၏။

မောင်မောင်ကမူ ပေါက်ဆိန်ပေါက် ရှိခိုးနည်းကိုသုံးပြီးသည နှင့် ကျွန်မကိုပင် ခပ်တည်တည်နှင့် ထိုင်၍ ကြည့်နေလေတော့သည်။

"စောင့်ရတာ ပျင်းနေပြီလား မောင်မောင်"

"ရပါတယ်"

"လာလေ ပြန်ကြစို့"

မောင်မောင့်လက်ကို ကျွန်မကတွဲ၍ ဆွဲယူမိသည်။ ကျွန်မ ဘုရားမရှိခိုးခင်ကလောက် မောင်မောင့် မျက်နှာ၌ ကြည်ရွှင်ခြင်း မရှိတော့။ စောင့်ရခြင်းကြာ၍ မောင်မောင် ငြီးငြင်လေပြီလား မသိပါ။ ရှိစေတော့။ ခဏနေ မောင်မောင် စိတ်ပြေမှာပါဟူသော အပေါ့အွေး လေးများဖြင့် စောင်းတန်းလှေကားအတိုင်း ဆင်းလာမိသည်။

နာမည်ကျော် မကွေး ကတ်ကြေး၊ ကွမ်းညှပ် စသော သံ ထည်ဆိုင်များကို ငေးလျက် မောင်မောင့်လက်ကိုတွဲပြီး ဘုရားခြေ တော်ရင်းသို့ ဆင်းလာခဲ့ကြသည်။ ကားပေါ်တက်ကာနီးတွင်မှ မောင် မောင့်မျက်နှာ ဘာကြောင့် ညိုရသည့်အဖြစ်ကို ကျွန်မ သိခွင့်ရခဲ့ပါပြီ။

"ဟိုလူ မောင်တို့နောက် လိုက်လာတယ် ပျိုး၊ သူ့ဟာသူ လာ သလိုလို အမူအရာလုပ်နေပေမယ့် ဒီကောင်က သိပ်သိတာပေါ့၊ သူ ပျိုးနောက်ကို သက်သက်လိုက်နေတာ၊ ပျိုးကို ငဲ့နေရလို့၊ မဟုတ် ရင် တစ်ခါတည်း အပြတ်ချဲလိုက်ချင်တယ်"

"ဪ မောင်မောင်ရယ်၊ ဘယ်သူ့ကို ပြောနေတာလဲ"

"မင်းထိုက်ဆိုတဲ့ကောင်"

❖ ❖ ❖





## အခန်း[၂၄]

"သမီး ရန်ကုန်မှာပဲ ပြန်နေမယ် ဆိုတဲ့ စကားကြားရတာ ဘွားဘွားတော့ အံ့ဩလို့ မဆုံးတော့ဘူး"

အဘွားဒေါ်နန်းအိမ်၏ စကားသံထဲတွင် ကရုဏာရောသော ဒေါသလေးများနှင့် အံ့ဩမှုတို့ပါ ရောထွေး ယှက်တင်နေကြောင်း ကျွန်မ သတိထားမိပါသည်။

"ဘွားဘွားတို့အိမ်ကို သမီး ဘယ်နေရာ သဘောမတွေ့သလဲ"

"မဟုတ်ပါဘူး ဘွားဘွားရယ်၊ သမီးကို ဒီလောက် ဂရုစိုက် နေကြတာ သဘောမကျစရာ ဘာမှ မရှိပါဘူး"

"ဒါနဲ့ ဘာလို့ ရန်ကုန်ပြန်ဖို့ ဆုံးဖြတ်ရတာလဲ"

"ဒါကတော့ ဘွားဘွားရယ်၊ သမီးရဲ့ ရှေ့ရေးကြောင့်ပါ၊ ဟို သမီး အလုပ်လျှောက်ထားတာတွေလည်း ခေါ်ကာနီးနေပြီ"

"ဘာအလုပ်လဲ"

"လျှောက်ထားတဲ့ဌာနတွေကတော့ အနှံ့ပါပဲ"

"ငါ့မြေးက စာရေးမ လုပ်မလို့လား"

"ရရာအလုပ် ဝင်ရမှာပဲပေါ့ ဘွားဘွားရယ်"

"အံ့ပါရဲ့ သမီးရယ်၊ ငွေလေး တစ်ရာနှစ်ရာ ရဖို့အရေး တစ် ယ်တစ်ကျေး ဘွားဘွားနဲ့ အဝေးကြီးမှာ အလုပ်သွားလုပ်ရမယ်ဆို ဘာကတော့ နန်းအိမ်ရဲ့မြေးလုပ်နေပြီး ရာဇဝင်ရိုင်းလိုက်လေကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွား ချမ်းသာမှန်း သိပါတယ်၊ ဒါပေမယ့် သမီး တတ်ထားတဲ့ ပညာနဲ့ ကိုယ်ပိုင်လုပ်အားလေးက ရတဲ့ ငွေကို လိုချင်လို့ပါ"

"ကဲ ဒါဖြင့် ဘွားဘွား အလုပ်ခန့်မယ်လေ၊ ဘယ့်နှယ့်လဲ"

"အဟဲဟဲ ရန်ကုန်မှာပဲ လုပ်ပါရစေ"

ကျွန်မက ရယ်သွမ်းသွေးရင်း ထပ်ဆင့် ခွင့်တောင်းရသည်။

အမှန်က ကျွန်မ ရန်ကုန်ချစ်၍လည်း မဟုတ်ပါ။ ရန်ကုန်အိမ်တွင် မျိုးမျိုးနှင့်အတူ ဒေါ်မာလာတင်၏ မိခင်နှင့် ညီမ မိသားစုတို့ပါ ရောက်ရှိနေကြပြီဖြစ်၍ သူတို့၏ အသိုင်းအဝိုင်းအုပ်စုထဲသို့ ကျွန်မ မပြန်လိုတော့ပါ။ ရန်ကုန်ရောက်လျှင်လည်း ဤအိမ်တွင် မနေရန် ကျွန်မ ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။

အလုပ်ကလည်း ရမည် မရမည် မသေချာသေးပါ။ ရေးဖြေတို့ အင်တာဗျူးတို့ပင် အနားမကပ်နိုင်သေး။ လေဘာကတ် သက်တမ်းကျန်သေးသည်။

စာရေးမ လုပ်ချင်၍လည်း မဟုတ်ပါ။ ကျွန်မ ရန်ကုန်သို့ ပြန်ချင်သည့်အကြောင်းက...

"မျိုး ဒီလကုန်ရင် မောင်မောင် ရန်ကုန်ပြောင်းရတော့မယ်။ မျိုး ရန်ကုန် ပြန်လာခဲ့ပါနော်"

ဟူသော မောင်မောင်၏ အမှာစကားကြောင့် ဘယ်သို့သော အတားအဆီးများနှင့်ဖြစ်ဖြစ်၊ ဖြစ်သည့်နည်းနှင့် ကျွန်မ ရန်ကုန်သို့ ပြန်ပါမည်။ ရန်ကုန်မြေတွင် မောင်မောင်နှင့် ဆုံချင်လှပါပြီ။ မောင်မောင် တောင်းခံပါလျှင် လက်ထပ်ရေးကိုပါ ဆွေးနွေးကြပါမည် ဟူသော မျှော်လင့်ချက်တစ်ခုတည်းဖြင့် ကျွန်မမှာ ဘွားဘွား၏ ဆန္ဒများကို ဆန့်ကျင်နေမိခြင်း ဖြစ်ပါ၏။

"သမီး ဟိုမှာ မာလာတင့်အမျိုးတွေနဲ့ တွဲနေလို့ ဖြစ်မလား။ စဉ်းစဉ်းစားစားလုပ်နော် ငါ့မြေး"

"သူတို့နဲ့ မနေချင်ပါဘူး ဘွားဘွားရယ်"

"ဒါဖြင့် ဘယ်သူနဲ့ နေမှာလဲဟင် မျိုး"

အဘွားဒေါ်နန်းအိမ်က ကြောင့်ကြစိတ်ကြောင့် လေသံပင် ကြောလာသည်။ သူ့သမီး မျက်ကွယ်ပြုသွားပြီဖြစ်၍ သူ့မြေးလေး ကျွန်မအတွက် တာဝန် ပြည့်ပြည့်ဝဝ ရှိပါလား ဟူသော အသိဖြင့် ကိစ္စတိုင်း၊ ပြဿနာတိုင်း၏ ရှေ့ရေး ရပ်ပေးနေရှာသော အဘွား။





"ဟို ဘဘ ဦးမျိုးဇင်ဆီ သွားမယ်လေ၊ ပြီးမှ သမီး နေဖို့ တစ်နေရာရာ ဘဘကို စီစဉ်ခိုင်းပါ့မယ်"

ဦးမျိုးဇင်ဆိုသော သူ့သားနာမည် ကြားလေမှ ဘွားဘွားက တစ်ထစ်လျှော့သွားဟန်ဖြင့် သက်ပြင်းချပြီး တောင့်မတ်နေသော ကိုယ်ခန္ဓာကို သက်တောင့်သက်သာ လျှော့၍ ထိုင်လိုက်သည်။

"၇ မိုင်က တိုက်ကလည်း မောင်စိုးဖြူနာမည်နဲ့ပဲ၊ မာလာတင် ထွက်လာရင် သူ အမ်းနိုင်မလား မေးမယ်၊ မအမ်းနိုင်ရင် ခြံဖိုးတစ်ဝက် သူ့ကိုပေးပြီး သမီးအတွက် ဘွားဘွား လွှဲပေးမယ်၊ ဒါပေမယ့် ဘွားဘွားရဲ့ စကားကို နားထောင်မှနော် ငါ့မြေး"

အဘွားက စကားကို ပြီး၍ ပြောသော်လည်း ခြိမ်းခြောက်သလို ဆိုပါ၏။ သူ့စကား နားထောင်မှ ဆိုခြင်းသည် သူပေးစားသူကို ယူမှ ဆိုသော သဘော သက်ရောက်ပါ၏။ အဘွားက တစ်ဆက်တည်းပင်...

"လက်စနဲ့ အဘွား သမီးကို တစ်ခု သတိပေးချင်တယ်"

"ဟုတ်ကဲ့ အဘွား"

"အပျိုရွယ် ရည်းစားထားတာ မဆန်းကျယ်ပါဘူး၊ ဒီခေတ် သက်စေ့လောက် ထားနေကြတာပဲ၊ ဒါပေမယ့် အိမ်ထောင်ဖက် ရွေးတဲ့အခါကျရင်တော့ အသေအချာ ကြည့်တတ်ဖို့ လိုတယ် သမီး"

"ဟုတ်ကဲ့"

"ယောကျ်ားတစ်ယောက်ဟာ သိပ်ပြီး အလှအပကို တပ်မက်လွန်း၊ ဆင်မြန်းလွန်းရင် စိတ်မတည်ငြိမ်တတ်ဘူး၊ ယောကျ်ားလေးဆိုတာ သိပ်မလှချင်မှ စိတ်ဓာတ်ရင့်ကျက်တယ်"

ချစ်ရသော မောင်မောင်သည် အမြဲ အပျံစား အဝတ်အစားနှင့် ဆံရှည်လေးများ ဝေ့ဝဲတက်နေတတ်သည့် အဖြစ်ကို အဘွား ကြည့်မရဘူး ထင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်၏ ပညာအရည်အချင်းများ၊ ရင်တွင်းမှ ကျွန်မအပေါ်တွင် ချစ်တတ်လွန်းသော စိတ်များကို မောင်မောင်၏ ဝတ်စားဆင်ယင်မှုက ဖုံးလွှမ်းနေ၍ အဘွား မမြင်သာတာပါဟု ပြောချင်လှပါသော်လည်း ကျွန်မ မပြောရဲ၊ ငြိမ်နေရပါ၏။

မောင်မောင်နှင့် ကျွန်မတို့ ချစ်ကြင်တူမျှနေကြသည့်အကြောင်းကို ဒေါ်အေးပုံမှတစ်ဆင့် အဘွား သိရှိပြီး ဖြစ်ပါလိမ့်မည်။

ယင်းအတွက် ရည်းစားထားပြီးလျှင် ရှိစေတော့၊ အိမ်ထောင်ဖက်ကို ကြည့်ရွေးပါ ဟူသော အဘွားကြီး၏ အမြော်အမြင်ကြီးမှုကို ကျွန်မ မလေးစားဘဲ မနေနိုင်အောင်ပါ။

"ငါ့မြေး ပျိုး"

"ဟုတ်ကဲ့ အဘွား"

"မောင်ဝင်းထိုက်ကို ဘယ်နေရာ သဘောမကျသလဲ"

"ရှင်"

"မောင်ဝင်းထိုက်ကို ဘာ သဘောမကျသလဲလို့"

"မရှိဘူး အဘွားရဲ့"

"ဟင် ဒါဖြင့်"

"အင်...ဟို သဘောကျတယ်လည်း မဟုတ်ပါဘူးနော် အဘွား သူ့ကိုမှ သမီး မသိတာ"

"မောင်ဝင်းထိုက်ကို အဘွားအမြင်မှာတော့ အပြစ် မဲ့တယ် သူဟာ ပညာတတ်တယ်၊ ရိုးသား တည်ကြည်၊ သိက္ခာ ရှိတယ် ကြင်နာတတ်တယ်၊ မိသားစုပေါ် စိတ်ဝင်စားတတ်မယ့် ယောက်ျားမျိုး၊ သူ့လိုလူကို ငါ့မြေး လက်ထပ်နိုင်ခဲ့ရင် တစ်သက်လုံး စိတ်ချမ်းသာမယ်၊ အိမ်ထောင်ရေးကို လေးလေးနက်နက် တွေးစမ်း ငါ့မြေး ပျိုး"

"ဟုတ်ကဲ့ပါ အဘွားရဲ့၊ စေတနာကို သမီး သဘောပေါက်ပါတယ် အဘွား၊ ဒါပေမယ့် သမီး အိမ်ထောင်ပြုချင်တဲ့ စိတ်မရှိသေးလို့ပါ"

"တစ်သက်လုံး မနေနိုင်ဘူးဆိုရင်တော့ အိမ်ထောင်ပြုသင့်





အချိန်မှာ ပြုရမှာပဲ၊ အဘွားဟာ ငါ့မြေးပေါ်မှာ တာဝန်လည်း ရှိတယ်၊ မေတ္တာလည်းရှိတယ်၊ ဒါကြောင့် မောင်ဝင်းထိုက်ကို ရွေးပါလို့ အဘွား ပြင်းပြင်းထန်ထန် ပြောချင်ပါတယ် ငါ့မြေး၊ သူ့ကိုလည်း မှာထားတယ်၊ ညနေ လာလိမ့်မယ်"

အဘွားနဲ့ ဆက်ငြင်းနေ၍လည်း အကြောင်းက ထူးတော့မည် မဟုတ်ပါ။ ဘာပဲဖြစ်ဖြစ် ကျွန်မ ရန်ကုန် ပြန်ရပါမည်။ အဘွားကို ချစ်ကြည်ညိုသည် မှန်သော်လည်း အဘွား၏ စကားကိုဖြင့် ကျွန်မ ဘယ်နည်းနှင့်မှ မနာယူနိုင်ပါ။ အကယ်၍ လက်ရှိ ကျွန်မ၏ အခြေအနေက အိမ်ထောင်ပြုသင့်သည့် အခြေအနေမျိုး ဆိုပါလျှင်ဖြင့် ချစ်လှစွာသော မောင်မောင်နှင့် ညှိနှိုင်းပြီး မင်္ဂလာလက်ထပ်ရက်ကလေး ရွေးရပါလိမ့်မည်။

ထိုနေ့ ညနေပိုင်းတွင်...

"ကဲ ပျိုးရေ၊ ဆင်းတွေ့လိုက်ဦး၊ ညီမောင်နှစ်ပါး အခစား ဝင်လာကြတယ်"

ဒေါ်အေးပုံက ပါးစုံကြီးများ လုံးတက်လာအောင် ရယ်မောရင်း ပြောကြားသည်။

ညီနောင်နှစ်ပါး ဆိုသည်မှာ ကိုဝင်းထိုက်နှင့် ကိုမင်းထိုက် ဟူသော အသိကြောင့် ဆင်း၍ မတွေ့ချင်မိပါ။ သို့ပါသော်လည်း မောင်မောင်နှင့် ကိုမင်းထိုက် ဆုံစဉ်က မပြေမလည်သော အဖုအထစ်ကလေးများ တင်ကျန်သွားရသည့်အဖြစ်ကို ကျွန်မ တောင်းပန်ချင်မိပါသည်။

ဧည့်ခန်းတွင် ညီအစ်ကိုနှစ်ယောက် ယှဉ်လျက် ထိုင်နေကြပါ၏။ ညီအစ်ကိုမှန်း သိသာအောင် မျက်နှာချင်းဆင်သော်လည်း ကိုမင်းထိုက်က သွက်လက်လျက် တက်ကြွသည့် ပုံစံမျိုး ဖြစ်သည်။

ကိုဝင်းထိုက်ကမူ ဆရာပီပီ တိုက်ပုံ အင်္ကျီနှင့် မျက်မှန်နှင့် ကိုယ်လုံး ခပ်သွယ်သွယ်သေးသေးပင် ဖြစ်ပါ၏။ အဘွား ပြောသလို တည်ကြည်သော၊ သိက္ခာ သမာဓိရှိသော ပုံစံမျိုးပါပင်။ အကယ်၍သာ ကျွန်မရင်မှာ မောင်မောင့်ကို ချစ်ရလွန်းသော စိတ်များ အပြည့် ရှိ

www.burmeseclassic.com

www.burmeseclassic.com

မနေပါဘူး ဆိုခဲ့ပါလျှင် အဘွား သဘောကျလွန်းသော ဆရာကိုဝင်းထိုက်ကို စဉ်းစားမိမလားပင်။ ယခုမူ သူ့ကို မဖြစ်၍သာ တွေ့ဆုံရမည်၊ မဆုံမိက ပြန်စေချင်လှပြီဆိုသည့် အဖြစ်မျိုးပါ။

"ပျိုး နေကောင်းရဲ့လား"

မိတ်ဆွေရင်း ကိုမင်းထိုက်ပင် စတင်၍ နှုတ်ဆက်သည်။

"ဟုတ်ကဲ့၊ လူကတော့ နေကောင်းပါတယ်"

"ဒါပေါ့ဗျာ၊ ဒီလိုပဲ တဖြည်းဖြည်းတော့ ဖြေယူရမှာပေါ့"

စကားဝိုင်းက တိတ်ဆိတ်သွားပြန်သည်။ ဦးတည်ချက်မရှိ၍ ဘာစကားစရမည်မှန်း ကျွန်မ မသိ။ ကိုဝင်းထိုက်ကိုယ်တိုင်လည်း အနေကျပ် အထိုင်ကျပ် ဖြစ်နေပုံရပါ၏။ သူက သူ့ညီလို မပွင့်လင်း၊ ရှက်တတ်ဟန် တူသည်။ အပြောကောင်း အဟောကောင်း ကိုမင်းထိုက်ကြီး ကိုယ်တိုင် ငြိမ်နေ၍ စကားဝိုင်းက ခြောက်ကပ်နေပါ၏။

ထိုနေ့ ညစာကို အဘွားက အထူးအစီအစဉ်ဖြင့် သူတို့ ညီအစ်ကို နှစ်ယောက်ကို ကျွေးမွေးပါ၏။

"အစ်ကိုတောင် ပြည်မြို့ကို ခဏ သွားရဦးမယ်၊ အဲဒီကနေ ရန်ကုန် ဆင်းဖြစ်ရင်တောင် ဆင်းဖြစ်လိမ့်မယ်နော် အစ်ကို"

ကိုမင်းထိုက်က သူ့အစ်ကိုကို စကားလမ်းကြောင်းပေးသည်။ အဘွား ဒေါ်နန်းအိမ်က တစ်ခုခုကို စဉ်းစားပြီး...

"ဘာကိစ္စနဲ့ သွားရမှာလဲ"

"ဖေဖေ ငွေတောင်းခိုင်းလို့ပါ"

"ဘာနဲ့လဲ၊ ရထားနဲ့လား"

"မဟုတ်ပါဘူးခင်ဗျ၊ အထည်လည်း နည်းနည်းပါမှာမို့ အိမ်က လင့်ရှိဖာနဲ့ပါ"

"ရန်ကုန်ထိ ကြိမ်းသေသွားဖြစ်ရင်လည်း အကောင်းသား"

အဘွား၏ စကားကြောင့် ကိုဝင်းထိုက်က...

"အဘွား ဘာကိစ္စရှိလို့ပါလဲ၊ ပြည် ရောက်ရင် ရန်ကုန်က တစ်မနက်ခရီးပါပဲ၊ ဆက်သွားပေးပါ့မယ်ခင်ဗျာ"

"အဲဒီလို အဆင်ပြေမယ် ဆိုရင်ဖြင့် ပျိုးကို ထည့်လိုက်ချင်လို့ပါ"





"ဟင်"

ကျွန်မမင် အံ့သြစွာ အဘွားကို လှမ်းကြည့်လိုက်မိပါသည်။ ကိုဝင်းထိုက်ကလည်း အားနာဟန်ဖြင့် ကျွန်မကို လှည့်ကြည့်ပါ၏။

"ကောင်းသားပဲ၊ ပျိုးလည်း ရန်ကုန် ပြန်ချင်နေရှာမှာပဲ၊ အစ်ကိုက လိုက်ပို့ပေးလိုက်ပါလား"

"အင်း"

ကိုဝင်းထိုက်က ထမင်းလုတ်နင်သံဖြင့် ဘာပြောရမှန်း မသိအောင် ဖြစ်နေပုံရပါ၏။

"သူက ရန်ကုန် ပြန်ချင်တယ်၊ အဘွားက စိတ်မချဘူး၊ ဒါကြောင့် ခဏတော့ ပြန်ခိုင်းလိုက်မယ်လေ၊ ရန်ကုန်အိမ်မှာလည်း သိမ်းစရာဆည်းစရာလေး သိမ်းခဲ့ရအောင် မအေးပုံလည်း ထည့်လိုက်မယ်၊ အဘွားကလည်း မလိုက်နိုင်တော့ မာလာတင့် အမျိုးတွေက ပျိုးကို မလေးစားကြမှာစိုးလို့၊ မောင်ဝင်းထိုက်ပါသွားတော့ ကောင်းတာပေါ့၊ ဟိုမှာ သူ ကိစ္စရှိတာ ဆောင်ရွက်ပြီးရင် ပျိုးကို မောင်ဝင်းထိုက်ကပဲ အဘွားဆီ ပြန်ခေါ်လာပေးပါ ဟုတ်လား သား"

"ဟုတ်ကဲ့ခင်ဗျာ"

ကိုဝင်းထိုက်က ကျွန်မကို လှမ်းကြည့်လိုက်သည်။ ဆန္ဒတူသည့် သဘောပင် ဖြစ်ပါ၏။ ကျွန်မလည်း ဘာပြောရမှန်းမသိ၊ ရန်ကုန် လိုက်မည့် အစီအစဉ်ကိုဖြင့် ကြိုက်ပါ၏။ ကိုဝင်းထိုက် လိုက်ပို့လျှင်လည်း ကျွန်မ မငြင်းပါ။ ရန်ကုန်ရောက်လျှင်ပြီးပါပြီ။ ယခု အဘွား၏ အစီအစဉ်အရ ကျွန်မ မိတ္ထီလာသို့ ပြန်လိုက်လာရမည်ဆိုသည်ကိုဖြင့် ကျွန်မ မနှစ်ခြိုက်နိုင်ပါ။ အဘွား၏ စီစဉ်မှုကို ဝင်၍ မဖျက်လိုသဖြင့် ငြိမ်နေလိုက်ရပါတော့သည်။ သူတို့ ညီအစ်ကိုရှေ့တွင်လည်း အဘွားစကားကို ပယ်ရှားဆန့်ကျင်စွာ မပြောချင်မိပါ။ ရန်ကုန်မြေတွင် မောင်မောင်နှင့် တိုင်ပင်၍ ကျွန်မ ဘဝကို စီစဉ်ရန်သာ ရှိပါတော့သည်။

ထမင်းစားခြင်း၊ အချိုပွဲ တည်ခင်းခြင်း ကိစ္စများ ပြီးတွင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ကိုမင်းထိုက်နားကပ်၍...

"ပျိုး ကိုမင်းထိုက်နဲ့ စကားပြောချင်တယ်"

အကင်းပါးသော ကိုမင်းထိုက်က သူ့အစ်ကိုနှင့် အဘွားကို ထားခဲ့ပြီး အိမ်ရှေ့ဘက် ထွက်သွားနှင့်သည်။ အဘွား တိုက်၏ ဆင်ဝင်အောက်တွင် ခုံတန်းလျားရှည်တစ်ခု ထိပ်စွန်းတွင် သူက ထိုင်နေပါ၏။ ကျွန်မက သူ့ဘေး တစ်ဖက်စွန်းမှ ဝင်ထိုင်ရင်း...

"ပျိုးရဲ့အကြောင်းကို ကိုမင်းထိုက် သိနေပါပြီနော်"

"ဘာကိုလဲ ပျိုး"

"ဟို မောင်မောင်... အဲ ကိုရာဇသူနဲ့ ကိစ္စလေ"

"ဟုတ်ကဲ့ပါ ပျိုး"

"ပျိုး ချစ်သူကိုပဲ ပျိုး လက်ထပ်မှာ၊ ဒါကြောင့် ကြာရင် အဘွားတို့၊ ကိုဝင်းထိုက်တို့ မျက်နှာပျက်ရမယ့် အဖြစ်မျိုးတွေ ဖြစ်လာမှာ ကြောက်တယ်"

"အင်း"

"အဲဒါကြောင့် ပျိုးမှာ ချစ်သူရှိနေပါတယ် ဆိုတဲ့ အကြောင်းအရာကို ဆရာကိုဝင်းထိုက် သိစေချင်ပါတယ် ကိုမင်းထိုက်၊ ပျိုးကို ကူညီနိုင်မလားဟင်"

ကိုမင်းထိုက်သည် ကျွန်မကို ကြာမြင့်စွာ ငေးကြည့်နေသည်။ မြင်နေကျ ပုံစံလို ဖျတ်လပ်တက်ကြွခြင်း မရှိ။ သူ့အကြည့်က မှုန်မှိုင်း ဝေသီနေပေသည်။

"ပျိုး ကိုရာဇသူကို လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီလား"

"ဆုံးဖြတ်ပြီးပါပြီ ကိုမင်းထိုက်၊ သစ္စာရှိ မိန်းကလေး တစ်ယောက် ဖြစ်လိုရင် လက်ထပ်မယ့်သူနဲ့ ကိုယ့်ချစ်သူဟာ တစ်ယောက်တည်းသာ ဖြစ်ရမှာပေါ့နော် ကိုမင်းထိုက်ရယ်"

"ဟုတ်ပါတယ် ပျိုး၊ ဘာပဲဖြစ်ဖြစ် အချိန်ယူ ဆုံးဖြတ်တာတော့ မမှားဘူးပေါ့လေ"

"ဟုတ်ကဲ့ ပျိုးနဲ့သူနဲ့ တွေ့ရတဲ့အချိန်ဟာ တိုတောင်းသေးပါတယ်၊ သာမန်ကြည့်ရင်တော့ ပျိုး ဆုံးဖြတ်တာ မြန်တယ်လို့ ဆိုနိုင်





ပါတယ် ကိုမင်းထိုက်၊ ဒါပေမယ့် ပျိုးတို့ နှစ်ယောက်ရဲ့ မေတ္တာအတိမ်အနက်ကိုတော့ ပျိုးတို့ခြင်း သိမြင်ပြီးကြပါပြီ"

"ဝမ်းသာပါတယ် ပျိုး၊ ဟုတ်မှာပါ၊ ပျိုးလို သိမ်မွေ့တဲ့ အလှပိုင်ရှင်လေးမျိုးကို ကိုရာဇသူဟာ တကယ်ပဲ မြတ်နိုးရှာမှာပါလေ၊ ကျွန်တော့်အနေနဲ့ကတော့ ပျိုးရယ် ပျိုး စိတ်ချမ်းသာတာကိုပဲ မြင်ချင်မိတယ်၊ ဒီတော့ ပျိုးအတွက် ကျွန်တော် ဘာလုပ်ပေးရမလဲ"

"စောစောက ပျိုး ပြောပြီးပါပြီ"

"ကျွန်တော့်အစ်ကို အတွက်ကတော့ စိတ်ချပါ၊ ကျွန်တော့်အနေနဲ့ကတော့ ပျိုးလို မြတ်နိုးထိုက်စရာ မိန်းကလေးတစ်ယောက်ကို ကျွန်တော့်အစ်ကို လက်ထပ်ခွင့်ရတာမျိုး မြင်ချင်တာပေါ့လေ၊ ဒါပေမယ့် မှန်တာဝန်ခံရရင် ပျိုးဘက်က အလေးသာပါတယ်၊ ပျိုးရဲ့စိတ်ချမ်းမြေ့မှုကို အလိုလားဆုံး လူတစ်ယောက်ပါလို့ ပျိုး ယုံကြည်ပါ"

ကိုမင်းထိုက်၏ လှိုက်လှဲသော အသံကိုသာ နာခံနေမိသည်။ ကျွန်မ ဘာမှ ဝင်၍ မပြောဖြစ်။

"ဒီတော့ ပျိုး ပြောစေချင်တဲ့ သတင်း အစ်ကို့ကို ကျွန်တော် ပြောပေးပါ့မယ်၊ အစ်ကို့မှာလည်း သချၤာဌာနက ဆရာမတစ်ယောက်နဲ့ ချစ်ဖူးတယ်လို့ ကျွန်တော် သိခဲ့ဖူးပါတယ်"

"ဟုတ်လား၊ ဒီလိုဆို ကိုဝင်းထိုက်ရော၊ ပျိုးရော ကိုယ့်ချစ်သူတွေဆီကို ပြန်ကြရအောင်ပါလို့နော်၊ ပြောပေးပါနော် ကိုမင်းထိုက်နော်"

"ကောင်းပါပြီ ပျိုး၊ ဒါနဲ့ ရန်ကုန်သွားဖို့ အစီအစဉ်ရော"

"သွားကြမယ်လေ၊ ပျိုး ပြန်ချင်လှပြီ၊ ဒါပေမယ့် ပျိုး ပြန်တော့ လိုက်မလာဘူးနော်"

"ဒါတော့ ဟိုရောက်မှ ပျိုးရဲ့အဘွားကို စာတစ်စောင် ဖြစ်ဖြစ်ရေးပြီး အကြောင်းကြားလိုက်ပေါ့"

"ကိုမင်းထိုက်ရော လိုက်ခဲ့မှာ မဟုတ်လား"

"ကျွန်တော် လိုက်လို့ ဖြစ်ပါ့မလား၊ ကိုရာဇသူနဲ့ ပျိုးနဲ့ကြားမှာ ကျွန်တော်ဟာ ခလုတ်ကန်သင်း ဖြစ်နေပါ့မယ် ပျိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်၊ အဲဒီအတွက်လည်း ပျိုး တောင်းပန်မလို့ပါ၊ မောင်မောင်ဟာ ပျိုးကို ချစ်လွန်းတဲ့စိတ်ကြောင့် ဘေးလူတွေကို လျှောက်ရမ်းသလို ဖြစ်နေရတာပါ၊ ပျိုးကို ခင်တယ်ဆိုရင် ဒီအကြောင်းတွေ မေ့ပစ်လိုက်ပါလား ကိုမင်းထိုက်ရယ်၊ ပျိုး တောင်းပန်ပါတယ်ရှင်"

"ရပါတယ် ပျိုး၊ ပျိုးအတွက်ဆိုရင် အားလုံးကို ကျွန်တော် ချေဖျက်နိုင်ပါတယ်၊ ကျွန်တော်လည်း အားနေပါတယ်၊ ပျိုး ခွင့်ပြုမယ်ဆိုရင်တော့ ပျိုးတို့နဲ့အတူ လိုက်ခဲ့ပါရစေလို့"

"ပျိုး ကိုမင်းထိုက်ကို မိတ်ဆွေတစ်ယောက်လို ခင်မင်ပြီးသားပါ၊ အကြောင်းကြောင်းတွေကြောင့် အထင်လွဲမှားမှုလေးတွေ ဖြစ်သွားတာက လွဲရင် အရင်အတိုင်း ခင်မင်လျက်ပါပဲရှင်"

"ဝမ်းသာပါတယ် ပျိုးရယ်၊ ကျွန်တော့်ရင်က ဆန္ဒတွေတော့ ကျွန်တော် ဖွင့်မပြောတော့ပါဘူး၊ ပျိုး စိတ်ချမ်းသာမယ့် ကိစ္စဆိုရင် ဘာမဆို စွန့်လွှတ် လုပ်ဆောင်ပေးနိုင်တဲ့ စေတနာမျိုး ကျွန်တော့်ရင်မှာ ရှိနေပါတယ်လို့ ပြောရင် လုံလောက်ပြီလို့ ထင်ပါတယ် ပျိုး"

"ကျေးဇူး ကုဋေကုဋာပါ ကိုမင်းထိုက်၊ ဒါဖြင့် ပျိုး ဖြစ်စေချင်တာလေးတွေ ဆောင်ရွက်ပေးပြီး ပျိုးတို့ ရန်ကုန်မြေကို ဆင်းကြပါစို့ရဲ့နော်"

❖ ❖ ❖



## အခန်း[၂၅]

ဗိဿနိုးမြို့၏အကြောင်းကို စာထဲတွင် သင်ခဲ့ရဖူးသည်။ တတိယနှစ်မှာ ဖြစ်ပါ၏။ ထိုစဉ်ကပင် စိတ်ဝင်စားမိခဲ့သည့် ဗိဿနိုးဘုရင်မ၏ စွမ်းရည်များ၊ စစ်အောင်နိုင်ပုံများနှင့် မေတ္တာ ကံခေခဲ့ပုံများကို သင်အံ့စာများမှလည်းကောင်း၊ စိတ်ကူးယဉ်ဆိုသော်လည်း မဟူရာ မေတ္တာလို အနီးကပ် သရုပ်ဖော်ထားသည့် ဝတ္ထုများမှ တစ်ဆင့်လည်းကောင်း၊ ဗိဿနိုးကို စိတ်ဝင်စားခဲ့သည်မှာ ကြာခဲ့ပါပြီ။

ယခုမှ ဗိဿနိုးသည် ကျွန်မရှေ့သို့ ရောက်နေခဲ့ပါပြီ။

တောင်တွင်းကြီးမြို့၏ အနောက်ဘက် ၁၁ မိုင်ကွာ ကုက္ကိုပင်ရွာထိပ်တွင် တည်ရှိပေသည်။ မကွေး–တောင်တွင်း ကားလမ်းပေါ်မှ ရွှေရောင်တော်ဘုရားသို့ ဟူသော လမ်းညွှန်အတိုင်း ဝင်လာခဲ့ပါလျှင် ရှေးဟောင်း သုတေသနဌာနမှ တူးဖော်ထားသော ဗိဿနိုးမြို့ဟောင်း၏ သင်္ကေတများစွာကို လေ့လာနိုင်ပေသည်။

"ပျိုးတို့ရဲ့ သမိုင်းအမြင်နဲ့ ဗိဿနိုးရာဇဝင်လေးကို တင်ပြပါလား ပျိုး"

"ဟုတ်ပါရဲ့၊ ကျွန်တော်ကတော့ သတ္တဗေဒသမား ဆိုတော့ လှုပ်ရှားနေတဲ့ သက်ရှိသတ္တဝါတွေ၊ ရေနေသတ္တဝါတွေလောက်သာ ကျွမ်းကျင်တာ၊ ဗိဿနိုးကိုတောင် ခုမှ ရောက်ဖူးတယ်၊ ဝင်မယ် ဝင်မယ်နဲ့ မဝင်ဖြစ်ခဲ့ဘူး၊ ပျိုးကြောင့် ရောက်လာဖြစ်လို့ ပျိုးကိုတောင် ကျေးဇူးတင်နေမိပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မနှင့် ကိုဝင်းထိုက်တို့ ပြေလည်ကြပါပြီ။ တိုက်ဆိုင်ပုံများဖြင့် မပြောချင်တော့ပါ။ မကွေးမြို့မှာ ကိုရာဇသူ၏ အသိဆိုပြီး ကျွန်မတို့ သွားတည်းခိုခဲ့သည့် သချာဌာနမှ ဆရာမ ဒေါ်ပြည့်စုံအေး ဆိုသည်မှာ ကိုဝင်းထိုက်၏ ချစ်သူ။

ကျွန်မမှာ ချစ်သူရှိပါသည်၊ အင်ဂျင်နီယာ ကိုရာဇသူပါ ဟူသော သတင်းစကားကိုလည်း ကိုမင်းထိုက်မှတစ်ဆင့် ကိုဝင်းထိုက် ကြားသိပြီးခဲ့ပါပြီ။

အဘွား၏ ဆန္ဒများကို ခေါက်ထားကြပါစို့ ဟူသော အသိများဖြင့် ကျွန်မတို့၏ ချစ်သူများဆီသို့ ကျွန်မတို့ သွားနေကြပါပြီ။

ယခု ကိုဝင်းထိုက်၏ပြည့်စုံအေးပါ အတူပါရှိလာပါပြီ။ ကျွန်မတို့ မိတ္ထီလာမှ တစ်ဆင့် မကွေးမြို့သို့ ပြည့်စုံအေးကို ဝင်ခေါ်ပြီးမှ ဗိဿနိုးမြို့သို့ ဝင်လာခဲ့ကြခြင်း ဖြစ်၍ အဖွဲ့တောင့်နေပါပြီ။

ကျွန်မနှင့် ဒေါ်အေးပုံ၊ ဒေါ်ပြည့်စုံအေးနှင့် သူ့အဖော် အမျိုးသမီးကြီး၊ ကိုမင်းထိုက်တို့ ညီအစ်ကိုနှင့် ကားမဏ္ဍင်းနစ် တစ်ယောက် ဖြစ်၍ ကားတစ်စီးစာ အဖွဲ့ စုံပါပြီ။

ကိုဝင်းထိုက်၏ လှုံ့ဆော်မှုကြောင့် သင်ထားပြီး သမျှသော သမိုင်းကြောင်းလေးများကို ကျွန်မ ပြောရပေဦးမည်။

"ပျူလူမျိုးတို့ရဲ့ ဗိဿနိုးဟာ အေဒီ ၁ ရာစုမှ ၅ ရာစုအတွင်း စည်ပင် ရှင်သန်ခဲ့တယ်လို့ မှန်းဆရပါတယ်၊ အခုဆိုရင် နှစ်ပေါင်း တစ်ထောင့်ငါးရာလောက် ရှိပြီပေါ့"

"ဟာ ဒါနဲ့တောင် ဒီလူအရိုးစုကို ဒီတိုင်း တွေ့ရသေးတယ်နော်"

ဗိုလ်တဲ၏ အပေါ်ပြခန်းတွင်းမှ တူးဖော်တွေ့ရှိသော မှတ်တမ်းတင် ဓာတ်ပုံများမှ အရိုးစုတစ်စု၏ ဓာတ်ပုံကို ထောက်ပြပြီး ကိုဝင်းထိုက်က အံ့သြစွာ ပြောလိုက်ပါ၏။

"ဟုတ်ကဲ့ ပျူလူမျိုးဆိုတာ သေဆုံးရင် မီးသင်္ဂြိုဟ်ပြာကို အိုးထဲ ထည့်ပြီး စနစ်တကျ မြှုပ်နှံလေ့ရှိပါတယ်၊ မင်းဆွေမင်းမျိုးများက ကျောက်အိုး၊ အရပ်သူအရပ်သားတွေက မြေအိုးနဲ့ပါ၊ အခု ဓာတ်ပုံတွေမှာ မြင်ရတဲ့ ကွမ်းအစ်ပုံ၊ သပိတ်ပုံ၊ အိုးပုံစံကြီးတွေပဲ ဖြစ်မှာပဲ"





"အိုးတွေမှာလည်း အရေးအကြောင်းတွေ ခြယ်ထားသေးတယ်"

"ဟုတ်ကဲ့ မမပြည့်စုံအေး၊ ပျိုးတို့ သင်ဖူးတဲ့ အထဲမှာ အခု ဓာတ်ပုံ ရိုက်ပြီး ပြထားတဲ့ အရိုးစုကိုပဲဖြစ်မှာပဲ လေ့လာထားကြောင်းပါ့,ပါတယ်၊ အဲဒီအရိုးစုပိုင်ရှင်ဟာ အသက် ၂၅ နှစ်ခန့် ရှိတဲ့ မွန်ဂို အနွယ်ဝင် အမျိုးသားတစ်ဦး ဖြစ်ကြောင်း ခန့်မှန်းထားကြပါတယ်"

လုပခေတ်မီသော ဗိုလ်တဲမြင့်မြင့်လေး၏ လေသာဆောင်ပေါ်မှ ကျွန်မတို့တစ်တွေ ဗိဿနိုးကို လှမ်းမျှော်ကြည့်ကြသည်။

"ဩော် တစ်ချိန်က လူမျိုးတစ်စုနဲ့တိုင်းပြည်တစ်ခုကို အုပ်ချုပ်နိုင်တဲ့ အမျိုးသမီးဘုရင်မတစ်ပါးရဲ့ ပိုင်နက်နယ်မြေပါလား"

ဟူသော အသိဖြင့် ဆူးခက်ဆူးပင်များ လွှမ်းနေသည့် အညာမြေ အပူတောအောက်မှ ဗိဿနိုးကို ကျွန်မ ငေးကြည့်နေမိသည်။

စီးပွားရေးမြင့်ဦး၏ ဗိဿနိုးဘုရင်မ၊ မြဝဇီ၏ ပျူစစ်သည်၊ ဟေ့ရာမေတ္တာ စသော ဖတ်မှတ်ဖူးသော ဝတ္ထုများမှတစ်ဆင့် ဗိဿနိုးဘုရင်မ၏ အသွင်သည် ကျွန်မ၏ အတွေးအာရုံတွင် ရှင်သန်လာခဲ့သည်။

ငယ်စဉ်က ဒဏ္ဍာရီလိုလို ဟိုတချို့ သည်တစ်ဝက် ကြားဖူးခဲ့သော ဗိဿနိုးဘုရင်မ၊ ရန်ပယ်ချောင်းနှင့် ရန်ပယ်စည်ကြီး အကြောင်းများကို မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်ခဲ့သော်လည်း…

စည်ကြီးတီးခတ်၍ အချက်ပေးခြင်းဖြင့် ပိတ်ထားသော ရေတံခါးများကို ပြိုင်တူ လွှတ်ဖွင့်လိုက်ကြသောအခါ သရေခေတ္တရာမှ သာရောက်တိုက်ခိုက်သော စစ်သည်များ ရေမျော၍ သေကြေ ပျက်စီးကုန်ကြရသည့် အဖြစ်မှာ အမှန်တကယ် ဖြစ်ပျက်ခဲ့ခြင်း ဖြစ်ပါ၏။

စည်ကို သိကြားမင်း ဆက်သခြင်းမဟုတ်၊ လွန်ခဲ့သည့် နှစ်ပေါင်း တစ်ထောင့်ငါးရာလောက်ဆီမှ စိတ်ကူးဉာဏ် ကောင်းလွန်းသော အမျိုးသမီးအာဇာနည်တစ်ဦး၏ စွမ်းဆောင်ချက်ပါတကား။

"မြို့ရိုးအကျယ်အဝန်းကလည်း မန္တလေးနန်းမြို့လောက် ရှိတယ်၊ မြို့ထဲမှာလည်း ခမ်းနားတဲ့ အဆောင်အဦတွေ၊ ရေတွင်းရေမြောင်းတွေနဲ့ ပေါ်းစိုက်ပျိုးမယ့် လယ်ကွက်တွေပါ ရှိနေခဲ့တယ် ဆိုပါလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းထိုက်က သူ မှတ်သားဖူးသည်များကို ဖြန့်ဝေသည်။

"ပျိုးတော့ ဗိဿနိုးဘုရင်မရဲ့ စွမ်းဆောင်ချက်တွေ၊ မေတ္တာကံဆေ ပုံတွေကို တွေးနေမိတယ် ကိုမင်းထိုက်"

"ဟုတ်ပါရဲ့ ဗိဿနိုးဘုရင်မဟာ သူမနဲ့ သူမရဲ့ တိုင်းပြည်ကို နှိပ်စက်ဖျက်ဆီးခဲ့တဲ့ သရေခေတ္တရာက ဒွတ္တဘောင်ကို မုန်းတီး စက်ဆုပ်လျက်က ပေါင်းဖက်သွားရတဲ့ အဖြစ်ဟာ သနားစရာ၊ ရင်နာစရာပဲနော် ပျိုး"

"ဟုတ်တယ်၊ ချစ်တဲ့သူနဲ့ မပေါင်းဖက်ရတဲ့လူတိုင်းဟာ သနားစရာချည်းပဲ နေမှာပါ"

"ပျိုးကတော့ သနားစရာ ဖြစ်လာမှာ မဟုတ်တော့ပါဘူးနော်၊ အခုခရီးဟာ ကိုရာဇသူဆီကို သွားနေတဲ့ ခရီးပဲ မဟုတ်လား"

ကိုမင်းထိုက်က ကျွန်မကို တည့်တည့်ကြည့်ရင်း ပြောလာခြင်း ဖြစ်ပါ၏။ ကျွန်မ ရှက်ပြုံးလေးများဖြင့် စကားလွှဲရသည်။

"ဗိဿနိုး ဘုရင်မရဲ့ နောက်ဆုံးနေ့ဟာ ကမ္ဘာကျော် အီဂျစ်ဘုရင်မ ကလီယိုပါထရာရဲ့ အဖြစ်နဲ့ တူနေပြန်တယ်"

"ဘာလိုပါလဲ ပျိုး"

"သမိုင်းဆရာတွေ လေ့လာမိသလောက် စိတ်ကူးယဉ်နဲ့ ပေါင်းစပ် ပုံဖော်တဲ့ အခါ"

"ဟုတ်ကဲ့"

"ဗိဿနိုးဘုရင်မရဲ့ လက်စားချေမှုကြောင့် ဒွတ္တဘောင်မင်းဟာ ပုသိမ်ဘက်မှာ လှေနစ်ပြီး နတ်ရွာစံတယ်၊ ဒီအခါ သရေခေတ္တရာသားတွေက ဘုရင်မလက်ချက်ကြောင့်ဆိုပြီး သရေခေတ္တရာအနီးမှာ ထားပေးတဲ့ စံမြန်းရာ ဗိဿနိုးမြို့ငယ်လေးကို ဝိုင်းဝန်းလာကြတယ်တဲ့ရှင်"

"ဟုတ်တယ်နော်၊ ကလီယိုပါထရာဟာလည်း သူ့ချစ်သူမတ်(ခ်) အန်ထော်နီ သေ၊ စစ်က ရှုံးတော့ မြွေကိုက်ခံပြီး သတ်သေလိုက်တယ် ဒီအဖြစ်ကို အဲလီဇဘက်တေလာနဲ့ ဟောလိဝုဒ်က ခမ်းခမ်းနားနား ရုပ်ရှင်ရိုက်ပြနိုင်ခဲ့တယ်၊ ကျွန်တော်တို့ မြန်မာပြည်ရဲ့ အံ့မခန်း သူ့





ကောင်း ဘုရင်မ ဗိဿနိုးရဲ့အကြောင်းကိုလည်း တခမ်းတနား ရုပ်ရှင် ရိုက်ပြနိုင်ရင် ကောင်းမှာပဲနော်"

"ဟုတ်ပါရဲ့၊ ပျိုးဖြင့် ဗိဿနိုးမြို့ဟောင်းကိုကြည့်ပြီး ရုပ်ရှင်မှာ မြင်ရသလို ပြန်ပြီး ထင်ဟပ်လာမိတယ်"

"ပျူခေတ်က လက်ရာ မပြောက်လှသေးဘူး၊ အုတ်စီပညာ နုံည့်သေးတယ်လို့ ကောက်ချက်ချခဲ့ကြပေမယ့် ခမ်းနားတဲ့ အဆောက်အဦတွေ ဒီအချိန်ထိ တည်တံ့အောင် တည်ဆောက်နိုင်ခဲ့ကြတာတော့ အံ့စရာပါပဲ ပျိုးရယ်"

ဒေါ်အေးပုံနှင့် ဒေါ်ပြည့်စုံအေး၏ အဖော် အမျိုးသမီးကြီးက...

ဒီအုတ်ပုံရှိတဲ့ နေရာကို ခဲရာခဲဆစ် သူတို့မို့ အလုပ် မရှိ အလုပ်ရှာ လာကြတယ် ဟူသော မျက်ဝန်းများဖြင့် ကြည့်ရင်း ဆေးလိပ် ထိုင်ဖွာနေကြသည်။

ကိုဝင်းထိုက်နှင့် ပြည့်စုံအေးတို့ ချစ်သူနှစ်ဦးက ခေါင်းချင်းဆိုင်၍ စကားများ ပြောမကုန်နိုင်အောင် ရှိကြသည်။ မက္ကင်းနစ်က ကားပေါ်တွင် အသီးသီး နေရာယူထားကြ၍ ကျွန်မမှာ စကားပြောစရာ ကိုမင်းထိုက်နှင့်သာ ကျန်ရစ်ပါ၏။

"ပျိုး"

"ရှင်"

"ပျိုးရဲ့ နေရေးထိုင်ရေးကိုရော ဘယ်လို စီစဉ်လဲဟင်"

"အသေအချာတော့ ပြောလို့မဖြစ်သေးပါဘူး ကိုမင်းထိုက်၊ ရန်ကုန်ရောက်မှ သူနဲ့ တိုင်ပင်ရပါမယ်"

ကိုမင်းထိုက်က ခေါင်းသာညိတ်သည်။ ဘာမှ ဆက်၍ မဝေဖန်ပါ။ ရန်ကုန်ရောက်သည့်အခါ...

"မောင်မောင်တို့ လက်ထပ်ကြပါစို့ ပျိုးရယ်"

ဟူသော ကမ်းလှမ်းမှု စကားကို ချစ်သူထံမှ ကျွန်မ ကြားလိုသူပါသည်။ မောင်မောင် သည်သို့ ပြောလာလျှင် ကျွန်မ မငြင်းပယ်တော့ပါ။ မောင်မောင်နှင့် လက်ထပ်ပြီးလျှင် ကျွန်မဘဝ၏ လှုပ်ရှားရုန်းကန်ရမှုများ ပြီးဆုံးပါလေပြီ။ နံပါတ်နှစ်နေရာမှ နေ့သူတို့အဖို့



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားသော ကြိစည်စွမ်းဆောင်မှုမျိုး ရှိရန် မလိုတော့ပါ။ ကိုဆို ရှေ့မှ ရပ်ပေးလာမည့် အမှတ်တစ်ဖြစ်သော ခင်ပွန်းသည်၏ စွမ်းဆောင်မှု နောက်က အရိပ်ပမာ လိုက်ရုံသာပါ။

"ပျိုး ဘာ လေ့လာချင်သေးလဲဟင်"

"ပျိုး ကျက်မှတ်ဖူးတာတွေနဲ့ ဒီမှာမြင်တွေ့ရတာတွေနဲ့ ပေါင်းစပ် ကြည့်ပြီးပါပြီ၊ ပြန်လို့ရပါပြီ ကိုမင်းထိုက်"

ကျွန်မကို လိုက်ပို့ကြခြင်းဖြစ်၍ ပြန်လိုပါကြောင်း ကျွန်မက ပင် ဦးဆောင် နှုံးဆော်ရပါ၏။ အပြန်လမ်းတွင်...

"ဘာပဲဖြစ်ဖြစ်ပေါ့ ပျိုးရယ်၊ ကျွန်တော်ဟာ ပျိုး အတွက် ထာဝရ လှုပ်ရှားပေးနိုင်မယ့် လူတစ်ယောက်လို့ ပျိုး သတ်မှတ်ပါ။ ပျိုး စိတ်ချမ်းသာမှုအတွက် ဘာမဆို စွမ်းဆောင်ပေးနိုင်ပါတယ်လို့ ကျွန်တော်ကတော့ ဒီလောက်ပဲ ပြောနိုင်တဲ့သူပါ ပျိုးရယ်"

❖ ❖ ❖





## အခန်း[၂၆]

"မောင်မောင်"

"ဟာ ပျိုးပါလား၊ ဘယ်တုန်းက ရောက်လဲ"

"စောစောကပဲ၊ ရောက်ပြီးပြီးချင်း မောင်မောင့်ဆီ ပျိုး ဖုန်းဆက်တာပါ မောင်မောင်"

"ဝမ်းသာတယ် ပျိုးရယ်၊ မောင်မောင် လာတွေ့မယ်လေ၊ အခု ပျိုး ဘယ်မှာလဲ"

"လောလောဆယ်တော့ ကိုမင်းထိုက်ရဲ့ တိုက်ခန်းမှာပဲ၊ ကုန်ဈေးတန်းမှာ"

"ပျိုး အိမ်ကို ဘာလို့မသွားတာလဲ"

"ပျိုးရဲ့အိမ်မှာ ဒေါ်မာလာတင်ရဲ့အမျိုးတွေ ရှိနေကြလို့ လောလောဆယ် ပျိုး မသွားချင်သေးလို့ပါ၊ ဘဘ အိမ်ကလည်း ဘဘရဲ့ နိုးက ညှော်သည်လာရင် မကြိုက်ဘူး"

"ပျိုးမှာလည်း ကိုမင်းထိုက်ရဲ့အရိပ်ကကို မလွတ်နိုင်ပါလား ပျိုးရဲ့"

"ဒီလို မဟုတ်ပါဘူး မောင်မောင်၊ မောင်မောင်နဲ့ ပျိုး ဆုံချင်လို့ပါပြီ၊ ဒါကြောင့် ရောက်ရောက်ချင်း ဆက်လိုက်တာပါ၊ ပျိုးအတွက် မောင်မောင်ပဲ စီစဉ်ဆောင်ရွက်ပေးပါနော်"

"မောင်မောင်က ရုံးဆင်းမှ လာလို့ရမှာပေါ့ ပျိုးရဲ့"



www.burmeseclassic.com

www.burmeseclassic.com


"ပျိုးနဲ့အတူ ဒေါ်အေးပုံလည်း ပါလာပါတယ် မောင်မောင်"

"ကောင်းပြီလေ၊ လာခဲ့ရမှာပေါ့၊ ကိုမင်းထိုက်က အဲဒီအိမ်မှာ နေတာလား"

"မဟုတ်ပါဘူး မောင်မောင်၊ အဲ သူတို့ရဲ့ အခန်းပိုင်တော့ ဟုတ်ပါတယ်၊ မိတ္ထီလာဇာတစ်ဆင့် အတူတူ လာခဲ့ကြတာပါ"

"သြော်သြော်"

"မောင်မောင်ရယ်၊ ပျိုးကို မကျေနပ်ဘူးလား"

"မရှိပါဘူး ပျိုး"

"မောင်မောင်က လကုန်ရင် ရန်ကုန်ရောက်မယ်ဆိုလို့ မောင်မောင်နဲ့ ဆုံဖြစ်အောင် အဘွားကို မနည်းပြောပြီးမှ လာခဲ့ရတာပါ၊ ပျိုးကို သူတို့ ညီအစ်ကိုနဲ့မှ စိတ်ချတယ်ဆိုပြီး ထည့်ပေးလိုက်လို့ပါ၊ မဟုတ်ရင် မလာရဘူး မောင်မောင်"

"သြော် ပျိုးနဲ့ စေ့စပ်ပေးမယ် ဆိုတဲ့ လူလား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် အခု ပျိုးတို့ချင်း ပြေလည်ပြီးကြပါပြီ မောင်မောင်"

"ဘာပြောတယ် ပျိုး"

"သြော်ဟော်ဟော် ပြောချင်လွန်းလို့ မောင်မောင်ရေ၊ အဲဒီ ကိုဝင်းထိုက်ကလည်း သူ့မှာ အမျိုးသမီး ရှိပြီးသား၊ ဆရာမဒေါ်ပြည့်ရဲ့ အေးလေ၊ မောင်မောင် အံ့သြသွားပြီလား၊ သူတို့ချင်းက မန္တလေး တက္ကသိုလ်မှာ ကျောင်းတက်နေကြကတည်းက ချစ်သူတွေ ဆိုပဲ၊ မောင်မောင့်အသိ အကြောင်း မောင်မောင် မသိဘူးလားဟင်"

"အနေကလည်း ဝေးကြတယ်လေ၊ အကြောင်းရှိမှသာ ဆုံကြရတာ"

"ဟုတ်တာပေါ့နော်၊ မောင်မောင်သာ မြန်မြန်လာခဲ့နော်"

"ရုံးဆင်းမှ လာလို့ရမယ်လေ၊ ဒါနဲ့ မောင့်မောင့်ဆီကို ကိုလှုဝင်း ဆိုတဲ့လူ လာဆက်သွယ်တယ်"

"ကိုလှုဝင်း ဟုတ်လား၊ ကိုလှုဝင်းဆိုတာ ဘယ်သူလဲဟင်"

"ပျိုးတို့ဦးဦးရဲ့ ပါတနာလို့ ပြောတယ်"



"ဟင်"

"ရှုပ်နေတာပဲ၊ ဘာတွေမှန်းကို မသိဘူး"

"ပျိုးတို့နဲ့မှ မဆိုင်တာပဲနော်"

"မဆိုင်ဘူးဆိုရင်လည်း ရတယ်၊ ဆိုင်တယ်ဆိုရင်လည်း ဖြစ်ပါတယ်၊ မောင်မောင် လာမှ အကြောင်းစုံ ပြောပြမယ်လေ"

"ဟုတ်ကဲ့ပါ မောင်မောင်"

"ဒါဖြင့် ဒါပဲလေ"

"မောင်မောင်"

"ဟင်"

"မောင်မောင် ပျိုးကို မကျေနပ်ဘူးလားလို့ ပျိုး သိပ်စိုးရိမ်တာပဲ မောင်မောင်ရယ်၊ ရင်တွေတောင် ခုန်နေမိတယ်"

"မဖြစ်ပါဘူး ပျိုး"

"တကယ်မှဟုတ်ရဲ့လား မောင်မောင်ရယ်၊ မောင်မောင့် လေသံက တစ်မျိုးပဲ"

"ပျိုး ထင်နေလို့ပါ၊ ဒါပဲလေ ပျိုး၊ မောင်မောင် အလုပ်တွေ မပြီးသေးဘူး၊ ညနေ လာခဲ့မယ်လေ"

"ကောင်းပါပြီ မောင်မောင်ရယ်"

ကျွန်မ၏ ရင်၌ လေးလံနေမိသည်။ ရန်ကုန် မရောက်မီက မျှော်လင့်ခဲ့ကြီးခဲ့မိလေသမျှ...

"အို ငါ စိတ်ဆန္ဒ စောနေမိလို့ ထင်ပါရဲ့ ကိုမင်းထိုက်နဲ့ လိုက်လာတာ သူမကြိုက်ပေမယ့် ဘာမှ မပြောရှာပါဘူးလေ၊ မောင်မောင်သာ မြန်မြန် လာနိုင်ပါစေတော့"

ချစ်သူမျက်နှာကို ရှုကြည့်ချင်လှပါပြီ၊ ချစ်သူ့အသံကို နားခံလိုလှပါပြီ။ ယင်းဆန္ဒများဖြင့် ကျွန်မ နာရီကို ကြည့်မိသည်။

အချိန်က နှစ်နာရီခွဲ။

"မောင်မောင့်ကို တစ်နာရီခွဲကျော်ကျော်တောင် စောင့်ရဦးမှာပါလား"

ပထမပိုင်း ကြားရသော မောင်မောင့် အသံ ကြည်လင်နေ


www.burmeseclassic.com

www.burmeseclassic.com

သလောက် နောက်ပိုင်းတွင် မကျေနပ်သံလေးများ ရောနှောလာသည်ဟု ထင်လာမိသည်။ မောင်မောင် မကြိုက်သော ကိုမင်းထိုက်နှင့် လိုက်လာလိုလှသည် မဟုတ်သော်လည်း အဘွား၏ ဆန္ဒကို သိပ်ပြီး မကျော်လွန်ရန်အတွက် သည်သို့စီစဉ်ပြီး ထွက်လာရခြင်းပါ။ မောင်မောင် နားလည်ခွင့်လွှတ်လာအောင် ရှင်း၍ပြရမည်သာ။

"ပျိုး ရေမိုးချိုးပါဦး၊ သက်သက်သာသာ နေပါနော်၊ ဒီကုန်ဈေးတန်းက မြို့လယ်ခေါင်ဆိုတော့ နားပူတယ်၊ ပျိုး စိတ်ညစ်မလားပဲ"

"ရပါတယ် ကိုမင်းထိုက်"

"ညစာ အတွက်လည်း ကျွန်တော် စီစဉ်ပြီးပြီနော်"

"ပျိုးအတွက် ဘာမှ တကူးတကန့် မစီစဉ်ပါနဲ့၊ စားချင်စိတ်လည်း မရှိလှပါဘူး၊ ပြီးတော့လေ..."

ကျွန်မ စကား ရပ်ထားမိသည်။ ဘယ်သို့သော စကားလုံးမျိုးဖြင့် ပြောရမည်မှန်း မရွေးတတ်အောင် ရှိနေဆဲ...

"ဘာပဲဖြစ်ဖြစ် ပျိုး ဆန္ဒရှိသမျှ ပြောနော်၊ အားမနာနဲ့ဗျာ"

"ပျိုး ပြောချင်တာက..."

"ပြောပါ ပျိုး"

"ဟို သူ လာရင် ပျိုးနဲ့ လွတ်လွတ်လပ်လပ် ဆွေးနွေးစရာ ကိစ္စလေးတွေ..."

"ဟုတ်ပြီ ကျွန်တော် နားလည်ပြီ၊ ပျိုးတို့ချင်းလည်း လွတ်လွတ်လပ်လပ် ပြောရအောင်၊ ကျွန်တော့် ကိစ္စလေးတွေလည်းပြီးရအောင် ကျွန်တော် စီစဉ်ပါ့မယ်၊ ဒေါ်အေးပုံကိုလည်း ဘုရားလိုက်ပို့လိုက်မယ်နော်"

တစ်ဖက်သားပြေလည်အောင် စွမ်းဆောင် စီစဉ်နိုင်လွန်းသော ကိုမင်းထိုက်ပါတကား။

"ပြီးတော့လေ"

"ရဲရဲပြောပါ ပျိုးရဲ့"

"သူ့ စီစဉ်ပေးသလို ပျိုး နာခံလိုက်တော့မယ်လို့"





"ဘာကိုလဲ ပျိုး"

"ဪ ပျိုးရဲ့ နေထိုင်မှုအတွက်"

"ဪ"

သူက ခဏမျှ ငြိမ်သွားပြီး တွေတွေလေး ကျွန်မကို စိုက်ကြည့်ပြီးမှ...

"လောလောဆယ်တော့ ပျိုးအနေနဲ့ ဒီအိမ်မှာ အဆင်ပြေလိမ့်မယ် ထင်ပါတယ်၊ ကျွန်တော့်မှာ ကိစ္စတွေ အများကြီး၊ သူငယ်ချင်းတွေဆီ ကျွန်တော်က သွားအိပ်ရမှာ"

"ပျိုးအတွက်တော့ ကိုမင်းထိုက်က ဖယ်မပေးပါနဲ့လေ၊ အို ကိုမင်းထိုက် ဘာမှ တာဝန်ထားမနေပါနဲ့တော့၊ သူ လာမှပဲ သူ ကြည့်စီစဉ်ပေးပါလိမ့်မယ်"

"ကျွန်တော် ကိုရာဇသူကို စောင့်ပြီး ပြောပေးဖို့ လိုသေးလား ပျိုး"

"ဟင့်အင်း ဟင့်အင်း ရပါတယ်"

ကျွန်မ ပျာပျာသလဲ ဟန့်တားမှုအတွက် သူ ရှောင်ပေးသင့်ကြောင်း နားလည်သွားပါပြီ။

ကိုမင်းထိုက် ထွက်သွားပြီးသည့်နောက်တွင်လည်း ရုတ်တရက် ကျွန်မ မလှုပ်ရှားမိသေး။ လေးလံသောရင်ဖြင့် ထိုင်၍ ငိုင်နေမိသေးသည်။ မောင်မောင်လာချိန် နီးကပ်လာလေမှ ရေမိုးသန့်စင်၍ ကိုယ်နှင့် အလှဆုံးဖြစ်မည်ထင်သော စိမ်းပြာရောင်ပွင့်လေးများ ပါရှိသည့် အလတ်စတစ် လည်ဟိုက် အင်္ကျီနှင့် လုံချည် ဆင်တူကို ရွေးချယ် ဝတ်ဆင်ရသည်။ မျက်နှာကိုလည်း ညက်သိပ်နေအောင် အထပ်ထပ် ဖို့ပြီးမှ ချစ်သော မောင်မောင့်အလာကို ကြိုရပါသည်။

"မျှော်လိုက်ရတာ မောင်မောင်ရယ်၊ ကြည့်ပါဦး၊ ငါးနာရီ တောင် ထိုးတော့မယ်၊ ရုံးကလည်း နီးရဲ့သားနဲ့များ"

မောင်မောင်ရုံးက နဝဒေးလမ်းနှင့် ဘုရားလမ်း ထောင့်က ဆောက်လုပ်ရေးရုံးချုပ်မို့ သည်ကုန်ဈေးတန်းသို့ လျှောက်လာလျှင်ပင် ဆယ့်ငါးမိနစ်မျှနှင့် ရောက်နိုင်သော နေရာပါ။



www.burmeseclassic.com

www.burmeseclassic.com



"မာမိကို သွားခေါ်ရသေးတယ်၊ အခု ရွှေဘုံသာလမ်း ဆေးတိုက်မှာ ထားခဲ့ရတယ်"

"ဟင် ဒါဖြင့် မောင်မောင်က ချက်ချင်းကြီး ပြန်မှာလား"

"ရပါတယ်၊ ဆေးတိုက် အကြာကြီး စောင့်ရဦးမှာပါ၊ တစ်နာရီ နှစ်နာရီအတွင်း ပျိုး ပြောစရာတွေ ကုန်လောက်ရောပေါ့"

"သြော် မောင်မောင်ရယ်"

ဝမ်းနည်း အားငယ်စိတ်ကြောင့် မျက်ရည်များပင် ဝဲတက်လာမိသည်။ ချစ်သူနှစ်ဦးအတွက် အချိန်ကန့်သတ် စကားပြော၍ရစကောင်းသည် မဟုတ်ပါ။ အချိန်တို့သည်သာ ကုန်ဆုံးလွန်မြောက်သွားမည်၊ ချစ်သူများအတွက် ချစ်စရာစကားလုံးလေးများက မထပ်ပါ။ ပြောမဆုံးပါ။ အားရ ဝလင်သွား၍ စကားပွဲ ပြီးသွားရိုး ထုံးစံမရှိနိုင်ပါ။

ဤသည်ထက် ကိုယ့်အတွက် စီစဉ် ဆောင်ရွက်ပေးလေမယ့် မောင်မောင်ပါဟု မျှော်လင့်ခြင်းကြီးစွာနှင့် လာခဲ့ရာမှ မောင်မောင်၏ နွေးထွေးလိုက်လှဲသော ကြိုဆိုမှုကို မခံရပါ၍...

"ဟင် ပျိုးက မျက်ရည်တွေနဲ့ပါလား"

"မောင်မောင်ရယ်၊ ပျိုး သိပ်ဝမ်းနည်းတာပဲ"

"သြော် ပျိုးကလည်းကွယ်"

မျက်ရည်၏ အပူရှိန်က ငွေ့ငွေ့လေးမျှသာ ဖြစ်သော်လည်း တစ်ဖက်သော ချစ်သူ၏ နှလုံးသားကိုဖြင့် ဆူပွက် လှုပ်ရှားစေနိုင်သားပါလား။

"ပျိုး ခုလို ငိုနေတော့ မောင်မောင် တကယ် ထိခိုက်ရပါလားကွယ်၊ မောင်မောင့်ကို ပျိုး ဘာ မကျေနပ်လို့လဲ"

"အဲ...အဲဒီ မေးခွန်းကို ပျိုးက မေးရမှာပါ 'မောင်မောင်ရယ်'"

"တိတ်ပါ ပျိုးရယ်၊ ပျိုးကို ပိုးနေတဲ့ ကိုမင်းထိုက်နဲ့ လိုက်လာတယ် ဆိုတော့ မောင်မောင်လည်း နည်းနည်းတော့..."

"ဒီအတွက် မောင်မောင် ကျေနပ်အောင် ပျိုး တောင်းပန်ပါ့မယ် အဘွားကို ပတ်ပြီး ထွက်လာရလို့ပါ၊ သူတို့ ညီအစ်ကိုနဲ့ စိတ်ချ





ယ် ဆိုလို့ပါ၊ ပျိုး စိတ်ထဲမှာတော့ ဘယ်နည်းနဲ့ဖြစ်ဖြစ် မောင်မောင်နေတဲ့ ရန်ကုန်မြို့ကို အမြန်ဆုံး ရောက်ဖို့သာ အဓိကမို့ပါ၊ ဒီအတွက် ျုးကို မောင်မောင် ခွင့်မလွှတ်နိုင်ဘူးလား ပြောပါဦးကွယ်။

မောင်မောင်တို့တွေဟာ ကိုယ်သာ မိန်းမလှလေးတွေကို မြင်သမျှ ရိုတ်ချင်ရှိမယ်၊ ကိုယ့်ချစ်သူကိုကျတော့ သူများ ကြည့်ရင် ကြိုက်ချင်ဘူး၊ ကိုယ့် ချစ်သူက အကြည့်ခံရင်လည်း ဖိုက်ပစ်ချင်တယ်"

"တယ်...တရားတယ်"

"အဲဒါ ပျိုးကို ချစ်လွန်းလို့ပေါ့၊ ပျိုးကို မောင်မောင် တကယ်ချစ်ပါတယ်၊ ပျိုးရဲ့ ချစ်တတ်တဲ့စိတ်လေးတွေကိုလည်း မောင်မောင် မြတ်မြတ်နိုးနိုးနဲ့ ခံယူမိပါတယ်ကွယ်"

"မောင်မောင်ရေ"

"ဘာလဲ ချစ်"

"ဒါဖြင့် ပျိုးကို စိတ်မဆိုးတော့ဘူးပေါ့နော်"

"မဆိုးရက်ပါဘူး ပျိုး၊ ထားပါတော့ ဒါတွေ၊ ဘာပဲဖြစ်ဖြစ် သိပ်ပြီး အလေးအနက် မထားစမ်းပါနဲ့လား၊ ပျိုး စိတ်ပင်ပန်းလှတယ်"

"ဘယ်ဟုတ်ပါ့မလဲ မောင်မောင်ရယ်၊ စိတ် ပင်ပန်းချင် ပင်ပန်းစမ်းပါစေ၊ ချစ်ခြင်းမေတ္တာကို အလေးအနက်ထားမှ မေတ္တာရဲ့ တန်ဖိုးဟာ မြင့်မားလာမယ်"

"ဈေးကြီးတယ်ဗျာ၊ လျှော့ပါဦး"

"မောင်မောင်ဟာလေ"

မတွေ့ရမီ မဆုံရခင်က စီစဉ်ထားသော စကားများက ဘယ်ရောက်ကုန်မှန်းပင် မသိတော့၊ မောင်မောင်အဖို့ စိတ်ညစ်သည် ဆိုသည်မှာ ဂျိုနဲ့လား ဟူ၍ မေးသည့် လူစားမျိုး။

ရင်ထဲမှာ ငြိမ်းချမ်းနေမည်။ ဘဝအတွက် ရုန်းကန်မှုများ ကင်းနေမည်သာ ဆိုခဲ့ပါလျှင် မောင်မောင်၏ ချစ်စရာ ရုပ်သွင်နှင့် ပေျှင်စရာ အမူအရာများက ကြည်နူးရှင်မြူးဖွယ်ရာချည်းသာ ဖြစ်ပါလိမ့်မည်။ ယခုမူ...



www.burmeseclassic.com

www.burmeseclassic.com

"မောင်မောင်"

"ဟင်"

"ပျိုး ဘာလုပ်ရမှာလဲကွယ်"

"ဘာကိုလဲ ပျိုး"

"သြော် စိတ်ညစ်ရပါလား မောင်မောင်ရယ်၊ အခု ခရီးဟာ ပျိုးရဲ့ အိမ်ကို ပျိုး ပြန်လာတာ မဟုတ်ပါဘူး၊ မောင်မောင် ရှိနေတဲ့ မြေကို ပျိုး အားကိုးတကြီးနဲ့ လိုက်လာခဲ့တာပါ ဆိုတာလောက်တော့ မောင်မောင် နားလည်သင့်ပါတယ်"

မျက်ရည်များပြည့်နေသော ကျွန်မ၏မျက်ဝန်းကို အသေအချာ စိုက်ကြည့်ပြီးမှ မောင်မောင်၏ အမူအရာက တည်ငြိမ်သွားတော့သည်။ လက်ရှိ ဖြစ်ရပ်ကို လက်ခံနားလည်သွားပြီ ထင်ပါ၏။ မောင်မောင်က မျက်မှောင်လေးများတွန့်ရင်း စဉ်းစားသည်။

"ပျိုးရင်ထဲမှာ ဘာဆန္ဒတွေရှိနေလဲ၊ မောင်မောင် သိပါရစေ"

"ပျိုး မပြောလိုပါဘူး မောင်မောင်၊ မောင်မောင်ဘာသာ ဆုံးဖြတ်ပေးတာသာ ပျိုးရဲ့ ဆန္ဒ ဖြစ်လာမှာပါ"

မိန်းမသားဘက်က သည့်ထက် လွန်ကဲသော စကားမျိုး ပြောဝံ့ရဲစရာ မရှိတော့ပါချေ။ ကျွန်မသည် လက်ရှိအုပ်ထိန်းနေဆဲ အဘွား၏ ပိုင်နက်မှ ရုန်းထွက်လာခဲ့ပြီးသူပါ။ ချစ်သူကသာ လက်ထပ်ရန် ကမ်းလှမ်းပါလျှင်လည်း မငြင်းမဆန် လက်ခံရန် အသင့်ပါဟူသော ဆန္ဒများဖြင့် အရှက်မဲ့စွာ ရောက်လာသူပါဟု သတ်မှတ်လျှင်လည်း ခံရပါစေတော့။

ချစ်လှစွာသော ကျွန်မ၏အချစ်ဦး မောင်မောင်သည်သာ ကျွန်မ ဘဝ အတွက် ဗိသုကာ။

သူ ဖန်ဆင်း တည်ဆောက်သမျှ ကျွန်မ လိုက်နာဆောင်ရွက်ပါမည် ဟူသော ဆန္ဒထက်လည်း ပို၍ ပြောရဲစရာ အကြောင်းမရှိတော့ပါပြီ။

"မောင်မောင်ကတော့ ပျိုး ဒီအိမ်မှာ နေတာ မကြိုက်ဘူး"

"ပျိုးကလည်း မနေလိုပါဘူး မောင်မောင်ရယ်၊ ဒါဖြင့် ပျိုး





ဘာလုပ်ရမလဲ၊ ပျိုးရဲ့ဘဘအိမ်ကို သွားရမလား"

"ပျိုးရဲ့ ၇ မိုင်က ဆိုတဲ့ အိမ်ကိုရော"

"ညီမလေး မျိုးနဲ့တော့ တွေ့ချင်ပါတယ်၊ ဒေါ်မာလာတင်ရဲ့ အမျိုးတွေနဲ့ မဆုံချင်တာလည်း တစ်ကြောင်း၊ ဖေဖေ့ကို သိပ်လွမ်းရတဲ့မို့ ခုလိုအချိန်မှာ ပျိုး မသွားချင်သေးပါဘူး မောင်မောင်၊ နောက်တော့လည်း သွားရဦးမှာပေါ့၊ ရှင်းစရာ လင်းစရာ ကိစ္စလေးတွေကလည်း ရှိပါသေးတယ်"

မောင်မောင် ငြိမ်နေသည်။ တွေတွေလေးဖြစ်နေသည်။ ရန်ကုန်မြို့တွင် ကျွန်မအတွက် ခေတ္တ နားနေမှီခိုစရာ အိမ်များစွာရှိပါသည်။ ...းလံသော ဆွေမျိုးများ၊ သူငယ်ချင်းရောင်းရင်းများက ကျွန်မကို ...လိုချင်ချင် ခေါ်တင်ထားမည့် နေရာများ ရှိပါသည်။ မောင်မောင့် ...စီအစဉ်ကို နာခံချင်၍ ဦးစွာ မောင်မောင့်ထံတွင် တင်ပြရခြင်းပါ။

"ဘယ်နေ့ ဘယ်အချိန်ကျရင် မောင်မောင်တို့ လက်ထပ်ကြ...စို့လို့ မောင်မောင် ဘာကြောင့်များ ပြောဖို့ နှောင့်နှေး နေရပါ...မှ"

ဤသံသယတွေးများကြောင့် မေတ္တာဈေးကွက်မှာ ဈေးလျှော့ဈေး...လွန်းရာများ ကျနေပြီလား ဟူ၍လည်း သုံးသပ် လာမိပါသည်။ ...အောင်မောင့်ကို ချစ်အားကိုးလွန်းသည့် စိတ်က အရာရာ၏ ရှေ့ဦး...ရောက်လွန်းနေမိပြီ ဟူ၍လည်း ဆင်ခြင်မိပါပြီ။

"ပျိုး မောင်မောင့် အချစ်"

လက်ကလေးကို ဆွဲယူ၍ မြတ်နိုးစွာကြည့်ရင်း မောင်မောင်က စကား စလှာသည်။ သူ တစ်ခုခုကို ဆုံးဖြတ်လိုက်ဟန်လည်း ...ပါ၏။

"အခု မောင်မောင်နဲ့ ခဏ လိုက်ခဲ့နော်၊ မာမိနဲ့လည်း တွေ့အောင်ပါ"

"ဟင် မောင်မောင့် မေမေနဲ့ ပျိုး မဆုံရဲပါဘူး"

"မာမိက သဘောကောင်းပါတယ်၊ တစ်ဦးတည်းသား မောင်မောင့်ကိုလည်း သိပ် ချစ်ပါတယ်၊ မောင်မောင်တို့အိမ် လိုက်ခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com


ညစာ စားပါ၊ ပြီးတော့ ဒီည ပျိုးဘဘအိမ်မှာ ပျိုး အိပ်ပါ”

“ဟုတ်ကဲ့ပါ မောင်မောင်”

“နက်ဖြန်ကစပြီး ပျိုးကို လက်ထပ်ယူနိုင်ဖို့ အတွက် မော မောင် စီစဉ်ပါ့မယ်”

တကယ်တမ်း ကြားလိုသော စကားကို မောင်မောင့် နှုတ်[illegible] ကြားလာရပြန်တော့လည်း ရင်ခုန်ရသားပါလား။

“တွေ့ရတဲ့ကာလက မကြာရှည်ပေမယ့် ပျိုးကို မောင်မော[illegible] တကယ် ချစ်ပါတယ် ပျိုးရယ်၊ ပျိုးရဲ့ ဒုက္ခတွေကိုလည်း မောင်မော[illegible] နီးနီးကပ်ကပ် မြင်ရတော့ သနားမိလှတယ်၊ ဘယ်လိုအခက်အခဲတွေ[illegible] ရှိလာ ရှိလာ၊ ပျိုးကိုပဲ မောင်မောင် လက်ထပ်ယူဖို့ ဆုံးဖြတ်လိုက်ပါ[illegible] ကဲ လာ မာမီကို သွားကြိုကြရအောင်၊ မောင်မောင့်ချစ်သူ ဘယ်လော[illegible] ပြည့်ပြည့်စုံစုံ လှတယ် ဆိုတာ မာမီကို သွားကြွားရအောင်ပါ၊ ရှ[illegible] မနေပါနဲ့ ပျိုးရဲ့၊ လာပါ လိုက်ခဲ့ပါ”

မောင်မောင်နှင့် နှစ်ကိုယ်တည်း လည်ပတ်ရမည် မဟုတ်[illegible] ဘဲ ယောက္ခမလောင်းကြီးနှင့် တွေ့ရမည်ဆိုပါ၍ ကြောက်ရွံ့ ရင်ခု[illegible] ရင်း မောင်မောင် ခေါ်ရာသို့ လိုက်ပါခဲ့ရပြီတည်း။

❖ ❖ ❖



## အခန်း[၂၇]

“ဒါနဲ့ ကိုလှဝင်းဆိုတဲ့လူ မောင်မောင့်ဆီ လာဆက်သွယ်တယ် ဆို၊ ပျိုးလည်း မေးဖို့တောင် မေ့နေမိတယ်”

“ဟုတ်ပါရဲ့ မောင်မောင်လည်း မပြောမိသေးဘူး၊ ဆက်သွယ် တယ်ဆိုတာလည်း လူချင်းလာတွေ့တာ မဟုတ်ပါဘူး၊ ဖုန်းနဲ့ပါ”

“ဘာတဲ့လဲ”

“ပျိုး အကျိုးရှိမယ့် ကိစ္စအတွက် သူနဲ့ ဆက်သွယ်စေချင်တယ် တဲ့၊ ပျိုး ဘယ်မှာ ရှိတယ်ဆိုတာ ကိုရာဇသူ သိပါသလားတဲ့”

“ဒီတော့ မောင်မောင်က ဘာပြောလိုက်လဲ”

“မင်း ဘယ်သူလဲလို့ ဟောက်ပစ်လိုက်တော့ နည်းနည်းတော့ သူ ဖြုံသွားတယ်၊ ဒါပေမယ့် ခပ်အေးအေး လေသံနဲ့ ပျိုးအတွက် အကျိုးရှိမယ့် ကိစ္စပါ၊ လှဝင်း ဆက်တယ်ဆိုရင် ပျိုး စိတ်ဝင်စား လာမှာပါတဲ့၊ ဒီတော့ မောင်မောင်က ပျိုး ရန်ကုန်မှာ မရှိဘူးလို့ပဲ ပြောလိုက်တယ်၊ သူက ပျိုး ရန်ကုန်လာရင် ဒီအကြောင်း ပြောပြပါ၊ သူလည်း ကိုရာဇသူကတစ်ဆင့် ထပ်ဆက်သွယ်ပါရစေလို့ ပြောပြီး ဖုန်းချသွားတယ် ပျိုး၊ ဒါပဲ”

“ဦးဦးတို့နဲ့ ပတ်သက်ခဲ့တဲ့ အကြောင်းအရာတွေကို မကြားသိ ချင်တော့ပါဘူး မောင်မောင်ရယ်၊ နောက်တစ်ခါ ဆက်သွယ်ရင် ပျိုး က အကျိုး မရှိချင်ပါဘူး၊ လာမဆက်ပါနဲ့လို့သာ ပြောပေးပါ[illegible] မောင်မောင်၊ ဒါတွေ ထားလိုက်စမ်းပါတော့ မောင်မောင်ရယ်[illegible] လို ပျိုး ပါလာတာ ကိုမောင်မောင့် မာမီက ကြိုက်ပါ့မလား မောင် မောင် ခေါ်လို့သာ လိုက်လာရတယ်၊ ပျိုး စိတ်ထဲမှာ တက[illegible]



www.burmeseclassic.com

www.burmeseclassic.com


“မစိုးရိမ်ပါနဲ့ မောင်မောင် ပိုင်လို့ ခေါ်လာတာပေါ့၊ ဟော မာမီတောင် ထွက်လာပြီ”

ဆေးတိုက်လေ့ကားမှ ဆင်းသက်လာသော အသက်ငါးဆယ် ကျော်ခန့် ဖြူဖြူဝဝ သားသားနားနား အမျိုးသမီးကြီးကို မောင်မောင် က ပြေးတွဲသည်။ ကျွန်မမှာ မောင်၏ ဟေးလ်မဲန် ကားလေး၏ နောက်ထိုင်ခုံတွင် ပုဝင်သွားမတတ် ကုပ်ကုပ်လေး ထိုင်နေမိပါ၏။ မောင်မောင့်မိခင်နှင့် ရင်ဆိုင်ရမည့်အဖြစ်ကို ရှင်ဘုရင်တစ်ပါး၏ ရှေ့မှောက် အခစား ရောက်နေရသလောက် ကြောက်ရွံ့ တုန်လှုပ်နေ မိပါသည်။

မောင်မောင်သည် သူ့မိခင်ကို ကျွန်မနှင့်ပတ်သက်သော နိဒါန်း စကားများ ပြောကြားလာသည် ထင်ပါ၏။ အဘွားကြီး၏ မျက်နှာ က သုန်သုန်မှုန်မှုန် မရှိသော်လည်း ကြည်ကြည်လင်လင် မမြင်ရ ပါ။ သူ့အရှိန်အဝါ ကျွန်မနားသို့ နီးကပ်လာလေ ကျွန်မမှာ သိမ် ငယ်ရလေပါ။

“ပျိုး ဒါ ကိုယ့်မာမီ ဒေါ်တင်တင်စု”

“ဟုတ်...ဟုတ်ကဲ့ရှင့်”

“ပုဂံက ပြန်လာကတည်းက သား ပြောပြထားလို့ ပျိုးနဲ့ ပျိုးတို့ရဲ့ အကြောင်းကို အန်တီ သိနှင့်နေပါပြီ”

“သြော် ဟုတ်ကဲ့”

“ပျိုးကို ဘယ်ပို့ပေးရမှာလဲ သား”

“ပျိုးက အိမ်ကို လိုက်လည်မလို့ပါ မာမီ၊ ပြီးမှ သားပြန်ပို့မယ်”

“သြော်...သြော်”

ဒေါ်တင်တင်စုထံမှ ဘာဝေဖန်သံမှ ထွက်မလာ။ သူ့ ဝေဒနာ ကြောင့် သူ့ဟာသူ ငြိမ်နေသည်လား၊ ကျွန်မလိုက်မှာ မကြိုက်၍ ဘာစကားမှ ဆက်မပြောတော့သည်လား၊ ကျွန်မ မဝေခွဲတတ်တော့။ ကြောက်ရွံ့စိတ်သည်သာ ရင်မှာ လျှံပြည့်နေမိသည်။

“တကယ်ဆို ပျိုးကို ကျွန်တော် ဖိတ်ခေါ်လာတာပါ”

ဟု၍ မောင်မောင် ပြောသင့်သည်ဟု ကျွန်မ ထင်မိသည်။



ယခုဖြင့်...

“ပျိုးက အိမ်ကို လိုက်လည်မလို့ပါ”

ဆိုသည့် မောင်မောင့် အပြောကိုဖြင့် ကျွန်မ မနှစ်မြို့ကိုနိုင်။ လိုက်လည်ချင်သည့် မိန်းကလေးတစ်ယောက် အပေါ်တွင် ဒေါ်တင် တင်စု ဘယ်သို့များ မြင်လေမည်လဲ ဟူသော အတွေး ကြောင့်ကြ စိတ်က ကျွန်မကို ဒုက္ခလှလှကြီး ပေးနေပါပြီ။ စိတ်ပင်ပန်းခြင်း၏ အထွတ်အထိပ် နေရာတွင် ရှိနေမိရင်း ကျွန်မမှာ မောင်မောင်တို့ သားအမိ၏ နောက်မှ လိုက်ခဲ့ရပါပြီ။

မောင်မောင်တို့အိမ်က အနီးလေးပါ။ ရွှေဘုံသာလမ်းမှ ထွက်၊ ဗိုလ်ချုပ်လမ်းမှ ချိုး၊ ဆူးလေကုန်းတံတားကို ကျော်၊ ဘူတာရုံကြီးကို ပတ်ကွေ့ပြီး အထက်ပန်းဆိုးတန်းလမ်းအတိုင်း မောင်းလာပြီး လူအိုရုံ လမ်း ကျော်ပြီးလေမှ တိုက်တစ်ခု၏ရှေ့တွင် ရပ်လိုက်သည်။ အပေါ် ထပ် ဝဲဘက် အခန်း သင့်တင့်သပ်ရပ်သော တိုက်ခန်းကျယ် တစ်ခု ပါပေ။

“ပျိုး ရှက်နေသလားဟင်၊ မောင်မောင်တို့အိမ်က ဘာမှ အား နာစရာ မရှိဘူးနော်၊ လာ ပျိုး”

လက်ဆွဲခေါ်မတတ် ဂရုတစိုက် ဖေးမ ခေါ်သော မောင်မောင့် စကားများကြောင့် ဒေါ်တင်တင်စု၏ နောက်မှ အသာလေး ကပ်လျက် ပါလာရတော့သည်။

“အိမ်မှာက မောင်မောင်တို့ မိသားစု သုံးယောက်ရယ်၊ မာမီ အစ်မ ကြီးမေရယ်၊ အိမ်ဖော်မိန်းကလေး တစ်ယောက်ရယ်ပဲ ရှိကြ တာပါ”

မောင်မောင်က သူ့အိမ်ထောင်စု စာရင်းကို တင်ပြသည်။

“ပျိုး ထမင်းစားပြီးပြီလားဟင်၊ ဒီမှာ စားပါလား”

“နေပါစေ မောင်မောင်ရယ်”

“အားမနာပါနဲ့ ပျိုးရဲ့”

“အို မောင်မောင်ကလည်း၊ မဟုတ်တာ၊ မစားရဲပါဘူး၊ စား ချင်စိတ်လည်း မရှိပါဘူး၊ ပျိုး ရင်ထဲမှာ ဘယ်လို ခံစားနေရပါတယ်


www.burmeseclassic.com

www.burmeseclassic.com

ဆိုတာတွေကို မောင်မောင် နားမလည်ပါလားကွယ်"

"မောင်မောင့်ပျိုးဟာလေ အမြဲပဲ စိတ်ညစ်စရာတွေကို တွေးနေတတ်တဲ့ ပျိုး၊ နေဦး၊ ပျိုးဖို့ တစ်ခုခု သွားလုပ်ခိုင်းလိုက်ဦးမယ်"

မောင်မောင်က မနာကျင်သော လက်သီးဆုပ်များဖြင့် ကျွန်မလက်မောင်းဆီသို့ ပစ်သွင်းပြီး အိမ်တွင်းသို့ ဝင်သွားသည်။

"သြော် ပျိုးကို ချစ်တတ်တာကလွဲလို့ ဘာကိုမှ အလေးအနက်မထားတတ်တဲ့ မောင်မောင်ရယ်"

အိမ်ရှေ့ခန်းတွင် ကျွန်မ တစ်ယောက်တည်း ရှိနေဆဲတွင်မှ မောင်မောင်တို့၏ အိမ်အခြေအနေကို အကဲခတ်၍ ကြည့်မိသည်။ မောင်မောင် ဖခင်သည် ဥပဒေ ဝိဇ္ဇာဘွဲ့ရရှိပြီး တရားရေးဌာနတွင် ဥက္ကဋ္ဌအဆင့်မှ အငြိမ်းစားယူထားကြောင်း ဝိသေသ အညွှန်းစာတန်းငယ်လေးမှ တစ်ဆင့် ကျွန်မ သိခွင့်ရသည်။

မောင်မောင်တို့သည် တစ်ချိန်က အရှိန်အဝါနှင့် အာဏာနှင့် ဖြစ်ပုံရသော်လည်း လက်ရှိဝင်ငွေဖြင့် သောက်ရုံလေးသာ ရှိဟန်တူသည်။ အိမ်ထောင်ပရိဘောဂများမှာ ဒေါ်တင်တင်စုတို့ ခေတ်က လက်ကျန်များချည်းသာ ဖြစ်သည်။ ယနေ့ ဝင်ငွေကောင်းသူများသာ သုံးစွဲနိုင်သော ပစ္စည်းသစ်များ မောင်မောင်တို့ အခန်းတွင် မမြင်ရ။

"ဘယ်က မိန်းကလေးတဲ့လဲ စုစု"

"သူ ပြောပြတဲ့ ပုဂံ ဆိုတာလေ"

"ရှုပ်ရှုပ်ယှက်ယှက်နဲ့"

"အဲဒါက အရေးမကြီးဘူး၊ ဒေါ်နီနီခင်တို့ သိသွားမှဖြင့်"

စကားသံတွေက ဆက်မလာတော့။ မောင်မောင့်မာမီနှင့် ကြီးမေဆိုသော အမျိုးသမီးကြီးပင် ဖြစ်မည် ထင်သည်။ သူတို့နှစ်ဦး၏ ပြောစကားများက ကျွန်မရင်ကို မုန်တိုင်းဝင်သည့်နှယ်ပါ။

အုံ့သြတုန်လှုပ်ဖွယ်ရာ ဇာတ်လမ်းဆန်းကြီးတစ်ခုကို ဖန်တီးသွားခဲ့ကြသော ဦးဦးနှင့် ဖေဖေတို့၏ သွေးမို့ ကျွန်မ၏ အဖြစ်သည် ရာမဝင်လောက်အောင် ဖြစ်သွားရလေပြီလား။

မောင်မောင့် မာမီ အဆိုအရ ဒါက ဒီလောက် အရေးမကြီး





သည့်ထက် အရေးကြီးသည်က ဒေါ်နီနီခင်တို့ သိသွားရင် ဆိုပါလား။ ဒီအကြောင်းများကို ကျွန်မ ကြားသာအောင် တမင် ပြောလိုက်ကြခြင်းများလား။

"ဒေါ်နီနီခင်ဆိုတာ ဘယ်သူပါလိမ့်"

"မောင်မောင်နဲ့ ဘယ်လို ပတ်သက်နေပါလိမ့်"

ရင်မှာ ပူလောင်နေဆဲမို့ ဝဲလာသော မျက်ရည်မစဲခင် မောင်မောင် ရောက်လာသည်။

"ရော့ ပျိုး သံပုရာရည်လေး သောက်လိုက်ပါဦး"

မောင်မောင် ကိုယ်တိုင် ယူလာသည်မို့ ဖန်ခွက်ကိုယူ၍ လေးလေးကန်ကန် သောက်နေမိသည်။

"ပျိုး ဘာဖြစ်လို့လဲ၊ မောင်မောင့်ကို စိတ်ဆိုးနေလားဟင်"

"မောင်မောင်"

"ဟင်"

"ပျိုး ပြန်ပါရစေတော့"

"ဟာ ပျိုးကလည်း နေပါဦး၊ မာမီတို့၊ ကြီးမေတို့နဲ့ စကားပြောပါဦး၊ အလုပ်များနေကြလို့ထင်တယ်၊ ခဏလေးပေါ့ ပျိုးရဲ့"

မောင်မောင်က ထွက်မလာနိုင်သော သူ့မိခင်ကို နောက်လှည့်မျှော်ရင်း ပြောရှာသည်။

"မဟုတ်ဘူး မောင်မောင်၊ ပျိုး ပြန်ပါရစေတော့ကွယ်"

"ဘာဖြစ်လို့လဲ ချစ်ရယ်"

"ပျိုးကို လိုက်မပို့ချင်လည်း နေပါ မောင်မောင်၊ ပျိုးကို ခွင့်လွှတ်ပါ၊ ပျိုး ပြန်ပါရစေတော့"

နေရာမှ ထရပ်မိသည်။ ခေါင်းခါ၍ ပြောမိသဖြင့် မျက်ရည်စက်လေးများက မောင်မောင့်ထံ လွင့်စဉ်ကြွေကျသွားသည်။

"ခက်ပါလား ပျိုးရယ်၊ ဒါဖြင့်လည်း မောင်မောင် လိုက်ပို့ပါ့မယ်"

မောင်မောင်က ညည်းညည်းညူညူ ပြောကြားရင်း အိမ်ထဲသို့ ဝင်သွားသည်။ သွား၍ ခွင့်ပန်နေလေသလားပင်။ ကျွန်မမှာ ခေါင်းဝမှ


www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြီး လှေကား၏ အလယ်လောက်တွင် မောင်မောင့်အလာကို စောင့်နေမိသည်။

အိမ်ထဲတွင် မနေချင်တော့။ အ့ာသည်းနင့်စရာ စကားများ ဆပ်၍ ပြောကြားလာမည်ကို ကျွန်မ မကြားဝံ့ပါ။

"အို ပျိုး ငိုလို့ပါလား၊ ဘာဖြစ်လို့လဲ၊ မောင်မောင့်ကို ပြောပါဦး၊ ဟင် ပျိုး ဘာ မကျေနပ်လို့လဲ"

မောင်မောင်က စိုးရိမ်တကြီး မေးရှာသည်။ ကျွန်မ ခေါင်းခါရင်း ငြင်းသည်။ ဘာမှ မပြောတော့ပါဘဲနှင့် ပခုံးပေါ်မှ မောင်မောင့်လက်များကို ဖယ်ရှားပြီး အောက်သို့ ဆင်းလာမိသည်။

မောင်မောင် ဖွင့်ပေးသော ကားရှေ့ခန်းမှာပင် ဝင်ထိုင်ရပါသည်။ မောင်မောင်က ကားခေါင်း တည့်ထားသော ကန်တော်ကြီးဘက်သို့ ဆက်၍ မောင်းလာတော့သည်။

"ပျိုးရယ်၊ ပျိုး ငိုနေတာ မောင်မောင် တကယ် ထိခိုက်ရပါတယ်၊ မောင်မောင်တို့အိမ်မှာ ဘာ မကျေနပ်လဲ၊ မာမိက ပျိုးကို စကားထွက်မပြောလို့လား၊ ဟုတ်လား ပျိုး"

"မဟုတ်ပါဘူး မောင်မောင်မှာ ဘာ ရည်ရွယ်ချက် ဘာ အစီအစဉ်မှ မရှိဘဲ ဘာဖြစ်လို့ ပျိုးကို မောင်မောင်တို့အိမ်ကို ခေါ်လာရတာလဲဟင်"

"ဘာရယ်မဟုတ်ဘူး ဆိုပေမယ့် ပျိုးနဲ့ မာမိတို့နဲ့ နီးစပ်အောင် ဆိုတဲ့ အပေါ်တွေးလေးကြောင့်ပါ ပျိုး၊ ပျိုး စိတ်ညစ်ရအောင် ဖြစ်သွားရရင်လည်း မောင်မောင်ကပဲ တောင်းပန်ပါတယ် ပျိုးရယ်"

"မောင်မောင်"

"ဟင်"

"ဦးဦးတို့ရဲ့ ပြဿနာဂယက်ဟာ ပျိုးရဲ့ တည်ငြိမ်မှု ဘဝလေးပေါ်ကို ရိုက်ခတ် ဖုံးလွှမ်းလာလိမ့်မယ်လို့ ပျိုး မထင်ခဲ့မိဘူး၊ ခုတော့ ပျိုးဟာ အို ဝမ်းနည်းတယ် မောင်မောင်၊ သိပ် ဝမ်းနည်းတယ်"

မောင်မောင်က ကားကို ဆက်မမောင်းတော့။ ကန်တော်ကြီး





စောင်းမှာထိုးရပ်ပြီး ချော့မော့နှစ်သိမ့်ရှာပါ၏။ ကျွန်မကခေါင်းမော့ပြီး...

"ဒေါ်နီနီခင်ဆိုတာ ဘယ်သူလဲ မောင်မောင်"

"အို ဒီနာမည် ပျိုးကို ဘယ်သူပြောလဲ"

"မောင်မောင့်ကြီးမေတို့ပေါ့"

"အို တောက်!"

မောင်မောင် သိပ်လှုပ်ရှားသွားသည်။ တစ်ဆက်တည်း ဒေါသလည်း ကြီးသွားကြောင်း နီမြန်းလာသော မောင်မောင့် မျက်နှာက သက်သေခံနေပါ၏။

"မောင်မောင် ခဏလေး လစ်သွားတဲ့ အချိန်မှာ ဖြစ်ရမယ်၊ အံ့ရော၊ နောက် ပျိုး ဘာတွေ သိခဲ့ရသေးလဲဟင်"

"ပျိုးဟာ ရှုပ်ရှုပ်ယှက်ယှက် မိန်းကလေးတဲ့၊ ပြီးတော့ ဒေါ်နီနီခင်တို့ သိသွားမှဖြင့် ဆိုပြီး စကား ပြတ်သွားရော၊ ဒါပါပဲ မောင်မောင်၊ အဲဒီဒေါ်နီနီခင်ဆိုတာ မောင်မောင်နဲ့ ဘယ်လိုများ ပတ်သက်နေလို့လဲဟင်"

"ခုတော့ မပြောပါရစေနဲ့ဦး ပျိုးရယ်၊ မောင်မောင် အေးအေးကျမှ ရှင်းပြပါရစေ၊ ဘာပဲဖြစ်ဖြစ် မောင်မောင်လေ ပျိုးကို တကယ် ချစ်တတ်တဲ့ အချစ်တွေနဲ့ နှစ်နှစ်ကာကာ ချစ်တာပါ ဆိုတာ ပျိုး ယုံပါ အချစ်ရယ်"

"မောင်မောင်ရယ်"

မောင်မောင့်ရင်ခွင်တွင် မျက်နှာအပ်၍ ဖွင့်ငိုလိုက်မိပါသည်။

"ပျိုးလေ မျှော်လင့်ချက်တွေ အများကြီးနဲ့ မောင်မောင်ဆီကို လိုက်လာခဲ့တာပါ၊ ပျိုးရင်ထဲက တစ်သက်မှာ တစ်ခါသာ ဖြစ်တည်မယ့် မေတ္တာ အမြုတေ ရတနာလေးကိုတော့ မချေဖျက်ရက်ပါနဲ့၊ ပျိုး တောင်းပန်ပါတယ် မောင်မောင်ရယ်၊ အချစ်ကြီးသူဟာ စွန့်လွှတ်ရုံးနိမ့်ရမြဲ ဓမ္မတာမို့ ပျိုးကပဲ အနစ်နာတွေခံ၊ အသည်းကွဲခံပြီး မောင်မောင့်ကို စွန့်လွှတ်ပေးရမယ့် အဖြစ်မျိုးတွေလားဟင် မောင်မောင်"

"မဟုတ်ပါဘူး ပျိုး၊ မဟုတ်ပါဘူး၊ မောင်မောင်လေ ပျိုးကျမှ တကယ့်ကိုပဲ နှစ်နှစ်ကာကာ အချစ်တွေနဲ့ ချစ်မိတာပါ ပျိုးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင် ကိုယ်တိုင်ကလည်း ပျိုးကို အဆုံးရှုံး မခံနိုင်ဘူး၊ မစွန့်လွှတ်နိုင်ပါဘူး ပျိုးရယ်”

မောင်မောင့် ရင်ခွင်တွင်းမှာ မောင်မောင့်နှစ်သိမ့်မှု စကားလေးများ ကြားနာနေရင်း အစွန်းထွက်လာသော စကားလေးတစ်ခွန်းကို ကျွန်မ အမှတ်ထားလာမိသည်။

“ပျိုးကျမှ ဟုတ်လား မောင်မောင်၊ ပျိုး ရှေ့မှာ ဘယ်နှယောက်တောင်များ ရှိနေပြီလဲ မောင်မောင်ရယ်၊ ပျိုးဟာ မောင်မောင်ရဲ့ ဘယ်နှယောက်မြောက် ချစ်သူများလဲရှင်”

“မဟုတ်ပါဘူး ပျိုးရယ်”

“ဟုတ်ပါတယ်၊ ဟုတ်မှာပါ၊ မောင်မောင့်ရင်ထဲမှာ အသည်းတစ်ရာ ရှိမယ့်သူပါ”

“ပျိုးကလည်း မဟုတ်ပါဘူး”

“ပျိုးဟာ မောင်မောင်ရဲ့ အချစ်ဦး မဟုတ်တာတော့ သေချာတယ် မဟုတ်လားဟင်၊ ပြောစမ်းပါ မောင်မောင်ရယ်”

မောင်မောင် ငြိမ်နေသည်။

“တကယ်တော့ ပျိုးရဲ့ အမှားပါ မောင်မောင်ရေ၊ ရက်ပိုင်းအတွင်း တွေ့မြင်ရတဲ့သူတစ်ယောက်ကို စွဲစွဲလန်းလန်း ချစ်သွားမိတဲ့ ပျိုးရဲ့ အပြစ်တွေပါရှင်”

မောင်မောင် ရင်မှ ခွာ၍ ရရှိလာသော နောင်တစကားများကို ကျွန်မ ဆိုမိပါပြီ။

“မောင်မောင် ဝန်ခံပါ့မယ် ပျိုး၊ မောင်မောင်ဟာ ဘွဲ့ရပြီး အလုပ်တောင် ဝင်နေတဲ့ အရွယ် ဆိုတော့ ကြုံဆုံခဲ့ရတဲ့ မိန်းကလေးတွေလည်း ရှိခဲ့ဖူးပါတယ်”

“ကြုံရုံဆုံရုံပဲ ဟုတ်လို့လား မောင်မောင်ရယ်”

“ထားပါတော့ ပျိုး၊ ချစ်ခဲ့ဖူးပေမယ့် မေတ္တာတွေဟာ ပေါ့ပျက်လျော့နည်းပါတယ်၊ လမ်းခွဲခဲ့ကြပြီးပါပြီ၊ ပျိုး စွပ်စွဲသလို ရင်ထဲမှာ အသည်းတစ်ရာ ရှိခဲ့ဖူးတယ်ပဲ ထား၊ အဲဒီ အသည်းတွေဟာ ပျိုး ပြောတဲ့ မေတ္တာအမြုတေမရှိတဲ့အသည်းတွေပါ၊ အနှစ်မပါတဲ့ အချစ်





တွေသာ ရှိတဲ့ အသည်းလေးတွေ ခဏ ခိုဝင်လာတာမျိုးပါ ပျိုးရယ်၊ ဒါပေမယ့် ချစ်တတ်တဲ့ အသည်း၊ သစ္စာဆိုဝံ့တဲ့ အသည်း၊ မြတ်နိုးကြင်နာတတ်တဲ့ အသည်းမျိုးကတော့ တစ်ခုတည်းသာ ရှိရမှာပါ၊ အဲဒါ ပျိုး အတွက်။ ပျိုးကို ချစ်ရတဲ့ မောင်မောင့် အသည်းဟာ တကယ့်ကို ချစ်တတ်၊ မြတ်နိုးတတ်တဲ့ အသည်းလေး တစ်မွှာပါ ပျိုးရယ်”

“ဒီစကားတွေဟာ ပျိုးရှေ့က ကိုးဆယ့်ကိုးယောက်ကို ပြောဖူးခဲ့ပြီးပြီ မဟုတ်လားဟင် မောင်မောင်”

“ပျိုး ယုံကြည်လာအောင် အချစ်နဲ့ သက်သေပြဖို့ မောင်မောင့်တာဝန်ပါလေ”

“ဒီမှာ မောင်မောင်”

“ဟင်”

“မောင်မောင့်ဘက်က ဘာတာဝန်တွေ ပျက်ပျက်၊ နောက်ဆုံး ပျိုးကို မုန်းသွား မေ့သွားစေဦးတော့ ပျိုးအနေနဲ့ကတော့ ပျိုးရဲ့အချစ်ဦး မောင်မောင့်ကို တစ်သက်မှာ တစ်ချစ်တည်းသော အသည်းနဲ့ ချစ်မြဲချစ်နေဆဲ ဖြစ်မှာပါလို့ တစ်ခါတည်း ပြောထားလိုက်ပါရစေ အချစ်ရယ်”

“ပျိုး၊ မောင်မောင် သိပ်ချစ်ရတဲ့ ပျိုးရယ်”

မောင်မောင့် ရင်ခွင်တွင်း ပြန်ရောက်သွားသည့်တိုင် ကြည်နူးချမ်းမြေ့ခြင်း မရှိခဲ့ရ။ အပူမျက်ရည်များနှင့်သာ မောင်မောင် ရင်ခွင်မှာ လူးနေခဲ့ရသည်။

“မောင်မောင် တကယ် ကတိပေးပါတယ် ပျိုး၊ မောင်မောင့်ဘက်က ပြဿနာလေးတွေ ရှင်းပြီးရင် ပျိုးကိုပဲ မောင်မောင် ဖြစ်တဲ့နည်းနဲ့ နီးရအောင် မောင်မောင် ကြံဆောင်ပါ့မယ်၊ အချစ် မငိုပါနဲ့ကွယ်”

“မောင်မောင်”

“ဟင် ပျိုး”

“ပျိုးကို လွယ်လွယ်ကူကူနဲ့ လက်ထပ်ရဲတဲ့ သတ္တိ မောင်မောင်



www.burmeseclassic.com

www.burmeseclassic.com



မှာ မရှိဘူးဆိုတာ ပျိုး နားလည်ပါပြီကွယ်၊ ပျိုးကို ပြန်ပို့ပါတော့ မောင်မောင်"

မောင်မောင်က သက်ပြင်းချရင်းမှ...

"နေပါဦးလားကွယ်"

"ပျိုးကို သိပ် မညှဉ်းချင်ပါနဲ့ မောင်မောင်၊ ပျိုး ပြန်ပါရစေတော့"

"ပျိုး ကုန်ဈေးတန်းကိုပဲ ပြန်မှာလား"

သည်တော့မှ ကျွန်မ သတိရလာသည်။ ကိုယ့်အဖြစ်ကမရေရာ၊ နားခိုစရာ အိမ်တစ်ဆောင်ပင် မရှိသည့်အဖြစ်။

ဗိသုကာ အင်ဂျင်နီယာကြီး ကိုရာဇသူသည် ကျွန်မ၏ ဘဝ ရပ်တည်မှုကိုပါ ဖန်တီး တည်ဆောက်ပေးနိုင်မည့် မေတ္တာဗိသုကာ ပညာရှင်အဖြစ်နှင့် မျှော်လင့်ခြင်းကြီးစွာနှင့် လာခဲ့မိသော ကျွန်မမှာ...

"ကုန်ဈေးတန်းက မောင်မောင် မကြိုက်တဲ့ ကိုမင်းထိုက်ရဲ့ အိမ် ပျိုး မပြန်လိုတော့ပါဘူး၊ ဘာပဲဖြစ်ဖြစ် ဒီတစ်ညတော့ ဘဘ တို့ အိမ်ကိုပဲ သွားနေပါတော့မယ်၊ ပျိုးကို စမ်းချောင်း ခေမာလမ်း က ဘဘဦးမျိုးဇင်ရဲ့ အိမ်ကိုပဲ မောင်မောင် လိုက်ပို့ပေးပါတော့နော်၊ ကျေနပ်တယ် မဟုတ်လားဟင် မောင်မောင်"

မောင်မောင်၏ မျက်တော်ဖြေ အနမ်းလေးများကို ငြင်းပယ်ရန် ရှောင်တိမ်းပြီးမှ ကျွန်မတို့ ကန်တော်ကြီးစောင်းမှ ထွက်လျက် စမ်းချောင်းဘက်သို့ လာခဲ့ကြရပါပြီတည်း။

❖ ❖ ❖





## အခန်း[၂၈]

ကျွန်မ ထင်သလို မဟုတ်ပါ။

ဘဘ၏ ဇနီး ဒေါ်လေးညွန့်သည် ကျွန်မကို လိုက်လှဲပျူငှာစွာ ခံရှာပါသည်။ တစ်ခါတစ်ရံ အဆင်မပြေသည့် ကိစ္စလေးများကို လူငယ်ဘက်က တေးမှတ်ထားသော်လည်း လူကြီးများအနေဖြင့် မေ့ပျောက် ခွင့်လွှတ်တတ်ပါကြောင်း ကျွန်မ တွေ့မြင်ရပါပြီ။

ကျွန်မ၏ အဖြစ်ကိုလည်း စာနာ သနားမိပါကြောင်း၊ လိုက်လာနိုင်ကြသည်ကို ခွင့်လွှတ်ပါမည့်အကြောင်းများကို ဝေဝေဆာဆာ ပြော၍ နွေးနွေးထွေးထွေး ဧည့်ခံကြပါသည်။

"လာဟေ့ မောင်ဟန်ထွန်းမြင့်၊ ညနေကပဲ ပျိုး ပြန်ရောက်လာတယ်"

"ဟာ ပျိုး"

ငယ်ပေါင်း မိတ်ဆွေကောင်း တစ်ယောက်ကို ပြန်လည်ဆုံစည်းရသည်သို့ပင် ကိုဟန်ထွန်းမြင့်က လိုက်လှဲစွာ နှုတ်ဆက်ရှာပါ၏။

"ပျိုး နေကောင်းရဲ့လား"

"လူတော့ နေကောင်းပါတယ်"

"ဒါပေါ့ဗျာ၊ စိတ်ကတော့ ဘယ်ကောင်းနိုင်ပါဦးမလဲ"

ဖခင်ဆုံးပြီးစ သမီး၏ ပရိဒေဝကို စာနာဟန်ဖြင့် ကိုဟန်ထွန်းမြင့်က ပြောကြားရှာသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မမှာ ဖခင်ကြီးအတွက် သောကမီးများ အညွန့်မကျိုးသေးဘဲ ရှိနေဆဲ အချိန်တွင် ချစ်သူ၏ ကြင်နာမှုက သံသယ ဝင်စရာ ပြဿနာများ တွေ့ကြုံလာရရုံမက နေရေးထိုင်ရေးအတွက် ခက်ခဲမည့် အဖြစ်ကြောင့် ရင်ထဲ၌ ဆူဝေစွာ ရှုပ်ထွေးလှုပ်ရှားနေမိရပါပြီ။

"အမှုကိုတော့ ရန်ကုန်ကို လွှဲယူပြီး စစ်မယ်လို့ ပြောပါတယ် ပျိုး၊ ဦးစိုးနီရော၊ ဒေါ်မာလာတင်ပါ အင်းစိန်ထောင်ကို ရောက်လာကြမှာပါ၊ သူတို့နဲ့ ဆက်နွယ်ခဲ့တဲ့လူတွေကိုပါ တသီကြီး ဖမ်းမိထားပါပြီ၊ မိတ္ထီလာက ဦးသော်ကလည်း ရှေးဟောင်းပစ္စည်းတွေ ခိုးထုတ်မှုမှာ ပူးပေါင်းကြံစည် ဆောင်ရွက်မှုနဲ့ ဖမ်းထားပါပြီ"

"သြော် ဖြစ်မှဖြစ်ရလေ၊ ဦးသော်ကများ ငွေတွေလည်း ဆုံး လူကလည်း အဖမ်းခံရနဲ့ အင်း၊ လောဘပေါ့လေ၊ ငွေရပေါက်ကို ဖြတ်လမ်းက လိုက်တော့ အန္တရာယ်က ချက်ချင်း ကျရောက်တာပေါ့ ကိုဟန်ထွန်းမြင့်ရယ်၊ ကြောက်စရာပဲရှင်"

"ပျိုးနောက်ကို လိုက်နေဆဲ့ ဂဠုန်အဖွဲ့ကဆိုတဲ့ မန္တလေးက ကျော်ဇင်ဦးတို့ အုပ်စုလည်း ခဏတော့ ခေါ်ပြီး အစစ်ဆေး ခံရသေးတယ်၊ အမှန်တော့ ကျော်ဇင်ဦးတို့ဟာ လူကောင်းတွေပါ၊ ဦးစိုးနီရဲ့ သိမ်းသွင်းမှုထဲကို လောဘစိတ်ဝင်ပြီး ပါသွားရာက နစ်နာ ဆုံးရှုံးသွားကြရတဲ့ အဖြစ်တွေပါ၊ ဒါပေမယ့် ခုတော့ ဦးစိုးနီကို အကြောင်းပြုပြီး မြန်မာ့ ရှေးအမွေအနှစ်တွေဖြစ်တဲ့ အနုပညာစစ်စစ် လက်ရာတွေကို မသမာနည်းနဲ့ ခိုးထုတ်နေကြတဲ့ ဂိုဏ်းကြီးတစ်ခုလုံးကို ဖမ်းမိသွားပါပြီ မကြာခင်ဘဲ စစ်ဆေးပြီး ထိုက်တန်တဲ့ အပြစ်ဒဏ်ကို ခံကြရတော့မှာပါ ပျိုး၊ ဒါပေမယ့် စိတ်မကောင်းစရာတစ်ခုကတော့ ပျိုးရဲ့ဖေဖေ ဦးစိုးဖြူဟာ သူတို့ရဲ့လှည့်ကွက်ထဲမှာ ဓားစာခံ ဖြစ်သွားရတာတော့ ရင်နာစရာပါပဲဗျာ"

"ဒါတော့ ကိုဟန်ထွန်းမြင့်ရယ်၊ ကိုယ့်ရဲ့ မိန်းမ ကိုယ်တိုင်က ကိုယ့်ညီနဲ့ဖောက်ပြန်ပြီး သူတို့နှစ်ယောက် ပူးပေါင်းကြံစည်တဲ့ လှည့်ကွက် ဆိုတော့လည်း ဖေဖေဟာ ယုံယုံကြည်ကြည်နဲ့ ပါသွားရှာတာပေါ့ရှင်"





"အေးဗျာ၊ မိန်းမဖျက်ရင် ပြည်ပျက်တယ် ဆိုတာ ဒေါ်မာလာတင်တို့လို မိန်းမမျိုး ထင်ပါရဲ့၊ ပျိုးအနေနဲ့ကရော သူတို့ပေါ်မှာ ဘယ်လို စွဲချက်တင်စေချင်သလဲ၊ ပျိုး ကိုယ်တိုင်ရော တိုင်ချက်ဖွင့်ဦးမှာလား"

"တော်ပါပြီ ကိုဟန်ထွန်းမြင့်ရယ်၊ သူတို့ အကုသိုလ်နဲ့ သူတို့ပဲ သွားကြပါစေတော့ရှင်၊ ဘဘကရော ကြီးကြီးကပါ အားလုံးကို စွန့်လွှတ် မေ့ပျောက်ပစ်လိုက်ပြီး ဒီအိမ်မှာပဲ နေဖို့ တရားချပါတယ်၊ လိုက်စရာရှိတဲ့ ကိစ္စတွေ ပေါ်လာရင်လည်း ဘဘကပဲ လိုက်ပေးမယ်လို့ ပြောပါတယ်၊ ပျိုးအနေနဲ့ကတော့ ဖြစ်ပြီးသမျှ ကိစ္စတွေ အားလုံး ပြီးဆုံးပြီလို့ သဘောထားလိုက်ပါပြီ"

"ကောင်းပါတယ် ပျိုး၊ အဲဒါပဲကောင်းပါတယ်၊ ဒါနဲ့ မိတ္ထီလာက ရောက်လာတာ ပျိုး တစ်ယောက်တည်းပဲလား"

"မဟုတ်ပါဘူး ကိုဟန်ထွန်းမြင့်၊ ဒေါ်အေးပုံလည်း ပါပါတယ်၊ အဘွားက ထည့်ပေးလိုက်ပါတယ်၊ ပျိုးတို့ ကိုမင်းထိုက်ရဲ့ ကားနဲ့ လာခဲ့ကြတာပါ၊ ဒေါ်အေးပုံက ကိုမင်းထိုက် တိုက်ခန်းမှာ ကျန်ရစ်လို့ ဖုန်းဆက်ထားပါတယ် ကိုမင်းထိုက်က လာပို့မယ်လို့ ပြောပါတယ်"

ကျွန်မ ကုန်ဈေးတန်းသို့ မသွားတော့ပါဘဲနှင့် ဘဘ၏အိမ်သို့ မောင်မောင့်ကို လိုက်ပို့ခိုင်းကြောင်းကိုမူ ထည့်သွင်း မပြောကြားတော့ပါ။ ကိုဟန်ထွန်းမြင့်က...

"အေးဗျာ၊ သီရိပစ္စယာမှာ တွေ့တော့ ကျွန်တော်ဖြင့် ကိုမင်းထိုက်ကို မသင်္ကာလိုက်တာ၊ ဒီလူက တကယ့် စွယ်စုံပဲ၊ လူသိလည်း သိပ်များတာပဲ"

"ဟုတ်တယ်၊ ဂဠုန်အဖွဲ့က ဆိုတဲ့ လူတွေက သူ့အသိတွေ ချည်းပဲကိုး၊ သူက သီရိပစ္စယာက ကျွန်မတို့ အခန်းနဲ့မနီးမဝေးမှာ တည်းတယ်ဆိုတော့ သူ့ကို စောင့်ကြည့်ပေးပါလို့ ခိုင်းထားကြတယ် တဲ့၊ သူကလည်း ဘယ်သူ့မဆို ကူညီတတ်လေတော့ ပျိုးတို့ မိသားစုကို စောင့်ကြည့်ပြီး သတင်းပို့ပေးနေခဲ့တယ် ဆိုပဲ"


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ ပျိုးတို့အခန်းဘက်ကို မှန်ပြောင်းနဲ့ ကြည့်တယ်၊ သတိထား စောင့်ကြည့်နေတာ မြင်တယ်၊ ဒါကြောင့် ပျိုးကို တန်ပြန် ထောက်လှမ်းခိုင်းရတာ"

"ဒါပေမယ့် ပျိုးက အလကားပဲနော်၊ သူ့ ဘက်ကသာ သူသိချင်တာတွေ သိသွားရတယ်"

"ဒါပေမယ့် ပျိုးကို ဖမ်းမိအောင် ကြံစည်တာ သူ မဟုတ်ဘူး ဆိုတာကို ပျိုး သိနေပြီးပါပြီနော်၊ အဲဒီတုန်းက သူက ရိုးရိုးသားသား ခင်မင်မှုနဲ့ ဂျဋ္ဌန်အဖွဲ့က လူတွေရဲ့ ကားပေါ် တက်သွားတာလည်း မြင်ရော အဖွဲ့ထဲကပဲထင်ပြီး ကျွန်တော်က ပျိုးကို အရင် သတိလာပေးနှင့်မိတာ"

"ဟုတ်တယ်၊ ဒါကြောင့် ပျိုးတို့ လစ်ပြေးကြတာပေါ့"

"ကိုမင်းထိုက်ဟာ လူတော်လူကောင်းတစ်ယောက်ပါပဲ၊ သက်သက် ကျွန်တော်တို့က သူ့အပေါ် အထင်လွဲသွားကြရတာ"

ကိုဟန်ထွန်းမြင့် စကားဆုံးသည်နှင့် ခြံထဲသို့ ကားတစ်စီး ဝင်လာသည်။ ကိုမင်းထိုက်၏ လဲန်ရိုဗာပါပင်။ အထုပ်အပိုးများနှင့် ဆင်းလာသော ဒေါ်အေးပုံကို ကျွန်မက မလုံမလဲနှင့် ကြိုဆိုရပါသည်။

ကိုဟန်ထွန်းမြင့် နှင့် ကိုမင်းထိုက်တို့သည်လည်း မှုခင်းများ အကြောင်း၊ သိီရိပစ္စယာ အကြောင်းများကို ပြန်လည်၍ ရင်းနှီးစွာ ပြောကြားပြီးမှ ကိုဟန်ထွန်းမြင့် ပြန်သွားပါတော့သည်။

"သူ့အသွား သဘောကျထားတဲ့ မန္တလေးက သူဌေး ဦးရိုးမောင်ရဲ့ သားလေ၊ သိပ်ချမ်းသာတာပဲတဲ့၊ ပျိုးတော့ ကံကောင်းတာပဲနော်၊ ဝမ်းသာပါတယ်၊ မိမရှိ ဘမရှိနဲ့၊ နေကြပါစေ လွတ်လွတ်လပ်လပ်"

ဘဘဦးမျိုးဇင်၏ ဇနီးက သူ့အိမ်သားများကို သတင်းဖြန့်ဝေနေပါ၏။ ကျွန်မ သူတို့ရှိရာ နောက်ဖေးဘက်သို့ ဆက်၍ မသွားရဲတော့ပါ။ ဘဘ၏ဇနီး ဒေါ်လေးညွန့်သည် ကိုမင်းထိုက်နှင့် ကိုဝင်းထိုက်တို့ကို ရောထွေးသွားပြီ ထင်ပါ၏။

ကျွန်မ အိမ်ရှေ့ ပြန်ထွက်လာသည့်အခါတွင် ဘဘ၏ ဧည့်သည်များရောက်နေ၍ ကိုမင်းထိုက်က ခြေရင်းဘက် ကုလားထိုင်





တွင် ပြောင်းရွှေ့ ထိုင်နေရကြောင်း ကျွန်မ တွေ့ရသည်။

"ပျိုး ကျွန်တော် ပြန်ရတော့မလား၊ ဘာလုပ်ပေးရဦးမလဲ၊ ဘာလိုသေးလဲဟင်"

"တခြား အကူအညီတော့မလိုပါဘူး ကိုမင်းထိုက်ရယ်၊ သွားစရာ မရှိရင် နေပါဦးလားရှင်"

ကျွန်မမှာ ကိုမင်းထိုက်ကို အားကိုးတကြီးနှင့် တားဆီးနေမိပါသည်။

"ဟာ ရပါတယ် ပျိုးရယ်၊ ကျွန်တော်က အားနေတဲ့ လူပါ၊ ပျိုးတို့ အနှောင့်အယှက် ဖြစ်နေမလားလို့ ပြန်ဖို့ တော်ပြီလားလို့ပါ"

"ဒါဖြင့် အိမ်ရှေ့မှာပဲ သွားပြီး စကားပြောကြရအောင်ပါနော်"

တိုက်ဆင်ဝင်၏ ဘေးတွင် ကြိမ်ကုလားထိုင်တစ်စုံ ချထားသော ဧည့်ခန်းငယ်လေးတစ်ခု ရှိပါသေးသည်။ ဘဘတို့၏ လူကြီးစကားဝိုင်းလည်း လွတ်လပ်ပါစေရန် ကျွန်မ ကိုမင်းထိုက်ကို အိမ်ရှေ့သို့ ခေါ်သွားပြီး ထိုင်မိကြသည်နှင့်...

"ပျိုး မျက်နှာမကောင်းဘူး၊ ငိုထားတယ် မဟုတ်လားဟင်၊ ပျိုး ဘာများ ဖြစ်လို့ပါလဲဗျာ"

ကျွန်မ အံကို ခဲ၍ အောက်နှုတ်ခမ်းကို ကိုက်ထားမိသည်။ အလိုလို ဝမ်းနည်း၍ ဝဲလာသော မျက်ရည်များ မကျလာဖြစ်ရန် မနည်း ထိန်းထားရပါသည်။

"ပျိုး ကိုရာ သူနဲ့ လိုက်သွားတယ်လို့ သိရတယ်၊ အဆင်မပြေ ခဲ့ကြဘူးလားဗျာ"

"ကိုမင်းထိုက်ရယ်၊ ပျိုး ဘာက စပြီး ဘာတွေ ပြောရမှန်းတောင် မသိတော့ပါဘူး၊ ပျိုး သိပ်စိတ်ညစ်တာပဲရှင်"

"ဟာ ပျိုးရယ် မငိုပါနဲ့ဗျာ၊ ကျွန်တော် မကြည့်ရက်လွန်းလို့ပါ၊ ကျွန်တော် ဘာလုပ်ပေးရမလဲဟင်"

ကိုမင်းထိုက်၏ စေတနာ စကားစုလေးက ကျွန်မ၏ ဆောင်မြိုက်နေသော ရင်ကို နှင်းတစ်ပွင့် မိုးတစ်စက်ကလေး ပက်ဖျန်းပေးသလိုပါ။ ရင်မအေးသော်လည်း ကြည်မြစွာ ခံစားရသည်ပါ။


www.burmeseclassic.com

www.burmeseclassic.com



"ပျိုး ကိုယ်တိုင်လည်း ဘာလုပ်ရမှန်းတောင် မသိတော့ပါဘူး ကိုမင်းထိုက်ရယ်၊ ပျိုးလေ ကိုမင်းထိုက်ကို မိတ်ဆွေတစ်ယောက်လိုလည်း ခင်မင်မိပါတယ်၊ အစ်ကိုတစ်ယောက်လိုလည်း အားကိုးမိပါတယ်၊ ခုချိန်မှာ ပျိုးရဲ့ တစ်ဦးတည်းသော အားကိုးရာ မိတ်ဆွေကောင်းဟာ ကိုမင်းထိုက်ပါပဲ"

"ပျိုး ကျွန်တော့်ကို ဒီလိုသတ်မှတ်တယ်လို့ သိရတာ ကျွန်တော်လေ တကယ်ပဲ ဝမ်းသာမိပါတယ် ပျိုးရယ်၊ ကဲ ဒီမှာ ပျိုး ဘာတွေ ဖြစ်နေတယ်၊ ဘယ်လို ခံစားနေရတယ်ဆိုတာ ကျွန်တော့်ကို ပြောနိုင်ရင် ပြောပြပါလားဗျာ၊ ဒါမှ ကျွန်တော်က ဘယ်လို အပိုင်းကနေ ကူညီပေးနိုင်မယ် ဆိုတာကို စဉ်းစားယူပါ့မယ်"

"ကိုမင်းထိုက်"

"ပြောပါ ပျိုး"

"ပုဂံတစ်ဝိုက်မှာ ဖြစ်ခဲ့ရတဲ့ အကြောင်းအရာတွေကို မမေ့နိုင်သေးပေမယ့် ဒါတွေက ပြီးဆုံးသွားပြီမို့ တရားနဲ့ ဆက်ပြီး ဖြေရပါပဲရှင်"

"ဟုတ်တာပေါ့ ပျိုး၊ ဒါဖြင့် နောက်ဆက်တွဲ ပြဿနာတွေကိုသာ အလေးအနက်ထားပြီး စဉ်းစားကြရအောင်ပါ"

ကျွန်မ တင်ပြလာမည့် ဇာတ်လမ်းအတွက် ကိုမင်းထိုက်က နိဒါန်းဆင်၍ ပေးသည်။ ကျွန်မက မျက်ရည်စများကို သုတ်သိမ်း၍...

"ပျိုး သူနဲ့ မပြေလည်ခဲ့ဘူး"

"ပျိုး ကိုရာဇသူကို သိပ်ချစ်တာ ကျွန်တော် သိပါတယ်ဗျာ၊ ဘာဖြစ်ကြတာလဲဟင်၊ ကျွန်တော် စိတ်မကောင်းပါဘူး"

"သူကတော့ ပျိုးကို ချော့ချော့မော့မော့ ပြောပါရဲ့၊ ဒါပေမယ့် သူ့မေတ္တာမှာ သံသယ ဝင်စရာတွေ တွေ့လာရပါတယ်၊ ပြီးတော့ သူ့မာမီနဲ့ ကြီးမေဆိုတာတွေကလည်း ပျိုးကို သိပ်ပြီး မနှစ်မြို့ကြဘူး ထင်ပါရဲ့ ကိုမင်းထိုက်ရယ်၊ ပြောရမှာလည်း ရှက်ပါရဲ့"

"ကျွန်တော့်ကို တကယ် ခင်တယ်ဆို မရှက်ပါနဲ့လား ပျိုး၊ ဆက်ပြီး ပြောနိုင်အောင် ကြိုးစားပါလားနော်"





"ပျိုးတို့ ဖြစ်လာခဲ့ကြတဲ့ ပြဿနာတွေကြောင့် ရှုပ်ရှုပ်ယှက်ယှက် ရှိနေတဲ့ မိန်းကလေးဆိုပြီး သူတို့ သတ်မှတ်ထားကြပြီးပြီ"

"ဒါတွေ ပျိုး ဘယ်လိုလုပ် သိလဲ"

"သူက လိုက်ခဲ့ပါဆိုပြီး သူ့အိမ်ကို ခေါ်သွားရာက"

"ဩော် ပျိုးရယ်"

ကျွန်မ မလိုက်ထိုက်ဘဲ လိုက်သွားပါလား ဟူသော အသိဖြင့် ကိုမင်းထိုက်က ကျွန်မကို ကြည့်နေကြောင်း ကျွန်မ သိပါသည်။

"မောင်မောင်က အတင်း ခေါ်လို့ပါ၊ ပျိုးလည်း မဆင်ခြင်ဘဲ လိုက်သွားမိခဲ့ပါတယ်၊ ပြီးတော့ အမျိုးသမီးကြီးတစ်ယောက်ရဲ့ နာမည်ကိုလည်း ကြားခဲ့ရသေးတယ်၊ သူတို့ မိသားစုဟာ အဲဒီ အမျိုးသမီးကြီးကို မလွန်ဆန်ရဲသလိုပဲ"

"ပျိုး တွေ့ခဲ့ရတယ်လား"

"မဟုတ်ဘူး၊ ပျိုးနဲ့ မောင်မောင်ရဲ့ အဖြစ်ကို အဲဒီအမျိုးသမီးကြီး သိရင် အခက်ပဲဆိုပြီး သူတို့ အို... သူတို့ ပျိုးကို လက်မခံချင်ကြဘူးဆိုတာ ပျိုး နားလည်ခဲ့ရပါပြီ"

"လူကြီးတွေအပိုင်းက အသာထားလိုက်ပါ ပျိုး၊ ကိုရာဇသူဟာ အုပ်ထိန်းခံ အရွယ် မဟုတ်တော့ပါဘူး၊ သူကိုယ်တိုင်ရဲ့ ဆုံးဖြတ်ချက်က ဘာတဲ့လဲ"

"သူကတော့ ပျိုးကို တကယ် မေတ္တာရှိတဲ့အကြောင်းနဲ့ ပျိုးကို လက်ထပ်ဖြစ်အောင် သူ ကြိုးစားမယ့်အကြောင်းတွေ ပြောပါတယ် ကိုမင်းထိုက်၊ ဒါပေမယ့်ရှင်..."

"ပြောပါ ပျိုး"

"ပျိုး သိပ်ပြီး ချစ်ရတဲ့ သူ့ရဲ့ ရင်ထဲမှာ အသည်းတစ်ရာ ရှိနှင့်နေတာ သိရတဲ့ အသည်းတစ်ခုနဲ့ မိန်းကလေးရဲ့ရင်မှာ ဘယ်လို ခံစားရမလဲဆိုတာ ကိုမင်းထိုက် စာနာကြည့်ပါတော့ရှင်"

"ဟင်း"

ကိုမင်းထိုက်၏ သက်ပြင်းချသံကို ပီပြင်စွာ ကြားရသည်။ အပြင်တွင် အမှောင်ထုက သိပ်သည်းနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်လုံး လေးလံသော ရင်များကို သယ်ဆောင်ပြီး အချိန်အတော်ကြာသည့်တိုင် စကားမပြောနိုင်ကြပေ။

ကိုမင်းထိုက်က ကျွန်မဘက်သို့ ပြန်လှည့်မလာ၊ နောက်ခိုင်း အနေအထားနှင့်ပင်...

"ပျိုး စောစောက ပြောတဲ့အထဲမှာ ကိုရာဇသူတို့ မိသားစု မလွန်ဆန်နိုင်တဲ့ အမျိုးသမီးကြီးဆိုတာ ပျိုး နာမည် သိခဲ့ရသလား ဟင်၊ ဒေါ်နီနီခင်များ ဖြစ်နေမလား"

"ဟာ ဟုတ်တယ်၊ ဟုတ်တယ်၊ ဒီနာမည်ပဲ၊ ကိုမင်းထိုက် ဘယ်လိုလုပ် သိသလဲဟင်"

"ကိုရာဇသူ ဘာလဲဆိုတာ ကျွန်တော် သိထားပြီးပါပြီ ပျိုး"

"အို ကိုမင်းထိုက်"

ကျွန်မ၏ အသံက ကျယ်လောင်စွာ ပျံ့နှံ့သွားလိမ့်မည် ထင်ပါသည်။ မိုးကောင်းကင်ကြီးပြိုလာပြီ ဆိုသော သတင်းစကား ကြားရလျှင်ပင် ကျွန်မ သည်မျှ အံ့သြမည် မထင်ပါ။ ကျွန်မ ကြားခဲ့ရသော မောင်မောင်တို့ အိမ်၏ တီးတိုးစကားထဲမှ ဒေါ်နီနီခင် ဆိုသည်ကိုပင် သူ သိလို့နေပါလား။

"ကိုမင်းထိုက် လာပါ၊ ထိုင်ပါဦးရှင်၊ ကိုမင်းထိုက် သိသမျှ ပျိုး သိခွင့် ရှိစမ်းပါရစေ"

"မသိချင်ပါနဲ့လား ပျိုးရယ်၊ ကိုရာဇသူနဲ့ပတ်သက်ပြီး ပျိုး ဘာမှ မသိတာ အကောင်းဆုံးပါပဲလေ"

"အို"

ကျွန်မ မနေနိုင်တော့။ ထိုင်ရာမှထပြီး ကိုမင်းထိုက်၏ လက်မောင်းကိုပင် မဆင်မခြင်နှင့် ကိုင်ဆွဲမိသည်။

"လာပါဦး ကိုမင်းထိုက်ရယ်၊ ပျိုးကို မသနားဘူးလားရှင်၊ ပျိုး ဘယ်လောက် သိချင်နေမယ်ဆိုတာ ကိုမင်းထိုက် သိသင့်ပါတယ်၊ ပြောစမ်းပါ၊ ကိုရာဇသူဟာ ဘယ်လို လူလဲ၊ ဒေါ်နီနီခင် ဆိုတာရော ဘယ်သူလဲဟင်"

"ကျွန်တော် မပြောရက်ဘူး ပျိုးရယ်"





"အို ပျိုး ရင်ထိတ်လှပါပြီ၊ သိချင်လှပါပြီရှင်"

"ကိုရာဇသူကိုပဲ ပြန်မေးပါလား ပျိုးရယ်၊ ကျွန်တော့်ဆီကနေပြီး ပျိုး သိမသွားနှင့်စေချင်လွန်းလို့ပါ"

"ကိုမင်းထိုက်၊ ပျိုးကို ဆက်ပြီး ဒုက္ခမပေးချင်ပါနဲ့တော့ရှင်၊ ကာယကံရှင်ကိုပဲ မေးလို့လည်း အဖြေမှန် ထွက်လာမှာ မဟုတ်ပါဘူး၊ ပျိုး တစ်ခွန်းပဲ မေးပါတော့မယ်၊ ပျိုးကို ကိုမင်းထိုက် တကယ်ခင်လား၊ မခင်ဘူးလား၊ တကယ် ခင်မင်တယ် ဆိုရင် သိသမျှ ပြောပြစမ်းပါ ကိုမင်းထိုက်ရယ်"

"ပျိုးရယ်၊ ပျိုးကို ကျွန်တော် သနားလှပါတယ်"

"ပြောစမ်းပါဦး ကိုမင်းထိုက်ရယ်၊ ပြောစမ်းပါရှင်၊ ဒေါ်နီနီခင် ဆိုတာ ဘယ်သူလဲဟင်"

ကျွန်မ အသံ၏ တုန်ခါမှုက ကျွန်မရင်တွင်းမှ လှုပ်ရှားမှုများကို ဖော်ကျူးနေပြီမို့ ကိုမင်းထိုက်မနေသာတော့။ သက်ပြင်းများ အကြိမ်ကြိမ် ချပြီးမှ...

"ဒေါ်ဒေါ်နီနီခင်ဆိုတာ ကိုရာဇသူရဲ့ ယောက္ခမလောင်း"

"အို"

မိုးကြိုးပစ်ခွင်းသံ ကြားရသည်ထက်ပင် ကျယ်လောင် ကြောက်မက်ဖွယ်ရာ စကားစုပါလား။

"ကိုရာဇသူလို လူချော၊ ပညာတတ် တစ်ယောက်မှာ ချစ်သူတွေ ဝိုင်းဝိုင်းလည်နေခဲ့တာတော့ မဆန်းပါဘူး၊ ထားပါတော့၊ ဒါပေမယ့် သူ့မှာ စေ့စပ်ထားပြီးသား 'ရီမွန်ခင်'ရှိနေပါလျက်နဲ့ သိပ်ပြီး အပြစ်ကင်းစင်တဲ့ ပျိုးရဲ့ အသည်းနုနုလေးကို..."

"တော်တော်ပါတော့ ကိုမင်းထိုက်ရယ်၊ ပျိုး မကြားရဲတော့ပါဘူးရှင်ရယ်"

"ဒါပေမယ့် ဒီလို ရှိပါတယ် ပျိုး၊ ကိုရာဇသူတို့က စီးပွားရေးနည်းနည်း လျော့နည်းတယ် ထင်တယ်၊ ဒေါ်နီနီခင်ရဲ့ ကြွေးမြီရှိတယ်၊ ဒါကို ဒေါ်တင်တင်စုတို့က မလွန်ဆန်နိုင်လို့ ဒေါ်နီနီခင်ရဲ့ အလိုကျ စေ့စပ်လိုက်ရတာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပါ"


www.burmeseclassic.com

www.burmeseclassic.com

"တော်ပါ ကိုမင်းထိုက်ရယ်၊ ကြွေးရှိလို့ သမီးကို ချစ်တီးသိမ်းသိမ်းတယ် ဆိုတာ ပျို့တို့ မမွေးဖွားခင်က အဖြစ်အပျက်တွေပါ၊ ဒီ ရီမွန်ခင်ဆိုတာကို သူ မကြိုက်ဘဲနဲ့တော့ စေ့စပ်တဲ့အထိ လက်ခံမှာ မဟုတ်ပါဘူး"

"ကျွန်တော်က ဒေါ်နီနီခင်တို့ မိသားစုနဲ့လည်း သိကျွမ်းပါတယ် ပျို့၊ ရီမွန်ခင်တို့နဲ့ ရာဇသူ သိပ်ပြီးတွဲလှတယ်လို့ မရှိပါဘူး၊ ဘာပဲဖြစ်ဖြစ် ပျို့ရယ်၊ အမျိုးသားတစ်ယောက်ရဲ့ ချစ်မေတ္တာကို ပိုင်ဆိုင်ခွင့် ရရှိခြင်းသည်သာ အဓိကပါ၊ ပျို့ကို ကိုရာဇသူဟာ ချစ်မြတ်နိုးမှာပါလေ"

တွေ့ဆုံရချိန်ကာလ မကြာမြင့်မီအတွင်းမှာ မစူးစမ်း မဆင်ခြင်ပါဘဲနှင့် အချစ်ပေးဝေခြင်း စောမိလေသော မိန်းကလေး တစ်ယောက်အတွက် မျက်ရည်တို့သည်သာ အဖြေ အဖြစ်နှင့် ကျန်ရစ်ရသည်မှာ မဆန်းကျယ်ပါ။ သနားကြင်နာစရာ မရှိပါ။

"ကျွန်တော် စိတ်မကောင်းပါဘူး ပျို့၊ ဒီလို အမင်္ဂလာသတင်းစကားမျိုးကို ကျွန်တော့်ဆီကတစ်ဆင့် ပျို့ မကြားသင့်ပါဘူး၊ ပုဂံမှာထဲက ကျွန်တော် သိနေပေမယ့် မပြောခဲ့ပါဘူး၊ ပျို့ရဲ့ ကိုယ်ပိုင်အသည်းနှလုံးနဲ့ ဆုံးဖြတ်ပိုင်ခွင့် လူငယ်တိုင်းမှာ ရှိပါစေဆိုတဲ့ စိတ်နဲ့ပါ၊ တစ်ခုတော့ ကျွန်တော် တောင်းပန်ချင်ပါတယ် ပျို့"

"ဘာများလဲ ကိုမင်းထိုက်ရယ်"

"ကျွန်တော့်စကား တစ်ခုတည်းကြောင့်တော့ ကိုရာဇသူအပေါ်မှာ ပျို့ မုန်းမသွားနှင့်ပါဦးနဲ့လေ၊ အချိန်အခါတွေ၊ အခြေအနေတွေ စောင့်ပြီးမှ ပျို့ ဆုံးဖြတ်ပါ၊ ချစ်သူနှစ်ဦး ကွဲကွာသွားစေအောင် ကြံဆောင်တဲ့ တရားခံမျိုး ကျွန်တော် မဖြစ်ပါရစေနဲ့လား ပျို့"

"ကိုမင်းထိုက်ဟာ အပြစ်မဲ့ပါတယ်ရှင်၊ ပျို့ မေးလွန်းလို့ ပြောရတယ် ဆိုတာ ပျို့ သိပါတယ်"

မျက်နှာပျက်နေရှာသော ကိုမင်းထိုက်ကို ကျွန်မကပင် အားပေးရပါသည်။ ကိုမင်းထိုက်လို ယောကျ်ားတစ်ယောက်ကို ကျွန်မ အထင်မကြီးဘဲ မနေနိုင်တော့ပါ။ သူကိုယ်တိုင်လည်း ကျွန်မပေါ်တွင်





...တ်ဝင်စားနေပါလျက်နှင့် မောင်မောင်၏ ပြစ်ချက်များကို ကွယ်...က် ထိန်းသိမ်းထားပေးနိုင်သောသူ။

မောင်မောင်၏ အကျင့်သိက္ခာကို အထင်မကြီးနိုင်တော့ပါ။ ...မောင်မောင်၏ မေတ္တာကို မယုံစားနိုင်တော့ပါ။

သို့ပါသော်လည်းရှင်...

"ကိုမင်းထိုက်ရယ်၊ သူ့ဘက်က ဘယ်လိုပဲ လျော့ရဲပေါ့ပျက်တဲ့ ...မေတ္တာတွေ ရှိနေနိုင်ခဲ့ပေမယ့် ပျို့ကတော့ သူ့ကို ချစ်နေမိပြီ၊ ပျို့ရဲ့ ...မေတ္တာတရားဟာ တစ်သက်မှာ တစ်ခါ၊ တစ်ခါမှာ တစ်ချစ် ဆိုတဲ့ ...ပါးလှတဲ့ မေတ္တာမျိုးပါ"

"ပျို့ရဲ့ ရင်ထဲက ခံစားမှုမေတ္တာကို ကျွန်တော် နားလည်ပါ...ယ်ဗျာ"

"သူ့အနေနဲ့ဆိုရင် ပျို့ဟာ နောက်မှ ရောက်လာသူပါ၊ မရီ...မွန်ခင် ဆိုတဲ့ မိန်းကလေးကို ပျို့ ခံစားရတာမျိုး မခံစားရစေချင်...ဘူးရှင်၊ အသည်း နှသူချင်း ကိုယ်ချင်းစာပါတယ်၊ ဒီတော့ ပျို့ ...ာက် ဆုတ်ပေးပါ့မယ်၊ ဒါပေမယ့် လွယ်လွယ်နဲ့ နှုတ်မရတဲ့ ပျို့ ...မေတ္တာတရားတွေဟာတော့ သူ့ပေါ်မှာ ကျရောက်မြဲ ကျရောက်...ဆဲဖြစ်မှာပါ၊ သူကလွဲလို့ သူ့လို နှစ်နှစ်ကာကာ ချစ်ရမယ့် လူမျိုး ...ရဲ့တစ်သက်မှာ ရှာတွေ့မလာနိုင်တော့ပါဘူးလို့ပဲ ပြောပါရစေ"

ကျွန်မ၏ ဆုံးဖြတ်ချက် သစ္စာတရားများကို ဖွင့်အန် ပြောပြ...သည့်နောက်တွင်မူ ပြောစရာ စကားလည်း ကုန်ဆုံးပြီ ထင်မိသည်။ ...ာနွမ်းသော ရင်ဖြင့် ကျွန်မ ငြိမ်နေမိပါသည်။

ကိုမင်းထိုက်သည်လည်း အမှောင်ထု ရှိရာသို့ ငေးစိုက်ကြည့်နေ...သည်။ ဘာစကားမှ တုန့်ပြန်မလာ။ သူကိုယ်တိုင်လည်း ကျွန်မ...ဘယ်လို နှစ်သိမ့်ရမည်မှန်း မသိတတ်နိုင်အောင် ရှိနေရှာသည်...ခင်ပါ၏။ သူလည်း ငြိမ်နေသည်။

ကိုယ်ခန္ဓာများက ငြိမ်နေသော်လည်း စိတ်အတွေးများကမူ ...ာလံသော အရပ်များဆီသို့ လူးလာခတ်နေကြပါသည်။

"ကိုမင်းထိုက်"



www.burmeseclassic.com

www.burmeseclassic.com

"ပြောပါ ပျိုး"

"နက်ဖြန် ညီမလေး မျိုးနဲ့ တွေ့ဖို့ စီစဉ်ထားပါတယ်၊ အဲဒါ ပြီးရင် ပျိုး မိတ္ထီလာကိုပဲ ပြန်ရရင် ကောင်းမယ် ထင်တယ်နော် ရန်ကုန်မှာ ပျိုးအတွက် နေစရာလည်း မရှိဘူး၊ နေလည်း မနေချ တော့ပါဘူး"

"ပျိုး မိတ္ထီလာမှာရော နေချင်လို့လား"

"ဟင့်အင်း၊ အဘွားအိမ်မှာလည်း ပျိုး သိပ်ပျင်းတာပဲ"

"ဒါဖြင့်လည်း လောလောဆယ် ဘာလို့ပြန်မှာလဲ ပျိုး၊ အိမ်မှာ နေရတာရော အဆင်မပြေဘူးလား"

"ဒီမှာနေရတာ အဆင်ပြေပါတယ်၊ အားလုံးက ဂရုစိုက် ပါတယ်၊ ဒါပေမယ့် ပျိုးရဲ့ ရည်ရွယ်ချက်တွေ ပျက်ပြယ်ရပြီ ကိုမ ထိုက်ရယ်"

လဆန်းလျှင် ရန်ကုန်မှာ ဆုံရအောင် ဆိုသော မောင်မောင် အမှာစကားကြောင့် အားတက်သရော လိုက်လာမိသော ကျွန်မ အဖြစ်များကြောင့် ရှက်လည်း ရှက်မိပါရဲ့။

စိတ်ကူးထဲတွင်မူ မခမ်းနားသော လက်ထပ်ခြင်းဖြင့် မော မောင်နှင့် လက်ထပ်ပြီး နေရေးထိုင်ရေးအတွက် ချစ်ဗိသုကာ မောင်မောင့်ကိုပင် တည်ဆောက်ခိုင်းရမည်ဟူသော မျှော်လင့်ချက် များဖြင့်...

"ပျိုး"

"ရှင်"

"အဆုံးအဖြတ်မလော့ပါနဲ့လို့တော့ ကျွန်တော်သတိပေးပါရစေ"

"ဘာကိုလဲ ကိုမင်းထိုက်"

"သြော် လောလောဆယ် မိတ္ထီလာကို ပြန်ပြီး မသွားစေ သေးဘူး၊ အဘွားရဲ့ ဆန္ဒကလည်း တစ်ဖက် ရှိနေသေးတော့ စိတ်ညစ်ရဦးမယ်"

ကိုဝင်းထိုက်နှင့် လက်ဆက်ပါရန် အဘွား၏ စီစဉ်ချက် ကို ကိုမင်းထိုက်က ရည်ညွှန်းသည်။





"ဟုတ်တယ်နော်၊ ဒီတစ်ခါတော့ ကိုမင်းထိုက်ရဲ့ အကြံဉာဏ်ကို ပျိုး လက်ခံပါ့မယ်ရှင်၊ ပျိုး ဘာလုပ်သင့်သလဲ ကိုမင်းထိုက်ရယ်၊ ပျိုးရဲ့ ခေါင်းထဲမှာ ဆူဝေနေပြီ၊ ရင်ထဲမှာ ပူနေပြီမို့ ပျိုးရဲ့ စီစဉ်ချက် တွေဟာ အလွဲလွဲ အချော်ချော် ဖြစ်ချင်ဖြစ်မှာပါ"

"ဒီအိမ်မှာလည်း နေလို့ဖြစ်တယ် ဆိုရင်တော့ ဒီမှာပဲ ခဏ ဆက်ပြီး နေပါဦးလား ပျိုး၊ အချိန်ပိုင်းအတွင်းမှာ အခြေအနေတွေဟာ ပြောင်းလဲချင် ပြောင်းလဲလာမှာပါ"

"ဘာများ ပြောင်းလဲစရာ ရှိသေးလို့လဲ ကိုမင်းထိုက်ရယ်"

"သြော် ရာဇသူဟာ ဒီလောက် ချစ်မြတ်နိုးထိုက်စရာကောင်း တဲ့ မိန်းကလေးတစ်ယောက်ကို သူ လွယ်လွယ်ကူကူနဲ့ စွန့်ပစ်နိုင် လိမ့်မယ်လို့ ကျွန်တော် မထင်ဘူး"

"ကိုမင်းထိုက် တွေးထင်သလို ဖြစ်နိုင်သလား မောင်မောင်ရေ"

ကျွန်မ ရင်ထဲမှ ရွတ်ဆို မြည်တမ်းမိသည်၊ ညာရက်လေခြင်း ဟူသော ရင်နာစိတ်များကလည်း ထုထည်ကြီးသော မေတ္တာများကို ထိပါး တို့တိုက်နေပါပြီ။

"ပျိုး"

"ဟုတ်ကဲ့ ကိုမင်းထိုက်"

"ဒါဖြင့်လည်း ပျိုးနဲ့ ဒေါ်အေးပုံနဲ့ ကျွန်တော့်ရဲ့ တိုက်ခန်းမှာပဲ နေပါလား၊ အင်းယားလမ်းက ကျွန်တော့်ဦးလေးအိမ်မှာ ကျွန်တော် သွားနေပေးမယ်လေ၊ ဟိုမှာဆို ပျိုး လွတ်လပ်တာပေါ့၊ စားသောက် မှုပါ ကျွန်တော် စီစဉ်ထားပါ့မယ်"

"နေပါစေ ကိုမင်းထိုက်ရယ်၊ နေပါစေရှင်၊ ဒီအိမ်မှာလည်း ပျိုး နေလို့ဖြစ်ပါတယ်၊ ပျိုး ထင်သလို မဟုတ်ပါဘူး၊ ပျိုးကို အထူး ပဲ ဂရုစိုက်ကြပါတယ်"

"ဒီလို ပြောလည်ရင်လည်း ဝမ်းသာပါတယ် ပျိုး၊ လောလော ဆယ်မှာတော့ ကျွန်တော် အကြံပေးသလို ပျိုး ရန်ကုန်မှာပဲ နေဦး မယ် မဟုတ်လားဟင်"

"နေပါမယ်၊ ပျိုး ကိုမင်းထိုက်ရဲ့ စကားကို နာယူပါ့မယ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ပျို့ ပြောပြီးပါပြီနော်၊ ဒါပေမယ့် ထပ်ပြီး ပြောပါရစေ၊ ကိုမင်းထိုက်ရင်ထဲက အဖြူရောင်မေတ္တာတွေနဲ့ ပျိုးလေ တကယ် လိုက်လိုက်လှဲလှဲ ခင်မင် အားကိုးမိပါတယ်"

"ကျွန်တော့်ဘက်က ဘယ်လို ခံစားချက်မျိုးပဲ ရှိနေ၊ ရှိနေ ပျိုးဘက်က အခုလို တုန့်ပြန်တဲ့ စကားမျိုး ကြားရတာ ကျွန်တော် ဝမ်းအသာဆုံး ဖြစ်ရပါတယ် ပျိုး၊ ပျိုး အားကိုးပါတယ်ဆိုတာနဲ့ ထိုက်တန် တူမျှရအောင်လည်း ကျွန်တော် ကြိုးစားပေးပါ့မယ်ဗျာ"

"ဘာတွေများလဲရှင်"

"ဒီလိုပဲပေါ့ ပျိုးရယ်၊ ဩော် ဒါနဲ့ ကိုလှဝင်းဆိုတဲ့လူ ပျိုးကို လိုက်ရှာနေတယ်လို့ ကိုဟန်ထွန်းမြင့်တို့က သတင်းရတယ် ဆိုပါလား ပျိုး သိလား"

"ဟင့်အင်း၊ ပျိုး ဘာမှ မသိပါဘူး၊ သူလည်း ဘာမှ လာ မဆက်သွယ်ပါဘူး၊ မောင်မောင် အဲ...ကိုရာဇသူကလည်း ပြောတယ်၊ ပျိုး အကျိုးရှိမယ့် ကိစ္စအတွက် ပျိုးနဲ့ ဆုံချင်ပါတယ်လို့၊ အဲဒီ ကိုလှဝင်းက သူ့ဆီ ဖုန်းဆက်တယ်တဲ့"

"ကောင်းပြီ၊ ဒီကိစ္စ ကျွန်တော့်တာဝန် ထားလိုက်ပါ၊ ကျွန်တော် ဟာ လူသိသိပ်များတာ ပျိုး အသိပါ၊ အဲဒီ ပျောက်ဆုံးသွားတဲ့ ကိုလှဝင်းရဲ့ အဆက်အသွယ်တွေကို ကျွန်တော် သိတယ်"

"တော်ပါတော့ ကိုမင်းထိုက်ရယ်၊ စီးပွားရေးလောဘ ကိစ္စတွေ ပျိုး မကြားသိချင်တော့ပါဘူးနော်"

"ကျွန်တော် ဆောင်ရွက်ပါ့မယ် ပျိုး၊ မျိုးမျိုးနဲ့ ဆုံတဲ့အခါလည်း ပျိုးရဲ့ ရပိုင်ခွင့်တွေကို စွန့်လွှတ်လိုက်ပြီဆိုတဲ့ စကားမျိုးတွေ မပြောလိုက်နဲ့ဦးနော်၊ ပျိုးရဲ့ ရှေ့ရေးတွေ အများကြီးရှိသေးတယ်"

ကျွန်မ ဘဝ၏ သွားရာလမ်းများအတွက်ပါ ကြိုတင် ပူပန်တတ်လေသော ကိုမင်းထိုက်။

ထိုနေ့ ညဦးက လူချင်းခွဲခွာကြကာနီးထိ ကိုမင်းထိုက်၏ နှစ်သိမ့်မှု စေတနာစကားများကိုသာ ဆက်တိုက် ကြားနာနေရပါသတည်း။

❖ ❖ ❖





## အခန်း[၂၉]

မျိုးမျိုး ဖက်၍ ငိုလာတော့ စိတ်မကောင်းမိ။

"မမပျိုးကို မျှော်လိုက်ရတာ၊ လာမယ့်လာတော့လည်း သူများအိမ်ကို၊ မျိုးနဲ့ လာမနေတော့ဘူးလားဟင် မမပျိုးရယ်"

"မငိုပါနဲ့ ညီမလေးရယ်၊ အိမ်ကိုပြန်လာတော့ ဖေဖေ့ကို ပို့ပြီး လွမ်းရမှာမို့ ရုတ်တရက် မလာဖြစ်သေးတာပါ"

"မျိုးကို အားလုံးပစ်ထားရက်ကြတယ်၊ မျိုးနေရာက စဉ်းစားစမ်းပါဦး မမပျိုးရယ်"

မှန်ပါသည်။ ညီမလေးမျိုး၏ အဖြစ်က ကျွန်မထက်ပင် ပိုဆိုးလေမလားပင်။ ကျွန်မနှင့်ထပ်တူ ဖခင်ဆုံးရှုံးမှုကာ မိခင်၏ အဖြစ်ကလည်း ခေါင်းမဖော်နိုင်လောက်အောင် ရှက်ကြောက်ဖွယ်ရာ အဖြစ်ဆိုးကြီးနှင့်ပါ။ ဘာပဲဖြစ်ဖြစ် ညီမလေးအနေနှင့်မူ သူ့မိခင်ဖြစ်သူကို ချစ်သနားခြင်း၊ လွမ်းဆွတ်ကြေကွဲခြင်းများနှင့် အထီးကျန်ဘဝတွင် ရှိနေရရှာသူလေးပါ။

"အဘွားကလည်း အကြာကြီး စောင့်မပေးနိုင်ဘူးတဲ့၊ မေမေ့ ညီမကလည်း ခဏပဲ နေနိုင်မယ်တဲ့၊ သူတို့မိသားစုအားလုံး ပြောင်းလာခဲ့ရမယ် ဆိုရင်တော့ လာနေပေးမယ်တဲ့၊ မျိုးကလည်း ဘာမှဆုံးဖြတ်တတ်တော့ မမပျိုး လာအောင် စောင့်ကြပါဦး ဆိုတော့ သူတို့က..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဘာပြောလဲ"

"ဟုတ်တယ်၊ ဒီတိုက်က မျိုးတို့ ညီအစ်မ ဆိုင်တာတဲ့၊ မျိုးတို့ ညီအစ်မနှစ်ယောက်လုံးက နေပါဆိုမှ သူတို့ နေလို့ ဖြစ်မှာတဲ့၊ မျိုး လာပြီးမှ သူတို့ ဘာလုပ်ရမလဲဆိုတာ သိမယ် ဆိုပြီး မမပျိုး ပြန် အလာကို အားလုံး စောင့်နေကြတာပါ မမပျိုးရယ်"

"သည်လိုတော့လည်း ဘယ်ဆိုးလို့လဲ"ဟူသော အတွေးများဖြင့် ညီမလေးကိုဖက်ရင်း စဉ်းစားရပါ၏။ ဒေါ်မာလာတင်၏ မိသားစုများသည် ကျွန်မကို ဖယ်ထုတ်ပစ်ချင်စိတ် မရှိကြောင်း သိလာရသဖြင့် ကျွန်မအိမ်သို့ ကျွန်မပြန်မည်ဆိုပါလျှင်လည်း မဖြစ်နိုင်စရာ အကြောင်း မရှိပါချေ။

လူတို့မည်သည် တစ်ခါတစ်ရံ မထင်မှတ် မမျှော်လင့်သည့် ကြားကပင် စေတနာထားတတ်ကြပါလား ဟူ၍ ကျွန်မ ကိုယ်တွေ့ ကြုံရပါပြီ။

ကျွန်မ အနေဖြင့် ဘဘအိမ်သို့ မတက်ချင်။ ဒေါ်လေးညွန့်၏ စေတနာကို မယုံရဲ၍...

ကိုယ့်အိမ်သို့လည်း မပြန်လို။ ဒေါ်မာလာတင်၏ ဆွေမျိုးများ က လက်ဝါးကြီးအုပ်ထားပြီး ဖြစ်၍ဟု။

သို့ပါသော်လည်း ဤနှစ်ဌာနလုံးမှ ပြေလည်ခဲ့ပြီ။ မမျှော်လင့် သည်တို့က မျှော်လင့်ထားသည်ထက်ပင် အားတက်စရာ ဖြစ်လာခဲ့ပါ သော်လည်း...

"မောင်မောင်"

အားကိုးလိုက်ရသည့်ဖြစ်ခြင်း။ ကိုယ့်ဘဝရပ်တည်မှုနှင့် ရှေ့သို့ သွားရာလမ်းများကို ဖန်တီးတည်ဆောက်ပေးလေမည့် ချစ်ဗိသုကာ ပညာရှင်ကြီးအဖြစ် တင်စား တွေးထင်၍ မျှော်လင့်ခြင်းကြီးစွာဖြင့် လိုက်ပါလာခဲ့ရပါသော်လည်း...

မောင်မောင်၏ လှိုက်လှဲသော ကြိုဆိုမှုကိုလည်း မခံယူရ။ ရှေ့ ရေးအတွက် ခန့်ခွဲစီမံရန်ဝေးစွ။ ဆွေးနွေးရမည့် အပိုင်းသို့ပင် တက် မလာ။ သစ္စာတရားကိုလည်း ချေဖျက်ရက်သူ။





"မမပျိုး၊ ခုတစ်ခါတည်း အိမ်လိုက်ခဲ့ပါလားဟင်"

ဘေးတွင် ညီမလေး ရှိနေသည်ကိုပင် မေ့လျော့စွာ တွေးနေ မိရာက...

"လာမှာပေါ့ မျိုး၊ ခုတော့ ဘဘတို့အိမ်မှာပဲ ခဏ နေပါရစေ ဦးကွယ်"

"မမပျိုး ရက်စက်ရင်လည်း နေပေါ့"

"မရက်စက်ပါဘူး ညီမလေးရယ်၊ တကယ် တွေးကြည့်ရင် မမ ပျိုး အတွက် အရင်းနှီးဆုံး၊ အချစ်ခင်ရဆုံး လူသားဆိုလို့ ညီမလေး မျိုးပဲ ရှိပါတယ်၊ မမပျိုး ညီမလေးဆီကို လာခဲ့ပါမယ်၊ အခု လော လောဆယ်မှာတော့ မမပျိုး သိပ်စိတ်ညစ်နေလို့ပါ"

"ဟုတ်တယ်၊ အစ်ကိုကလည်း မှာလိုက်တယ်၊ မမပျိုး စိတ် ညစ်ရမယ့် စကားတွေ သွားမပြောနဲ့တဲ့"

"ဘယ်က အစ်ကိုလဲ မျိုး"

"အစ်ကိုမင်းထိုက်လေ"

"ဟင်"

"အခု သူ လိုက်ပို့တာ၊ မျိုးကို တွေ့ရရင် မမပျိုး စိတ်ကြည်လင် လာတန်ကောင်းပါရဲ့တဲ့၊ ဒါကြောင့် သူ လာခေါ်ပေးတာ"

"သြော်...သြော်"

"မျိုးကို နှုတ်က ဘာမှ မပြောကြားဖြစ်ပါသေးသော်လည်း စိတ်ထဲတွင်မူ ကိုမင်းထိုက်၏ စေတနာများကို သိမှတ် ခံယူထား မိပါသည်။

ထိုနေ့က မျိုးမျိုးကို ဒေါ်လေးညွန့်က ထမင်း အတင်းကျွေး ပါသည်။ ကျွန်မ သာမက ကျွန်မ၏ အဆွယ်အပွားကိုပါ စေတနာ ထားရှာသော ဒေါ်လေးညွန့်ကို ကျွန်မ အထင်လွဲမိ၍ စိတ်မကောင်း နိုင်တော့ပါ။ တစ်ခါတစ်ရံတွင် ပတ်ဝန်းကျင်ကြောင့်၊ အခြေအနေ အရပ်ရပ်ကြောင့် လူတို့၏ ရင်ထဲမှ စေတနာစစ်များကို ခေတ္တမျှ ဖုံးအုပ် ကွယ်ပျောက်သွားတတ်ကြသည်။ ဤအခိုက်ကို ကြုံကြိုက်မှု သည်နှင့် တစ်သက်တာ ဆိုးသွမ်းသူအဖြစ် မှတ်ယူ၍ မရစကောင်းပါချေ



www.burmeseclassic.com

www.burmeseclassic.com

တည်း။

ထိုစဉ် ဘဘဦးမျိုးဇင်က...

"အမေ့ဆီက လူကြုံက ပြောခိုင်းလိုက်တယ်၊ ပျိုးကိစ္စပြီးရင် ပျိုးကို ပြန်လွှတ်လိုက်ပါတဲ့၊ မအေးပုလည်း ပြန်ချင်ရော့မယ်တဲ့၊ ဒါ ကြောင့် မျိုးမျိုးနဲ့ ကိစ္စရှိရင် ပြောဆို တိုင်ပင်ကြပြီး အမေ့ဆီ ပြန် လိုက်ဦး"

"အို ကိုမျိုးဇင်ကလည်း ဒီမှာ နေချင်သလောက် နေပါစေရှင်၊ ဘယ့်နှယ် မိတ္ထီလာကို ပြန်ခိုင်းရတာလဲ"

"ငါ့စေတနာကို ငါ့တူမ နားလည်ပါကွယ်"

ဘဘက သည်မျှသာ ပြောပြီး ထမင်းဝိုင်းမှ လက်စသတ်၍ ထသွားသည်။ ဘဘ ပြောသလိုပင် ဘဘတို့၏ စေတနာကို ကျွန်မ နားလည်ပါသည်။ ကျွန်မ၏ အခြေအနေက မိတ္ထီလာသို့ ပြန်သင့် ပြီလား။

ကျွန်မကိုယ်တိုင် မသိပါ။ မဝေခွဲ မဆုံးဖြတ်တတ်ပါ။

"မမပျိုး ငိုင်နေချည်လား"

"ဟုတ်ပါရဲ့၊ ညီမလေး၊ မမပျိုးဆီ လာနေတဲ့အခိုက်မှာ မမ ပျိုးရဲ့ ဆက်ဆံပုံက တစ်မျိုးကြီးဖြစ်နေရင် ခွင့်လွှတ်ပါ မျိုးရယ်၊ မမ ပျိုး သိပ်စိတ်ညစ်နေလို့ပါ၊ ကဲ ပြောစမ်းပါဦး၊ ညီမလေး ဘာပြောချင် လဲ၊ မမပျိုး ဘာလုပ်ပေးရမလဲ"

ကျွန်မတို့ညီအစ်မ ဒေါ်မာလာတင်နှင့် ဦးဦးတို့၏ အမှုကိစ္စ များကို ပြောဆိုကြသည်။ မျိုးမျိုး၏ အဘွားက သူ့သမီးအတွက် အကောင်းဆုံး ရှေ့နေငှား၍ ထုချေမည်ဟု ဆိုပါ၏။ ကြီးမားသော မိဘမေတ္တာ များစွာထဲမှ ပြယုဂ်တစ်ခုပါ။ မျိုးက ဆယ်တန်း စာမေး ပွဲ အကြောင်း၊ နေထိုင်ရေးများအကြောင်းကို ရှင်သောလိုက်၊ ငိုရှိုက် လိုက်ဖြင့် ခံစားမှု ပေါင်းစုံနှင့် ပြောကြားအပြီးတွင်...

"သြော် ကြည့်စမ်း၊ ခုမှ သတိရတယ်၊ ဒီအိမ်က ကားကို မမပျိုး ခဏ ယူလို့ရမလား"

"ဘာလုပ်မလို့လဲ မျိုး"





"မျိုး သွားစရာရှိလို့၊ မမပျိုး ခဏ လိုက်ပို့ပေးပါလားဟင်"

"ဘယ်ကိုလဲ မျိုး"

"မပြောပါရစေနဲ့ မမပျိုးရယ်၊ ခဏလေး လိုက်ပို့ပေးစမ်းပါ"

မျိုး၏ မျက်နှာက အမှန်ပင် အရေးကြီးနေသည့်ဟန်။

"မျိုး အဆက်ကြီးဆီလား၊ ပြောစမ်း၊ ပြောမှ လိုက်ပို့မယ်"

"အဟဲ ဟုတ်တယ်ပဲ ထားလိုက်ပါတော့"

"ဘယ်ကလဲ၊ ဘယ်သူလဲ၊ မိန်းကလေးက ဘာလို့ သွားရမှာလဲ"

ကျွန်မက အိမ်ရှေ့ရှင်မကြီးပမာ မျိုးကို ပြောနေမိသည်။ မောင် မောင့် အိမ်သို့ လိုက်သွားမိသည့်အဖြစ်ကို မျိုးတို့မသိစေရန် တစ်သက် ပတ်လုံး ဖုံးအုပ်ထားရမည့် အဖြစ်ပါ။

အမှန်က ကျွန်မ လမ်း မထွက်ချင်ပါ။ ဘယ်သူနှင့်မှလည်း စကား ပြောချင်စိတ် မရှိပါသော်လည်း ညီမလေးမျိုးကို သနားစိတ်ဖြင့် အလိုလိုက်ချင်၍သာ ကျွန်မ လိုက်ပါမည်ဟု ကတိပြုပြီး အဝတ်အစား များ လဲလှယ်နေမိခိုက်...

"ရော့ မမပျိုး"

"ဟဲ့ ကားသော့ပါလား"

"ဟုတ်တယ်၊ မမပျိုးရဲ့ ကြီးကြီးကို မျိုး သွားဖိန့်ခဲ့ပြီးပြီ၊ ကားယူသွားပါတဲ့၊ ဖယ်မလီယာကို ပျိုး ကျင်ကျင်လည်လည် မောင်း တတ်ပါတယ်တဲ့၊ လာပါ၊ မမပျိုး မမောင်းချင်ရင် လမ်းကျတော့ မျိုး မောင်းပါ့မယ်"

ကျွန်မတို့ ညီအစ်မနှစ်ယောက်လုံး ကားမောင်း တတ်သော် လည်း ပျိုးက ဆယ့်ရှစ်နှစ်မပြည့်သေး၍ ကားမောင်းနှင်ခွင့် လိုင်စင် မရှိသေးပါ။

ကျွန်မက ထပ်ပြီး အခြေအတင် မပြောချင်ပါ၍ မှတ်ပုံတင် အိတ်တွင်းမှ ကားမောင်း လိုင်စင်ကို ထုတ်ယူပြီး ကျွန်မ၏ ပခုံး လွယ်အိတ်လေးထဲသို့ ထည့်၊ ကားသော့ကိုယူပြီး ဒေါ်လေးညွန့်ထံ နှုတ်ဆက်ခွင့်ပန်ပြီး ထွက်လာခဲ့ရပါတော့သည်။ ဘဘ မရှိတော့။ ရုံး ကားနှင့် ရုံးသို့သွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မျိုး မောင်းရမလား"

"နေပါစေ၊ တော်ကြာ ဆပ်ပရိုက်စ် ချက်(က်) နဲ့ တွေ့နေမှ အခက်၊ ကဲ ပြော၊ ဘယ်ကို မောင်းရမလဲ"

ခေမာ လမ်းမှ ထွက်ပြီး ရှမ်းလမ်းအတိုင်း မောင်းနှင်လာရင်း ကျွန်မက မေးရသည်။

"သက်န်းကျွန်း"

"ဟင် အဝေးကြီးပါလား"

"ကားနဲ့ဆို မကြာပါဘူး မမပျိုးရာ၊ ထွက်လာမှတော့ ရောက်အောင်ပဲ ပို့လိုက်ပါတော့နော်"

"အေးပါ၊ ထွက်လာမှတော့ ရောက်အောင်ပဲ ပို့ပေးရတော့မှာပေါ့၊ ကဲ ပြောစမ်း၊ ဘယ်ကကောင်းလေးနဲ့ ချိန်းထားတာလဲ၊ သူတို့အိမ် လိုက်သွားရမှာတော့ အောက်ကျလှပါတယ် မျိုးရယ်၊ အပြင်တစ်နေရာရာမှာဖြစ်ဖြစ် ခေါ်တွေ့ပါလားဟင်"

ကိုယ်တွေ့နှင့်ယှဉ်၍ ဆုံးမနိုင်သောအဖြစ်သို့ ရောက်ခဲ့ပါပြီ။ ကျွန်မ အလေးအနက်ထား၍ ပြောနေသလောက် မျိုးက အရေးတကြီး မရှိဟန်ဖြင့် ပြုံးစစနှင့်။

"မျိုးနော်၊ အသည်းနှလုံးပြဿနာကို ပေါ့ပေါ့တန်တန် သဘောထားပြီး လွယ်လွယ်လေး မဆုံးဖြတ်စမ်းပါနဲ့ ညီမရယ်"

ဤသည်မှာလည်း ကျွန်မ၏ နောင်တများမှ ပေါက်ဖွားလာသောစကားဆိုလျှင်လည်း မမှားတန်ရာပါ။ သည်သို့နှင့် ကျွန်မတို့ သက်န်းကျွန်းကို ရောက်လာခဲ့ကြပါပြီ။

"ဘူတာရုံဘက်ကို မောင်း၊ ကြိုးစက် ရှိတယ်၊ အဲဒီနားက လမ်းကြားထဲ ဝင်ရမယ် မမပျိုး၊ နေဦး၊ ခြံအမှတ် ကြည့်လိုက်ဦးမယ်"

မျိုးက သူ့အိတ်တွင်းမှ မှတ်စုစာအုပ်လေးကို ထုတ်၍ လိပ်စာရှာဖွေနေသည်။ သက်န်းကျွန်းကို ကျွန်မ သိသဖြင့် ကျင်လည်စွာ မောင်း၍ဝင်ခဲ့သည်။ မျိုး ညွှန်ပြသည့်လမ်းသို့ တည့်မတ်စွာ ဝင်လာနိုင်ခဲ့ပါပြီ။

"အစ်မ တစ်ယောက်လုံးလည်း ပါတယ်၊ ကိုယ်ပိုင်ကား မောင်း





ပြီး လာကြတဲ့ တို့ညီအစ်မကို သိပ်ပြီးတော့ဖြင့် အထင်သေးလို့ ကြေမယ် မထင်ပါဘူးလေ၊ မတတ်နိုင်ဘူး၊ မီးစင်ကြည့်ပြီး က,ရတော့မှာပဲ"

"အဲ ဟုတ်ပြီ၊ ခြံအမှတ် ၃၀၆၊ ရှေ့မှာ ရောက်ပြီ၊ ရပ်တော့ မမပျိုး၊ ရပ်တော့..."

မျိုး၏ ဟန့်တားသောစကားကြောင့် ဘရိတ်ကို တစ်ချက်တည်း နင်းချလိုက်ရပါ၏။ ကားလေးက မြောက်ခနဲနေပြီးမှ ရပ်သွားတော့သည်။ ကျွန်မတို့ ညီအစ်မလည်း ယိမ်းယိုင်သွားရပါ၏။

"ချိုးဝင်လိုက်လေ မမပျိုး"

စက်မရပ်မီ ကားကို ချိုးကွေ့ဝင်လိုက်ရသည်။ ခြံက ကျယ်ဝန်းလှသည်။ ရှေးမကျ ခေတ်မဆန်သည့် အလယ်ခေတ်ပုံစံနှင့် နှစ်ထပ်အိမ်ကြီးတစ်ဆောင်။

ဖွင့်ထားဆဲ မျိုး၏မှတ်စုလေးကို ကားသော့ နှုတ်ယူရင်းက ကြည့်လိုက်မိသည်။

ကိုလှဝင်း

ခြံအမှတ် ၃၀၆

ယင်းစာတန်းကို မြင်လိုက်သည်နှင့် ကျွန်မ၏ နှလုံးသားတို့ မြောက်ခုန်တက်သွားလောက်အောင်ပင် အံ့သြခြင်း၊ ကြောက်ရွံ့ခြင်းတို့ ဖြစ်ရပါပြီ။

"ဟင် ကြည့်...ကြည့်စမ်း၊ ဒီ ကိုလှဝင်း ဆိုတာ ဦးဦးတို့နဲ့ တူတူ ကားမှောက်တဲ့လူ မဟုတ်လားဟင်...ဟင်"

"ဟုတ်ပါတယ် ပျိုး"

အသံက မျိုးထံမှ မဟုတ်ပါ။ ကားဘေးတွင် လာရပ်သောလူတစ်ယောက်၏ထံမှ ဖြစ်သည်။ ကျွန်မ မလှုပ်ရှားနိုင်မီမှာပင် သူက ကျွန်မ၏ ဘေးမှ ကားတံခါးကို ဆွဲဖွင့်လိုက်ပြီး...

"ကျွန်တော့်ကို ရန်သူလို သဘောမထားပါနဲ့လားဗျာ၊ ရှေ့ရေးအတွက် ဆွေးနွေးကြရအောင်၊ လာပါ၊ ဆင်းပါ"

ကျွန်မ မျိုးကို ဒေါသဖြင့် လှမ်းကြည့်လိုက်မိသည်။ သည်လို



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာမျိုးကို စောစောကပင် အစ်မအား ပြောကြားသင့်ပါလျက်နှင့် ကိုလှဝင်းဘက်က မျိုး။

ကားပေါ်မှ သူက အရင်ဆင်းနှင့်နေပြီ။

"လာပါ မျိုးရဲ့၊ ဒီရပ်ကွက်က လူကောင်းသူကောင်းတွေ နေတာပါ၊ ကျွန်တော့်ကြောင့် မျိုးတို့ညီအစ်မမှာ အမာရွတ်ကလေးတစ်ခု ထင်မသွားစေပါဘူးဗျာ၊ လာပါ၊ ဆင်းပါ မျိုး"

သူက ရုပ်ရှင်မင်းသားအိုက်တင်နှင့် လက်ဆန့်တန်းရင် ပြောကြားခြင်း ဖြစ်ပါ၏။

ကိုလှဝင်း...

မြင်ရသည်နှင့် လူလည်တစ်ယောက်ဖြစ်ကြောင်း သိသာနိုင်သည်။ ယနေ့ စကားနှင့် ပြောရပါလျှင် မှောင်ခိုရုပ်၊ အသက် သုံးဆယ်ခန့်၊ အသားညိုညို၊ မျက်နှာပုံမလှ။ သွားခေါ်ခေါ်နှင့် အရပ်မြင့်မြင့် ရင်အုပ်ကျယ်ကျယ်နှင့်တော့ ဖြစ်သည်။ ကြောင်ကြောင်ကျားကျား ပိုလီစတား အင်္ကျီပျော့နှင့် ရေစို ဂျင်း ဘဲလ်ဘောင်းဘီနှင့်။

"လာလေ မမမျိုး၊ ခဏလေး စကားပြောပြီး ပြန်ကြမှာပဲ"

မျိုးကို ဆင်းရိုက်ချင်မိသည်။ ဘာမှန်းမသိ၊ ညာမှန်းမသိနှင့် သူက ဒုစရိုက်သမားဘက်က။

"လာပါခင်ဗျာ၊ လာပါ၊ ဟောဒီအောက်ထပ်တင် စကားပြောကြမှာပါ၊ ကျွန်တော့်အစ်မများလည်း အပေါ်ထပ်မှာ ရှိပါတယ်"

မျိုးက အိမ်တွင်းဝင်ရန် ခြေလှမ်းနေပြီမို့ ကျွန်မ မနေသာတော့။ ဒေါသကြောင့် ဆတ်ဆတ်တုန်နေသော ရင်များဖြင့် ကားပေါ်မှ ဆင်းခဲ့မိသည်။

အောက်ထပ်ဧည့်ခန်းက လင်းလင်းချင်းချင်း မြင်မြင်ထင်ထင်မို့ ကျွန်မ ဝံ့ရဲစွာ ဝင်လာခဲ့မိသည်။ ဤဧည့်ခန်းမှ အိမ်ရှေ့သို့လည်း လှမ်းမြင်နေရပါ၍ အကြောင်းရှိလာလျှင် ဟစ်အော် အကူအညီတောင်းနိုင်မှာပါ ဟူသော အတွေးဖြင့် ရဲဆေးတင်ကာ အိမ်တွင်းသို့ ဝင်ခဲ့ရပါပြီ။

"ကျွန်တော့်အပေါ်မှာ မယုံမကြည် ဖြစ်နေတဲ့မျိုးကို အချိန်





ဆွဲနေလို့ မတော်ဘူး၊ ကျွန်တော် ဇိုတိုရှင်းရှင်းပဲ ပြောပါ့မယ်"

"ကောင်းပါတယ်၊ ပြောပါ"

"ကျွန်တော့်လက်ထဲမှာ ဦးစိုးနီပေးလိုက်တဲ့ သေတ္တာတစ်လုံး ရှိနေပါတယ်၊ အဖိုးတန် ရတနာတွေပါမှာ သေချာပါတယ်၊ ကျွန်တော်ကတော့ ဖွင့်မကြည့်ပါဘူး၊ သစ္စာရှိရမယ် မဟုတ်လား"

စကတည်းက ယဉ်သကိုဆိုသလို တကယ့်ကို ယဉ်ပါပေသည်။ မှားလာသည့် ငါးစာကဖြင့် အတုံးလိုက်၊ အတစ်လိုက်ပါပင်။

"ကဲ ဆက်ပြောပါ ကိုလှဝင်း"

"ဒီတော့ ဒီသေတ္တာကို တကယ် ပိုင်ဆိုင်ခွင့်ရှိတဲ့ မျိုးတို့ ညီအစ်မရဲ့ လက်ကို ကျွန်တော် ပြန်အပ်ပါ့မယ်"

"ဆိုပါဦး၊ ဒီအတွက် ကျွန်မတို့က ဘာတွေ ပြန်ပေးရမှာလဲ"

"မလိုပါဘူး မျိုး၊ မျိုးတို့အနေနဲ့ မျိုးတို့ပိုင်တဲ့ ပစ္စည်းထဲက ဘာမှ ပြန်ပေးစရာ မလိုပါဘူး၊ အဲ ဒါပေမယ့် ကျွန်တော် ပိုင်တဲ့ ပစ္စည်းလေးသာ ကျွန်တော် ပြန်လိုချင်ပါတယ်"

"ဘာပစ္စည်းလဲ ကိုလှဝင်း"

"မျိုးဆီမှာ ကျွန်တော့်ပစ္စည်း ရှိနေပါတယ်"

"အို ကျွန်မကို လာမပတ်သက်ပါနဲ့၊ ကျွန်မဆီမှာ ဘာမှ မရှိဘူး၊ ဘယ်တုန်းကမှ ဘာမှ မပေးခဲ့ဘူး"

"ဒီလို အပြတ် မပြောချင်ပါနဲ့ မျိုး၊ မျိုးဆီမှာရှိလို့ ကျွန်တော်နဲ့ အတူ ကျွန်တော့်တပည့်တစ်ယောက်က မျိုးဆီမှာ လာယူဖူးပါတယ်၊ ဦးစိုးနီ ဖုန်းဆက်လို့လေ၊ ဒါပေမယ့် မျိုး မပေးဖြစ်လိုက်ဘူး"

"ကဲ ပေါ်ပြီ မဟုတ်လား။ ကျွန်တော့် ပစ္စည်း ဘာလဲဆိုတာ"

"ဘုရား...ဘုရား ဆင်းတုတော်!"

ကျွန်မနှုတ်မှ အာမေဋိတ်သံပမာ ရွတ်ဖတ်လိုက်မိပါသည်။

"အဲအဲ ဟုတ်တာပေါ့၊ သိပ်ဟုတ်တာပေါ့ဗျာ၊ ကျွန်တော် ကိုးကွယ်ဖို့ ရှားရှားပါးပါး ရှာထားရတဲ့ ပစ္စည်းလေးမို့ ကျွန်တော်ပဲ ပြန်ကိုးကွယ်ထားပါရစေလို့၊ ကျွန်တော့်ကို ပြန်ပေးပါ၊ ဟုတ်လား မျိုး၊ ဟဲဟဲ ဒါပါ၊ အဲဒါလေး လဲလှယ်ရုံပါ"



www.burmeseclassic.com

www.burmeseclassic.com


"ရှင်"

"ပျိုးအနေနဲ့ ဘာမှ မထိခိုက်ပါဘူးနော်၊ ပျိုးတို့ တကယ် ပိုင်ထိုက်တဲ့ ပစ္စည်းတွေ ပြန်ရမှာပါ၊ ဒါကြောင့် ပြောရတာပေါ့၊ ပျိုး အကျိုးရှိမယ့် ကိစ္စပါလို့"

ထိတ်လန့်စွာပင် ကိုလူဝင်းကို ကျွန်မ ကြည့်မိသည်။

"ပျိုးလို့ ပညာတတ် အမျိုးသမီးတစ်ယောက်ကို ကျွန်တော် ယုံပါတယ်၊ ဘယ်အချိန် ဘယ်နေရာမှာ ကျွန်တော့်ပစ္စည်းကို ပြန်ပေးမယ် ဆိုတာသာ ပျိုး ကတိပေးခဲ့ပါ၊ ကျွန်တော့်ဆီမှာရှိနေတဲ့ ပစ္စည်းသေတ္တာကို ကျွန်တော် ခုပဲ ပြန်ပေးလိုက်ပါ့မယ်"

"ကိုလူဝင်း"

လှိုက်လှိုက်လှဲလှဲ ခုန်သော ရင်ကြောင့် ကျွန်မ၏ အသံက တုန်ဟီး ကျယ်လောင်သွားတော့သည်။

"ပျိုး ဘာပြောချင်လို့လဲ၊ ကျွန်တော်ပြောတာ တရားပါတယ်နော်၊ ပြောကြစို့ဆိုရင် ပျိုးဘက်က ကိုယ့်ဆယ့်ကိုး၊ ကျွန်တော့်ဘက်က တစ်ရာနှုန်းပါ"

"ဒီမှာ ကိုလူဝင်း၊ အဲဒီဘုရားကို ရှင် ဘာလုပ်မလို့လဲ၊ ဗုဒ္ဓဘာသာ ဖြစ်ပြီး ဘုရားကို အရင်းပြုတာကတော့ ယုတ်မာ ရိုင်းစိုင်းလွန်းပါတယ်"

"ဟာဗျာ ပျိုးကလည်း ကျွန်တော် ကိုးကွယ်မလို့ပါဆို"

"ဒီဘုရားဟာ မြနဲ့ ရွှေစင်အစစ်နဲ့ ကျောက်သံပတ္တမြားတွေ အပြည့်နဲ့ သိပ်တန်ဖိုးရှိတဲ့ ဘုရား၊ ရှင့်အိမ်မှာ ဘုရားစင်တောင် မမြင်ရဘဲနဲ့ ရှင့်လိုလူ တစ်ယောက်က ကိုးကွယ်မယ်ဆိုတာ ဟုတ်နိုင်ပါ့မလား ကိုလူဝင်းရယ်"

"အငြင်းမပွားချင်ပါနဲ့လား ပျိုး၊ ကျွန်တော်ဟာ ကျွန်တော် ဘာပဲလုပ်လုပ် ကိုယ့်ပစ္စည်း ကိုယ်ပြန်တောင်းတာပဲဗျ၊ ပျိုးရဲ့ပစ္စည်း





ကိုလည်း ကျွန်တော်က ပြန်ပေးမယ့် ဥစ္စာပဲ"

"ဒီဘုရားကို ရှင် ထုခွဲ ရောင်းစားမလို့ မဟုတ်လား"

မခံချင်သော ဒေါသတရားများက ရင်၌ ပေါက်ကွဲလာမိ၍ ကျွန်မ စကားကြောရှည်နေလေမိသလားပင်။

"ဘုရားတော့ ဖွဲ့မစားပါဘူးတဲ့ဗျာ"

"ဒါဖြင့် ရှင်တို့ ရှေးဟောင်း ပစ္စည်းတွေ မှောင်ခိုထုတ်တဲ့ အထဲမှာ အဲဒီ ဆင်းတုတော်မြတ်ကိုပါ ထည့်ရောင်းကြမလို့ မဟုတ်လား"

ကိုလူဝင်းက ကျွန်မကို မခန့်လေးစား ပြုံးရင်း မထေမဲ့မြင်ပုံစံဖြင့် စီးကရက်သောက်ရင်း ကြည့်နေသည်။

"ကြီးကြီးကျယ်ကျယ် တရားဟောမနေပါနဲ့ ပျိုး၊ အလုပ်စကားပဲ ပြောကြရအောင်"

"တခြားနိုင်ငံ ရောက်သွားရင် အရုပ်တစ်ခုနဲ့ တန်းတူ အလှထားတော့မယ့် အဖြစ်မျိုး ရောက်မယ်မှန်း သိရက်နဲ့ ရှေးဟောင်း ရုပ်ပွားတော်တွေကို ရက်ရက်စက်စက် ထုတ်ရောင်းကြတဲ့ လူတွေကို ကျွန်မ ခြေနဲ့ နင်းသတ်ပစ်ချင်တယ်ရှင့်၊ သိလား"

"အိုးဟိုး၊ ဘယ်လိုလဲဗျ၊ လူဝင်း ဘာကောင်လဲဆိုတာ မသိသေးပဲကိုး"

"ရှင်တို့ကြောင့် ကျွန်မအဖေ သေခဲ့ရတယ်၊ ကျွန်မ မကျေပါဘူး၊ ကျွန်မ ဘယ်ကလာပြီး ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ရှင် မသိသေးပဲကိုး၊ ရှင် ပေးမယ်ဆိုတဲ့ ပစ္စည်းကိုလည်း ကျွန်မ တစ်ခုမှ မယူလိုပါဘူး၊ ရှင် လိုချင်တဲ့ ဘုရားလည်း ကျောက်ပန်းတောင်း ရဲစခန်းမှာ အပ်ခဲ့ပြီး တောင်တွင်းကြီး ဦးသုမနကျောင်းက ဓားပြတိုက်ယူသွားတဲ့ ဘုရားကိုလေ၊ ကဲ ရှင်နဲ့ ကျွန်မနဲ့ ကိစ္စပြတ်ကြပါပြီ၊ ထော မျိုး ပြန်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းဘာသာရပ်နှင့် ဘွဲ့ရခဲ့သူမို့ ကျွန်မမှာ မြန်မာ့ရှေးဟောင်း အနုပညာအမွေအနှစ်များကို အမြတ်တနိုး တန်ဖိုးထားတတ်လွန်းသူ ပါ။ ယခု ကိုလူဝင်းတို့လို မျိုးဖျက်သစ္စာဖောက် မှောင်ခိုလုပ်ငန်းရှင် မျိုးကို ရွံမုန်းလွန်းရသည့်အထဲ ဦးဦးတို့နှင့် တစ်ကြိတ်တည်း တစ ညာဏ်တည်း ကြံစည်ကြပြီး ကျွန်မ၏ ဖေဖေကို သေပန်းမပွင့်အောင် လုပ်ရက်ခဲ့ကြလေသူမို့ ကျွန်မ မုန်းတီးနာကျည်းလွန်းစွာဖြင့် တုန်တုန် ရီရီ ပြောပြီး မျိုးလက်ကို ဆွဲ၍ မတ်တပ်ရပ်မိကြလျှင်ပင်...

"ဒီလို ဘယ်ရမလဲပျိုး"

သူက လုစ်ခနဲထွက်ပြီး အခန်းဝမှ ခါးထောက်ရပ်ရင်း ပြော လိုက်သည်။ ဘယ်က ရောက်လာသည် မသိ၊ ဖိနပ်ချွတ်တွင် ဘောင်း ဘီနှင့် လူနှစ်ယောက်၊ ရုပ်တွေက ခပ်မိုက်မိုက်။

"လူဝင်း ဆိုတာကို ဒီလို တစ်ပတ်ရိုက်လို့ မရဘူး အမိ၊ ဦး စိုးနီက ခင်ဗျားဆီမှာ ရှိနေတယ်လို့ အသေအချာ ပြောခဲ့တာပဲ"

"မရှိဘူး၊ မရှိဘူး၊ ရှင် ဖယ်နော်"

"ဘယ်ရမလဲ၊ ကျုပ်တို့လို ရှေးဟောင်းပစ္စည်းတွေ မှောင်ခိုတဲ့ အဖွဲ့ကြီးဟာ ခင်ဗျားလို ပမွှားမိန်းကလေးရဲ့ လှည့်ကွက်ကို ခံရ,ရ ရောတဲ့လားဗျ"

"ရှင် ဖယ်နော်၊ ကျွန်မ အော်လိုက်မယ်"

"ပြန်ထိုင်စမ်းပါ ပျိုး၊ ဒီလောက် ပြေပြေလည်လည် ပြော နေရက်နဲ့ ရုတ်ရုတ်သည်းသည်း မလုပ်ချင်စမ်းပါနဲ့"

သူက လေပျော့သွားသည်။ ကျွန်မကိုယ်တိုင်လည်း ရုတ်ရုတ် သည်းသည်း မလုပ်ချင်ပါ။ ရဲဌာနရောက်ရ၊
အဖြစ်မျိုးကို ယခုနေအခါ ကျွန်မ အဖြစ်မခံချင်ပါ။

"မအော်စေချင်ရင် ရှင်ဖယ်ပါ၊ ကျွန်မလည်း ကျွန်မလမ်းကို ကျွန်မ ပြန်ပါ့မယ်"

ကျွန်မက ဒေါသနှင့် ပြောရင်း မျိုးလက်ကိုဆွဲပြီး သူ့ရှေ့မှ ဖြတ်တိုက်၍ ထွက်လာခဲ့သည်။

သူ့လူ နှစ်ယောက်က ကျွန်မ ရှေ့မှ ကာဆီးထားကြသည်။



ယခုအခါ ကျွန်မတို့ညီအစ်မမှာ အမျိုးသားသုံးယောက်၏ ညှပ်ပိတ် ဝန်းရံခြင်းကို ခံနေရပါပြီ။

ယခုမှ မျိုးက တစ်ကိုယ်လုံး တုန်နေရှာသည်။ အန္တရာယ် သားရဲတွင်းထဲသို့ ခုန်ဆင်းရသည့်အဖြစ်မျိုးမှန်း သူ ယခုမှ တွေး တတ်လာပုံရသည်။ ကျွန်မမှာ အခြေအနေအရပ်ရပ်ကို မရှင်းတတ် တော့ပါဘဲနှင့် ကြောက်ရွံ့ခြင်းက ရင်ပွင့်ကွဲမတတ် ရှိနေရဆဲ အချိန် တွင်...

"ဟာ ကားတစ်စီး"

ခြံတွင်းသို့ အရှိန်နှင့် ချိုးကွေ့လာသော လဲန်ရိုဗာ...

ဆင်းလာသူက ကိုမင်းထိုက်...

ကိုလူဝင်း၏ လူနှစ်ယောက်က ရှဲသွားကြသည်။ တစ်ယောက် က အိမ်ထဲ၊ တစ်ယောက်က အပေါ်ထပ်လှေကား အတိုင်း တက် သွားကြသည်။

မတရားလုပ်ထားသူများသည် ကြောက်စရာရှိလျှင် နှစ်ယောက် မရှိ။ ကိုလူဝင်း မျက်နှာတွင် သွေးမရှိတော့။

"ပြောလေ ပျိုး၊ ဘာဖြစ်နေကြတာလဲဟင်"

ကိုမင်းထိုက်က ကျွန်မတို့နားသို့ ပြေးကပ်လာရင်း မေးလိုက် ခြင်း ဖြစ်ပါ၏။

"ဘာ...ဘာမှ မဟုတ်တော့ပါဘူး ကိုမင်းထိုက်ရယ်၊ လာ လာ ပြန်ကြမယ်"

"နေစမ်းပါဦး၊ ပျိုးတို့ တစ်ခုခု ဖြစ်နေကြပါတယ်၊ ကျွန်တော့် ကို ပြောစမ်းပါ၊ ဒီလူနဲ့ ပျိုးတို့နဲ့ ဘာဖြစ်နေကြတာလဲ၊ သူဟာ မျိုး ပြောထားဖူးတဲ့ ကိုလူဝင်း ဆိုတာ မဟုတ်လား"

ပြဿနာကို အပြတ်ရှင်းချင်သော ကိုမင်းထိုက်က အတင်း လိုက်၍ မေးနေသည်။

ကျွန်မ မနေသာတော့။ ရင်းရင်းနှီးနှီး ရဲရဲတင်းတင်းပင် ကို မင်းထိုက်၏ လက်မောင်းကို အတင်းဆွဲလျက် အိမ်ထဲမှ ထွက်လာခဲ့ မိသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုလှဝင်းက အံ့သြရင်း ကျန်ရစ်သည်။

"ထားပါ၊ ပျိုး ပြီးမှ အားလုံးရှင်းပြမယ်၊ ပျိုးတို့ ဘာမှ မဖြစ်ကြပါဘူး၊ စကားများရုံလောက်ပါ"

"နေဦးလေ ပျိုးရဲ့၊ ဒီကောင့်ကို..."

ကိုမင်းထိုက်က ရန်းရင်း ပြောနေပါ၍ ကျွန်မ အတင်းပြန်ဆွဲရာက...

"ဒီမှာ ပျိုးတို့ ပြဿနာ မဖြစ်ပါရစေနဲ့လား ကိုမင်းထိုက်၊ ပျိုးတို့လည်း ဘာမှ မထိခိုက်ခဲ့ကြပါဘူး၊ ပျိုးစကားကို နားထောင်ပါ၊ လာပါ ပြန်ကြပါစို့နော်"

သည်တော့မှ ကိုမင်းထိုက်က အသာတကြည် လိုက်လာခဲ့ပါသည်။

ကျွန်မ၏ ကားရှေ့မှ စက်နှိုးပြီးလေမှ သူ့ကားက နောက်က လိုက်ထွက်လာသည်။

"သေချင်တာပဲ မမပျိုးရယ်၊ သူက မျိုးကို တောင်းတောင်းပန်ပန်နဲ့ တယ်လီဖုန်းထဲက ပြောတယ်၊ အဲဒီနေရာကို ပျိုးကို ခေါ်လာခဲ့ပါတဲ့၊ မာမီတို့ကိစ္စလည်း ဆွေးနွေးကြမယ်၊ လွတ်အောင် စီစဉ်ပေးမယ်တဲ့၊ ပြီးတော့လည်း စောစောက သူပြောသလို မျိုးတို့အကျိုးရှိမယ့် ကိစ္စပါ၊ ပျိုးကို ဘာမှမပြောဘဲ ဆက်ဆက်လာပါလို့ ပြောတာ မျိုးလည်း ယုံသွားမိတယ်၊ ဒါကြောင့် မမပျိုးကို ညာခေါ်လာမိတယ်"

"နောက် တစ်သက်လုံး မှတ်ထားစမ်း မျိုး၊ သူများပြောတာကို ဘယ်တော့မှ မယုံလွယ်ရဘူး၊ ခုကိစ္စမျိုးမှာ မမပျိုးကို ကြိုပြီး ပြောထားဖို့ သင့်တာပေါ့၊ ကိုမင်းထိုက်လို လူတစ်ယောက်ဖြစ်ဖြစ် ခေါ်လာမှာပေါ့၊ မျိုး သိပ်မိုက်ပါလားကွယ်"

ညီမငယ်၏ နုနယ်သော အတွေးအခေါ်လေးများကို မချိတင်ကဲနှင့် ကျွန်မ အပြစ်တင်နေမိသည်။

"ဟော အစ်ကိုမင်းထိုက် ကား ကျော်တက်ပြီး ရပ်ခိုင်းနေပြီ"

သက်န်းကျွန်းက ထွက်ပြီး မြင်းပြိုင်ကွင်းဟောင်း၏ဘေးတွင်





ကိုမင်းထိုက်၏ ကားနောက်မှ ကျွန်မကားကို ရပ်လိုက်ရပါ၏။ ကိုမင်းထိုက်က အမြန်ဆုံးနှုန်းနှင့် ကျွန်မတို့ ကားနားသို့ ပြေးလာရှာသည်။ ကျွန်မကပင် စတင်၍...

"ဘယ်လိုသိပြီးများ လိုက်လာတာလဲ ကိုမင်းထိုက်ရယ်၊ ဝမ်းသာအားရှိလိုက်တာ"

"ပျိုးတို့ ဘာဖြစ်ကြတာလဲသာ အရင် ပြောစမ်းပါဦးဗျာ"

ကိုမင်းထိုက် သိပ်စိတ်ပူနေပုံရပေသည်။ လှုပ်လှုပ်ရှားရှားလည်း ဖြစ်နေရှာပါ၏၊ တစ်စုံတစ်ခုအတွက်လည်း အခဲမကြေ ဖြစ်နေပုံရပါ၍ ကျွန်မက မျိုးခေါ်လာသည်မှ ကိုလှဝင်းနှင့် ဆုံခဲ့ရပုံများကို အသေးစိတ် ပြောပြမိသည်။

"ကျွန်တော် ထင်တယ်၊ မျိုးဆီကို ကျွန်တော် မနက်စောစောက ရောက်တယ်၊ အဲဒါက ပျိုးဆီကို သွားတွေ့ဖို့၊ အားပေးဖို့၊ ပျိုး စိတ်လေး‌ေား ကြည်လာစေဖို့ အတွက်ပါ"

"ဪ ရှင်"

"အဲဒီအချိန်မှာ မျိုးက ကိုလှဝင်း ဖုန်းဆက်ကြောင်းနဲ့ သူ့လိပ်စာ ပြတယ်၊ သွားချင်ပုံလည်းရတယ်၊ ဒါနဲ့ ကျွန်တော်လည်း လိုလိုမယ်မယ်ဆို မှတ်ထားလိုက်မိတယ်၊ ဒီလောက်မြန်မြန်ကြီး သွားဖြစ်လိမ့်မယ်လို့ ကျွန်တော် နည်းနည်းမှ မထင်မိဘူး၊ မိုက်ပါဘိ မျိုးရာ"

"ကိုမင်းထိုက် ဘယ်လိုသိလို့ လိုက်လာတာလဲဟင်"

"ခေမာလ ်းအိမ်ကို သွားတော့ အန်တီညွန့်က ပြောလိုက်တာ၊ မျိုးက ကား ခဏယူသွားပါရစေ၊ သူတို့ ညီအစ်မ သင်္ကန်းကျွန်းသွားစရာရှိလို့ပါ ဆိုလို့ ကားပေးလိုက်တယ်လည်း ကြားရော ကိုလှဝင်း ဆီပဲ သွားမှာပဲ ဆိုပြီး ချက်ချင်းလိုက်လာခဲ့မိပေလို့သာပေါ့ ပျိုးရယ်၊ ကြည့်ပါဦး၊ အံ့ရောဗျာ"

"မျိုးအပြစ်တွေပါ အစ်ကိုမင်းထိုက်ရယ်"

မျိုး ငိုသည်။

အငယ်လေး ငိုပြန်တော့လည်း ကျွန်မနှင့် ကိုမင်းထိုက်တို့ စိတ်မကောင်းနိုင်ကြပါ။ သူ့ကိုပင် ကျွန်မတို့ နှစ်ယောက်စလုံးက


www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်ချော့မော့ကြရသည်။

ကိုမင်းထိုက်သည် မျိုးနှင့်လည်း ရင်းရင်းနှီးနှီး ရှိသည်။ ကျွန်မ၏ အိမ်သို့ သွားရောက်၍ မျိုးနှင့် ပြေပြေလည်လည် ဆွေးနွေးလာနိုင်ခဲ့သည်။

"မျိုးပြောသလို ပြီးတာတွေပြီးပါစေဆိုပြီး ထားလို့ မဖြစ်ဘူး၊ ကိုလူဝင်းလို လူတစ်ယောက်ရှိနေရင် မြွေများ တစ်ရစ်ချင်းမျိုသလို ဖြစ်လိမ့်မယ်၊ မြန်မာ့ရတနာစစ် အနုပညာ အမွေအနှစ်တွေ ကြာရင် ကုန်တော့မယ်၊ သူနဲ့ သူ့ဇာတ်ကြောင်းတွေကို သက်ဆိုင်ရာကို ကျွန်တော် တိုင်ချက်ဖွင့်မယ် မျိုး၊ ဘယ့်နဲ့ဗျာ၊ အနုပညာပစ္စည်း ပြည်ပခိုးထုတ်တဲ့ အလုပ်ဟာ တိုင်းပြည်ရဲ့ရင်ကို ခွဲပြီး အသည်းနှလုံးကို ထုတ်ယူတာပဲ မျိုးရဲ့"

ကျွန်မ ဘာမှ မပြောတော့ပါ။ ကိုလူဝင်းဘက်ကလည်း ကွယ်ကာ၍ ပေးမနေချင်တော့။ ကိုမင်းထိုက်သာ တော်သလို စီစဉ်ပါစေလေတော့။

"ပြီးတော့ မျိုးကို ပေးမယ့် ရတနာသေတ္တာ ဆိုတာလည်း အလကားပါ၊ မျှားယူတာ၊ သူ ယူထားပြီးရောပေါ့၊ အတုတွေ ထည့်ချင်ထည့်ထားမှာပေါ့"

"မျိုးလည်း ရိပ်မိပါတယ်"

"ဒီတော့ ကိုလူဝင်း တစ်ကဏ္ဍကို ကျွန်တော်ပဲ ရှင်းလိုက်ပါ့မယ်၊ ဒါဆိုရင် မျိုးအတွက် ပြင်ပ လူမှုရေး အရှုပ်အထွေးတွေ အားလုံး ပြီးပြေပါပြီနော် မျိုး"

"မျိုးရဲ့ နေရေးထိုင်ရေးက ရှိပါသေးရှင်"

"ဒါကတော့ မျိုးရဲ့ နှလုံးသားရေးရာ ဆုံးဖြတ်ချက်ပေါ်မှာ မူတည်ပြီးမှ စီစဉ်ရမယ့် အပိုင်းပါ"

"မျိုးအနေနဲ့ နှလုံးသားရေးရာမှာ ဘာများ ဆုံးဖြတ်စရာ ရှိတော့လို့လဲ ကိုမင်းထိုက်ရယ်"

"မဟုတ်သေးဘူး မျိုး၊ မျိုး ရာဇသူကို တကယ် စွန့်လွှတ်နိုင်လို့လား"





"ရင်ထဲကတော့ မစွန့်လွှတ်နိုင်ပါဘူးရှင်၊ ဒါပေမယ့် ပြင်ပသတ်မှတ်ခွင့်အနေနဲ့တော့ မျိုးက နောက်ဆုတ်ပေးရမှာပဲပေါ့၊ တခြားဖက်မှာက မျိုးထက် ပိုင်ဦးသူ ရှိနေပြီပဲလေ"

"ကိုရာဇသူနဲ့ ဆွေးနွေးကြည့်ပါဦး မျိုး၊ ကျွန်တော်လည်း သူနဲ့ တွေ့နိုင်အောင် ကြိုးစားပါဦးမယ်"

"မျိုး ရှက်လှပါပြီရှင်၊ သူ့ကို တွေ့ရင် မျိုး ငိုရရုံက လွဲလို့ ဘာများ တတ်နိုင်မှာတဲ့လဲ ကိုမင်းထိုက်ရယ်"

"အင်း ခက်တယ် မျိုးရယ်၊ ဒါပေမယ့် ကျွန်တော် ညှိနှိုင်းကြည့်ပါဦးမယ်လေ"

"တော်ပါပြီ ကိုမင်းထိုက်၊ ရှင်ဟာ မျိုးအတွက် ဘာကြောင့်များ ဒီလောက် ဦးဆောင်နေရတာလဲရှင်၊ မမောသေးဘူးလား"

"မမောပါဘူး မျိုး၊ မမောပါဘူးဗျာ၊ စေတနာသက်သက်နဲ့ပါ၊ မျိုးတို့ ချစ်သူနှစ်ဦး ပြေလည်ကြမယ်၊ မျိုး စိတ်ချမ်းသာမယ်ဆိုရင် ကျွန်တော့်ရဲ့ အသွေးအသားတွေ ထုတ်နှုတ်ပေးလိုက်ချင်တဲ့အထိ စေတနာရှိမိတဲ့ ကျွန်တော်ပါ"

"ကျေးဇူးတင်ပါတယ် ကိုမင်းထိုက်၊ ဒါပေမယ့် မျိုးအတွက် ဘာမှ ဆက်ပြီး မကြိုးစားပါနဲ့တော့လားရှင်"

"မျိုး"

"ပြန်ကြပါစို့လားနော်၊ မျိုး ကားကို အကြာကြီးမသုံးချင်လို့ပါ"

"ကျွန်တော် တစ်ခု ပြောပါရစေဦး မျိုး"

"ဟုတ်ကဲ့ ပြောပါ"

"မျိုးကို ကျွန်တော် လက်ဆောင်တစ်ခု ပေးမလို့"

"ဟာ မျိုး မလိုချင်ဘူး၊ ဒါမျိုးတော့ မလုပ်ပါနဲ့"

"သိပ်အဖိုးတန်တဲ့ ရတနာပါ မျိုး"

"အိုး"

"ဒါပေမယ့် စိန်ရွှေ စတဲ့ အသုံးအဆောင်ပစ္စည်းထဲက မဟုတ်ပါဘူး"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ပျိုးအတွက် ပန်းချီကားတစ်ချပ် ဆွဲနေပါတယ်"

"သြော် ရှင်"

"အဲဒီမှာ ကျွန်တော့်ရင်ထဲက စေတနာတွေ အရောင်တွေ အားလုံး ထည့်သုံးထားပါတယ် ပျိုး၊ အနုစိပ်မှုန်းပြီးရင် ကျွန်တော် လာပေးပါရစေနော်"

ရွှန်းလက်သော ကိုမင်းထိုက်၏ မျက်ဝန်းအစုံကိုသာ ငေးကြည့်မိသည်။ ကျွန်မ ဘာအဖြေမှ မပေးမိ။

"အနုပညာကို မြတ်နိုးတတ်တဲ့ ပျိုးဟာ ကျွန်တော့်ရဲ့ လက်ဆောင်ကိုတော့ မငြင်းသင့်ပါဘူးနော်"

မှုန်ရီသော အကြည့်များဖြင့် ငေးနေရာက ကျွန်မ ခေါင်းညိတ်ပြလိုက်မိပါသည်။

မြင်ပြိုင်ကွင်းမှ အပြန်လမ်းတွင်...

ကိုလှဝင်း ပြဿနာပြီးဆုံး၍ ရင်၌ ပေါ့ပါးရွှင်လန်းနေရမည့် အစား လေးလံသော ဝေဒနာတစ်ရပ်ကို သယ်ပိုးလာရသလိုပါ။

ကိုမင်းထိုက်၏ကားကို ကျော်တက်ပြီး သူ မျက်ခြေပြတ်သွားရလေအောင် ကားပြေးနှုန်းကို မြှင့်၍ ကျွန်မ မောင်းနှင် လာမိပါပြီတည်း။

❖ ❖ ❖





## အခန်း[၃၀]

"သြော် မောင်မောင်ရယ်၊ ပျိုးဆီကို လာသေးတယ်နော်"

"ဘယ်လို ပြောလိုက်တာလဲ ပျိုး"

"ရီမွန်ခင်က ခွင့်ပြုပါ့မလားရှင်"

"ဟင်"

"မောင်မောင်ရယ်၊ ရင်ထဲမှာ အသည်းတစ်ရာရှိတဲ့ လူအဖို့ ဝေဒနာဆိုတဲ့ ခံစားမှု မရှိပေမယ့် အသည်းတစ်ခုမှာ အချစ်တစ်ခုသာ ရှိတတ်တဲ့ ပျိုးအဖို့တော့ ရင်ကွဲမတတ် ခံစားရပါတယ်ရှင်"

သူ ဘာမှ မပြော။ ကျွန်မ ငိုရှိုက်နေသည်ကိုသာ ငေးကြည့်နေပါ၏။ ကျွန်မ မောင်မောင့်ကို စိတ်နာပါသည်။ ပိုင်ဆိုင်မှု ငါးဆယ် ရာခိုင်နှုန်း ရှိနေပြီးသော ရီမွန်ခင် သူ့ဘေးတွင် ရှိနေပါလျက်နှင့် ကျွန်မ၏ မေတ္တာကို လွယ်လွယ်လေး လှမ်းယူသွားရက်သူမို့ပါ။

ကျွန်မအနေနှင့်မူ...

မောင်မောင့်ကို စိတ်နာသည် မှန်သော်လည်း မမုန်းနိုင်ပါ။ နောက်မှ ရောက်လာသူ ကျွန်မက နောက်ချန် နေရစ်ပေးရမည်ကို သိလာရပြီမို့ မောင်မောင့်ကို နှမြောတသစွာဖြင့် လွှမ်းဆွတ်ကြေကွဲစွာ ကျန်ရစ်ရမည်ပါ။

တစ်သက်မှာ တစ်ခါသာဖူးသည့် မေတ္တာဦးကို မောင်မောင် ခြွေခူး၍ အညွန့်ကျိုးခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ယင်းနေရာမှ နောက်ထပ် မေတ္တာပန်းတစ်ပွင့် ဘယ်သောအခါမှ ပွင့်မလာနိုင်သည့် အဖြစ်ကိုလည်း ကျွန်မ သိရှိပါသည်။

အချစ်ဦး မောင်မောင့်ကို ခွဲခွာ စွန့်လွှတ်လိုက်ရသည့်တိုင် မောင်မောင်သည် ကျွန်မ၏ရင်မှာ နှစ်ပေါင်းများစွာ ရှင်သန် လှုပ်ရှားနေဦးမည်မှာ အသေအချာ။ ယခုအချိန်မှစ၍ နောင်နှစ်များစွာသို့တိုင်အောင် နှစ်နှစ်ကာကာ ချစ်နေဦးမည့် မေတ္တာမျိုးပါ။

ယခုလည်း မုန်းမရ၊ သို့ပါသော်လည်း...

"ပျိုး"

"မောင်မောင် ပျိုးကို စကားပြောစရာ ရှိသေးလို့လား"

"မောင်မောင် ပြောရင် ပျိုး ယုံမှာတော့မဟုတ်ဘူး၊ ဒါပေမယ့် မောင်မောင် ပြောပါရစေ ပျိုး"

"ရင်နာဝိုရှိုက်ရမယ့် စကားကို မောင်မောင်ရယ် မပြောချင်ပါနဲ့တော့ကွယ်၊ ပျိုး သွားပါရစေတော့"

"မဟုတ်သေးပါဘူး အချစ်ရယ်၊ မောင်မောင့်ကို ပျိုး မုန်းချင် မုန်းပါ၊ မောင်မောင် ပြောမယ့် စကားလေးတွေကိုတော့ ပျိုး နားထောင်ပါဦးနော်၊ မငိုပါနဲ့အချစ်ရယ်၊ မောင်မောင် တကယ် ရင်နာရပါတယ်"

"မောင်မောင်"

"ပျိုး"

"မောင်မောင်ဟာ ပျိုးရဲ့ အချစ်ဦး၊ မောင်မောင့်ကိုလေ ပျိုး ရင်ကွဲမတတ် ချစ်တယ်၊ မိန်းမသားတစ်ယောက်ရဲ့ အချစ်နိုင်ဆုံးသော အချစ်တွေ အားလုံးနဲ့ ချစ်တယ်၊ အဲဒါတွေကို မောင်မောင် ယုံရဲ့လားဟင်"

"ယုံပါတယ် ပျိုး၊ မောင်မောင် အကြွင်းမဲ့ ယုံပါတယ်ကွယ်"

"ဒါဖြင့် ပြီးပြည့်စုံပါပြီ မောင်မောင်ရယ်၊ မောင်မောင့် အချစ်ကို မရပေမယ့်၊ မောင်မောင့်ကို ပိုင်ဆိုင်ခွင့် မရှိပေမယ့် ပျိုးဟာ မောင်မောင့်ကို အချစ်နိုင်ဆုံးသော မိန်းမသား တစ်ယောက်ပါလို့ မောင်မောင် မှတ်ယူသွားပါ၊ မောင်မောင် ပြန်တော့၊ ပျိုး သွားတော့





မယ်၊ ပျိုး ချစ်ရလွန်းတဲ့ မောင်မောင့်ကို နောက်ဆုံး နှုတ်ဆက်ခြင်းပါပဲရှင်"

"မဟုတ်သေးဘူး၊ ပျိုး မသွားရသေးဘူး၊ ပျိုး ပြောချင်တာတွေချည်း ပြောမသွားပါနဲ့၊ မောင်မောင်ပြောချင်တာတွေလည်း ပြောပါရစေဦး ပျိုးရဲ့"

မောင်မောင်က လက်ကို အတင်းဆွဲဖက်ထားသည်။ မတ်တပ်အနေအထားနှင့် ကျွန်မကို ပြန်၍ထိုင်စေရင်း ပြောနေသော မောင်မောင့်အသံက ပျာနေသည်။ တိမ်ဝင်သွားသည်။ လှိုက်လှဲသော အသံလှိုင်းများလေလား။

"မောင်မောင့် မျက်ဝန်းထဲမှာ မျက်ရည်ကြည်တွေ သီတော့လို့ပါလား"

ယင်းအသိဖြင့် နွမ်းညှိုးနေသော မောင်မောင်မျက်နှာကို မျက်ရည်များ ကြားမှ ကျွန်မ ကြည့်မိသည်။ ရင်နာရပါလား မောင်မောင်ရေ။

"ပျိုး မောင်မောင့်ကို လမ်းခွဲချင် ခွဲသွားပါ၊ ဒါပေမယ့် မောင်မောင် ပြောချင်တာလေးတွေကိုတော့ နားထောင်သွားပါဦး"

ခွင့်ပြုခြင်းလည်းမမည်၊ ငြင်းဆန်ခြင်းလည်း မဟုတ်ပါဘဲနှင့် ကျွန်မ ငြိမ်နေမိသည်။

"မောင်မောင် ပျိုးကိုလည်း ဝန်ခံပြီးပါပြီ၊ ခုလည်း ထပ်ပြောပါ့မယ်၊ ဒါပေမယ့် အခု မောင်မောင် ပြောမယ့် စကားတွေဟာ သစ္စာစင်စစ်တွေပါ ပျိုး၊ မုသား မပါပါဘူး ဆိုတာတော့ ကျိန်ဆိုပြီး မောင်မောင် ပြောရပါတယ်ကွယ်"

မောင်မောင်က ခေတ္တ နားလိုက်ပြီးမှ မညီညာသော အသံလှိုင်းလေးများဖြင့် ဆက်လက် ပြောကြားသည်။

"မောင်မောင့်မှာ ချစ်သူတွေ အများကြီး ရှိခဲ့ဖူးပါတယ်၊ တစ်ရက် နှစ်ရက် လိုက်လို့ရတာလည်း ရှိတယ်၊ တစ်နှစ် ကိုးခါ လိုက်ရတာတွေလည်း ရှိပါတယ်၊ ဒါပေမယ့် အယူအဆချင်းမတူလို့၊ သူတို့ လိုချင်တဲ့ ဂုဏ်ပကာသန ပြည့်စုံအောင် မင်္ဂလာမဆောင်နိုင်လို့



www.burmeseclassic.com

www.burmeseclassic.com



အသစ်တွေ့သွားလို့ စတဲ့ အကြောင်းကြောင်းတွေကြောင့် ကွဲကွာကုန်ပါပြီ၊ ဒါပေမယ့် မောင်မောင် ရင်မနာခဲ့ရဘူး ပျိုး၊ အဲဒါ ဘာဖြစ်လို့လဲ သိလား"

"မသိပါဘူး မောင်မောင်"

"သူတို့ သူတို့တွေက မောင့်ကို သိပ်မချစ်ကြလို့"

"ဟင်"

"လွယ်လွယ်တွေ့ပြီး လွယ်လွယ်မေ့သွားကြတာမျိုးပါ"

"ပျိုး ရင်ကွဲရတာကလည်း မောင်မောင့်ကို လွယ်လွယ် ချစ်လိုက်မိလို့ပါ"

"မဟုတ်ဘူး ပျိုး၊ အချိန်တိုပေမယ့် ပျိုးရဲ့မေတ္တာဟာ မြင့်မားကြီးမားလှပါတယ်၊ ဒါကို မောင်မောင် အသေအချာ ခံယူမိပါတယ် ပျိုး၊ ဒါကြောင့် ပျိုးကို မောင်မောင် သိပ်ပြီး မြတ်နိုးမိတယ်၊ မမြင်နိုင်တဲ့ မေတ္တာတရားရဲ့ ဆွဲငင်အား စွမ်းအင်ဟာ ကြီးမားလှပါတယ် ပျိုးရယ်"

"မောင်မောင် ယုံတယ်ဆိုရင် ပျိုး ကျေနပ်ပါပြီရှင်"

"အဲဒီတော့ မောင်မောင် ချစ်ခဲ့ဖူးတဲ့ မိန်းကလေး အားလုံးထဲမှာ ပျိုးဟာ ချစ်မြတ်နိုးစရာအကောင်းဆုံးမို့ မောင်မောင့်ရဲ့ အချစ်ဆုံး ချစ်သူဟာ ပျိုးပါပဲ"

မောင်မောင့်ကိုသာ ဆွေးဆွေးမြေ့မြေ့ ကြည့်မိသည်။ ကျွန်မဘာမှ မတုန့်ပြန်မိ။

"ပြီးတော့ ရီမွန်ခင်နဲ့ ကိစ္စ"

မောင်မောင့်စကားကြောင့် လှပ်လှပ်ခါသွားသော နှလုံးသားလေး တည့်တည့်ပေါ်မှ လက်ဖြင့် အုပ်ဖိရင်း ဆက်လက် ကြားနာရသည်။

"ရီမွန်ခင်ဟာ မောင်မောင့်ချစ်သူ မဟုတ်ပါဘူး ပျိုး၊ မောင်မောင့် အမေ ရွေးတဲ့ ချွေးမလောင်းပါ၊ ရီမွန်ခင့် မိခင် ဒေါ်နီနီခင်နဲ့ မေမေနဲ့က သိပ်ခင်တယ်၊ စီးပွားရေး ဆက်သွယ်မှုရှိတယ်၊ ဒါကြောင့် မောင်မောင့်ကို အတင်းနားချပြီး စေ့စပ်လိုက်တာပါ၊ ခုချိန်ထိ





မောင်မောင်နဲ့ ရီမွန်ခင်ဟာ လူကြီးတွေရဲ့ ရှေ့က လွှဲပြီး နှစ်ကိုယ်တည်း မဆုံဖူးကြသေးဘူး၊ စေ့စပ်တာကလည်း မောင်မောင် ပုဂံ မလာခင် လေးကပါ"

"ဪ...ဒါနဲ့များ မောင်မောင်ရယ်"

"ပျိုးလည်း ရင်ပန်းလှပြီ၊ မောင်မောင်ရဲ့ စကားတွေကို နိဂုံးချုပ်ပါတော့မယ် ပျိုး၊ မောင်မောင် ပြောချင်တာ နှစ်ချက်တည်း ရှိပါတယ်"

"ဘာတွေလဲ"

"တစ်အချက်က ပျိုးဟာ မောင်မောင်ရဲ့ အချစ်ဆုံးချစ်သူ"

"နှစ်အချက်က ပျိုးမေတ္တာကို လေးစားတဲ့အနေနဲ့ မောင်မောင့်တစ်သက်မှာ ရီမွန်ခင့်ကိုလည်း လက်မထပ်ဘူး၊ ဘယ်သူ့ကိုမှလည်း လက်မထပ်ဘူး၊ ဒါပါပဲ ပျိုး"

"ပြောသေးတာပေါ့ မောင်မောင်ရယ်၊ ပျိုးရဲ့နောက်မှာ တွေ့လာမယ့် မိန်းကလေးကိုလည်း မောင်မောင် ချစ်ဦးမှာပါ၊ မောင်မောင့် ရင်ထဲမှာ အသည်းတစ်ရာမှ က,ပါ့မလား"

"တော်တော့ ပျိုး၊ မောင်မောင် မညာတတ်ဘူး၊ ပျိုး မောင်မောင့်ကို ခွဲခွာထုတ်နေတာကို မောင်မောင် တောင်းပန်ပြီး ကပ်မနေလိုတော့ပါဘူး ပျိုး၊ မောင်မောင့်အပြစ်နဲ့ မောင်မောင် ရှိပါစေတော့၊ ဒါပေမယ့် နောက်ဆုံးအနေနဲ့ တစ်ခုတော့ ပြောလိုက်ပါရစေ ပျိုး"

မောင်မောင်က သက်ပြင်းရှည်ချပြီးမှ....

"မောင်မောင့်ရင်ထဲမှာလည်း ပျိုးထက် မလျော့နည်းတဲ့ ခံစားမှုတွေနဲ့ နာကျင်စွာ ခံစားနေရပါတယ် ဆိုတာတော့ ပျိုး ယုံပါ၊ ဒါပါပဲ ပျိုး၊ မောင်မောင် ပြန်မယ်"

စကားနှင့်အတူ မတ်တပ်ရပ်လိုက်သော်လည်း မောင်မောင် ခြေမလှမ်းသေး။ ဖင့်လေးနှေးကန်စွာဖြင့် ကျွန်မကို လှည့်ကြည့်လာသည်။ မောင်မောင့်မျက်ဝန်းတွင် မျက်ရည်များ ပြည့်လျှံလာသော်လည်း ကျွန်မလို ဖြိုင်ဖြိုင်ကျမလာပါ။ ယောကျ်ားမာန်နှင့် တင်းထားဟန် ရှိပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"မောင်မောင် တကယ်ပဲ ပျိုးကို အပြီးတိုင် စွန့်ခွာသွားရတော့မှာလား ပျိုးရယ်၊ ဟင်"

ကျွန်မ ငိုရှိုက်ရင်းမှ...

"မောင်မောင့်ကို လွမ်းလို့ငိုရင်း ပျိုး ရင်ကွဲပြီးပဲ သေသွားပါစေတော့ မောင်မောင်ရယ်၊ သူများ ပိုင်ဆိုင်ပြီးသား လူတစ်ယောက်ကို လုယူတဲ့ အပြစ်မျိုး ပျိုး တစ်သက်မှာ မဖြစ်စေရဘူး"

"ဒါဖြင့် ရီမွန်ခင် ကိုယ်တိုင်က ကျေကျေနပ်နပ်နဲ့ စေ့စပ်ရေးကို ဖျက်ပေးမယ် ဆိုရင်ရောဟင် ပျိုး"

"တော်...တော်ပါတော့ မောင်မောင်ရယ်၊ သွားပါတော့၊ ပျိုးဆီက အပြီးတိုင် ထွက်ခွာသွားပါတော့ရှင်"

မျက်ရည်ဥများနှင့် စကားလုံးများကို ပြိုင်တူခြွေသိပြီး ကျွန်မ အခန်းတွင်းသို့ ပြေးဝင်လာခဲ့မိပါသည်။

မောင်မောင့်ကို ကျွန်မက အရင် စတင်ခွဲခွာသည်ဟုပင် ဖြစ်ပါစေတော့။

အချိန်အနည်းငယ်ကြာမှပင် မောင်မောင်၏ ကားစက်နှိုးသံကို ကြားရသည်။

"မမပျိုးတို့ ဘာဖြစ်ကြတာလဲဟင်၊ ကိုရာဇသူလည်း ငိုထားသလိုပဲ၊ မျက်လုံးကြီးတွေ နီလို့၊ မျိုးတောင် သူ့ကိုကြည့်ပြီး သနားသွားတယ်"

အိပ်ရာပေါ်တွင် မှောက်အိပ်နေသော ကျွန်မ၏ ကျောပေါ်မှ ထပ်ဖိရင်း မျိုးက မေးလာသည်။ ရှိုက်ငိုမှုကြောင့် သိမ့်သိမ့်ခါနေသော ကျွန်မ၏ ကျောပြင်ကို သူ ထိတွေ့လာမိသည်နှင့်...

"ဟာ မမပျိုးကလည်း အရမ်း ငိုနေပါလား၊ ဘာဖြစ်ကြတာလဲ၊ မျိုးကိုလည်း ပြောစမ်းပါဦး"

ကျွန်မ သူ့ကို မဖြေကြားနိုင်ပါ။

"အသာနေစမ်း မျိုး"

ကျွန်မ၏ ငေါက်ငမ်းမှုကြောင့် အံ့အားသင့်သော မျက်နှာလေးနှင့် ကျွန်မကို ငေးကြည့်နေရှာသည်။ ကျွန်မက လှိမ့်လူး၍ တစောင်း





အနေအထား အိပ်လျက်သားနှင့် မျိုးကို ကြည့်နေမိခြင်းပါ။

ယခု ကျွန်မ၏ အိမ်သို့ ကျွန်မ ပြန်ရောက်နေပါပြီ။

မျိုး၏ အဘွား ဒေါ်မာလာတင်၏ မိခင် ကိုယ်တိုင်က ဘဘတို့၏ အိမ်သို့ လိုက်လာပြီး တောင်းတောင်းပန်ပန်နှင့် ပြန်ခေါ်၍ ကျွန်မ လိုက်ခဲ့ရခြင်းပါ။

ဒေါ်အေးပုံကဖြင့် မိတ္ထီလာသို့ ပြန်သွားရှာလေပြီ။ ကျွန်မမှာဖြင့် ကိုယ့်အိမ်သို့ ကိုယ်ပြန်လာသည်ကိုပင် ထာဝရနေဖို့ အတွက်လား၊ ခေတ္တခဏ လာရောက်ခြင်းလေလားဟူ၍ ကျွန်မကိုယ်တိုင်ပင် မပိုင်းခြားနိုင်မိသေး။

ဤအိမ်သို့ ပြန်လာလေမှ ဖေဖေ့ကို ပို၍ပို၍ သတိရ လွမ်းဆွတ်မိပါသည်။ နေရာတိုင်းတွင် ဖေဖေ့ လှုပ်ရှားမှုလေးများကို မြင်ယောင်နေမိရာက မျက်ရည်ကျရသည်မှာ အချိန်တိုင်းလိုပါပင်။

သည်အထဲတွင် နှလုံးသားရေးရာ ပြဿနာက ကြီးမားစွာ ဝင်ရောက်လာပါ၍ ကျွန်မ၏ ရင်ပြင်သည် ကန္တာရတွင် လောင်ကျွမ်းသော မီးထက်ပင် ပိုလေမည်လားပင်။

"မမပျိုး ငိုနေတော့ မျိုးလည်း ငိုချင်လာပြီ၊ ဘာဖြစ်ကြတာလဲဟင်၊ ကိုရာဇသူက မမပျိုးကို ဘာတွေ လာပြောတာလဲ"

"ကိုရာဇသူဟာ မမပျိုးရဲ့ ချစ်သူပဲ မျိုး၊ ဒါပေမယ့် အခုတော့ လမ်းခွဲသွားကြပါပြီကွယ်"

"ဟာ ဒီလောက်လှတဲ့ တို့အစ်မကို ဘယ်သူက လမ်းခွဲသွားနိုင်မှာလဲ"

မျိုးက ကျွန်မကို တွဲထူသည်။ သူ့ အသိဉာဏ်လေး ရှိသလောက်ဖြင့် နက်နက်နဲနဲ စဉ်းစားနေဟန် မျက်မှောင်လေး တွန့်ရင်း ကျွန်မကို ကြည့်နေပါ၏။

"ကိုယ့်အစ်မကို ငိုအောင် လုပ်တဲ့လူကို မုန်းပါတယ်၊ မမပျိုးရော မမုန်းဘူးလား၊ ရုပ်က သိပ်ချောပေမယ့် လူက မုန်းစရာကြီး"

မောင်မောင့် ရုပ်သွင်က မုန်းစရာ မဟုတ်ပါ၊ ယောကျ်ားတစ်ယောက် ချောမောထိုက်သည်ထက် ပိုမို၍ ချောမောလှပသော



www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်ပါ။

မျိုးအနေနှင့်မူ အစ်မ လုပ်သူကို မျက်ရည်ကျအောင် လုပ်ရပါ့မလား ဆိုပြီး မုန်းစကားများချည်း သုံးနေခြင်းပါ။

"ငိုရတယ် ဆိုတည်းက မုန်းသူ အတွက် ဘယ်ဟုတ်ပါ့မလဲ ညီမလေးရယ်၊ မျက်ရည်ကျတယ်ဆိုတာ ချစ်ရသူတွေ အတွက်ပါ။ မမပျိုး သူ့ကို စိတ်နာတယ်ကွယ်၊ ဒါပေမယ့် မုန်းလို့ မရဘူး၊ မမပျိုး သေတဲ့နေ့အထိ သူ့ကို ချစ်သွားနိုင်မယ့် မေတ္တာမျိုးနဲ့ ချစ်ရတဲ့ အချစ်မျိုးပါကွယ်"

"ဒီလူ့ပုံက ဖြုံသွားနိုင်စရာပုံ၊ ရည်းစားများမယ့် ရုပ်၊ မုန်းပစ်လိုက်စမ်းပါ မမပျိုးရာ၊ မမပျိုးကို လိုက်နေတဲ့ လူတွေက အများကြီးများ"

"ဩော် မျိုးရယ်၊ နှလုံးသားမှာ အချစ်တွယ်ပြီဆိုရင် အမြစ်တွယ်တာနဲ့ အတူတူပဲ၊ လွယ်လွယ်နဲ့ နှုတ်လို့ရတာမျိုး မဟုတ်ဘူး"

"အချစ်များ အမြစ်တွယ်သလိုပဲတဲ့"

"အေးပေါ့၊ မျိုးက ကိုယ်တိုင်မှ မခံစားဖူးသေးပဲ၊ အဲဒီချစ်အမြစ်ကို နှုတ်ပစ်နိုင်ရင်လည်း သစ်ပင်နှုတ်လို့ မြေကြီးတွေ ကြေမွသွားသလိုပဲ အသည်းမှာလည်း ကြေမွ ကွဲအက် ကျန်ရစ်မယ့် အဖြစ်မျိုးပါ မျိုး"

ကျွန်မ၏ ဥပမာကို သူ ထင်ထင်လင်းလင်း မြင်သွားဟန်ရှိသော်လည်း ယင်းအဘိဓမ္မာမျိုးကို သူ လက်ခံချင်ပုံမရ။ သူစိမ်းမှ ကိုယ်က စိမ်းလိုက်ရုံပဲ၊ ဘာမှ ငိုနေစရာ မရှိပါဘူး ဟူသော အလွယ်တွေးလေးများဖြင့် ကျွန်မကို သူ မချင့်မရဲ စိုက်ကြည့်နေရှာပါသည်။

ချစ်မေတ္တာရေးရာမှာ ပုံသေနည်းမရှိ၊ သီအိုရီ မပါ။ ပညာရယ်၊ အရွယ်ရယ်၊ အလှရယ် စသည်များနှင့်လည်း မသက်ဆိုင်။ အဘယ်မှု ချစ်တတ်သော အသည်းနှလုံးနှင့်သာ သက်ဆိုင်စွာ ခံစားရတတ်ပါကြောင်း မျိုး နားမလည်ရှာသေးပါချေ။

သူက ကျွန်မကို ဘာမှ မပြောတော့ပါဘဲနှင့် အပြင်ဘက်သို့ ထွက်သွားသည့် မျိုးသည် သူ့အသက်ထက်ပို၍ စိတ်က နုငယ်နေသေးသည်။ ကလေးတွေး ကလေးစိတ်များဖြင့်သာ။





ကျွန်မက ဖေဖေ့ကို လွမ်းဆွတ်အောက်မေ့ရသော စိတ်နှင့် ကြိတ်မနိုင်ခဲမရ ခံစားနေရသလို မျိုးခမျာလည်း ဖေဖေ့အတွက်ရော သူ့မိခင်အတွက်ပါ အရုက်ရခြင်း ဝေဒနာများ ရှိနေရှာဆဲပါ။

နှလုံးသားရေးရာက တစ်ပိုင်း၊ ညီမလေးအတွက် တာဝန်ရှိသည်က တစ်ပိုင်းမို့ မျိုးနှင့် အတူတွဲ၍ပင် ကိုယ့်အိမ်ရာမှာ နေပါတော့မည်ဟူ၍ ကျွန်မ ဆုံးဖြတ်ရပါပြီ။

မဆုံးဖြတ်၍လည်း မဖြစ်တော့။ ကိုယ့်အိမ်ရှိပါလျက်နှင့် ဘဘ၏ အိမ်တွင် ကြာရှည် ခိုကပ်နေ၍လည်း မဖြစ်တော့ပါ။ သူတို့က ကြည်ဖြူပါသည် ဆိုသော်လည်း ကိုယ်က အလိုက်သိရပါသည်။

မိတ္ထီလာမှ အဘွားအိမ်သို့လည်း ကျွန်မ မပြန်လိုတော့ပါ။ အဘွား ရည်ရွယ်မျှော်မှန်းထားသူကလည်း သူ့ချစ်သူနှင့်သူ ပြေလည်နေကြလေပြီ။ အဘွား အနေနှင့် ဆက်လက်၍ နောက်ထပ် နားချမည့် တရားသစ် တစ်ခု ဟောပြောလာမည်ကိုလည်း ကျွန်မ စိုးရိမ်မိပါသည်။

မိမိအိမ်တွင်ပင် နေ၍ ညီအစ်မ နှစ်ယောက်၏ စီးပွားရေး၊ စားဝတ်နေရေးများကို ကျွန်မကပင် ဖန်တီးဦးဆောင်သွားရမည့် အဖြစ်များကို တစ်ဆက်တည်း တွေးနေမိစဉ်...

စောစောက မျိုး တယ်လီဖုန်းဆက်သံကို ကြားရသည်။ အာရုံမစိုက်မိ။ ကိုယ့်အတွေးနှင့်ကိုယ်မို့ စိတ်မဝင်စားခဲ့မိပါ။

ယခု ကားသံ ကြားရသည်။

"ဘယ်သူပါလိမ့်"

ဟူသော သိလိုဇောဖြင့် နားစွင့်မိသော်လည်း ဘာမှ မသဲကွဲ၊ မျိုး၏ တီးတိုးသံကိုသာ ကြားရသည်။ သူချည်း တစ်ဆက်တည်း ပြောနေပြီးမှ...

"လာ၊ လာပါ အစ်ကိုရဲ့၊ သိပ်ငိုနေတာယ်၊ အပြင် ထွက်တွေ့မှာ မဟုတ်ဘူး၊ လာပါ၊ အောက်ထပ်က ဟောဒီအခန်းထဲမှာပင်ပါ၊ လာပါ ဆို"

မျိုး၏ အသံကြောင့် ကျွန်မ အလန့်တကြားနှင့် ခေါင်းမြှော်ခြင်းမှ



www.burmeseclassic.com

www.burmeseclassic.com



မှန်စောင်တစ်ထည်ကို ဆွဲခြုံ၍ ပြန်လှဲနေလိုက်ရသည်။ မောင်မောင် ပြန်သွားပြီးမှ ကျွန်မ အဝတ်လဲထားသေးသည်။ ငိုရှိုက်ရလွန်းပါ၍ စိတ်ပါမကျဉ်းကျပ်ချင်သဖြင့် အတွင်းခံမဲ့ ဘလောက်စ်ပါး တစ်ထည် တည်း ဝတ်ထားမိသည်။ ဆံပင်နွယ်များကလည်း ကပိုကရို ပြန့်ကျဲ ဖွာဝဲနေသည်။ မျက်နှာတွင်လည်း မျက်ရည်စများနှင့်။

သည်ပုံစံအနေအထားများဖြင့် ကျွန်မ ကိုမင်းထိုက်ကို မရင် ဆိုင်ချင်။

မိုက်လိုက်သည့် မျိုး၊ အိပ်ခန်းထဲအထိ သူ ကိုမင်းထိုက်ကို ခေါ်လာခဲ့ပါပြီ။

"အစ်ကို နည်းနည်းလောက် မေးပြီး ချော့လိုက်ပါဦး"

ကျွန်မ မျိုးကို ဒေါသနှင့် လှမ်းကြည့်မိသည်။ လုပ်ထိုက်သည့် အလုပ်လား၊ မလုပ်ထိုက်သည့် အလုပ်လားဟူ၍ သူ နားမလည်။ ဆုံးမည့် လူကလည်း မရှိ၍ သူ ထင်တိုင်းကျဲနေသည်။ အိမ်တွင် လည်း ကျွန်မတို့ ညီအစ်မနှစ်ယောက်တည်း။ မျိုးအဘွားတို့ အပြင် သွားကြသည်။

"ပျိုး နေမကောင်းဘူးလား"

ကိုမင်းထိုက်က စောင်ခြုံကြီးနှင့် ကျွန်မကိုကြည့်ပြီး အခန်းဝ ကပင် မေးပါသည်။

"ကောင်းပါတယ်"

"ကျွန်တော့်အနေနဲ့ ဘာမှ ပြောစရာ မရှိပါဘူး၊ ပျိုး၊ ပျိုး ကများ ကျွန်တော့်ကို ခိုင်းစရာကိစ္စရှိရင်တော့ လာပြောပါ၊ ကျွန်တော် ဧည့်ခန်းက စောင့်နေပါ့မယ်"

ကျွန်မ၏ ပုံစံနှင့် ကျွန်မ၏ အနေအထားကို ကိုမင်းထိုက် အကဲခတ်မိသွားဟန်ရှိ၍သာ ယင်းစကားမျိုးကို သူ ပြောရှာခြင်းပါ။

အမျိုးသမီး တစ်ယောက်၏ အိပ်ခန်းသို့တိုင် ဝင်ရောက်၍ စကားမဆိုထိုက်သည့်အကြောင်း မျိုး နားမလည်သော်လည်း ကိုမင်း ထိုက် နားလည်ပါ၏။ သူက ငြင်သာ တိုးတိတ်သော စကားများ ပြောပြီးသည်နှင့် လှည့်ထွက်သွားတော့သည်။





"မျိုး လာခဲ့ပါဦး"

ကြောင်စီစီနှင့် ရပ်၍ ကျန်ရစ်ခဲ့သော မျိုးကို ကျွန်မက ဒေါသ နှင့် ခေါ်မိသည်။

"ဘာလဲလို့"

သူက ကျွန်မနားသို့ တိုးကပ်လာရင်း စိတ်ရှုပ်သည့် အမူအရာ နှင့် တုန့်ပြန်သည်။

"ဘာကိစ္စ ကိုမင်းထိုက်ကို တယ်လီဖုန်းဆက်ပြီး ခေါ်ရတာ လဲဟင် မျိုး"

မျိုးက သူ့လက်ခုံကို သူကိုက်ပြီး မျက်လုံးဝိုင်းကြီးနှင့် ကျွန်မ ကို ကြည့်နေသည်။

"အကောင်းလည်း လုပ်ပေးရသေးတယ်၊ အဆူလည်း ခံရ ဦးမယ်"

ဟူသော သူ့ရင်ထဲက စကားများသည် သူ့မျက်နှာပြင်လေး တွင် ရေးထားသလို ပေါ်ထင်နေပါ၏။

"လာဦး၊ ဒီကိစ္စ ကိုမင်းထိုက်နဲ့ ဘာဆိုင်လို့လဲ"

"သိဘူးလေ၊ သူက အမြဲတိုင်း ကူညီနေကျမို့လို့ မမပျိုး အငို တိတ်မလားလို့၊ မမပျိုးကို သနားလို့"

စေတနာနှင့် မှားသော အမှားမို့ သနားစိတ်နှင့်ပင် ညီမလေး ကို ကျွန်မ ကြည့်မိရပါပြီ။ ရိုက်ပစ်ချင်လောက်အောင် ဒေါသထွက် နေမိသော စိတ်များကို သနားစိတ်က လွှမ်းမိုး အုပ်စိုးသွားခဲ့ပါပြီ။

ဘာပဲဖြစ်ဖြစ် တွယ်ရာမဲ့ ညီမလေး မျိုးကို ကျွန်မက ခွင့် လွှတ်ရပါလေမည်။

"ကဲကဲ သွားပြောချေ၊ မမပျိုး ဘာမှ ပြောစရာ မရှိပါဘူးလို့၊ ခေါင်းသိပ်ကိုက်နေလို့ ထွက်မတွေ့တာကို ခွင့်လွှတ်ပါလို့၊ မမပျိုး က တောင်းပန်လိုက်ကြောင်း သွားပြောပြီးတော့ သူ့ကို ပြန်ခိုင်း လိုက် ကြားလား"

စကားသံကျယ်ကျယ်ကို ဧည့်ခန်းက ကြားသာပါ၍ ကျွန်မက အသံကို နှိမ့်ပြီး ပြောရသည်။ အပြစ်ရှိသော မျိုးက သည်တစ်ခါဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နာခံပါတော့မည်ဟူ၍ ခေါင်းလေးညိတ်ပြီး ထွက်ခွာသွားတော့သည်။

ခဏအကြာတွင် ကားထွက်သွားသံကို ကြားရသည်။ ရိုင်းရာများကျနေလေမလား ဟူ၍ ကိုမင်းထိုက်အပေါ်တွင် အားနာစိတ်များ ကျွန်မရင်၌ ဖြစ်ထွန်းပေါ်ပေါက်လာရသည်။

မကြာမီ မျိုး ကျွန်မ နားသို့ ပြန်လည် ရောက်ရှိလာပြီး...

"ည ကိုးနာရီလောက် ဖုန်းဆက်မယ်တဲ့၊ ပျိုးနဲ့ စကားပြောပါရစေတဲ့၊ မေးထားပါတဲ့၊ ပျိုးက မပြောချင်ဘူး ဆိုရင်လည်း ရပါတယ်တဲ့၊ မျိုးကို မှာသွားတယ်၊ ဘယ့်နဲ့ ပြောမလားဟင် မမပျိုး"

❖ ❖ ❖

## အခန်း[၃၁]

"ပျိုးမှ စကားပြောချင်ရဲ့လားလို့"

"ကိုမင်းထိုက်ကို ပျိုး မပြောချင်စရာ ဘာအကြောင်းမှ မရှိပါဘူးရှင်၊ မနက်က ကိစ္စကိုလည်း ပျိုး တောင်းပန်ပါတယ်"

"ရပါတယ်ဗျာ"

"ညီမလေးဟာ ကလေးလိုပဲ၊ ဘာမှ သိပ်နားမလည်ဘူး"

"ပျိုး သိပ်ငိုတော့ သူလည်း ကြံရာမရ ဖြစ်သွားလို့ ကျွန်တော့်ကို လှမ်းပြီး အကူအညီတောင်းတဲ့သဘောပါ ပျိုး၊ သူ့ကို ခွင့်လွှတ်လိုက်ပါ"





"ပျိုး ညီမလေးကို ပျိုး သိပ်ချစ်ပါတယ် ကိုမင်းထိုက်"

ကိုမင်းထိုက်ထံမှ စကားသံ ဆက်မလာ၍ ကျွန်မကပင်—

"ပျိုးကို စကားပြောချင်တယ် ဆိုတာ ဘာအကြောင်းအရာများပါလဲ ကိုမင်းထိုက်"

တယ်လီဖုန်းလိုင်းများမှ တစ်ဆင့် ကိုမင်းထိုက်၏ သက်ပြင်းချသံကို ပီပြင်စွာ ကြားလိုက်ရသည်။

"မပြောနိုင်ရင်လည်း ရပါတယ် ပျိုး၊ ကျွန်တော် သိချင်တာလေးတွေတော့ မေးပါရစေ၊ ဘောင်ကျော်နေတယ်ထင်ရင်လည်း ခွင့်လွှတ်ပါ"

"ကိုမင်းထိုက်ပေါ်မှာ ပျိုးအနေနဲ့ ထိန်ချန် ကွယ်ဝှက်ထားစရာ ဘာအကြောင်းမှ မရှိပါဘူးရှင်၊ ကိုမင်းထိုက်ကို ပျိုး တကယ်ခင်ပါတယ်၊ မိတ်ဆွေစစ် အဖြစ်နဲ့ အားကိုးစိတ်လည်း ထားမိပါတယ်"

"ကြားရတာ ဝမ်းသာအားတက်ပါတယ် ပျိုးရယ်၊ ကျွန်တော်ကိုယ်တိုင်ကလည်း ပျိုးကို အဆုံးစွန် အထိ ကူညီချင်တဲ့ စေတနာတွေ ရင်နဲ့တစ်လုံးပါဗျာ"

"ရှင်"

"အို ကျွန်တော့်ခံယူချက်တွေ ထားပါတော့လေ၊ ကျွန်တော် သိချင်တာလေးပဲ မေးပါရစေတော့"

"ဟုတ်ကဲ့"

"ပျိုးအနေနဲ့လည်း ကိုရာဇသူပေါ်မှာ ဘယ်လို မြင်နေသလဲ၊ ပြီးတော့ ပျိုးရင်ထဲမှာ ဘာတွေ ခံစားနေရသလဲ ဆိုတာ ကျွန်တော် အဖြစ်မှန်အတိုင်း သိပ်ကို သိချင်နေမိပါတယ် ပျိုး"

တိုးတိတ်သော်လည်း ကိုမင်းထိုက်၏ အသံက လှိုက်လှိုက်လှဲလှဲ ရှိနေသည်။ ကျွန်မက တယ်လီဖုန်း လက်ကိုင်ကို ပြောင်း၍ကိုင်လိုက်ပြီးမှ...

"ပြောပါ့မယ် ကိုမင်းထိုက်၊ ပျိုး ဘာမှ မပြောနိုင်စရာ မရှိပါဘူးရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ ခင်ဗျာ"

"ကိုရာဇသူဟာ ပျိုးရဲ့ အချစ်ဦးပါပဲ၊ ကြီးမား မွန်မြတ်တဲ့ မေတ္တာတွေ သူ့ကို ပျိုး ပေးအပ်ခဲ့ပြီးပါပြီ၊ ဒီ မေတ္တာတရားမျိုး နောက်ထပ် ပျိုးရဲ့တစ်သက်မှာ ဘယ်တော့မှ ပြန်လည်တည်ဆောက်လို့ မရနိုင်တော့ပါဘူး ဆိုတာလည်း ပျိုး ပြောရဲပါတယ်ရှင်"

"သြော် ပျိုးရယ်"

"ဒီလို ပျိုးရဲ့ ထိုက်တန်တဲ့ မေတ္တာတရားတွေကို သူ့ကို ပေးအပ်ထားပါလျက်နဲ့ သူ့မှာ ချစ်သူတွေ အများကြီးရှိခဲ့ဖူးတယ်၊ ဇေ့စပ်ပြီးသားတောင် ဖြစ်နေပြီ၊ ဒီလို ရင်ထဲမှာ အသည်းတစ်ရာ ရှိတဲ့လူကို ပျိုး သိပ်ပြီး စိတ်နာမိပါတယ်၊ ကိုမင်းထိုက်"

"ဟင်"

"ဒါပေမယ့် ပျိုး သူ့ကို မုန်းလို့ မရဘူးရှင်"

ကိုမင်းထိုက်ထံမှ စကားပြန်ကြားခြင်း မရှိ။ မပြီးဆုံးသေးသော သူ့အမေးများကိုသာ ကျွန်မက ဆက်လက်၍ ဖြေကြားရပါ၏။

"ပျိုးအနေနဲ့ သူ့ကို ရယူပိုင်ဆိုင်ခွင့် မရှိတော့ဘူးဆိုတာ သိခဲ့ရပါပြီ၊ ချစ်ရလွန်းသူကို အပြီးတိုင် စွန့်လွှတ်လိုက်ရတာလောက် ရင်နာစရာ ကောင်းတဲ့ အဖြစ်မျိုး မေတ္တာနယ်မြေမှာ မရှိနိုင်တော့ပါဘူးဆိုတာ ကိုမင်းထိုက်လည်း စာနာမိမှာပါပဲနော်၊ ဒါကြောင့် ပျိုး ရင်ကွဲမတတ် ငိုနေတာပါရှင်"

"သြော် ပျိုးရယ်၊ ပြောရင်းတောင် ငိုနေပြီလားကွယ်၊ ကျွန်တော် စာနာပါတယ် ပျိုး၊ ချစ်ရသူကို စွန့်လွှတ်ရတဲ့ အဖြစ်၊ လက်လှမ်းမမီနိုင်တဲ့ အဖြစ်မျိုးတွေကို ကျွန်တော် ကိုယ်ချင်းစာနာမိပါတယ် ပျိုးရယ်၊ ကျွန်တော် ကိုယ်တိုင်လည်း..."

ကိုမင်းထိုက် စကားကို ဆက်မလာတော့။ ကျွန်မအနေနှင့် ပြောသင့်ပြောထိုက်သည်များကို ဆက်တိုက် ပြောသင့်သည့် အချိန်အခါ ရောက်နေပါပြီ။ ကျလာဆဲ မျက်ရည်များကို သုတ်သိမ်းပြီး...

"ကိုမင်းထိုက်"

"ပျိုး"





"ပျိုးအနေနဲ့ ကိုရာဇသူဟာ ဘာပဲဖြစ်ဖြစ်၊ ဘယ်သူ့ကိုပဲယူယူ သူဟာ ပျိုးရဲ့ ထာဝရချစ်သူအဖြစ်နဲ့ ပျိုးရဲ့ နှလုံးသားအိမ်မှာ အမြဲတည်ရှိနေမှာပါ ဆိုတာပါ ပြောပါရစေရှင်"

"သြော် သိပ်ချစ်တတ်တဲ့ ပျိုးရယ်"

"ခုတော့ သူနဲ့ ပျိုးဟာ ပြီးဆုံးကြပါပြီ၊ လမ်းခွဲကြပါပြီ"

"သူ့ဘက်ကရော ပျိုးကို လွယ်လွယ်ကူကူ စွန့်လွှတ်နိုင်တယ်တဲ့လား"

"ဒီလိုတော့လည်း မဟုတ်ပါဘူး၊ ပျိုးလောက် မဟုတ်ပေမယ့် သူကိုယ်တိုင် နည်းနည်းတော့ ခံစားရသားပဲ၊ သူလည်း ငိုတယ်"

"ဒီလောက်တောင် ထိခိုက်ကြတယ်လား ပျိုးတို့ရယ်"

"ဟုတ် မဟုတ်တော့ မသိပေမယ့် သူ ပျိုးကို ကတိပေးသွားတာ နှစ်ချက်ပဲ ရှိတယ်"

"ဘာတဲ့လဲ"

"ပျိုးဟာ သူ့ရဲ့အချစ်ဆုံး ချစ်သူပါ ဆိုတာရယ်၊ ပြီးတော့ ရီမွန်ခင် အပါအဝင် ဘယ်သူ့ကိုမှ သူ လက်မထပ်ပါဘူးတဲ့"

"ရီမွန်ခင်တို့ဘက်က ရပါ့မလား"

"ဒါတော့ မသိဘူး၊ သူ့ခံယူချက်ကို ပြောသွားတာ နေမှာပါ၊ သူ့မာမီ စီစဉ်ပြီးသား ကိစ္စပါ၊ ပျိုးနဲ့လည်း လမ်းခွဲကြပြီးပြီပဲ ကိုမင်းထိုက်ရယ်၊ သူဟာ တစ်နေ့ကျရင် ရီမွန်ခင်ကိုပဲဖြစ်ဖြစ်၊ တစ်ယောက်ယောက်ကိုပဲဖြစ်ဖြစ် လက်ထပ်ဖြစ်သွားမှာပါလို့ ပျိုး ထင်မိတယ်၊ ရင့်မာသူတွေ၊ စွမ်းအားရှိသူတွေပါလို့ သတ်မှတ်ပေမယ့် သစ္စာအရာမှာတော့ ပျိုးတို့ မိန်းမသားတွေလောက် ယောကျ်ားတွေက မခိုင်ကျည်ပါဘူးရှင်"

"ဒါက ရင်ထဲမှာ အသည်းတစ်ရာရှိသူနဲ့ ပျိုးက တွေ့ရလို့ပါဗျာ၊ တစ်သက်မှာ တစ်ချစ်တည်း ရှိတတ်တဲ့ ယောကျ်ားတွေလည်း အများကြီးပါ ပျိုးရယ်"

"ထားပါတော့လေ၊ ပျိုးအနေနဲ့ကတော့ မောင်မောင့်လို လူစားနဲ့ တွေ့မိရပြီပဲကိုရှင်"



www.burmeseclassic.com

www.burmeseclassic.com

"ကိုရာဇသူဟာ တစ်ယောက်ယောက်နဲ့ လက်ထပ်ပြီးတဲ့ နောက်ပိုင်းမှာ ပျိုးရဲ့ ခံယူချက်ကို ကျွန်တော် အသိချင်ဆုံးပါပဲ ပျိုး"

"ပျိုး သေဆုံးတဲ့နေ့အထိ ချစ်သွားမယ့်သူဟာ မောင်မောင်ပါပဲ ကိုမင်းထိုက်၊ ပြောခဲ့ပြီးသလို ပျိုးရဲ့ရင်မှာ အချစ်သစ်တစ်ပွင့် ဘယ်သောအခါမှ ပွင့်မလာနိုင်လောက်အောင် ပျိုးရဲ့ အသည်းရင်ပြင်ဟာ လွင်တီးခေါင် ဖြစ်ခဲ့ရပါပြီ၊ ပျိုးရဲ့အချစ်တွေ အားလုံးသူ့ကို ပေးအပ်ခဲ့ရလို့ ချစ်တတ်တဲ့မေတ္တာဆိုလို့ ပျိုးရင်မှာ မြူတစ်မှုန်စာတောင် မရှိတော့ပါဘူးလို့ ပြောပါရစေ၊ အဲဒါဟာ ပျိုးရဲ့ ခံယူချက် အလုံးစုံပါပဲ ကိုမင်းထိုက်"

"ကောင်းပါပြီ ပျိုး၊ ကောင်းပါပြီ ခင်ဗျာ၊ သိပ်ပြီး သစ္စာတရားကြီးမြင့်တဲ့ ပျိုးအတွက် ရင်ငြိမ်းအေးအောင် စွမ်းဆောင်နိုင်တဲ့ကိုယ်ဖြစ်ရပါစေလို့ ကျွန်တော့်ကိုယ်ကျွန်တော် ဆုတောင်းမိပါတယ်၊ ဒါပါပဲ ပျိုး၊ အဓိတိတ်ပြီး နှစ်ခြိုက်စွာ အိပ်ပျော်နိုင်ပါစေလို့ ဝွတ်နိုက်ပါ ပျိုး"

❖ ❖ ❖





# အခန်း[၃၂]

"မမပျိုး၊ အိမ်ရှေ့မှာ အဘွားကြီးတစ်ယောက် ရောက်နေတယ်၊ မမပျိုးနဲ့ တွေ့ပါရစေတဲ့၊ မမပျိုးရဲ့ ယောက္ခမကြီးက"

"ဟဲ့"

"ဟုတ်တယ်၊ ကိုရာဇသူရဲ့ မာမီ ဒေါ်တင်တင်စုတဲ့"

"ဟင်"

ဘယ်လိုပြဿနာများ ရှိနေ၍ ကျွန်မထံသို့တိုင် လာရောက်တွေ့ဆုံရပါလိမ့်ဆိုသော သိချင်စောများဖြင့် နောက်ဖေးချောင်တွင် ရှိနေသော ကျွန်မ သန့်ရှင်း သပ်ရပ်အောင် ပြင်ဆင်ဖြီး အိမ်ရှေ့သို့ ထွက်လာခဲ့ရပါသည်။

"အန်တီ့ကို အချိန်နည်းနည်းပေးပါ၊ ပျိုးနဲ့ ဆွေးနွေးချင်စရာလေး ရှိလို့ပါကွယ်"

"သြော် ဟုတ်ကဲ့ အန်တီ၊ ရပါတယ်၊ ပြောပါရှင်"

ကျွန်မနှင့်ဆုံစဉ်က ပြေလည်လှခြင်း မရှိသော်လည်း ဆက်ဆံပုံက မရင့်ခဲ့ပါ။ ယခု ကျွန်မအိမ်သို့တိုင် လိုက်လာသော ကျွန်မမိခင်ရွယ် အမျိုးသမီးကြီးကို ယဉ်ကျေးပျူငှာစွာ ဆက်ဆံရပါမည်။

ကျွန်မ ဒေါ်တင်တင်စုနားသို့ မထိုင်ဖြစ်မီ မျိုးကို လက်ဟန်ခြေဟန်ဖြင့် ပြခဲ့ရသည်။ ရေခဲသေတ္တာကို လက်ညှိုးထိုး၍ အအေးတစ်ခွက် ဖျော်ယူလာပါရန် ပြရသည်။ တလွဲတချော် ယူလာ၊ လုပ်လာ လေမလားပင်။ မျိုးက ဘာဆိုဘာမှ မလုပ်တတ်။ ကော်ဖီတစ်ခွက်ကို ဖြောင့်မတ်အောင် ဖျော်စပ်တတ်သူမဟုတ်၊ သူ့ကို စိတ်မချသော်လည်း ကျွန်မ ဒေါ်တင်တင်စု၏နားတွင် ထိုင်သင့်ပြီဖြစ်ပါ၍ ဝင်၍ ထိုင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

"အခု နေရတာ ပျိုးတို့ ညီအစ်မချည်းပဲလား"

ကျွန်မတို့၏ နှစ်ထပ်တိုက်သစ်ကြီးကို ဝေ့ဝဲကြည့်ရင်း ဒေါ်တင်တင်စုက စ၍ မေးသည်။

"မဟုတ်ပါဘူး အန်တီ၊ မျိုးမျိုးရဲ့ အဘွားက ဒီမှာ လာနေပေးပါတယ်၊ သူ့တူတစ်ယောက်က ညလာအိပ်ပါတယ်၊ ကိုယ်တိုင်ပဲ ထမင်းချက်၊ ကိုယ်တိုင်ပဲ ကားမောင်းပါတယ်"

"အေးကွယ်၊ ပျိုးတို့ရဲ့ သတင်းကို သား ပြောပြလို့ ကြားရပါတယ်၊ စိတ်မကောင်းပါဘူး သားသမီးချင်း စာနာပါတယ်၊ ဒါနဲ့ အမှုကရော"

"ရန်ကုန်ကို ပို့ပေးမယ်လို့ ပြောပါတယ်၊ ဦးဦးနဲ့ မျိုးတို့မေမေတော့ အင်းစိန်ထောင်မှာ ရောက်နေပါပြီ၊ ကိစ္စအားလုံးကို ပျိုးရဲ့ ဘဘကပဲ တာဝန်ယူပြီး လုပ်ပေးပါလိမ့်မယ်"

"ဒါပေါ့၊ မိန်းကလေးတွေက ဘယ်နားလည်ပါ့မလဲ၊ နောက်ဆုံးတော့ ကံတရားပေါ့ သမီးရယ်"

စာနာထောက်ထားသော စကားများဖြင့် နိဒါန်း ချီလာသူကို ကျွန်မ ယဉ်ကျေးသိမ်မွေ့စွာ တုန့်ပြန်ရပါသည်။ အရေးထဲ မျိုး ဖျော်လာသည့် ဆီးဖျော်ရည်ကိုကြည့်ပြီး "သွားပြီ" ဟူ၍ ကျွန်မ ရင်မ,ရပါသည်။ ဖန်ခွက်တွင်း ရေခဲတုံးများအောက်၌ ဆီးရောင်က မည်းမည်းညစ်နေသည်။ ဆီးဖျော်ရည်ပုလည်းထဲမှ အားပါးတရ သွန်ချလိုက်ပြီး ရေနည်းနည်းလေးနှင့် ရောစပ်ထားသည်ကို မြင်ရုံနှင့်သိနိုင်သည်။ သကြားရည်မှ ထည့်ရဲ့လား၊ မတတ်နိုင်တော့၊ မြည်း၍လည်း မဖြစ်၊ ထပြင်၍လည်း မတော်၊ ရှိပါစေတော့။

"ပျိုးကို ဘာများ ပြောစရာရှိပါသလဲ အန်တီရှင်"

မနေနိုင်တော့၍ မေးမိသည်။ အပြင်ဘက်တွင် မောင်မောင်များ မဝင်ရဲ၍ စောင့်နေရှာလေသလား ဟူ၍ ဝေ့ဝဲကြည့်မိသော်လည်း မောင်မောင့် အရိပ်အယောင်မျှ မမြင်ရ။

"အန်တီ တစ်ယောက်တည်း ဘယ်စကားနဲ့ လာခဲ့တာ"

ကျွန်မ၏ ရင်တွင်းမျှော်လင့်ချက်ကို ဒေါ်တင်တင်စု ရိပ်မိသွား





ဟန်ဖြင့် သူ့သား မပါကြောင်း ပြောပြီးမှ...

"တစ်ယောက်တည်း လာရတဲ့အကြောင်းက အန်တီ ဒီကို လာ သား မသိစေချင်လို့ပါ"

"ရှင်"

"သား မသိအောင် အန်တီက လာပြီး ပျိုးကို တောင်းပန်တာပါ"

"ပျိုးကို တောင်းပန်စရာ ဘာများရှိလို့လဲရှင်"

"ရှိပါပြီကော ပျိုးရယ်၊ သားမှာ စေ့စပ်ပြီးသား ရှိနေပါရက်နဲ့ ပျိုးကို ချစ်ခွင့်ပန်ယူတာ သားရဲ့ ပထမပြစ်ချက်ပါ"

"မစုံစမ်း မမေးမြန်းဘဲ တုန့်ပြန်လွယ်မိတဲ့ ပျိုးရဲ့အပြစ်လည်း ပါပါတယ်လို့ ဝန်ခံပါရစေ၊ ပျိုး ရှက်လည်း ရှက်မိပါရဲ့ အန်တီရယ်၊ ဘာမှ မသိရရိုး အမှန်ပါရှင်၊ ခုတော့လည်း ကိစ္စအားလုံး ပြီးပြေပါပြီ၊ သူနဲ့ ပျိုးနဲ့ လမ်းခွဲကြပြီးပါပြီ"

"အဲဒီကိစ္စအတွက် အန်တီ လာရတာ ပျိုး၊ အန်တီသားက အမှားရှိသူမို့ ပျိုး ကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ်၊ ဒါပေမယ့် အန်တီ့ သားလေးမှာ တစ်ခါမှ မဖြစ်ဖူးတဲ့ ဝေဒနာတွေ ခံစားနေရရှာပါတယ် ဆိုတာတော့ ပျိုး သိစေချင်လှပါတယ်"

"ရှင်"

"သူ ရုံးက ခွင့်ယူထားပါတယ်၊ ဘယ်မှလည်း မလည်၊ အိမ်မှာ ရှိနေတယ်၊ မျက်နှာ အမြဲမကောင်းနေလို့ အန်တီက မေးတော့မှ အကြောင်းစုံ သိရပါတယ်၊ ပျိုးဘက်ကလည်း ထင်မယ်၊ သားဟာ ရည်းစားများသူ၊ စေ့စပ်ထားပြီးသူမို့ ပျိုးကို လွယ်လွယ်နဲ့မေ့ပြီး ရီမွန်ခင်ကို လက်ထပ်သွားလိမ့်မယ်လို့"

"ဒီလိုပဲ ဖြစ်လာမှာပါလေ"

"မဟုတ်ဘူး သမီး၊ လုံးဝ မဟုတ်ဘူး၊ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် ကိုယ် နှစ်သက် မြတ်နိုးဆုံး သူတစ်ယောက်တော့ တစ်သက်မှာ တစ်ခါ ရှိတတ်ကြပါတယ်၊ ရှင်ဘုရင်တောင် မိဖုရား အများကြီးထဲက အချစ်မြတ်နိုးဆုံး မိဖုရားတစ်ပါးတော့ ရှိကြစမြဲပါ၊ သားဟာ ပျိုးနဲ့ ပတ်သက်ပြီး တကယ် လှိုက်လှိုက်လှဲလှဲခံစားနေရ

www.burmeseclassic.com

ပါတယ်လို့ အန်တီ ရဲ့ လူကြီးစကားကို ပျိုး ယုံပါကွယ်”

“အန်တီရယ်၊ ပျိုးအနေနဲ့ ဒါတွေသိလာရလို့ ဘာများ ထူးခြားလာမှာလဲရှင်”

“အဲဒါကတော့ ပျိုးရဲ့ ဆုံးဖြတ်မှုအပိုင်းပါ၊ အန်တီ ပြောချင်တာလေးတွေကိုတော့ ပြောသွားပါရစေ”

“ကောင်းပါပြီလေ”

ကိုယ့်အိမ်ပေါ်သို့ ရောက်လာသူမို့ သည်းခံ ခွင့်လွှတ်စွာဖြင့် နာခံရပါမည် ဟူသော ခံယူချက်များဖြင့် ကျွန်မ ဆက်လက် နာကြားရပါပြီ။

“သားက ရည်းစားများတယ် ဆိုပေမယ့် သစ္စာမဲ့မျိုး မဟုတ်ပါဘူး၊ တစ်ယောက်ပြီးမှ တစ်ယောက်ထားတဲ့ သဘောပါ၊ လွယ်လွယ်ကူကူ ချစ်ကြ၊ လွယ်လွယ်ကူကူ ပျက်ကြတာမျိုးပါ၊ ဒီနေ့ခေတ် မိန်းကလေးတွေကလည်း ဝိုင်းနေတာမျိုးပါ၊ သားရဲ့ တဒင်္ဂ မေတ္တာဇာတ်လမ်းလေးတွေ အားလုံးဟာလည်း ချုပ်ငြိမ်းပြီးပါပြီ ပျိုး၊ ပြောရမယ့် အကြောင်းက ရီမွန်ခင့် ကိစ္စပဲ ရှိပါတယ်”

အသည်းတစ်ရာရှင် မောင်မောင့်ကို အပြစ်မမြင်၊ မိန်းကလေးများကိုသာ အပြစ်တင်ချင်သော ဒေါ်တင်တင်စုကိုသာ ကျွန်မ ငေးကြည့်နေမိပါသည်။ မိခင်တစ်ယောက်၏ မေတ္တာ စွမ်းပကား,ကားကြီးမားလွန်းလေစွဟု အမိမဲ့ ကျွန်မက မိခင်မေတ္တာကို ငတ်မွတ်စွာ တွေးလိုက်မိပါသည်။ သား၏ နှလုံးသားရေးရာ ပြဿနာများကိုပင် ဘင်ရောက်ဖြေရှင်းရှာသူ မောင်မောင့်မာမီ၏ စကားသံများက ဆက်လက် ထွက်ပေါ်လာသည်။

“ရီမွန်ခင်နဲ့ သားနဲ့ သမီးရည်းစား မဟုတ်ကြတာတော့ အမှန်ပါပဲ၊ ပြောရရင်တော့ အန်တို့ အပြစ်ပါ”

ဒေါ်တင်တင်စုသည် သာမန် ဆွေးနွေးခြင်းမျိုး မဟုတ်ရှာ။ တကယ်ပင် လှိုက်လှဲစွာ ပြောကြားနေကြောင်း ကျွန်မ ယုံကြည်ပါသည်။ ဤအမျိုးသမီး၏ တည်ကြည်သော သမာဓိများကိုလည်း သူ့နှုတ်ခမ်းနှင့် သူ့မျက်ဝန်းများ၌ တွေ့မြင်နိုင်ပါသည်။





ဒေါ်တင်တင်စု၏ မျက်ဝန်း၌ မျက်ရည်များဝဲလျက် အသံများ တုန်ခါလျက်နှင့် စကားဆက်သည်။

“မနီနီခင် သိပ်လည်တယ်၊ စီးပွား အရှာကောင်းတယ်၊ စကားပြော ကောင်းတယ်၊ အန်တီတို့က ခပ်ရိုးရိုး ခပ်အအဆိုတော့ သူ့အပြောကို ကျသွားမိတယ်၊ ပစ္စည်းရှင်မိသားစုရယ်လို့ ယုံကြည်ပြီး သားလေးကို ကောင်းစားစေချင်တဲ့ စိတ်စေတနာနဲ့ သူက အရင်ကမ်းလှမ်းလာတဲ့ စကားကို အန်တီက နားဝင် လက်ခံလိုက်မိပါတယ် ပျိုး”

“သောက်ပါဦး အန်တီ”

ကျွန်မက ဆီးဖျော်ရည်ခွက်ကို ယူ၍ ပေးမိသည်။ ဒေါ်တင်တင်စုက တစ်ငုံမျှ သောက်ပြီး...

“ရာနူးမှာ ရီမွန်ခင်ဆိုရင် မသိသူ မရှိဘူး၊ သိပ်လည်လွန်းတယ်၊ မကြိုက်ပါဘူးလို့ သားက ငြင်းရှာသား၊ အန်တီက မကောင်းတာ၊ အန်တီတို့မှာလည်း ဟန်သာ ရှိပါတော့တယ်၊ ငွေကြေး အခုလိုက် အပုံလိုက် သားကို ပေးစရာ မရှိတော့ သူဌေးသမီးကို ရှာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ၊ မနီနီခင်ကိုလည်း သိပ်အထင်ကြီးမိတယ်၊ ဒါနဲ့ သားကို အတင်းပဲ အန်တီက ပြောတော့ သားက နားထောင်ရှာပါတယ်၊ တစ်ဦးတည်းသားဆိုပေမယ့် မိဘစကားကို ဘယ်တော့မှ မပယ်ရှားခဲ့လို့ သူ မနှစ်သက်ဘဲနဲ့ လက်ခံလိုက်တာပါ၊ စေ့စပ်ပြီး စိတ်လည်းညစ်လို့ ထင်ပါရဲ့၊ ပုဂံဘုရားတွေပြင်ဖို့ တာဝန်ယူမယ်ဆိုပြီး သူ ထွက်သွားခဲ့တယ်”

“ဟုတ်ကဲ့”

“ဆိုလိုတာက ရီမွန်ခင်ကို ဟိုတုန်းကလည်း သူ မနှစ်သက်ခဲ့ဘူး၊ အခုကျတော့ စေ့စပ်ရေးကို ဖျက်ပေးနိုင်ရင် ဖျက်ပေးပါတဲ့၊ မဖျက်ရင်လည်း သူ ဘယ်တော့မှ ရီမွန်ခင့်ကို လက်မထပ်ဘူး၊ ဘယ်သူ့ကိုမှလည်း ဒီတစ်သက်မှာ လက်မထပ်ဘူး၊ ဒါတစ်ခုတော့ မာမီသားကို သနားသဖြင့် လိုက်လျောပါတဲ့”

“သူ့ဝေဒနာတွေကို အချိန်က ကုစားသွားပါလိမ့်မယ်ရှင်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ယောက်ျားလေးဆိုတော့ နေချင်မှနေမှာပါ၊ ဒါပေမယ့် ပျိုးကို သူ တကယ် လိုက်လိုက်လှဲလှဲ ချစ်ပြီး ပျိုးအတွက် တကယ် ခံစားနေရပါတယ် ဆိုတာတော့ ပျိုး ယုံပါ"

"ယုံပြီပဲ ထားပါ အန်တီရယ်၊ ဘာလုပ်နိုင်တော့မှာလဲရှင်"

"အန်တီ ပြောမယ်နော်၊ ပျိုးဘက်ကတော့ ကြိုက်သလို ဆုံးဖြတ်ပါ၊ အန်တီတို့က အမှားရှိသူကိုး၊ ဒါပေမယ့် ရီမွန်ခင်နဲ့ စေ့စပ်ခြင်းကိုတော့ လူသိရှင်ကြား ပယ်ဖျက်ပစ်ပါတော့မယ်"

ဒေါ်တင်တင်စု၏ စကားကြောင့် ကျွန်မ လန့်သွားမိသည်။

"အို...အို ဒီလို မလုပ်ကြပါနဲ့ရှင်၊ ပျိုးရဲ့ရင်က ဝေဒနာမျိုး ရီမွန်ခင်ကို မဖြန့်ဝေပါရစေနဲ့ အန်တီရှင်၊ ရှိပါစေ၊ ဒီအတိုင်း ရှိပါစေ၊ စေ့စပ်ရေးဖျက်ရင်လည်း အန်တီ့သားကို ပျိုး လက်မထပ်နိုင်ပါဘူး၊ ပျိုး တစ်သက်မှာ သူများရဲ့ ချစ်သူကို ဘယ်တော့မှ လုမယူဘူးရှင့်"

ဒေါ်တင်တင်စု၏ လာရင်းကိစ္စကို သိရပြီမို့ ကျွန်မ ဒေါသနှင့် ပြောမိသည်။

ကျွန်မ ပိုင်ဆိုင်ခွင့်ရှိမည့် အမွေပစ္စည်းများကို ဒေါ်တင်တင်စု စာရင်းကောက်ပြီးပြီ ထင်ပါသည်။ အဘွားဒေါ်နန်းအိမ်၏ ချမ်းသာ ကြွယ်ဝမှုကိုလည်း သူ့သားက တင်ပြပြီးဟန် တူပါသည်။ သည် အတွက် သူဌေးသမီးနှင့်မှ ဆိုသော မြားဦးက ကျွန်မဘက်သို့ လှည့် လာခဲ့ခြင်း ဖြစ်လေမည်။

"အန်တီ အစီရင်ခံပြီးပါပြီ ပျိုးရယ်၊ ပျိုးဘက်က ကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ်လို့၊ အန်တီလာတာ ပျိုး တိမ်းညွှတ်လာအောင် သိမ်းသွင်းဖို့ မဟုတ်ပါဘူး၊ အဖြစ်မှန်ကို တင်ပြရုံသာပါ"

"ကောင်းပါပြီ အန်တီ၊ ပျိုး တစ်ခါတည်း ဆုံးဖြတ်ပေးလိုက်ပါရစေရှင်၊ ရီမွန်ခင်နဲ့သာ လက်ထပ်ပါလို့ သူ့ကို ပြောပေးပါ"

"ဒါတော့ မဖြစ်နိုင်တော့ဘူး ပျိုး၊ သားကလည်း မသွားတော့ သူတို့သားအမိ မခံချင် ဖြစ်နေကြတယ်၊ သူတို့မှာလည်း M.O.T. 2nd Class အောင်ပြီးတဲ့ နိုင်ငံခြား သင်္ဘောအရာရှိတစ်ဦးကို တွေ့နေကြ





ပြီ။ ဒီနေ့ ခင်ပွန်းလောင်းဈေးကွက်မှာ ရေပန်းအစားဆုံး နိုင်ငံခြား သင်္ဘော အရာရှိကို သူတို့ မက်နေကြပါပြီ၊ သူတို့ဘက်ကလည်း စေ့စပ်ရေးကို အန်တီ့လိုပဲ ဖျက်ချင်နေတာပါ၊ ငွေလေးသောင်း ကိစ္စ က ခံနေလို့"

"ငွေလေးသောင်း"

"ဟုတ်တယ်၊ အဲဒီပြဿနာလည်း တစ်ဆက်တည်း ပြောပါရစေတော့လားကွယ်၊ သည်းခံပြီး နားထောင်ပါဦး ပျိုးရယ်"

"ပြောသာ ပြောပါတော့ရှင်"

"အန်တီ မောင်အရင်းတစ်ယောက် ရှိပါတယ်၊ ဇီဝဗေဒဌာနက ဆရာပါ၊ ဒေါက်တာဘွဲ့သွားယူပြီး ပြန်လာတော့ တိုယိုတာမတ်(က)ကား တစ်စီး ပါလာတယ်၊ အဲဒါ ရွေးစရာငွေ မရှိဘူး၊ တိုတိုပြောရရင် သူတို့လိုအပ်တဲ့ ငွေလေးသောင်းကို မနီနီခင်ဆီက အန်တီက အာမခံပြီး ချေးပေးခဲ့တယ်"

"သြော်သြော်"

"သားနဲ့စေ့စပ်ပြီးမှ ကိစ္စပါ၊ ငွေကြောင့် စေ့စပ်လိုက်ရတာတော့ မဟုတ်ပါဘူး၊ ဒါနဲ့ တိုတိုပြောရရင် ကားရွေးပြီးတော့ မောင်လုပ်တဲ့လူက ကားကိုလည်း ပြန်မရောင်းချင်၊ အကြွေးပေးစရာလည်း ငွေမရှိနဲ့ ပေပြီး စီးနေခဲ့တယ်"

"ဟုတ်ကဲ့၊ တချို့ကျတော့လည်း ကားကို အပေါင်ထားကြ ဘယ်နှလ ပေးစီးရနဲ့၊ နိုင်ငံခြားက ကားသွင်းလာပြီး ဂျူတီမဆောင် နိုင်တဲ့ ပြဿနာတွေ အများကြီး ကြားဖူးပါတယ်"

"ဒီထဲမှာ အန်တီက ဘာမဆိုင်ညာမဆိုင်နဲ့ ကိုယ့်မောင် မကောင်း တော့ ငွေလေးသောင်း အဖတ်တင်နေရတာပေါ့"

"ဟုတ်ကဲ့"

"ဒီတော့ အန်တီကလည်း မနီနီခင်နဲ့ ပြတ်ချင်တော့ ငွေကို ဆပ်ချင်တယ်၊ သူကလည်း သူ့သမီးက သင်္ဘောအရာရှိနဲ့ ကြိုက်နေ တော့ အန်တီတို့ကို ဖြတ်ချင်နေတယ်၊ ဒါပေမယ့် ငွေလေးသောင်း ကိစ္စက ရှိနေတော့ မနီနီခင်ကလည်း အချိုသပ်ပြီး ဖောင်းနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလို နှစ်ဦးနှစ်ဖက်ကြားမှာ ငွေလေးသောင်းပြဿနာ ရှိနေကြဆဲမှာ သားရဲ့ သူငယ်ချင်းတစ်ယောက်က အန်တီ့ကို ဝင်ကူညီသွားရှာပါပြီ"

"ဪ"

"မနေ့ညကပဲ ဆပ်လိုက်ပြီ၊ ငွေလည်းရရော အန်တီ မပြောခင် သူက အရင် စပြောတယ်၊ စေ့စပ်ရေးကို ဖျက်ပေးပါတဲ့၊ အန်တီတို့ချင်း ပြေလည်ကြလို့ ဝန်ထုပ်ကြီး ကျသွားသလိုပဲ ရင်ထဲမှာ ပေါ့သွားပါတယ်"

"ဟုတ်ကဲ့ရှင်"

"အဲဒီ အကြောင်းအရာစုံကို လာပြီးတင်ပြတာပါ ပျိုး၊ အန်တီ ပြောစရာ ပြီးဆုံးပါပြီ၊ သားမှာ ဘာအနှောင်အဖွဲ့မှ မရှိတော့ပါဘူး လို့ ပြောရင်း တကယ်လို့ ပျိုးသာ လက်ခံမယ်ဆိုရင် အန်တီက သားလေးအတွက် ပျိုးရဲ့ ခြေအစုံကို ဖက်ပြီး တောင်းပန်ရ တောင်းပန်ရ တောင်းပန်ပါ့မယ်၊ သားကို သနားပါလို့"

"အို အန်တီရယ်၊ မဟုတ်တာရှင်၊ ပျိုးကို ဒီလို မပြောကြပါနဲ့၊ ပျိုး မကြိုက်ဘူး၊ အသက်ကြီးသူကို ပျိုး ရိုသေစိတ် အမြဲ ရှိပါတယ်"

"ကောင်းပါပြီကွယ်၊ ပျိုး နည်းနည်းလောက် အချိန် ယူပြီး စဉ်းစားပေးပါဦး သမီးရယ်"

"ပျိုး ကြိုးစားပါ့မယ် အန်တီ"

"သားကို လွှတ်လိုက်ရမလားဟင်"

"ပျိုး သူ့ကို မတွေ့ပါရစေနဲ့ဦးရှင်၊ ပျိုးကိုခွင့်လွှတ်ပါ အန်တီ"

"ကောင်းပါပြီကွယ်၊ ဒါဖြင့် အန်တီပြန်မယ်နော်"

"ဟုတ်ကဲ့ပါရှင်"

အမျိုးသမီးကြီးက ဧည့်ခန်းမှ ထွက်သွားသည်။ ဧည့်သည်ကို အိမ်ရှေ့ထိ လိုက်ပို့နေကျ ကျွန်မက မေ့လျော့သလို ငေးငိုင်ရင်း ကျန်ခဲ့မိသည်။

"ဪ ပျိုးကို တစ်ခု မှာခဲ့ပါရစေဦး"

ဖိနပ်ချွတ်သို့ ရောက်လေမှ သူ တစ်စုံတစ်ခုကို သတိရသလို





လှမ်းပြောသည်။ သည်တော့မှ ကျွန်မက မြန်မြန်ထပြီး သူ့နား သွားရပ်မိပါ၏။

"တကယ်လို့များ၊ သားနဲ့ ဆုံဖြစ်ကြရင် အန်တီရဲ့ ငွေ လေး သောင်း ကိစ္စကို ထည့်မပြောပါနဲ့နော်၊ သားရဲ့ သူငယ်ချင်းလေးက လည်း အတန်တန် မှာရှာပါတယ်၊ ဘယ်သူ့မှ မပြောပါနဲ့လို့"

"ဟုတ်ကဲ့ စိတ်ချပါရှင်"

"ပျိုးကိုတော့ မပြောရင် မဖြစ်လို့ ထည့်ပြောရတာပါ၊ သား မသိစေရပါဘူးလို့ မောင်မင်းထိုက်ကို အန်တီ ကတိပေးထားပြီးပါပြီ"

"ရှင်...ရှင် ဘယ်သူ"

"မောင်မင်းထိုက်တဲ့၊ မန္တလေးက သားရဲ့ သူငယ်ချင်းပါ"

"အို"

ကျွန်မ ရင်ကိုဖိနှိပ်ရင်း မျက်စိ စုံမှိတ်ထားလိုက်မိသည်။ ဒေါ်တင်တင်စု ထွက်သွားသည်ကိုပင် ကျွန်မ မမြင်ရတော့ချေ။

"ပျိုး ရင်ငြိမ်းအောင် စွမ်းဆောင်နိုင်တဲ့ကိုယ် ဖြစ်ရပါစေလို့ ကျွန်တော့်ကိုယ် ကျွန်တော် ဆုတောင်းပါတယ် ပျိုး"

တယ်လီဖုန်းဖြင့် ပြောကြားစဉ်က သူ့နိဂုံးချုပ်စကားများကို ပြန်လည် ကြားယောင်လာမိသည်။

"ကိုမင်းထိုက်ရယ်၊ ပျိုးအပေါ်မှာ ဒီလောက်ထိအောင် စေတနာ ထားနိုင်လှချည်လားရှင်"

"ပျိုး ချစ်သူနဲ့ ကြည်ဖြူဖို့အတွက် ငွေလေးသောင်းတောင် အဆုံးရှုံး ခံရတယ်လား"

"မောင်မောင်နဲ့ ရီမွန်ခင်ရဲ့ ကြားမှာ ခံနေတဲ့၊ ဆက်သွယ်နေစေတဲ့ ဒီငွေလေးသောင်းကို ပေးပြီး ပိုင်းဖြတ်စေခဲ့တဲ့ ကိုမင်းထိုက်ရဲ့ စေတနာ"

"ဟင့်အင်း၊ ပျိုးကြောင့် မကုန်ရဘူး၊ ပျိုးကြောင့် ဒီလောက် အနစ်နာမခံရဘူး"

ကျွန်မမှာ မျက်စိစုံမှိတ်၍ အံကြိတ်ပြီး ခေါင်းခါမိသည်။ ယင်းကိစ္စကို မောင်မောင်အား မပြောဖို့သာ ကတိပေးခဲ့ခြင်းပါ။ ကိုမင်း



www.burmeseclassic.com

www.burmeseclassic.com

ထိုက်ကိုဖြင့် ကျွန်မ ပြောကြားရပါလိမ့်မည်။

"ကိုမင်း ထိုက်နဲ့ ခဏ စကားပြောပါရစေရှင်"

တယ်လီဖုန်းရှိရာသို့ ထလာပြီး ကျွန်မ ချက်ချင်းပင် ဆက်သွယ်မိသည်။ တစ်ဖက်မှ...

"ဆရာ အခန်းထဲမှာ အလုပ်လုပ်နေပါတယ်၊ ပြောစရာရှိရင် ကျွန်တော့်ကို မှာနိုင်ပါတယ်၊ သူ ထွက်လာတော့ ပြောပေးပါ့မယ်၊ ဘယ်သူနဲ့မှ စကားမပြောပါဘူးခင်ဗျာ"

"ဒီမှာရှင် သိပ်အရေးကြီးလို့ပါ၊ ခဏလေး သွားပြောပေးစမ်းပါ၊ ပျိုးက စကားပြောပါရစေလို့"

"ဘယ်သူ"

"ပျိုးပါ"

"သြော်သြော်၊ ကိုင်ထားပါနော်၊ ကျွန်တော် သွားပြောပေးပါ့မယ်ခင်ဗျာ"

ကျွန်မအမည်ကို ကြားဖူးသည့်အထဲကပင် ဖြစ်မည် ထင်ပါသည်။ ပျိုးပါ ဆိုလေမှ အရေးတယူ ရှိသွားပါ၏။

ထိတ်ထိတ်ခုန်သော ရင်များဖြင့် ကိုမင်းထိုက်၏ အသံကို စောင့်စားမျှော်လင့်နေမိဆဲ...

"ပျိုး...ပျိုး ဘာဖြစ်လို့လဲဟင်"

"ဘာမှ မဖြစ်ပါဘူး ကိုမင်းထိုက်"

"ဒါနဲ့ သိပ်အရေးကြီးလို့ ဆို"

"ပျိုးနဲ့ လာပြီး စကားမပြောမှာ စိုးလို့ပါ"

"သြော် ပျိုးရယ်၊ ကျွန်တော့်မှာ ပျိုးထက် အရေးကြီးတဲ့လူ မရှိပါဘူးတဲ့ဗျာ"

"ကိုမင်းထိုက်"

"ပျိုး"

"ဖုန်းထဲက မပြောချင်ဘူး၊ ပျိုးနဲ့ ခဏလောက် လာပြီး တွေ့နိုင်မလားဟင်"

"ဘာအရေးကြီးလို့လဲ ပျိုးရဲ့"





"သြော် ကိုမင်းထိုက်ရဲ့ စေတနာ လွှန်ကဲမှုလေးတွေကို အေးအေးဆွေးဆွေး ချင်လို့ပါ"

"ဗျာ"

"လာခဲ့မှာလားဟင်"

"ဒီကိစ္စကိုပဲ ပြောမှာလား၊ ပျိုး အတွက် ဘာလုပ်ပေးစရာ ရှိသေးလဲဟင် ပျိုး"

"မရှိပါဘူး"

"ဒါဖြင့် ခွင့်ပြုပါ ပျိုး၊ ကျွန်တော် နက်ဖြန်ညနေမှ လာပါရစေ၊ ပျိုးကို လက်ဆောင်တစ်ခု ပေးစရာရှိလို့"

"လုပ်ပြန်ပြီ၊ ပျိုး ဘာမှ မလိုချင်ဘူး ကိုမင်းထိုက်"

"ကျွန်တော်ပေးမှာ ဘာမှ အဖိုးတန်တဲ့ပစ္စည်း မဟုတ်ပါဘူးဗျာ"

"ဘာပဲဖြစ်ဖြစ် ပျိုး မလိုချင်ပါဘူး၊ ပျိုးအတွက် အကုန်အကျခံတာတွေကို ပျိုး မကြိုက်ဘူး ကိုမင်းထိုက်ရယ်"

"ပျိုးကလည်း ဗျာ"

"ပျိုး ကိုမင်းထိုက်နဲ့ တွေ့ချင်တာပါပဲ"

"ခွင့်လွှတ်ပါ ပျိုး၊ ကျွန်တော် အလုပ်ကလေး မပြီးသေးလို့ ကျွန်တော် နက်ဖြန်ညနေမှ လာပါရစေနော်"

"ကောင်းပြီလေ၊ လာချင်တဲ့အချိန်သာ လာပေ့ါ"

"စိတ်ဆိုးသွားလား ပျိုး"

"စိတ်ဆိုးရမယ့် လူချင်းမှမဟုတ်ဘဲ၊ ဒါဖြင့် ဒါပဲလေ"

"ကောင်းပါပြီ ခင်ဗျာ"

မန္တလေးသားမို့ စကားပြော ယဉ်ကျေးလှသော ကိုမင်းထိုက်၏ ဗျာချင်း ထပ်သော စကားသံများ၊ စေတနာလွှန်ကဲမှုများကို တစ်နေ့နှင့် တစ်ညတာ ကာလပတ်လုံး တွေးတောနေမိရပါပြီ။

"ကိုမင်းထိုက်ရဲ့ ကြီးမားတဲ့ စေတနာတွေကို ပျိုး မခံယူပါရစေနဲ့၊ ကျေးဇူးကြွေး ပြန်မဆပ်နိုင်တဲ့ ပျိုးမို့ပါရှင်"

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com


## အခန်း[၃၃]

**ပျိုး...**

မောင်မောင့်ရင်ထဲ အသည်းတစ်ရာရှိသူပါရယ်လို့ သတ်မှတ်ပြီး မုန်းတီးနေတဲ့ ပျိုးရယ်။

မောင်မောင် ကိုယ်တိုင် ပျိုးဆီကို လာမတွေ့ဝံ့လို့ မောင်မောင့် ကိုယ်စား ရောက်လာတဲ့ ဒီစာထဲမှာ မောင်မောင့် အပြောလေးတွေ၊ တောင်းပန်မှုလေးတွေ ထည့်ပေးလိုက်မယ် နော်...။

မောင်မောင်နဲ့ ရီမွန်ခင်တို့ရဲ့ စေ့စပ်ခြင်း ရုပ်သိမ်းကြောင်း သတင်းစာထဲမှာပါတာ ပျိုး တွေ့ရပြီပေါ့နော်။ မိန်းကလေး ဘက်က ရုတ်သိမ်းတဲ့ အနေနဲ့ ကြော်ငြာတာကို မောင်မောင်ရော မာမီပါ သဘောတူလိုက်ကြပါတယ်။ စေ့စပ်ရေး ပျက်ပြားဖို့သာ အဓိကပါ။ ဘာပဲဖြစ်ဖြစ်...

တစ်ဖက်မှာ ပျက်ပြားပြီးတာနဲ့ ပျိုးဆီကို ပြေးလာနိုင်တဲ့ အဖြစ်မျိုးလည်း မဟုတ်ပါလားကွယ်။

ပျိုးရယ်...

မောင်မောင် ဝန်ချပါတယ်။ ပျိုးရဲ့ မေတ္တာ ကြီးမြင့်မွန်မြတ်လေ မောင်မောင် ဖြို့ရလေပါ၊ ပျိုးဆီကို မောင်မောင် မလာရဲဘူး။ မောင်မောင်က အပြစ်များစွာနဲ့ လူကိုး။

ဒီလောကမှာ သစ္စာစကားနဲ့ မုသားစကားကို ပိုင်းခြားခွဲဝေပေးနိုင်တဲ့ စက်ကိရိယာရှိနေရင် သိပ်ကောင်းမှာပဲ ပျိုးရယ်။ ခုတော့ မောင်မောင်ပြောမယ့် **သစ္စာစကားတွေကို** ပျိုး ယုံကြည်လာအောင် သက်သေပြ**စရာ မရှိလေတော့** မဝံ့မရဲနဲ့ဘဲ မောင်မောင် ပြောပါရစေ။

မောင်မောင် ပျိုးကို **သိပ်ချစ်တယ်**။

ပျိုးလည်း **မောင်မောင့်ကို သိပ်ချစ်တာ** မောင်မောင် သိပါတယ်။

ပျိုးရဲ့အချစ်ကို **မောင်မောင်** သိပ်လေးစားတယ်။ သိပ်ယုံကြည်တယ်။ ဒီလိုပဲ မောင်မောင့် မေတ္တာကို ပျိုး ယုံကြည်လာဖြစ်အောင် မောင်မောင် ဘာတွေနဲ့ သက်သေပြရမှာလဲ အချစ်ရယ်။

သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ဦးအဖို့ ဒီလို ရင်နာကြေကွဲစွာနဲ့ပဲ တစ်သက်တာ နေကြရတော့မှာလား ပျိုးရေ။

မောင်မောင့်ကို လက်ထပ်ပါတော့မယ်ဆိုတဲ့ ခံယူချက်တွေနဲ့ ပျိုး မိတ္ထီလာက ပြန်လာတာပါ ဆို။

အဲဒီ ဆန္ဒလေးတွေ ပျိုးရဲ့ နှလုံးအိမ်မှာ ပြန်လည်ခိုနားလာနိုင်အောင် မောင်မောင် ဘာတွေ လုပ်ပေးရမလဲ အချစ်ရယ်၊ ပြောပါဦး။

မောင်မောင့်မှာ အပြစ်ရှိပါတယ်။ ရီမွန်ခင်နဲ့ စေ့စပ်ထားပါလျက်နဲ့ ပျိုးကို ချစ်မိတယ်။ ပျိုးရဲ့ အချစ်ကို ပြန်လည် ရယူနိုင်အောင် ကြိုးပမ်းမိတယ်။ ဒါဟာ မောင်မောင်ရဲ့ အပြစ်ပါ။

ဒါပေမယ့် မောင်မောင်ဟာ သစ္စာမဲ့သူတော့ မဟုတ်ပါဘူး ပျိုး။ ဒီလိုတော့ အစွပ်စွဲ မခံပါရစေနဲ့။

ဘာဖြစ်လို့လဲ ဆိုရင် ပျိုးကို ချစ်ပြီးတဲ့နောက် ပျိုး တစ်ယောက် တည်းသာပဲ မောင်မောင့်ရင်ထဲမှာ ရှိနေတော့လို့ပါ



www.burmeseclassic.com

www.burmeseclassic.com

ပျိုး။ ပျိုး ပြောခဲ့ သလို အသည်းတစ်ခု၊ အချစ်တစ်ချစ်တည်းနဲ့ မောင်မောင် ပျိုးကိုချစ်လာမိတာတော့ အမှန်ပါပဲ ပျိုးရေ။

မောင်မောင့်တစ်သက်မှာ နောက်ထပ် အသည်းသစ်၊ အချစ်သစ်တွေ ဘယ်သောအခါမှ ဝင်မလာစေရပါဘူး လို့လည်း မောင်မောင် ရဲရဲဝံ့ဝံ့ ပြောနိုင်ပါပြီ ပျိုး။

မောင်မောင် တကယ်ပဲ ခံစားနေရပါတယ် ပျိုး။ ပျိုး ခံစားရတယ် ဆိုတာက မောင်မောင့်ကို မီမယ်မထင်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ချစ်သူကို စွန့်လွှတ်မယ်ဆိုတဲ့ အသိချင်း တူနေဦးတော့၊ မောင်မောင်က စိတ်နာစရာ မပါလို့ ။ သိပ်ပြီး ချစ်မြတ်နိုးစရာကောင်းတဲ့ ပျိုးကို ဆုံးရှုံးရမယ့် အဖြစ်မျိုး မောင်မောင် မရင်ဆိုင်ရဲဘူးကွယ်။

မောင်မောင့် မေတ္တာတွေလည်း ကြီးမြင့် မွန်မြတ်လာပါပြီ။ ပျိုးရဲ့ မေတ္တာတရားတွေဟာလည်း ကြီးမားတယ် ဆိုတာ မောင်မောင် အသေအချာ သိပါတယ် ပျိုး။

ဒီလောက် ချစ်ကြတဲ့ ချစ်သူချင်းမှာ ရင်နာစရာတွေကို ချေဖျက်ပစ်ကြပါစို့လား ပျိုးရယ်နော်။

ပျိုး မောင်မောင့်ကို ပြန်လည် လက်ခံတဲ့နေ့ကို မောင်မောင် စောင့်စားနေပါ့မယ် ပျိုး။ နှစ်များစွာ ကြာသည့်တိုင်အောင် မောင်မောင် စောင့်စားနိုင်ပေမယ့်...

ပျိုးရေ...

ရင်ထဲက ဝေဒနာတွေကို ရှည်ကြာအောင် မသိမ်းဆည်းပါရစေနဲ့လား အချစ်ရယ်ကွယ်။

ရင်ထဲမှာ အသည်းတစ်ရာ မရှိတော့တဲ့...

**ပျိုးရဲ့ မောင်မောင်**

❖ ❖ ❖





## အခန်း[၃၄]

အသက်ခုနစ်ဆယ်ကျော် အဘွားကိုယ်တိုင် မိတ္ထီလာမှ ရန်ကုန်သို့ ကျွန်မအတွက် လိုက်လာသည် ဆိုခြင်းအတွက် ကျွန်မ သနားမိလှပါသည်။ ကျွန်မပေါ်၌ ထားရှိသော အဘွား၏ ကြီးမားသော သံယောဇဉ်များကိုလည်း ကျွန်မအံ့သြရပါပြီ။ ဘဘတို့အိမ်သို့ ကျွန်မ လာတွေ့ရပါသည်။

“သားကြီးဆီကတော့ စာရပါတယ်၊ ငါ့မြေး နေရေးထိုင်ရေး ပြေလည်ကြောင်း၊ ဒါပေမယ့် မျက်မြင်တွေ့ရမှ ယုံမယ်ဆိုပြီး အဘွား လိုက်လာခဲ့တာ”

“ကဲ အခုတော့ အဘွား စိတ်အေးပြီ မဟုတ်လား”

“ဘယ်အေးရမှာတုန်း၊ မာလာတင့်အမျိုးတွေနဲ့ ဘာလို့ သွားနေရတာလဲ ငါ့မြေးရဲ့”

“အဘွားလို အဘွားကြီး တစ်ယောက်တည်းပါ၊ ဒေါ်မာလာတင့် ညီမက သူ့မိသားစုနဲ့ ပြောင်းလာရမလား မေးတယ်၊ သမီး လက်မခံလို့”

“ဒါပေါ့”

“ဟိုအိမ်မှာ သွားနေရတာကလည်း ညီမလေး မျိုးကြောင့်ပါ အဘွား”

“သူ့အဘွား ရှိ ဆို”



www.burmeseclassic.com

www.burmeseclassic.com

"ဪ ညီမချင်းနေရတော့ ပိုပြီးအဆင်ပြေတာပေါ့ အဘွား ရယ်၊ သနားပါတယ်၊ ကလေးလိုပဲ မျိုးက"

"အေး ဒီမှာ အဘွား ပြောတာ နားထောင်စမ်းပါဦး"

"ဟုတ်ကဲ့ပါ"

"ငါ့မြေးရဲ့ သွေးသား အုပ်ထိန်းသူ မရှိဘဲနဲ့ ခုလို မနေသင့်ဘူး မျိုး"

မိတ္တီလာသို့ ပြန်ခေါ်မည်ထင်၍ ကျွန်မ စိတ်ညစ်ရပါပြီ။

"သမီးကို အဘွား စိတ်မချဘူး၊ ဒီတော့ နှစ်ခုပဲ မေးမယ်၊ အဘွားနဲ့ မိတ္တီလာကို လိုက်ခဲ့မလား"

"နောက်တစ်ခုကရော"

"အိမ်ထောင်ပြုမလား"

"အို...အဘွားကလည်း"

"ဘယ့်နဲ့ အဘွားကလည်း...ရမှာလဲ"

"ဟားဟား အဘွား သဘောတူတဲ့ဆရာက ရည်းစားကြီးနဲ့၊ ကိုမင်းထိုက် အဘွားကို ပြောပြတယ် မဟုတ်လား"

"ဟုတ်တယ်၊ မောင်ဝင်းထိုက်ကတော့ ရှိပါစေတော့၊ မောင်မင်းထိုက်ကိုရော ငါ့မြေး မယူနိုင်ဘူးလား"

"ဟောတော့ ဒုက္ခပါပဲ အဘွားကလည်း..."

သည်ညီအစ်ကိုနှစ်ယောက်ကို အဘွား ဘယ်လို သဘောကျနေမှန်း မသိ။ သူဌေးဦးရိုးမောင် ဆိုသူ၏ ရင်သွေးများကို အဘွားက သူ့အဆက်အနွယ်တွင်း သွင်းချင်လွန်းလှသည်။

"ဘယ့်နဲ့အဘွားကလည်းပဲ၊ မောင်မင်းထိုက်ကလည်း ငါ့မြေးကို သဘောကျနေတာပဲ မဟုတ်လား"

"သူနဲ့သမီးက ရိုးရိုးခင်တာပါ"

"ဘယ်သူက ဆန်းဆန်းခင်သလဲ"

"ဒေါ်အေးပုံ အဘွားကို ဘာတွေပြောထားလဲ"

"မပြောဘူး၊ တယ်နှုတ်နည်းတဲ့ကောင်မပဲ၊ ဘာပြောမှာလဲ"

ပြောစေချင်သည့် စကားကျမှ ဒေါ်အေးပုံ နှုတ်လုံနေပြန်ပြီ။





ကျွန်မ ပါးစပ်ကဖြင့် မောင်မောင်နှင့် ချစ်ကြိုက်ခဲ့ပါကြောင်း ခွင်းက မပြောရဲပါ။ ကျွန်မ၏ စကားနောက်တွင် အဘွားက မေးခွန်း ဆင့်မလာပါ။

ဘာမှ မမေးသော်လည်း အဘွားအနေနှင့် ရိပ်မိတန်သလောက် ရိပ်မိနှင့်ပြီးပြီဟု ကျွန်မ တွေးထင်ထားမိပါ၏။

"အေး အဘွား ပြောချင်တဲ့ လိုရင်းအချုပ်ကတော့ ငါ့မြေးကို ကိုရိုးမောင်ရဲ့သားအငယ်နဲ့ ပေးစားချင်တယ်၊ ဒါပဲ"

ရင်ထဲတွင်မူ ပြောစရာစကားများက လှ၍ တိုးနေကြသည်။ နှုတ်ခမ်းဝဆီသို့ဖြင့် တိုး၍မလာ။ နောက်ဆုံးပြောနိုင်သည်ကဖြင့်...

"သမီး စဉ်းစားပြီးမှ ဖြေပါရစေ အဘွား"

"အေး၊ ကောင်းပြီ၊ အဘွားမပြန်ခင် အဖြေပေး၊ ဟုတ်ပြီလား၊ ဒါမှ ဝါမဝင်ခင် စီစစဉ်သင့်တာတွေ စီစဉ်ကြရအောင်"

အဘွားကဖြင့် တုပ်ပြီးချည်ပြီး အပိုင်ကြီး ပြောနေပါလေပြီ။ ကျွန်မက အဘွား၏ အိမ်ထောင်ရေးတရားများကို ဆက်လက် မကြားနာချင်တော့ပါ၍...

"အိမ်မှာ ကိစ္စလေးတွေ ရှိသေးလို့ သမီး ပြန်လိုက်ဦးမယ်နော် အဘွား"

"သမီး ဘဘ လိုက်ပို့လိမ့်မယ်၊ ဒီည စဉ်းစားထားနော်၊ မနက်ကျရင် အဘွားကို အဖြေပေး၊ ဟုတ်လား"

"ဟုတ်ကဲ့"

အေးပြီးရော ပြောပြီး ကျွန်မ ပြန်လာခဲ့ရပါတော့သည်။

ဘဘ မအားလပ်၍ သူ့တပည့် တစ်ယောက်က လိုက်ပို့ပေးပါ၏။

ခြံဝင်းရော တိုက်ထဲမှ သံဆွဲတံခါးပါ ပွင့်ဟနေပါ၍ ကျွန်မ အပြေးလေး တိုက်ပေါ် တက်လာမိသည်။ ဧည့်ခန်းတွင်...

"ကိုမင်းထိုက်"

"ဟုတ်တယ်၊ မျိုး ဘယ်သွားနေတာလဲ"

"အဘွား မိတ္တီလာက ရောက်လာလို့၊ သွားတွေ့တာ"



www.burmeseclassic.com

www.burmeseclassic.com

“ကျွန်တော်လည်း အဘွားဆီ သွားပါဦးမယ်၊ ဒါနဲ့ ပျိုး အဲဒီကပဲ ပြန်လာတာလား”

“ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲဟင်”

“မသိပါဘူးဗျာ၊ စေ့စပ်ခြင်းဖျက်သိမ်းကြောင်း ကြော်ငြာတွေ့လို့ ကိုရာဇသူဆီများ ပျိုး သွားသလားလို့”

“ပျိုးကစပြီး သွားရလောက်အောင် မမိုက်မဲသေးပါဘူး ကိုမင်းထိုက်ရယ်”

“ချစ်သူချင်းပဲဗျာ၊ နိမ့်ချတယ်၊ တင်စီးတယ် ဘယ်ဟုတ်ပါ့မလဲ”

ကိုမင်းထိုက်က ငြိမ့်ငြိမ့်လေး ပြောသည်။ သူ့ မျက်နှာက တည်ငြိမ်လှသည်။ သူ့ဘေးတွင် ပစ္စည်းတစ်ခု ရှိနေပါ၍…

“အဲဒါ ဘာကြီးလဲ ကိုမင်းထိုက်”

“ပန်းချီကားတစ်ချပ်ပါ ပျိုး”

“သြော် အကြီးကြီးပါလား”

“ပျိုးကို လက်ဆောင်ပေးမယ့် အဖိုးမတန်တဲ့ ပစ္စည်း ဆိုတာ အဲဒါပါပဲ ပျိုး”

သူက သူ့ပန်းချီကားပေါ်မှ ပတ်ချည်ထားသော ကြိုးများကို ဖြေသည်။ သတင်းစာနှင့် အုပ်ထားခြင်းကို ခွာလိုက်ပြီး ကျွန်မ၏ ရှေ့တည့်တည့်ရှိ ကုလားထိုင်၏ လက်တန်းနှစ်ခုပေါ်တွင် တင်၍ ထောင်လိုက်ပြီးမှ သူ့ကိုယ်ကို ဖယ်ခွာလိုက်သည်။

“ဟယ်”

အံ့သြလွန်းရပါပြီ။ ပန်းချီကား၏ ရည်ရွယ်ချက် စာတန်းက…

“သည်သို့ပင် မြင်ချင်ပါသည်”

“အို ပျိုးရဲ့ပုံပါလား၊ ဘယ်တုန်းက ဆွဲတာလဲ”

“အခု ရန်ကုန်ရောက်မှပါ၊ ပျိုး သီရိပစ္စယာမှာ ရိုက်ခဲ့တဲ့ ဓာတ်ပုံကို ကိုဟန်ထွန်းမြင့်ဆီက တောင်းပြီး ဆွဲခဲ့ပါတယ် ပျိုး၊ ပုဂံမှာ ဆုံကြတုန်းက ပျိုးထံမှာ ကျွန်တော် ခွင့်ပန်ခဲ့ဖူးပါတယ်နော်၊ မနေ့က မလာနိုင်တာ ဒါကြောင့်ပါ”





ကျွန်မက သူ့စကားကို နားထောင်ရင်း ပန်းချီကားဆီ၌သာ အာရုံစိုက်ကြည့်နေမိသည်။

“သည်သို့ပင် မြင်ချင်ပါသည်”

အောက်ခြေမှ ဝိုင်းစက်သော စာ အဖြူလေးကို ထပ်ကြည့်မိသည်။

“ဒါ ပန်းချီကားရဲ့အမည်လားဟင်”

“ဟုတ်တယ် ပျိုး”

“တစ်မျိုးပဲနော်၊ အပြုံးရှင်တို့၊ အပြုံးတွေဝေတို့ စတဲ့ နာမည်လေးတွေ ပေးတာပဲ တွေ့ဖူးတယ်”

ပန်းချီကား၏ အမည်များကို ယခုလို ဝါကျတစ်ခုနှင့် မမြင်ဖူးခဲ့။ နာမဝိသေသန စာတန်းလေးသာ ရေးထိုးလေ့ရှိကြသည်။ ကျွန်မ၏ ပန်းချီကားမှာ ကျွန်မထက်ပင် များစွာ လှပနေပါသည်။ သီရိပစ္စယာတွင် ရိုက်ကူးထားသော ပုံ ဖြစ်ပါသည်။ အပြင် ရှုခင်းကို နောက်ခံထား၍ ကိုယ်တစ်ပိုင်းပုံမှာ မျက်နှာလေးမော့ပြီး အားပါးတရ ရယ်မောနေသည့်ပုံကို စုတ်ချက် နုနုလေးနှင့် ခြယ်မှုန်းထားသော အဖိုးတန် ဆီဆေး ပန်းချီကား တစ်ချပ်ပါ။

“ကျွန်တော် ရေးထားတာ ဒီထက် ရှင်းရဦးမလား ပျိုး၊ ဒါ ပန်းချီကားရဲ့ အမည်လို့ ခေါ်ရင်လည်း ရပါတယ်၊ ဒါထက် ပိုပြီး တိကျမှာက ကျွန်တော့်ရဲ့၊ ပန်းချီဆရာရဲ့ ဆန္ဒပါ”

“ရှင်”

“ဟုတ်ပါတယ် ပျိုး၊ ကျွန်တော် ဒီလိုပဲ မြင်ချင်ပါတယ် ပျိုး၊ ခုလို ကြည်ကြည်နူးနူးလေး ပြုံးနေတာမျိုးကို ကျွန်တော် တကယ်ပဲ မြင်ချင်ပါတယ်၊ ထာဝရ ဖြစ်နိုင်ပါစေဆိုတဲ့ ဆန္ဒတွေနဲ့…”

ကိုမင်းထိုက်က စကားကို ရပ်လိုက်သည်။ သူ့ပန်းချီကား၏ ရှေ့တွင် ရပ်နေ၍ ကျွန်မကို နောက်ခိုင်း အနေအထားနှင့်ပင် သူ စကားပြောသည်။

“ကျွန်တော် ပျိုးကို သိပ်ချစ်တယ်ဗျာ”

“အို”


www.burmeseclassic.com

www.burmeseclassic.com

“သိရိပစ္စယာမှာ မြင်စတည်းက နစ်နစ်နဲ့နဲ့ လိုက်လိုက်လှဲလှဲ ချစ်ခဲ့တာပါ၊ ဒါပေမယ့် ကျွန်တော် ဖွင့်မပြောရက်ခဲ့ဘူး၊ ဒါဟာ ကျွန်တော့်ရဲ့ အမှားပါ၊ ကျွန်တော် နောက်ကျခဲ့ရပါတယ် ပျိုး”

သူ့အသံက တုန်ခိုက်လာသည်။ သူ့ကျောပြင်ကိုပင် မကြည့်ရဲသလို ကျွန်မ ခေါင်းငုံ့နေမိဆဲ...

“ဒါပေမယ့် ကျွန်တော့်ကိုယ် ကျွန်တော် ဖြေသိမ့်နိုင်ခဲ့ပါတယ်၊ ဆန်းမလားတော့ မသိဘူး၊ ကျွန်တော့်ခံယူချက်က တစ်မျိုးပါ ပျိုး”

ကျွန်မ အသံမပြုရဲ၊ သူကသာ...

“ကိုယ် သိပ်ချစ်ရတဲ့ မိန်းကလေးကို ရယူပိုင်ဆိုင်နိုင်ခြင်း မရှိပါဘူး ဆိုတာ သိပေမယ့် ကျွန်တော့်မေတ္တာတွေဟာ လျော့နည်း မသွားနိုင်ခဲ့ပါဘူး”

“ဟင်း”

“ကျွန်တော့်ဆန္ဒကလည်း တစ်မျိုး၊ ကိုယ့်ချစ်သူ ငိုနေတာကို မကြည့်ရက်နိုင်ဘူး၊ ပျိုး အငိုတိတ်မယ်၊ ပျိုး မျက်ရည်တွေ ခန်းခြောက်မယ်သာ ဆိုရင် ကျွန်တော် ဘာတွေပဲ ပေးဆပ်ရ ပေးဆပ်ရဲပါတယ် ပျိုး၊ ကျွန်တော် ကုန်ကုန် ပြောလိုက်မယ်၊ ဒီမှာ ပျိုး”

“ဟုတ်...ဟုတ်ကဲ့”

“ဘာမဟုတ်တဲ့ ငွေကြေးလေး မပြောနဲ့၊ ကျွန်တော့်ရဲ့ အသည်းနှလုံးကိုပါ ထုတ်နှုတ်ပေးရဲတယ်၊ ခုလည်းပေးလိုက်ရပါတယ်၊ ကျွန်တော် ပျိုးနဲ့ ပတ်သက်ပြီး သိပ်ခံစားရပါတယ်၊ အဲဒါဟာ ဘာကြောင့်လဲ သိလား ပျိုး”

“ဟင်”

“ပျိုးဟာ ကျွန်တော် ဘယ်သူ့ကိုမှ မချစ်ဖူးသေးတဲ့ မေတ္တာဦးနဲ့ ချစ်ရတဲ့ ကျွန်တော့်ရဲ့ အချစ်ဦးမို့”

“ကျွန်တော့်ရဲ့အချစ်ဦး”

ကိုမင်းထိုက်၏ စကားသံက ကျွန်မ၏နှလုံးသားတွင် ဒုတိယအကြိမ် ပြန်လည် ကြားယောင်လာသည်။

ကျွန်မ ဘဝတွင် အတမ်းတမိဆုံး၊ အတပ်မက်ရဆုံး ဆန္ဒက





ဒီလိုပါ။ ယခု ကိုမင်းထိုက် ပြောသလိုပါ။ ကိုယ့်ဘက်က မချစ်ဖူးသေးသော မေတ္တာဦးနဲ့ ချစ်ခဲ့သလို သူ့ဘက်ကလည်း အချစ်ဦး ဟူသော စုံပြုမေတ္တာမျိုး လိုလားလွန်းပါသော်လည်း...

“ပျိုး နားလည်စေချင်တာက ကျွန်တော်ဟာ ပျိုးရဲ့ မေတ္တာကို တောင်းခံနေတာ မဟုတ်ပါဘူးနော်”

“ဟုတ်ကဲ့ပါ ကိုမင်းထိုက်ရယ်”

“ကျွန်တော့်ရင်ထဲက ဆန္ဒတွေ၊ ခံစားမှုတွေကို နောက်ဆုံးအနေနဲ့ တင်ပြနေခြင်းသာ ဖြစ်ပါတယ်လို့ ပျိုး မှတ်ယူပါ”

သူ ကျွန်မဘက်သို့ လှည့်လာပြီမို့ ကျွန်မ ခေါင်းညိတ်၍သာ ပြမိသည်။

“ကျွန်တော် ပျိုးကို ကိုးကွယ်ချင်လောက်အောင် မြတ်မြတ်နိုးနိုး ချစ်ပါတယ်၊ ဒါပေမယ့် ပျိုးကို ပိုင်ဆိုင် သိမ်းယူချင်တာမျိုး မဟုတ်ဘူး၊ ပျိုး ကိုယ်တိုင်က ကျွန်တော့်ကို ကျွန်တော့်လို မချစ်ပါဘဲနဲ့ လက်ထပ်ခွင့် ရတာမျိုး ကျွန်တော် မလိုချင်ဘူး ပျိုး၊ ဘာဖြစ်လို့လဲ ဆိုတော့ ပျိုး စိတ်ဆင်းရဲမှာ စိုးလို့”

“ပျိုး သူ့ စေတနာကို နားလည်ပါတယ်၊ ပျိုးကိုလည်း နားလည်ပါ ကိုမင်းထိုက်ရယ်၊ သစ္စာရှင် မိန်းမသား တစ်ယောက် စောင့်စည်းအပ်တဲ့ နိယာမအတိုင်း တစ်သက်မှာ တစ်ချစ်တည်းသာ ရှိပါရစေတော့”

“ကောင်းလှပါပြီ ပျိုး၊ ဟောဒီပန်းချီကားထဲမှာ ပျိုး ပြုံးနေတာလေးမျိုး ကျွန်တော် အမြဲ မြင်ပါရစေ၊ ဒါဟာ ကျွန်တော့်ရဲ့ အဆုံးစွန်သော ဆန္ဒပါပဲ၊ ဒီလိုမျိုး ပြုံးနိုင်ဖို့က ကိုရာဇသူနဲ့ ပြေလည်မှ ဆိုတာ ကျွန်တော် နားလည်ခဲ့ရပါပြီ”

“အင်း”

“ဟိုနေ့က ပျိုး လှိုက်လှိုက်လှဲလှဲ ငိုနေတာတွေကို ကိုရာဇသူနဲ့ ပတ်သက်ပြီး အသည်းတစ်ခု အချစ်တစ်ချစ်နဲ့ ပျိုး သေတဲ့နေ့အထိ ကိုရာဇသူကိုပဲ ချစ်သွားမယ်ဆိုတဲ့ ခံယူချက်ကို ကျွန်တော် နားလည်လာရလို့ ပျိုးနဲ့ ကိုရာဇသူနဲ့ ပြေလည်ကြမှ ကျွန်တော် ဖြစ်စေချင်တာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်လာနိုင်မယ် ဆိုပြီး ကျွန်တော် ဆက်တိုက် ကြိုးစားခဲ့တာပါပဲ ပျိုး"

"ကိုမင်းထိုက် ဖြစ်စေချင်တာက ဘာလဲရှင်"

"ဟောဒီ ပန်းချီကားထဲကလို အမြဲ ပြုံးနေစေချင်တဲ့ ဆန္ဒပါ၊ ဒါဟာ ကျွန်တော့်ရဲ့ အကြီးမားဆုံး၊ အတောင့်တဆုံး ဆန္ဒပါ ဆိုတာပဲ ထပ်ခါတလဲ ပြောပါရစေ ပျိုး"

"ကိုမင်းထိုက်ရဲ့ စေတနာကို ပျိုး တကယ်ပဲ နားလည်ရပါပြီရှင်၊ ဒါပေမယ့် ကိုရာဇသူကို ပျိုးအတွက် ငွေလေးသောင်းနဲ့ ဝယ်ပေးရတာကတော့ မတရားလွန်းပါဘူး၊ ဒီအတွက် ပျိုးရဲ့ လက်ဝတ်လက်စားလေးတွေကို ရောင်းပြီး ပြန်လျော်..."

"တော်...တော်တော့ ပျိုး၊ ဒီ အကြောင်းအရာကို တည်ပြီး ပျိုးနဲ့ မဆွေးနွေးပါရစေနဲ့လားဗျာ၊ ကျွန်တော် ရှက်တယ်၊ အန်တီနီနီခင် ပျိုးကို ပြောသလား"

"မဟုတ်ပါဘူး ကိုမင်းထိုက်၊ ဒေါ်နီနီခင် ဆိုတာ ကြားသာ ကြားဖူးပါတယ်၊ မဆုံဖူးပါဘူး"

"ဒါဖြင့် ပျိုး ဘယ်က သိသလဲ"

"ကိုရာဇသူရဲ့ မာမီကိုယ်တိုင် ပျိုးဆီလာပြီး တောင်းပန်ရင်းနဲ့ ပြောသွားတာ"

"ဟာ ဒီအကြောင်း ဘယ်သူ့မှ မပြောပါနဲ့၊ အထူးသဖြင့် ကိုရာဇသူ မသိစေချင်ဆုံးပဲ"

"သူ လုံးဝ မသိပါဘူး ကိုမင်းထိုက်၊ ဒေါ်နီနီခင် ကိုယ်တိုင်တောင် ကိုမင်းထိုက်ဆီက လာတဲ့ ကြွေးဆပ်ငွေလို့ သိမယ် မထင်ပါဘူး"

"ဒါနဲ့ ပြဿနာက ပျိုးဆီ ဘာလို့ တက်လာရတာလဲ"

"ဒေါ်တင်တင်စုက သူ့သားရဲ့ ခံစားမှု လာပြီး တင်ပြရာက သူ့ငွေကြေးကိစ္စကိုပါ ထည့်ပြောတယ်၊ သားသူငယ်ချင်း ကိုမင်းထိုက် ဆိုတာက ကူညီရှာတယ်တဲ့၊ ပျိုးနဲ့ ကိုမင်းထိုက်နဲ့ အဆက်အသွယ် ရှိကြောင်း အဘွားကြီး လုံးဝ သိပုံမရပါဘူး၊ ကိုမင်းထိုက်ဟာ ကို





ရာဇသူရဲ့ သူငယ်ချင်းစစ်လို့ပဲ သူထင်နေရှာတယ်၊ စိတ်ချပါ၊ သူ့သားကို သူ ပြန်ပြောမယ့်စကား မဟုတ်ပါဘူး"

"ဒါဖြင့်လည်း ပြီးတာပါပဲလေ၊ ဒါပေမယ့် ပျိုး သိသွားရတာကို ကျွန်တော် စိတ်မကောင်းဆုံးပဲ၊ ကျွန်တော့်ရဲ့စေတနာတရားတွေကို အမှောင်ထဲကနေပြီးသာ ပေးစွမ်းလိုပါတယ် ပျိုး"

"ဒီလို မဟုတ်သေးဘူး ကိုမင်းထိုက်၊ ဒီလောက် များပြားတဲ့ ငွေတွေနဲ့ ပျိုးရဲ့ စိတ်ချမ်းသာမှုကို ဝယ်ပေးရတယ်ဆိုတာတော့ ရှင်ရယ် ဘယ်သူကြားလို့မှ မတော်ပါဘူး၊ ပျိုး ပြန်မလျော်ရရင် ပျိုး ဘယ်တော့မှ စိတ်ချမ်းသာမှာ မဟုတ်ဘူး"

"ကျွန်တော့်စကားဟာ ရင့်နေပါလိမ့်မယ်၊ သည်းခံပါ ပျိုး၊ ကျွန်တော့်အနေနဲ့ ဒီငွေကြေးလောက်ဟာ ပြဿနာတစ်ရပ် မဟုတ်ပါဘူး၊ သားနှစ်ယောက်တည်းရှိတဲ့ ကျွန်တော့်အဖေဟာ ကျွန်တော်တို့ ညီအစ်ကို သုံးသမျှ ကြည်ဖြူပြီးသားပါ၊ ပြီးတော့လည်း ဒီကိစ္စက ပျိုးနဲ့ လုံးဝ မဆိုင်ပါဘူး၊ ငွေပေးလို့ စေ့စပ်ရေး ပျက်ရတာလည်း မဟုတ်ပါဘူး ပျိုး၊ ကြားထဲမှာ တင်ရှိနေတဲ့ ပြဿနာလေးတစ်ခုသာပါ၊ ကိုရာဇသူနဲ့ ရီမွန်ခင်တို့ချင်းကလည်း ခွဲခွာကြဖို့ ပြင်ဆင်ပြီးသားပါ"

"ဒါပေမယ့် ကိုမင်းထိုက် ဆောင်ရွက်ပေးတာ ပျိုးအတွက်ပါ၊ ပျိုး သိပါတယ်၊ ပျိုး စိတ်ချမ်းသာတာ မြင်ချင်တယ် ဆိုရင်တော့..."

"ကဲကဲ ဒါဖြင့် အဘွားဆီက အမွေတွေ ခွဲဝေတော့မှ ပြန်ပေးပါ၊ ဟုတ်ပြီလား၊ ပျိုး လက်ဝတ်လက်စားလေးတွေ ရောင်းပြီး ကျွန်တော့်ကို ပေးရမယ် ဆိုတဲ့အဖြစ်ကတော့ ပျိုးရယ်၊ ကျွန်တော့် အသည်းနှလုံးကို ရိုက်ပုတ်ညှဥ်းဆဲသလို နေမှာပါ"

ယခု တွေ့မှ ကျွန်မ ပထမဆုံးအကြိမ်အဖြစ်နှင့် ကိုမင်းထိုက်ကို မော့ကြည့်မိပါသည်။ သူ့နှုတ်ခမ်းများက ပြုံး၍နေသော်လည်း သူ့အကြည့်များက မှုန်ဝါးရီဝေနေပေသည်။ တည်ကြည်ခံ့ညားသော မျက်နှာပြင်တွင် ဆွေးမြေ့သော ခံစားမှုများ ရောနှောလာသည့်အခါ ပိုမို၍ ပီပြင်လာသည်။ အခြေအနေအရပ်ရပ်ကို မေ့လျော့သွားမိသလို



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦး မျက်နှာ တစ်ယောက်က ကြည့်နေမိကြသည်။

"ပျိုးရယ်"

မချိုတင်ကဲ ခေါ်ဆိုရင်းက အရင် ခေါင်းငုံ့သွားသည်။

ကျွန်မရင်၌လည်း နာကျင်စွာ ခံစားရပါသည်။

အချစ်ဦးပါ ဆိုလာသူနှင့် အတွေ့မနှောင်းသော်လည်း အကြောင်းမလှ၍ မဆုံစည်းကြရသည့်အဖြစ်ကို ကြေကွဲစွာ မခံစားရသည့်တိုင် ကိုမင်းထိုက် အတွက် ကျွန်မ ရင်မှာ ပူလောင်စွာ နှိုးခတ် လှုပ်ရှားလာမိသည်။

BURMESE CLASSIC .com

"ပျိုး"

"ရှင် ကိုမင်းထိုက်"

"ကိုရာဇသူနဲ့ ပတ်သက်ပြီး ပျိုးရဲ့ ခံစားချက်ကို ကျွန်တော် လေးစားစွာ သိမှတ်ထားပြီးပါပြီ ပျိုး၊ ကျွန်တော့်ရဲ့ ခံယူချက်ကိုရော ပျိုး သဘောပေါက်ရဲ့လားဗျာ"

"နားလည်ပါတယ် ကိုမင်းထိုက်ရယ်၊ ကိုမင်းထိုက်ရဲ့ စေတနာကြီးမြင့်မှုကို ပျိုးရဲ့ အသက်နဲ့အမျှ အမှတ်တရ ခံယူနေပါ့မယ်ရှင်၊ ပျိုး ကိုမင်းထိုက်ကို မမေ့နိုင်ပါဘူး၊ ဒါပေမယ့်လေ..."

"ကျွန်တော် ပြန်ရတော့မယ် ဆိုတာ နားလည်ပါတယ် ပျိုး၊ ပထမဆုံး ပွင့်လင်းခြင်းနဲ့ နောက်ဆုံးအကြိမ် ခွဲခွာခြင်း ကာလလေးမှာ ကျွန်တော် ရင်ဖွင့်ပါရစေ ပျိုးရယ်"

"ကိုမင်းထိုက်"

"ဟုတ်ကဲ့ခင်ဗျာ"

"ကိုမင်းထိုက် အနေနဲ့ ပျိုးကို အချစ်ဦးဆိုပေမယ့် ပျိုးဘက်ကတော့ ဘယ်သောအခါမှ ကိုမင်းထိုက်ပေါ်မှာ အချစ်ဦးတစ်ယောက် ဖြစ်မလာနိုင်တော့ဘူး ဆိုတာ ကိုမင်းထိုက် သဘောပေါက်ပါနော်၊ ကိုမင်းထိုက်ကို ပျိုး ခင်တယ်၊ ကိုမင်းထိုက်ရဲ့စေတနာတွေကို လေးစား ကြည်ညိုမိတယ်၊ စောစောက ပြောသလို ပျိုးရဲ့တစ်သက်လုံး ကိုမင်းထိုက် ဆိုသူ တစ်ယောက်ကို မမေ့နိုင်ဘူး၊ ဒါပေမယ့် ဒါတွေ အားလုံးဟာ ပျိုးရဲ့ အဖြူရောင်မေတ္တာကလာတဲ့ ခံစားမှုတွေပါ ဆို





တာကိုတော့ ကိုမင်းထိုက် နားလည်ပါရှင်"

"ကောင်းလှပါပြီ ပျိုးရယ်၊ ပျိုးရဲ့ သန့်စင်တဲ့ အဖြူရောင်မေတ္တာကို ခံစားခွင့် ရရှိတာကိုပဲ ကျွန်တော် ရင်မှာ ချမ်းမြေ့လှပါပြီဗျာ"

"ဟုတ်ကဲ့၊ ဒီလိုနဲ့ပဲ ပျိုးတို့ လမ်းခွဲကြပါစို့ ရှင်ရယ်"

"ပျိုးဘက်က အချစ်ဦးဆိုတော့ မောင်မောင့်ကို ရှုံးမတတ် ပျိုး ချစ်ရပါတယ်၊ သူ့ရဲ့ တောင်းပန်စာလေးကြောင့် ပျိုး သူ့ကို သနားနေရပါပြီ"

"ပြောခဲ့ပြီကော ပျိုး၊ ကျွန်တော့် အချစ်ဟာ ရယူပိုင်ဆိုင်လိုခြင်း မဟုတ်ပါဘူးလို့၊ ကျွန်တော့်ရဲ့ အဆုံးစွန်သော ဆန္ဒဟာ ဟောဒီမှာပါ၊ တစ်ခါတည်း ပျိုးလက်ကို အပ်ပါတယ်၊ လက်ခံပါနော် ပျိုး"

လွင်လွင်ကြီး ပြုံးနေသော ကျွန်မ၏ ပုံတူကို လက်ညှိုးညွှန်ပြပြီးမှ ကိုမင်းထိုက်က ပန်းချီကားကို မ,ချီပြီး ကျွန်မလက်သို့ ပေးအပ်သည်။ ကျွန်မကလည်း လေးစားစွာဖြင့် လက်ခံယူရပါပြီ။ ဤပန်းချီကားကိုလည်း ကျွန်မ အသက်နှင့်အမျှ မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်ထားပါမည်။

"သောကအားလုံး ပျိုးရဲ့ နှလုံးသားက လွင့်စဉ်ပြီး ထာဝရ ပြုံးနေနိုင်ပါစေလို့ ဆုတောင်းပေးခဲ့ပါရဲ့ ပျိုးရေ၊ ကျွန်တော် ပြန်သင့်ပြီထင်ပါတယ်နော်"

ကျွန်မ ကိုမင် ထိုက်ကို အဖြူရောင်မေတ္တာများဖြင့် ကြည်ညိုလေးစားစွာ ကြည့်မိသည်။

"ပျို အပေါ်မှာ စေတနာ ထားနိုင်လွန်းတဲ့ ကိုမင် ထိုက်ရယ်၊ ကူညီမှု အားလုံးအတွက် အသည်းနှလုံးထဲက နေပြီး နက်ရှိုင်းစွာ ကျေးဇူးတင်ရှိလှပါတယ်လို့ ပြောလိုက်ပါရစေနော်"

"ကောင်းပါပြီခင်ဗျာ၊ ကျွန်တော် ဘာဖြစ်နေရတယ် ဆိုတာထက် ကိုယ့်ချစ်သူ ကျေနပ်ပြီး ပျော်ဖို့ ဆောင်ရွက်ပေးနိုင်ခြင်းသည်သာ အမွန်မြတ်ဆုံး ဆောင်ရွက်ချက်လို့ ကျွန်တော် ခံယူထားပါပြီ


www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ပျိုး ကိုရာဇသူဆီကို သွားမယ်လား၊ ကျွန်တော် လိုက်ပို့ပေးနိုင်ပါတယ်"

"ဩော် ကိုမင်းထိုက်ရယ်၊ လုံလောက်နေပါပြီရှင်၊ မလိုတော့ပါဘူး၊ ပျိုး မောင်မောင့်ကို မှာယူပါ့မယ်၊ ပျိုး မသွားပါဘူး"

"ကောင်းပါပြီ ပျိုး၊ ပျိုးချစ်သူနဲ့ ပျိုး ပျော်ရွှင် ရယ်မောနေမယ့် အချိန်ကို ကျွန်တော်မှန်းဆပြီး ကြည်နူးနေပါ့မယ်ဗျာ၊ ကျွန်တော် ပြန်တော့မယ်နော် ပျိုး"

"ဟုတ်ကဲ့ပါရှင်၊ လမ်းခွဲကနေပြီး ပျိုး တစ်ခါပဲ နှုတ်ဆက်လိုက်ပါတယ်၊ ပျိုး မောင်မောင့်ဘဝထဲကို ပျော်ပျော်ရွှင်ရွှင် ဝင်သွားပါပြီလို့"

နှုတ်ခမ်းများက အားပါးတရ ပြုံးထားသော်လည်း ဝေသီသော သူ့မျက်ဝန်းအစုံမှာ မျက်ရည်ကြည်စများနဲ့ပါ။ သူက မတုန့်ပြန်နိုင်တော့။ ဟန်ဆောင်သော အပြုံးလေးများဖြင့် သူ့မျက်ဝန်းကို မလုံမလဲ ဖုံးအုပ်ရင်း ခေါင်းကို အခါခါ ညိတ်ပြသည်။

ကျွန်မရှေ့မှ ကျွန်မကို နောက်ခိုင်းလျက် တစ်လှမ်းချင်း ထွက်ခွာသွားသော ကိုမင်းထိုက်ကို ခြံဝမှ ထွက်သွားပြီးသည် အထိ ကျွန်မ ငေး၍ ကြည့်နေမိဆဲပါ။ ကျွန်မရဲ့ မျက်ဝန်းမှာလည်း မျက်ရည် ဝဲလျက်ပါ။

"ဩော် ကြီးမားဆန်းပြားတဲ့ စေတနာတွေ ထားနိုင်လွန်းသူ ကိုမင်းထိုက်ရယ်၊ သန့်စင်ဖြူလွင်တဲ့ မေတ္တာတွေနဲ့ ပျိုး ဆုတောင်းပေးလိုက်ပါရဲ့၊ ပျိုးနဲ့ ပတ်သက်ပြီး ကိုမင်းထိုက်ရဲ့ ရင်မှာ ပူလောင်ခြင်းကင်းပါစေ၊ ဒုတိယမြောက် ချစ်သူရဲ့ ရင်မှာ အမြန်ဆုံး ပျော်မွေ့နိုင်ပါစေ၊ ပျိုး ဆိုတဲ့ ကျွန်မကို မေ့လျော့သွားဖြစ်ပါစေတော့ရှင်ရယ်"

❖ ❖ ❖





## အခန်း[၃၅]

"ပျိုး ဖုန်းလည်း ရပြီးရော မောင်မောင်လေ ကားကို မိုးပေါ်က ကျော်မတတ် မောင်းလာခဲ့တာ၊ ဝမ်းသာလိုက်တာ အချစ်ရယ်၊ မောင်မောင့်ကိုမှာတာ ဘာလုပ်မလို့လဲဟင်"

"ကန်တော့မလို့"

"မျက်စောင်းခဲပြီး မပြောပါနဲ့ ပျိုးရာ၊ မောင်မောင် လာခဲ့ပါဆိုလို့သာ ပြေးလာခဲ့ရတာ၊ ဘာမှန်းကို မသိဘူး၊ ပြောပါဦး ပျိုးရယ်၊ မောင်မောင့်ကို ခွင့်လွှတ်ပါတယ်လို့ ပြောမလို့ မဟုတ်လားဟင်၊ ဒီမှာ စမ်းကြည့်စမ်း"

မောင်မောင်က ကျွန်မလက်ကိုဆွဲ၍ သူ့ရင်ကို ကပ်ဖိ စမ်းသပ်စေသည်။ မောင်မောင့်နှလုံးသားလေးများ လှုပ်ရှားနေပါလား။

"တွေ့လား အသည်းတစ်ခုတည်း ရှိတော့တယ်၊ ပျိုးကိုချစ်တယ်၊ ခွင့်လွှတ်ပါကွယ်လို့ သတင်းပို့နေတယ်၊ တွေ့တယ် မဟုတ်လားဟင်"

"သွားပါ"

"ကဲ ပြောစမ်းပါ ပျိုးရဲ့၊ မောင်မောင့်ကို ဘာလို့ မှာတာလဲ၊ မောင်မောင်စာ ရတယ်နော်"

"ရလို့ပေါ့၊ သနားလို့ပေါ့"

"ဟာ ပျိုး ပျိုးရယ်၊ မောင်မောင့်ဆုတောင်းတွေ ပြည့်ပြီဗျ"

မောင်မောင် အိန္ဒြေမရတော့။ ဝမ်းသာစွာလှုပ်ရှားရင်း ကျွန်မနားသို့ ကပ်၍ ထိုင်လာသည်။ ကိုမင်းထိုက် ပြောသွားသလိုပါပင်။ ကိုယ်ချစ်သူ ပြုံးရွှင်နေသည်ကိုသာ မြင်ရခြင်းသည် ရင်၌ ချမ်းမြေ့ငြိမ်းချမ်းလှပါဘိ။ ကိုယ့်ချစ်သူ ပြုံးရွှင်နေသည်ကို မိမိ ကိုယ်တိုင် ပျော်ရွှင်ရသည်ထက် ပိုမို၍ ချမ်းမြေ့ရပါကြောင်း ကျွန်မ ကိုယ်တွေ့ကြုံရပါပြီ။ ကိုမင်းထိုက်၏ အဖြစ်ကိုလည်း ကိုယ်ချင်းစာနာမိပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



“ဟာ ပျိုးပုံပါလား၊ ဘယ်သူ ဆွဲတာလဲ”

မောင်မောင်က ကိုမင်းထိုက်၏ ပန်းချီကားကြီးကို မြင်သွားသည်နှင့် ဖက်တွယ်ထားသော လက်များကို ဖြေလွှတ်ပြီး ကျွန်မအနီးမှ ထသွားသည်။

“သည်သို့ပင် မြင်ချင်ပါသည်၊ မင်းထိုက်”

ပန်းချီကားပေါ်ရှိ အညွှန်းနှင့် လက်မှတ်ကို ကြည့်ပြီး မောင်မောင်က အသံထွက်၍ ဖတ်လိုက်သည်။ ပြီးမှ နှေးကွေး လေးကန်စွာ ကျွန်မဘက်သို့ လှည့်လာပြီး...

“ဒါ ဘယ်တုန်းက ပုံတူဆွဲထားတာလဲ ပျိုး”

“ပျိုးကို ကြည့်ဆွဲတာ မဟုတ်ပါဘူး မောင်မောင်၊ ကိုဟန်ထွန်းမြင့်ဆီက ဓာတ်ပုံယူပြီး ဆွဲထားတာပါ၊ ပျိုးကို လက်ဆောင်ပေးတာပါ”

“မောင်မောင်တို့ နှစ်ယောက်ကြားမှာ ဒီ ကိုမင်းထိုက်ဟာ အမြဲပဲ ရှိနေပါလား ပျိုးရယ်”

“ကိုမင်းထိုက်ပေါ်မှာ မောင်မောင် အမြဲတမ်း မကျေနပ်နေခဲ့ဘူး၊ သူနဲ့ပတ်သက်ပြီး ပျိုးကိုရော မောင်မောင် ဘယ်လို မြင်နေသလဲဟင်”

“ပျိုးပေါ်မှာတော့ မောင်မောင် ဘယ်လိုမှ မမြင်ရက်ပါဘူး ပျိုးရဲ့ သစ္စာတရားကိုလည်း မောင်မောင် ယုံကြည်ပါတယ်၊ ဒါပေမယ့် ဒီကောင်ဟာ မောင်မောင်တို့ကို အမြဲ လိုက်နှောင့်နေသလိုပဲ”

“သြော် မောင်မောင်ရယ်”

ထင်ရက်လေခြင်း ဟူသော မချိတင်ကဲစိတ်များဖြင့် ကျွန်မ မောင်မောင့်ကို ကြည့်မိသည်။

“ပျိုး ဘာလို့ မျက်နှာညှိုးသွားတာလဲ”

“ကိုမင်းထိုက်ကြောင့် ပျိုး မျက်နှာညှိုးသွားရတယ်လို့ မောင်မောင်က စွပ်စွဲချင်သလား”

“မဟုတ်ဘူး ပျိုး၊ ဒီမှာ မောင်မောင် ပြောစမ်းပါရစေကွယ် ပျိုးကို မောင်မောင် စွန့်လွှတ်ရမယ် ဆိုတဲ့ အသိ ဝင်ချိန်တုန်းက မောင်မောင် ရင်ကွဲခဲ့ရပြီးပါပြီ၊ ခု ပျိုး မောင်မောင့်ကို ပြန်ခေါ်ယူ





တာ မောင်မောင့်ကို ခွင့်လွှတ်လို့ မဟုတ်လား ပျိုး၊ ဟင် ဒါကို အရင် မောင်မောင် သိပါရစေ”

“ဟုတ်ပါတယ် မောင်မောင်”

“ဒါဆိုရင် တော်ပါပြီ ပျိုး၊ မောင်မောင်တို့ကြားမှာ ပြဿနာတွေ၊ သံသယတွေ အဝင်မခံပါရစေနဲ့တော့ကွယ်၊ မောင်မောင် ပျိုးကို သိပ်ချစ်တယ်၊ ဒီတစ်ခါတော့ ပျိုးကို မောင်မောင် မစွန့်လွှတ်နိုင်တော့ဘူး၊ မခွဲပါရစေနဲ့ အချစ်ရယ်”

“ပျိုးဘက်ကလည်း အချစ်ဦး မောင်မောင့်ကို ခွဲခွာရတဲ့အဖြစ်မျိုး ကြုံလာရမှာ သိပ်ကြောက်သွားမိပါပြီ”

“ဒါဆို တော်ပြီ ပျိုး၊ ကိုမင်းထိုက်ဆိုတဲ့ လူကို မောင်မောင်တို့ နှစ်ယောက်ကြားက ဖယ်ထုတ်လိုက်ကြပါစို့ရယ်နော် ပျိုး၊ မောင်မောင်တို့ရဲ့ ချစ်လမ်းခရီးမှာ အဆီးအတားလို ဖြစ်ခဲ့တဲ့ သူ့ကို မောင်မောင်တို့ မေ့ပစ်လိုက်ကြပါစို့နော် အချစ်၊ မောင်မောင့်ပျိုးလေးရယ်”

“မောင်မောင်နဲ့ ပျိုးတို့ရဲ့ ချစ်လမ်းခရီးမှာ အဆီးအတားမဖြစ်ခဲ့ရှာပါဘူး မောင်မောင်ရယ်”

“ပျိုးတို့ရဲ့ ချစ်စံအိမ်လေး ခိုင်မြဲစွာ တည်ဆောက်ဖို့အတွက် သူဟာ အုတ်တစ်ချပ် သဲတစ်ပွင့် မက,ပါဘူး၊ တည်ဆောက်ပေးသူပါ၊ ဗိသုကာ ပညာရှင် အစစ်ပါ”

“ဒီအကြောင်းတွေကို တစ်နေ့ကျမှ မောင်မောင့်ကို ပျိုး ရေရေလည်လည် ရှင်းပြပါရစေနော်၊ ကိုမင်းထိုက်ကို မမုန်းပါနဲ့၊ ကိုမင်းထိုက်ကို စိတ်မနာလိုက်ပါနဲ့ မောင်မောင်ရယ်”

ယင်း ဆန္ဒများသည် မောင်မောင့် ရင်ခွင်တွင်းမှ ကျွန်မ၏ ရင်တွင်းဆန္ဒများသာ ဖြစ်ပါချေသည်။ မောင်မောင့်ကို ထုတ်ဖော် ပြောကြားနေခြင်း မဟုတ်ပါ။ အချိန်အခါ လိုဦးမည် ထင်ပါသည်။

“ပျိုး”

“မောင်မောင်”

“ပျိုးကို လွမ်းရလွန်းတဲ့ စိတ်တွေကြောင့် မောင်မောင် ဘာမှ မလှုပ်ရှားချင်လို့ ခွင့်တစ်လ ယူထားတယ် သိလား”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်တင်စု ကျွန်မဆီသို့ လာရောက်ပြောကြားပြီ ကြောင်းမောင်မောင် အမှန်ပင် မသိရှိသေး။

"မောင်မောင့် ခွင့်မကုန်ခင် လက်ထပ်ပါရစေလား ပျိုးရယ်၊ အကြောင်းကြောင်းတွေကြောင့် နောက်တစ်ခါထပ်ပြီး လွဲရမှာ မောင်မောင် ကြောက်တယ်"

ကျွန်မကိုယ်တိုင်လည်း မောင်မောင့်လို ခံစားရပါသည်။ အဘွားက တစ်မှောင့်ပါ။ ကိုမင်းထိုက်နှင့် ဆက်လက် သဘောတူမှု ရပ်ဆိုင်းသွားအောင် မောင်မောင်နှင့် အမြန်ဆုံး လက်ထပ်ပါမှပါ။

သူ သဘောမတူသူနှင့် ယူ၍ အမွေဆိုသည်များကို မပေးလျှင်လည်း ရပါသည်။ ကျွန်မ မလိုချင်ပါ။ ကျွန်မအတွက် ရတနာများစွာထက် ပိုမို၍ တန်ဖိုးရှိလေသော မောင်မောင့်ကို ပိုင်ဆိုင်ခွင့်ရခဲ့ပြီးပါ၍ ကျွန်မ ဘဝ အတွက် ကံလုံ ကြွယ်ဝပါပြီ၊ ပြီးပြည့်စုံပါပြီ။

"ပျိုးရေ ခွင့်မကုန်ခင် လက်ထပ်ချင်တယ်ဆိုတာက နောက်ထပ် အကြောင်းတစ်ခုလည်း ရှိနေလို့"

"ဟင် ဘာများလဲ မောင်မောင်"

"သိရိပစ္စယာကို နောက်တစ်ခေါက်သွားပြီး ပျိုးကို အားပါးတရ ချစ်မြတ်နိုးချင်တယ်၊ သိပ်သာယာတဲ့နေရာလေးမှာ သိပ်လှတဲ့ ချစ်သူလေးကို မြတ်နိုးခွင့်ရတဲ့ အဖြစ်ကို မောင်မောင် ခံစားချင်လွန်းလို့ပါ ပျိုး၊ မောင်မောင့် အချစ်ရယ်..."

"သောကအပေါင်း ကင်းငြိမ်းမယ့် နေရာလေးကို သွားပြီး မောင်မောင့်ရင်ခွင်ထဲမှာ ပျိုးလည်း နားချင်လှပါပြီရှင်..."

❖ ❖ ❖

**ပြီးပါပြီ**

ကလျာ(ဝိဇ္ဇာ–သိပ္ပံ)

၁၉၇၇ ခု၊ ဩဂုတ်လ ၁၀ ရက်

www.burmeseclassic.com